# ဝိနည်းငါးကျမ်း အရသာ

## (ဘိက္ခုဝိဘင်းအရသာ)

ပထမတွဲ

ညောင်လေးပင်တောရဆရာတော်

သုတစာပေ၊ မိုးနှယ်ဖွေ၊ ထုတ်ဝေ ဆွတ်ဖျန်းမည်။
အသိဉာဏ်ရှင်း၊ အမှောင်ကင်း၊ နေသို့လင်းစေမည်။

# ဝိနည်းငါးကျမ်းအရသာ (ဘိက္ခုနီဝိဘင်း)

## ပထမတွဲ

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ ခရစ် ၁၉၈၀၊

နေလင်းပိဋကတ်စာစဉ် [ ၁ ]

အဂ္ဂမဟာပဏ္ဍိတ

## ညောင်လေးပင်တောရဆရာတော်

# ဝိနည်းငါးကျမ်းအရသာ

# (ဘိက္ခုဝိဘင်းအရသာ)

ဓမ္မဒါန


နေလင်းပိဋကတ်စာပေဖြန့်ချီရေးဌာန

အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုအမှတ် (၁၂၂၉)
ဘာသာရေးကင်းလွတ်ခွင့်အမှတ် (၄၇၉)

ပထမအကြိမ်
၁၉၇၀-ပြည့်နှစ်၊ အောက်တိုဘာလ
အုပ်ရေ ၁၅၀၀

ပန်းချီ — ဦးစံတိုး
ဘလောက်— ရောင်နီဦး
အဖုံးရိုက် — အောင်သာပုံနှိပ်တိုက်
စာအုပ်ချုပ်— သန်းသန်းယဉ် စာအုပ်ချုပ်

ထုတ်ဝေသူ—ဦးစာရိတ္တ
ရွှေဥမင်တောရကျောင်း
မြောက်ဥက္ကလာပ ဘူတာအနီး၊ ရန်ကုန်။

ပုံနှိပ်သူ —ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်
အမှတ် ၁၁- ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။



ညောင်လေးပင် တောရ ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဘိဝံသ

# ထုတ်ဝေသူအမှာ

ညောင်လေးပင် တောရတိုက်ကြီး၏ တတိယမြောက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၃၁၃-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်သည် တောရကျောင်းတွင် သီတင်းသုံးတော်မူသော်လည်း ဝိပဿနာစူရ တခုတည်းကိုသာ အားထုတ်ကြိုးပမ်းခြင်းမဟုတ်ပဲ ဂန္ထဓူရကျမ်းဂန်စာပေများကို သင်ကြားပို့ချခြင်း၊ ရေးသားစီရင်ခြင်းများကိုပါ အားထုတ်တော်မူခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီးသည် မိမိရေးသော ကျမ်းစာများကို ဒီပနီ (အလင်းပြ)ဟု အမည်တပ်၍ ကျောက်ကုန်းတောရ ဆရာတော်က မိမိရေးသောကျမ်းစာများကို မေဒိနီ (အဆီအနှစ်) ဟု အမည်ဘော်ပြီး ဘောင်ပြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက မိမိကျမ်းစာများကို ဘာသာဋီကာဟု အမည်တပ်သကဲ့သို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကသည်း မိမိရေးသော ကျမ်းစာများကို အရသာဟု အမည်တပ်ခဲ့သည်။

အရသာ ဆိုသည့်အတိုင်းလည်း ဆရာတော်၏ စာများကို ဖတ်ရသည်မှာ အရသာရှိလှသည်။ ဆရာတော်သည် ပါဠိဘာသာကျမ်းဂန်များကို မြန်မာဘာသာဖြင့် ပြန်လည်ရေးသားရာ၌ ပါဠိဝါကျ အသွားအလာ ပါဠိရေးဟန်တို့ကို လုံးပ အတုမလိုက်ပဲ မြန်မာဝါကျတိုကလေးများဖြင့် မြန်မာမှုပီသအောင် ပြုနိုင်ခဲ့သဖြင့် မြန်မာတို့က ဆရာတော်စာများကို အရသာရှိရှိ ဖတ်ရှုနားလည်ကြပေသည်။ အရသာရှိသောဟင်းလျာ၊ မုန့်၊ သစ်သီးတို့ကို လူတို့သည် နှစ်နှစ်ခြိုက်ခြိုက် ထပ်ကာထပ်ကာ စားသုံးလေ့ရှိသကဲ့သို့ ဆရာတော်၏ အရသာစာအုပ်များကိုလည်း ထွက်သည့်အချိန်မှစ၍ ယနေ့တိုင် ထပ်ကာထပ်ကာ ဖတ်ရှုပြီး အရသာခံယူလျက် ရှိကြပေသည်။

ဆရာတော်သည် ကြီးစွာသော ဇွဲလုံ့လဖြင့် အရသာ ကျမ်းပေါင်းများစွာတို့ကို ရေးသားတော်မူခဲ့သည်။ ထိုကျမ်းစာများအနက် ပုံနှိပ်ထုတ်လုပ်ဖြန့်ချီရာ၌ လွယ်ကူသော အရသာကျမ်းများကို အကြိမ်များစွာ အဟပ်ထပ် ပုံနှိပ် ထုတ်ဝေ ဖြန့်ချီခဲ့ကြသည်။ ဖြန့်ချီနေကြဆဲဖြစ်သည်။

ဝိဘင်း(က)

ဆရာတော်သည် ၁၃၁၃-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ယခု ၁၃၄၂-ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၃၀-နီးပါး ကြာခဲ့ပြီ။ သို့ရာတွင် ဆရာတော်ပြုစုတော်မူခဲ့သော ဝိနည်းငါးကျမ်း အရသာစာမူမှာ စာအုပ်အဖြစ်သို့ ရောက်မလာသေးချေ။ စာအုပ်အဖြစ်သို့ ရောက်မလာသည်မှာ ကျမ်း၏ ပမာဏ ကြီးမားသဖြင့် ပုံနှိပ်ထုတ်လုပ်မှု အခက်အခဲနှင့် အခြား အကြောင်း အမျိုးမျိုးတို့ကြောင့် ဖြစ်ပေသည်။

ဆရာတော်သည် ဝိနည်းငါးကျမ်း အရသာကျမ်းကို ဝိဘင်းအရသာ ၃-တွဲ၊ မဟာဝါအရသာ ၃-တွဲ၊ စူဠဝါအရသာ ၃-တွဲ၊ ပရိဝါအရသာ ၃-တွဲ အားဖြင့် ၁၂-တွဲ ရေးသား စီရင်တော်မူခဲ့သည်။ ထိုသို့ကျမ်း၏ပမာဏ ကြီးမားသဖြင့် ယနေ့တိုင် စာမူမှ စာအုပ်အဖြစ်သို့ ရောက်မလာနိုင်ခြင်းဖြစ်ပေသည်။ ဆရာတော်သည် ဝိနည်းငါးကျမ်း၌ ဘုရားရှင်ပညတ်တော်မူခဲ့သော ဝိနည်း အရသာတို့ကို ရဟန်းရှင်လူ ပြည်သူအများတို့ အလွယ်တကူ ဖတ်ရှုခံစားနိုင်ပါစေဟူသောစေတနာဖြင့် ဝိနည်းငါးကျမ်း အရသာ ၁၂-တွဲကို ပင်ပင်ပန်း ပန်း အားထုတ် ပြုစုတော်မူခဲ့သည်။ အကယ်၍ ဤဝိနည်း ငါးကျမ်း အရသာ ၁၂-တွဲသည် စာအုပ်အဖြစ်သို့မရောက်၍ ရဟန်းရှင်လူတို့ ဖတ်ရှုခွင့်မရသော် ဆရာတော်၏ စေတနာနှင့် ဇွဲလုံ့လတို့သည် အကျိုးမပြီး အချည်းနှီး အဟောသိကံဖြစ်ရတော့မည်။

ဤအမှာစာရေးသူသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ စေတနာ နှင့် ဇွဲလုံ့လတို့ကို အထူးလေးစား ကြည်ညိုသည့်အလျောက် ဆရာတော်၏ ဝိနည်းငါးကျမ်းအရသာ စာမူများကို တရိုတသေ ဂရုတစိုက် နှစ်ပေါင်း ၃၀-ကျော် ထိန်းသိမ်းလာခဲ့သည်။ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ကြိုးပမ်းခဲ့ သည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ချေ။ ကျမ်း အမှာစာရေးသူသည်ပင် အသက်အရွယ် ကြီးရင့်အိုမင်းလာပြီဖြစ်၍ ဝိပဿနာ ဓူရဘက်ကို အားသန်ချိန်သို့ ရောက်နေပြီဖြစ်ရာ အကယ်၍သာ ဤဝိနည်း ငါးကျမ်း အရသာ လက်ရေးစာမူများကို စာအုပ်အဖြစ် ရောက်အောင် မဆောင်ရွက်နိုင်ခဲ့ပါက ကျေးဇူးရှင် ကျမ်းပြုဆရာတော်နှင့် စာဖတ်ပရိသတ် ရဟန်းရှင်လူတို့အပေါ်၌ ထားရှိခဲ့သော အမှာစာရေးသူ၏ စေတနာ ဇွဲလုံ့လ တို့မှာလည်း အကျိုးမပြီး အချည်းနှီး အဟောသိကံ ဖြစ်ရတော့မည့် အခြေသို့ ကျရောက်လုနီးပါး ရှိပေပြီ။

ထိုအခြေအနေသို့ ရောက်နေချိန်တွင် စာမူများကို လက်နှိပ်စက်ကူးသည်မှ ပြင်ဆင် တည်းဖြတ်၊ ပရုဖတ်၊ ပုံနှိပ်၊ ဒီဇိုင်း၊ ပန်းချီ၊ ဘလောက်နှင့် ရောင်စုံ အဖုံးရိုက်ပြီး စာအုပ်ချုပ်ပြီးသည်အထိ တာဝန်ယူထုတ်လုပ်ပေးသော ရန်ကုန်မြို့ ကန်တော်ကလေး ၁၂၅-လမ်း၊ နေလင်းပိဋကတ်ပုံနှိပ်တိုက်မှ စာတည်းချုပ် ဦးသောင်းလွင် ဓမ္မာစရိယဝဋံသကာ ဘီ-အေနှင့် တွေ့ဆုံပြီး စာမူများပေးအပ်၍ ပုံနှိပ်ချုပ်လုပ်စေခဲ့ရာ ဝိဘင်းအရသာကျမ်း ပထမတွဲ ပုံနှိပ်ပြီးသဖြင့် အထူးဝမ်းသာအားရဖြစ်မိပါသည်။ နှစ်ပေါင်း ၃၀-ကျော် ကြံစည်အားထုတ်လာခဲ့သော လုပ်ငန်းကြီး၏ တစိတ်တဒေသ ပြီးမြောက် အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ပေးသည့်အတွက် ဆရာတော်ကြီး၏တပည့်ဆရာတော်များကိုယ်စား နေလင်းပိဋကတ်ပုံနှိပ်တိုက် စာတည်းချုပ် ဦးသောင်းလွင် ဘီ-အေ ဓမ္မာစရိယ ဝဋံသကာအားလည်းကောင်း၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက် အငြိမ်းစား စာပြင်ဆရာကြီးများဖြစ်ကြသော ဆရာကြီး ဦးဘသွင်၊ မြန်အောင် ဦးဘသန်း နှင့် ကျုံပျော် ဦးတင်လှိုင်တို့အားလည်းကောင်း အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ကျန်ဝိနည်းပါးကျမ်းအရသာ ဒုတိယတွဲ၊ တတိယတွဲ စသည်တို့ကိုလည်း နေလင်းပိဋကတ် ပုံနှိပ်တိုက်မှပင် မကြာမီ ဆက်လက်ပုံနှိပ်ထုတ်ဝေ ဖြန့်ချီသွားမည်ဖြစ်ကြောင်း ကျမ်းပြုဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့အား သတင်းကောင်းပါးလျက် ဤအမှာစာကို နိဂုံးချုပ် အပ်ပါသတည်း။

၃–၉–၈၀။

အကျိုးဆောင်ဆရာတော်

# အဂ္ဂမဟာပဏ္ဍိတ
# ညောင်လေးပင်တောရ တတိယ မဟာနာယက
# ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

## ပဏာမ

သုံးပါးရတနာ၊ ဆရာမိဘ၊ ဂုဏ်အနန္တကို၊ တုပ်ကွရိုကျိုး၊ ရှိမြတ်နိုးသည်၊ ကောင်းကျိုးလျှင်ဆော ရောက်စေသောဝ်။

## ဖွားမြင်ချိန်

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ညောင်လေးပင်မြို့နှင့် လေးမိုင်ကွာဝေးသော အိမ်ခြေသုံးထောင်ခန့် ရှိသော ပုဇွန်မြောင်းရွာတွင် ၁၂၄၈-ခု ပြာသိုလဆန်း ၂-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ခမည်းတော် မယ်တော်တို့၏ အမည်မှာ ကျောင်းအုပ်ဆရာကြီး ဦးခေါင်၊ ဆရာကတော် ဒေါ်ခက်တို့မှ ပထမဦးစွာ ဖွားမြင်သော အာဇာနည် သားထူးသားမြတ် ဖြစ်သည်။

## ရှင်သာမဏေပြုချိန်

၇-နှစ်သားအရွယ်သို့ ရောက်သောအခါ အဖိုးအဖွားများက ရှင်ပြုသည်။ ၁၂-နှစ်သားအရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးက ညောင်လေးပင်တောရ ပထမဆရာတော်ထံတွင် ရှင်ပြုသည်။ ရှင်အရိယ ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ ပထမဆရာတော်ထံ၌ ရဟန်းမပြုရသေးမီ၌ပင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဂန္ထန္တရ ကျမ်းဂန်အဝဝတို့ကို ပေါက်ရောက်တော်မူသည်။

## ရဟန်းပြုချိန်

မြန်မာနိုင်ငံတော် အထက်အောက်တွင် ရဟန္တာဟု ကျော်ကြားတော်မူသော ဘုန်းတော်ကြီး ဦးသီလကို ပင့်ပြီးလျှင် ရှင်အရိယအား အပ်နှင်းစေပြီး ဥပဇ္ဈာယ်ပြုစေ၍ ၁၂၆၇-ခု တပို့တွဲလပြည့်ကျော် ၂-ရက်နေ့တွင် ရဟန်းပြု

ပေးတော်မူ၏။ ဘုန်းတော်ကြီး ဦးသီလထံတွင် ပဋ္ဌိပတ္တိနှင့်ဆိုင်ရာ နည်းနာနိဿယများကို ခံယူတော်မူသည်။

## ညောင်လေးပင်တောရ သီတင်းသုံးချိန်

ငါးဝါအတွင်းမှာပင် နိကာယ်အရပ်ရပ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို တတ်မြောက်တော်မူသည်။ထို ပထမဆရာတော်၊ ဒုတိယ ဆရာတော်ဘုရားများ တိမ်းပါးတော်မူသွားကြ၍ ညောင်လေးပင်မြို့နယ် ရွှေကျင်ဂိုဏ်း သံဃနာယက သံဃာ့ထေရ်ကြီးများ၏ လွှဲအပ်ချက်အရ ၁၂၈၁-ခုနှစ်တွင် ညောင်လေးပင် တောရ ဂိုဏ်းဂဏ တာဝန်ခံယူလျက် သံဃာတော် ၁၀၀ မှ ၁၅၀ ကျော် လောက်ကို အုပ်ချုပ်ကာ ပရိယတ်၊ ပဋိပတ် သာသနာကို ပြုစုပျိုးထောင်တော် မူခဲ့၏။ ထိုအချိန်မှစ၍ ပရိယတ္တိဘက်တွင် အောက်မြန်မာပြည်၌ အစိုးရ ပထမပြန် စာမေးပွဲတွင် အအောင်အများဆုံး စာသင်တိုက်ဟု အထူးပင် ကျော်ကြားခဲ့လေသည်။

ဆရာတော်ဘုရားသည် စာပေသင်ကြား ပို့ချရုံနှင့် အားရတင်းတိမ်တော် မမူပဲ နောင်လာနောက်သားရဟန်းရှင်လူများအတွက်လည်း လေ့လာမှတ်သား ရန် အောက်ပါကျမ်းတို့ကို ပြုစုတော်မူခဲ့သည်။

## ရိုက်ပြီးကျမ်းများ

၁။ ဓမ္မပဒဘာသာပြန်။
၂။ ဘာဝနာအရသာနှင့် သိဿကောဝါဒ စကားပုံ။
၃။ သာမဏေဝိနည်းခေါ် ရှင်ကျင့်ဝတ်။
၄။ ကထိန်အရသာ။
၅။ ဓမ္မစကြာအရသာ။
၆။ သတိပဋ္ဌာန်အရသာ။
၇။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ။
၈။ ဂုဏ်တော်အရသာနှင့် လက္ခဏာအရသာ။
၉။ ပဋ္ဌိစ္စသမုပ္ပါဒ်အခြေပြု။
၁၀။ ပဋ္ဌိစ္စသမုပ္ပါဒ် အရသာ။

၁၁။ အလင်္ကာအရသာ။
၁၂။ ဒွေမာတိကာအရသာ။
၁၃။ ဥပါသကာလက်သုံး။
၁၄။ ဝိသုဒ္ဓိမဂ်အရသာ။
၁၅။ ကမ္မဝါ အခဏ်း ၂၀။
၁၆။ သင်္ဂြိုဟ်အရသာ။
၁၇။ သင်္ဂြိုဟ်နိဿယ။

## မရိုက်ရသေးသော ကျမ်းများ

၁။ ဆန်းအရသာ၊
၂။ ဆန္ဒောမဥ္စရီအရသာ၊
၃။ သဒ္ဒါအရသာ၊
၄။ ကဆုန်လပြည့် အရသာ၊
၅။ စတုရာရက္ခကျမ်း၊
၆။ ဝိနည်းငါးကျမ်း အရသာ-

ကျမ်းများဖြစ်ပါသည်။

ဤကျမ်းများကို ပြုစုတော်မူသဖြင့် ၁၃၁၂-ခုနှစ်တွင် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနဟိတအသင်းကြီး၏ အနှစ်၅၀-မြောက်အထိမ်းအမှတ်ပွဲတွင် သံဃာဩဝါဒ အမှုဆောင်အဖြစ်ဖြင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ မူလစာချ ဘဒ္ဒန္တ အရိယာဘိဝံသ ဟူသော ဘွဲ့တံဆိပ်ကိုဆက်ကပ်လှူဒါန်းခြင်း ခံတော်မူရလေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၃၁၃-ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော်အစိုးရ၏ ဆင္ဃသင်္ဂါယနာ တင်ရေးကိစ္စအတွက် နည်းပေးညွှန်ကြားသော ဩဝါဒါစရိယ အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

ထို့နောက် မျှားမကြာမီ ဆရာတော်ဘုရားကြီးအား ၁၃၁၄-ခုနှစ်၊ တပို့တွဲ လလောက်တွင် လေငန်းရောဂါစွဲကပ်တော်မူသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ လျှောက်ထားတောင်းပန်ချက်အရ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးခန်း၌ ကုသရာ ပထမ-ဒုတိယအကြိမ်တွင် ပျောက်ကင်း၍ တတိယအကြိမ်မှာ သက်သာရာမရသောကြောင့် ဆရာပန်များနှင့် ဆရာဝန်မကြီးများက အလွန်အလွန် အားနည်းနေသောကြောင့် ညနေဘက်ကွင်-လဘက်ရေ၊ ကော်ဖီ ဆံပြုတ်များ သောက်ရန်အတွက် လျှောက်ထားသောအခါ အောက်ပါ မှတ်သားဖွယ်ရာစကားကို ဆရာတော်ကြီးသည် ထိုအချိန်တွင် စကားမပြောနိုင်တော့သဖြင့် စာဖြင့်ရေးသားတော်မူခဲ့လေသည်။

## မှတ်သားဖွယ်ရာ ဆုံးမချက်

> “နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရဥပဒေကို တသွေမတိမ်း လိုက်နာ ကျင့်ကြံကြရသည်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်းကို လိုက်နာရပေသည်။”

အထက်ပါဆုံးမသောစကားသည် ပေါ်လွင်ထင်ရှားပါ၏။ လွန်စွာလေးနက်၍ သူတော်စင်တိုင်း လိုက်နာသင့်၏။

ဆုံးမတိုင်း မချွတ်မယွင်း ဖြောင့်စင်းသောသံဃာသည် သုပ္ပဋိပန္နဂုဏ်နှင့် ညီပေစွဆိုတဲ့ တရားတော်အတိုင်း ဆရာတော်ကြီးသည် အသက်ခန္ဓာ မငဲ့ညှာမူ၍ ဘုရားဥပဒေတော်ကြီးကို အသက်နှင့်လဲ၍ သုပ္ပဋိပန္နဂုဏ်နှင့်အညီ ကျင့်သုံးသွားခဲ့သည်။ လေငန်းရောဂါ စွဲကပ်လာသော်လည်း အသက်ပေး၍ ရေးသားခဲ့သော ဝိနည်းငါးကျမ်းအရသာ စာမူကို ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက အစွမ်းကုန် ကူညီအားပေးချီးမြှင့် ထောက်ပံ့ပါရန် မေတ္တာရပ်ပါသည်။

သောင်လေးပင်တောရကြီး
စာမူတိန်းသိမ်းရေး ဆရာတော်ကြီးများ၏
ခွင့်ပြုချက်အရ
**အကျိုးဆောင်ဆရာတော်**

ဘိက္ခုဝိဘင်းအရသာ

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဏာမ၊ ပဋိညာ | .... | ၁ |
| **နိဒါနုဒ္ဒေသ** | | |
| ပါတိမောက်နှစ်ပါး | .... | ၂ |
| ပါတိမောက်ပြခြင်းကိုးပါး | .... | ၃ |
| အန္တရာယ်ဆယ်ပါး | .... | ၅ |
| ၁။ ပုဗ္ဗကရဏလေးပါး | .... | ၆ |
| ၂။ ပုဗ္ဗကိစ္စငါးပါး | .... | ၇ |
| ၃။ ပတ္တကလ္လအင်္ဂါလေးပါး | .... | ၉ |
| ၄။ အာရာဓနာ့ကာရ | .... | ၁၀ |
| နိဒါနုဒ္ဒေသ ခွင့်ပြုတော်မူခြင်း | .... | ၁၁ |
| ၁။ ဥတ်ထားခြင်း | .... | ၁၂ |
| ပါတိမောက်ပြခြင်း အစိုးရသူ | .... | ၁၃ |
| သံဃာအပြား | .... | ၁၃ |
| ဥပုသ်ရက် မတူခြင်း | .... | ၁၄ |
| ပဝါရဏာနေ့ | .... | ၁၄ |
| သာမဂ္ဂီနေ့ | .... | ၁၅ |
| နေ့သုံးမျိုး-လေးမျိုး | .... | ၁၅ |
| ပါတိမောက်ပြခြင်း နှစ်မျိုး | .... | ၁၉ |
| ပါရိသုဒ္ဓိဥပုသ် | .... | ၁၉ |
| ဥပုသ်နေ့ ဖဲသွားမှု | .... | ၂၀ |
| ဘုရားရှင်တို့သာ ပြသော ဩဝါဒပါတိမောက် | .... | ၂၁ |
| ၂။ ပုဗ္ဗကိစ္စမေးခြင်း | .... | ၂၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပါတိမောက် မနာကောင်းသူ | .... | ၂၆ |
| ၃။ သဝနဝိဓိ | .... | ၂၇ |
| ၄။ ဝိသုဒ္ဓါရောစနဝိဓိ | .... | ၂၈ |
| အာပတ်မရှိခြင်း သုံးမျိုး | .... | ၂၉ |
| အာပတ်သင့်ကြောင်း ခြောက်ပါး | .... | ၂၉ |
| အာပတ်ကုစားနည်း | .... | ၃၀ |
| အဖြေနှစ်မျိုး တူပုံ | .... | ၃၁ |
| သုံးကြိမ်မေးအပ်သော ဝိနည်း | .... | ၃၁ |
| ၅။ အနာရောစနာပတ္တိ | .... | ၃၃ |
| မုသာဝါဒ အာပတ်၏ အပြစ် | .... | ၃၄ |
| ထင်စွာပြုကျိုး | .... | ၃၅ |
| ဘုရားရှင့်တာဝန် | .... | ၃၆ |
| သေခါနီး သိက္ခာချသူ | .... | ၃၆ |
| နိဒါနုဒ္ဒေသ နိဂုံး | .... | ၃၇ |
| သိမ်အကြောင်း သိကောင်းစရာ ဗဒ္ဓသိမ်၌ မှတ်ဖွယ် | .... | ၃၈ |
| နိမိတ္တသမ္ပတ္တိ | .... | ၃၉ |
| တောင်နိမိတ် | .... | ၃၉ |
| ၃၂-ပိုလ် | .... | ၄၀ |
| မြေအက် ဖာထေးခြင်း | .... | ၄၁ |
| ပရိသာသမ္ပတ္တိ | .... | ၄၂ |
| ကမ္မဝါစာသမ္ပတ္တိ | .... | ၄၂ |
| အဗဒ္ဓသိမ်၌ မှတ်ဖွယ် | .... | ၄၂ |
| ဂါမသိမ် | .... | ၄၂ |
| သတ္တဗ္ဘန္တရသိမ် | .... | ၄၃ |
| ဥဒကုက္ခေပသိမ် | .... | ၄၃ |
| ဇာတသာရပျက်ပုံ | .... | ၄၄ |
| ဥပစာချန်ရခြင်း | .... | ၄၄ |
| သိမ်စပ်အမျိုးမျိုး | .... | ၄၅ |
| ပညတ်ကျိုးဆယ်ပါး | .... | ၄၆ |

## ပါရာဇိကကဏ္ဍသ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ မေထုန် သိက္ခာပုဒ် | .... | ၄၈ |
| မေထုနဓမ္မ | .... | ၄၉ |
| ဘိက္ခုရှစ်မျိုး | .... | ၅၀ |
| အဓိသီလသိက္ခာ | .... | ၅၁ |
| မဂ်သုံးဆယ် | .... | ၅၁ |
| သာဓာရဏလက္ခဏာ ၁၇-ပါး မှတ်ဖွယ် | .... | ၅၂ |
| သမုဋ္ဌာန် ၁၃-ပါး | .... | ၅၄ |
| သာဓာရဏ အဆုံးအဖြတ် | .... | ၅၇ |
| အနုပညတ် သုံးမျိုး | .... | ၅၇ |
| ဥဿုတ္တိစတုက္ကံ မှတ်ဖွယ် | .... | ၅၉ |
| အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက် မှတ်ဖွယ် | .... | ၆၀ |
| ပဏ္ဍုက်ငါးမျိုး | .... | ၆၁ |
| ထေယျသံဝါသက သုံးမျိုး | .... | ၆၁ |
| တိတ္ထိယပက္ကန္တက | .... | ၆၂ |
| ဘိက္ခုနီဒူသက | .... | ၆၃ |
| ဥဘတောဗျည်း | .... | ၆၃ |
| သိက္ခာချခြင်း မှတ်ဖွယ် | .... | ၆၃ |
| ဝတ္ထုကြောင်း မှတ်ဖွယ် | .... | ၆၅ |
| ဝိနီတဝတ္ထုများ၊ ၇၉-ဝတ္ထု | .... | ၆၇ |
| ၂-အဒိန္နာဒါန | .... | ၇၂ |
| ငါးဌာန မှတ်ဖွယ် | .... | ၇၃ |
| အဆုံးအဖြတ် ၁၇-ပါး | .... | ၇၄ |
| ခိုးခြင်း ၂၅-ပါး မှတ်ဖွယ် | .... | ၇၅ |
| ဒုက္ကဋ်ရှစ်မျိုး မှတ်ဖွယ် | .... | ၇၈ |
| ဝတ္ထုကြောင်း မှတ်ဖွယ် | .... | ၇၉ |
| မာတိကာ သုံးဆယ် | .... | ၈၁ |
| ဝိနီတဝတ္ထုများ၊ ဝတ္ထု(၁၅၀) | .... | ၈၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃-မနုဿဝိဂ္ဂဟ | .... | ၉၁ |
| သေဂုဏ်ပြစကား | .... | ၉၂ |
| အဆုံးအဖြတ် ၁၇-ပါး | .... | ၉၃ |
| ပါဏာစသည် လေးပါးမှတ်ဖွယ် | .... | ၉၄ |
| ဝတ္ထုကြောင်း မှတ်ဖွယ် | .... | ၉၅ |
| မာတိကာ ၂၉-ပါး | .... | ၉၇ |
| ဝိနီတဝတ္ထုများ၊ ဝတ္ထု (၁၀၃) | .... | ၉၇ |
| ၄-ဥတ္တရိမနုဿဓမ္မ | .... | ၁၀၃ |
| စင်ကြယ်ခြင်း | .... | ၁၀၅ |
| အဆုံးအဖြတ် ၁၇-ပါး | .... | ၁၀၆ |
| ဝတ္ထုကြောင်း မှတ်ဖွယ် | .... | ၁၀၇ |
| အနုပညတ်ဝတ္ထုနှင့် မှတ်ဖွယ်အထူး | .... | ၁၀၈ |
| ဝိနီတဝတ္ထုများ၊ ဝတ္ထု(၆၀) | .... | ၁၀၉ |
| နိဂုံး | .... | ၁၁၅ |
| ပါရာဇိက ၂၄-ပါး | .... | ၁၁၆ |


## သံဃာဒိသေသ ဒွေသ


| | | |
|---|---|---|
| ၁-သုက္ကဝိဿဋ္ဌိ | .... | ၁၁၈ |
| ဝတ္ထုစသည် မှတ်ဖွယ် | .... | ၁၁၉ |
| ဝိနီတဝတ္ထု-၇၀ | .... | ၁၂၀ |
| ၂-ကာယသံသဂ္ဂ | .... | ၁၂၂ |
| အဆုံးအဖြတ် | .... | ၁၂၃ |
| ဝိနီတဝတ္ထု | .... | ၁၂၄ |
| ၃-ဒုဋ္ဌုလ္လဝါစာ | .... | ၁၂၅ |
| အာပတ္တိကရ ခြောက်ခွန်း | .... | ၁၂၆ |
| အဆုံးအဖြတ် | .... | ၁၂၆ |
| ဝိနီတဝတ္ထု | .... | ၁၂၇ |
| ၄-အတ္တကာမပါရိစရိယ | .... | ၁၂၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိနီတဝတ္ထု ၇-ခု | .... | ၁၃၀ |
| ၅-သဉ္စရိတ္တ | .... | ၁၃၀ |
| အဆုံးအဖြတ် | .... | ၁၃၁ |
| ဆသမုဋ္ဌာန်ဖြစ်ပုံ | .... | ၁၃၂ |
| မိန်းမနှစ်ကျိပ် | .... | ၁၃၂ |
| ဝတ္ထု | .... | ၁၃၃ |
| ဝိနီတဝတ္ထု ၇-ခု | .... | ၁၃၄ |
| ၆-ကုဋိကာရ | .... | ၁၃၄ |
| သညာစိကမှတ်ဖွယ် | .... | ၁၃၇ |
| ဘေးရန် ၂၉-ပါး | .... | ၁၃၇ |
| အဆုံးအဖြတ် | .... | ၁၃၈ |
| အတိတ်နဂါး ဝတ္ထုနှင့် ဝတ္ထုများ | .... | ၁၃၉ |
| ၇-ဝိဟာရကာရ | .... | ၁၄၀ |
| အဆုံးအဖြတ် | .... | ၁၄၁ |
| ၈-ဒုဋ္ဌဒေါသ | .... | ၁၄၁ |
| အဓိကရဏ သုံးမျိုး | .... | ၁၄၃ |
| စောဒနာလေးပါး | .... | ၁၄၃ |
| အဆုံးအဖြတ် | .... | ၁၄၄ |
| ၉-အညဘာဂိယ | .... | ၁၄၆ |
| အညဘာဂိ၊ တပ္ပဘာဂိ | .... | ၁၄၈ |
| ၁၀-သံဃဘေဒက | .... | ၁၄၉ |
| ဘေဒကရဝတ္ထု ၁၈-နှင့် အဆုံးအဖြတ် | .... | ၁၅၁ |
| ၁၁-ဘေဒါနုဝတ္တက | .... | ၁၅၃ |
| အဆုံးအဖြတ်နှင့် ဝတ္ထု | .... | ၁၅၅ |
| ၁၂-ဒုဗ္ဗစ | .... | ၁၅၅ |
| အဆုံးအဖြတ်နှင့် ဝတ္ထု | .... | ၁၅၆ |
| ၁၃-ကုလဒူသန | .... | ၁၅၇ |
| ပဗ္ဗာဇနီယကံ စသည်မှတ်ဖွယ် | .... | ၁၅၉ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| အဂတိလေးပါး | .... | ၁၆၀ |
| ကုလဒူသနှ ရှစ်ပါး | .... | ၁၆၀ |
| အနေသန ၂၁-ပါး | .... | ၁၆၀ |
| တသာသနာလုံး မအပ် | .... | ၁၆၁ |
| ဒါယကာလေးမျိုး | .... | ၁၆၂ |
| သစ်ပင်စိုက်နည်း | .... | ၁၆၂ |
| ပုပ္ဖဝိကတံ ခြောက်မျိုး | .... | ၁၆၃ |
| ဝတ္ထုနှင့် နိဂုံး | .... | ၁၆၄ |
| ဖုံးခြင်း ဆယ်ပါး | .... | ၁၆၇ |
| ပရိဝါသ် မှတ်ဖွယ် | .... | ၁၆၈ |
| သုဒ္ဓန် နှစ်မျိုး | .... | ၁၇၀ |
| သမောဓာန် သုံးမျိုး | .... | ၁၇၀ |
| မာနတ်နှစ်မျိုးနှင့် မှတ်စုများ | .... | ၁၇၁ |

## အနိယတဒွေသ

| | | |
| --- | --- | --- |
| ၁-ပဌမ အနိယတ | .... | ၁၇၃ |
| အလဇ္ဇီ ပဋိညာ | .... | ၁၇၄ |
| အဆုံးအဖြတ်နှင့် ဝတ္ထု | .... | ၁၇၅ |
| ၂-ဒုတိယ အနိယတ | .... | ၁၇၆ |
| မှတ်ဖွယ်အထူးနှင့် ဝတ္ထု | .... | ၁၇၇ |

## နိဿဂ္ဂိပါစိတ္တိယုဒ္ဒေသ

| | | |
| --- | --- | --- |
| ၁-ပထမကထိန | .... | ၁၇၈ |
| သင်္ကန်းစွန့်ပုံနှင့် အဆုံးအဖြတ် | .... | ၁၈၀ |
| ဇာတိသင်္ကန်းခြောက်ထည် မှတ်ဖွယ် | .... | ၁၈၂ |
| အတိရေက ပဖြစ် | .... | ၁၈၂ |
| ပလိဗောဓနှစ်ပါးနှင့် အာနိသင်ငါးပါး | .... | ၁၈၄ |

| အခြေကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကထိန်နုတ် မာတိကာရှစ်ပါး .... | ၁၈၅ |
| သက်န်းကိုးထည် မှတ်ဖွယ် .... | ၁၈၅ |
| အဓိဋ္ဌာန်တင်ပုံ .... | ၁၈၆ |
| အဓိဋ္ဌာန်ကျပုံ .... | ၁၈၈ |
| နိဿဂ္ဂီ ၃၀၊ ပြန်ပေး မပေးရ စသည်မှတ်ဖွယ် .... | ၁၈၉ |
| ၂-၃- ဥဒေါသိတ .... | ၁၈၉ |
| အဝိပ္ပဝါသ အရပ် ၁၅-ပါးနှင့် ဝတ္ထု .... | ၁၉၀ |
| ၃-တတိယကထိန .... | ၁၉၁ |
| ပစ္စာသာကို မူလပြုပုံ .... | ၁၉၃ |
| သင်္ကန်းဖြစ်ရာ မာတိကာရှစ်ဖြာ မှတ်ဖွယ် .... | ၁၉၄ |
| ဗုဒ္ဓသန္တက .... | ၁၉၈ |
| ၄–ပုရာဏစီဝရ .... | ၁၉၉ |
| အဆုံးအဖြတ်နှင့် ဝတ္ထု .... | ၂၀၀ |
| ၅-စီဝရပဋိဂ္ဂဟဏ .... | ၂၀၁ |
| အဆုံးအဖြတ်နှင့် ဝတ္ထု — | ၂၀၂ |
| ၆–အညာတကဝိညတ္တိ .... | ၂၀၃ |
| အဓိပ္ပာယ်နှင့် အဆုံးအဖြတ် .... | ၂၀၃ |
| ၇-တတုတ္တရိ .... | ၂၀၅ |
| သန္တရုတ္တရပရမ ယူခြင်း .. | ၂၀၆ |
| အဆုံးအဖြတ်နှင့် ငတ္ထု .... | ၂၀၆ |
| ၈-ဥပက္ခဋ .... | ၂၀၇ |
| အဆုံးအဖြတ်နှင့် ငတ္ထု .... | ၂၀၈ |
| ၉-ဒုတိယ ဥပက္ခဋ ... | ၂၀၉ |
| ၁၀-ရာဇ .... | ၂၁၀ |
| အာဂမနသုဒ္ဓိဖြစ်ပုံ .... | ၂၁၁ |
| တမန် ချတ်ပုံ၊ မချတ်ပုံ .... | ၂၁၂ |
| သုံးကြိမ်တောင်း၊ ခြောက်ကြိမ်ရပ် .... | ၂၁၃ |
| မပြီးရာ၌ ကျင့်ဝတ် .... | ၂၁၄ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| နိဿဂ္ဂိလေးပါး၊ ဒုက္ကဋ်အများ မှတ်ဖွယ် | .... | ၂၁၅ |
| ကပ္ပိယတကျိပ်မှတ်ဖွယ် | .... | ၂၁၅ |
| ရဟန်းညွှန်းလေး | .... | ၂၁၅ |
| တမန်လေး | .... | ၂၁၆ |
| မညွှန်းနှစ်ယောက် | .... | ၂၁၆ |
| ၁—ကောသိယ | .... | ၂၁၈ |
| ၂—သုဒ္ဓကာဠက | .... | ၂၁၉ |
| ၃—ဒွေဘာဂနှင့် အခိပ္ပာယ်စသည် | .... | ၂၁၉ |
| ၄—ဆဗ္ဗဿနှင့် အခိပ္ပာယ်အဆုံးအဖြတ် | .... | ၂၂၀ |
| ၅—နိသီဒနသန္ထတနှင့် အခိပ္ပာယ် | .... | ၂၂၁ |
| ၆—ဧဠကလောမနှင့် အခိပ္ပာယ် | .... | ၂၂၃ |
| ၇—ဧဠကလောမဓောဝါပနနှင့် အခိပ္ပာယ်စသည် | .... | ၂၂၅ |
| ၈—ရူပိယနှင့် အခိပ္ပာယ်စသည် | .... | ၂၂၅ |
| ရွှေငွေသာယာခြင်း၌ မှတ်ဖွယ် | .... | ၂၂၇ |
| ၉—ရူပိယသံဝေါဟာရ | .... | ၂၂၈ |
| ပစ္စည်းသုံးမျိုး | .... | ၂၂၉ |
| အကပ္ပိယပတ္တစတုက္ကမှတ်ဖွယ် | — | ၂၃၀ |
| ၁၀—ကယဝိက္ကယအခိပ္ပာယ်စသည် | .... | ၂၃၁ |
| ဆင်ခြင်ဖွယ်အထူး | .... | ၂၃၂ |
| ၁—ပတ္တနှင့် အခိပ္ပာယ် | .... | ၂၃၂ |
| သပိတ်ကိုးလုံးမှတ်ဖွယ် | .... | ၂၃၄ |
| ၂—ဦနပဉ္စဗန္ဓနနှင့် အခိပ္ပာယ် | .... | ၂၃၅ |
| အစွန်ဆုံးပြုပုံနှင့် အဆုံးအဖြတ် | .... | ၂၃၆ |
| ၃—ဘေသဇ္ဇနှင့် အခိပ္ပာယ် | .... | ၂၃၇ |
| သန္နိဓိကာရက | .... | ၂၃၈ |
| ၄—ဝဿိကသာဋိက | .... | ၂၄၀ |
| အစောင့်အရှောက် ၁၁-လနှင့် သမယနှစ်ပါး | .... | ၂၄၂ |
| ၅—စီဝရအစ္ဆိန္ဒနနှင့် အဆုံးအဖြတ် | .... | ၂၄၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၆—သုတ္တဝိညတ္တိနှင့် အစိပ္ပာယ် | .... | ၂၄၄ |
| မှတ်ဖွယ်အထူး | .... | ၂၄၅ |
| ၇—မဟာပဒေသကာရနှင့် အစိပ္ပာယ် | .... | ၂၄၆ |
| ၈—အစွေ့ကစိဝရ | .... | ၂၄၇ |
| ၀ါဆိုသင်္ကန်း | .... | ၂၄၉ |
| ပရိဟာရအမျိုးမျိုး | .... | ၂၄၉ |
| ၉—သာသက် | .... | ၂၅၀ |
| သင်္ကန်းထားကြောင်းအင်္ဂါ | .... | ၂၅၂ |
| ၁၀—ပရိဿာတ | .... | ၂၅၃ |
| ဓမ္မိကဒါန—အဓမ္မိကဒါနမှတ်ဖွယ် | .... | ၂၅၅ |


မာတိကာ ပြီး၏။

# ဘိက္ခုဝိဘင်းအရသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမ၊ ပဋိညာ**

ဗုဒ္ဓံ သံဃဉ္စ ဓမ္မဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန- ပူဇာသက္ကာရဘာဇနံ။
ပါမောက္ခံ အနဝဇ္ဇာနံ၊ ဓမ္မာနံ ယံ မဟေသိနာ။
မုခံ မောက္ခပ္ပဝေသာယ၊ ပါတိမောက္ခံ ပကာသိတံ။
ဝတ္တယိဿာမိ တေဿ၊ ပါတိမောက္ခရသံ သုဘံ။

အဟံ၊ ငါသည်။ ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ၊ ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်းတို့၏ တည်ရာဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုရင်း။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ သံဃဉ္စ၊ ချစ်ယောက်သော ဒက္ခိဏေယျသံဃာတော်မြတ်အပေါင်းကိုရင်း။ ဝါ၊ ဝိနည်းကံအရာ ပုထုရိယာသောင်းပြောင်း ဝိနည်းကျင့်သမ္မုတိ သံဃာအပေါင်းကိုငှင်း။ ဝိပ္ပသန္နေန၊ အထူသဖြင့် ကြည်လင်သော။ စေတသာ၊ စိတ်ဖြင့်။ (လက္ခိတော၊ မှတ်သားအပ်သောသူဖြစ်၍။ တိဟိ ဒွါရေဟိ၊ သုံးပါးသော ဒွါရတို့ဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။) ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

မဟေသိနာ၊မြတ်စွာဘုရားသည်။ အနဝဇ္ဇာနံ၊အကုသိုလ်ပြစ် မရှိကုန်သော။ ဓမ္မာနံ၊ ကုသိုလ် အဗျာကတ တရားတို့၏။ ဝါ၊ တို့တွင်။ ပါမောက္ခံ၊ ပဓာန်ဦးအစလည်းဖြစ်သော။ မောက္ခပ္ပဝေသာယ၊ နိဗ္ဗာန်သို့ဝင်ခြင်းငှါ။ မုခံ၊ ခံတွင်းအလား တံခါးသဖွယ်လည်းဖြစ်သော။ ယံ ပါတိမောက္ခံ၊ အကြင်ပါတိမောက်ကို။ ပကာသိတံ၊ ပြအပ်ပြီ။ ဝါ၊ ပညတ်တော်မူအပ်ပြီ။ တေဿ၊ ထိုပါတိမောက်၏။ သုဘံ၊ တင့်တယ်ကောင်းမြတ်သော။ ပါတိမောက္ခရသံ၊ ပါတိမောက်အရသာကို။ ဝါ၊ ပါတိမောက်ကို ဖွေဖန့်ခွဲစိတ်သော ဝိဘင်း၏အရသာကို။ ဝတ္တယိဿာမိ၊ ဖြစ်ပေါ်စေအံ့။ ဣတိ၊ ဤကား ပဏာမ ပဋိညာ တည်း။

(ကခါကို အခြေတည်၍ ဝိဘင်းပါဠိတော်စကားစုံအောင် သွင်းသော ကြောင့် ကခါအရသာ-ဟူ၍လည်း ဆိုနိုင်သည်။)

# နိဒါနဒွေသ

## ပါတိမောက် နှစ်ပါး

အဘွယ်အနက်ကြောင့် ပါတိမောက်မည်သနည်း။ ။ပ အတိမောက္ခန္တိ ပါတိမောက္ခံ-ဟူသော ဝစနတ္ထနှင့်အညီ အလွန်မြတ်သောအနက်ကြောင့် ပါတိမောက်မည်၏။

ဤပါတိမောက်သည် အဘယ်မျှ ပြားသနည်း။ ။ဆိုပြီးသော ဝစနတ္ထအားဖြင့် တပါးတည်းဖြစ်သော်လည်း သီလပါတိမောက်၊ ဂန္ထပါတိမောက်ဟူ၍ နှစ်ပါးပြား၏။

အဘယ်စကားရပ်တို့၌ သီလကို ပါတိမောက်ဟု သိအပ်သနည်း။ ။ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍ နေ၏-ဟူသော စကားရပ်၌ရှင်း၊ ဤပါတိမောက်သည် ကုသိုလ်တို့၏ အဦးအစဖြစ်၏။ ထို့ကြောင့် ပါတိမောက်မည်၏-ဟူသော စကားရပ်၌ရှင်း သီလကို ပါတိမောက်ဟု သိအပ်၏။ (ပါတိမောက်အကျင့် သီလဟူလို)။

အဘယ်စကားရပ်တို့၌ ဂန္ထကို ပါတိမောက်ဟု သိအပ်သနည်း။ ။ပါတိမောက်နှစ်စောင် အကျယ်အားဖြင့် နှုတ်တက်လေ့လာကုန်၏-စသော စကားရပ်တို့၌ ဂန္ထကို ပါတိမောက်ဟုသိအပ်၏။ (ပါတိမောက်မည်သောကျမ်းစာဟူလို။)

သီလသည် အဘယ်အနက်ကြောင့် ပါတိမောက်မည်သနည်း။ ။ပါတိ+မောက္ခေတိတိ ပါတိမောက္ခံ-ဟူသော ဝစနတ္ထနှင့်အညီ စောင့်ထိန်းသူကို လွတ်စေတတ်သောအနက်ကြောင့် ပါတိမောက်မည်၏။ (မိမိကို စောင့်ထိန်းသောသူကို အပါယ်ဒုက္ခစသည်မှ လွတ်အောင်၊ ရှုပ်ရှဲခြင်းဘေးစသည်မှ လွတ်အောင် ပြုနိုင်သော သီလဟူလို။ စောင့်ထိန်းသူသည် ပါတိမည်၏)။

**ဂန္ထသည်** အဘယ်အနက်ကြောင့် ပါတိမောက်မည်သနည်း။ ။ပါတိ-မောက္ခံ+ဇောတေတီတိ ပါတိမောက္ခံ-ဟူသော ဝစနတ္ထနှင့်အညီ သီလပါတိမောက်ကို ထွန်းပြတတ်သောအနက်ကြောင့် ပါတိမောက်မည်၏။ (ဤကျမ်းစာသည် သီလအနက်အဓိပ္ပာယ်ကို ထင်စွာပြသည်၊ ဆိုသည်ဟူလို။)

ရှေးဦးအစ ပြခဲ့သော ပ အတိမောက္ခံ-ဟူသော ဝစနတ္ထသည် အဘယ်ပါတိမောက်နှင့် ဆက်ဆံသနည်း။ ။သီလ၊ ဂန္ထပါတိမောက်နှစ်ပါးလုံးနှင့် ဆက်ဆံ၏။

ပါတိမောက်ဝိဘင်းအရသာဟူသည် အဘယ် ပါတိမောက်ဝိဘင်း၏ အရသာနည်း။ ။သီလ၊ ဂန္ထနှစ်ပါးလုံး၏ အရသာဖြစ်၏။ ဂန္ထ၏ အရသာကို ဖော်ပြခြင်းဖြင့် ဂန္ထ၏အနက်ဖြစ်သော သီလအရသာသည်။ဝါ၊ကျင့်သူ၏ နှလုံးအိမ်၌တည်သော သီလအရသာသည် ပေါ်လွင်မည်ဖြစ်သောကြောင့်တည်း။

ဂန္ထပါတိမောက်သည် အဘယ်မျှ ပြားသနည်း။ ။ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်ဟူ၍ နှစ်ပါးပြား၏။

အဘယ်သည် ဘိက္ခုပါတိမောက် မည်သနည်း။ ။သုဏာတု မေ ဘန္တေ သံဃော-အစရှိသော ဥဒ္ဒေသငါးပါးအပြားဖြင့်၊ ဝါ- ပါတိမောက်ပြခြင်း ငါးမျိုးဖြင့် မှတ်အပ်သော ပါတိမောက်သည် ဘိက္ခုပါတိမောက် မည်၏။

အဘယ်သည် ဘိက္ခုနီပါတိမောက် မည်သနည်း။ ။သုဏာတု မေ အယျေ သံဃော-အစရှိသော ဥဒ္ဒေသလေးပါးဖြင့် မှတ်အပ်သော ပါတိမောက်သည် ဘိက္ခုနီပါတိမောက် မည်၏။

## ပါတိမောက်ပြခြင်း ကိုးပါး

ဘိက္ခုပါတိမောက်၌ ဥဒ္ဒေသငါးပါးဟူသည် အဘယ်နည်း။ ။နိဒါနုဒ္ဒေသ၊ ပါရာဇိကုဒ္ဒေသ၊ သံဃာဒိသေသုဒ္ဒေသ၊ အနိယတုဒ္ဒေသ၊ ဝိတ္ထာရုဒ္ဒေသ ဟူ၍ ငါးပါးဖြစ်၏။

နိဒါနုဒ္ဒေသ ဟူသည် အဘယ်နည်း။ ။သုဏာတုမေ ဘန္တေ သံဃော (လ)အာဝိကာတဗ္ဗာ ဖာသု ဟောတိ။ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။

တတ္ထာယသ္မန္တေ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ(လ) ဝေမေတံ ဓာရယာမိ။ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ။ သုတာ တေရသ သံဃာဒိသေသာ ဓမ္မာ၊ (လ) အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။ နိဒါနုဒ္ဒေသော ပဌမော။ ဤသို့ ပါတိမောက်ပြခြင်းသည် နိဒါနုဒ္ဒေသမည်၏။ (နိဒါနုဒ္ဒေသော ပဌမော-ကို အကြား၌ မဆိုမူ၍ အပြီး အဆုံးရောက်မှ ဆိုအပ်၏။)

ပါရာဇိကုဒ္ဒေသ စသည်ကား အဘယ်နည်း။ ။သုဏာတု မေ- စသော နိဒါန်းမှစ၍ ပါရာဇိကအဆုံး၌။ ဝါ၊ သံဃာဒိသေသအဆုံး၌။ ဝါ၊ အနိယတအဆုံး၌ အကြွင်းကို သုတ-သဒ္ဒါဖြင့် ရွတ်ဆို၍ပြခြင်း (သုံးမျိုး) သည် ပါရာဇိကုဒ္ဒေသစသည် မည်၏။

သုတသဒ္ဒါဖြင့် ရွတ်ဆိုပုံကား—ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ တေရသ သံဃာဒိသေသာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ဒွေ အနိယတာ ဓမ္မာ။ သုတာ ခေါ ပနာယသ္မန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။ သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။ သုတာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ သုတာ သေခိယာ ဓမ္မာ။ သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ။ ဧတ္တကံ တဿ ဘဂဝတော(လ)သိက္ခိတဗ္ဗန္တိ။ အနိယတုဒ္ဒေသော စတုတ္ထော။ (ခေါ၊ ခေါပန-နိပါတ်တို့ကို အစဝါကျ၌ယူ၍ နောက်နောက်ဝါကျတို့၌ မယူအပ်။ နိဒါနုဒ္ဒေသော ပဌမော၊ ပါရာဇိကုဒ္ဒေသော ဒုတိယော-စသည်ကိုလည်း အကြားအကြား၌ မဆိုမူ၍ အပြီးအဆုံးရောက်မှ ဆိုင်ရာတခုခုကို ဆိုအပ်၏။)

ဝိတ္ထာရုဒ္ဒေသ ဟူသည် အဘယ်နည်း။ ။အကျယ်ရှိတိုင်း အကျယ်ပြခြင်းသည်သာလျှင် ဝိတ္ထာရုဒ္ဒေသ မည်၏။ (နိဒါနုဒ္ဒေသော ပဌမော- စသည်ကို အကြား၌ မဆိုမူ၍ အပြီးအဆုံးရောက်မှ ဝိတ္ထာရုဒ္ဒေသော ပဉ္စမော-ဟူ၍သာ တခုတည်း ဆိုအပ်၏။)

ပါတိမောက်ပြစဉ် အန္တရာယ်ရောက်အံ့၊ အပြီးသို့ မရောက်သော ဥဒ္ဒေသကို အဘယ်သို့ ရွတ်ဆိုအပ်သနည်း။ ဥဒ္ဒိဋ္ဌလော၊ သုတလော။ ။အဝသေသံ သုတေန သာဝေတဗ္ဗံ-ဟု ဟောသည်။ ပြ၍မပြီးသေးသော ဥဒ္ဒေသလည်း ကြွင်းသော ဥဒ္ဒေသသာ မည်သည်။ ထို့ကြောင့် သုတသဒ္ဒါဖြင့် ရွတ်ဆိုအပ်၏။

နိဒါနုဒ္ဒေသမပြီးမီ အန္တရာယ်ရောက်အံ့၊ ပြပြီးမရှိ၍ အားလုံး သုတသဒ္ဒါဖြင့် ရွတ်ဆိုရမည်လော။ ။နိဒါနုဒ္ဒေသမပြီးမီကား သုတသဒ္ဒါဖြင့် ရွတ်ဆိုဖွယ်မည်သည် မရှိ။ အန္တရာယ်ကြောင့် ထပြန်ရမည်သာတည်း။

ဘိက္ခုနီပါတိမောက်၌ ဥဒ္ဒေသလေးပါးဟူသည် အဘယ်နည်း။ ။အနိယတုဒ္ဒေသလျော့၍ ကြွင်းလေးပါးပင် ဖြစ်၏။

ဤသို့လျှင် ဥဒ္ဒေသငါးပါး၊ လေးပါးတို့ဖြင့် မှတ်အပ်သော ပါတိမောက်နှစ်ပါးတို့တွင် ဘိက္ခုပါတိမောက်ကို ရှေးဦးစွာ ဝိဘင်းအရသာပေါ်အောင် ပြပေလတ္တံ့။

## အန္တရာယ်ဆယ်ပါး

ပါတိမောက်ပြစဉ် အန္တရာယ်ဟူသည်ကား—မင်း၊ ခိုးသူ၊ မီး၊ ရေ၊ လူ(၅)။ ဘီလူး၊ သားရဲ၊ မြွေ၊ အသက်၊ သာသနာ(၅) ဟူ၍ ဆယ်ပါးဖြစ်၏။

ဥပုသ်ပြုရန် ရဟန်းများစည်းဝေးသောအခါ မင်းလာသည်ဖြစ်အံ့၊ ရာဇန္တရာယ် မည်၏။ ခိုးသူလာအံ့၊ စောရန္တရာယ်။ တောမီးလောင်အံ့၊ ကျောင်း၌မီးလောင်အံ့၊ အဂ္ဂန္တရာယ်။ မိုးကြီးတက်လာအံ့၊ ရေအယဉ်စီးလာအံ့၊ ဥဒကန္တရာယ်။ လူများစွာလာအံ့၊ မနုဿန္တရာယ်(၅)။ ရဟန်းကို ဘီလူးဖမ်းအံ့၊ အမနုဿန္တရာယ်။ ကျားစသော သားရဲတို့လာအံ့၊ ဝါဠန္တရာယ်။ ရဟန်းကို မြွေစသည်ခဲအံ့၊ သရီသပန္တရာယ်။ ရဟန်းဂိလာနဖြစ်အံ့၊ ပျံလွန်အံ့၊ သပ်မည်ဟု ရန်သူဖမ်းအံ့၊ ဇီဝိတန္တရာယ်။ ရဟန်းကို သာသနာမှ ရွေ့လျောစေလို၍ လူတို့ဖမ်းအံ့၊ ဗြဟ္မစရိယန္တရာယ် မည်၏(၅)။

ဤဆယ်ပါးတွင် တပါးပါးရှိလျှင် ပါတိမောက်အစ တဥဒ္ဒေသမျှဖြစ်စေ၊ နှစ်၊ သုံး၊ လေး ဥဒ္ဒေသမျှဖြစ်စေ ပြအပ်၏။ ဒုတိယ ဥဒ္ဒေသစသည်ကို ပြစဉ် အန္တရာယ်ရောက်အံ့၊ ပြဆဲဥဒ္ဒေသနှင့် အကြွင်းကို သုတသဒ္ဒါဖြင့် သိမ်းအပ်၏။ ဝင်ရှင့်ကာ၌—ဝစ္ဆာဝုသော သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါတိ ဝနေတော အသတိပိ အန္တရာယေ ထာမံ ပမာဏန္တိ သိဒ္ဓံ ဟောတိ—ဟု ဆို၏။ အန္တရာယ်မရှိ

သော်လည်း ပါတိမောက်ပြသော ရဟန်း၏အားစွမ်းသာ **ပမာဏဟု** ထင်ရှား၏ ဟူလို။

မီး၊ ရေ၊ လူမျိုး(၃)။ မင်း၊ သူခိုး(၂)။ သားဆိုး၊ ဘီလူးကြမ်း
(၂)။ မြွေ၊ ကျင့်၊ သက်ဆွယ်(၃)။ အန္တရာယ်-ဘဆယ် ဤသို့မှန်း။

မှတ်ချက်။ ။လက်ာတို့၌ အပိုဒ်ငယ်အတိုင်း အသေးပြုကာ စဉ်းငယ်ဖြတ်၊ ဂဏန်းဖြင့် ပြ၍ဖော်လျက် ရေတွက်နိုင်ရမည်။ အပိုဒ်နှင့် ဂဏန်းအလေးပြုရမည်။

---

## ၁။ ပုဗ္ဗကရဏလေးပါး

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ၊
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

သမ္မဇ္ဇနီ စ၊ တံမြက်လှည်းခြင်းရင်း။ **ပဒီပေါ** စ၊ ဆီမီးညှိထွန်းခြင်းရင်း။ အာသနေန၊ နေရာခင်းခြင်းနှင့်တကွ။ ဥဒကဉ္စ၊ သောက်ရေသုံးရေ တည်ထားခြင်းရင်း။ ဣတိ၊ ဤသို့။ ဧတာနိ၊ ဤလေးပါးတို့ကို။ ဥပေါသထဿ၊ ဥပုသ်ကံ၏။ ပုဗ္ဗကရဏန္တိ၊ (သံဃာပစည်းဝေးမိ ရှေးအဖို့၌ ပြုအပ်သောကြောင့်) ပုဗ္ဗကရဏမည်၏ဟူ၍။ ဝုစ္စတိ-ဝုစ္စန္တေ၊ မိန့်ဆိုအပ်ကုန်၏။

**အဓိပ္ပာယ်။** ။ဥပုသ်နေ့၌ ဥပုသ်အိမ်သို့သွား၍ တံမြက်လှည်းရသည်၊ မီးထွန်းရသည်၊ နေရာခင်းရသည်၊ သောက်ရေသုံးရေတည်ရသည်။ ဤလေးပါးသည် ဥပုသ်ကံ၏ ပုဗ္ဗကရဏမည်၏။ ဥပုသ်ပြုရန် သံဃာမရောက်လာမီ ပြုနှင့်ရသည်။

ဥပုသ်အိမ် အမှိုက်ရှုပ်ခြင်းကြောင့်ရင်း၊ နေရာမခင်းသဖြင့် မြေ၌ထိုင်ရ၍ မြေမှုန့်လိမ်းကပ်ခြင်းကြောင့်ရင်း၊ မီးမရှိသဖြင့် အမိုက်မှောင်၌ နင်းမိကြခြင်းကြောင့်ရင်း၊ သောက်ရေသုံးရေမထားခြင်းကြောင့်ရင်း၊ အာဂန္တုရဟန်းများ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် တံမြက်လှည်းခြင်းစသော လေးပါးပြုရန် မထေရ်ကြီး

သည် သီတင်းငယ်ကို စေခိုင်းရန် ခွင့်ပြုတော်မူသည်။ မထေရ်ကြီးစေခိုင်းလျှင် ကျန်းမာလျက် မပြုအံ့၊ ဒုက္ကဋ်။ ထို့ကြောင့် သင့်လျော်သူကိုကြည့်၍ စေခိုင်းအပ်၏။ မမှောင်လျှင် မီးထွန်းဖွယ် မရှိ။ သုံးရေ၌ အာဂန္တုများအတွက် ခြေဆေးရေကို ပခာနပြုကြသည်။

## ၂။ ပုဗ္ဗကိစ္စငါးပါး

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနဥ္စ၊ ဆန္ဒကိုလျှောက်ကြားခြင်း ပါရိသုဒ္ဓိကိုလျှောက်ကြားခြင်း ဥတုပက္ခတို့ကိုလျှောက်ကြားခြင်းငှင်း။ ဘိက္ခုဂဏနာ စ၊ ရဟန်းအပေါင်းကိုရေတွက်၍ လျှောက်ကြားခြင်းငှင်း။ ဩဝါဒေါ စ၊ ဘိက္ခုနီမတို့ တောင်းပန်သော ဩဝါဒကို လျှောက်ကြားခြင်းငှင်း။ ဣတိ၊ ဤသို့။ ဧတာနိ၊ ဤငါးပါးတို့ကို။ ဥပေါသထဿ၊ ဥပုသ်ကံ၏။ ပုဗ္ဗကိစ္စန္တိ၊ (သံဃာစည်းဝေးပြီးနောက် ပါတိမောက်မပြမီ ပါရိသုဒ္ဓိမကြားမီ အမိန့်ခံမပြုမီ ရှေးအဖို့၌ ပြုအပ်သောကြောင့်) ပုဗ္ဗကိစ္စမည်၏ဟူ၍။ ဝုစ္စတိ-ဝုစ္စန္တေ၊ မိန့်ဆိုအပ်ကုန်၏။

အဓိပ္ပာယ်။ ။၁-ဥပုသ်ပြုပြီးသူ၊ နာသူ၊ ကိစ္စရှိသူ သုံးယောက်သည် စည်းဝေးရာသို့ မရောက်နိုင်အံ့။ သံဃာက ဝဂ်မဖြစ်စိမ့်သောငှာ ဆန္ဒကို ပေးရသည်။ ထိုဆန္ဒကို ဆောင်လာသော ရဟန်းသည် ပါတိမောက်မပြမီ သံဃာကို လျှောက်ရသည်။ ဤသို့ ဆန္ဒလျှောက်ခြင်းသည် ဆန္ဒအက္ခာန မည်၏။ ဤကျိုးကား ဆန္ဒမျှပေးလျှင် သံဃာသည် ဥပုသ်ကံပြုနိုင်သည်။ တပါးသော ကံကိုလည်း ပြုနိုင်သည်။ မိမိဥပုသ်ကိစ္စကား မပြီး။ ၂-နာသူ၊ ကိစ္စရှိသူ နှစ်ယောက်သည် ပါရိသုဒ္ဓိ ပေးရသည်။ ထို့အတူ လျှောက်ရသည်။ ဤကား ပါရိသုဒ္ဓိအက္ခာန မည်၏။ ပါရိသုဒ္ဓိမျှပေးလျှင် မိမိဥပုသ်ကိစ္စ ပြီးသည်။ သံဃာ ဥပုသ်ကံလည်း ပြုနိုင်သည်။ တပါးသော သံဃာကံကို မပြုနိုင်။ ဆန္ဒ၊ ပါရိသုဒ္ဓိ နှစ်ပါးလုံးပေးလျှင် ကိစ္စအားလုံး ပြီးနိုင်၏။ ၃-ဆောင်း၊ နွေ၊ မိုး၊ ဥတု သုံးပါးလုံး ရှစ်ပက္ခစီ ရှိသည်တွင် ဤမည်သော ဥတုဖြစ်သည်။ ပက္ခဤမျှ လွန်ပြီ၊ ဤမျှကြွင်းသေးသည်ဟု လျှောက်ရသည်။ ဤကား ဥတုအက္ခာန

မည်၏။ ၄-ဥပုသ်ပြုရာ၌ စည်းဝေးသော ရဟန်းတို့ကိုလည်း ရေတွက်၍ လျှောက်ရသည်။ ဤကား ဘိက္ခုဂဏနာ မည်၏။ ၅-ဘိက္ခုနီမတို့တောင်းပန်သော ဩဝါဒကိုလည်း လျှောက်ရသည်။ ဤကား ဩဝါဒမည်၏။

ဤငါးပါးသည် ပုဗ္ဗကိစ္စမည်၏။ သံဃာစည်းဝေးပြီးနောက် ပါတိမောက် မပြမီ ပြုရသည်။ နှစ်ပါး၊ သုံးပါးပြုရာ၌ ပါရိသုဒ္ဓိ မကြားမီ ပြုရသည်။ တပါးတည်း အဓိဋ္ဌာန်ပြုရာ၌ကား ကြားဖွယ်မရှိ။ ဒေသနာသောတာတိတ စွမ်းဖြင့် ဆိုသည်။ ဝါ၊ ဒေသနာ အဟုန်စွမ်းဖြင့် ဆိုသည်။

အခါတပါး ဘုရားရှင်သည် ချစ်သားတို့၊ စည်းဝေးကြလော့၊ သံဃာသည် ဥပုသ်ကံ ပြုလတ္တံ့ဟု မိန့်တော်မူ၏။ ဂိလာနရဟန်း ရှိပါသည်၊ မလာနိုင်ပါဟု လျှောက်လတ်သော် ချစ်သားတို့၊ ဂိလာနသည် ပါရိသုဒ္ဓိပေးခြင်းငှာ ခွင့်ပြုသည်ဟု မိန့်တော်သည်။ ။ထိုအတူ သံဃာသည် သံဃကံ ပြုလတ္တံ့၊ စည်းဝေးကြလော့။ ဂိလာနရဟန်း မလာနိုင်ပါ။ ချစ်သားတို့၊ ဂိလာနသည် ဆန္ဒပေးခြင်းငှာ ခွင့်ပြုသည်ဟု မိန့်တော်မူသည်။

လူတို့သည် ဆွမ်းခံကြွလာသော ရဟန်းတို့ကို (ကတမီ ဘန္တေ ပက္ခဿ) ဟု နေ့ရက်မေးကုန်၏။ မသိဟု ဆိုလတ်သော် နေ့ရက်မျှမသိလျှင် အဘယ်ကောင်းမှု သိကုန်အံ့နည်းဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ရဟန်းအားလုံးသည် ပက္ခအရေအတွက် မှတ်သားခြင်းငှာ ခွင့်ပြု၏။

ထိုအတူ (ကိတ္တကာ ဘန္တေ ဘိက္ခူ) ဟု ရဟန်းအရေအတွက် မေးကုန်၏။ မသိဟုဆိုလတ်သော် မိမိတို့အချင်းချင်းမျှ မသိလျှင် အဘယ်ကောင်းမှု သိကုန်အံ့နည်းဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဥပုသ်နေ့၌ ရဟန်းရေတွက်ခြင်းငှာ ခွင့်ပြု၏။

မိထွေးတော် ဂေါတမီတို့အား ရဟန်းပြုလိုလျှင် ဂရုဓမ်ရှစ်ပါး ဝန်ခံရမည်ဟုပညတ်ရာ၌ ဥပုသ်နေ့ မေးခြင်းငှာ၎င်း၊ ဩဝါဒသို့ ကပ်ခြင်းငှာ ရပါအံ့လောဟု တောင်းပန်ခြင်း၎င်း၊ ဤနှစ်ပါးအတွက် ရဟန်းတို့ထံ လခွဲတိုင်း ချဉ်းကပ်ရမည်ဟု ပညတ်သည်။

သံဃာမစည်းဝေးမီ ပြုရသော လေးပါးသည် ပုဗ္ဗကရဏ၊ ပါတိမောက် မပြမီ ပြုရသော ငါးပါးသည် ပုဗ္ဗကိစ္စ-ဟု အဋ္ဌကထာဆရာတို့ ခွဲခြားသည်။

ပါဠိတော်၌ ကိုးပါးလုံးကို ပုဗ္ဗကိစ္စဟု ဟောသည်။ အဋ္ဌကထာဆရာတို့သည် ဘုရားရှင်၏ အလိုကို သိကုန်၏။

## ၃။ ပတ္တကလ္လ အင်္ဂါလေးပါး

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိ။ ။

ဥပေါသထော စ၊ ဥပုသ်နေ့ဖြစ်ခြင်း ၎င်း။ ယာဝတိယာ စ ဘိက္ခူ ကမ္မပတ္တာ၊ ဥပုသ်ကံအားလျော်စွာ ရဟန်းအနည်းဆုံး လေးပါးရှိခြင်း၎င်း။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊ ဝတ္ထုသဘောတူ အာပတ်မရှိခြင်း ၎င်း။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ထိုသံဃာ့ဟတ္ထပါသ်အတွင်း ဝဇ္ဇနီယ ပုဂ္ဂိုလ်မရှိခြင်း၎င်း။ ဣတိ၊ ဤသို့ အင်္ဂါလေးတန် ရှိသောကံကို။ ပတ္တကလ္လန္တိ၊ (လျောက်ပတ်သောအခါ ရှိသောကြောင့်) ပတ္တကလ္လ ဥပုသ်ကံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အစိပ္ပာယ်။** ။၁-သင့်လျော်သောအခါ လေးပါးကြုံမှ ဥပုသ်ကံပြုရသည်။ ၁၄-ရက်နေ့၊ ၁၅-ရက်နေ့၊ သာမဂ္ဂီနေ့တို့တွင် တနေ့နေ့သည် ဥပေါသထအခါမည်၏။ ၂-အနည်းဆုံး လေးပါး ဟတ္ထပါသ်မစွန့်ပဲ တသိမ်တည်း နေခြင်းသည် ကမ္မပတ္တအခါမည်၏။ ၃-သဘောတူသောဝတ္ထု လွန်ကျူးမှု ကြောင့် သင့်သောအာပတ် မရှိခြင်းသည် အသဘာဂါပတ္တိ အခါမည်၏။ ၄-လူ၊ ဘိက္ခုနီစသော ဝဇ္ဇနီယနှင့်ကျိုးပ်တယောက် သံဃာ့ဟတ္ထပါသ်အတွင်း မရှိ ခြင်းသည် အဝဇ္ဇနီယအခါမည်၏။ ဤသို့ သင့်လျော်သော အခါလေးပါး ရှိသော ဥပုသ်ကံသည် ပတ္တကလ္လ ဥပုသ်ကံ မည်၏။ ။ဝိနည်းကံ ဟူသမျှ ပတ္တကလ္လဖြစ်မှ ပြုရသည်။ အင်္ဂါကား အချို့လေးပါး၊ အချို့ငါးပါး စသည်ဖြင့် ကံအားလျော်စွာ အမျိုးမျိုး ဖြစ်ကုန်၏။

## ၄။ အာရာဓနာကာရ

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ၊ ပုဗ္ဗကရဏလေးပါး ပုဗ္ဗကိစ္စငါးပါးတို့ကို။ သမာဒပေတွာ၊ ကောင်းစွာ ပြီးစေပြီး၍။ ဒေသိတာပတ္တိကဿ၊ ကြားအပ်သော အာပတ်ရှိသော။ ဝါ၊ အာပတ် ဒေသနာကြားပြီး ဖြစ်၍ ပတ္တကလ္လ ဥပုသ်ကံ ရှိသော။ သမဂ္ဂဿ၊ စိတ်တူကိုယ်မျှ ဖြစ်သော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ အနုမတိယာ၊ အလိုဆန္ဒအား လျော်သောအားဖြင့်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသိတုံ၊ ပြခြင်းငှာ။ အာရာဓနံ၊ အားထုတ်ခြင်းကို။ ဝါ၊ နှစ်သက်ခြင်းကို။ မယံ၊ ငါတို့သည်။ ကရောမ၊ ပြုကုန်အံ့။

အဓိပ္ပာယ်။ ။“မချွတ်ပြုထိုက်လျှင် ကရဏ၊ မပြုသော်လည်း သင့်တော်လျှင် ကိစ္စ”ဟူသော သုတ္တန်အဋ္ဌကထာနည်းဖြင့် တံမြက်လှည်းခြင်း စသော လေးပါးသည် မချွတ်ပြုထိုက်သောကြောင့် ပုဗ္ဗကရဏမည်၏။ ဆန္ဒ လျှောက်ကြားခြင်းစသော ငါးပါးသည် မလျှောက်ကြားသော်လည်း သင့်တော်၏။ ဥပုသ်ကံပြုနိုင်၏။ ထို့ကြောင့် ပုဗ္ဗကိစ္စမည်၏။ ဆန္ဒထိုက်သူ၏ ဆန္ဒကိုကား ဆောင်ရသည်သာတည်း။ (သင့်အောင် ယူနိုင်ရမည်။) ပါဠိတော်၌ “ပုဗ္ဗကိစ္စကိုးပါး”ဟု အမည်ပေးသည်။

ပြုခြင်း၊ ပြုခိုင်းခြင်းဖြင့် ကောင်းစွာ ပြီးစေသမျှသည် သမာဒပေတွာ မည်၏။ သံ+အာ+အပ+ဏေ+တွာ=ကောင်းစွာ+ကြွင်းမဲ့+ပြီး+စေ+၍-ဒအက္ခရာ မလာလျှင် သမာပေတွာ။ လာလျှင် သမာဒပေတွာ။ ဒေသနာဂါမိဝုဋ္ဌာနဂါမိ ဖြင့်ကြား၍ ထင်စွာပြု၍ စင်ကြယ်သော သံဃာသည် ဒေသိတာပတ္တိကမည်၏။ သမာနသံဝါသကရဟန်းသည် သမဂ္ဂ မည်၏။ ဥက္ခိတ္တကကံပြုခံရသော ကမ္မနာနာသံဝါသကရဟန်း၊ ဥက္ခိတ္တာနုဝတ္တကဖြစ်သော လဒ္ဓိနာနာသံဝါသက ရဟန်းနှစ်မျိုးကား သမဂ္ဂ မမည်။ စတုဝဂ်၊ ပဉ္စဝဂ်စသော သံဃာအားလုံး သည် ဘိက္ခုသံဃ မည်၏။ အလိုဆန္ဒသည် မတိ မည်၏။ ပညာကို မယူရ။ အနု-သည် အနုရူပနက်ဟောသော ဥပသာရပုဒ်။ အာဏာထား၍ ပညတ်အပ်

သော ပါတိမောက်သိက္ခာပုဒ်သည် ပါတိမောက္ခ မည်၏။ ပြောခြင်း၊ ဟော ခြင်း၊ သိစေခြင်း၊ ပေါ်လွင်အောင် ပြုခြင်း၊ ထင်စွာပြုခြင်းသည် ဥဒ္ဒိသိတုံ မည်၏။ အာဏာပါတိမောက်ကို ပြုခြင်းငှာ အားထုတ်ခြင်းကို သူလည်းပြု၊ သင်လည်းပြု၊ ငါလည်းပြု။ ဤကြောင့် ငါတို့ ပြုကုန်အံ့ဟု ပေါင်း၍ ဝန်ခံခြင်း သည် အာရာဓနံ ကရောမ မည်၏။ ဤသို့ အာရာဓနာကာရ ပြုသောအခါ ရဟန်းသံဃာအားလုံးသည် သာဓု—သာဓုဟု ဝန်ခံကြသည်။ ဤသို့ ဝန်ခံပြီးမှ သုဏာတု မေ–စသည်ဖြင့် အာဏာပါတိမောက်ကို ပြသည်။

ပုဗ္ဗကရဏဂါထာ၊ ပုဗ္ဗကိစ္စဂါထာ၊ ပတ္တကလ္လဂါထာ၊ ဤသုံးဂါထာတို့ သည် အဋ္ဌကထာဆရာတို့ ချုံး၍မိန့်ဆိုအပ်သော ဂါထာတို့ဖြစ်ကုန်၏။ အာရာ ဓနာကာရ စကားစဉ်ကား ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌မလာ။ မူလ သိက္ခာကျမ်း၌သာ လာသည်။ ဆရာမြတ်တို့၏ အတ္တနောမတိ ဖြစ်ရာ၏။

## နိဒါနဒွေသ ခွင့်ပြုတော်မူခြင်း

ရာဇဂြိုဟ်ပြည်၌ တိတ္ထိပရိဗိုဇ်တို့သည် ၁၄-ရက်၊ ၁၅-ရက်၊ ၈–ရက်တို့၌ စည်းဝေး၍ တရားဟောကုန်၏။ ထိုသူတို့ ပြုထိုက်၊ မပြုထိုက်တရားမျိုး ဟော ကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို လို့အတူ စည်းဝေးစေ၏။ တရားဟောစေ၏။ ထို့နောက် ငါဘုရားပညတ်သော သိက္ခာပုဒ်တို့ကို ပါတိမောက်ပြခြင်းငှာ ခွင့် ပြုရမူ ကောင်လေစွ၊ ရဟန်းတို့အား ဥပုသ်ကံဖြစ်လတံ့ဟု ကြံတော်မူ၍ တရား ဟောပြီးလျှင် ချစ်သားတို့၊ ပါတိမောက်ပြခြင်းငှာ ခွင့်ပြု၏။ ပါတိမောက်ပြ ပုံကား—ဗျတ္တပဋိဗလရဟန်းသည် သံဃာကို သိစေရပည်။ သုဏာတု မေ ဘန္တေ သံဃော(လ)အာဝိကတာ ဟိဿ ဖာသု ဟောတိ-ဤသို့ သိစေရာသည်ဟု နိဒါန်း ပါဠိကို မိန့်တော်မူသည်။ နိဒါန်းအစ်ပွာယ်ကိုလည်း ချဲ့ဟောတော်မူသည်။

ဤနိဒါန်း၌ ဥတ်ထားခြင်း၊ ပုဗ္ဗကိစ္စမေးခြင်း၊ သဝနဝိဓိ၊ ဝိသုဒ္ဓါရောစန ဝိဓိ၊ ပါနာရောစနအာပတ္တိဟု ပိဏ္ဍတ္ထငါးခု ခွဲအပ်၏ဟူ၍ ဋီကာဆိုသည်။ ငါးချိုးခွဲအံ့။

ဝိဘင်း-၂

## ၁။ ဥဒ္ဒေသ (ဥ္ဒတ်ထားခြင်း)

သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော)။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာသည်။ မေ၊ အကျွန်ုပ်၏။(ဝစနံ၊ စကားကို။) သုဏာတု၊ နာတော်မူလော့။ အဇ္ဇ၊ ယနေ့။ ဥပေါသထော၊ ဥပုသ်နေ့သည်။ ပန္နရသော၊ တဆယ့်ငါးရက် ပြည့်သောနေ့တည်း။ (စာတုဒ္ဒသော၊ တဆယ့်လေးရက်ပြည့်သောနေ့တည်း။) သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသော အင်္ဂါလေးတန် ဥပုသ်ကံသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်ခြားအံ့။ (ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။) သံဃော၊ သံဃာသည်။ ဥပေါသထံ၊ ဥပုသ်ကံကို။ ကရေယျ၊ ပြုရာ၏။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသေယျ၊ ပြရာ၏။ ဝါ၊ ရွတ်ဆိုရာ၏။

အဓိပ္ပာယ်။ ။ဤဥဒ္ဒေတ်၌ သုဏာတု-ဖြင့် နားထောင်ခြင်းငှာ တိုက်တွန်းသည်။ မေ-ဖြင့် ပါတိမောက်ပြမည်ဖြစ်သော မိမိကိုယ်ကို ညွှန်ပြသည်။ ဘန္တေ-ဖြင့် အရိုအသေပြု၍ ဆိုသည်။ သံဃော-ဖြင့် သိမ်တွင်းရှိ ရဟန်းအပေါင်းကို ဆိုသည်။ အဇ္ဇုပေါသထော-ဖြင့် ဥပုသ်မဟုတ်သောနေ့ကို ပယ်သည်။ ပန္နရသော-ဖြင့် (စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီဟု)နေ့စွမ်း ဥပုသ်သုံးခုတို့တွင် နှစ်ခုကိုပယ်သည်။ယဒိ သံဃဿ ပတ္တကလ္လံ-ဖြင့် အင်္ဂါလေးပါးချွတ်လျက် ဥပုသ်ပြုလျှင် အာပတ်မလွတ်ဟု ပြသည်။ သံဃော ဥပေါသထံ ကရေယျ-ဖြင့် (သံဃ၊ ဂဏ၊ ပုဂ္ဂလဟု) ပုဂ္ဂိုလ်စွမ်း ဥပုသ်သုံးခုတို့တွင် နှစ်ခုကို ပယ်သည်။ ပါတိမောက္ခံ ဥဒ္ဒိသေယျ-ဖြင့် (သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်ဟု) ပြုအပ်သော အခြင်းအရာစွမ်း ဥပုသ်သုံးခုတို့တွင် နှစ်ခုကို ပယ်သည်။ (ဥပုသ်ကိုးမျိုး ရေတွက်နိုင်ရမည်။)

အာဝုသော၊ ဘန္တေ။ ။ရာဇဂြိုဟ်၌ ပါတိမောက်ပြပုံ ခွင့်ပြုတော်မူစဉ် "ဗျတ္တ ပဋိဗလ ပါတိမောက်ပြ ရဟန်းသည် ဤစကားအားလုံးဖြင့် သံဃာကို သိစေရမည်"ဟု မိန့်တော်မူသောကြောင့် သံဃာ့မထေရ်

ကြီး ပါတိမောက်ပြလျှင် အာဝုသော၊ သီတင်းငယ်ပြလျှင် ဘန္တေ-ဟု ဆိုရသည်။ တနည်း—မထေရ်ကြီးသည် သံဃာကို အလေးပြု၍ ဘန္တေ၊ သီတင်းငယ်သည် မိမိအောက်ငယ်သူကိုငဲ့၍ အာဝုသော-ဟုဆိုလျှင်လည်း အပြစ်မရှိဟု မိန့်ဆိုကုန်၏။

**ပါတိမောက်ပြခြင်း အစိုးရသူ။** ။ထေရာဓေယျံ ပါတိမောက္ခံ-ဟုဟောသောကြောင့် သံဃာ့မထေရ်သည် ပါတိမောက်ကို အစိုးတရ ပြနိုင်၏။ အနုဇာနာမိ ဘိက္ခဝေ ယော တတ္ထ ဘိက္ခု ဗျတ္တော ပဋိဗလော၊ တဿာဓေယျံ ပါတိမောက္ခံ- ဟု ဟောသောကြောင့် ဗျတ္တ ပဋိဗလဖြစ်သော သီတင်းငယ်သည်လည်း အစိုးတရပြနိုင်၏။ သံဃာ့မထေရ်သည် အယုတ်ဆုံး နှစ်ဥဒ္ဒေသမျှ သန့်ရှင်းစွာ ရွတ်ဆိုနိုင်လျှင် မထေရ်ကြီးသာ အစိုးရ၏။ ထို့ကြောင့် မထေရ်ကြီးကိုယ်တိုင်သော်လည်း ပြအပ်၏။ သူတပါးကိုသော်လည်း စေခိုင်းအပ်၏။ နှစ်ဥဒ္ဒေသမျှ မရွတ်ဆိုနိုင်လျှင် ဗျတ္တ ပဋိဗလ ရဟန်း အစိုးရ၏။

**သံဃာအပြား။** ။အသူးမပြု ပုဂ္ဂိုလ်အစုသည် သံဃာမည်၏။ အထူးအားဖြင့်ကား အရိယာပုဂ္ဂိုလ်ရှစ်ယောက်အပေါင်းသည် ဒက္ခိဏေယျသံဃာ၊ ပုထုဇဉ်အရိယာ သောင်းပြောင်း ရဟန်းအပေါင်းသည် သမ္မုတိသံဃာ၊ ဤသို့နှစ်မျိုးပြား၏။ ထိုတွင် သမ္မုတိသံဃာကိုသာ ပါတိမောက်ပြရာ၌ သံဃာဟု အလိုရှိအပ်၏။ အရိယာဒက္ခိဏေယျဖြစ်ခြင်းမျှကို အလိုမရှိအပ်။ သမုတိသံဃာသည် ဝိနည်းကံစွမ်းဖြင့် စတုဝဂ္ဂသံဃာ၊ ပဉ္စဝဂ္ဂသံဃာ၊ ဒသဝဂ္ဂသံဃာ၊ ဝီသတိဝဂ္ဂသံဃာ၊ အတိရေကဝီသတိဝဂ္ဂသံဃာဟု ငါးမျိုးပြား၏။

ထိုတွင် ရဟန်းလေးပါးအပေါင်းသည် စတုဝဂ္ဂ သံဃာမည်၏။ ဥပသမ္ပဒ၊ ပဝါရဏာ၊ အဗ္ဘာန၊ ကံသုံးခုဖယ်၍ အလုံးစုံသော သံဃကံကို ပြုနိုင်၏။ ငါးပါးအပေါင်း ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမဒေသ၌ ဥပသမ္ပဒ၊ အဗ္ဘာနကံတခု ဖယ်၍ ကံအားလုံး ပြုနိုင်၏။နှစ်ဆယ်အပေါင်း ဝီသတိဝဂ္ဂသံဃာသည် ကံအားလုံးပြုနိုင်၏။ နှစ်ဆယ်ကျော် အတိရေကဝီသတိဝဂ္ဂသံဃာသည် ကံအားလုံး ပြုနိုင်၏။ ဤသံဃာနှစ်ခု မပြုနိုင်သောကံမရှိ။ အတိရေကဝီသတိဝဂ္ဂသံဃာကို မိန့်တော်မူခြင်းဖြင့် ပိုင်းခြားထားသော သံဃာမပြည့်လျှင် မည်သည့်ကံကို

မှု မပြုအပ်။ ပိုလွန်လျှင် ပြုအပ်၏ဟု ပြတော်မူသည်။ ဤပါတိမောက်ပြသော ဥပုသ်ကံ၌ စတုဝဂ္ဂကို အစပြု၍ သမ္မုတိသံဃာအားလုံးကို အလိုရှိအပ်၏။

**အဋ္ဌုပေါသထော။** ။ဥပုသ်သည် နေ့အစွမ်းဖြင့် စာတုဒ္ဒသိက၊ ပန္နရသိက၊ သာမဂ္ဂီဟူ၍ သုံးမျိုးပြား၏။ ဟေမန္တ၊ ဂိမှ၊ ဝဿာန ဥတုသုံးခု၏ တတိယပက္ခနှင့် သတ္တမပက္ခနှစ်ခုစီသည် စာတုဒ္ဒသိကဥပုသ်ခြောက်ပါးဖြစ်၏။ အကြွင်းသည် ပန္နရသိကဥပုသ်တဆယ့်ရှစ်ပါးဖြစ်၏။ ဤသို့လျှင် တနှစ်၌ ၂၄-ဥပုသ်ဖြစ်၏။ ဤကား ပကတိစာရိတ္တတည်း။ ဝိကတိစာရိတ္တကား "ချစ်သားတို့၊ တပက္ခတကြိမ် ၁၄-ရက်မြောက်၌ရင်း၊ ၁၅-ရက်မြောက်၌ရင်း၊ ပါတိမောက်ပြခြင်းငှါ ခွင့်ပြုတော်မူ၏" ဟူ၍ရင်း၊ အာဝါသိကတို့၏ အလိုသို့လိုက်အပ်၏ဟူ၍ရင်း ဟောတော်မူသောကြောင့် အကြောင်းထူးရှိလျှင် တပါးသော ၁၄-ရက် (အဖိတ်) နေ့၌လည်း စာတုဒ္ဒသိကဥပုသ်ပြုခြင်းငှါ အပ်သေး၏။

**ဥပုသ်ရက် မတူခြင်း။** ။အဋ္ဌကထာကြီး၌ အာဝါသိကတို့သည် အဋ္ဌုပေါသထော စာတုဒ္ဒသော-ဟု ဥတ်ထားကုန်အံ့။ အာဂန္တုကတို့သည် ပန္နရသော-ဟု အယူရှိကုန်အံ့၊ မတားမြစ်အပ်ကုန်။ အာဝါသိကတို့၏ အလိုသို့ လိုက်အပ်၏။ အယူမတူကြောင်းကိုကား အာဂန္တုကတို့သည် အတိတ်ဥပုသ်ကို စာတုဒ္ဒသီပြုခဲ့ကြသည်လည်း ဖြစ်ကုန်ရာ၏။ တိုင်းတပါးမှ လာကြသည်လည်း ဖြစ်ကုန်ရာ၏ဟု ဆို၏။ ရခိုင်ပြည်နှင့် မြန်မာပြည်လည်း ကျေးချင်းသိသိကွဲကတ်၏။ မြန်မာပြည်တွင်း၌လည်း အချို့ကွဲ၏။ အလိုလိုက်ရုံမျှဖြင့် ပြီးစေနိုင်၏။

**ပဝါရဏာနေ့။** ။ဥပုသ်နေ့ ၂၄-နေ့တို့တွင် သုံးနေ့သည် ပဝါရဏာနေ့လည်း ဖြစ်သေး၏။ ပုရိမဝါကျွတ် ရဟန်းတို့အား သီတင်းကျွတ်လပြည့်နေ့၊ ပဝါရဏာငင်လျှင် သီတင်းကျွတ်လကွယ် စာတုဒ္ဒသီနေ့၊ တန်ဆောင်မုန်းလပြည့်နေ့၊ ပစ္ဆိမဝါကျွတ်တို့အား တန်ဆောင်မုန်းလပြည့်နေ့သာ။ ဤသို့ သုံးနေ့ဖြစ်၏။ ဤကား ပကတိစာရိတ္တတည်း။ ဝိကတိစာရိတ္တကား အကြောင်းထူးရှိလျှင် သီတင်းကျွတ်လပြည့် အဖိတ်၊ တန်ဆောင်မုန်းလပြည့်အဖိတ် ၁၄-ရက်နေ့တို့၌လည်း စာတုဒ္ဒသီပဝါရဏာပြုခြင်းငှာ အပ်သေး၏။

**သာမဂ္ဂီနေ့။** ။ကောသမ္ဗကက္ခန္ဓက၌ လာသောနည်းဖြင့် သံဃာကွဲပြီးနောက် အမှုသည်ရဟန်းကို သံဃာ့ဘောင်သို့ သွင်းသောအခါ ထိုဝတ္ထု ငြိမ်းစေခြင်းငှာ သံဃာ၏ညီညွတ်ခြင်းကို ပြုအံ့၊ ထိုခဏ၌ ဥပုသ်ပြုရမည်။ ပါတိမောက်ပြရမည်ဟု ဟော၏။ ထို့ကြောင့် ၁၄-ရက်၊ ၁၅-ရက်မှ တပါးသော နေ့ဖြစ်သော်လည်း သာမဂ္ဂီဥပုသ်နေ့မည်၏။(၁၄-ရက်၊ ၁၅-ရက်လည်း သာမဂ္ဂီမည်၏။ မည်သော်လည်း သာမဂ္ဂီဟု မဆိုပဲ ပကတိနည်းအတိုင်း ပြအပ်၏)။ ဝါကျွတ်သော ရဟန်းတို့အားကား တန်ဆောင်မုန်းလပြည့်အတွင်း ညီညွတ်သောနေ့သာလျှင် သာမဂ္ဂီ ပဝါရဏာနေ့ မည်၏။

**နေ့သုံးမျိုး လေးမျိုး။** ။ပရိဝါကမ္မဝဂ်အဋ္ဌကထာ၌ ဥပုသ်နေ့သည် ပြမြဲတိုင်၊ စာတုဒ္ဒသီ၊ ပန္နရသီ၊ ကတ္တိကမာသမှတပါး ၁၁-လ၌ သာမဂ္ဂီဟု သုံးမျိုး။ ပဝါရဏာနေ့ကား ကတ္တိကမာသ၌ သာမဂ္ဂီနေ့၊ ပဝါရဏာ ငင်သောနေ့၊ ပုဏ္ဏမာသီ ၂-နေ့အားဖြင့် လေးမျိုးဟု ဆို၏။

ဤသို့ဥပုသ်နေ့ သုံးမျိုးကိုသိ၍ ဥပုသ်ပြုသောအခါ အဇ္ဇုပေါသထော ပန္နရသော-ဟူ၍၎င်း၊ စာတုဒ္ဒသော-ဟူ၍၎င်း၊ သာမဂ္ဂီ-ဟူ၍၎င်း ဉတ်ထား၍ ပြုအပ်၏။ တပါးသောနေ့၌ မပြုအပ်၊ ဥပုသ်မဟုတ်သောနေ့ကို အဇ္ဇုပေါသထော-ဖြင့်ပယ်သည်။(ပဝါရဏာ၌ အဇ္ဇ ပဝါရဏာပန္နရသီ၊ စာတုဒ္ဒသီ၊ သာမဂ္ဂီ ဟု ဆိုအပ်၏။)

**ယဒိ သံဃဿ ပတ္တကလ္လံ။** ။ပတ္တော ကာလော ဣမဿ ကမ္မဿာတိ ပတ္တကာလံ။ ပတ္တကာလမေဝ ပတ္တကလ္လံ-ဟူသော ဝစနတ္ထနှင့်အညီ လျောက်ပတ်သော အခါကာလရှိသောကံသည် ပတ္တကလ္လမည်၏။ ပတ္တကလ္လဖြစ်မှ ဥပုသ်ကံပြုရသည်။ တပါးသောကံပြုရာ၌ ပတ္တကလ္လအင်္ဂါသည် လေးပါးသော်၎င်း၊ ငါးပါးသော်၎င်း ဖြစ်ရာ၏။ ဤဥပုသ်ကံပြုရာ၌ကား အင်္ဂါလေးပါးရှိ၏။ ထို့ကြောင့် ဥပေါသထော ယာဝတိကာ စ ဘိက္ခူ (လ)ပတ္တကလ္လန္တိ ဝုစ္စတိ-ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုကုန်၏။

**ဥပေါသထော။** ။ပတ္တကလ္လအင်္ဂါလေးပါးတို့တွင် ဥပေါသထော-ဟူသည်ကား ဥပုသ်နေ့ သုံးနေ့တို့တွင် တနေ့နေ့ဖြစ်ခြင်းတည်း။

ဥပုသ်နေ့ဖြစ်မှ သံဃဥပုသ်ကံ ပတ္တကလ္လဖြစ်သည်။ တပါးသောနေ့၌ မဖြစ်။ ထို့ကြောင့် "ဥပုသ်နေ့မဟုတ်ပဲ ဥပုသ်ပြုလျှင် ဒုက္ကဋ်" ဟု ဟောသည်။

**ယာဝတိကာ စ ဘိက္ခူ။** ။ယာဝတိကာ စ ဘိက္ခူ–ဟူရာ၌ အယုတ်ဆုံး ပကတတ်ရဟန်းလေးပါးသည် ဥပုသ်ကံအား လျော်ကပတ်၏။ ထိုရဟန်းလေးပါး ဟတ္ထပါသ်မစွန့်မူ၍ တသိမ်တည်း၌ တည်ခြင်းသည် ကမ္မပတ္တမည်၏။ ထိုသို့တည်မှ သံဃဥပုသ်ကံ ပတ္တကလ္လဖြစ်သည်။ ထိုသို့ မတည်လျှင် ပတ္တကလ္လမဖြစ်။ ထို့ကြောင့် "ရဟန်းလေးပါးတို့အား ပါတိမောက် ပြခြင်းငှာ ခွင့်ပြု၏" ဟု မိန့်တော်မူသည်။

ဤ၌ ဥက္ခိတ္တကကံ အပြုခံရသော ရဟန်းနှင့် ပါရာဇိကသို့ ရောက်သော ရဟန်းသည် ပကတတ်မမည်။ ထိုနှစ်ပါးမှ လွတ်လျှင် ပကတတ်မည်၏။ (ပကတိ =ပင်ကိုယ်+အတ္တ=သဘောရှိသောကြောင့် ပကတတ္တမည်၏။) ပကတတ်ရဟန်း အချင်းချင်း တထွာထက် မလွန်သောခြားခြင်းသည် ဟတ္ထပါသ် မစွန့်သည်မည်၏။ နှစ်တောင့်ထွာသည် ဟတ္ထပါသ်မည်သောကြောင့် နှစ်တောင့်ထွာအတွင်း နှစ်ပါးစီ နေရသည်ဟူလို။ (သိမ်အကြောင်း နောက်ဆိုလတံ့။)

**သဘာဂါပတ္တိယော စ။** ။သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ–ဟူရာ၌ ရဟန်းအားလုံးသည် ဝိကာလဘောဇနစသော သဘောတူဝတ္ထုတခုကြောင့် လဟုကအာပတ်သို့ ရောက်ခဲ့အံ့။ ဤအာပတ်သည် သဘာဂအာပတ်မည်၏။ အချင်းချင်းထံ ဒေသနာမကြားကောင်းသော အာပတ်ဖြစ်၏။ အနတိရိတ္တဘောဇနကြောင့် ပါစိတ်သင့်သော ရဟန်းထံ၌ကား ဒေသနာကြားကောင်း၏။ ပါစိတ်ချင်းတူသော်လည်း ဝတ္ထုချင်းမတူသောကြောင့် သဘာဂအာပတ်မမည်။ ဝိသဘာဂမည်၏။

အကယ်၍ ဥပုသ်နေ့၌ ရဟန်းအားလုံး သဘာဂအာပတ်ရှိခဲ့အံ့။ ရဟန်းတပါးကို "အနီးကျောင်းသို့ ဒေသနာသွားကြားချေ" ဟု နေ့ချင်းပြန်စေအပ်၏။ ဤသို့မရလျှင် သုဏာတု မေ ဘန္တေ သံဃော–စသည်ဖြင့် စင်ကြယ်သော ရဟန်း တွေ့သောအခါ ကုစားရလတံ့ဟု ဉတ်ထား၍ ဥပုသ်ပြုအပ်၏။ ယုံမှား ရှိခဲ့အံ့။ ယုံမှားကင်းသောအခါ ကုစားရလတံ့ဟု ဉတ်ထား၍ ပြုအပ်၏။

အကယ်၍ ထိုသဘာဂအာပတ်ကို အချင်းချင်း ဒေသနာ ကြားမိအံ့၊ သုဒေသိတသာ ဖြစ်၏။ စင်ကြယ်၏။ သို့ရာတွင် ဒုက္ကဋ်တခု ထပ်သင့်ပြန်သည်။ ကြားသူလည်း ဒုက္ကဋ်၊ ခံသူလည်း ဒုက္ကဋ်။ ထိုဒုက္ကဋ်ကား ကြားခြင်းဝတ္တုနှင့် ခံခြင်းဝတ္ထု ကွဲသောကြောင့် နာနာဝတ္ထုက အာပတ်လည်း မည်၏။ အချင်းချင်းလည်း ကြားကောင်း၏။ ဒုတိယတကြိမ် ထပ်ကြားလတ်သော် ထိုရဟန်းနှစ်ပါး စင်ကြယ်၏။ ထိုနှစ်ပါးထံ ကြွင်းသော ရဟန်းတို့လည်း ကြားအပ်ကုန်၏။ "ငါအား အာပတ်ရှိခြင်းကို သင်သိပါလော့"ဟု ပြောမှုလည်း ပြောထားအပ်ကုန်၏။ ထိုသို့မပြုပဲ အာပတ်ရှိလျက် ဥပုသ်ပြုလျှင် ဒုက္ကဋ်။ သံဃာအားလုံး သဘာဂ အာပတ်ရှိလျက် ဥပုသ်ပြုလျှင် သံဃာကုန် ဒုက္ကဋ်။ ထို့ကြောင့် သဘာဂ အာပတ်ရှိလျှင် ဥပုသ်ကံ ပတ္တကလ္လ မဖြစ်။ ဝိသဘာဂ အာပတ်ရှိအံ့၊ ပတ္တကလ္လသာတည်း။

**ဝဇ္ဇနီယာ စ ပုဂ္ဂလာ။** ။ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ-ဟူရာ၌ န ဟတ္ထပါသံ ဝိဇဟိတွာ ဟုသော ပါဠိဖြင့် ...

ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ-ဟူရာ၌ န ဘိက္ခု
ဝေ သဂဟဋ္ဌာယ ပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ
စသည်ဖြင့် ကြဉ်အပ်သော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်ကို ဟော၏။ လူ၊ ဘိက္ခုနီမ၊ သိက္ခမာန်မ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခာချသောသူ၊ ပါရာဇိက အန္တိမဝတ္ထုသို့ ရောက်သောသူ(၇)။ အာပတ်ကိုမရှုခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရသော ရဟန်း၊ အာပတ်မကုစားခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရသော ရဟန်း၊ ယုတ်မာသော အယူမစွန့်ခြင်းကြောင့် ဥက္ခိတ္တကကံ အပြုခံရသော ရဟန်း (၃)။ ပဏ္ဍုက်၊ ထေယျသံဝါသက၊ တိတ္ထိယပက္ကန္တက၊ တိရစ္ဆာန်၊ အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဘိက္ခုနီမ ဖျက်ဆီးသူ၊ သံဃာသင်းခွဲသူ၊ ဘုရားသွေးစိမ်းတည်အောင် ပြုသူ၊ ဥဘတောဗျည်း (၁၁)။ ဤနှစ်ကျိပ်တယောက်ရှိလျှင် ပါတိမောက် မပြအပ်။ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပပို့၍ ကြဉ်ရသည်။ မကြဉ်လျှင် ဥပုသ်ကံ ပတ္တကလ္လ မဖြစ်။ ဥက္ခိတ္တက သုံးယောက် မကြဉ်ရာ၌ သံဃာအားလုံး ပါစိတ်။ ကြွင်း ၁၈-ယောက် မကြဉ်ရာ၌ ဒုက္ကဋ်။

လူ၊ နိ၊ သိက္ခ (၃)။ သာ-နှစ်ဝ (၂)။ သိက္ခံ၊ အန္တိမာ (၂)။
မစွန့်၊ မကု၊ ပြစ်မရှု-သုံးခု ဥက္ခိတ္တာ (၃)။
ပဏ်၊ ထေ၊ ပက်၊ စွာန် (၄)။ ပဉ္စာနန် (၅)။ဒူသံ၊ ဥဘောပ (၂)။
ဝဇ္ဇနီယ—ဧက်ဝီသ-ထုတ်ပြပါဠိမှာ။ (အစ်ဟုဖတ်၊ အက်မဖတ်နှင့်)
ဥက္ခိတ်သုံးရပ်-ပါစိတ်မှတ် (၃)။ ကြွင်းလတ် ဒုက္ကဋ္ဌာ (၁၈)။

ဤနှစ်ကျိပ်တယောက်တို့တွင် ရဟန်းပြု မပေးအပ်ဟု အပယ်ခံရသော ဂဋ္ဌုန်၊ နဂါး၊ နတ်၊ သိကြား စသည်တို့သည် တိရစ္ဆာန် မည်ကုန်၏။ ဤသူတို့သာ လူအသွင်ရှိ၍ ရဟန်းအဖြစ် အပယ်ခံကြရသည်။ ခွေး၊ ဝက်၊ ကျွဲ၊ နွား စသည်တို့ကား လူအသွင် မရှိကြ၊ ရဟန်းပြုပေးပါ ဟူ၍လည်း မတောင်းပန်ကြ။ ထို့ကြောင့် အပယ်ခံရသည် မဟုတ်သော်လည်း စကား၌ ထည့်ပြောစရာ တို့ပင် မဟုတ်ကုန်။ တိတ္ထိပရိဗိုဇ်တို့ကား လူအဖြစ်ဖြင့် ရေတွက်အပ်သော ဝဇ္ဇနီယတို့ ဖြစ်ကုန်၏။ ပဏ္ဍုက်အစ ဥဘတောဗျည်းအဆုံး ၁၁-ယောက် သည် သာသနာတော်နှင့် မထိုက်သောကြောင့် အဘဗ္ဗပုဂ္ဂိုလ်တကျိပ်တယောက် မည်၏။ ရဟန်းအဖြစ်၊ ရှင်အဖြစ် မရထိုက်။

ဤသို့လျှင် ဥပုသ်ကံ ပြုရာ၌ ဥပုသ်နေ့ ဖြစ်ခြင်း၊ ကမ္မပတ္တ ရဟန်းတို့ ဟတ္ထပါသ် မစွန့်ပဲတည်ခြင်း၊ သဘာဂ အာပတ်မရှိခြင်း၊ ဝဇ္ဇနီယ ကြဉ်ခြင်း အားဖြင့် ပတ္တကလ္လ အင်္ဂါလေးပါးရှိ၏။

**သံဃော ဥပေါသထံ။** ။သံဃော ဥပေါသထံ ကရေယျ-ဟူသော ပါဠ်ဖြင့် သံဃဥပုသ်ကို ပြတော်မူသည်။ ဥပုသ်သည် ကာရက အစွမ်းဖြင့် သံဃ၊ ဂဏ၊ ပုဂ္ဂလဟု သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် နှစ်မျိုး ပယ်၍ သံဃဥပုသ်ကိုသာ ပြတော်မူသည်။

**ပါတိမောက္ခံ။** ။ပါတိမောက္ခံ ဥဒ္ဒိသေယျ- ဟူသော ပါဠ်ဖြင့် သုတ္တုဒ္ဒေသ ဥပုသ်ကို ပြတော်မူ၏။ ဥပုသ်သည် ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရအစွမ်းဖြင့် သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်ဟု သုံးမျိုးရှိ၏။ ထိုတွင် နှစ်မျိုးပယ်၍ သုတ္တုဒ္ဒေသဥပုသ်ကိုသာ ပြတော်မူသည်။

**ပါတိမောက်ပြခြင်းနှစ်မျိုး။** ။သုတ္တုဒ္ဒေသမည်သည် ပါတိမောက် ပြခြင်းတည်း။ပါတိမောက်ပြခြင်းသည် ဩဝါဒပါတိမောက်ပြခြင်း၊ အာဏာပါတိမောက်ပြခြင်းဟု နှစ်မျိုးရှိ၏။ ထိုတွင် ခန္တီ ပရမံ တပေါ–စသော သုံးဂါထာသည် ဩဝါဒပါတိမောက်မည်၏။ ၎င်းကို ဘုရားရှင်တို့သာ ပြကုန်၏။ သာဝကတို့ မပြကုန်။ သုဏာတု မေ ဘန္တေ သံဃော စတင်၍ ပညတ်သော ပါတိမောက်သည် အာဏာပါတိမောက် မည်၏။ ၎င်းကို သာဝကတို့သာ ပြကုန်၏။ ဘုရားရှင်တို့ မပြကုန်။ ဤသုတ္တုဒ္ဒေသ အရာ၌ အာဏာပါတိမောက်သာလျှင် ဆိုလိုရင်း ပါတိမောက်ဖြစ်၏။

**ပါရိသုဒ္ဓိဥပုသ်။** ။သုတ္တုဒ္ဒေသမှတပါး ပါရိသုဒ္ဓိဥပုသ်ကား တပါးသော ရဟန်းတို့ထံ ပါရိသုဒ္ဓိကြားခြင်း၊ အချင်းချင်း ပါရိသုဒ္ဓိကြားခြင်း ဟု နှစ်မျိုးပြား၏။ တပါးသော ရဟန်းတို့ထံ ကြားခြင်းသည်လည်း ပဝါရဏာပြုသော ရဟန်းတို့ထံ ကြားခြင်း၊ ပဝါရဏာမပြုသော ရဟန်းတို့ထံ ကြားခြင်းဟု နှစ်မျိုးပြား၏။

ချဲ့ဦးအံ့–သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ဖြစ်အံ့၊ ပဝါရဏာပြုသော ရဟန်းတို့ထံ၌ ပစ္ဆိမဝါကပ်၊ ဝါမကပ်၊ ဝါပြတ် ရဟန်းတို့သည် ကာယသာမဂ္ဂီပေး၍ (ဝါ) ဟတ္ထပါသ် ချဉ်းကပ်၍ ပဝါရဏာအပြီးတွင် "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု သုံးကြိမ်ကြားအပ်၏။ တန်ဆောင်မုန်း လပြည့်နေ့ ဖြစ်အံ့။ ပဝါရဏာပြုသော ရဟန်းတို့ထံ ပုရိမဝါကပ်၊ ဝါမကပ်၊ ဝါပြတ် ရဟန်းတို့သည် ထိုအတူ သုံးကြိမ်ကြားအပ်၏။

ပဝါရဏာနေ့မှ တပါးသော ဥပုသ်နေ့ဖြစ်အံ့၊ အာဝါသိကတို့ ပါတိမောက်ပြပြီး၍ မထသေးမီဖြစ်စေ၊ အချို့ထသည်ဖြစ်စေ၊ အားလုံးထပြီးမှဖြစ်စေ ဥပုသ်ပြုခြင်းငှါ ရောက်လာသော ရဟန်းတို့ အရေအတွက်တူလျှင်၎င်း၊ နည်းလျှင်၎င်း ပါတိမောက်ပြပြီးသော ရဟန်းတို့ထံ၌ ပါရိသုဒ္ဓိ သုံးကြိမ်စီကြားအပ်၏။ ပါတိမောက်ပြစဉ် ရောက်လာကုန်အံ့၊ ပြဆဲ ပါတိမောက်ကို နာကြားအပ်၏။ ပါရိသုဒ္ဓိကြားဖွယ် မရှိ။ နောက်ရောက်ရဟန်းတို့ အရေအတွက်များလျှင်ကား ပါတိမောက် ပြန်၍ ပြအပ်၏။

အားလုံးထပြီးမှ-ဟူသည်၌ ဝိမတိဋ္ဌိကာ၌ ''ဗဟိသီမဂတာယ ပရိသာယ ဝေတသု ယဿ ကဿစိ သန္တိကေ အနမိဋ္ဌတေဟိ ပါရိသုဒ္ဓိံ အာရောစေတုံ ဝဋ္ဋတီတိ ဝဒန္တိ–ဟုဆို၏။ (ပရိသတ် သိမ်ပရောက်လျှင် ထိုတဦးဦးထံ အဓိဋ္ဌာန် ဥပုသ်ဆောက်တည်သေးသော ရဟန်းသည် ပါရိသုဒ္ဓိကြားအပ်၏ ဟု မိန့်ဆိုကုန်၏ ဟူလို)။

အချင်းချင်း ပါရိသုဒ္ဓိကြားခြင်းကား ဉတ်ထား၍ကြားခြင်း၊ ဉတ်မထားမူ၍ကြားခြင်းဟုနှစ်မျိုးပြား၏။ ကျောင်းတိုက်တခု၌ ရဟန်းသုံးပါးရှိအံ့၊ ဥပုသ်နေ့စည်းဝေးသောအခါ ရဟန်းတပါးသည်-

> သုဏန္တု မေ အာယသ္မန္တာ။ အဇ္ဇုပေါသထော ပန္နရသော(စာတုဒ္ဒသော)။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ—

ဟူ၍ ဤသို့ ဉတ်ထားအပ်၏။ ထို့နောက် သီတင်းကြီးသည် ပခုံးတဖက် စမ္ပာယ်တင်၊ ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီလျက် ''ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ''ဟု သုံးကြိမ်ကြားအပ်၏။ သီတင်းငယ်တို့လည်း ထို့အတူ ဘန္တေ-ဟုဆို၍ ကြားအပ်၏။ ရဟန်းနှစ်ပါးသာရှိအံ့၊ ဉတ်မထားမူ၍ ပါရိသုဒ္ဓိ ကြားအပ်၏။

**အဓိဋ္ဌာန်ဥပုသ်။** ။ရဟန်းတပါးတည်းသာ ရှိအံ့၊ ပုဗ္ဗကရဏ အားလုံးပြုပြီးလျှင် တပါးသောရဟန်းတို့ ရောက်လာကြကုန်လတံ့လော ဟု စောင့်အပ်၏။ ရောက်လာလျှင် ထိုရဟန်းတို့နှင့် ပြုအပ်၏။ မရောက်လာကုန်လတံ့ဟု သိရသောအခါ ''အဇ္ဇ မေ ဥပေါသထော ပန္နရသော(စာတုဒ္ဒသော) အဓိဋ္ဌာမိ''ဟု ဆိုအပ်၏။ ဤကား အဓိဋ္ဌာန် ဥပုသ်တည်း။ ဤသို့ ကာတဗ္ဗာကာရစွမ်းဖြင့် ဥပုသ်သုံးမျိုး သိအပ်၏။ ဤတွင် ဥပုသ်ကိုးမျိုးပြခြင်း စုံလင်ပြီ။

**ဥပုသ်နေ့ ဖဲသွားမှု။** ။နေ့အစွမ်းဖြင့် ပန္နရသိက၊ ကာရကစွမ်းဖြင့် သံဃ၊ ကာတဗ္ဗာကာရစွမ်းဖြင့် သုတ္တုဒ္ဒေသ၊ ဤလက္ခဏာ သုံးပါးရှိသော ဥပုသ်သည် ဤဥပေါသဉတ်၌ ညွှန်ပြအပ်သော ဥပုသ်ဖြစ်၏။ ဤသို့သော ဥပုသ်နှင့်ကြုံသောအခါ ဥပုသ်မပြုမူ၍ ထိုဥပုသ်နေ့၌ ရဟန်း

မရှိသော အာဝါသ၊ အနာဝါသသို့ရင်း။နာနာသံဝါသက(ဥက္ခိတ္တက)ရဟန်း ရှိသော အာဝါသ၊ အနာဝါသသို့ရင်း နေခြင်းငှါ မသွားအပ်။သွားငြားအံ့၊ ဒုက္ကဋ်။အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှါ သွားလျှင်လည်း ဒုက္ကဋ်။သံဃာနှင့်အတူသွားအံ့၊ အန္တရာယ်ဆယ်ပါး တပါးပါးရှိ၍ သွားအံ့၊ အနာပတ္တိ။ သမာနသံဝါသက ရဟန်းရှိရာ အာဝါသ၊ အနာဝါသသို့ သံဃဥပုသ်ပြုခြင်းငှါ သံဃဥပုသ်ပြုရာမှ သွားအံ့၊ အနာပတ္တိ။ ပါရိသုဒ္ဓိ ပြုခြင်းငှါ ပါရိသုဒ္ဓိပြုရာမှ သွားအံ့၊ အနာပတ္တိ။ ဥပုသ် စွန့်လွှတ်ထားသောကျောင်းမှ အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှါ သွားအံ့၊ အနာပတ္တိ။

တောကျောင်းနေ ရဟန်းသည်လည်း ဥပုသ်နေ့၌ ဆွမ်းခံပြီးသောအခါ မိမိကျောင်းသို့သာ ပြန်လာအပ်၏။ တပါးသောကျောင်းသို့ ဝင်အံ့၊ ထိုကျောင်း၌ ဥပုသ်ပြုပြီးမှ ပြန်လာအပ်၏။

၁။ ဥတ်ထားခြင်းအဖွင့် ပြီး၏။

---

## ဘုရားရှင်တို့သာပြသော ဩဝါဒပါတိမောက်
## (ကြည်ညိုရန်)

(၁) ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ။
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၂) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(၃) အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

တီတိက္ခာ၊ သည်းခံခြင်းဟု ဆိုအပ်သော။ ခန္တီ၊ အဓိဝါသနခန္တီမည်သော တရားသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။

ဝ ါ၊ ဒေါသငြိမ်းခြင်းကို။ ပရမံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပရူပဃာတီ၊ သူတပါးကို ညှဉ်းဆဲလေ့ရှိသောသူသည်။ ဝ ါ၊ သီလကိုဖျက်လေ့ရှိသောသူသည်။ န ဟိ ပဗ္ဗဇိတော၊ အညစ်အကြေးနှင့် ထုတ်သော ရဟန်းမဟုတ်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲသော သူသည်။ ဝ ါ၊ သီလကိုဖျက်သောသူသည်။ န သမဏော ဟောတိ၊ မကောင်းမှုငြိမ်းသော ရဟန်းမဟုတ်။

(ဝိပဿနာဉာဏ်ဟူသော အနုလောမခန္တီကို ဤ၌ အလိုမရှိအပ်သေး၊ သည်းခံခြင်းသာ အဓိဝါသနခန္တီ မည်၏။ ဆိုလွယ်ရန် ဒီဃပြု၍ ခန္တီ-ဟု ဆိုသည်။ ပုဒ်ရင်းကား ခန္တိ-ဖြစ်သည်။ ပရ-သဒ္ဒါသည် သီလအနက်လည်း ဟောသည်)။

သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ အကရဏဉ္စ၊ မပြုခြင်းငှင်း။ ကုသလဿ၊ စတုဘူမိကကုသိုလ်ကို။ ဥပသမ္ပဒါ စ၊ ပြည့်စုံစေခြင်းငှင်း။ သစိတ္တပရိယောဒပနဉ္စ၊ မိမိစိတ်ကို ဖြူစင်အောင် သုတ်သင်ခြင်းငှင်း။ ဧတံ-တော်၊ ဤတရားအပေါင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမ သာသနာတော်မြတ်တည်း။

အနုပဝါဒေါ စ၊ မစွပ်စွဲ မကဲ့ရဲ့ခြင်းငှင်း။ အနုပဃာတော စ၊ မညှဉ်းဆဲခြင်းငှင်း။ ပါတိမောက္ခေ၊ ပါတိမောက္ခသံဝရသီလ၌။ သံဝရော စ၊ စောင့်စည်းခြင်းငှင်း။ ဝ ါ၊ မလွန်ကျူးခြင်းငှင်း။ ဘတ္တသ္မိံ၊ ဆွမ်း၌။ မတ္တညုတာ စ၊ ခံယူခြင်းအတိုင်းအရှည်, သုံးဆောင်ခြင်း အတိုင်းအရှည်သိခြင်းငှင်း။ ပန္တံ၊ ဆိတ်ငြိမ်သော။ သယနာသနဉ္စ၊ ကျောင်းအိပ်ရာ နေရာသို့ ချဉ်းကပ်ခြင်းငှင်း။ အဓိစိတ္တေ၊ စိတ်ကို အစိုးရခြင်းဟူသော သမာဓိ၌။ အာယောဂေါ စ၊ လုံ့လပြုခြင်းငှင်း။ ဧတံ-တော်၊ ဤတရားအပေါင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမ သာသနာတော်မြတ်တည်း။(ဆွမ်း၊ကျောင်း ပစ္စည်းနှစ်ပါးဖြင့် သန္တောသ လေးပါးလုံးကို ပြတော်မူသည်)။

## ၂။ ပုဗ္ဗကိစ္စ မေးခြင်း

**ကိံ သံဃဿ ပုဗ္ဗကိစ္စံ၊ ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။**

**သံဃဿ၊** သံဃာသည်။ ပုဗ္ဗကိစ္စံ၊ ကိုးပါးသော ပုဗ္ဗကိစ္စကို။ ကတံ ကိံ၊ ပြုအပ်ပြီလော။ အာယသ္မန္တော၊ အရှင်တို့။ ပါရိသုဒ္ဓိံ၊ မိမိ၏စင်ကြယ်ခြင်းကို၊ အာရောစေထ၊ ပြောကြားကြကုန်လော့။ (ပြောကြားသင့်ကြောင်းကား။) အဟံ၊ ငါသည်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသိဿာမိ၊ ပြပေအံ့။

**အဓိပ္ပါယ်အကျဉ်း။** ကိံ သံဃဿ ပုဗ္ဗကိစ္စံ-ဟူသော ပဌမစကားဖြင့် ပုဗ္ဗကိစ္စ ပြုပြီးပြီလောဟု မေးသည်။ ပုဗ္ဗကိစ္စမပြုပဲ ဥပုသ်မပြုကောင်းသောကြောင့်တည်း။ ပါရိသုဒ္ဓိံ-စသော ဒုတိယစကားဖြင့် ပုဗ္ဗကိစ္စပြီးလျှင် မိမိစင်ကြယ်ခြင်းကို ပြောကြပါဟု တိုက်တွန်းသည်။ မစင်ကြယ်လျှင် ပါတိမောက်မနာ ကောင်းသောကြောင့်တည်း။ ပါတိမောက္ခံ-စသော တတိယစကားဖြင့် ယခုပါတိမောက် ပြတော့မည်ဖြစ်သောကြောင့်ဟု အကြောင်းကို ပြသည်။ ထိုအကြောင်းကြောင့် စင်ကြယ်ခြင်းကို ပြောကြပါ ဟူလို။ ဤပုဗ္ဗကိစ္စကို ပုဗ္ဗကရဏလေးပါး၊ ပုဗ္ဗကိစ္စငါးပါးဟု ခွဲသည်။

**ပုဗ္ဗကရဏလေးပါး။** ။ထိုကြောင့် သိမ်တင်းကြီးစေခိုင်းလျှင် ကျန်းမာသော ရဟန်းသည် ဥပုသ်အိမ်သို့သွား၍ တံမြက်လှည်းခြင်း၊ ခြေဆေးရေ သောက်ရေတည်ထားခြင်း၊ နေရာခင်းခြင်း၊ ဆီမီးညှိထွန်းခြင်း ပြုရသည်။ မပြုလျှင် ဒုက္ကဋ်။ သိမ်တင်းကြီးကလည်း သင့်လျော်သော ရဟန်းကို သိအောင်ပြု၍ စေခိုင်းရသည်။

**ဆန္ဒပါရိသုဒ္ဓိ။** ။ဆန္ဒကို လျှောက်ကြားခြင်းစသည်၌ အဆုံးအဖြတ်ကား— ဥပုသ်ပြုအံ့ဟု သံဃာစည်းဝေးသောအခါ အရပ်တပါး၌ ဥပုသ်ပြုခဲ့သော ရဟန်းသည် ကာယသာမဂ္ဂီကို ပေးအပ်၏။ ဝါ၊ ဟတ္ထပါသ်သို့ ကပ်အပ်၏။ မကပ်လိုလျှင် ဆန္ဒပေးရသည်။ ဥပုသ်မပြုရသေးသော ဂိလာန

ရဟန်း၊ ကိစ္စပ္ပသုတရဟန်း။ ဤနှစ်ပါးကား ပါရိသုဒ္ဓိပေးရသည်။ ဆန္ဒလည်း ပေးရသည်။ (ဤရဟန်းသုံးပါးတို့တွင် သုံးပါးလုံး ဆန္ဒ၊ နှစ်ပါး ပါရိသုဒ္ဓိ ပေးရသည်။)

ဆန္ဒပေးပုံကား—ရဟန်းတပါးထံ၌ "ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ"ဟူ၍ အနက်ကို ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း သိစေရသည်။ ပါရိသုဒ္ဓိပေးပုံကား—"ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ"ဟု သိစေရသည်။

အကျိုးအပြစ်ကား—သံဃာအား ဥပုသ်ကံမှတပါးသော ကံပြုဖွယ်ရှိတတ်သည်။ ထို့ကြောင့် ပါရိသုဒ္ဓိပေးသော ရဟန်းသည် ဆန္ဒကိုလည်း ပေးခြင်းငှာ ခွင့်ပြု၏ဟု ဟောသည်။ ပါရိသုဒ္ဓိပေးအံ့၊ သံဃာအား ဥပုသ်ပြုခြင်း၊ မိမိအား ဥပုသ်ပြုခြင်း နှစ်ကိစ္စသာ ပြီးသည်။ ကြွင်းသောသံဃကိစ္စမပြီး။ ဆန္ဒပေးအံ့၊ သံဃာအား ဥပုသ်ပြုခြင်း၊ ကြွင်းသံဃကိစ္စပြီးခြင်း နှစ်ကိစ္စသာပြီးသည်။ မိမိ ဥပုသ်ကိစ္စမပြီး။ ထို့ကြောင့် ပါရိသုဒ္ဓိပေးလျှင် ဆန္ဒလည်း ပေးရသည်။

**ရောက်ပုံ မရောက်ပုံ။** ။ရဟန်းအများ၏ ဆန္ဒပါရိသုဒ္ဓိကို ရဟန်းတပါးတည်း ဆောင်ခြင်းငှာလည်း အပ်၏။ ဆောင်လာ၍ ခရီးအကြား၌ ရဟန်းတပါးကိုတွေ့၍ အများ၏ရင်း၊ မိမိ၏ရင်း ဆန္ဒပါရိသုဒ္ဓိကို တဆင့်ပေးလျှင်ကား မိမိ၏ ဆန္ဒပါရိသုဒ္ဓိသာ သံဃာ့ထံသို့ရောက်သည်။ အများ၏ ဆန္ဒပါရိသုဒ္ဓိကား မရောက်။ သံကွင်းဆက် အဆင့်ဆင့် ဆောင်လားတူဖြစ်၏။ ထို့ကြောင့် သံဃာ့ထံ ကိုယ်တိုင်သွား၍ လျှောက်ကြားအပ်၏။ စေတနာနှင့်တကွ လွန့်ကျူး၍ မလျှောက်ကြားအံ့၊ ဒုက္ကဋ်။ ဆန္ဒပါရိသုဒ္ဓိကား မလျှောက်ကြားသော်လည်း သံဃာ့ဟတ္ထပါသ်သို့ ချဉ်းကပ်၍—

> "တိဿော နာမ ဘန္တေ ဘိက္ခု ဆန္ဒံ ဒေတိ (ပါရိသုဒ္ဓိံ ဒေတိ)။
> တမဟံ အာဟရာမိ တမဟံ အာရောစေမိ"—

ဟု သိစေအပ်၏။ ဂဏ၊ ပုဂ္ဂလထံကား ပေးသော်လည်း မရောက်ကောင်း။

**ဥတုက္ခာန်။** ။ဥတုသုံးပါး ပြောကြားခြင်းသည် ဥတုက္ခာနမည်၏။ တန်ဆောင်မုန်းလဆုတ်ရက်မှ တပေါင်းလပြည့်အထိ(ကျော်တရက်မပါ) လေးလသည် ဟေမန္တ=ဆောင်းဥတုမည်၏။ တပေါင်းလဆုတ်ရက်မှ ဝါဆိုလပြည့်အထိ လေးလသည် ဂိမှ=နွေဥတုမည်၏။ ဝါဆိုလဆုတ်ရက်မှ တန်ဆောင်မုန်းလပြည့်အထိ လေးလသည် ဝဿာန=မိုးဥတုမည်၏။ ဤဥတု၌ ပက္ခ ဤမျှလွန်ပြီ၊ ဤမျှ ကြွင်းသေးသည်ဟု ပြောကြားရသည်။

**ဘိက္ခုဂဏနာ။** ။ရဟန်းရေတွက်ခြင်းသည် ဘိက္ခုဂဏနာမည်၏။ ယခု ဥပုသ်အိမ်၌ ရဟန်းဤမျှ စည်းဝေးရောက်လာကြသည်ဟု အရေအတွက် ပြောကြားရသည်။ ဥတုက္ခာန၊ ဘိက္ခုဂဏနာ ဤနှစ်ပါးကို လည်း ပြုပြီးမှသာ ဥပုသ်ပြုရသည်။

**ဩဝါဒေါ။** ။ဘိက္ခုနီမတို့ တောင်းပန်သော ဩဝါဒသည် ဩဝါဒမည်၏။ ဤဩဝါဒကို မပြောကြားပဲ ဥပုသ်ပြုခြင်းငှာ မအပ်။ ဘိက္ခုနီမတို့သည် အဖိတ်နေ့၌ (ဝါ) ၁၃-ရက်နေ့၌ လာ၍ "ဤဥပုသ်သည် စာတုဒ္ဒသီလော၊ ပန္နရသီလော"ဟု မေးရသည်။ ဥပုသ်နေ့၌လည်း တဖန် လာ၍ "ဩဝါဒအလို့ငှာ ချဉ်းကပ်ခြင်းကို ရပါအံ့လော"ဟု တောင်းပန်ရသည်။ ထိုဩဝါဒတောင်းပန်ခြင်းကို ဗာလ၊ ဂိလာန၊ ဂမိကမှတပါး တော ကျောင်းနေသော ရဟန်းပင်ဖြစ်စေ လက်မခံပဲမနေရ။ လက်ခံပြီးလျှင် ဥပုသ်အိမ်၌ ပါတိမောက်ပြသော ရဟန်းကို ဘိက္ခုနီမတို့ တောင်းပန်ပုံ ပြောကြားရသည်။

ပါတိမောက်ပြသော ရဟန်းသည် "ဘိက္ခုနောဝါဒကသမ္မုတိရသော ရဟန်းရှိသလော"ဟု မေး၍ ရှိလျှင် "ထိုရဟန်းထံသို့ ဘိက္ခုနီမတို့ ချဉ်းကပ် စေကုန်သတည်း"ဟု ဆိုအပ်၏။ မရှိငြားအံ့၊ "အဘယ်မထေရ်သည် ဆုံးမခြင်းငှာ စွမ်းနိုင်သနည်း"ဟု မေး၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံလျှင် ထိုနေရာ၌ သမုတ်၍ "ဤရဟန်းထံသို့ ချဉ်းကပ်စေကုန်သတည်း"ဟု ဆိုအပ်၏။ ထိုသို့မရှိလျှင် "ပါသာဒိကေန ဘိက္ခုနီသံဃော သမ္ပာဒေတု"ဟု ဆိုအပ်၏။ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သာသနာအားလုံးကို ဤမျှစကားကျဉ်းဖြင့် ဟောကြားဆုံးမသည် မည်၏။

ဩဝါဒလက်ခံသော ရဟန်းသည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ အထွက် တရက်နေ့၌ ဘိက္ခုနီမတို့အား ပြောကြားရသည်။ ဘိက္ခုနီမတို့သည်လည်း "နှစ်ယောက် သုံးယောက်သော ဘိက္ခုနီမတို့ကို ဩဝါဒ ရ–မရ သွား၍ မေးကြ"ဟု စေလွှတ်ရသည်။ သွား၍ မေးသောအခါ ပါသာဒိကောန ဘိက္ခုနီသံဃော သမ္မာဒေတု–ဟု ဆိုလတ်သော် ကောင်းပါပြီဟု ဝန်ခံအပ်၏။ ဘိက္ခုနီမ အနည်းအများ၊ ရဟန်း အနည်းအများ အားလျော်စွာ စကားအစဉ် ယှဉ်ရသည်။ ဤသို့ ဘိက္ခုနီမတို့ တောင်းပန်သော ဩဝါဒကို လျှောက်ကြား၍သာ ဥပုသ်ပြုရသည်။

**ပါတိမောက် မနာကောင်းသူ။** ။ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ ကား အကျဉ်း၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ကား အကြောင်း၊ အဓိပ္ပာယ်ကား–"ယခု ငါ ပါတိမောက် ပြတော့မည်။ ထို့ကြောင့် မိမိ၏ စင်ကြယ်ခြင်းကို ပြောကြားကြပါ"ဟု တိုက်တွန်းရသည် ဟူလို။ ကြောင်းကျိုးပြ၍ တိုက်တွန်းရခြင်းကား မစင်ကြယ်လျှင် ပါတိမောက် မနာကောင်းသောကြောင့်တည်း။ ပါဠိတော်၌ "ချစ်သားတို့၊ အာပတ်ရှိသော ရဟန်းသည် ပါတိမောက် မနာအပ်။ နာကြားအံ့၊ ဒုက္ကဋ်"ဟု ဟောသည်။

**စောဒနာ၊ သောဓနာ။** ။ဥတ်ထားစဉ်က "သံဃော ဥပေါသထံ ကရေယျ"စသည်ဖြင့် သံဃာသည် ဥပုသ်ပြုရာ၏။ ပါတိမောက်ပြရာ၏"ဟု ဆိုပြီးဖြစ်လျက် ယခုကား "ငါ ပါတိမောက်ပြမည်" ဟု ဆိုသည်။ စကားရှေ့နောက် မညီဟု အပြစ်တင်ဖွယ်ရှိ၏။ အဖြေကား– စကားမညီသော်လည်း လက္ခဏာအားဖြင့် ညီ၏။ ထို့ကြောင့် "ငါ ပါတိမောက်ပြမည်"ဟူ၍သာ ဆိုရပေသည်။ လက္ခဏာကား သံဃာ၏ ညီညွတ်ခြင်းကြောင့်၊ ဂဏ၏ ညီညွတ်ခြင်းကြောင့် ပုဂ္ဂိုလ်တဦး၏ ပြခြင်းသည်ပင်။ (ဝါ)ငါပြလျှင်လည်း သံဃာပြသော ပါတိမောက် ဖြစ်လေ၏။

၂။ ပုဗ္ဗကိစ္စမေးခြင်း ပြီး၏။

## ၃။ သဝနဝိဓိ

တံ သဗ္ဗေဝ သန္တာ သာဓုကံ သုဏောမ မနသိကရောမ။

တံ၊ ထိုပါတိမောက်ကို။ (ငါပြသော သံဃာပြ ပါတိမောက်ဟူလို။) **သဗ္ဗေဝ**၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ **သန္တာ**၊ ပရိသတ်၌ ထင်ရှားရှိကုန်သော။ မယံ၊ ငါတို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏောမ၊ နာကုန်အံ့။ မနသိ ကရောမ၊ နှလုံးသွင်းကုန်အံ့။

ဤသို့ ပုဗ္ဗကိစ္စမေးခြင်း၊ ပါရိသုဒ္ဓိအာရောစန တိုက်တွန်းခြင်းတို့ကို ပြပြီး၍ ယခုအခါ သဝနဝိဓိ=နားထောင်းခြင်း အစီအရင်ကို ပြလို၍ တံ သဗ္ဗေဝ စသည်ကို မိန့်တော်မူသည်။

ထေရ၊ နဝ၊ မဇ္ဈိမအားလုံးသည် သဗ္ဗေဝ မည်၏။ (ဤ၌ ငါးဝါမရမီ နဝ၊ ထိုမှ ဆယ်ဝါမရမီ မဇ္ဈိမ၊ ထိုမှ ဝါနှစ်ဆယ်မရမီ အနုထေရ၊ ထိုမှ လွန်လျှင် မဟာထေရမည်၏။) ထိုပရိသတ်၌ ရှိသော ရဟန်းတို့သည် သန္တာ မည်ကုန်၏။ ပါတိမောက်ကို လက်ရှိဥစ္စာ ကိုယ်ပိုင်ပြု၍ စိတ်ခိုင်ခိုင်ဖြင့် ဆောင်ယူကာ နားထောင်ကြလျှင် ငါတို့အားလုံးသည် သာဓုကံ သုဏောမ ဖြစ်ကုန်လတံ့။ ထိုသို့ဖြစ်အောင် နားထောင်ကြစို့ဟု တိုက်တွန်းသည်။

**စောဒနာ၊ သောဓနာ။** ။"ငါ ပါတိမောက် ပြမည်"ဟု ဆိုခဲ့ခြင်းကြောင့် "သုဏောထ၊ သင်တို့နာကြ။ မနသိ ကရောထ၊ သင်တို့ နှလုံးသွင်းကြ"ဟု ဆိုသင့်သည် မဟုတ်လော။ ။**အဖြေကား**—ဤသို့ဆိုလျှင် သံဃော ဥပေါသထံ ကရေယျ-နှင့် ပညီ။ သံဃာအညီအညွတ် ပြုသော ဥပုသ်ဖြစ်၍ ပါတိမောက်ပြသူလည်း သံဃာ၌ အကျုံးဝင်သူသာ ဖြစ်သည်။ ထို့ကြောင့် "သင်တို့လဲ နားထောင်၊ ငါလဲ နားထောင်၊ ပေါင်း၍ ငါတို့ နားထောင်ကုန်အံ့" ဟု သုဏောမ၊ မနသိ ကရောမ-သာ ဆိုသင့်သည်။

၃။ သဝနဝိဓိ ပြီး၏။

## ၄။ ဝိသုဒ္ဓါရောစနဝိဓိ

ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ။ အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ၊ တုဏှီဘာဝေန ခေါ ပနာယသ္မန္တေ ပရိသုဒ္ဓါတိ ဝေဒိဿာမိ။ ယထာ ခေါ ပန ပစ္စေကပုဋ္ဌဿ ဝေယျာကရဏံ ဟောတိ၊ ဧဝမေဝ ဧဝရူပါယ ပရိသာယ ယာဝတတိယံ အနုဿာဝိတံ ဟောတိ။

ယဿ၊ အကြင်ရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ သိယာ၊ ရှိငြားအံ့။ သော၊ ထိုရဟန်းသည်။ အာဝိကရေယျ၊ ထင်စွာပြုရာ၏။ အာပတ္တိယာ၊ အာပတ်သည်။ အသန္တိယာ၊ မရှိလတ်သော်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ တုဏှီဘာဝေန ခေါ ပန၊ဆိတ်ဆိတ်နေခြင်းဖြင့်သာလျှင်။ ဝါ၊ ဆိတ်ဆိတ်နေခြင်းကြောင့်သော်လည်း။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပရိသုဒ္ဓါတိ၊ စင်ကြယ်ကုန်၏ ဟူ၍။ ဝေဒိဿာမိ၊ သိရလတံ့။ ပန၊ ဥပမာတူပုံကား။ ပစ္စေကပုဋ္ဌဿ၊ အသီးသီး မေးအပ်သောသူ၏။ ဝါ၊ အသီးသီး အမေးခံရသည်ရှိသော်။ ဝေယျာကရဏံ ခေါ၊ "ငါ့ကို မေးသည်" ဟု သိ၍ ဖြေကြားခြင်းသည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့တည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဝါ၊ ဤသို့သာလျှင်။ ဧဝရူပါယ၊ ဤသို့ (ဆိတ်ဆိတ်နေ၍ ဖြေကြားခြင်း) သဘောရှိသော။ ပရိသာယ၊ ရဟန်းပရိသတ်၌။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ အနုဿာဝိတံ၊ ပြောကြားအပ်သည်။ ဝါ၊ မေးစစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

ယခင် ပုဗ္ဗကိစ္စကို မေးခြင်း၌ ပါရိသုဒ္ဓိအာရောစနကို တိုက်တွန်းခဲ့ပြီ။ ယခု အခါ ထိုတိုက်တွန်းရာ၌ မိမိ၏ စင်ကြယ်ပြင်းပြောကြားပုံနည်းကိုပြလို၍ ယဿ သိယာ စသည်ကိုမိန့်တော်မူသည်။ အဓိပ္ပာယ်ကား—အာပတ်ရှိလျှင် ထင်စွာပြု၊ ဖုံးမထားနှင့်။ မရှိလျှင် ဆိတ်ဆိတ်သာနေ။ ဆိတ်ဆိတ်နေခြင်းသည်ပင် စင်ကြယ်ပါသည်ဟု ပြောကြားသည် မည်၏။ ဤသို့ဆိတ်ဆိတ်နေ ဖြေဆိုသောပရိသတ်၌ သုံးကြိမ်မေးရသည်။ ဝိနည်းထုံးစံ သုံးကြိမ်မေးရသော ပါတိမောက် ဖြစ်သည်။ ထို့ကြောင့် အသံများခြင်း၊ အချိန်ဖြုန်းခြင်း မဖြစ်အောင် စင်ကြယ်သူသည် ဆိတ်ဆိတ်နေခြင်းဖြင့် စင်ကြယ်ခြင်းကို ပြောကြားရသည်။

**အာပတ်မရှိခြင်း သုံးမျိုး။** ။အာပတ်သည် ရဟန်းထံသို့ မရောက်၊ (ဝါ၊) ရဟန်းသည် အာပတ်သို့ မရောက်။ ဤသို့မရောက်သော အာပတ်သည် အသန္တိမည်၏။ ရောက်သော်လည်း ဝုဋ္ဌာနဂါမိ၊ ဒေသနာဂါမိဖြင့် ကုစားလျှင် အသန္တိမည်၏။ မကုစားသေးသော်လည်း ထင်စွာပြောကြားလျှင် ပါတိမောက် နာကောင်းသောကြောင့် အသန္တိမည်၏။ အာပတ်မရှိသည် မည်၏။ စင်ကြယ်သည် မည်၏။ ဤသို့ အသန္တိ သုံးမျိုးရှိ၏။

မရောက်၊ ကုစား၊ ထင်စွာကြား၊ ၃-ပါး အသန္တိ။

**အာပတ်သင့်ကြောင်း ခြောက်ပါး။** ။အာပတ်သင့်ရာ၌ အရှက်မရှိခြင်း၊မသိခြင်း စသည်ဖြင့် အကြောင်းခြောက်ပါး ရှိ၏။ ထိုတွင် ၁-ဤအမှုမအပ်-ဟု သိလျက် လွန်ကျူးအံ့၊ အရှက်မရှိခြင်းကြောင့် အာပတ်သင့်သည် မည်၏။ အလဇ္ဇီပုဂ္ဂိုလ်လည်း ဖြစ်၏။

ပရိဝါပါဠိ၌ သိလျက်၌ လွန်ကျူးသော ရဟန်း၊ သင့်သော အာပတ်ကို မကုစား-ထင်စွာမကြား-ဖုံးထားသော ရဟန်း၊ အဂတိလေးပါး လိုက်စားသော ရဟန်း၊ ဤသုံးယောက်သည် အလဇ္ဇီမည်၏ဟု ဟောသည်။

လွန်ကျူး၊ ဖုံးထား၊ ဂတိလား၊ ၃-ပါးအလဇ္ဇီ။

မအပ်ဟုသိလျက် လွန်ကျူးခြင်းသည် ဝီတိက္ကမ အန္တရာယ် မည်၏။ နတ်ရွာ နိဗ္ဗာန် စျာန် မဂ်ဖိုလ်ကို တားသည်။ မသိခြင်းဖြင့် အစိတ္တက အာပတ်သင့်လျှင် အန္တရာယ်မဖြစ်။ အလဇ္ဇီလည်း မဖြစ်သေး။ ဖုံးထားလျှင်ကား ထိုအပြစ်မျိုး မလွတ်။ ထို့ကြောင့် အာပတ်ဟုသိလျှင် မိုးခဲနင်းမိသည့်ပမာ ကုစားခြင်း မနှောင်းစေရာ။

၂-ပြုအပ်၊ မပြုအပ်ကို မသိမလိမ္မာသူဖြစ်၍ ပြုအပ်သည်ကို မပြုမိ၊ မပြုအပ်သည်ကို ပြုမိအံ့၊ မသိခြင်းကြောင့် အာပတ်သင့်သည် မည်၏။

၃-ဤအမှု အပ်မည်လော၊ မအပ်မည်လောဟု ဝိနည်း၌ ကုက္ကုစ္စ သံသယ ရှိသူဖြစ်လျက် လွန်ကျူးအံ့၊ ကုက္ကုစ္စနှိပ်စက်ခြင်းကြောင့် အာပတ်သင့်သည် မည်၏။

ဝိနည်းပညတ်တော်၌ အယုံအကြည်မရှိသူသည် သံသယရှိလျက်ပင် ပြုလုပ်တတ်သည်။ အပ်သောအရာ ဖြစ်စေကာမူ သံသယကြောင့် အာပတ်သင့်သည်။ အယုံအကြည်ရှိသူကား အရာရာ၌ပင် သံသယဖြစ်လေ့ ရှိရသည်။ ထိုသံသယ အမြန်ငြိမ်းအောင် ဝိနည်းတတ် ပုဂ္ဂိုလ်ထံ မေးရသည်။ သံသယကင်း၍ အပ်သည်ဟု သိမှ ပြုရသည်၊ မအပ်ဟုသိလျှင် မပြုရ။ သံသယမငြိမ်းသေးလျှင် မပြုသေးပဲ အမှန်အတိုင်းသိအောင် အမြန်အားထုတ်ရသည်။

ကျမ်းဂန်၌ အပ်မအပ် ထင်ရှားရှိသည်ကို သံသယကြီးခြင်းကား မချီးမွမ်းအပ်။ ဂရုဘက်လိုက်ခြင်းကိုကား ချီးမွမ်းအပ်၏။ အဆုံးအဖြတ် မလေ့လာပဲ "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ ဇေတ် ဝိနယလက္ခဏံ" ဟု ဆိုခြင်းကား အလေးပြုသူ မဟုတ်ဟု ကေန်သိသင့်၏။

၄—ဝံသားကို ဝက်သားထင်၍ စားအံ့၊ နေလွဲကို နံနက်ထင်၍ စားအံ့၊ မအပ်သည်၌ အပ်သည်ဟု အထင်လွဲခြင်းကြောင့် အာပတ်သင့်သည် မည်၏။

၅- ဝက်သားကို ဝံသား၊ နံနက်ကို နေလွဲထင်၍ စားအံ့၊ အပ်သည်၌ မအပ်ဟု အထင်လွဲခြင်းကြောင့် အာပတ်သင့်သည် မည်၏။

၆—သဟသေယျ ဖြစ်အောင် အိပ်သူ၊ သက်နိုးညဉ့်ကင်းအောင် နေသူ ဖြစ်အံ့၊ သတိမေ့လျော့ခြင်းကြောင့် အာပတ်သင့်သည် မည်၏။

**အာပတ် ကုစားနည်း။** ။အကြောင်းခြောက်ပါး တပါးပါးကြောင့် အာပတ်ခုနစ်မျိုး တမျိုးမျိုးသင့်ရာတွင် ပါရာဇိကကို ရဟန်းအဖြစ်မှ စွန့်ခြင်းဖြင့် ကုစားလျှင် စင်ကြယ်သည်။ သံဃာဒိသိသ်ကို ဝတ်စောင့်၍ အဗ္ဘာန်သွင်းခြင်းဖြင့်၊ ကြွင်းအာပတ်ကို ဒေသနာကြားဖြင့် ကုစားလျှင် စင်ကြယ်သည်။

"ငါအား ဤအာပတ်ရှိခြင်းကို သင့်အား ပြောကြားပါ၏" စသည်ဖြင့် ထင်စွာပြုခြင်းကား အသန္တိမည်၍ အာပတ်တန့်နေသည်။ ကုစားခြင်း မဟုတ်သေး။ ထင်စွာပြုခြင်းအကျိုးကိုလည်း နောက်ဆိုဦးအံ့။

**အဖြေနှစ်မျိုးတူပုံ။** ။ဆိတ်ဆိတ်နေလျက် ဖြေခြင်းကို နှုတ်မြွက်၍ ဖြေခြင်းနှင့် ယှဉ်ပြလိုရကား ယထာ ခေါ ပန-စသည်ကို မိန့်တော်မူ၏။ တယောက်စီ သီးခြား အမေးခံရသောသူသည် ပစ္စေကပုဋ္ဌ မည်၏။ ဤသို့ အမေးခံရသောအခါ "ငါ့ကို ဤသူမေးသည်"ဟု သိ၍ ပြန်ဖြေရသည်။ ထို့အတူ "ငါ့ကို ယခု ပါတိမောက် ပြသော ရဟန်း မေးသည်"ဟု သိ၍ ပြန်ဖြေရမည်သာတည်း။ သို့ရာတွင် ဆိတ်ဆိတ်နေခြင်းလည်း စင်ကြယ်ပါသည်ဟု ဖြေခြင်းပင် ဖြစ်သောကြောင့် စင်ကြယ်လျှင် ဆိတ်ဆိတ်သာ ဖြေပါ။ ဆိတ်ဆိတ်နေသူကို စင်ကြယ်သည်ဟု ပါတိမောက်ပြသူ သိနိုင်သည်။ ပါတိမောက်ပြသူသိလျှင်လည်း သံဃာ သိခြင်းပင် ဖြစ်၏။

**သုံးကြိမ်မေးအပ်သော ဝိနည်း။** ။ပါတိမောက်ကို သုံးကြိမ် မေးအပ်သည့် အဖြစ်ကို သိစေလိုရကား ဧဝမေဝ ဧပ ရူပါယ-စသည်ကို မိန့်တော်မူ၏။ မိမိ၏ စင်ကြယ်ခြင်းကို နှုတ်မြွက်မဖြေ ဆိတ်ဆိတ်ဖြေသော ပရိသတ်၌ ပါတိမောက်ကို သုံးကြိမ် မေးရသည်။ ဤကား ဝိနည်းထုံးစံ မှတ်သားကြောင်း လက္ခဏာတည်း။ ဤလက္ခဏာစကားဖြင့် အာပတ် ထင်ရှားရှိသည်ကို သိလျက် ထင်စွာမပြုသူသည် သုံးကြိမ်မေးခြင်း အဆုံး၌ သမ္ပဇာနမုသာဝါဒ ဖြစ်လေ၏-ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။

သုံးကြိမ်မေးပုံကား—တတ္ထာယသ္မန္တေ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ-စသည်တည်း။ ထိုမေးခြင်းသည်လည်း ပါရာဇိကုဒ္ဒေသစသည်၏ အဆုံး၌ အာပတ်အသီးသီး မေးပုံတင်ရှား၏။ နိဒါန်းအဆုံး၌ မေးစရာအာပတ်(သီးခြား) မထင်ရှား။ မထင်ရှားသော်လည်း ပါတိမောက်ပြရာ၌ အာဝိကတာ ဟိဿ ဖာသု ဟောတိ-ဟုဆိုပြီးလျှင် ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ-စသည်ဖြင့် ဆိုအပ်သည်သာတည်း။ ဤသို့ဆိုမှ နိဒါန်းပြခြင်းပြည့်စုံသည်။ မဆိုလျှင် မပြည့်စုံ။ ဤအနက်ကိုရည်၍—

> ယာဝတတိယံ အနုသာဝိတံ ဟောတီတိ သကိံပိ အနုသာဝိတံ ဟောတိ၊ ဒုတိယမ္ပိ အနုသာဝိတံ ဟောတိ၊ တတိယမ္ပိ အနုသာဝိတံ ဟောတိ—

ဟု ဥပေါသထက္ခန္ဓက၌ ဟောသည်။ နိဒါန်းခွဲပြီးစဉ် နိဒါန်း အဓိပ္ပာယ် ချဲ့ဟောသည်။ ဤကား ဆရာစဉ်ဆက် ဆောင်ယူသော အဆုံးအဖြတ်တည်း။

**ကေစ္စဝါဒ** ။**ကေစ္စဆရာတို့ဝါဒကား— ယဿ သိယာ-စသည်၊ အသန္တိယာ** စသည်၊ တုဏှီဘာဝေန စသည်၊ ဤသုံးဝါကျသည်သာလျှင် သုံးကြိမ်မေးခြင်းဖြစ်၏။ "ငါ့ကိုမေးသည်"ဟု သိအပ်သောစကား သုံးကြိမ် ဖြစ်၏ဟု ဆိုကုန်၏။

ထိုစကားသည် အနက်သဒ္ဒါပြားသောကြောင့် မသင့်။ အကြိမ်ကြိမ်မေး ခြင်းဟူသည် အနက်သဒ္ဒါမပြားစကောင်း။ အကယ်၍ သုံးကြိမ် မေးခြင်း ဖြစ်ခဲ့ လျှင် နိဒါန်းပြခြင်း မပြီးမီ သုံးဝါကျအဆုံးတွင် အာပတ်သင့်ရာ၏။ အနာပတ္တိ ခေတ်၌ အာပတ်သင့်ခြင်းငှာလည်း မလျောက်ပတ်။ ယဿ သိယာ အာပတ္တိ-၌ အာပတ်သည် ပါရာဇိက သံဃာဒိသိသ်ဟု မသိးခြား၊ ခုနစ်ပါးလုံးနှင့် ဆက်ဆံ ၏။ ခုနစ်ပါးလုံးမှ စင်ကြယ်ခြင်းကို တပြိုင်တည်း မေးသည်-ဟုသော်လည်း ဆိုရချေတော့မည်တည်း။

**အပရေဝါဒ**။ ။အပရေဆရာတို့ ဝါဒကား— အနုဿာဝိတံ-ဟူသော ပုဒ်ကို အနာဂတ်အနက်ကြံ၍ အထက်ပါရာဇိကုဒ္ဒေသစသည်အဆုံး၌ ကစ္စိတ္ထ ပရိသုဒ္ဓါ-စသည်ဖြင့် မေးလတံ့သောစကားသုံးလုံးကိုရည်၍ ယာဝတတိယံ အနုဿာဝိတံ-ဟူ၍ ဟောသည်ဟု ဆိုကုန်၏။ အနက်သဒ္ဒါ တူသော်လည်း အနာဂတ်အနက်ကား မဆင့်။ အတိတ်ကာလကိုသာ တ-ပစ္စည်းက ပြသည်၊ အနာဂတ်အနက်ဖြစ်ခဲ့လျှင် အနုဿာဝိတံ ဟောဿတိ-ဟု ဟောရာ၏။ ပါရာဇိ ကုဒ္ဒေသစသည် အဆုံး၌ မေးလတံ့ကိုရည်၍ ဟောခြင်းဖြစ်ခဲ့လျှင် "အာပတ် ကို ထင်စွာမပြုအံ့"ဟု နှလုံးထားသော ရဟန်းအား နိဒါန်းမေးခွန်း ပြီးသော် လည်း မုသာဝါဒဒုက္ကဋ် ဖြစ်ဖွယ်မရှိရာ။ ယော ပန ဘိက္ခု ယာဝတတိယံ အနုဿာဝိယမာနေ စသည်ဖြင့် ထင်စွာမပြုလျှင် သမ္ပဇာနမုသာဝါဒဖြစ်သည် ဟု ပစ္စုပ္ပန်အနက် မာန-ပစ္စည်းဖြင့် ဟောထားသည်။ ဟောထားသော်လည်း နိဒါနုဒ္ဒေသ၌ မေးစရာအာပတ်မရှိခြင်းကြောင့် အနက်မဲ့ စကားပို ဟောထား ခြင်းသာ ဖြစ်ရချေတော့မည်။ ဤသို့ အသင့်ယုတ္တိမရှိသောကြောင့် မလျောက် ပတ်သည်သာတည်း။

**အထူးပုတ်ဖွယ်**။ ။အာပတ်ကိုထင်စွာမပြုအံ့-ဟူသောစိတ်ဖြစ်တိုင်း ပြုရမည်ကို မပြုသောကြောင့် မုသာဝါဒဖြစ်သည်။ တတိယမ္ပိ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ-အဆုံးတွင် နိဒါန်းမှ သမထအထိ ထိုနေရာသည် အာပတ္တိ

ခေတ်ဖြစ်သည်၊ နိဒါန်းအဆုံး သမထအဆုံး သုံးကြိမ်မေးသောအခါ သာမန် အာပတ်တခုခုရှိလျက် "ထင်ရှားစွာမပြုအံ့" ဟု စိတ်ဖြစ်လျှင် သာမညမုသာ ဝါဒ၊ ပါရာဇိက (လ) သေခိယ မေးခွန်းအဆုံး၌ ထိုထိုဆိုင်ရာ အာပတ်ရှိလျှင် အထူး မုသာဝါဒ။ ထိုတွင် ပါရာဇိက၏ မုသာဝါဒသည် ဒုက္ကဋ် မသင့်။

မုသာဋ္ဌာန သာမန် ၂၊ အထူး ၇-ပေါင်း ၉။ ။ဒုက္ကဋ် ၈၊ မသင့် ၁-ပေါင်း ၉။ ။သာမန် မုသာဒုက္ကဋ် ၂၊ အထူး မုသာဒုက္ကဋ် ၆၊ အထူးမုသာ အနာပတ္တိ ၁—ပေါင်း ၉။

၄။ ဝိသုဒ္ဓါရောစနဝိဓိ ပြီး၏။

## ၅။ အနာရောစနာပတ္တိ

ယော ပန ဘိက္ခု ယာဝတတိယံ အနုဿာဝိယမာနေ သရမာနော သန္တိံ အာပတ္တိံ နာဝိကရေယျ၊ သမ္ပဇာနမုသာဝါဒဿ ဟောတိ။ သမ္ပဇာနမုသာဝါဒေါ ခေါ ပနာယသ္မန္တော အန္တရာယိကော ဓမ္မော ဝုတ္တော ဘဂဝတာ၊ တသ္မာ သရမာနေန ဘိက္ခုနာ အာပန္နေန ဝိသုဒ္ဓါပေက္ခေန သန္တီ အာပတ္တိ အာဝိကာတဗ္ဗာ။ အာဝိကတာ ဟိဿ ဖာသု ဟောတိ။

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်၊ ယာဝတတိယံ၊ သုံးကြိမ်တိုင် အောင်။ အနုဿာဝိယမာနေ၊ အဖန်တလဲလဲ မေးအပ်သည်ရှိသော်။ သရမာနော၊ သိလျက်။ သန္တိံ၊ ထင်ရှားရှိသော။ အာပတ္တိံ၊ အာပတ်ကို။ နာဝိကရေယျ၊ ထင်စွာမပြုငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သမ္ပဇာနမုသာဝါဒေါ၊ သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းမည်သည်။ ဝါ၊ မုသာဆိုခြင်း ကြောင့် ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ အာယသ္မန္တော၊ အရှင်တို့။ သမ္ပဇာနမုသာဝါဒေါ၊ သမ္ပဇာနမုသာဝါဒကို။ ခေါ ပန၊ စင်စစ်။ အန္တရာယိကော ဓမ္မော၊ အန္တရာယ်ပြုတတ်သော အာပတ်ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သရမာနေန၊

သိသော။ အာပန္နေန၊ အာပတ်သင့်ခြင်းမှ။ ဝိသုဒ္ဓါပေက္ခေန၊ စင်ကြယ်ခြင်းကို အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သန္တီ၊ ထင်ရှားရှိသော။ အာပတ္တိ၊ အာပတ်ကို။ အာဝိကာတဗ္ဗာ၊ ထင်စွာပြုအပ်၏။ ဟိ၊ ထင်စွာပြုခြင်းကြောင့်။ အဿ၊ ထိုရဟန်းအား။ ဖာသု၊ ချမ်းသာသောအကျင့်သည်။ ဟောတိ၊ ဖြစ်၏။

ယခုအခါ အနာရောစနအာပတ်ကို ပြလိုရကား ယော ပန ဘိက္ခု-စသည်ကို မိန့်တော်မူ၏။ သုံးကြိမ်မေးသောအခါ သိလျက် အာပတ်ကိုထင်စွာမပြုလျှင် မုသာဝါဒဖြစ်၏။ ထိုမုသာဝါဒသည် နတ်ရွာနိဗ္ဗာန် ချာန်မဂ်ဖိုလ်မရနိုင်ကြောင်း အန္တရာယ်ဖြစ်၏။ ထို့ကြောင့် သိလျှင် ထင်စွာကြားရမည်။ ထင်စွာကြားလျှင် နတ်ရွာနိဗ္ဗာန်ချာန်မဂ်ဖိုလ်ရနိုင်သည်အထိ အကျိုးရှိသည်ဟူလို။

**မုသာဝါဒ။** ။သိလျက်ချွတ်ယွင်းသောစကားသည် သမ္ပဇာနမုသာဝါဒမည်၏။ ထိုမုသာဝါဒကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။ ဤ၌ အာပတ်ထင်စွာရှိလျက် ဆိတ်ဆိတ်နေသူအား နှုတ်မြွက်စကားမရှိ။ အဝမ္မိကပဋိညာဖြင့် ဆိတ်ဆိတ်နေစေကာမူ "မနောဒွါရေ အနာပတ္တိ"ဟု ဟောသောကြောင့် မနောဒွါရအာပတ်လည်း မရှိ။ အဘယ်သို့ အာပတ်သင့်မည်နည်း။

သင့်ပုံကား—သမ္ပဇာနမုသာဝါဒေ ကိံ ဟောတိ၊ ဒုက္ကဋံ ဟောတိ-ဟူသော မိန့်ခွန်းတော်ရှိသည်။ ပြောကြားသင့်သည်ကို မပြောကြားသော အကြိယသမုဋ္ဌာန်ကြောင့် ဝစီဒွါရ၌ ဒုက္ကဋ်သင့်သည်၊ မပြောကြားသော စကားကြောင့် ဒုက္ကဋ်ဟူလို။ ပရိဝါပါဠိတော်၌ စကားတိုးတိုးလည်း မဆို၊ ကျယ်ကျယ်လည်း မဆို၊ နှုတ်ကြောင့် အာပတ်သင့်သည်။ သိထိုက်သည်။ ကြံစည်ကြလေ့ဟု ပြဿနာထုတ်လေပြီ။

**အာပတ်၏ အပြစ်။** ။သမ္ပဇာနမုသာဝါဒေါ ခေါ-စသော စကားသည် မုသာဝါဒအပြစ်ပြစကား ဖြစ်သည်။ ဤမုသာဝါဒ ဒုက္ကဋ်သည် စိတ်နှလုံးပူပန်ခြင်းကို ဖြစ်စေနိုင်သည်။ ပါမောဇ္ဇ=ဝမ်းမြောက်ခြင်း၊ ပီတိ=ပီတိငါးမျိုးနှစ်သက်ခြင်း၊ ပဿဒ္ဓိ=ကိုယ်စိတ်ငြိမ်းအေးခြင်းစသည်

တို့ကို မဖြစ်အောင် တားသည်။ ပီတိ ပဿဒ္ဓိမဖြစ်လျှင် သမာဓိမဖြစ်။ သမာဓိ မဖြစ်လျှင် ပဋိမဇျာန်စသည် မရ။ အကြား၌ ဝင်၍နေသော ဒုက္ကဋ်ဖြစ်သော ကြောင့် အန္တရာယိကမမည်၏။ (အန္တရ—အကြား၌+အယိက—ဖြစ်သည်။) လူ့ပြည်၊ နတ်ပြည် သုဂတိဘဝ မရောက်အောင်ပင် အန္တရာယ်ပြုသည်။

**တိုက်တွန်းခြင်း။** ။တသ္မာ သရမာနေန–စသောစကားသည် မှုသာဝါဒ အပြစ်လွတ်စိမ့်သောငှာ နည်းကောင်းညွှန်ပြခြင်း၊ တိုက်တွန်းခြင်း ဖြစ်၏။ ဤ၌ မိမိ၌ရှိသောအာပတ်ကို သိသော ရဟန်းသည် သရမာန် မည်၏။ ဂရုကအာပတ်မှထလို၊ လဟုကအာပတ်မှ စင်ကြယ်လိုသော ရဟန်း သည် ဝိသုဒ္ဓါပေက္ခ မည်၏။ ရောက်ပြီးဖြစ်၍ မထသေးသော အာပတ်သည် သန္တိအာပတ္တိ မည်၏။ မုသာဝါဒ အပြစ်အားကြီးလှသောကြောင့် ထိုသို့ မထသေးသော အာပတ်ကိုထင်စွာပြုထိုက်သည်ဟု တိုက်တွန်းရလေသည်။

ထင်စွာပြုနည်းကား—သံဃ၊ ဂဏ၊ ပုဂ္ဂလ တဦးဦးထံ၌—အနီးဆုံးနေသော ရဟန်းထံ၌ပင်ဖြစ်စေ "ငါသည် အာပတ်သို့ ရောက်၏။ ဤဥပုသ်အိမ်မှ ထသော အခါ ကုစားပါအံ့"ဟု ပြောဆိုအပ်၏။ ယုံမှားရှိသူဖြစ်အံ့၊ "ဤအာပတ်၌ ယုံမှား၏။ ယုံမှားကင်းသောအခါ ကုစားပါအံ့"ဟု ပြောဆိုအပ်၏။

**ထင်စွာပြုကျိုး။** ။အာဝိကတာ ဟိဿ-စသည်သည် အကျိုးအာနိသင်ပြ စကားဖြစ်၏။ အာပတ်ထင်စွာပြုသူအား ချမ်းသာခြင်း ဖာသုဖြစ်၏။ ချမ်းသာခြင်းသည် ထင်စွာပြုကျိုးဟူလို။ လူမင်း၊ နတ်မင်း တို့၏စည်းစိမ်ကို ဆိုသောချမ်းသာ မဟုတ်။ ဈာန်မဂ်ဖိုလ်ရခြင်းငှာ ဖြစ်သော ချမ်းသာသည် ဤ၌ ဖာသုမည်၏။ ချမ်းသာခြင်း မည်၏။ စိတ်နှလုံး သာယာ ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်း၊ ပဿဒ္ဓိဖြစ်ခြင်း၊ သမာဓိဖြစ်ခြင်းတို့၏ အစွမ်းဖြင့် သုခါပဋိပဒါပြည့်စုံသည် ဟူလို။ ကမ္မဋ္ဌာန်း အာရုံထင်လွယ်လျှင် သုခါပဋိပဒါ။ ထင်ခဲလျှင် ဒုက္ခာပဋိပဒါ။ ထင်ပြီးနောက် ဈာန်မဂ်ဖိုလ်ရလွယ် လျှင် ခိပ္ပါဘိညာ။ ရခဲလျှင် ဒန္ဓာဘိညာ။

သုခါ-ခိပ္ပါ၊ သုခါ-ဒန္ဓာ၊ ဒုက္ခာ-ခိပ္ပါ၊ ဒုက္ခာ—ဒန္ဓာဟု အကျင့်လေးမျိုး တို့တွင် အာပတ်ထင်စွာပြုလျှင် သုခါပဋိပဒါ ကောချာပြီ။ ခိပ္ပါဘိညာဖြစ်မှု တပုဒ်တဂါထာ ဒေသနာအဆုံး မဂ်ဖိုလ်ရကွယ်လတံ့။

**ဘုရားရှင့်တာဝန်။** ။အာဝိကတာ ဟိဿ ဖာသု ဟောတိ-ဟူသော ဤပါဠိတော်သည် သက်တော်ထင်ရှား ဘုရားရှင်ကိုယ်စား တည်နေ၏။ သင်ချစ်သားတို့အား ဈာန်မဂ်ဖိုလ်ရခြင်းငှာ ငါဘုရား၏ တာဝန်ဟု ပန်ခံချက် ရှိ၏၊ သာဝကတို့တာဝန်ကား—အာပတ်မရောက်စေရခြင်း၊ ရောက်လျှင် ကုစားရခြင်း၊ မကုစားသာလျှင် နိုးရာပုဂ္ဂိုလ်အား ထင်စွာကြားခြင်း များတည်း။ ဤသုံးမျိုးတွင် ထင်စွာကြားခြင်းမျှသည်ပင် အာပတ်မှ မထသေးသော်လည်း အာပတ်မရှိ အသန္တိမည်၏။ အာပတ်စင်ကြယ်သည် မည်၏။ ဆိတ်ဆိတ်ဖြေဆိုခြင်းကြောင့် မုသာဝါဒ မဖြစ်၊ ဒုက္ကဋ်မသင့်။ ပါတိမောက် နာကောင်း၏။ အန္တရာယိကဓမ္မမှ လွတ်၏ဟု တိုက်ရိုက်သိသာ၏။

တွေးဆယူဖွယ် အာနိသင်ကား—အာပတ်ကို သိလျက်မဖုံးသူ၊ ထင်စွာပြုသူသည် သမထ၊ ဝိပဿနာ အားထုတ်ကောင်း၏။ တရားထူး ရစကောင်း၏။ မရလျှင် ဒုတိယဘဝ၌ အပါယ်ပဋိသန္ဓေမရှိ။ အကုသိုလ်အာပတ် သတ္တမဇော စေတနာအစွမ်းတုံ့ပြီ။ အဟောသိကံအဖြစ်သို့ ရောက်သွားပြီ၊ ဤသို့စသည်ဖြင့် အာနိသင်ကို ဉာဏ်ရှိသလောက် ယုံကြည်ရာ၏။

**သောခါနိုး သိက္ခာချသူ။** ။မသိပဲသင့်သော အာပတ်ငယ်များအတွက် သံသယရှိသည့်သူအချို့ သောခါနိုး သိက္ခာချကုန်၏။ အာဝိကရဏပြုခြင်းသည် သာ၍စိတ်ချရ၏။ ပျက်၍စွန့်ရသော အင်္ဂမသိက္ခာကိုပင် နှမြော၍ ဝိပ္ပဋိသာရ ဖြစ်ကြသေးသည် မဟုတ်လော။ ဝဲဂယက်အတွင်း သင်္ဘောမှ ခုန်ဆင်းကာ လက်ပစ်ကူးလျှင် ဇနက္ကလို ပေါလာတွေ့ဖို့ ကိန်းသေဟုတ်ပါအံ့လော။ ယင်းကြောင့် သိက္ခာချရန် မလို၊ ကုစားရန် လိုသည်။ မကုစားသာလျှင် ထင်စွာကြားရန် လိုသည်။ ထာဝရ အာပတ်မသင့်ကြောင်း မိစ္ဆာဇီဝပစ္စည်း၊ နိဿဂ္ဂိပစ္စည်းများလည်း မရှိရန်လိုသည်။

၅။ အနာရောစနာပဋ္ဌဝိမံ ပြီး၏။

## နိဒါနုဒ္ဒေသ နိဂုံး

အာယသ္မန္တော၊ အရှင်တို့။ နိဒါနံ၊ နိဒါန်းကို။ ဥဒ္ဒိဋ္ဌံ ခေါ၊ ပြအပ်ပြီးသည် သာတည်း။ တတ္ထ၊ ထိုနိဒါန်း၌။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပုစ္ဆာမိ၊ ငါမေး၏။ ကစ္စိ၊ အသို့နည်း။ ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ပုစ္ဆာမိ၊ ငါမေး၏။ ကစ္စိ၊ ပရိသုဒ္ဓါ၊ အတ္ထ။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ပုစ္ဆာမိ၊ ကစ္စိ၊ ပရိသုဒ္ဓါ၊ အတ္ထ။ ဧတ္ထ၊ ဤနိဒါန်း၌။ အာယသ္မန္တော၊ အရှင်တို့သည်။ (ယသ္မာ၊ အကြင့်ကြောင့်) ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေခြင်းသည်။ အသိ၊ ဖြစ်ပြီ။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေခြင်းဖြင့်။ ဧတံ၊ ထိုစင်ကြယ်ခြင်းကို။ ဓာရယာမိ၊ ငါသိပါ၏။ ဣတိ၊ ဤသို့သောစကားအစဉ်ဖြင့်။ ပဌမော၊ ရှေးဦးစွာသော။ နိဒါနုဒ္ဒေသော၊ နိဒါန်းပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဤနိဒါန်း၌ သရုပ်အားဖြင့် ပြစရာအာပတ်မရှိ။ ယဿ သိယာ အာပတ္တိ- ဟု ဟောရာ၌ကား အာပတ်ခုနစ်ဘုံလုံးနှင့် ဆက်ဆံ၏။ ထို့ကြောင့် အာပတ် တခုခုရှိသူသည် နိဒါန်းမေးခွန်းအဆုံး၌ ထင်စွာမပြုလျှင် မုသာဝါဒဒုက္ကဋ်သို့ ရောက်၏။ ထိုအာပတ်တို့ကို မဆက်ဆံအောင် ထိုထိုဥဒ္ဒေသ၌ သရုပ်သီးခြား ပြလတံ့။

ဥပုသ်ပြုစဉ် သံဃာ့အလယ်၌ မုသာဝါဒသိက္ခာပုဒ်ကို သိလျက် လွန်ကျူး သော မသူတော်ရဟန်းသည် အလဇ္ဇီဖြစ်လျက် အနာပတ္တိ ဖြစ်ကောင်းအံ့ လော။

ဥပုသ်ပြုစဉ် သံဃာ့အလယ်၌ ပါရာဇိကုဒ္ဒေသ မေးခွန်းအဆုံးတွင် မိမိ၏ ပါရာဇိကအာပတ်ကို ထင်စွာမပြုအံ့ဟု အကြိယသမုဋ္ဌာနမုသာဝါဒကို လွန် ကျူးသော မသူတော်ရဟန်းသည် အလဇ္ဇီဖြစ်လျက် အနာပတ္တိ ဖြစ်စကောင်း ၏။

## သိမ်အကြောင်း သိကောင်းစရာ
## ဗဒ္ဓသိမ်၌ မှတ်ဖွယ်

ပတ္တကလ္လအင်္ဂါလေးပါး၌ ရဟန်းလေးပါး ဟတ္ထပါသ်မစွန့်မူ၍ တသိမ်တည်း၌ တည်ခြင်းဟု ဒုတိယအင်္ဂါကို ဆိုအပ်၏။ ထိုသိမ်သည် ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ် ဟု နှစ်မျိုးပြား၏။ ထိုတွင် သိမ်ပျက် ၁၁-ခု မဖြစ်စေမူ၍ သမ္ပတ္တိသုံးပါးနှင့် ယှဉ်သော နိမိတ်ချင်းစပ်အောင်ပြု၍ သမုတ်သောသိမ်သည် ဗဒ္ဓသိမ်မည်၏။

**သိမ်ပျက်-၁၁-ခု။** ၊ကံကို ပျက်စေတတ်သောသိမ်သည် ဝိပတ္တိသိမ်မည်၏။ အတိခုဒ္ဒကစသည်ဖြင့် ၁၁-ခုရှိ၏။ထိုတွင် ရဟန်းနှစ်ကျိပ်တပါး မစည်းဝေးလောက်သော သိမ်ငယ်သည် အတိခုဒ္ဒကသိမ် မည်၏။ (ငယ်)

သုံးယူဇနာကို ဆံချည်တပင်မျှသော်လည်း လွန်၍ သမုတ်သောသိမ်ကြီးသည် အတိမဟာတီသိမ် မည်၏။ (ကြီး)

နိမိတ်မှစပ် ပြတ်ကျိုးသောသိမ်သည် ခဏ္ဍနိမိတ္တသိမ်မည်၏။ ရှေးဦးစွာ အရှေ့အရပ်၌ နိမိတ်ကြား၍ တောင်၊ အနောက်၊ မြောက်အရပ်တို့၌ အစဉ်အတိုင်းကြား၍ အရှေ့အရပ် ထပ်မကြားလျှင်သော်၎င်း၊ နိမိတ်မလောက်သော နိမိတ်တခုခုကို အရပ်တခု၌ နိမိတ်ကြား၍ သမုတ်လျှင်သော်၎င်း နိမိတ်မစပ်။ (ပြတ်ကျိုး)

တောင်ရိပ် သစ်ရိပ်တခုခုကို နိမိတ်ပြု၍ သမုတ်သောသိမ်သည် ဆာယာနိမိတ္တသိမ် မည်၏။ (ရိပ်မျိုး)

နိမိတ်တခုမျှ မကြားပဲ သမုတ်အံ့၊ အနိမိတ္တသိမ် မည်၏။ (မ)

နိမိတ်အပြည့်အစုံကြား၍ နိမိတ်ပြင်ပ၌နေ၍ သမုတ်အံ့၊ ဗဟိသမ္မုတသိမ် မည်၏။ (ပြင်)

မြစ်၌၎င်း၊ သမုဒ္ဒရာ၌၎င်း၊ ဇာတဿရ၌၎င်း သမုတ်အံ့၊ နဒီသမ္မုတသိမ်၊ သမုဒ္ဒသမ္မုတသိမ်၊ ဇာတဿရသမ္မုတသိမ် မည်၏။ သမုတ်သော်လည်း ဤသုံးခု ဗဒ္ဓသိမ် မဖြစ်။ (ပင်လယ်၊ အိုင်၊ မြစ်)

**သမုတ်ပြီးသော သိမ်တခုကိုစပ်၍ သမုတ်အံ့၊ သမ္ဘိန္နသိမ် မည်၏။**စပ်ပုံကား-သပြေပင်နှင့် သရက်ကိုင်းခက် ရောယှက်လျက်ရှိရာ၊သပြေကို သိမ်တွင်းထားကာ သရက်ကို နိမိတ်ကြား၍ ပဌမသိမ်သစ်ကို သမုတ်ထား၏။ ထို့နောက် ကျောင်းသစ်တည်ကြသော ရဟန်းတို့သည် မိမိတို့သိမ်သစ်ကို သမုတ်သောအခါ ထို သရက်ကို သိမ်တွင်းထား၍ ထိုသပြေကို နိမိတ်ကြားအံ့၊ သိမ်ချင်းစပ်သည် မည်၏။ ¦နောက်သိမ် ပျက်၏။

သမုတ်ပြီးသော သိမ်ကိုလွှမ်း၍ အလုံးစုံဖြစ်စေ၊ တစိတ်ဖြစ်စေ အတွင်းပြု၍ သမုတ်အံ့၊ အဇ္ဈောတ္ထရိတသိမ် မည်၏။ နောက်သိမ် ပျက်၏။ (လွှမ်း)

သံဃာလေးပါးထိုင်၍ ကံပြုလောက်သော နေရာမျှသွင်းလျှင် လွှမ်းသည် မည်၏။ လေးပါး မထိုင်လောက်လျှင် စပ်သည်မည်၏။ ဤ ၁၁-မျိုး မဖြစ်စေရ။

> ငယ်၊ ကြီး၊ ပြတ်ကျိုး (၃)။ ရိပ်မျိုး၊ မ၊ ပြင်(၃)။ ပင်လယ်၊
> အိုင်၊ မြစ်၊(၃)။ လွှမ်း၊ စပ်-လစ်(၂)။ဆဲ့တစ်သိမ်ပျက်တည်း။

**နိမိတ္တသမ္ပတ္တိ။** ။သမ္ပတ္တိသုံးပါးကား နိမိတ္တသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိတည်း။ ထိုတွင် နိမိတ်သည် ပဗ္ဗတော=တောင်၊ ပါသာဏော=ကျောက်၊ ဝနံ=တော၊ ရုက္ခော=သစ်ပင်၊ မဂ္ဂေါ=လမ်းခရီး၊ ဝမ္မိကော=တောင်ပို့၊ နဒီ=မြစ်၊ ဥဒကံ=ရေ၊ ဤသို့ ရှစ်ပါးရှိ၏။ ထို ရှစ်ပါးတို့တွင် ထိုထိုအရပ်၌ ရရာ လုံလောက်သော နိမိတ်တို့ကို "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"ဟုမေး၍ "ပဗ္ဗတော ဘန္တေ" စသည်ဖြင့် ဖြေဆိုသောအခါ "ဧသော ပဗ္ဗတော နိမိတ္တံ" စသည်ဖြင့် နိမိတ်ကို ပြောကြားအပ်၏။ ဤသို့ နိမိတ်ကြား၍ သမုတ်သောသိမ်သည် နိမိတ္တသမ္ပတ္တိနှင့် ယှဉ်သည် မည်၏။ "ပဗ္ဗတော ဘန္တေ" စသည်ဖြင့် တကာ၊ တကာမ ဖြေဆိုလျှင်လည်း အပြစ်မရှိ၊ ဖြေဆိုနိုင်၏။

> တောင်၊ ကျောက်၊ တော၊ သစ် (၄)။ ခါ၊ ပို့၊ မြစ်၊ ရေ(၄)။
> ဤ ရှစ်ထွေ- မှတ်လေသိမ်နိမိတ်။

တောင်နိမိတ်။ ။ထိုတွင် တောင်သည် မြေတောင်၊ ကျောက်တောင်၊ မြေကျောက်ရောသောတောင်ဟူ၍ သုံးမျိုးရှိ၏။ ခုနစ်တောင့်

ထွာမျှ ဆင်ပမာဏအောက် မငယ်လျှင် သုံးမျိုးလုံး **တောင်နိမိတ်လောက်၏**။ ထိုအောက်ငယ်လျှင် မအပ်။

**ကျောက်**။ ။သံတွေ ခဲသည်လည်း **ကျောက်မည်၏**။ မည်သည့်ကျောက်မဆို၊ ယခင် ဆင်ပမာဏအောက်ငယ်၍ ၃၂-ပိုလ် တင်လဲခဲ ပမာဏ ရှိလျှင် ကျောက်နိမိတ်လောက်၏။ ထိုအောက်ငယ်လျှင် မအပ်။ အုတ်ခဲလည်း မအပ်၊ ကျောက်ဖျာကား ကြီးလွန်းသော်လည်း အပ်၏။

**၃၂-ပိုလ်**။ ။ကင်္ခါ ဋီကာသစ်၌ ကော် ပလံ နာမ ဒသကဋ္ဌ တခုဟုဆိုသည်။ ထို့ကြောင့် ဒသကဋ္ဌ-တပိုလ်သည် ရွေးငယ် ၃၂၀-ဖြစ်၏။ ကပ္ပဒ္ဒုမကျမ်း၌ ရွေးငယ်ရှစ်ဆယ်သည် တကျပ်ဟု ဆိုသည်။ ထို့ကြောင့် ရွေးငယ် ၃၂၀-သည် လေးကျပ်-တပိုလ်ဖြစ်၏။ မိုင်ခိုင်းဆရာတော်ကြီးကား မာဂမ ကျပ်ချိန်အားဖြင့် ၁၂၈-လောက်၊ အင်္ဂလိပ်ဒင်္ဂါး ၁၆၀-လောက်၊ မြန်မာ ချိန် ၁၁၂။ ၇-မူး၊ ၃-ရွေးလောက် အချိန်ရှိသော တင်လဲခဲအနေ **ပမာဏတူ** ကျောက်ခဲသည် ကျောက်နိမိတ်လောက်၏ဟု ဆုံးဖြတ်တော်မူသည်။

**တော**။ ။တော၌ အတွင်းအနှစ်ရှိသော သစ်ပင်မျိုး လေးငါးပင်မျှသည် တောနိမိတ် **လောက်၏**။ အတွင်းအနှစ်ရှိ သစ်ပင်မျိုးများသော် လေးငါးပင်လည်း တောနိမိတ်လောက်၏။ လေးပင်မျှရှိသော တောဖြစ်မူ အနှစ်ပင် သုံးပင် ရှိရမည်။ ထိုအောက် နည်းလျှင် မအပ်။ ထန်းပင်၊ အုန်းပင် တို့ကား အပ၌ အနှစ်ရှိကုန်၏။ မယူအပ်ကုန်။ (ကင်္ခါဋီကာ၌ အနှစ်ပင် သုံး ပင်၊ ဝိမတိဋီကာ၌ လေးပင် ပြသည်။)

**သစ်ပင်**။ ။သစ်ပင်၌—အယုတ်ဆုံး အမြင့်ရှစ်သစ်၊ လုံးပတ် သီဟိုဠ်ကညစ် ရိုးခန့် (ဝါ) လက်သန်းခန့်ရှိ၍ စိမ်းရှင်လျက် မြေ၌တည်သော အတွင်းအနှစ်ရှိ သစ်ပင်မျိုးသည် **သစ်ပင်နိမိတ်လောက်၏**။ ထိုအောက်ငယ် လျှင် မအပ်။

**ခရီး**။ ။ခရီး၌—ဂါမခေတ် နှစ်ခု သုံးတို့သို့ ရောက်သော ခြေလမ်းခရီး၊ လှည်းလမ်းခရီးသည် ကုန်သည်တို့ အသုံးပြုလျှင် ခရီးနိမိတ်လောက် ၏။ မသုံးသောခရီး မအပ်။

**တောင်ပို့**။ ။တောင်ပို့၌—အမြင့်ရှစ်သစ်၊ လုံးပတ် နွားဦးချိုမျှ ရှိသော တောင်ပို့သည် ယနေ့ပေါက် ဖြစ်စေကာမူ တောင်ပို့နိမိတ် လောက်၏။ ထိုအောက်ငယ်လျှင် မအပ်။

**မြစ်**။ ။မြစ်၌—လခွဲဟိုင်း၊ ဆယ်ရက်ဟိုင်း၊ ငါးရက်တိုင်း မိုးရွာလျက် မိုးဥတု လေးလအတွင်း ရေအလျဉ်ပြတ်လျှင် မြစ်မမည်။ မိုးလေ လေ ရေအလျဉ်မပြတ်မူ၍ ဘိက္ခုနီမ ဖြတ်ကူးလျှင် အဝန်းသုံးပါး ပို့လွှမ်းသော သင်းပိုင် တသစ်နှစ်သစ်ခန့် စွတ်သော မြစ်သည် မြစ်နိမိတ်လောက်၏။ သမုဒ္ဒရာသို့ စီးသော်၎င်း၊ တဖက်ဆည်းကန်သို့ စီးသော်၎င်း အမှန်အစမှစ၍ မြစ်မည်၏။ ထိုသို့မဟုတ်သောမြစ် မအပ်။ ဤ၌ ဘိက္ခုနီမသင်းပိုင် ကသစ်နှစ်သစ်ဟု ဆိုခြင်း၌ကား ဘိက္ခုနီပါတိမောက်၌ နဒီ ပါရံ ဂစ္ဆေယျ တွင် နဒီလက္ခဏာ အစစ္စာ ဟောသောကြောင့်တည်း။

**ရေ**။ ။ရေ၌—တွင်း၊ ကန်၊ ထုံးအိုင်၊ သမုဒ္ဒရာစသည်၌ တည်သော မစီးသော ရေသည် ရေနိမိတ်လောက်၏။ အယုတ်ဆုံး ထိုခဏတူးသော တွင်းငယ်၌ လောင်းထည့်သော ရေဖြစ်စေ၊ ကလေးကစားသောတွင်း၊ ဝက်တူးတွင်းဖြစ်စေ ကမ္မဝါစာဆုံးအောင် ရေတည်လျှင် နိမိတ်လောက်၏။ ထိုမျှ မတည်သောရေ၊ စီးသောရေ၊ အိုးခွက်၌ တည်သောရေတို့ကား မအပ်ကုန်။

**မြေအက် ဖာထေးခြင်း**။ ။ထိုခဏတူးသောတွင်း၌ ရေတည်အောင် မြေအက် မြေပေါက် ဖာထေးလျှင် အိုးခွက်နှင့် အလားတူ၍ မအပ်ဟု အချို့ သံသယစကား ဆိုကုန်၏။ ဝိနည်းဓရာ သံသယဖြစ်တတ်ခြင်းသည် ကောင်း၏။ အဋ္ဌကထာကြီး၌ ရေစီးသော မြစ်၌ ဆည်ဖို့လျှင် ရေစီး ရပ်သော နေရာကို ရေနိမိတ်ကြားအပ်၏။ မြစ်နိမိတ် မကြားအပ်ဟု ဆိုသည်။ အိုးခွက်ကြီးအလားတူ၍ မအပ်ဟု မဆို။ ဟိုကြောင့် "စီးယိုသောရေ တည်အောင် ဖာထေးခြင်း၌ ရေနိမိတ်ပျက်အံ့"ဟူသော သံသယကို "ဆည်ဖို့လျှင် ရေစီးရပ်သောနေရာကို ရေနိမိတ်ကြားအပ်၏"ဟူသော သန္နိဋ္ဌာန်ဖြင့် ငြိမ်းစေရာ၏။ သံသယမငြိမ်းလျှင် ဓမ္မဝိနယဓရာဟူသမျှပင် မပြုကောင်း။ ကလေးကစားသော တွင်း၊ ဝက်တူးတွင်းတို့၌ "သူငယ်တို့၊ ဝက်တို့ ဖနှောင့်ဖြင့် လှည့်ကာ ဖာထေးရာ၏"ဟု သံသယရှိလျှင် အဋ္ဌကထာကို လွန်ရာကျလတံ့။

**ပရိသာသမ္မုတ္တိ။** ။ပရိသာသမ္မုတ္တိဋ္ဌ—အယုတ်ဆုံး ရဟန်းလေးပါး စည်းဝေးပြီးလျှင် ထိုသိမ်သမုတ်လိုသော ဂါမခေတ်၊ ဝိသုံဂါမခေတ် အတွင်းရှိ ရဟန်းတို့ကို တပါးမကျန် ဟတ္ထပါသ်ဆောင်၍ (ဝါ) ဆန္ဒဆောင်၍ (ဝါ) ဗဒ္ဓသိမ်၊ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရတို့ဋ္ဌသာ နေစေ၍ သမုတ်သောသိမ်သည် ပရိသာသမ္မုတ္တိနှင့် ယှဉ်သည် မည်၏။

**ကမ္မဝါစာသမ္မုတ္တိ။** ။ကမ္မဝါစာသမ္မုတ္တိဋ္ဌ—သုဏာတု မေ ဘန္တေ သံဃော— စသော ဉတ္တိဒုတိယကမ္မဝါစာဖြင့် သန့်ရှင်းစွာ သံဃာသိအောင်ပြု၍ သမုတ်သောသိမ်သည် ကမ္မဝါစာသမ္မုတ္တိနှင့် ယှဉ်သည် မည်၏။

ဤသို့လျှင် သိမ်ပျက် ၁၁-ခု မဖြစ်စေမူ၍ သမ္မုတ္တိသုံးပါးနှင့် ယှဉ်သော နိမိတ်ချင်းစပ်အောင်ပြု၍ သမုတ်သောသိမ်သည် ဗဒ္ဓသိမ် မည်၏။ သမာနသံဝါသသိမ်လည်း မည်၏။ အဝိပ္ပဝါသကမ္မဝါစာဖြင့် ထပ်သမုတ်လျှင် အဝိပ္ပဝါသသိမ်လည်း မည်၏။ ငယ်လျှင် ခဏ္ဍသိမ်၊ ကြီးလျှင် မဟာသိမ်လည်း မည်၏။ ပမာဏ မပြ၊ နှစ်ကျိပ်တပါး စည်းဝေးလောက်ရာနှင့် သုံးယူဇနာတို့၏ အကြားသာတည်း။

ဗဒ္ဓသိမ် ပြီး၏။

---

## အဗဒ္ဓသိမ်ဋ္ဌ မှတ်ဖွယ်

**ဂါမသိမ်။** ။အဗဒ္ဓသိမ်သည် ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ် ဟု သုံးမျိုးပြား၏။ ထိုတွင် ဂါမခေတ်တခုသည် ဂါမသိမ်တခု မည်၏။ ရွာတရွာဖြစ်စေ၊ အများဖြစ်စေ အကျယ်အဝန်းရှိသမျှ ရွာစားသူကြီး တပိုင်ကို (အပိုင်မပေးသော်လည်း) ဂါမခေတ်တခု ခေါ်သည်။

ထိုဂါမခေတ်မှ ရွာစားတဦးအား သီးခြားအောင် အစိုးရမင်းတို့ ခွဲပေးသော ဂါမခေတ်ငယ်သည် ဝိသုံဂါမ မည်၏။ ၎င်းလည်း ဂါမသိမ်တခုပင်တည်း။ မသမုတ်မီ အဗဒ္ဓသိမ်၊ သမုတ်ပြီးလျှင် ဗဒ္ဓသိမ် ဖြစ်၏။ အစိုးရမင်းတို့

ခွဲပေးခြင်းသည် အပိုင်ပေးဟုတ်၏လောဟု မေးမြန်းတတ်ကုန်၏။ သူကြီးတပိုင် ဂါမခေတ်လည်း သူကြီးအား အပိုင်ပေးသည် မဟုတ်၊ အခွန်သီးခြားရဲ၊ အာဏာ သီးခြားရှိသာ ခွဲပေးခြင်းဖြစ်သည်။

**သတ္တဗ္ဗန္တရသိမ်။** ။ရွာမနီးသော တောအုပ်၌ ဝန်းကျင် ခုနစ်အဗ္ဗန္တရသည် သတ္တဗ္ဗန္တရသိမ် မည်၏။ ထိုနေရာမျိုးကို ဝိဇ္ဈာဋဝိတော အုပ် စသည်၌၎င်း၊ သမုဒ္ဒရာအလယ် တံငါတို့ နှေချင်းမပြန်နိုင်သော ကျွန်းငယ် တို့၌၎င်း ရအပ်၏။ ဝန်းကျင် ခုနစ်အဗ္ဗန္တရသည် ထုတ်ချင်း တဆယ့်လေး အဗ္ဗန္တ ရဖြစ်၏။ အဗ္ဗန္တရတခုသည် ၂၈–တောင်ပမာဏ ရှိ၏။ ခုနစ်အဗ္ဗန္တရသည် ၁၉၆-တောင်၊ ဝန်းကျင် ၃၉၂-တောင် (ဝါ) အလံတရာ နီးပါးတည်း။ ဤသိမ်သည် ပရိသတ်စွမ်းဖြင့် ကျယ်ပွား၏။ ထို့ကြောင့် ဝန်းကျင် ပရိသတ် စွန်မှစ၍ အဗ္ဗန္တရကို ပိုင်းခြားအပ်၏။သံဃာနှစ်ဖွဲ့ ဥပုသ်ကံ စသည်ကို အသီးသီး ပြုလျှင် သတ္တဗ္ဗန္တရ နှစ်ခုတို့၏အကြား၌ သတ္တဗ္ဗန္တရတခုကို ဥပစာရအလို့ငှာ ချန်ထားအပ်၏။

**ဥဒကုက္ခေပသိမ်။** ။မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရတို့၌ ခွန်အား အလတ်စား ရှိသော ယောကျ်ား၏ ဝန်းကျင်ရေတကျအတွင်းသည် ဥဒကုက္ခေပသိမ် မည်၏။ ဗဒ္ဓသိမ်ကား မဖြစ်ကောင်း။

ဤ၌ သိမ်နိမိတ် ကြားလောက်သော မြစ်သည် မြစ်မည်၏။ သမုဒ္ဒရာကား ထင်ရှား၏။ တစုံတယောက်မတူးပဲ အလိုလိုဖြစ်သော ထုံးအိုင်သည် ဇာတဿရ မည်၏။ ဤဇာတဿရလည်း ဆဲ့ငါးရက်တိုင်း ဆယ်ရက်တိုင်း ငါးရက်တိုင်း မိုးရွာသော မိုးဥတု၌ ရေတည်မှ အပ်သည်။ မြစ်၊ သမုဒ္ဒရာတို့ကို ဖောက်ခွဲ၍ ထွက်လာသော ရေဖြင့် ရေစားသော ထုံးအိုင်သည်လည်း ဇာတဿရသာ တည်း။

ရေတကျ။ ။ထိုမြစ် စသည်တို့၌ ရေဘကျ ဟူသည်ကား ကြွေအံကြူးသူတို့ အန်စာပစ်သကဲ့သို့ ရေကိုဖြစ်စေ၊ သဲကိုဖြစ်စေ လက်ဖြင့်ယူ၍ ခွန်အားအလတ်စား ယောကျ်ားသည် အားကုန်ပစ်အပ်၏။ (ဝါ) ပစ်သည် ဖြစ်အံ့၊ ထိုရေ၊ ထိုသဲကျရာ အရပ်သည် ဥဒကုက္ခေပသိမ် မည်၏။ အချို့ကား

ရေသဲပစ်မှ သိမ်ဖြစ်သည်ဟု မှတ်ယူစွဲလမ်းကုန်၏။ အဋ္ဌကထာကြီး၌ "လှေ့သွားစဉ် ကံဆောင်အံ့၊ သိမ်တခု၌ ဥ တ်၊ သိမ်တခု၌ ကမ္မဝါစာဖြစ်၍ မအပ်"ဟု ဆိုသည်။ လှေသွားစဉ် ရေသဲပစ်သူထား၍ မပြတ်ပစ်လေသလော။ ပစ်သည်မဟုတ်။ ထို့ကြောင့် ပစ်သော်ငြားငြင်း၊ မပစ်သော်ငြင်း ကျလောက်ရာ အတွင်းသည် ရေတကျမည်၏။

**ဇာတဿရပျက်ပုံ။** ။ဥဒကုက္ခေပသိမ်ကို မြစ် စသည်တို့၏ အတွင်း၌သာ ရသည်။ ထို့ကြောင့် မြစ်၌ငြင်း၊ ဇာတဿရ၌ငြင်း မိုးအခါနှိမ့်ရှာသည့် မိုးလေးလပတ်လုံး ရေလွှမ်းရာအရပ်သာလျှင် ကပ္ပိယဘူမိမည်၏။ သမုဒ္ဒရာ၌ ပကတိ လှိုင်း တံပိုး သက်ဆင်း၍တည်ရာအရပ်သာ ကပ္ပိယဘူမိ မည်၏။ ထို၌သာတည်၍ ကံဆောင်ရသည်။ မိုးခေါင်သောအခါ၊ နွေအခါတို့၌ ရေခန်းခြောက်သော်လည်း ကပ္ပိယဘူမိသာတည်း။ ခန်းခြောက်သော ဇာတဿရ၌ ရေအလို့ငှာ တူးကုန်အံ့၊ ဗူး ဖရုံ စသည် စိုက်ကုန်အံ့၊ ထိုတူးရာ စိုက်ရာသည် ဂါမခေတ် ဖြစ်၏။ ဇာတဿရ ပျက်၏။ မတူးရာ မစိုက်ရာကား ကပ္ပိယဘူမိသာတည်း။ အချို့ကား သိမ်ကျောင်းတိုင်စိုက်ရန် တူးခြင်းကို သံသယရှိ၍ တိုင်ချွန်ပြီး ရိုက်သွင်းကြသည် ဟူ၏။ ရေတွင်းတူးမှ ပျက်သည်ဟု သိအပ်၏။ ပရိယတ် အလေ့အလာနည်းလျှင် ဤနည်းမျိုး ကျင့်မိလွယ်၏။

**ဥပစာချန်ရခြင်း။** ။ဥဒကုက္ခေပသိမ်သည် ကပ္ပိယဘူမိ အတွင်း၌သာ ရောက်သည်။ ထိုအတွင်း၌ ပရိသတ်အစွန်မှစ၍ ဝန်းကျင် ၆ တကျ ပိုင်းရသည်။ သံဃာနှစ်ဖွဲ့ အသီးသီး ကံဆောင်လျှင် ဥဒကုက္ခေပ နှစ်ခုတို့၏ အကြား၌ ဥဒကုက္ခေပတခုကို ဥပစာအလို့ငှာ ချန်ရသည်။ သတ္တဗ္ဘန္တရနှင့် ဥဒကုက္ခေပ နှစ်ခု၌ ပရိသတ်အများ အနည်းစွမ်းဖြင့် သိမ်အတိုးအဆုတ် ရှိသည်။ သိမ်ချင်း မရောယှက်စေခြင်းငှာ ဥပစာချန်ရသည်။ ရဟန်းတို့တည်ရာ အစွန်မှစ၍ ပိုင်းခြားရသည်။ ထိုအပိုင်းအခြားအတွင်း ဟတ္ထပါသ်စွန့်သော ရဟန်းသည် ကံကိုပျက်စေ၏။ ပြင်ပ၌ ထိုမျှသောအပိုင်းအခြားကို မစွန့်သော ရဟန်းသည်လည်း ကံကိုပျက်စေ၏။ ဤဆိုပြီးသော ဗဒ္ဓ၊ အဗဒ္ဓသိမ် နှစ်ရပ်ကိုရည်၍ ဟတ္ထပါသ် မစွန့်ပဲ တသိမ်တည်း တည်ခြင်းဟူသော ပတ္တကလ္လအင်္ဂါကို မိန့်ဆိုသည်။

**သိမ်စပ်အမျိုးမျိုး။** ။ဗဒ္ဓသိမ်ချင်း နီးနီး၊ ဝေးဝေး မစပ်ကောင်း။ သစ်ကိုင်း သစ်မြစ် စသည်တို့ဖြင့် စပ်သည်ဖြစ်အံ့၊ သိမ်တခု၌ ရဟန်းရှိစဉ် သိမ်တခု၌ ကံမဆောင်အပ်။ မြေ၌မြုပ်လျက် စပ်ခြင်းသည် မြေအလားတူ ဖြစ်၏၊ အပ်သည်။ အုတ်အင်္ဂတေ စပ်ခြင်းသည် မြေပင်ဖြစ်၏၊ အပ်သည်။ ဗဒ္ဓနှင့် ဂါမ စပ်ခြင်းသည် နိဿယ နိဿိတ စပ်နေကျ ဖြစ်၏၊ အပ်သည်။ အချို့ကား–"ပင်ကိုယ်စပ် မအပ်၊ လူတို့ပြုလုပ်သော စပ်ခြင်းကား အပ်သည်"ဟု ဆိုကုန်၏။အဋ္ဌကထာ၌ မြစ်၌လှေကို ကုန်း၌ပေါက်သော သစ်ပင် သစ်မြစ်တွင်ချည်၍ ကံပြုလျှင် မအပ်ဟု ဆို၏။ ထိုစကားဖြင့် ပယ်အပ်၏။

မစပ်ကောင်းသော သိမ်စပ်တို့ကား—ဥဒကုက္ခေပနှင့် ဥဒကုက္ခေပ၊ သတ္တဗ္ဘန္တရ၊ ဗဒ္ဓ၊ ဂါမ-(ဥ ဥ၊ ဥ သတ်၊ ဥ ဗဒ်၊ ဥ ဂါ)လေးမျိုး မစပ်ကောင်း။ ဗဒ္ဓနှင့် ဗဒ္ဓ၊ သတ္တဗ္ဘန္တရ-(ဗဒ်ဗဒ်၊ ဗဒ်သတ်) နှစ်မျိုး မစပ်ကောင်း။ သတ္တဗ္ဘန္တရနှင့် သတ္တဗ္ဘန္တရ၊ ဂါမ–(သတ် သတ်၊ သတ် ဂါ) နှစ်မျိုး မစပ်ကောင်း။ ဤသို့ ရှစ်မျိုးရှိကုန်၏။

စပ်ကောင်းသော သိမ်စပ်တို့ကား-ဂါမနှင့် ဂါမ၊ဗဒ္ဓ-(ဂါ ဂါ၊ ဂါ ဗဒ်) နှစ်မျိုး စပ်ကောင်းကုန်၏။

ဂါ ဂါ၊ ဂါ ဗဒ် (၂)။ ဤနှစ်ရပ်·စပ်အပ်သိမ်သဘော။
မစပ်ကောင်းတွင်–ရှစ်ခုဝင် (၈)-ရှာလျှင် တွေ့စေသော။

(ဝိမတိဝိနောဒနီဋီကာ၌ ဂါမ၊ အရည၊ နဒီ၊ သမုဒ္ဒ၊ ဇာတဿရ-ဟု နိဿယသိမ် ငါးလုံး။ ဗဒ္ဓ၊ သတ္တဗ္ဘန္တရ၊ ဥဒကုက္ခေပ-ဟု နိဿိတသိမ် သုံးလုံး။ ထိုရှစ်လုံးတို့တွင် နိဿယငါးလုံး၌ နိဿိတ အပေါင်းငါးမျိုး အပြစ်မရှိ။ ၁+၁+၁+၁+၁+ပေါင်း ၅-ဖြစ်အောင် ဝဲ့ကောက်ရမည်။ နိဿယချင်း အစပ် ၁၅-မျိုး အပြစ်မရှိ။ ၅+၄+၃+၂+၁-ပေါင်း ၁၅-ဖြစ်အောင် စက်လှည့်ရမည်။ နိဿိတချင်း အစပ်ခြောက်မျိုး မအပ်။ ၃+၂+၁=ပေါင်း ၆–ဖြစ်စေရမည်။ နိဿယတပါး ကျော်စပ်သော အစပ်ဆယ်မျိုး မအပ်။ ဗဒ္ဓ မဂ္ဂိ-၄။ သတ္တ မဂ္ဂိ-၄။ ဥဒ မဂ္ဂိ-၂။ ပေါင်း ၁၀-ဖြစ်စေရမည်။ ဤသို့ အကျယ်ဝေဖန်၏။ စက်လှည့်၍ စပ်လျှင် ရှစ်ရှစ်လီ ၆၄-စပ်။ အတူ ၂၈-ဖယ်လျှင် ၃၆ စပ်သော ရှိသည်။)

မှီရာငါးရင်—မှီခိုတတ်—ငါးစပ်အပ်သလို။
မှီရာချင်းအား-မှီစပ်ငြား-ဆဲ့ငါးပြင်မဆို။
မှီတက်ချင်းသာ-စပ်တုံပါ-ခြောက်ဖြာအပြစ်ဆို။
မှီရာတပါး-ကျော်စပ်ငြား-ဆယ်ပါးအပြစ်ဆို။

နိဒါနုဒ္ဒေသ အရသာ ပြီး၏။

---

## ပညတ်ကျိုး ဆယ်ပါး

မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်ခြင်းသည် နှိပ်စက်၍ အာဏာပြ၍ ပညတ်သည်ဟု မရှိ။

၁။ သုဋ္ဌု ဘန္တေ=ကောင်းပါပြီ၊ ကျင့်ပါမည်ဘုရားဟု ဝန်ခံနိုင်စေခြင်းငှာ

၂။ သံဃာအား ချမ်းသာသုခ ခိုင်မြဲစေခြင်းငှာ၊

၃။ အလဇ္ဇီကို နှိပ်ခြင်းငှာ၊

၄။ လဇ္ဇီကို ကျင့်စရာလွယ်ကူစွာဖြင့် ချီးမြှောက်ခြင်းငှာ၊

၅။ ကိုယ်ပန်းစိတ်နောက် မျက်မှောက်အာသဝ ပယ်ခြင်းငှာ၊

၆။ အပါယ်လေးတန် တမလွန်အာသဝ တားခြင်းငှာ၊

၇။ မကြည်ညိုသူ ကြည်ညိုစေခြင်းငှာ၊

၈။ ကြည်ညိုသူ လွန်စွာ ကြည်ညိုစေခြင်းငှာ၊

၉။ ပရိယတ်၊ ပဋိပတ်၊ အဓိဂမ-ဟူသော သာသနာ သုံးပါးကို တည်တံ့နိုင်စေခြင်းငှာ၊

၁၀။ သံဝရဝိနည်း၊ ပဟာနဝိနည်း၊ သမထဝိနည်း၊ ပညတ္တိဝိနည်း-ဟူသော ဝိနည်းလေးပါးကို ချီးမြှောက်ခြင်းငှာ

ထိုထိုသိက္ခာပုဒ်ကို အကျိုးဆယ်မျိုး ရှုယ်ကိုးပညတ်တော်မူသတည်း။

၁။ သုဋ္ဌု ဘန္တေ-ဝန်ခံစေငှာ (၁)။ ချမ်းသာမြဲခိုင် (၁)။ နှိမ်နိုင်အလဇ္ဇီ (၁)။ လဇ္ဇီကျင့်လွယ် (၁)။ ဘေး-နှစ်သွယ်လွင့် (၂)။ ကြည်ညို၊ ဆင့်ပွား (၂)။ သုံးပါးသဒ္ဓမ္မ-တည်ရအပြီး (၁)။ လေးဝိနည်းဖြိုး (၁)။ ကျိုးဆယ်မျိုး-ရှယ်ကိုးပညတ်တော်မူသတည်း။

၂။ စိတ်ပန်းဒဏ်ဆွယ် (၁)။ လား အပါယ် (၁)-နှစ်သွယ်ဘေး အာသဝ။

၃။ ယတ်၊ ပတ်၊ အဓိ (၃)။ တိသာသနာ-တည်ထိုက်စွာ-သုံးဖြာသဒ္ဓမ္မ။

၄။ သံဝရ၊ ပဟာန်၊ သမထ၊ ပညတ် (၄)-ချီးမြှောက်အပ်-လေ့ရပ်ဝိနည်းတည်း။

၅။ သီလ၊ သတိ (၂)။ ခန္တီ၊ ဉာဏ (၂)။ ဝီရိယသည်း (၁)။ ငါးစောင့်စည်း ဝိနည်းသံဝရ။

၆။ တဒင်၊ ဝိက္ခမ် (၂)။ မုစ္ဆေဒံ၊ ပဋိ (၂)။ နိဿရဏ (၁)။ ပါပပယ်နည်း—ငါးပါးလည်း-ဝိနည်းပဟာန။

၇။ ဓိကရဏ်းငြိမ်းနည်း-ခုနစ်နည်း (၇)။ ဝိနည်းသမထ။

၈။ သိက္ခာပုဒ်သီး-ပညတ်ပြီး (၂၂၇)။ ဝိနည်းပညတ္တိ။

# ပါရာဇိကုဒ္ဒေသ

တတြ၊ ထိုပါတိမောက်၌။ (ငါပြမည်ဟု ဆိုခဲ့သော သံဃာပြ ပါတိမောက် ဟူလို။) စတ္တာရော၊ လေးပါးကုန်သော။ ပါရာဇိကာ၊ ပါရာဇိက အမည် ရှိကုန်သော။ ဣမေ ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဝါ၊ ဤအာပတ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

အဓိပ္ပာယ်။ ။နိဒါန်း၌ ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ—ဟု ငါဆိုခဲ့ခြင်းသည် အာပတ်ခုနစ်ပါးလုံးနှင့် ဆက်ဆံ၏။ ယခုကား သံဃာဒိသိသ် စသည်မဖက် ပါရာဇိကချည်း သက်သက် ဖြစ်၏။ တခုစီ သရုပ်ထုတ်၍ ရွတ်ပြမည်၊ ဆိုပြမည်ဟု သိမ်တွင်း၌ စည်းဝေးသော သံဃာကို သိစေသော စကားဖြစ်သည်။ ပြအပ်သည်ကား သိက္ခာပုဒ်တို့။ အဖြစ်ကား ရွတ်ပြခံရခြင်း ကြိယာဘာဝ။ သိက္ခာပုဒ်တို့သည် ရွတ်ပြခံရခြင်းသို့ ရောက်ကုန်၏ဟု စကားတန်ဆာဆင်သည်။

## ၁။ မေထုန သိက္ခာပုဒ်

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သိက္ခာသာဇီဝသမာပန္နော၊ သိက္ခာသာဇီဝသို့ ရောက်လျက်။ သိက္ခံ၊ သိက္ခာကို။ အပစ္စက္ခာယ၊ မချမူ၍။ ဒုဗ္ဗလျံ၊ သာဇီဝ၌ အားနည်းခြင်းကို။ အနာဝိကတွာ၊ ထင်စွာမပြုမူ၍။ မေထုနံ ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မ၌ သော်လည်း။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပါရာဇိကော၊

ပါရာဇိကအာပတ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ အသံဝါသော၊ အတူ ပေါင်းဖော်ခြင်း မရှိသောသူသည်။ ဟောတိ၊ ဖြစ်၏။

**ယော ပန ဘိက္ခု။** ။ဤသိက္ခာပုဒ်၌—မည်း၊ ဖြူ၊ ဆူ၊ ကြုံ၊ နိမ့်၊ မြင့်၊ ဝါကြီး၊ ဝါငယ်စသည်ဖြင့် အမှတ်မရှိ အလုံးစုံသည် အကြင်မည်၏။ပန-ကား အနက်ထူး မရှိ၊ ရွတ်လွယ်စေခြင်းငှာ ပုဒ်တန်ဆာဆင်ခြင်းတည်း။ ဥတ္တိစတုတ္ထကံဆောင် ရဟန်းသည် ဤသိက္ခာပုဒ်၌ အာပတ်သင့်နိုင်သော ရဟန်း မည်၏။

**သိက္ခာသာဇီဝ။** ။အဓိသီလသည် သိက္ခာ မည်၏။ ရဟန်းတို့၏ ကိုယ်နှုတ်စောင့်စည်းခြင်း ဟူလို။ ပညတ်တော် သိက္ခာပုဒ်အပေါင်းသည် သာဇီဝ မည်၏။ အတူသီလ အသက်ရှင်ရာ သဘောတူရာ အရပ်ဟူလို။ ကုဋေ ကိုးထောင့်တရာ့ရှစ်ဆယ့်ငါးသန်း သုံးသောင်း ခြောက်ထောင် အတိုင်းအရှည်ရှိ၏။သိက္ခာ၊သာဇီဝနှစ်ပါး၌ ကျင့်သူသည် သိက္ခာသာဇီဝသို့ရောက်သည် မည်၏။ ကျင့်ပုံကား အဓိသီလ ဟူသော စောင့်စည်းခြင်းကိုလည်း ပြည့်စုံအောင် ဖြည့်ကျင့်ရသည်။ သိက္ခာပုဒ်အပေါင်းကိုလည်း မလွန်ကျူးရ။

ဗုဒ္ဓံ ပစ္စက္ခာမိ၊ သာမဏေရောတိ မံ ဓာရေဟိ-စသည်ဖြင့် သိက္ခာကိုစွန့်ခြင်းသည် သိက္ခာချသည်လည်း မည်၏။ သာဇီဝ၌ အားနည်းခြင်းကို ထင်စွာပြုသည်လည်း မည်၏။ ဘုရားကို စွန့်ပြီးပြီ၊ စွန့်ရမူ ကောင်းလေစွ၊ ငါ့ကို သာမဏေဟု မှတ်ပြီးပြီလော—စသည်ဖြင့် ဆိုခြင်းသည် အားနည်းခြင်းကို ထင်စွာပြုသည်သာ မည်၏။ သိက္ခာချသည် မည်၏။

**မေထုနဓမ္မ။** ။ရာဂအနှိပ်စက်ခံရခြင်း တူသူနှစ်ယောက်သည် မေထုနမည်၏။ ထိုနှစ်ယောက်၏ မဂ်တခု၌ မဂ်တခုသွင်းသော အကျင့်သည် မေထုနဓမ္မမည်၏။ထိုအကျင့်ကို လွန်ကျူးသူသည် မှီဝဲသည် မည်၏။ လွန်ကျူးခံရ၍ သာယာသူလည်း မှီဝဲသည်မည်၏။

**တိရစ္ဆာနဂတာ။** ။အယုတ်ဆုံး တိရိစ္ဆာန်မ-ဟုဆိုသော်လည်း အခြေမဲ့တွင် မြွေ ငါး၊ ခြေနှစ်ချောင်းတွင် ကြက်၊ ခြေလေးချောင်းတွင် ကြောင်၊ ဤအထိ ပါရာဇိကဝတ္ထု တိရစ္ဆာန်မည်၏။ ထိုအောက် ပါရာဇိက မလောက်။

**ပါရာဇိကော၊** ။သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သူသည် ပါရာဇိက ပုဂ္ဂိုလ်မည်၏။ ပရာဇယံ အာပန္နောတိ ပါရာဇိကော။ မှီဝဲခြင်းဓမ္မသည်လည်း သာသနာတော်မှ ရှုံးစေတတ်သောကြောင့် ပါရာဇိက မေ့မည်၏။ပရာဇေတီတိ ပါရာဇိကော။ ။ အာပတ်သည်လည်း ထို့အတူ ရှုံးစေ တတ်သောကြောင့် ပါရာဇိကအာပတ် မည်၏။ (ဋီကာလိုင်) ပရာဇေတီတိ ပါရာဇိကော။ ။ပါရာဇိကဓမ္မ လွန်ကျူးမှုကြောင့် ပါရာဇိက အာပတ် ရောက်၍ ပါရာဇိက ပုဂ္ဂိုလ်ဖြစ်၏။

**အသံဝါသော။** ။ ရဟန်းကောင်းတို့နှင့်အတူ ပေါင်းဖော်ခြင်း မရှိစကောင်း သူသည် အသံဝါသပုဂ္ဂိုလ်မည်၏။ ။ကေမ္မ=တသိမ် တည်း ပကတတ်ရဟန်းတို့ အတူပြုအပ်သော ကံလေးပါး။ ကေုဒ္ဒေသ=ယှို့အတူ အတူပြအပ်သော ပါတိမောက်ပြခြင်းငါးပါး။ သမသိက္ခတာ=လဇ္ဇီအားလုံး အတူကျင့်အပ်သော သိက္ခာပုဒ်အပေါင်း။ဤသုံးမျိုးသည် သံဝါသမည်၏။ လဇ္ဇီ ရဟန်းတို့အတူနေရာ (အတူဆောက်တည်ရာ)ဖြစ်၏။ ဤသံဝါသသုံးမျိုးသည် ထိုပုဂ္ဂိုလ်နှင့်အတူမရှိ။ထို့ကြောင့်အသံဝါသသုံးမျိုးသည် ထိုပုဂ္ဂိုလ်နှင့်အတူမရှိ။ ထို့ကြောင့် အသံဝါသ မည်၏။ သံဃကံအားလုံး၌ အရေအတွက်မပြုအပ်။ ပက တတ်ကား-ပါရာဇိကမရောက်သူ၊ ဥက္ခိတ္တကံပြု မခံရသူတည်း။

သိက္ခာမချပဲ မေထုန်မှုပြုလျှင် ရဟန်းအသက် ထွက်၏။ ဦးခေါင်းပြတ်သူ ဦးခေါင်းနှင့် ပြန်စပ်သော်လည်း အသက်မရှုပြီ၊ သီလသည် ရဟန်းအသက် မည်၏။

**ဘိက္ခုရှစ်မျိုး။** ။ရဟန်းဟူသည် ဧဟိဘိက္ခုရဟန်း၊ သရဏဂုံရဟန်း၊ ဩဝါဒ ပဋိဂ္ဂဟဏရဟန်း၊ ပဉှာဗျာကရဏရဟန်း၊(ဤလေးမျိုးသည် အမိန့်ထူးဖြင့် ဖြစ်၏။ ဤဘပတွင် မဂ်ဖိုလ်ရ၏။) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏရဟန်း၊ ဒူတေနုပသမ္ပဒရဟန်း၊အဋ္ဌဝါစိကရဟန်း၊(ဤသုံးမျိုးသည် ဘိက္ခုနီမ-ဖြစ်၏။) ဉတ္တိစတုတ္ထကံဆောင်ရဟန်း (ဤတမျိုးသည် နှစ်ငါးထောင်လုံး တည်၏။) ဤသို့ ရှစ်မျိုးရှိ၏။ ထိုတွင် ဉတ္တိစတုတ္ထကံဆောင်ကိုသာ ဤ၌ အလိုရှိအပ်၏။ ပါ၊ ပါရာဇိကအာပတ်သင့်နိုင်၏။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ကား ကြွင်းသော ရဟန်းများလည်း အာပတ်သင့်နိုင်ကုန်၏။

ပေဟိ၊ သရဏာ (၂)၊ ဩဝါဒနှင့် (၁)၊ ပဥှ၊ ဂရုဓမ်(၂) ဒူတံဘဖြာ (၁)၊ ဥဝါစိက(၁)၊ စတုတ္ထ (၁) အဋ္ဌဘိက္ခုတည်း။

**အဓိသီလသိက္ခာ။** ။သိက္ခာသည် အဓိသီလသိက္ခာ၊အဓိစိတ္တသိက္ခာ၊ အဓိပညာ သိက္ခာ-ဟု သုံးပါးရှိ၏။ မဂ္ဂင်ရှစ်ပါး၌ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပသည် အဓိပညာသိက္ခာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သည် အဓိသီလသိက္ခာ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိသည် အဓိစိတ္တသိက္ခာ မည်၏။ ဤ၌ ကိုယ် နှုတ် နှစ်ပါးစောင့်စည်းခြင်းအားဖြင့် အဓိ သီလသိက္ခာကိုသာ ယူရသည်။ လူ သာမဏေတို့၏ စောင့်စည်းခြင်းသီလသည် သီလမည်၏။ ထိုထက်လွန်သော ရဟန်းသီလသည် အဓိသီလမည်၏။ အကျဉ်း အားဖြင့် သီလ၊ သမာဓိ၊ ပညာ သုံးပါးတွင် သီလကို ဤ၌ယူသည်။

**မဂ်သုံးဆယ်။** ။မေထုနဓမ္မ ဖြစ်ရာ၌ မဂ်သုံးဆယ်ကို သိအပ်၏။ လူ နတ် တိရစ္ဆာန်အားဖြင့်— မိန်းမသုံးယောက်၊ ယောကျ်ား သုံး ယောက်၊ ဥဘတောဗျည်း သုံးယောက်၊ ပဏ္ဍုက် သုံးယောက်၊ ဤသို့ ၁၂-ယောက် ရှိ၏။ မ-သုံးယောက်၊ ဗျည်း-သုံးယောက်၌ ဝစ္စမဂ်၊ ပဿာဝမဂ်၊ မုခမဂ်အားဖြင့် သုံးမဂ်စီ ရှိ၍ ၁၈-မဂ်၊ ထီး-သုံးယောက်၊ ပဏ်-သုံးယောက်၌ ဝစ္စမဂ်၊ မုခမဂ်အားဖြင့် နှစ်မဂ်စီရှိ၍ ၁၂-မဂ်၊ ပေါင်း မဂ် ၃၀-မည်၏။

> မ၊ ဗျည်း၊ ထီး၊ ပဏ် (၄) လူ၊ နတ်၊ တွာန် (၃)၊ မြှောက်ရှာ် သုံး လေးလီ (၁၂)။
> မ၊ ဗျည်း-သုံးမဂ် (၁၈)၊ ကြွင်း-နှစ်မဂ် (၁၂) ပေါင်း မဂ် သုံး ဆယ်မည်။

ထိုမဂ်သုံးဆယ်တို့၌ ပကတိ လေပရောက်ရာ စွတ်စိုသောအရပ်၌ ရဟန်း၏ အင်္ဂါဇာတ်ကို မှီဝဲလိုသောစိတ်ဖြင့် နှမ်းစေ့ခန့်မျှ ဝင်အောင်ပြုအံ့၊ ပါရာဇိက။ သူတပါးပြုလျှင် သွင်းဆဲ၊ ပင်ဆဲ၊ တည်ဆဲ၊ နှုတ်ဆဲ တချက်ချက် သာယာအံ့၊ ပါရာဇိကသာတည်း။ အသေကောင်ဖြစ်အံ့၊ ခွေး မြွေခွေးတို့ မခဲသော မဂ်၌ ၎င်း၊ များစွာမခဲသေးသော မဂ်၌၎င်း ပါရာဇိက။ မိန်းမဂ် သူ့ပါးမဂ် အဝတ်ခံထားသော်၎င်း၊ ရဟန်းအင်္ဂါဇာတ် အဝက်ပတ်ထာ သော်၎င်း ပါရာ ဇိကသာတည်း။

## သာဓာရဏလက္ခဏာ ၁၇-ပါး မှတ်ဖွယ်

သိက္ခာပုဒ်အားလုံးနှင့် ဆက်ဆံသော ဝိနိစ္ဆယ ၁၇-ပါးကို သိအပ်၏။ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထု၊ ပညတ္တိဝိဓိ၊ အာဏတ္တိ၊ (၅)၊ အာပတ္တိဘေဒ၊ အနာပတ္တိ၊ ဝိပတ္တိ၊ အင်္ဂါ၊ သမုဋ္ဌာနဝိဓိ (၁၀)၊ ကြိယာ၊ သညာ၊ စိတ္တ၊ ဝဇ္ဇ၊ ကမ္မ (၁၅)၊ ကုသလတ္တိက၊ ဝေဒနာတ္တိက (၁၇)၊ ဤကား ဆက်ဆံသော လက္ခဏာ ၁၇-ပါးတည်း။

**၁-နိဒါန်း။** ။ထိုတွင် သိက္ခာပုဒ် ပညတ်ရာတိုင်းပြည်သည် နိဒါန်းမည်၏။ ဖြစ်ရာဌာန မည်၏။ ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ အာဠဝီ၊ ကောသမ္ဗီပြည်၊ သက္ကတိုင်း၊ ဘဂ္ဂတိုင်း ဟု ခုနစ်တိုင်း ခုနစ်ဌာန ရှိ၏။ သိက္ခာပုဒ်အားလုံး ဖြစ်ရာ ဤ ၇-ဌာနသာတည်း။

**၂—ပုဂ္ဂိုလ်။** ။ထိုထိုသိက္ခာပုဒ်ပညတ်ရန် အကြောင်းရင်းခံအမှုသည် (အမှုသယ်)ရဟန်းသည် ပုဂ္ဂိုလ်မည်၏။

**၃—ဝတ္ထု။** ။ထိုအမှုသည် ပုဂ္ဂိုလ်၏လွန်ကျူးသောဖြစ်မှုသည် ဝတ္ထုမည်၏။

**၄—ပညတ္တိဝိဓိ။** ။ပညတ်အပြားကား—ပညတ်၊ အနုပညတ်၊အနုပ္ပန္နပညတ် ဟူ၍ သုံးပါး။ သဗ္ဗတ္ထပညတ်၊ ပဒေသပညတ်-ဟူ၍ နှစ်ပါး။ သာဓာရဏပညတ်၊ အသာဓာရဏပညတ်-ဟူ၍ နှစ်ပါး။ ဧကတော ပညတ်၊ ဥဘတောပညတ်-ဟူ၍ နှစ်ပါး။ ဤသို့ ကိုးပါးပြား၏။

ထိုတွင် မူလပညတ်ခြင်းသည် ပညတ်မည်၏။ နောက်ထပ်ပညတ်ခြင်းသည် အနုပညတ် မည်၏။ ဖြစ်မှုမလွန်ကျူးမီ ပညတ်ခြင်းသည် အနုပ္ပန္နပညတ်မည်၏။ ဤ၌ အနုပ္ပန္နပညတ်ကို ဂရုဓမ်ရှစ်ပါးဝန်ခံစေခြင်းဖြင့် ဘိက္ခုနီမတို့အားသာ ပညတ်သည်။ ထိုပြင် မရှိ။ အရပ်ဒေသပိုင်းခြား၍ ပညတ်ခြင်းသည် ပဒေသ ပညတ်မည်၏။ ဝိနယဓရပဉ္စမဂဏဖြင့် ရဟန်းခံခြင်း၊ လေးထင်မှစ၍ အထပ်ထပ်သော ဖိနပ်စီးခြင်း၊ နေ့စဉ်ရေချိုးခြင်း၊ သားရေအခင်းခင်းခြင်း၊ ဤလေးပါးသည် ပဒေသပညတ်မည်၏။ မဇ္ဈိမဒေသ၌သာ အာပတ်သင့်သည်။ ပစ္စန္တရစ်၌ အာပတ်မသင့်။ ကြွင်းအားလုံးသည် သဗ္ဗတ္ထပညတ် မည်၏။ အရပ်

အားလုံး၌ ပညတ်သည်။ ဘိက္ခု၊ ဘိက္ခုနီနှစ်ဦးလုံး ဆက်ဆံသောပညတ်သည် သာဓာရဏပညတ် မည်၏။ ဥဘတောပညတ်လည်း မည်၏။ ဘိက္ခုသက်သက်၊ ဘိက္ခုနီသက်သက် မဆက်ဆံသောပညတ်သည် အသာဓာရဏပညတ် မည်၏။ ဧကတောပညတ်လည်း မည်၏။ သိက္ခာပုဒ်ဆုံးဖြတ်ရာ၌ ပညတ်၊ အနုပညတ် နှစ်ပါး။ သာဓာရဏ၊ အသာဓာရဏနှစ်ပါး၊ ဤလေးပါးပြခြင်းဖြင့် ကိုးပါး လုံး ပြည့်စုံလတံ့။

၅—**အာဏတ္တိ**။ ။စေခိုင်းခြင်းသည် အာဏတ္တိမည်၏။ (ခိုးခိုင်းသည်၊ ဘိက္ခုနီအား သက်န်းဖွပ်လော့-ဟု ခိုင်းသည်)။

၆—**အာပတ္တိဘေဒ**။ ။ပုဗ္ဗပယောဂ စသည်အစွမ်းဖြင့် အာပတ်ပြားခြင်း သည် အာပတ္တိဘေဒ မည်၏။

၇—**အနာပတ္တိ**။ ။မသိခြင်း စသည်စွမ်းဖြင့် အာပတ်မသင့်ခြင်းသည် အနာ ပတ္တိ မည်၏။

၈—**ဝိပတ္တိ**။ ။သီလ၊ အာစာရ၊ ဒိဋ္ဌိ၊ အာဇီဝ-လေးပါးပျက်ခြင်းသည် ဝိပတ္တိ မည်၏။ (ပါရာဇိက၊ သံဃာဒိသိသ် ၂-ခုသည် သီလဝိပတ္တိ။ ကြွင်းအာပတ် ၅-ခုသည် အာစာရဝိပတ္တိ။ မိစ္ဆာဒိဋ္ဌိအယူယူခြင်းသည် ဒိဋ္ဌိ ဝိပတ္တိ။ မိစ္ဆာဇီဝဖြင့် အသက်မွေးညှိခြင်းသည် အာဇီဝဝိပတ္တိ မည်၏။)

၉—**အင်္ဂ**။ ။သိက္ခာပုဒ်တို့၌ အာပတ်၏အကြောင်းအစိတ်စိတ်သည် အင်္ဂ မည်၏။

၁၀—**သံဋ္ဌာနဝိဓိ**။ ။သမုဋ္ဌာန်အပြားသည် (ပဌမ၊ ဒုတိယအစဉ်အားဖြင့်) ကာယ၊ ဝါစာ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ဝါစာ စိတ္တ၊ ကာယဝါစာစိတ္တ–ဟု ခြောက်ပါးရှိ၏။ အာပတ်အားလုံး၏ အကြောင်း ဖြစ်သောကြောင့် အာပတ္တိသမုဋ္ဌာန် မည်၏။ သိက္ခာပဒသမုဋ္ဌာန်လည်း မည်၏။ အင်္ဂါဘပါးရှိ ၂-ပါး၊ နှစ်ပါးရှိ ၃–ပါး၊ သုံးပါးရှိ တပါးဖြစ်၏။ ဝါ၊ အစိတ္တ က သုံးပါး၊ သစိတ္တက သုံးပါးဖြစ်၏။ ထိုတွင် တပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ခြောက်ပါးကြောင့် အာပတ်သင့်သည်။ ငါးပါးကြောင့် အာပတ်

သင့်ခြင်း မရှိ။ တပါးကြောင့်ကား စတုတ္ထကြောင့်၊ ပဥ္စမကြောင့်၊ ဆဋ္ဌကြောင့် သင့်၏။ သုံးမျိုး။ နှစ်ပါးကြောင့်ကား—ပဌမ-စတုတ္ထကြောင့်၊ တတိယ ပဥ္စမကြောင့်၊ တတိယ ဆဋ္ဌကြောင့်၊ စတုတ္ထ ဆဋ္ဌကြောင့်၊ ပဥ္စမ ဆဋ္ဌကြောင့် သင့်၏။ ငါးမျိုး။ သုံးပါးကြောင့်ကား—ရှေ့သုံးပါးကြောင့်၊ နောက်သုံးပါးကြောင့် သင့်၏။ နှစ်မျိုး။ လေးပါးကြောင့်ကား—ပ၊တ၊စ၊ဆကြောင့်၊ ဒု၊တ၊ပ၊ဆကြောင့် သင့်၏။ နှစ်မျိုး။ ခြောက်ပါးကြောင့်ကား—ခြောက်ပါးလုံးကြောင့် သင့်၏တမျိုး။ ဤသို့ အာပတ်အားလုံးသည် ၁၃-မျိုးသာဖြစ်၏။

သုံး၊ ငါး၊ နှစ်၊ နှစ်၊ နောက်ဆုံးတစ်၊ ပေါင်းလစ် တဆယ့်သုံး။

**သမုဋ္ဌာန်-၁၃ပါး**။ ။အာပတ်တို့သည် ရှေးဦးစွာသော သိက္ခာပုဒ်သမုဋ္ဌာန်အားဖြင့် ပဌမပါရာဇိကသမုဋ္ဌာန် အာပတ်–စသည် မည်ကုန်၏။စတုတ္ထ(ကာယစိတ္တ)ကြောင့် သင့်သောအာပတ်သည် ပဌမပါရာဇိက သမုဋ္ဌာန်အာပတ် မည်၏။ ပါတိမောက်နှစ်စောင်၌ ထိုအာပတ်မျိုး၇၆-ခုရှိ၏။ သစိတ္တက သုံးပါးကြောင့်သင့်လျှင် အဒိန္နာဒါနသမုဋ္ဌာန်-မည်၏။ ၇၁-ခုရှိ၏။ ခြောက်ပါးလုံးကြောင့်သင့်လျှင် သဥ္စရိတ္တ—၅၀။ ဆဋ္ဌကြောင့်သင့်လျှင် သမနုဘာသန—၃၇။ (ဓုရနိက္ခေပသမုဋ္ဌာန်လည်း မည်၏။) တတိယ ဆဋ္ဌကြောင့်သင့်လျှင် ကထိန—၂၉။ ပဌမ စတုတ္ထကြောင့်သင့်လျှင် ဧဠကလောမ—၄၄။ ဒုတိယ ပဥ္စမကြောင့်သင့်လျှင် ပဒသောဓမ္မ—၇။ ပဌမ တတိယ၊ စတုတ္ထ၊ ဆဋ္ဌကြောင့်သင့်လျှင် အဒ္ဓါန—၁၅။ စတုတ္ထ၊ ဆဋ္ဌကြောင့် သင့်လျှင် ထေယျသတ္တ—၇။ ပဥ္စမကြောင့်သင့်လျှင် ဓမ္မဒေသနာ—၁၁။ အစိတ္တကသုံးပါးကြောင့်သင့်လျှင် ဘူတာရောစန—၁။ ပဥ္စမ၊ ဆဋ္ဌကြောင့်သင့်လျှင်စောရီဝုဋ္ဌာပန—၁။ ဒုတိယ၊ တတိယ၊ ပဥ္စမ၊ ဆဋ္ဌကြောင့်သင့်လျှင် အနနုညာတသမုဋ္ဌာန် အာပတ်မည်၏။ ၁-ခုသာရှိ၏။ (ပရိဝါသမုဋ္ဌာနသီသ သင်္ခေပ၌ အဒိန္နာဒါနတွင် သိက္ခာပဒါသတ္တမိမေ-ဟု ရှိသည်။ သရုပ်ကား— ၇၁-သာတည်း။)

စ—မေထုနာ(၇၆)၊ သစိတ္တာသုံး—စုရုံးဒိန္နာ(၇၁)၊ သဥ္စာ—သဗ္ဗ၊ (၅၀)၊ သမနု-ဆာ(၃၇)၊ ထိနာ-တ၊ ဆ၊ (၂၉)၊ ပ၊ စ၊ ဧဠ(၄၄)၊ ဒု၊ ပံ-ပဒ(၇)၊ ပ၊ တ၊ စ၊ ဆာ-ယုပါဖ္ဒ(၁၅)၊ စ၊ ဆ-ထေယျာ၊ (၇)၊ ဓမ္မာ၊ ပဥ္စမ(၁၁)၊ ရှေကတယော-ဘူတာရောမှိ(၁)၊စောရီ-ပ၊

## ဆာ(၁)၊ နာနုညာတ-ဒုတာ၊မ၊ ဆံ(၁) သွင်းထည့်ပြန်–မှတ်ရန် သမုဋ္ဌာန်အကျဉ်းတည်း (၃၅၀)။

**၁၁–ကြိယာ။** ။**အာပတ်တို့သည်** ကြိယကြောင့်၊ အကြိယကြောင့်၊ ကြိယာ-ကြိယကြောင့်၊ သိယာကြိယ သိယာအကြိယကြောင့်၊ သိယာကြိယ သိယာကြိယကြောင့် ဤငါးမျိုးကြောင့် ဖြစ်ကုန်၏။ ထိုတွင် ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း လွန်ကျူးမှုပြု၍ သင့်သော အာပတ်သည် ကြိယကြောင့် သင့်၏။ ကြိယသမုဋ္ဌာနအာပတ် မည်၏။ မြေတူးခြင်းစသော အာပတ်မျိုးတည်း။ ပြုရမည်ကို မပြု၍ သင့်လျှင် အကြိယမည်၏။ ဆယ်ရက်အတွင်း အဓိဋ္ဌာန်ဝိကပ္ပနာ မပြုသော အာပတ်မျိုးတည်း။ ပြု မပြု နှစ်ပါးကြောင့်သင့်လျှင် ကြိယာကြိယ မည်၏။ ဘိက္ခုနီမ၏ လက်မှ သင်္ကန်းခံသော အာပတ်မျိုးတည်း။ လဲခြင်းမပြုပဲ ခံခြင်းပြုသည်။ ရံခါပြုခြင်းကြောင့်၊ ရံခါမပြုခြင်းကြောင့် သင့်လျှင် သိယာကြိယ သိယာ အကြိယ မည်၏။ ရွှေငွေခံသော အာပတ်မျိုးတည်း။ ရံခါခံယူခြင်း ပြုခြင်းကြောင့်၊ ရံခါတား မြစ်မှု မပြုခြင်းကြောင့် သင့်သည်။ ရံခါပြုခြင်းကြောင့်၊ ရံခါပြုမပြု နှစ်ပါးကြောင့် သင့်လျှင် သိယာကြိယ၊ သိယာကြိယာ ကြိယ မည်၏။ ကုဋ္ဌကာရအာပတ်မျိုးတည်း။ ကျောင်းနေရာ ကြားစေ၍ ပမာနလွန်အောင် ပြုသောအခါ သိယာကြိယ၊ မကြားစေပဲ လွန်အောင်ပြုသောအခါ သိယာ ကြိယာကြိယကြောင့် သင့်သည်။ ဤနည်းဖြင့် အာပတ် အားလုံးသည် ငါးမျိုးသာ ဖြစ်၏။

**၁၂–သညာ။** ။သညာအားဖြင့် **သညာဝိမောက္ခ၊ နောသညာဝိမောက္ခ**-ဟု အာပတ်နှစ်မျိုးပြား၏။ မလွန်ကျူးလိုသော သညာကြောင့် လွတ်သော အာပတ်သည် သညာဝိမောက္ခ မည်၏။ လွန်ကျူးလိုသော သညာကြောင့် မလွတ်သော အာပတ်သည် နောသညာဝိမောက္ခ မည်၏။ လွန်ကျူးလိုသော သညာမရှိသဖြင့် လွတ် မလွတ်လည်း အကျုံးဝင်တည်း။

၁၃–စိတ္တ။ ။စိတ္တအားဖြင့် သစိတ္တက၊ အစိတ္တကဟု နှစ်မျိုးပြား၏။ သစိတ္တက သမုဋ္ဌာန်သုံးပါးကြောင့် သင့်သော အာပတ်သည် သစိတ္တက မည်၏။ အစိတ္တကသုံးပါးကြောင့်ရင်း၊ သစိတ္တကမိဿက အာရော-ကြောင့်ရင်း သင့်သော အာပတ်သည် အစိတ္တကမည်၏။

**၁၄-ဝဇ္ဇ။** ။ဝဇ္ဇအားဖြင့် လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇ ဟု နှစ်မျိုးပြား၏။ သစိတ္တကအဖို့၌ အကုသိုလ်စိတ်သာရှိသော အာပတ်သည် လောကဝဇ္ဇမည်၏။ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတရှိသော အာပတ်သည် ပဏ္ဏတ္တိဝဇ္ဇမည်၏၊ ဤ၌ ဝဇ္ဇကို သိသော သစိတ္တကကို ယူရသည်။ ပညတ်တော်ကို သိခြင်း၊ မသိခြင်းကား ပဓာနမဟုတ်။

**၁၅-ကမ္မ။** ။ကမ္မ၌ ကံသည် ကာယကံ၊ ဝစီကံ၊ ကာယကံဝစီကံဟု သုံးမျိုးရှိ၏။ ကာယဒွါရ၌ သင့်သောအာပတ်သည် ကာယကံအာပတ်မည်၏။ ဝစီဒွါရ၌ သင့်လျှင် ဝစီကံအာပတ်၊ ဒွါရနှစ်ပါး၌ သင့်လျှင် ကာယကံဝစီကံအာပတ် မည်၏။ မနောဒွါရ၌ သင့်သော အာပတ်မည်သည် မရှိ။ အဓမ္မိကပဋိညာဉ် ရှိစေကာမူ မနော၌ အာပတ်မသင့်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော အဓိသီလသိက္ခာသည် မနောကံအရာ မဟုတ်သောကြောင့်တည်း။

**၁၆-ကုသလတ္တိက။** ။ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အဗျာကတစိတ်ရှိလျက် အာပတ်သင့်သော်လည်း အကုသိုလ်စိတ်စွမ်းဖြင့် သင့်လျှင် အကုသလစိတ္တအာပတ်။ ကုသိုလ် အဗျာကတစွမ်းဖြင့် သင့်လျှင် ဒွိစိတ္တအာပတ်။ သုံးပါးစွမ်းဖြင့် သင့်လျှင် တိစိတ္တအာပတ်။ ဤသို့ ကုသလတိက်အားဖြင့် အာပတ်သုံးမျိုးပြား၏။ ပါဠိတော်၌ အာပတ်သည် ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ၊ ဤသို့နှစ်ပါးသာတည်း။ ကုသိုလ်အာပတ်မရှိဟု ဟောသည်။ ထို့ကြောင့် ကုသိုလ်စိတ်ရှိစဉ် အာပတ်သင့်ရာ၌ လွန်ကျူးခြင်းဖြင့် ဖြစ်သော ရုပ်အဗျာကတသည် အာပတ်မည်၏။ ကုသိုလ်စိတ်သည် အာပတ်အမည် မရ။

**၁၇-ဝေဒနာတ္တိက။** ။ဝေဒနာသုံးပါး တပါးပါးရှိခိုက် အာပတ်သင့်သော်လည်း ဒုက္ခဝေဒနာစွမ်းဖြင့် သင့်လျှင် ဒုက္ခဝေဒနာ၊ သုခ၊ ဥပေက္ခာစွမ်းဖြင့်သင့်လျှင် ဒွိဝေဒနာ၊ ဝေဒနာသုံးပါးစွမ်းဖြင့် သင့်လျှင် တိဝေဒနာ၊ ဤသို့သာလျှင် ဝေဒနာတိက်အားဖြင့် အာပတ်သုံးမျိုးပြား၏။ ဤ ၁၇-ပါးသောလက္ခဏာကို သိက္ခာပုဒ်အားလုံး၏ အသာဓာရဏ်နိဿယ အဆုံးတွင် ယှဉ်တွဲ၍ ပြအပ်၏။

## သာဓာရဏ အဆုံးအဖြတ်

**နိဒါနပဥှက။** ။ဤ ပဌမပါရာဇိကသိက္ခာပုဒ်ကို ၁—ဝေသာလီပြည်၌၊ ၂—ရှင်သုဒိန္နမထေရ်ကို အကြောင်းပြု၍၊ ၃—မေထုန်မှု လွန်ကျူးခြင်းကြောင့် ပညတ်၏။ ၄—မေထုန် ဓမ္မ ပဋိသေဝေယျကား မူလ ပညတ်ဖြစ်၏။ သိက္ခံ အပစ္စက္ခာယနှင့် အန္တမသော တိရစ္ဆာနဂတာယသည် အနုပညတ်နှစ်ပါးဖြစ်၏။ ဤမှနောက်၌ အနုပညတ်ရှိရာ၌သာ အနုပညတ်ကို ဖော်ပြပေအံ့။ အကြွင်းကို မူလပညတ်ဟု သိအပ်၏။ ရဟန်းကို အကြောင်းပြု သော ဝတ္ထုကြောင့်သာလျှင် ဘိက္ခုနီမတို့အားလည်း ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ ဟု ပညတ်သောကြောင့် သာဓာရဏ ပညတ်သိက္ခာပုဒ် ဖြစ်၏။ ၅—စေခိုင်းသော ရဟန်းအား ဤအာပတ်မသင့် သောကြောင့် အနာဏတ္တိကသိက္ခာပုဒ်မည်၏။ မအပ်မရာ စေခိုင်းခြင်းကြောင့် ဒုက္ကဋ်ကား သင့်၏။ ထိုဒုက္ကဋ်ကို ဘေသဇ္ဇက္ခန္ဓက အာတုမမြို့ သုဘဒ္ဒဝတ္ထု၌ ပညတ်သည်။

**အနုပညတ်သုံးမျိုး။** ။ဤအနုပညတ်သည် အာပတ်သင့်သော အနုပညတ်၊ မသင့်သော အနုပညတ်၊ ထောက်ပံ့သော အနုပညတ် ဟု သုံးမျိုးရှိ၏။ အညဝါဒကသိက္ခာပုဒ်စသည်တို့၌ အနုပညတ်သည် အည ဝါဒကမှတပါး ဝိဟေသကကြောင့်လည်း **အာပတ်ထပ်သင့်**၏။ အညတြ သုပိ နန္တာ စသည်ကား အာပတ်မသင့်။ အဒိန္နာဒါနသိက္ခာပုဒ် စသည်တို့၌ကား **မူလအာပတ်ကို အထောက်အပံ့ပြု**၏။ ဤသိက္ခာပုဒ်၌ အနုပညတ်နှစ်ပါးလုံး သည် အထောက်အပံ့ပြုသည်သာတည်း။

ထပ်သင့် မသင့်၊ ထောက်ပံ့နှင့် (၃)သုံးဆင့်နုပညတ်။

**၆—အာပတ္တိဘေဒ။** ။မေထုနရာဂဖြင့် ကိုယ်လက်နှီးနှော်အံ့၊ ဒုက္ကဋ်။သက်ရှိ မဂ် ၃ဝ-၌ သွားရေစသည်ကို အကြွင်းမဲ့ ပယ်လှီး၍ နိမိတ်ပုံသဏ္ဌာန်မျှ၌သော်လည်း မှီဝဲလိုသောစိတ်ဖြင့် သွင်းအံ့၊ ပါရာဇိက။ အယုတ်ဆုံးအားဖြင့် အင်္ဂါဇာတ်၌ဖြစ်သောအဖုကို သွားရေစွန်းကိုသော်လည်း သွင်းအံ့၊ ပါရာဇိက။ ကာယပသာဒပျက်သော ခြောက်သောအဖု၊ သေသော

သားရေစွန်း၊ အမွေးတို့ကို သွင်းအံ့၊ ဒုက္ကဋ်။ နိမိတ်သဏ္ဍာန်မျှမကျန်အောင် အကြွင်းမဲ့ပယ်လှီးအပ်ပြီးသော နေရာ၌လုံ့လပြုအံ့၊ အနာမည်၏။ အနာစွမ်းဖြင့် ထုလ္လစ္စည်း။ လူတို့၏ မျက်စိပေါက်၊ နှာပေါက်၊ နားပေါက်၊ သိုအိမ်၊ ဓားဖြင့် ခွဲသောအနာ၊ ဆင်မြင်းစသည်တို့၏ သိုအိမ်၊ နှာပေါက်တို့၌လည်း ထုလ္လစ္စည်း။ တိရစ္ဆာန်တို့၏ မျက်ကွင်း၊ နားပေါက်၊ အနာတို့၌ ဒုက္ကဋ်။ မြွေ၊ ငါးစသည် တို့၏ မသွင်းလောက်သော ငယ်သောနိမိတ်၊ သတ္တဝါအားလုံး၏ လက်ကတီး ကြားစသော ကြွင်းကိုယ်တို့၌ရှင်း ဒုက္ကဋ်။

အသောကောပ်၌ကား နိမိတ်ထက်ဝက် ခွေးစသည် ခဲအပ်သည်မှစ၍ ကျိုက်ကျိုက်ဆူ မပုပ်သေးမီ ထုလ္လစ္စည်း။ ကျိုက်ကျိုက်ဆူပုပ်လျှင် ဒုက္ကဋ်။ ဟင်းလင်းပွင့်သောခံတွင်း၌ မထိမခိုက်သွင်းလျှင် ဒုက္ကဋ်။ နှုတ်ခမ်းမှ ပြင်ပသို့ ထွက်သော လျှာ၌၊ သွား၌ ထုလ္လစ္စည်း။ နိမိတ်ပြင်ပကျသော အသားတုံး၌ ဒုက္ကဋ်။ ဤကား အာပတ်အပြားတည်း။

၇—အနာပတ္တိ။ ။မသိသောရဟန်း၊ မသာယာသောရဟန်း၊ ရူးသော ရဟန်း၊ စိတ်ပျံ့လွင့်သောရဟန်း၊ ဝေဒနာနှိပ်စက်သော ရဟန်း၊ အာဒိကမ္မိကရဟန်းတို့အား အနာပတ္တိ။

ထိုတွင် အိပ်ပျော်ခိုက် သူတပါးပြုကျင့်သွားသည်ကို မသိလျှင် မသိ သောရဟန်း မည်၏။ သိသော်လည်း မသာယာလျှင် မသာယာသောရဟန်း၊ သည်းခြေပျက်၍ ဆေးကုမရအောင် ရူးလည်း ရူးသောရဟန်း၊ ဘီလူးဖမ်း၍ စိတ်ပျံ့လွင့်လျှင် စိတ်ပျံ့လွင့်သောရဟန်း၊ ဝေဒနာပြင်းစွာနှိပ်စက်၍ မသိလျှင် ဝေဒနာနှိပ်စက်သော ရဟန်း၊ ထိုထိုဝတ္ထု၌ အစဖြစ်သော။ ဝါ၊ ပညတ်ဦး ဖြစ်သောရဟန်းသည် အာဒိကမ္မိကရဟန်း မည်၏။ ဤသို့ အနာပတ္တိပုဂ္ဂိုလ် ခြောက်ယောက်ကို ဟော၏။ ရူးသူ၊ စိတ်ပျံ့လွင့်သူနှစ်ယောက်၏ ပမာဏကား မီးနှင့်ရွှေကို ထူးပြားအောင် မသိခြင်း၊ မစင်နှင့် စန္ဒကူး ထူးပြားအောင် မသိ ခြင်း စသည်တည်း။

ဝိပတ္တိအင်္ဂါ။ ။ဝိပတ္တိလေးပါးတို့တွင် ၈—သီလဝိပတ္တိ မည်၏။ ၉—မှီဝဲလို သောစိတ်ရှိခြင်း၊ မဂ်၌ချင်းသွင်းခြင်း၊ ဤကား အင်္ဂါ နှစ်ပါး တည်း။ ၁၀—ပဌမပါရာဇိကသမုဋ္ဌာန်ရှိသော သိက္ခာပုဒ်ဖြစ်၏။ (စ-မေထုနာ-

၇၆)။ ၁၁—ကြိယ ဖြစ်၏။ ၁၂—သညာဝိမောက္ခဖြစ်၏။ ၁၃—သစိတ္တက ဖြစ်၏။ ၁၄—လောကဝဇ္ဇ ဖြစ်၏။ ဤ၌ သမုဋ္ဌာန်စသည်သည် အာပတ်နှင့်သာ ဆိုင်သည်။ သိက္ခာပုဒ်နှင့် မဆိုင်။ ခေါ်လွယ်စေခြင်းငှာ သိက္ခာပုဒ်၏ သမုဋ္ဌာန် စသည်ဖြင့် တင်စားသည်။ ဘုရားရှင်အာဘော်ကျအောင် အနက်အဓိပ္ပာယ်ကို အထူးအလေးပြုရာ၏။ အက္ခရာရှိတိုင်း မပြုရာ။ သိက္ခာပုဒ်ဖြစ်ကြောင်း သမုဋ္ဌာန် မဟုတ်။ အာပတ်သင့်ကြောင်း သမုဋ္ဌာန်ဟူလို။

## ဥတ္တိစတုတ္ထကံ မှတ်ဖွယ်

ဥတ္တိစတုတ္ထကံဆောင်ရဟန်းဟု ဆိုရာ၌ ထိုကံကို ဝတ္ထုသမ္ပတ္တိ၊ ဥတ္တိသမ္ပတ္တိ၊ အနုသာဝနသမ္ပတ္တိ၊ သီမသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ-ဟူသော သမ္ပတ္တိငါးပါးအစွမ်းဖြင့် သိအပ်၏။

ဝတ္ထု။ ။ထိုငါးပါးတို့တွင် ရဟန်းလောင်းသည် ဝတ္ထုမည်၏။ အသက် ၂၀ မပြည့်သူ၊အန္တိမဝတ္ထုသို့ ရောက်သူ၊အဘဗ္ဗပုဂ္ဂိုလ်တကျိပ်တယောက်၊ ဤ ၁၃ယောက်သည် ဝတ္ထုမဟုတ်။ ပဋိသန္ဓေမှစ၍ နှစ်အားဖြင့် ၂၀၊ လအားဖြင့် ၂၄၀၊ ရက်အားဖြင့် ၇၂၀၀-ပြည့်သူသည် ပါရာဇိကလေးပါးမှလည်း လွတ်၊အဘဗ္ဗတကျိပ်တယောက်မှလည်း လွတ်မူ ဝတ္ထုသမ္ပတ္တိမည်၏။ ဤဝတ္ထုသမ္ပတ္တိစွမ်းဖြင့် ထိုဥတ္တိစတုတ္ထကံ မပျက်။

ဥတ္တိ။ ။ဥတ်ထားရာ၌ ဝတ္ထုအပရာမသန၊ သံဃအပရာမသန၊ ပုဂ္ဂလအပရာမသန၊ ဥတ္တိအပရာမသန၊ ပစ္ဆာဥတ္တိတ္ထပန ဟု အပြစ်ငါးပါးရှိ၏။ အယံ ဗုဒ္ဓရက္ခိတော(နာဂေါ)ဟု ရဟန်းလောင်းကိုမသုံးသပ်ခြင်း၊မဆိုခြင်းသည် ဝတ္ထုအပရာမသန မည်၏။ သုဏာတု မေ ဘန္တေ နေ့ဂ်သံဃာဟု မဆိုလျှင် သံဃအပရာမသန၊ ဗုဒ္ဓရက္ခိတဿ(အာယသ္မတော တိဿဿ)ဥပသမ္ပဒါပေက္ခော ဟု ဥပဇ္ဈာယ်ကို ထည့်မဖတ်လျှင် ပုဂ္ဂလအပရာမသန၊ ဥတ်မဖတ်လျှင် ဥတ္တိအပရာမသန၊ ကမ္မဝါစာဖတ်ပြီးမှ ဥတ်ကို ဖတ်လျှင် ပစ္ဆာဥတ္တိတ္ထပန မည်၏။ ဤအပြစ်ငါးပါးမှ လွတ်လျှင် ဥတ္တိသမ္ပတ္တိစွမ်းဖြင့် ကံမပျက်။

**အနုသာဝန**။ ။ကမ္မဝါစာဖတ်ရာ၌ ဝတ္ထု၊ သံဃာ၊ ပုဂ္ဂလ၊ အပရာမသနသုံးပါး၊ သာဝနာပဟာပန၊ အကာလသာဝနာ ဟု အပြစ်ငါးပါးရှိ၏။ ရှေ့သုံးပါး ထူပြီ။ ကမ္မဝါစာသုံးကြိမ်မဖတ်ခြင်း၊ ဉတ်ကိုသာ လေးကြိမ်ဖတ်ခြင်း၊ အက္ခရာပုဒ်အချို့ မဖတ်ခြင်း၊ သိထိလဓနိတစသည်ကို ချွတ်ယွင်းစေလျက် ဖတ်ခြင်းတို့သည် သာဝနာပဟာပနမည်၏။ ဉတ်မထားမီ ကမ္မဝါစာဖတ်ခြင်းသည် အကာလသာဝနာ မည်၏။ ဤအပြစ်ငါးပါးမှ လွတ်လျှင် အနုသာဝနသမ္ပတ္တိစွမ်းဖြင့် ကံမပျက်။

**သီမာ**။ ။သိမ်ပျက် ၁၁-မှ လွတ်၍ ဗဒ္ဓသိမ်နှစ်ရပ်၌ ကံပြုလျှင် သီမသမ္ပတ္တိစွမ်းဖြင့် ကံမပျက်။

**ပရိသ**။ ။ကံအားလျော်ကပတ်သော ရဟန်းတို့ ပြည့်စုံအောင် မလာခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊ မျက်မှောက်ရှိသော ရဟန်းတို့၏ တားမြစ်ခြင်း၊ ဤသုံးပါးသည် ပရိသတ်၏ အပြစ်မည်၏။ ထိုမှလွတ်၍ မဇ္ဈိမ၌ ဆယ်ပါး၊ ပစ္စန္တရစ်၌ ငါးပါးလာအံ့၊ ဆန္ဒထိုက်သူ ဆန္ဒဆောင်အံ့၊ မျက်မှောက် မတားမြစ်အံ့၊ ပရိသသမ္ပတ္တိစွမ်းဖြင့် ကံမပျက်။ ဤသမ္ပတ္တိငါးပါးနှင့် ပြည့်စုံသော ဥပ္ပတ္တိစတုက္ကကံသည် ဘုရားရှင်သာသနာတော်အား ထိုက်သောကြောင့် ဌာနာရဟကံ မည်၏။ ဤကံဖြင့် ရဟန်းဖြစ်သူသာ ဤအာပတ်သင့်နိုင်သည်။

ဝိမတိဋီကာ၌—ရဟန်းခံကံ၏ ပတ္တကလ္လကို ဝတ္ထုသမ္ပတ္တိ၊ သီမသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ၊ အန္တရာယိကမေးစစ်ကြယ်ခြင်း၊ ဥပဇ္ဈာယ်ယူ သပိတ် သင်္ကန်းပြောကြားစသော ပုဗ္ဗကိစ္စရှစ်ပါး ပြီးခြင်းဟု အင်္ဂါငါးပါးဆို၏။

## အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက် မှတ်ဖွယ်

ရဟန်းမပြုကောင်းသော ပတ္တုပျက် ၁၃-ယောက်တို့တွင် အဘဗ္ဗကား— ပဏ္ဍုက်၊ ထေယျသံဝါသက၊ တိတ္ထိယပက္ကန္တက၊ တိရစ္ဆာန်၊ အမိသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားသွေးစိမ်းတည်စေအောင်ပြုသူ၊ သံဃာသင်းခွဲသူ၊ ဘိက္ခုနီဒူသက၊ ဥဘတောဗျည်း၊ ဤ ၁၁-ယောက်သည် သာသနာနှင့် မထိုက်သော

ကြောင့် အဘဗ္ဗမည်၏။ ရှင်မပြုထိုက်၊ ရဟန်းအဖြစ်ဝေးစွ၊ ရှင်မပြုရ၊ ၁၁။ ရဟန်းမပြုရ။ ၁၃။

ပဏ်၊ ထေ၊ ပက်၊ စွာန်(၄)၊ ပဥ္စာနန်(၅)၊ ဒွယံ၊ ဥဘော၊ပါ(၂)။
ရှင်မပြုရ၊ ဆယ့်တစ်မျိုး၊ မှတ်ကြ အဘဗ္ဗာ။

**ပဏ္ဍုက်ငါးမျိုး။** ။ပုရိသအင်္ဂါချို့သူသည် ပဏ္ဍကမည်၏၊ ရာဂပွပန်ခြင်း လွန်ကဲ၏။ ငါးမျိုးရှိ၏။ အာသိတ္တပဏ္ဍုက်=သူ့ဘပါး အင်္ဂါဇာတ်ကို စုတ်ရမှ ရာဂငြိမ်းသူ၊ ဥဿူယပဏ္ဍုက်=လွန်ကျူးခြင်းကို ကြည့်၍ ငြူစူမှ ရာဂငြိမ်းသူ၊ သြပက္ကမိကပဏ္ဍုက်=ဝှေးစေ့ပယ်ထုတ်ခံရသူ၊ ပက္ခပဏ္ဍုက်=လဆုတ်ပက္ခရာဂပွပန်၍ လဆန်းပက္ခ၌ ရာဂငြိမ်းသူ၊ နပုံသကပဏ္ဍုက်=ဘာဝရုပ်ချို့သူ။ ဤငါးယောက်တွင် အာသိတ္တနှင့် ဥဿူယသည် အဘဗ္ဗသာသာသနာနှင့် ထိုက်၏။ လွန်ကျူးသော အခါမှစ၍ ဖျက်ဆီးအပ်၏။ သြပက္ကမိကနှင့် နပုံသကကား လုံးလုံးမထိုက်။ ပက္ခကား ပွပန်သော ပက္ခ၌ မထိုက်။ ငြိမ်းသောပက္ခ၌ ထိုက်၏။

အာ၊ ဥ၊ သြ၊ ပက်(၄)၊ နပုံစွက်(၁)၊ ငါးချက် ပဏ္ဍုက်လာ။
ပဏ္ဍုက်ပက္ခ၊ သြနှင့် န(၃)၊ မှတ်ကြ အဘဗ္ဗာ။
လဆန်းပက္ခ၊ ဥ၊ သိတ္တ(၃)၊ ထိုက်လှသာသနာ။

**ထေယျသံဝါသကသုံးမျိုး။** ။အသွင်ပေါင်းဖော်ခြင်း ခိုးသူသည် ထေယျသံဝါသကမည်၏။ လိင်္ဂတ္ထေနက၊ သံဝါသတ္ထေနက၊ ဥဘယတ္ထေနက ဟု သုံးမျိုးရှိ၏။ ကိုယ်တိုင် သင်္ကန်းဝတ်ခြင်းသည် အသွင်ခိုး လိင်ခိုးမည်၏။ ရဟန်းဝါရေတွက်ခြင်း၊ သိတင်းကြီးစဉ် ရှိခိုးခံခြင်း၊ ဥပုသ်ပြုခြင်းစသည်သည် ပေါင်းဖော်ခြင်းခိုး=သံဝါသခိုးမည်၏။ လူသည် အသွင်ခိုးလို၍ သင်္ကန်းဝတ်ပြီး ရဟန်းဟု ဝန်ခံအံ့၊ ရဟန်းဝါရေတွက်ခြင်းစသည်ကိုကား မပြုအံ့၊ လိင်္ဂတ္ထေနကမည်၏။ သာမဏေသည် ရဟန်းဝါရေတွက်ခြင်းစသည်ပြု၍ ရဟန်းတို့နှင့် ပေါင်းဖော်အံ့၊ သံဝါသတ္ထေနကမည်၏။ လူသည် ကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်းတို့ထံ ဝါရေတွက်ခြင်း စသည်ပြုအံ့၊ ဥဘယတ္ထေနကမည်၏။ (သာမဏေတယောက်၊ လူနှစ်ယောက်)

## လိင်၊ သံဝါသ(၂)၊ ဥဘယ(၁)၊ သုံးဝ ထေနကာ။

သာမဏေသည် သင်္ကန်းပြန်ဝတ်ဦးမည်ဟု ငဲ့လျက် ချွတ်ပြီးလျှင် လိင်ကျမှ လွန်ကျူး၍ ပြန်ဝတ်၍ သာမဏေအဖြစ် ဝန်ခံအံ့၊ အသွင်မစွန့်သောကြောင့် လိင်ထေနကမဖြစ်။ အသွင်အားလျော်သော ပေါင်းဖော်ခြင်းကို ပြုသောကြောင့် သံဝါသထေနကလည်း မဖြစ်။ ပါရာဇိကရောက်၍ ဝန်မခံ၊ လူမထွက်သော ရဟန်းလည်း ထေနကနှစ်ပါးလုံး မဖြစ်။ သင်္ကန်းပယ်သော်လည်း သိက္ခာချပြီးမှ မသိသော ရဟန်းထံ ဝါရေတွက်ခြင်းစသည် ပြုအံ့၊ သံဝါသထေနကဖြစ်၏။ လိင်ထေနက မဖြစ်။ သင်္ကန်းကို မှုချနိုက္ခေပပယ်၍ သိက္ခာချအံ့၊ ဝါ၊ အန္တိမသို့ ရောက်အံ့၊ ထိုနောက် ပြန်ဝတ်၍ ဝါရေတွက်ခြင်း စသည်ပြုလျှင် ဥဘယထေနက ဖြစ်၏။ မင်းဘေး၊ ငတ်မွတ်ခြင်းဘေး၊ ခရီးခဲဘေး၊ ရောဂါဘေး၊ ရန်သူဘေး စသည်ကြောင့် ကိုယ်တိုင် သင်္ကန်းဝတ်သောလူသည် စိတ်စင်ကြယ်စွာဖြင့် ဂန်လည်းမခံ၊ ပေါင်းဖော်ခြင်းလည်းမပြုအံ့၊ ထေယျသံဝါသက အပြစ်မရှိ။ ကျောင်းသို့ သင်္ကန်းပြန်ပို့မည်၊ သွားပို့မည်ဟု ကိုယ်တိုင်ဝတ်ဆင်သွားသော လူသည်လည်း စိတ်စင်ကြယ်သမျှ အပြစ်မရှိ။ (သိက္ခာချလျှင် သံဝါသ ပျက်၏၊ လိင်မပျက်၊ ပါရာဇိကကျလျှင် နှစ်ပါးလုံး မပျက်။)

**တိတ္ထိယပက္ကန္တက။** ။ရဟန်းကောင်းသည် တိတ္ထိအဖြစ် တောင့်တ၍ သိက္ခာမစွန့်ပဲ သမန်းမြက်သင်္ကန်း စသော တိတ္ထိအသွင်ကို ကိုယ်တိုင်ယူအံ့၊ တိတ္ထိယပက္ကန္တက မည်၏။ ကိုအတူ သိက္ခာမစွန့်ပဲ တိတ္ထိတို့ထံ ရှင်ပြုအံ့၊ အဝတ်မဝတ်ပဲ နဂ္ဂတက္ကတွန်းတို့ထံ သွား၍ အကျင့်ယူအံ့၊ တိတ္ထိယပက္ကန္တကသာ မည်၏။ (ရဟန်းမဟုတ်လျှင် တိတ္ထိယပက္ကန္တက မဖြစ်ကောင်း။)

**တိရစ္ဆာန်။** ။လူဇာတ်ရှိသူကို ဖယ်ထား၍ ကြွင်းသမျှ သတ္တဝါအားလုံးသည် တိရစ္ဆာန်မည်၏။ ဤ၌ကား လူအသွင် ဖန်ဆင်းတတ်သော နတ် သိကြား နဂါး ဂဠုန်တို့ကိုသာ ရဟန်းမပြုထိုက်ဟု တားသည်။ ကျဲ နွား စသည်တို့ကို အထူးမတား၊ ရဟန်းအဖြစ် တောင့်တသူ၊ တောင်းပန်တတ်သူ မဟုတ်ကုန်။

**ပဉ္စာနန်။** ။လူဖြစ်သော အမိကို သတ်သော လူဖြစ်သော သားသည် မာတုဃာတက မည်၏။ ထို့အတူ လူအဖကို သတ်အံ့၊ ပိတုဃာတက။

**လူဇာတ်ရှိသော ရဟန္တာကို အယုတ်ဆုံး လူဝတ်ဖြင့် တည်စဉ်ကိုပင် သတ်အံ့၊ အရဟန္တဃာတက။** ပြစ်မှားလိုသော စိတ်ဖြင့် အသက်ထင်ရှား ဘုရားရှင်၏ ကိုယ်တော်၌ ယင်ယယ်သောက်လောက်ရုံမျှသော်လည်း သွေးကို ဖြစ်စေအံ့၊ လောဟိတုပ္ပါဒက မည်၏။ (သွေးစုရုံသာ တတ်ကောင်းသည်၊ သွေးထွက်အောင် မတတ်ကောင်း၊ အဘေဇ္ဇကာယ=ပြစ်မှားသော လက်နက်ဖြင့် မကွဲကောင်းသော ကိုယ်ရှိ၏။ ဆရာဇီဝက ခွဲထုတ်သောအခါ ကွဲစကောင်း၏။) သာသနာကို ဓမ္မမဟုတ်၊ ဝိနယမဟုတ်ဟု မှသားဆို၍ ကံလေးပါး တပါးပါးဖြင့် သံဃာကိုခွဲသော ရဟန်းသည် သံဃဘေဒက မည်၏။ (အနည်းဆုံး တသိမ်တည်း ရဟန်းကိုးပါး ရှိမှ ခွဲနိုင်သည်၊ ရဟန်းမဟုတ်သူလည်း မခွဲနိုင်။)

**ဘိက္ခုနီဒူသက။** ။ပကတိ သီလမပျက်သော ဘိက္ခုနီမကို အလိုမတူပဲ မဂ်သုံးပါး တပါးပါး၌ မေထုနဓမ္မဖြင့် ဖျက်ဆီးသောသူသည် ဘိက္ခုနီဒူသက မည်၏။

**ဥဘတောဗျည်း။** ။မိန်းမ နိမိတ်ဖြစ်ကြောင်းကံ၊ ယောကျာ်း နိမိတ်ဖြစ်ကြောင်းကံ နှစ်ခုတို့ကြောင့် နိမိတ်နှစ်ခု ရှိသောသူသည် ဥဘတောဗျည်း မည်၏။ ဤတွင် အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက် ပြီး၏။ (နိမိတ်နှစ်ခု ရှိသော်လည်း ဘာဝရုပ် နှစ်ခုမရှိ၊ လိင်၊ ကုတ္တ၊ အာကပ္ပ၊ နိမိတ္တသည် ဘာဝရုပ် မဟုတ်။)

## သိက္ခာချခြင်း မှတ်ဖွယ်

သိက္ခာချခြင်းကို စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂိုလ်၊ သိခြင်း၊ ဤခြောက်ပါးဖြင့် သိအပ်၏။

**စိတ်။** ။ရဟန်းအဖြစ်မှ ရွေလျောလိုသောစိတ်ဖြင့် သိက္ခာချပုံ ခေတ်ပုဒ်ကို ဆို၍ သိက္ခာကျသည်။ အမြန်ချွတ်ယွင်း၊ မသိချွတ်ယွင်း-ဆိုမိခြင်းဖြင့် သိက္ခာမကျ။

**ခေတ်။** ။ခေတ်ပုဒ် ၂၂-ကိုဆိုမှ သိက္ခာကျသည်။ ၂၂-ပုဒ်ကား-ဗုဒ္ဓံ ပစ္စက္ခာမိ၊ဓမ္မံ ပစ္စက္ခာမိ၊ သံဃံ၊ သိက္ခံ၊ ဝိနယံ(၅)၊ ပါတိမောက္ခံ၊

ဥဒ္ဒေသံ၊ ဥပဇ္ဈာယံ၊ အာစရိယံ၊ သဒ္ဓိဝိဟာရိကံ (၁၀)၊ အန္တေဝါသိကံ၊ သမာနုပဇ္ဈာယကံ၊ သမာနာစရိယကံ၊ သဗြဟ္မစာရိံ ပစ္စက္ခာမိ (၁၄)။ ဂိဟီတိ မံ ဓာရေထ၊ ဥပါသကောတိ မံ ဓာရေထ၊ အာရာမိကော၊ သာမဏေရော။ (၄)၊ တိတ္ထိယော၊ တိတ္ထိယသာဝကော၊ အသမဏော၊ အသကျပုတ္တိယောတိ မံ ဓာရေထ (၈)၊ ဤသို့ ပစ္စက္ခာမိ ၁၄-ပုဒ်၊ ဓာရေထ ၈-ပုဒ်သည် ခေတ်ပုဒ်မည်၏။ ဤခေတ်ပုဒ်တို့ကို တခုခုဆိုအံ့၊ ဝေဝစ်ပရိယာယ်ဖြင့်သော်လည်း ဆိုအံ့၊ တခုကိုဆိုလိုလျက် တခုကို ဆိုမိအံ့၊ သိက္ခာကျသည်။ သစ်ပင်စသည် အမည်တို့ကိုဆိုလျှင် သိက္ခာမကျ။

**ကာလ။** ။ပစ္စုပ္ပန်ကာလ ၂၂-ပုဒ်၊ အနာမဋ္ဌကာလ ၅၆-ပုဒ်ကိုဆိုမှ သိက္ခာကျသည်။ ပစ္စက္ခာမိ ၁၄-ပုဒ်၊ ဓာရေထ ၈-ပုဒ်သည် ပစ္စုပ္ပန်ကာလ ၂၂-ပုဒ် မည်၏။ အလံ မေ ဗုဒ္ဓေန၊ ကိံ နု မေ ဗုဒ္ဓေန၊ န မမတ္ထော ဗုဒ္ဓေန၊ သုမုတ္တာဟံ ဗုဒ္ဓေန၊ ဤနည်းဖြင့် ၁၄-ပုဒ် လေးလီ ၅၆-ပုဒ်သည် အနာမဋ္ဌ ၅၆-ပုဒ်မည်၏။ ဤ ၇၈-ပုဒ်ကို တပုဒ်ပုဒ်ဆိုအံ့၊ ဝေဝစ်ဖြင့်သော်လည်း ဆိုအံ့၊ သိက္ခာကျသည်။ အတိတ်၊ အနာဂတ်၊ ပရိကပ္ပကာလစွမ်းဖြင့် မကျ။ အားနည်းခြင်း ထင်စွာပြုသည်သာ ဖြစ်သည်။

**ပယောဂ။** ။ပယောဂသည် ကာယိက၊ ဝါစသိက ဟု နှစ်မျိုးရှိ၏။ ထိုတွင် ဝါစသိက ပယောဂဖြင့်သာ သိက္ခာကျသည်။ ဗုဒ္ဓံ ပစ္စက္ခာမိ စသော ခေတ်ပုဒ်ကို အမှတ်မရှိ ဘာသာစကားဖြင့် ဆိုမှကျသည်။ စာရေးပြခြင်း၊ လက်ဟန့်ပြခြင်း စသော ကာယိကဖြင့် မကျ။

**ပုဂ္ဂိုလ်။** ။ပုဂ္ဂိုလ်သည် သိက္ခာချလိုသော ပုဂ္ဂိုလ်၊ ချရာပုဂ္ဂိုလ်ဟု နှစ်ဦးလုံး ရူးသူ၊ ဘီးလူးဖမ်း၍ စိတ်ပျံ့လွင့်သူ၊ ဝေဒနာနှိပ်စက်သူ မဖြစ်စေရ။ ထိုအပြစ်မျိုး ကင်းသော ရဟန်းသည် ထိုအပြစ်မျိုး ကင်းသော လူဇာတ်ရှိသူထံ မျက်မှောက်သိက္ခာချအံ့၊ သိက္ခာကျသည်။ မျက်ကွယ် တမန်စေခြင်း၊ စာပေးခြင်းဖြင့် မကျ။ ရူးသူ စသည်တို့ဖြစ်လျှင်လည်း မကျ၊ နတ်သိကြား စသည်တို့ထံ၌လည်း မကျ။

**သိခြင်း။** ။ငါ၏ သိက္ခာချခြင်းကို ဤသူသိအောင်ဆိုမည် ဟု မှတ်၍ဆိုအံ့၊ ထို မှတ်အပ်သူသိလျှင် သိက္ခာကျသည်။ ထို မှတ်အပ်သူသည်လည်း လောကဥ္စ ကြား၍ သိနေကျအချိန်အတိုင်း ထို ရဟန်း၏ စကားအဆုံး၌ "ဤ ရဟန်းသည် လူထွက်လို၏" ဟု သိလျှင် ကျသည်။ နောက်အဖို့၌ စဉ်းစားပြီးမှ သိလျှင်မကျ။ မမှတ်အပ်သူ သိလျှင်လည်းမကျ။ မမှတ်မူ၍ဆိုလျှင်ကား လူဇာတ်ရှိသူ တယောက်ယောက်သိလျှင် ကျသည်။ ဤ ခြောက်ပါးစွမ်းဖြင့် သိက္ခာကျ၊ မကျ သိအပ်၏။ သိက္ခာကျခြင်း ဟူသမျှသည် သာဇိဝ၌ အားနည်းခြင်း ထင်စွာပြုလည်း ဖြစ်သည်သာတည်း။

စိတ်၊ ခေတ်၊ ကာလ (၃)၊ ပယောဂ (၁)၊ သိမှု၊ ပုဂ္ဂလာ (၂)။
ခြောက်ပါး ဤမျှ၊ မစုံက။ မကျ ဖြတ်သိက္ခာ။

## ဝတ္ထုကြောင်း မှတ်ဖွယ်

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်ကျောင်း၌ နေတော်မူသော အခါ ဝေသာလီမြို့အနီး ကလန္ဒရွာသား သူဌေးသား သုဒိန်သည် ဘုရားရှင်ထံ တရားနာရ၍ ရဟန်းပြုမည်ကြံ၏။ မိဘတို့ထံမှ သုံးကြိမ်တိုင် ခွင့်မရသဖြင့် သေစေတော့-ဟု အစာမစားပဲ မြေ၌ လှည်း၍အိပ်၏။ ခုနစ်ရက်ကြာသော အခါ မိဘတို့က "သေခြင်းဖြင့် အကျိုးမရှိ" ဟု ခွင့်ပြုကုန်၏။ ထိုအခါ ရဟန်း ပြု၍ ဓုတင်တို့ကို ကျင့်သုံးလျက် ဝဇ္ဇီရွာငယ်၌နေ၏။ ရှစ်နှစ်ခန့် ကြာသော အခါ ဝဇ္ဇီရွာငယ်၌ ငတ်မွတ်ခြင်း ဘေးကြီး ဆိုက်၏။ လူပေါင်း များစွာ ပျက်စီး၏။ ထိုအခါတွင် "ဆွေမျိုးအနီးနေလျှင် ငါလည်းချမ်းသာမည်၊ ဆွေမျိုး အပေါင်းလည်း ကုသိုလ်များမည်" ဟု ဝေသာလီသို့ ကြွလာ၏။ မြို့နေဆွေမျိုး တို့ ဆွမ်းပို့ကြ၏။ ဆွမ်းအုပ် ၆၀-ရှိ၏။ တအုပ် ၁၀-ပါး စားလောက်၏။ ရှင်သုဒိန်သည် ထိုဆွမ်းတို့ကို သံဃာ ၆၀၀-အား လှူပြီး လျှင် မိဘတို့ရွာသို့ ဆွမ်းခံကြွ၏။ မိဘအိမ်၌ ကျွန်မတယောက်သည် တညဉ့်လွန် မုန့်သိုးစွန့်လို၍ ထွက်လာသည်ကိုမြင်၍ "နှမ၊ စွန့်လိုလျှင် ငါ၏သပိတ်၌ ထည့်လော့" ဟုဆို၏။ ထိုမုန့်ကို ဆွမ်းစားစရပ်တခု၌ အမြိုက်သုဒ္ဓါဘုတ်ပမာ မရွံမရှာ ဘုဉ်းပေး၏။

ကလန္ဒသူဌေးကြီးသည် အမှုလုပ်ရာမှ ပြန်လာသောအခါ မြင်ရ၍-ချစ်သား၊ မိဘတို့ရှိလျက် အဘယ့်ကြောင့် ဤမုန့်ကို စားဘိသနည်း၊ အိမ်သို့ ကြွပါဦး-

ဟု ပင့်ဆောင်၍ အိမ်၌ ဆွမ်းကပ်၏။ ထိုနေ့၌ ဆွမ်းကိစ္စ ပြီးပြီဟု မဘုဉ်းပေး။ နက်ဖြန်အတွက် ပင့်ခြင်းကိုကား လက်ခံ၏။ နောက်နေ့၌ မုဘင်ကိုမင့်မှု၍ ဆွမ်းစားကြ၏။ အိမ်၌ လူတရပ်မြုပ်သောရွှေပုံ၊ ငွေပုံတို့ကို ပြ၍ "ဤကား အမောင့်မိခင်အား သူ့မိဘ လက်ဖွဲ့လိုက်သော ဆပ်ပြာဘိုးသာ၊ တပါးသောပစ္စည်းအမြောက်အမြားရှိသေးသည်၊ လူထွက်ပါ"ဟု ဆို၏။ မထွက်လိုဟု ဆိုလတ်သော် မယားဟောင်းက "အရှင့်သား၊ ရဟန်းပြုခြင်း ဖြင့် ရထိုက်သော နတ်သမီးတို့သည် အဘယ်မျှ လှကုန်သနည်း"ဟု ဆို၏။ နှမ၊ နတ်သမီးအတွက် မဟုတ်ဟု ဆိုလတ်သော် ငါ့အပေါ် နှမ ဟူသောစကားလုံး သုံးလေပြီ — ဟု သတိလစ်၍ မေ့မြောသွားလေ၏။ ထိုနောက် "မထွက်လိုလျှင် နေပါ၊ အမွေခံမျိုးဆက်မျှ ပေးပါ"ဟု တောင်းပန်ကုန်၏။ ထိုအခါ ရှင်သုဒိန်သည် "မျိုးဆက်ရှိလျှင် သာသနာ၌ ငါ ချမ်းသာစွာနေရလတ္တံ့"ဟု နှလုံးသွင်း၍ အပြစ်မမြင်ခြင်းကြောင့် အကြောင်းသင့်သောနေ့၌ မျိုးဆက် ပေးမိလေ၏။ ထိုနောက်မှ— "ငါသည် ဤမြတ်သော သာသနာအကျင့်ကို မသန့်မရှင်း ကျင့်မိလေပြီ"ဟု နောင်တပူပန်ခြင်း၊ ကြံမှိုင်ခြင်းဖြင့် ရုပ်ပျက်ဆင်းပျက် ပိန်ချုံးခြင်းသို့ ရောက်လေ၏။ ရဟန်းတို့ မေးကြသောအခါ မိမိအကြောင်း ဝမ်းနည်းစွာ ပြောပြ၏။ ရဟန်းတို့သည် များစွာ ကဲ့ရဲ့၍ ဘုရားရှင်အား လျှောက်ကုန်၏။ မေးစစ်၍ များစွာကဲ့ရဲ့ပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

**အနုပညတ် ဝတ္ထုများ။** ။အခါတပါး အာဂန္တု ရဟန်းများစွာတို့သည် ကျောင်းတို့ကို လှည့်လည်၍ ကြည့်ရှုကုန်၏။ ကျောင်းဘကျောင်း၌ မျောက်မဘကောင်၏ အမှုအရာကို မြင်ရသဖြင့် ကျောင်းနေရဟန်းအား တွေ့တော့ဖွယ် ယုံမှားသကာပြု၍ ပုန်းအောင်းကာနေကုန်၏။ ကျောင်းနေရဟန်းသည် ဆွမ်းခံရာမှ ပြန်လာသောအခါ ဆွမ်းအနည်းငယ်ကျွေး၍ ဖောက်ပြန်မှုပြု၏။ ထိုအခါ ပုန်းအောင်းရာမှ ထွက်လာကြပြီးလျှင် "ငါ့ရှင်၊ မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်ထားလျက် အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း"ဟု ဆိုကုန်၏။ ငါ့ရှင်တို့၊ လူမ၌သာပညတ်သည်၊ တိရစ္ဆာန်မ၌ ပညတ်သည် မဟုတ်—ဟု ဆို၏။ ဘုရားရှင်အား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် မေးစစ်၍ များစွာကဲ့ရဲ့ပြီးလျှင် — "အန္တမသော တိရစ္ဆာနဂတာယပိ"ဟူသော အနုပညတ်နှင့် တဖန် ပညတ်တော်မူပြန်၏။

အခါတပါး ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် စောင့်စည်းခြင်းကင်းလျက် စိတ်ထင်တိုင်းစားကာ အိပ်ကာ နေကုန်၏။ တနေ့၌ ပါရာဇိကသို့ ရောက်၍ လူထွက်ကုန်၏။ အိမ်၌ ဆွေမျိုးဥစ္စာပျက်စီး၍ အားထားစရာမရှိ ဒုက္ခအတိ ရောက်ကြသောအခါ ရှင်အာနန္ဒာထံ ချဉ်းကပ်ပြီးလျှင် "အရှင်၊ မြတ်စွာဘုရား ထံ လျှောက်ပေးပါ၊ အခွင့်ရလျှင် ရဟန်းပြန်ပြု၍ နေ့ညဥ့်မပြတ် တရားအား ထုတ်လျက် ကောင်းစွာ နေပါမည်" ဟု တောင်းပန်ကုန်၏။ ရှင်အာနန္ဒာ လျှောက်သောအခါ အခွင့်မပြုပဲ သိက္ခံ အပစ္စက္ခာယ-စသော အနုပညတ် နှင့် တဖန် ပညတ်တော်မူပြန်၏။

## ဝိနီတဝတ္ထုများ။ ၇၉-ဝတ္ထု

မြတ်စွာဘုရား ကိုယ်တော်တိုင် စစ်ဆေး၍ ဆုံးဖြတ်ပေးသောအမှုတို့သည် ဝိနီတဝတ္ထုတို့မည်ကုန်၏။ ။အခါတပါး ရဟန်းတပါးသည် မျောက်မ၌ ဖောက်ပြန်၏။ ငါသည် ပါရာဇိကသို့ ရောက်ပြီလော-ဟု ကုက္ကုစ္စ ဖြစ်၍ ဘုရားရှင်အား လျှောက်၏။

(၁) ချစ်သားရဟန်း၊ သင်သည် ပါရာဇိကသို့ ရောက်ပြီဟု ဆုံးဖြတ်တော်မူ၏။ (၂) ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သိက္ခာမချပဲ ဖောက်ပြန်မှု ပြုကုန်၏။ သင်တို့ ပါရာဇိက။ ။(၃) ရဟန်းတပါးသည် အာပတ်မသင့်အောင် ဟု လူ့အသွင်ဖြင့် ကျင့်၏။ ပါရာဇိက။ ။(၄) ရဟန်းတပါးသည် အာပတ် မသင့်အောင်ဟု အဝတ်မဝတ်ပဲ။ ။(၅) သမန်းမြက်သင်္ကန်း ဝတ်၍။ ။ (၆) လျှော်တေဝတ်၍။ ။(၇) ပျဉ်ချပ်ဝတ်၍။ ။(၈) ဆံပင်ဖြင့် ရက် သော ကမ္ဗလာဝတ်၍။ ။(၉) သားမြီးကမ္ဗလာဝတ်၍။ ။(၁၀) ခင်ပုပ် တောင်ဖြင့် ရက်သောအဝတ် ဝတ်၍။ ။(၁၁) သစ်နက်ရေဝတ်၍ ကျင့်၏။ ပါရာဇိက။ ။ (၁၂) ရဟန်းတပါးသည် ဆွမ်းခံသွားစဉ် အင်းပျဉ်၌ အိပ် နေသော သူငယ်မကို ခြေမဖြင့် မှီဝဲ၏၊ သူငယ်မ သေ၏။ ချစ်သား၊ သင် ပါရာဇိက မရောက်၊ သံဃာဒိသိသ် ဟု ဆုံးဖြတ်တော်မူ၏။ ။(၁၃) လုလင် ပျို တယောက်သည် ကျောင်းတွင်း ဝင်၍ပုန်းနေ၏၊ ရှင်မဥပ္ပလဝဏ် ဆွမ်းခံ ပြန် ကျောင်းတွင်းဝင်သောအခါ ပုန်းနေရာမှထွက်၍ အလိုရှိတိုင်း ပြုကျင့်၏။

ချစ်သားတို့၊ မသာယာသောသူအား အနာပတ္တိ-ဟု ဆုံးဖြတ်တော်မူ၏။ (ရဟန္တာမအား သာယာခြင်း မရှိ။)

(၁၄) ရဟန်းတပါးအား လိင်ပြန်၍ မိန်းမဖြစ်သွား၏၊ ချစ်သားတို့၊ ထိုဥပဇ္ဈာယ်အတိုင်း၊ ထိုရဟန်း အဖြစ်အတိုင်း၊ ထိုသိက္ခာ ဝါအတိုင်း၊ ဘိက္ခုနီမတို့နှင့် ပြောင်း၍ ပေါင်းသင်းနေထိုင်ခြင်းငှာရင်း၊ သာဓာရဏ အာပတ်တို့ကို ဘိက္ခုနီမတို့ထံ ကုစားခြင်းငှာရင်း၊ အသာဓာရဏ အာပတ်တို့ကား အနာပတ္တိ ဖြစ်ခြင်းငှာရင်း ခွင့်ပြု၏ဟု မိန့်တော်မူ၏။ ။(၁၅) ဘိက္ခုနီမ တပါးအား လိင်ပြန်၍ ယောကျ်ားဖြစ်သွား၏။ ချစ်သားတို့၊ ထိုဥပဇ္ဈာယ်၊ ထိုရဟန်း အဖြစ်၊ ထိုသိက္ခာဝါအတိုင်း ရဟန်းတို့နှင့်ပြောင်း၍ ပေါင်းသင်းနေထိုင်ခြင်း ငှာရင်း၊ သာဓာရဏတို့ကို ရဟန်းတို့ထံ ကုစားခြင်းငှာရင်း၊ အသာဓာရဏ တို့ကား အနာပတ္တိဖြစ်ခြင်းငှာရင်း ခွင့်ပြုတော်မူ၏။

(၁၆) ရဟန်းတပါးသည် အာပတ်မှ လွတ်စေခြင်းငှာ မိခင်၍။ (၁၇) သိမ်း၍။ (၁၈) အစ်မ နှမ်မ၍ ကျင့်၏၊ ပါရာဇိက။ (၁၉) မယားဟောင်း၍ ကျင့်၏၊ ပါရာဇိက။ (၂၀) ရဟန်းတပါးသည် ကျောက်ကုန်း နူးညံ့၏၊ ခါး ပျော့၏၊ ပျင်းရိသောအခါ ကုန်း၍စုတ်၏။ ပါရာဇိက။ (၂၁) ရဟန်းတပါး သည် သူသေကောင်တခုကို မြင်၏။ ထိုသူသေ၏ အင်္ဂါဇာတ်အနီးတွင် အနာ တခုရှိ၏၊ အာပတ်မှ လွတ်စေခြင်းငှာ အင်္ဂါဇာတ်၌ သွင်း၍ အနာဖြင့်ထုတ်၏။ (၂၃) အနာ၌သွင်း၍ အင်္ဂါဇာတ်ဖြင့် ထုတ်၏၊ ပါရာဇိက၊ (၂၄) ရဟန်း တပါးသည် ဆေးရေးရုပ်၏ နိမိတ်ကို အင်္ဂါဇာတ်ဖြင့် တို့၏။ ဒုက္ကဋ်။ (၂၅) သစ် သားရုပ်၏ နိမိတ်ကို အင်္ဂါဇာတ်ဖြင့် တို့၏၊ ဒုက္ကဋ်။ (၂၆) ရှင်သုန္ဒရ မည်သော ရဟန်းသည် လမ်းမ၌ လျှောက်သွား၏၊ မိန်းမတယောက်သည် ရပ်တော်မူပါ ဦးဟု ဆို၍ ရှိခိုးဦးချ၏။ ခြေဖမိုး၌ ဦးချပြီးလျှင် သင်းပိုင်ပင့်၍ အင်္ဂါဇာတ်ကို စုတ်၏၊ ကုက္ကုစ္စဖြစ်၍ ဘုရားရှင်အား လျှောက်၏၊ ချစ်သား၊ သင် သာယာ သလော၊ မသာယာပါဘုရား။ မသာယာသော ရဟန်းအား အနာပတ္တိ။ (အနာဂါမ်မှ တပါးတို့၏ အရာမဟုတ်)

(၂၇) မိန်းမတယောက်သည် ရဟန်းတပါးကို အရှင်မြတ်၊ ကြွသွားပါ၊ ပျော်ပါးတော်မူပါ—ဟု လျှောက်၏၊ မအပ်ဟု ဆိုလတ်သော် အာပတ်မသင့် အောင် ငြိမ်၍နေပါ၊ အကျွန်ုပ်ကသာ အားထုတ်ပါမည်ဟု ဆို၏၊ မိန်းမ

စကား လိုက်နာ၏၊ ပါရာဇိက။ (၂၈) အကျွန်ုပ် ငြိမ်၍နေမည်၊ အရှင်သာ အားထုတ်ပါဟု ဆို၏၊ လိုက်နာ၏၊ ပါရာဇိက။ (၂၉) အတွင်း၌ အားထုတ်၍ အပြင်၌လွှတ်ပါ။ (၃၀) အပြင်၌ အားထုတ်၍ အတွင်း၌လွှတ်ပါ-ဟု ဆို၏၊ လိုက်နာ၏။

(၃၁) ရဟန်းတပါးသည် သုသာန်သို့သွားရောက်၍ ခွေး မြေခွေး မခဲ သေးသော အသေကောင်ကို လွန်ကျူး၏။ (၃၂) မင်များစွာ မခဲသေးသော အသေကောင်ကို လွန်ကျူး၏။ ပါရာဇိက။ (၃၃) မင်များစွာ ခဲပြီးသော အသေကောင်ကို လွန်ကျူး၏။ ထုလ္လစ္စည်း။ ဤ၌ ထက်ဝက်ထုလ္လစ္စည်း ဟုသော ဆုံးဖြတ်သည်။ (၃၄) ဦးခေါင်းပြတ်ကို မြင်၍ ခံတွင်း၌ ထိခိုက်လျက် အင်္ဂါ ဇာတ်သွင်း၏၊ ပါရာဇိက။ (၃၅) မထိမခိုက် သွင်း၏၊ ဒုက္ကဋ်။ (၃၇) ရဟန်း တပါးသည် နဂါးမအား။ (၃၈) ဘီလူးမအား။ (၃၉) ပြိတ္တာမအား။ (၄၀) ပဏ္ဍုက်အား လွန်ကျူး၏၊ ပါရာဇိက။ (ဘီလူးမ ပြိတ္တာမသည် ဒဿန= မြင်ခြင်း၊ ဂဟဏ=ကိုင်ခြင်းမထင်ပဲ အာမသန=သုံးသပ်ခြင်း၊ ဖုသန=တွေ့ ခြင်း၊ ဃဋ္ဋန=ထိခြင်းထင်အံ့၊ အနာပတ္တိ။) (၄၁) ရဟန်းတပါးသည် ပျက် သော ကာယပသာဒ ရှိ၏၊ အကောင်းအဆိုး ခံစားခြင်း၊ သိခြင်း ငါ့အား မရှိဟု လွန်ကျူး၏။ ချစ်သားတို့၊ မခံစားသော်ငင်း၊ ခံစားသော်ငင်း (သေဝန စွမ်းဖြင့်) ပါရာဇိက။ (၄၂) ရဟန်းတပါးသည် မိန်းမ၌ လွန်ကျူးအံ့ဟု ကြံပြီးလျှင် တို့ထိရုံမျှပြု၍ နှလုံးမသာမယာဖြစ်၏၊ သံဃာဒိသိသ်။

(၄၃) ရဟန်းတပါးသည် ဘဒ္ဒိယမြို့ မုလေးတော၌ နေ့အခါ အိပ်ပျော် နေခိုက် လေခတ်သဖြင့် အင်္ဂါခိုင်မာသည်၊ မိန်းမတယောက်မြင်၍ ဖိထိုင်လျက် အလိုရှိတိုင်း ပြုသွား၏။ ရဟန်းတို့သည် ပေကျံလိမ်းကပ်သည်ကို မြင်၍ ဘုရား ရှင်အား လျှောက်ကုန်၏။ ချစ်သားတို့၊ ရာဂကြောင့်၊ ကျင်ကြီးနှိပ်စက်ခြင်း ကြောင့်၊ ကျင်ငယ်နှိပ်စက်ခြင်းကြောင့်၊ လေခတ်ခြင်းကြောင့်၊ ဥစ္စာလိင်ပိုး ခဲခြင်း ကြောင့်၊ ဤအကြောင်း ငါးပါးကြောင့် အင်္ဂါခိုင်မာ၏၊ ရဟန္တာအား ရာဂ ကြောင့် ခိုင်မာခြင်း မရှိ၊ ဤရဟန်းသည် ရဟန္တာ ဖြစ်၏။ အနာပတ္တိ-ဟု မိန့်တော်မူ၏။ (၄၄) သာဝတ္ထိ၌ ရဟန်းတပါးသည် ယင်းတိုက်တော၌ နေ့ အခါ အိပ်ပျော်နေ၏၊ နွားကျောင်းမတယောက်မြင်၍ အင်္ဂါဇာတ်၌ ဖိထိုင် ၏။ သွင်းခြင်း၊ ဝင်ခြင်း၊ တည်ခြင်း၊ နှုတ်ခြင်း၌ သာယာ၏၊ ပါရာဇိက။

(၄၅) ဆိတ်ကျောင်းမ ဖိထိုင်၏။ (၄၆) ထင်းခွေမ ဖိထိုင်၏။ (၄၇) နွားချေးကျုံးမ ဖိထိုင်၏။ သာယာ၏၊ ပါရာဇိက။

(၄၈) ဝေသာလီပြည်၌ ရဟန်းတပါး နေ့အခါ အိပ်ပျော်နေစဉ် မိန်းမတယောက်သည် ဖိထိုင်၍ အလိုရှိတိုင်း ပြုပြီးလျှင် အနီးတွင် ရယ်လျက်နေ၏။ ရဟန်းသည် နိုး၍ ဤအမှုကို သင်ပြုသလောဟု မေး၏။ ပြုသည်ဟု ဆိုလတ်သော် ကုက္ကုစ္စဖြစ်၍ ဘုရားရှင်ထံ လျှောက်၏။ ချစ်သား၊ သင် သာယာသလော။ မသိပါဘုရား။ မသိသောရဟန်းအား အနာပတ္တိ။ ။(၄၉)ရဟန်းတပါးသည် နေ့အခါ သစ်ပင်ကိုမှီလျက် အိပ်၏။ မိန်းမတယောက် ဖိထိုင်၏။ ရဟန်းသည် မီးလောင်သောအလား၊ မြွေပါးသည့်အသွင် လျင်စွာထ၏။ ချစ်သား၊ သင်သာယာသလော။ မသာယာပါ။ အနာပတ္တိ။ ။(၅၀)ရဟန်းတပါးသည် နေ့အခါ သစ်ပင်ကို မှီလျက်အိပ်၏။ မိန်းမတယောက် ဖိထိုင်သည်ကို ချက်ချင်း ထ၍ လိမ့်သွားအောင် ကန်ပစ်၏။ သာယာသလော။ မသာယာပါ။ အနာပတ္တိ။ (ပုထုဇဉ်ကလျာဏကသည် ဤသို့ စောင့်စည်းရ၏။ တပ်ဦး ဗိုလ်မှူးတဦးတည်း)။ ။(၅၁) ဝေသာလီပြည်၊ မဟာဝုန်တော စုလစ်မွန်းချွန်တပဲသောကျောင်း၌ ရဟန်းတပါးသည် နေ့အခါ တံခါးဖွင့်လျက် အိပ်ပျော်ခြင်းသို့ရောက်၏။ လေခတ်ယဖြင့် အင်္ဂါခိုင်မာ၏၊ ပန်းနံ့သာ လက်စွဲကာလာသော မိန်းမတို့သည် မြင်၍ ဖိထိုင်၍ အလိုရှိတိုင်းပြုပြီးလျှင် ပန်းနံ့သာတင်ဖျူ၍ ကန်တော့၍ ဖဲသွားကုန်၏။ ချစ်သားတို့၊ အကြောင်းငါးပါးတို့တွင် ရာဂကြောင့် ခိုင်မာခြင်းသည် ရဟန္တာအားမရှိ၊ အနာပတ္တိ။ ချစ်သားတို့၊ နေ့အခါအိပ်သောရဟန်းသည် တံခါးပိတ်၍ အိပ်ခြင်းငှာ ခွင့်ပြု၏။ (ထွက်ဝင် တံခါးမကြီး မပိတ်ပဲ အိပ်လျှင် ဒုက္ကဋ်)။

(၅၂) ဘာရုကစ္ဆကအရပ်သား ရဟန်းတပါးသည် မယားဟောင်းအား မေထုန်မှီဝဲရသည်ဟု အိပ်မက်မြင်၏။ နိုးလတ်သော် ငါ ပါရာဇိကသို့ရောက်ပြီ၊ လူထွက်တော့မည်ဟု အရပ်သို့ ပြန်သွား၏။ လမ်း၌ ရှင်ဥပါလိနှင့်တွေ့၍ ထိုအကြောင်း ပြောပြ၏။ ရှင်ဥပါလိသည် ငါ့ရှင်၊ အိပ်မက်ခြင်းဖြင့် အနာပတ္တိ-ဟု နည်းယူ၍ ဆုံးဖြတ်၏။ (ရှင်ဥပါလိသည် အိပ်မက်ကို ဘုရားရှင် မဆုံးဖြတ်သေးပဲ နည်းယူဆုံးဖြတ်၏။ ကောင်းကင်၌ ခြေရာပြသူမည်၏။ ထို့ကြောင့် ဝိနည်းဓိုရ်တေဒဂ်ရသည်။ ။(၅၃) ရာဇဂြိုဟ်ပြည်၌ သုပဗ္ဗာမည်သော

မိန်းမသည် သဒ္ဓါတရား လွန်ကဲ၏။ အသိဉာဏ်နည်းပါး၏။ မေထုန်လျှင် အမြတ်ဆုံးအလှူဟု အယူရှိ၏။ ရဟန်းတပါးကို အရှင်ဘုရား၊ အလှူမြတ်ကို ခံတော်မူပါဟု လျှောက်၏။ မအပ်ဟု ဆိုလတ်သော် အာပတ်မသင့်အောင် ပေါင်ကြား၌ အားထုတ်ပါဟု ဆို၏။ မိန်းမစကားလိုက်နာ၏။ သံဃာဒိသိသ်။ (၅၄) ချက်၌ အားထုတ်ပါ။ (၅၅) ဝမ်းပျဉ်း၌။ (၅၆) လက်ကတီး ကြား၌။ (၅၇) လည်ပင်း၌။ (၅၈) နားပေါက်၌။ (၅၉) ဆံထုံး၌။ (၆၀) လက်ချောင်းကြား၌ အားထုတ်ပါ။ (၆၁) လက်ဖြင့် အားထုတ်ပေးပါမည်-ဟု ဆို၏။ လိုက်နာ၏။ သံဃာဒိသိသ်။

(၆၂) သာဝတ္ထိပြည်၌ သဒ္ဓါမည်သော မိန်းမသည် သဒ္ဓါကြီးထွားဉာဏ်နည်းပါး၏။ ရဟန်းတပါးကို အရှင်ဘုရား၊ အမြတ်ဆုံးအလှူကို ခံတော်မူပါ-ဟု လျှောက်ထား၏။ မအပ်ဟု ဆိုလတ်သော် အာပတ်မသင့်အောင် ပေါင်ကြား၌ အားထုတ်ပါ။ (၆၃) ချက်၌။ (၆၄) ဝမ်းပျဉ်း၌။ (၆၅) လက်ကတီးကြား၌။ (၆၆) လည်ပင်း၌၊ (၆၇) နားပေါက်၌။ (၆၈) ဆံထုံး၌။ (၆၉) လက်ချောင်းကြား၌ အားထုတ်ပါ။ (၇၀) လက်ဖြင့် အားထုတ်ပေးပါမည်ဟု ဆို၏။ လိုက်နာ၏၊ သံဃာဒိသိသ်။

(၇၈) ကြီးမှ ရဟန်းပြုသော ရဟန်းကြီးတပါးသည် မယားဟောင်းအိမ်သို့ အကြည့်အရှုသွား၏။ မယားဟောင်းက လူထွက်ရမည်ဟု ဖမ်းသဖြင့် လွတ်အောင် ရုန်းစဉ် ပက်လက်ကျသွား၏။ မယားဟောင်းသည် သင်းပိုင်လှစ်၍ ဖိထိုင်၏။ ချစ်သား၊ သင် သာယာသလော၊ မသာယာပါဘုရား။ မသာယာသော ရဟန်းအား အနာပတ္တိ။ (အနာဂါမ်ဖြစ်သည်)။ ။(၇၉) ရဟန်းတပါးသည် တောကျောင်း၌နေ၏။ ကျင်ငယ်စွန့်စဉ် သမင်တကောင်သည် ကျင်ငယ်လာသောက်၍ အင်္ဂါစပ်ကို စုတ်ယူ၏၊ သာယာ၏၊ ပါရာဇိက။ ။

ပဉ္စမ ပါရာဇိက ပြီး၏။

**၂-အဒိန္နာဒါနာ။** ။ယော ပန ဘိက္ခု၊ ဂါမာဝါ၊ ရွာမှဖြစ်စေ။ အရညာ ဝါ၊ တောမှဖြစ်စေ။ အဒိန္နံ၊ အရှင်မပေးသောဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသော စိတ်အစုဖြင့်။ အာဒိယေယျ၊ ခိုးယူငြားအံ့။ ယထာရူပေ၊ အကြင်သို့ (တမတ်၊ တမတ်တန် ထိုထက်အလွန်) သဘောရှိသော။ အဒိန္နာဒါနေ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ ဟနေယျုံ ဝါ၊ ညှဉ်းဆဲကုန်ရာ၏။ ဗန္ဓေယျုံ ဝါ၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏။ ပဗ္ဗာဇေယျုံ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏။ တံ၊ သင်သည်။ စောရော၊ ခိုးသူသည်။ အသိ၊ ဖြစ်၏။ ဗာလော၊ လူမိုက်သည်။ အသိ။ မုဠှော၊ တွေဝေသည်။ အသိ။ ထေနော၊ ဝှက်တတ်သည်။ အသိ။ ဣတိ၊ ဤသို့စသော စကားတို့ဖြင့်။ ပရိဘာသေယျုံ ဝါ၊ ဆဲရေးမှုလည်း ဆဲရေးကုန်ရာ၏။ တထာရူပံ၊ ထိုသို့ သဘောရှိသော။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ အာဒိယမာနော၊ ခိုးယူသော။ အယမ္ပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော။ ဟောတိ။ အသံဝါသော။ ဟောတိ။

**ဂါမာဝါ အရညာဝါ။** ။ဤသိက္ခာပုဒ်၌ ၁-အိမ်ရှိသောရွာ၊ အိမ်များစွာရှိသောရွာ၊ လူရှိသော ရွာ၊ လူမရှိသောရွာ၊ အရံရှိသောရွာ၊ အရံမရှိသောရွာ အားလုံးသည် ဂါမမည်၏။ အယုတ်ဆုံး လေးလကျော်နေသော နွားကုန်သည်၊ လှည်းကုန်သည်လည်း ဂါမမည်၏။ အရံရှိသောရွာ၏ တံခါးခုံမှ ခဲတကျသည့်ရင်း၊ အရံမရှိသော ရွာ၏ အစွန်ဆုံးအိမ် ဥပစာရမှ ခဲနှစ်ကျသည့်ရင်း ဂါမူပစာ မည်၏။ ဂါမ၊ ဂါမူပစာရကိုဖယ်၍ အကြွင်းသည် အရည မည်၏။ ။လူမနေသေးသောရွာ၊ မင့်မကွက် စွန့်သွားသောရွာလည်း ဂါမ မမည်၊ အရညသာ မည်၏။

**အဒိန္နံ ထေယျသင်္ခါတံ။** ။မိမိမှ တပါးသော လူဇာတ်ရှိသောသူ၏ မပေးမစွန့်သော အမြတ်တနိုး စောင့်ရှောက်သော ဥစ္စာသည် အဒိန္နမည်၏။ လူစောင့်လျှင် ဘုရားပစ္စည်း၊ နတ်ပစ္စည်းလည်း အဒိန္နသာတည်း။ နတ်၊ တိရစ္ဆာန်၊ ပြိတ္တာ တို့၏ ဥစ္စာကား အဒိန္နမမည်။ ခိုးသူသည် ထေနမည်၏။ ခိုးလိုသော စိတ်သည် ထေယျမည်၏။ ခိုးလိုသောစိတ်အဖို့အစုသည် ထေယျသင်္ခါတမည်၏။ တရားစွဲ၍ ခိုးယူခြင်း စသော ခိုးခြင်း ၂၅-ပါးတို့တွင် တပါးပါးဖြင့် ယူခြင်းသည် အာဒိယေယျမည်၏။

**ယထာရူပ။** ။တမတ်၊ တမတ်တန်၊ ထိုထက်အလွန် ခိုးသောသူကို ဗိမ္ဗိသာရ မင်းကြီးတို့သည် ဖမ်း၍ ညှဉ်းဆဲခြင်း စသည်ဖြင့် အပြစ်ပေးကုန်၏။ တပါးသောမင်းတို့ ပေး၊ မပေး-ပမာဏမဟုတ်။ ထိုသို့ သဘောရှိသော ပေါရာဏက-ကဟာပဏ၏ တမတ်၊ တမတ်တန်၊ ထိုထက် အလွန်ကို ခိုးယူခြင်းသည် ယထာရူပ အဒိန္နာဒါန မည်၏။ မြေ၊ ကုန်း၊ ကောင်းကင် စသည်၌တည်သော ထိုမျှသော သက်ရှိသက်မဲ့ ဘဏ္ဍာကို အရှင်မပေးပဲ ခိုးယူသော ရဟန်းသည် ပါရာဇိက အာပတ်သို့ ရောက်၏။ ထိုထက်အလွန် ခိုးရာ၌ ဆိုဖွယ်မရှိ။ (ထိုအခါ ရာဇဂြိုဟ်၌ ငါးပဲသည် တမတ်။)

တမတ်တန်ခိုးလျှင် ရဟန်းအသက်ထွက်၏။ သစ်ရွက်ကြွေ-မစိမ်းလန်းပြီ။

**ငါးဌာနမှတ်ဖွယ်။** ။ဂါမ စသည်၌ မတွေဝေစိမ့်သောငှာ ဃရ၊ ဃရူပစာရ· စသည်ခွဲ၍ သိအပ်သည်။ အိမ်တံစက်မြိတ် ရေကျရာ အတွင်းသည်ဃရမည်၏။မာတုဂါမသည်အိမ်တံခါး၌ ရပ်၍ခွက်ဆေးရေစွန့်အံ့။ ထိုရေကျရာ အရပ်သည် ဃရူပစာရ မည်၏။ တနည်း-မာတုဂါမသည်ပင် အိမ်တွင်း၌နေ၍ ပကတိအားဖြင့် အပသို့ မန်းငယ်(ဇန်းငယ်)ပစ်အံ့။ ထိုမန်း တကျသည်၎င်း၊ ဝါ၊တံမြက်ချေးစုကျရာသည်၎င်း၊ ဃရူပစာရမည်၏။တနည်း-အိမ်ရှေ့၌ ထောင့်နှစ်ခုတို့၌ ဖွဲ့၍ အလယ်၌ တံခါးထား၍ နွားစသည် မဝင် အောင်ပြုသောအရံသည်လည်း ဃရူပစာရ မည်၏။

အား အလယ်အလတ်ရှိသော ယောကျ်ားသည် အစွန်ဆုံးအိမ်၏ ဃရူပစာ ရ၌ရပ်လျက် လက်မောင်းဆန့်တန်း၍ ခဲကို အားကုန်ပစ်အံ့။ ထိုခဲတကျအတွင်း သည် ဂါမ မည်၏။ ထိုမှတဆင့် ခဲတကျအတွင်းသည် ဂါမူပစာရ မည်၏။ ကျသောခဲ လိမ့်သွားရာကို မယူရ။ အရံရှိသော ရွာဖြစ်မူ အရံသည်ပင် ဂါမ အပိုင်းအခြားဖြစ်၏။ ထိုအရံ၌ တံခါးခုံနှစ်ခုရှိလျှင် အတွင်းတံခါးခုံမှ ခဲတကျ သည် ဂါမူပစာရ မည်၏။ ပဒဘာဇနီ၌ အရံမရှိသောရွာ၏ ဃရူပစာရမှ ခဲဘကျ-ဟု ဟောသော်လည်း ဆိုပြီးသောနည်းဖြင့် ခဲဘကျဂါမ။ ခဲနှစ်ကျ ဂါမူပစာရဟု သိအပ်၏။

ထို ခဲနှစ်ကျစွမ်းဖြင့် နေလွဲရွာဝင်ခြင်းစသော အာပတ်ကို ပိုင်းခြားအပ်၏။ နေလွဲရွာဝင်သိက္ခာပုဒ်၊ ဘိက္ခုနီမ ရင်လွှမ်းတဘက်မပါပဲ ရွာဝင်သိက္ခာပုဒ်တို့၌

လည်း အရုံရှိလျှင် အရုံကိုလွှန်အံ့၊ အရုံမရှိလျှင် ဥပစာရသို့ **သက်ဝင်အံ့**–စသည်ဖြင့် ဟောသည်။

ဤဂါမ၊ ဂါမူပစာရတို့ကိုဖယ်၍ ကြွင်းသောအရပ်သည် ဤသိက္ခာပုဒ်၌ အရည မည်၏။ ။ပါရာဇိကလောက်သော ဘဏ္ဍာကို ဃရစသော ဤငါးဌာနမှလည်း ခိုးယူသောရဟန်းအား ပါရာဇိကသာတည်း။ ထို့ကြောင့် ဂါမာ ဝါ အရညာဝါ-ဟု ဟောခြင်းသည် ဒေသနာမတ္တ သာတည်း။ ဝါ၊ ဥပလက္ခဏနည်းတည်း။ ။ထာ၌-ရှေး ရွာကြီးပျက်၍ အိမ်လျော့သောအခါ ဃရူပစာရမှ ခဲတကျဖြင့် ဂါမကို ပိုင်းခြားအပ်၏။ အရုံရှိ၊ မရှိ–ရှေးအပိုင်းအခြား ပမာဏမဟုတ်-ဟု ဆို၏။

**အဆုံးအဖြတ် ၁၇ ပါး။** ဤသိက္ခာပုဒ်ကို ၁-ရာဇဂြိုဟ်ပြည်၌၊ ၂-ရှင်ဓနိယမထေရ်ကို အကြောင်းပြု၍၊ ၃-မင်းကြီး၏ သစ်ဘဏ္ဍာတို့ကို အရှင်မပေးပဲ ယူခြင်းကြောင့် ပညတ်၏။ ၄-ဂါမာ ဝါ၊ အရညာ ဝါ-သည် အနုပညတ် ဖြစ်၏။ သာဓာရဏပညတ်ဖြစ်၏။ ၅-သာဏတ္တိက ဖြစ်၏။

၆–ခိုးခြင်းငှာ သွားခြင်း၊ **အဖော်ရှာခြင်းစသော** ပုဗ္ဗပယောဂ၌ ဒုက္ကဋ်။ သုံးသပ်အံ့၊ ဒုက္ကဋ်။ ပါရာဇိကလောက်သော ဝတ္ထုကို လှုပ်စေအံ့၊ ထုလ္လစ္စည်း။ တပဲ၊ တပဲအောက်ခိုးအံ့၊ ဒုက္ကဋ်။ တပဲထက်အလွန် ငါးပဲအောက်ခိုးအံ့၊ ထုလ္လစ္စည်း။ ငါးပဲ ငါးပဲထက်အလွန်ခိုးအံ့၊ ပါရာဇိက။ ခိုးခြင်းဟူသမျှ၌ ခိုးအပ်သောပစ္စည်း များ၏။ သခင် ရှိ မရှိအားဖြင့်၎င်း၊ ခိုးရာကာလတန်ဖိုးဖြင့်၎င်း၊ ခိုးရာအရပ်တန်ဖိုးဖြင့်၎င်း၊ ဘဏ္ဍာဖိုးအတက်အကျအားဖြင့်၎င်း၊ သုံးဆောင်ခြင်း၊ ခွက်ပြောင်းခြင်းစသည်ဖြင့် တန်ဖိုး ယုတ် မယုတ်အားဖြင့်၎င်း ဆုံးဖြတ်အပ်၏။ တမတ်တန်ဆန်မှ စပါးလုံးတလုံး ပယ်လိုက်လျှင် ပါရာဇိကမလောက်။

၇–ဿကသညာရှိအံ့၊ အကျွမ်းတဝင်ယူအံ့၊ အခိုက်အတန့်ယူအံ့၊ ပြိတ္တာ သိမ်းဆည်းသော ဥစ္စာ(နတ်သိကြား သိမ်းဆည်းသောဥစ္စာ)ဖြစ်အံ့၊ တိရစ္ဆာန် သိမ်းဆည်းသော ဥစ္စာဖြစ်အံ့၊ ပံ့သကူအမှတ်ဖြင့် ယူအံ့၊ ဥမ္မတ္တက-ရူးသော ရဟန်းစသည်ဖြစ်အံ့၊ အနာပတ္တိ။ (နတ်ကို ရည်စူး၍ သစ်ပင်စသည်၌ ဆွဲ ထားသော အဝတ်စသည်ကို လူစောင့်ရှိလျှင် စောင့်သူသည် ဂုဏသရဖြစ်၏။ မယူအပ်ဟုသာ ဋီ၌ဆိုသည်။)

၈—သီလဝိပတ္တိဖြစ်၏။ ၉—လူဇာတ်ရှိသူအစွမ်းဖြင့် သူတပါးသိမ်းဆည်းသော ဥစ္စာဖြစ်ခြင်း၊ သူတပါးသိမ်းဆည်းသည်ဟု အမှတ်ရှိခြင်း၊ ဂရုပရိက္ခာရ (ငါးပဲတန်)ဖြစ်ခြင်း၊ ခိုးလိုသောစိတ်ရှိခြင်း၊ ခိုးခြင်း ၂၅-ပါး တပါးပါးဖြင့် ခိုးခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ ၁၀—အဒိန္နာဒါနသမုဋ္ဌာန်။(သစိတ္တကသုံး၊ စုရိုးစိန္တာ(၇၁)။ ၁၁—ကြိယ၊ ၁၂—သညာဝိမောက္ခ၊ ၁၃—သစိတ္တက၊ ၁၄-လောကဝဇ္ဇ၊ ၁၅—ကာယကံ ဝစီကံ၊ ၁၆—အကုသလစိတ္တ၊ ၁၇—တိဝေဒနသိက္ခာပုဒ် ဖြစ်၏။

## ခိုးခြင်း ၂၅-ပါးမှတ်ဖွယ်

ခိုးခြင်း ၂၅-ပါးကို နာနာဘဏ္ဍပဉ္စက၊ ဧကဘဏ္ဍပဉ္စက၊ သာဏတ္တိကပဉ္စက၊ ပုဗ္ဗပယောဂပဉ္စက၊ထေယျာဝဟာရပဉ္စက၊ ဤသို့ ပဉ္စကငါးခုဖြင့် ပေါင်း၍ မှတ်သားအပ်၏။

နာနာ၊ ဧက(၂)၊သာဏတ္တနှင့်(၁)၊ ပုဗ္ဗ၊ ထေယျာ(၂)၊ ငါးခုမှာ၊ ငါးဖြာ ပဉ္စက။

ထိုတွင် နာနာဘဏ္ဍပဉ္စကသည် သက်ရှိသက်မဲ့ဘဏ္ဍာ၌ အာဒိယန၊ ဟရဏ၊ အဝဟရဏ၊ ဣရိယာပထဝိကောပန၊ ဌာနာစဝန-ဟု ငါးပါးပြား၏။ ထိုတွင် တရားစွဲ၍ယူခြင်းသည် အာဒိယနမည်၏။ အရံစသည်ကို မှသာဆို၍ တရားစွဲအံ့၊ ဒုက္ကဋ်။ (သဟပယောဂဖြစ်၍ မှသာပါစိတ်မဖြစ်)ပစ္စည်းရှင်အား ငါ့ဥစ္စာဆုံးတော့မည်လောဟု ယုံမှားဖြစ်စေအံ့၊ ထုလ္လစ္စည်း။ ပစ္စည်းရှင်သည် ငါ့ဥစ္စာဆုံးပြီဟု ဝန်ခံအံ့၊ ပါရာဇိက။ ဆောင်ယူသည်ပိုးစဉ် ခိုးခြင်းသည် ဟရဏမည်၏။ သူတပါး၏ ဘဏ္ဍာကို ဆောင်ယူသည်ပိုးစဉ် ခိုးလိုသောစိတ်ဖြင့်၍ ဦးခေါင်း၌တင်သောဝန်ကို သုံးသပ်အံ့၊ ဒုက္ကဋ်။ လှုပ်စေအံ့၊ ထုလ္လစ္စည်း။ ပခုံးသို့ချအံ့၊ ပါရာဇိက။ ပစ္စည်းရှင်ကိုယ်တိုင် စေခိုင်း၍ ဆောင်ယူသည်ပိုးစဉ် ခိုးရာ၌ကား ပါရာဇိကမရှိ။ အမျှင်ပေး မည်သောကြောင့်တည်း။ အပ်နှံထားသော ဘဏ္ဍာကို ခိုးခြင်းသည် အဝဟရဏမည်၏။ အပ်နှံထားသော ဘဏ္ဍာကို ပြန်တောင်းသောအခါ ငါမယူဟု မှသာဆိုအံ့၊ ဒုက္ကဋ်။ (သဟပယောဂဖြစ်၍ ဒုက္ကဋ်။) ပစ္စည်းရှင်အား ယုံမှားဖြစ်စေအံ့၊ ထုလ္လစ္စည်း။ ပစ္စည်းရှင် ဝန်ခံအံ့၊ ပါရာဇိက။ ဣရိယာပုထ်ဖျက်၍ ခိုးခြင်းသည် ဣရိယာပထဝိကောပနမည်၏။

ဘဏ္ဍာဆောင်သူနှင့်တကွ ခေါ်သွားမည်ဟု ပဌမခြေလှမ်းကို လှမ်းစေအံ့၊ ထုလ္လစ္စည်း။ ဒုတိယခြေလှမ်းကို လှမ်းစေအံ့၊ ပါရာဇိက။ နေရာမှ ရွှေ့စေ၍ ခိုးခြင်းသည် ဌာနာစာဝမည်၏။ ကုန်း၌တည်သော ဘဏ္ဍာကို ခိုးလို၍ သုံးသပ်အံ့၊ ဒုက္ကဋ်။ လှုပ်စေအံ့၊ ထုလ္လစ္စည်း။ နေရာမှ ရွှေ့စေအံ့၊ ပါရာဇိက။

အာဒိ၊ ဟရ(၂)၊ ဝဟာရ(၁)၊ ပထ၊ ဌာနာစာ(၂)။

ကောဘဏ္ဍပဉ္စကသည် သက်ရှိဘဏ္ဍာ၌ အာဒိယနစသော ထိုငါးပါးပင် ဖြစ်၏။ သခင်ရှိသောကျွန်ကို၊ ဝါ၊ တိရစ္ဆာန်ကို ဆိုပြီးသောနည်း ငါးမျိုးအတိုင်း တရားစွဲ၍ခိုးခြင်း၊ ဆောင်ယူသည်ပိုးစဉ် ခိုးခြင်း၊ အပ်နှံထားသည်ကို ခိုးခြင်း၊ ဣရိယာပုထ်ဖျက်၍ ခိုးခြင်း၊ နေရာမှ ရွှေ့စေ၍ ခိုးခြင်းတို့ဖြင့် သိအပ်၏။

ကောဘဏ်လည်း၊ ထိုငါးတည်း၊ ထူးပြီး သက်ရှိသာ။

သာဟတ္ထိကပဉ္စကသည် သာဟတ္ထိက၊ အာဏတ္တိက၊ နိဿဂ္ဂိယ၊ အတ္ထသာဓက၊ ဓုရနိက္ခေပ ဟု ငါးပါးပြား၏။ ကိုယ်တိုင် ခိုးခြင်းသည် သာဟတ္ထိကမည်၏။ ဤဘဏ္ဍာကို ခိုးလော့ဟု သူတပါးကို စေခိုင်းခြင်းသည် အာဏတ္တိကမည်၏။ ကင်းထားရာအရပ်၊ မိမိကြံစည်ရာအရပ်တို့၏ အတွင်း၌ နေ၍ အပသို့ ပစ်ခြင်းသည် နိဿဂ္ဂိယမည်၏။ ဤသူ၏ဘဏ္ဍာကို စွမ်းနိုင်သောအခါ ခိုးလော့ဟု(ကာလ မပိုင်း)စေခိုင်းခြင်းသည် အတ္ထသာဓကမည်၏။ ဤအတ္ထသာဓကနည်းဖြင့် စေခိုင်းသည့်အတိုင်း ကောန်ခိုးခြင်းဖြစ်အံ့၊ စေခိုင်းသူအား စေခိုင်းဆဲခဏ၌ ပါရာဇိက။ ခိုးသူအားကား နှစ် ၆၀-လွန်စေကာမူ ခိုးသောအခါမှ ပါရာဇိက။ ဖိနပ်ဆီစိမ်လို၍ သူတပါး၏ ဆီအိုး၌ ခိုးထည့်ရာ၌လည်း ဆီတမတ်ဖိုး ကောန်စုပ်ယူနိုင်မည်ဖြစ်အံ့၊ လက်မှ လွတ်ကာမျှ၌ ပါရာဇိက။ တရားစွဲသောအခါ အပ်နှံထားသောဘဏ္ဍာ ပြန်မပေးသောအခါတို့၌ ပစ္စည်းရှင်အား မပေးအံ့ဟု ဝန်ချခြင်းသည် ဓုရနိက္ခေပမည်၏။ ခေတ္တယူသောဘဏ္ဍာကိုရင်း၊ အစားပေးသင့်သော ဘဏ္ဍာကိုရင်း မပေးအံ့ဟု ဝန်ချခြင်းသည် ဓုရနိက္ခေပတည်း။

သာ-ဟတ်၊ အာဏ(၂)၊ နိဿဂ္ဂ(၁)၊ အတ္ထ၊ ဓုရပါ(၂)။

ပုဗ္ဗပယောဂပဉ္စကသည် ပုဗ္ဗပယောဂ၊ သဟပယောဂ၊ သံဝိဒါဝဟာရ၊ သင်္ကေတကမ္မ၊ နိမိတ္တကမ္မ ဟု ငါးပါးပြား၏။ ခိုးခိုင်းခြင်းသည် ပုဗ္ဗပယောဂ

မည်၏။ တည်ရာမှ ရွေ့စေခြင်းသည်၎င်း၊ တသစ်ငုတ်စသည် ပြောင်းရွှေ့၍ မြေခဲ့ချခြင်းသည်၎င်း ဿဟာပယောဂမည်၏။ ဤမည်သော ဘဏ္ဍာကို ငါတို့ခိုးကြစို့ဟု တိုင်ပင်၍ ခိုးခြင်းသည် သံဝိဒါဝဟာရမည်၏။ တိုင်ပင်သူတို့တွင် တယောက်ယောက်ခိုးအံ့၊ အားလုံးခိုးသည် မည်၏။ အာလုံးပါရာဇိက။ သိအောင် အချိန်းအချက်ပြုခြင်းသည် သင်္ကေတကမ္မ မည်၏။ နံနက်စသော ကာလတခုခုကို ပိုင်းခြား၍ ဤအချိန်တွင် ဤဘဏ္ဍာကို ခိုးလော့ဟု ချိန်းဆိုအံ့၊ ထိုအချိန်းအတိုင်း ခိုးဖြစ်လျှင် ချိန်းသောရဟန်းအား ချိန်းသောခဏ၌ပင် ခိုးခြင်းဖြစ်၏။ အမှတ်သညာဖြစ်စေခြင်းငှာ မျက်စိမှိတ်ခြင်း စသောအမူအရာသည် နိမိတ္တကမ္မမည်၏။ ဤသို့နိမိတ်ပြုသောအခါ မရှေးမနှောင်းခိုးလော့ဟု ဆိုအံ့၊ ဆိုတိုင်း ခိုးဖြစ်လျှင် နိမိတ်ပြုသောရဟန်းအား နိမိတ်ပြုသောခဏ၌ပင် ခိုးခြင်းဖြစ်၏။

ပုဗ္ဗ၊ သဟ(၂)၊ သံဝိဒ(၁)၊ ကေ်တ၊ နိမိတ္တာ(၂)။

ထေယျာဝဟာရပဉ္စကသည် ထေယျာဝဟာရ၊ ပသယှာဝဟာရ၊ ပရိကပ္ပါဝဟာရ၊ ပဋိစ္ဆန္နာဝဟာရ၊ ကုသာဝဟာရ-ဟု ငါးပါးပြား၏။ မထင်မရှားခိုးခြင်း၊ လှည့်ပတ်၍ခိုးခြင်းသည် ထေယျာဝဟာရမည်၏။ နံရံစပ်ဖောက်ခြင်းစသည်ဖြင့် ခိုးသောအခါ၊ ချိန်ခွင်တင်းတောင်း အသပြာစဉ်းလဲခြင်းစသည်ဖြင့် လည်ဆယ်သောအခါတို့၌ သိအပ်၏။ နှိပ်စက်၍ယူခြင်းသည် ထေယျာဝဟာရမည်၏။ ဒမြကဲ့သို့ အနိုင်အထက်လုယူသောအခါ၊ မင်းမှုထမ်းကဲ့သို့ အနိုင်ကျင့်၍သင့်သော မင်းခွန်ထက် ပိုယူသောအခါတို့၌ သိအပ်၏။ ကြံစည်၍ ယူခြင်းသည် ပရိကပ္ပါဝဟာရ မည်၏။ ဘဏ္ဍာကို ကြံစည်ခြင်း၊ အရပ်ကို ကြံစည်ခြင်းဟု နှစ်မျိုးပြား၏။ဘဏ္ဍာကြံစည်ပုံကား—ပုဆိုးဖြစ်လျှင် ယူမည်၊ ချည်ခင်ဖြစ်လျှင် မယူဟု ကြံ၍ မှောင်မိုက်တွင်း အထုပ်ကိုယူအံ့၊ ချည်ခင်ဖြစ်လျှင် စောင့်သေး၏။ ပုဆိုးဖြစ်လျှင် အထုပ်မြှောက်သော ခဏ၌ ပါရာဇိက။ ပြင်ပသို့ ထုတ်ကြည့်၍ ချည်ခင်ဟုသိ၍ထားခဲ့လျှင် စောင့်သေး၏။ ရရာယူမည်ဟု ယူသွားအံ့၊ ခြေလှမ်းဖြင့် ဆုံးဖြတ်အပ်၏။ တဖက်လှမ်း ထုလ္လစ္စည်း၊ နှစ်ဖက်လှမ်း ပါရာဇိက။ ချထားရာမှ ပြန်ယူအံ့၊ မြှောက်သောခဏ၌ ပါရာဇိက။ သူခိုး သူခိုးဟု လိုက်သံကြား၍ စွန့်ပြေးအံ့၊ စောင့်သေး၏။ သခင်မြင်၍ ပြန်ယူအံ့၊ စောင့်သေး၏။ တပါးသောသူမြင်၍ ယူသွားအံ့၊ ဘဏ္ဍာစားပေးအပ်၏။ သခင်မမြင်၍ မယူပဲ ပြန်သွားပြီးမှ ငါယူခဲ့ပြီဖြစ်၍ ငါ့ဥစ္စာဖြစ်ပြီဟု သကသညာဖြင့် ယူအံ့၊ ဘဏ္ဍာစားပေးအပ်၏။ ဤကား ဘဏ္ဍပရိကပ္ပတည်း။ အရပ်

**ကြံစည်ပုံကား**—ပရိဝေဏ္ဍ ကောင်းငယ် စသည်တို့သို့ ဝင်ပြီးလျှင် နှစ်သက်သော ဘဏ္ဍာကိုမြင်၍ တိုက်ခန်းတံခါး၊ တံခါးမှခံ၊ ပြာသာဒ်အောက်၊ တံခါးခုံ၊ သစ်ပင်ရင်းစသော နေရာကိုပိုင်းခြား၍ ဤနေရာအတွင်း ပစ္စည်းရှင် မြင်သွားလျှင် ခေတ္တယူဟန်ဖြင့် ပြန်ထားမည်၊ မမြင်လျှင် ယူသွားမည်ဟု ကြံစည်၍ ယူအံ့၊ ကြံစည်ရာအရပ်ကို လွန်ကာမျှ၌ ခိုးခြင်းဖြစ်၏။ ဤကား သြကာသပရိကပ္ပ=အရပ်ကို ကြံစည်ခြင်းတည်း။

ဖုံးလွှမ်း၍ ခိုးခြင်းဖြစ်၏၊ ပဋိစ္ဆန္နာဝဟာရမည်၏။ ဖုံးလွှမ်းပုံကား ဥယျာဉ် တဲ၌ သူတပါး ချွတ်ထားသော လက်စွပ်စသည်ကိုမြင်၍ နောက်မှယူမည်ဟု မြေမှုန့်ဖြင့် သစ်ရွက်ဖြင့် ဖုံးထားလိုက်အံ့၊ ခိုးခြင်းမဖြစ်သေး။ ပစ္စည်းရှင်တို့ ရှာမတွေ့၍ ဆုံးပြီဟု ဝန်ချ၍ သွားကုန်မှ ယူအံ့၊ ဘဏ္ဍာဒေယျသာတည်း။ နောပ်သိ၍ တောင်းသောအခါ ပြန်မပေးအံ့၊ ပစ္စည်းရှင် ဝန်ချလျှင် ခိုးခြင်း ဖြစ်၏။ ခိုးလိုသော စိတ်ဖြင့် မဖုံးလွှမ်းပဲ ညှန့်၌ သဲ၌ နင်းသွင်းလိုက်အံ့၊ ဝင်ကာ မျှ၌ ခိုးခြင်းဖြစ်၏။ ကမ္ပည်းပြောင်း၍ ခိုးခြင်းသည် ကုသာဝဟာရ မည်၏။ ပြောင်းပုံကား—ဝါး၊ ထန်းရွက် စသည်၌ အမှတ်အသား ကမ္ပည်းရေး၍ ကမ္ပည်း ချ၍ သင်္ကန်းစသည်ကို ဝေဖန်သောအခါ မိမိအဖို့၏ အနီး၌ အဖိုးနည်း၊ အဖိုးကြီး၊ အဖိုးတူ ဖြစ်သော သူတပါး၏ အဖိုးတခုခုကို ယူလိုသဖြင့် မိမိအဖို့၌ ကျသောကမ္ပည်းကို ကောက်ယူအံ့၊ ကောက်ယူ၍ သူတပါးအဖို့၌ ချအံ့၊ စောင့် သေး၏။ ထိုအဖို့မှ သူတပါး၏ကမ္ပည်းကို ကောက်ယူအံ့၊ ယူကာမျှ၌ ခိုးခြင်း ဖြစ်၏။ ရှေးဦးစွာ သူတပါးအဖို့မှ ကမ္ပည်းကို ယူအံ့ မိမိအဖို့၌ ချအံ့၊ မိမိ ကမ္ပည်းကို ကောက်ယူအံ့၊ စောင့်သေး၏။ ထိုကမ္ပည်းကို သူဘပါးအဖို့၌ ချအံ့၊ လက်မှလွတ်ကာမျှ၌ ခိုးခြင်းဖြစ်၏။ ။ဤသို့ ခိုးခြင်း ၂၅—ပါးကို ပဥ္စက ငါးခုဖြင့် သိအပ်၏။

ထေယျ၊ ပသယှ (၂)၊ ရိကပ္ပ(၁)၊ ဆန္န၊ ကုသာဝါ(၂)။

## ဒုက္ကဋ်ရှစ်မျိုး ပုတ်ဖွယ်

(ဤအဓိန္နာဒါနဲ၌ ပုဗ္ဗပယောဂ ဒုက္ကဋ်၊ သဟပယောဂဒုက္ကဋ်-စသည်ဖြင့် ဒုက္ကဋ်ရှစ်မျိုးကို ပြအပ်၏။ ခိုးလိုသောစိတ်ဖြင့် အဖော်ရှာအံ့၊ ပေါက်တူး၊ ခြင်းတောင်းရှာအံ့၊ သွားအံ့၊ ဒုက္ကဋ်။ ဤသို့ ဟောသော ဒုက္ကဋ်မျိုးသည် ပုဗ္ဗ

**ပယောဂဒုက္ကဋ် မည်၏။** **မခိုးမီ ရွေးလို့လဖြစ်သော ပုဗ္ဗပယောဂ၌ ဒုက္ကဋ် နေရာ** ဒုက္ကဋ်၊ ပါစိတ်နေရာ ပါစိတ်သင့်၏။ ဘဏ္ဍာရှိရာ၌ ပေါက်သောသစ်ပင် ကို ဖြတ်အံ့၊ မြေတူးအံ့၊ ဒုက္ကဋ်။ ဤသို့ဟောသော ဒုက္ကဋ်မျိုးသည် သဟ ပယောဂ ဒုက္ကဋ်မည်၏။ ခိုးခြင်းနှင့်အတူ တစပ်တည်း လို့လဖြစ်သော သဟ ပယောဂ၌ ဒုက္ကဋ်နေရာလည်း ဒုက္ကဋ်၊ပါစိတ်နေရာလည်း ဒုက္ကဋ်တည်း။ထို့ကြောင့် တရားစွဲရာ၌ မုသာလည်း ဒုက္ကဋ်သာတည်း။ ။ရတနာဆယ်ပါး၊ စပါးမျိုး ခုနစ်ပါး၊ လက်နက်၊ တူရိယာ၊ မိန်းမရုပ် စသည်ကို ကိုင်အံ့၊ ဒုက္ကဋ်။ ဤကား အနာမာသဒုက္ကဋ် မည်၏။ မသုံးသပ်ကောင်း။ အပင်၌ သီးဆဲဖြစ်သော သစ်သီး ခဲဖွယ် စားဖွယ်ကို ကိုင်အံ့၊ ဒုက္ကဋ်။ ဤကား ဒုရူပစိဏ္ဏ ဒုက္ကဋ်မည်၏။ အလေ့ အကျင့် မကောင်း၊ လက်မငြိမ်။ ဆွမ်းခံစဉ် မြူကျသောသပိတ်ကို ပြန်အဂပ် မခံမူ၍၊ ဝါ၊ ကျသောမြူကို မသုတ်သင်မူ၍ ထိုသပိတ်ဖြင့်ပင် ဆွမ်းခံအံ့၊ ဒုက္ကဋ်။ ဤကား ဝိနယဒုက္ကဋ် မည်၏။ ကြွင်းခုနစ်ပါးမှ လွတ်သမျှ အားလုံး ဝိနယဒုက္ကဋ်သာတည်း။ အကပ်မခံပဲ မြူမသုတ်သင်ပဲ လူသာမဏေတို့အား ဤဆွမ်းကို ပေးအံ့ဟု နှလုံးသွင်း၍ ခံလျှင် ဝိနယဒုက္ကဋ်လွတ်၏။ ။သုတ္တာ နုဝဒ္ဓိ အာပတ္တိ ဒုက္ကဋသြ၊ သံဃာကွဲစေခြင်းငှာ လို့လပြုခြင်း စသည်ကို ကြားသိလျက် မဆိုကန့်အံ့၊ ဒုက္ကဋ်။ ဤကား ဉာတဒုက္ကဋ် မည်၏။သမနုဘာသန ကံ ၁၁-ခုတို့၌ ဥတ္တိအဆုံး၌အယူမစွန့်အံ့၊ ဒုက္ကဋ်။ ဤကား ပဋိဿဝဒုက္ကဋ် မည်၏။ (ဝန်ခံစဉ်က မစင်ကြယ်လျှင် ပါစိတ်လည်း သင့်၏) ဤသို့ ဒုက္ကဋ် ရှစ်မျိုးသိလျှင် သဟပယောဂ၌ သစ်ပင်ဖြတ်၊ မြေတူး၊ မုသာဆို — စသည် ကြောင့်ဖြစ်သော ဒုက္ကဋ် မတွေဝေနိုင်၊ ကြွင်းသော ဒုက္ကဋ်တို့ကိုလည်း အလေး ပြုနိုင်၏။)

ပုဗ္ဗ၊ သဟ (၂)၊ နာမာသ (၁)၊ စိဏ္ဏ၊ ဝိနယာ (၂)။
ဥတ္တိ၊ ဉာတ (၂)၊ ပဋိဿဝ (၁)၊ အဋ္ဌ ဒုက္ကဋာ။

## ဝတ္ထုကြောင်းမှတ်ဖွယ်

ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌ မြတ်စွာဘုရား နေတော်မူသောအခါ ရဟန်းတို့သည် ဣသိဂိလိတောင်၌ မြက်မိုးကျောင်း၊ သက်ကယ်မိုးကျောင်း ဆောက်၍ နေကုန်၏။ အိုးထိန်းသည်သား ဓနိယသည် မိဝိ၏ကျောင်းကို

ထင်းခွေသမားတို့ သုံးကြိမ်တိုင် ဖျက်ယူသွားကြသဖြင့် မြေကျောင်း လှပစွာ ပြုလုပ်မီးဖုတ်၍ မြေကျောင်း၌ နေ၏။ ထိုကျောင်းကို ဘုရားရှင်မြင်လတ်သော်- မြေကျောင်းဟူသည် မီးဖုတ်စဉ် ပိုးကောင်ငယ်များစွာ ပျက်စီးသည်၊ တိတ္ထိတံခွန်လည်း ဖြစ်သည်—ဟု ဖျက်ဆီးစေပြီးလျှင် ချစ်သားတို့၊ အလုံးစုံ မြေဖြင့် ပြီးသောကျောင်းကို မပြုအပ်၊ ပြုငြားအံ့၊ ဒုက္ကဋ်ဟု ပညတ်တော်မူ၏။ ထိုအခါ ရှင်ဓနိယသည် အစိုးရသစ်တော်ထားရာ၌ သစ်ထိန်းစာရေးထံ သစ်ကို အလှူခံ၏။ အရှင်ဘုရား၊ လှူစရာ သစ်မရှိပါ။ မြို့ပြုပြင်ရန် သစ်တော်တို့သာ ရှိကုန်၏။ မင်းကြီး၏ ခိုင်းမှ လှူဝံ့ပါမည်ဟု ဆိုလတ်သော် ဗိမ္ဗိသာရမင်းကြီးသည် ငါ့အား လှူပြီးပြီဟု ဆို၏။ လှူပြီးဖြစ်လျှင် ယူတော်မူပါဟု ဆိုလတ်သော် လိုသလောက် ဖြတ်၍ယူသွား၏။

ဝဿကာရအမတ်ကြီး သိသောအခါ မင်းကြီးထံလျှောက်၍ သစ်ထိန်းစာရေးကို ဖမ်းစေ၏။ ရှင်ဓနိယသည်လည်း နန်းတော်သို့ လိုက်သွား၏။ အရှင်မြတ်အား သစ်တော်လှူခြင်းကို မမှတ်မိပါ။ အဘယ်အခါ လှူမိပါသနည်းဟု မေးလတ်သော် အရှင်မင်းကြီးသည် ဘိသိက်ခံတော်မူစဉ်က သမဏဗြာဟ္မဏတို့အား မြက်၊ ထင်း၊ ရေ၊ သစ်သားတို့ကို လှူပါ၏။ သုံးဆောင်ကြပါစေသတည်းဟု ဆိုသည်မဟုတ်လောဟု ဆို၏။ အရှင်သည် သိက္ခာလိုလား ကုက္ကုစ္စကြီးမားသော ပုဂ္ဂိုလ်တို့ကို ငဲ့၍ ပသိမ်းဆည်းသောပစ္စည်းကို ရည်၍ဆိုသည်ကို အမြွက်ပြုခြင်းဖြင့်ယူဘိ၏။ ရဟန်းကို ခိုးမှုဖြင့် သတ်ရခြင်းသည် မသင့်။ သင်္ကန်းဟူသော အမွေကြောင့် လွတ်သင့်သည်။ နောင် ဤသို့မပြုပါနှင့်ဟု ဆို၍ လွှတ်လိုက်၏။

လူတို့သည် ဤရဟန်းတို့ကား မင်းကြီးကိုပင် လှည့်စားကုန်သေး၏ စသည်ဖြင့် ကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားသည် မေးစစ်၍ ကဲ့ရဲ့ပြီးလျှင် ဗိမ္ဗိသာရမင်းသည် မည်မျှလောက်ခိုးလျှင် သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်ဖြင့် အပြစ်ပေးသနည်းဟု အမတ် ရဟန်းတပါးကို မိန့်တော်မူ၏။ တမတ်တန်ခိုးလျှင် ဤသို့ အပြစ်ပေးပါသည်ဟု လျှောက်၏။ ထိုအခါ များစွာ ကဲ့ရဲ့၍ ဤ သိက္ခာပုဒ်ကို ပညတ်တော်မူသည်။

**အနုပညတ်ဝတ္ထု။** ။အခါတပါး ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၁၀ ါသည့်တို့ အဝတ်လှန်းရာအရပ်သို့ သွား၍ အဝတ်ထုပ် ခိုးလာပြီးလျှင် ဝေဖန်၍ သက်နိုးချုပ်ကုန်၏။ သင်တို့ ဘုန်းကြီးကုန်စွ၊ သက်နိုးများစွာ ရကြသည်ဟု တပါးသောရဟန်းတို့ ဆိုလတ်သော် ဘုန်းကြီး၍မဟုတ်၊ အဝတ်လှန်းရာမှ ယူခဲ့သည်ဟု ဆိုကုန်၏။ အဘယ့်ကြောင့် ဤသို့ယူကြသနည်း ၊ သိက္ခာပုဒ်ပညတ်ထားပြီး မဟုတ်လော ဟု ဆိုလတ်သော် ရွာ၌ ပညတ်သည်၊ တော၌ မပညတ်ဟု ဆိုကုန်၏။ ထိုကြောင့် ဂါမာ ဝါ အရညာ ဝါ ဟူသော အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

**မာတိကာသုံးဆယ်။** ။မြေ၌တည်သော ဥစ္စာ၊ ကုန်း၌တည်သော ဥစ္စာ၊ ကောင်းကင်၌၊ ဟင်းလင်းပြင်၌၊ ရေ၌၊ လှေ၌၊ ယာဉ်၌ တည်သောဥစ္စာ ၇၊ ဝန်ထုပ်အားဖြင့်တည်သော ဥစ္စာ၊ အရံ၌၊ ကျောင်း၌၊ လယ်၌၊ ယာ၌၊ တော၌၊ ရွာ၌တည်သောဥစ္စာ ၁၄၊ ရေ၊ ဒန်ပူ၊ တောစိုးသစ်ပင်၊ ဆောင်ယူသောဥစ္စာ၊ အပ်နှံသောဥစ္စာ၊ ကင်းထားရာအရပ်၊ လူသတ္တဝါ ၂၁၊ အခြေမရှိ၊ နှစ်ချောင်းရှိ၊ လေးချောင်းရှိ၊ အခြေများစွာရှိသော သတ္တဝါ ၂၅၊ အခွန်းတွင်းဝင်ကြည့်၍ ခိုးခိုင်းသူ၊ ဆောင်လာသောဘဏ္ဍာကို စောင့်ရှောက်သူ၊ တိုင်ပင်၍ခိုးခြင်း၊ အချိန်းအချက်ပြုခြင်း၊ နိမိတ်ပြုခြင်း ၃၀၊ ဤသို့ မာတိကာ ၃၀-ဖြင့် ဝေဖန်တော်မူသည်။

## ဝိနီတဝတ္ထုများ ၊ ဝတ္ထု (၁၅၀)

(၁) ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၁၀ ါလှန်းရာသို့ သွား၍ ၁၀ ါထုပ် ခိုးကုန်၏။ ငါတို့ ပါရာဇိကသို့ရောက်သလောဟု ကုက္ကုစ္စဖြစ်၍ ဘုရားရှင်အား လျှောက်ကုန်၏။ သင်တို့ ပါရာဇိကာဟု ဆုံးဖြတ်တော်မူ၏။ (၂) ရဟန်းတပါးသည် ၁၀ ါလှန်းရာ၌ အဖိုးတန်ပုဆိုးကိုမြင်၍ ခိုးလိုသော စိတ် ဖြစ်၏။ စိတ်ဖြစ်ရုံမျှ၌ အနာပတ္တိဟု ဆုံးဖြတ်တော်မူ၏။ (၃) ယင်းအတူ ခိုးလိုသော စိတ်ဖြစ်၍ သုံးသပ်၏၊ ဒုက္ကဋ်။ (၄) ခိုးလိုသောစိတ်ဖြင့် လှုပ်စေ၏၊ ထုလ္လစ္စည်း။ (၅) ခိုးလိုသောစိတ်ဖြင့် နေရာမှ ရွေ့စေ၏။ ပါရာဇိက။ (၆) ရဟန်းတပါးသည် ဆွမ်းခံသွားစဉ် အဖိုးတန်အပေါ်ရုံကို မြင်၍ ခိုးလိုသော စိတ် ဖြစ်၏၊ အနာပတ္တိ။ (၇) သုံးသပ်၏၊ ဒုက္ကဋ်။ (၈) လှုပ်စေ၏၊ ထုလ္လစ္စည်း။ (၉) ရွေ့စေ၏၊

ပါရာဇိက။ (၁၀) ရဟန်းတပါးသည် နေ့အခါ ဘဏ္ဍာကိုမြင်၍ ညဉ့်၌ ခိုးမည်ဟု မှတ်ထား၏။ ညဉ့်၌ ထိုဘဏ္ဍာဟုမှတ်၍ ထိုဘဏ္ဍာကို ခိုး၏၊ ပါရာဇိက။ (၁၁) ထိုဘဏ္ဍာဟုမှတ်၍ တပါးသော ဘဏ္ဍာကို၊ (၁၂) တပါးသော ဘဏ္ဍာဟုမှတ်၍ ထိုဘဏ္ဍာကို၊ (၁၃) တပါးသော ဘဏ္ဍာဟုမှတ်၍ တပါးသော ဘဏ္ဍာကို ခိုး၏၊ ပါရာဇိက။ (၁၄) ထိုဘဏ္ဍာဟုမှတ်၍ မိမိ၏ ဘဏ္ဍာကို ခိုး၏၊ ဒုက္ကဋ်။

(၁၅) ရဟန်းတပါးသည် သူတပါး၏ ဘဏ္ဍာကို ဆောင်ယူသည်ပိုးစဉ် ဦးခေါင်း၌ရှိသော ဝန်ထုပ်ကို ခိုးလို၍ သုံးသပ်၏၊ ဒုက္ကဋ်။ (၁၆) လှုပ်စေ၏၊ ထုလ္လစ္စည်း။ (၁၇) ပခုံးသို့ချ၏၊ ပါရာဇိက။ (၁၈) ပခုံး၌ရှိသော ဝန်ထုပ်ကို သုံးသပ်၏၊ (၂၂) လှုပ်စေ၏၊ (၂၃) လက်ဖြင့် ယူ၏၊ ပါရာဇိက။ (၂၄) လက်၌ ဝန်ထုပ်ကို မြေသို့ချ၏၊ ပါရာဇိက။ (၂၅) စင်ကြယ်သောစိတ်ဖြင့် မြေ၌ချ၍ ခိုးလိုသောစိတ်ဖြင့် မြေမှ ယူ၏၊ ပါရာဇိက။

(၂၆) ရဟန်းတပါးသည် လွင်တီးခေါင်၌ သင်္ကန်းလွှား၍ ကျောင်းတွင်းသို့ ဝင်သွား၏။ ရဟန်းတပါးက မပျောက်ပျက်ပါစေလင့်ဟု ယူသိမ်းထား၏။ ငါ၏ သင်္ကန်း အဘယ်သူခိုးသနည်းဟု မေးလတ်သောအခါ ငါခိုးသည်ဟု ဆို၏။ သင် ရဟန်းမဟုတ်ပြီဟု ဆိုလတ်သော် ကုက္ကုစ္စဖြစ်၍ ဘုရားရှင်အား လျှောက်၏။ ချစ်သား၊ သင် အဘယ်စိတ်ရှိသနည်း။ စကားဆိုခြင်းမျှသာ ဖြစ်ပါသည်။ စကားဆိုခြင်းမျှ၌ အနာပတ္တိ။ (၂၇) ရဟန်းတပါးသည် အင်းပျဉ်၌ သင်္ကန်းထား၏။ (၂၈) နိသီဒိုင် ထား၏။ (၂၉) အင်းပျဉ်အောက်၌ သပိတ်ထား၏။ (၃၀) ဘိက္ခုနီမတယောက်သည် ပေါင်ရင်း၌ သင်္ကန်းလွှား၏။ ဘိက္ခုနီမ တယောက်က မပျောက်ပျက်ပါစေလင့်ဟု သိမ်းထား၏။ ငါခိုးသည်ဟု ဆို၏။ စကားဆိုခြင်းမျှ၌ အနာပတ္တိ။

(၃၁) ရဟန်းတပါးသည် လေပွေမွှေ့လာသော ပုဆိုးကို သခင်တို့အား ပေးမည်ဟု ယူလိုက်၏။ ပစ္စည်းရှင်က ရဟန်းမဟုတ်ပြီ ဟု စောဒနာ၏။ အဘယ် စိတ်ရှိသနည်း။ ခိုးလိုသောစိတ် မရှိပါ။ ခိုးလိုသောစိတ် မရှိသော ရဟန်းအား အနာပတ္တိ။ (၃၂) လေပွေမွှေ့လာသော ဦးရစ်ကို သခင် မတွေ့ခင် ယူမည်ဟု ယူလိုက်၏၊ ပါရာဇိက။ (၃၃) ရဟန်းတပါးသည် သုသာန်၌ မပျက်သေးသော လူသေကောင်၌ ပံသကူပုဆိုး ကောက်ယူ၏။ ပုဆိုးစွဲလမ်းသော ပြိတ္တာ

သည် ပူးဝင်၍ မယူပါနှင့်ဟု ဆို၏။ ယူသွားသောအခါ သူကောင် ထ၍ တကောက်ကောက် လိုက်၏။ ကျောင်းရောက်၍ တံခါးပိတ်လိုက်သောအခါ ပြိတ္တာထွက်သွား၍ သူကောင်လဲ၍ကျ၏။ ရဟန်းအားကုက္ကုစ္စဖြစ်၏၊ အနာပတ္တိ။ ချစ်သားတို့၊ မပျက်သေးသော သူကောင်၌ ပံ့သကူ မကောက်ယူအပ်။ ကောက်ယူငြားအံ့၊ ဒုက္ကဋ်။ (၃၄)ရဟန်းတပါးသည် သံဃိကသင်္ကန်း ဝေဖန်သောအခါ ခိုးလိုသောစိတ်ဖြင့် ကမ္ဗည်းပြောင်း၍ သင်္ကန်းကို ယူ၏၊ ပါရာဇိက။ (၃၅) ရှင်အာနန္ဒာ စရုံးအိမ်၌ ရဟန်းတပါး၏ သင်းပိုင်ကို မိမိသင်္ကန်းထင်၍ ဝတ်၏။ သကသညာရှိသော ရဟန်းအား အနာပတ္တိ။

(၃၆) ရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင် အဆင်း၌ ခြင်္သေ့စားကြွင်းကို ယူ၍ ချက်စားကုန်၏။ တိရစ္ဆာန်သိမ်းဆည်းသော ဥစ္စာ၌ အနာပတ္တိ။ (၃၇) ကျားစားကြွင်းကို၊ (၃၈) သစ်၊ (၃၉) အောင်း၊ (၄၀) တောခွေးစားကြွင်း ကို ယူ၍ ချက်စားကုန်၏၊ အနာပတ္တိ။(၄၁) ရဟန်းတပါးသည် သံဃိကဆွမ်း ဝေဖန်သောအခါ တပါးသောသူအတွက် ဝေစုပေးပါဦး ဟု တပါးသောသူ မရှိပဲ လိမ်၍တောင်းယူ၏။ ပေးသည်ကို ယူသောကြောင့် ပါရာဇိက မသင့်။ လိမ်သောကြောင့် သမ္ပဇာနမုသာဝါဒပါစိတ်သင့်၏။ (လိမ်တောင်းရာ၌ သံဃိကပစ္စည်းကို သမ္မုတိရရဟန်းနှင့် အာဏာရသူတို့ ပေးအံ့၊ လူ့ပစ္စည်းကို သခင်နှင့် အာဏာရသူတို့ ပေးအံ့၊ ခိုးမှုမဖြစ်။ တပါးသောသူ ဝင်၍ပေးသည်ကို လိမ်တောင်းလျှင် ခိုးမှုဖြစ်သည်။) (၄၂) ခဲဖွယ်၊ (၄၃) မုန့်၊ (၄၄) ကြံ၊ (၄၅) တည်သီး ဝေဖန်သောအခါ ရှေးအတူ လိမ်၍တောင်းယူ၏။ လိမ်သော ကြောင့် ပါစိတ်။

(၄၆) ရဟန်းတပါးသည် ဒုဗ္ဘိက္ခအခါ ထမင်းချက်ရာ အိမ်သို့ဝင်၍ ထမင်း သပိတ်အပြည့် ခိုးယူ၏၊ ပါရာဇိက။ (၄၇) အမဲသားချက်ရာ၌ အမဲသားဟင်း တသပိတ်၊ (၄၈) မုန့်လုပ်ရာ၌ မုန့်တသပိတ်၊ (၄၉) မုန့်ကျဲသည်း တသပိတ်၊ (၅၀) ကတွတ်မုန့် တသပိတ် ခိုးယူ၏၊ ပါရာဇိက။ (၅၁) ရဟန်းတပါးသည် နေ့အခါ ပရိက္ခရာကို ကြည့်၍ ညဉ့်အခါ ခိုးမည်ဟု အမှတ်ပြု၏။ ညဉ့်အခါ ပရိက္ခရာဟု မှတ်၍ ထိုပရိက္ခရာကို၊ (၅၂) ထိုဟုမှတ်၍ တပါးကို၊ (၅၃) တပါး ဟုမှတ်၍ ထိုကို၊ (၅၄) တပါးဟုမှတ်၍ တပါးကိုခိုး၏၊ ပါရာဇိက။ (၅၅) ထိုဟု မှတ်၍ မိမိပရိက္ခရာကို ခိုး၏၊ ဒုက္ကဋ်။ (၅၆) ရဟန်းတပါးသည် အင်းပျဉ်၌

အိတ်တခုကိုမြင်၍ ပါရာဇိက မဖြစ်အောင်ဟု အင်းပျဉ်နှင့်တကွ ရွှေပြောင်း၍ ယူ၏၊ ပါရာဇိက။ (၅၇) ရဟန်းတပါးသည် သံဃိကဘုံလျှိုကို ခိုး၏၊ ပါရာဇိက။ (၅၈) သင်္ကန်းတန်း၌ ထားသော သင်္ကန်းကို ခိုး၏၊ ပါရာဇိက။ (၅၉) သင်္ကန်း ခိုးပြီးလျှင် ပါရာဇိက မဖြစ်အောင်ဟု ထိုကျောင်းမှ မထွက်ပဲ နေ၏။ ချစ်သားတို့၊ ထွက်သော်ငြား၊ မထွက်သော်ငြား ပါရာဇိက။

(၆၀) ရဟန်းနှစ်ပါးသည် အပေါင်းအဖော် အတူနေကြ၏။ တပါးဆွမ်းခံသွားခိုက် သံဃိက ခဲဖွယ် ဝေရာမှ တပါးက အဖော်၏ဝေစုကိုယူ၍ အကျွမ်းတဝင် စားလိုက်၏။ အဖော်ရဟန်းသိ၍ စောဒနာ၏။ ချစ်သား၊ အဘယ်စိတ်ရှိသနည်း။ အကျွမ်းဝင်၍ ယူပါသည်။ အကျွမ်းဝင်၍ ယူရာ၌ အနာပတ္တိ။ (တောင်းလျှင် ဘဏ္ဍာစား ပေးအပ်၏။) (၆၁) ရဟန်းများ သင်္ကန်းချုပ်ကြစဉ် သံဃိကခဲဖွယ် ဝေ၍ အားလုံးအတွက် အဖို့တို့ကို အနီး၌ ထားကုန်၏။ ရဟန်းတပါးသည် တပါးသော အဖို့ကို မိမိအဖို့ထင်၍ စားအံ့၊ သကသညာ ရှိသော ရဟန်းအား အနာပတ္တိ။ (၆၂) ရဟန်းများ သင်္ကန်းချုပ်ကြစဉ် သံဃိကခဲဖွယ်ဝေ၍ တပါး၏သပိတ်ဖြင့် တပါး၏အဖို့ကို ဆောင်၍ အနီး၌ ထား၏။ သပိတ်ရှင်သည် မိမိအဖို့ထင်၍ စား၏၊ သကသညာရှိသော ရဟန်း အား အနာပတ္တိ။

(၆၃) သရက်သီး သူခိုးတို့သည် သရက်သီးခိုး၍ သွားကြစဉ် သခင်လိုက်၍ သရက်သီးထုပ် ပစ်၍ ပြေးကုန်၏။ ရဟန်းတို့သည် ပံသကူထင်၍ သခင်တို့ စောဒနာကုန်၏။ ပံသကူသညာရှိသော ရဟန်းအား အနာပတ္တိ။ (၆၄) သပြေသီး၊ (၆၅) တောင်ပိန္နဲသီး၊ (၆၆) အိမ်ပိန္နဲသီး၊ (၆၇) ထန်းသီး၊ (၆၈) ကြံ၊ (၆၉) တည်သီး သူခိုးတို့ ပစ်၍ပြေးကုန်၏၊ ရဟန်းတို့၊ ပံသကူ ထင်၍ စားကုန်၏။ အနာပတ္တိ။ (၇၀) သရက်သီးသူခိုးတို့၊ ပစ်၍ပြေးကုန်၏။ ရဟန်းတို့သည် သခင်မမြင်ပီဟု စားကုန်၏၊ ပါရာဇိက။ (၇၁) သပြေသီး၊ (၇၂) တောင်ပိန္နဲသီး၊ (၇၃) အိမ်ပိန္နဲသီး၊ (၇၄) ထန်းသီး၊ (၇၅) ကြံ၊ (၇၆) တည်သီး သူခိုးတို့ ပစ်၍ပြေးကုန်၏။ ရဟန်းတို့သည် သခင်မမြင်ပီဟု စားကုန်၏၊ ပါရာဇိက။ (သခင်၊ ခိုးသူ တဦးဦး အာလယရှိသေးခိုက် ခိုးအံ့၊ ပါရာဇိက။ နှစ်ဦးလုံး အာလယကင်းမှ ခိုးလျှင် ဒုက္ကဋ်။

(၇၇) ရဟန်းတပါးသည် သံဃာ၏ သရက်သီးကို ခိုးလိုသောစိတ်ဖြင့် ယူ၏၊ ပါရာဇိက။ (၇၈) သပြေသီး၊ (၇၉) တောင်ပိန္နဲသီး၊ (၈၀) အိမ်ပိန္နဲ

သီး၊ (၈၁) ထန်းသီး၊ (၈၂) ကြံ၊ (၈၃) တည်သီးကို ခိုးလိုသောစိတ်ဖြင့် ယူ၏၊ ပါရာဇိက။ (၈၄) ရဟန်းတပါးသည် ပန်းခြံသို့သွား၍ ဆွတ်ခူးပြီးသော ပန်းကို ငါးပဲဖိုး ခိုးယူ၏၊ ပါရာဇိက။ (၈၅) ငါးပဲဖိုး ဆွတ်ခူး၍ ခိုးယူ၏၊ ပါရာဇိက။

(၈၆) ရဟန်းတပါးသည် ရွာငယ်သို့ သွားလို၏။ရဟန်းတပါးကို ငါ့ရှင်၊ သင်၏ ဒါယကာကို သင်မှာလိုက်သည်ဟူ၍ ပြောမည်ဟု ဆို၏။ သွားပြီးလျှင် ပုဆိုးတထည်ကို ဆောင်စေ၍ ကိုယ်တိုင်သုံးဆောင်၏။ ထိုရဟန်းသိ၍ စောဒနာ၏။ ချစ်သား၊ ပါရာဇိက အာပတ်မသင့်။ ချစ်သားတို့၊ သင်မှာလိုက်သည်ဟူ၍ ပြောမည်ဟု မဆိုအပ်။ ဆိုငြားအံ့၊ ဒုက္ကဋ်။ (၈၇) ရွာငယ်သို့ သွားလိုသော ရဟန်းကို ရဟန်းတပါးက ငါ့ရှင်၊ ငါ၏ ဒါယကာကို ငါမှာလိုက်သည်ဟူ၍ ပြောပါဟု ဆို၏။ ထိုရဟန်းသည် သွား၍ ပုဆိုးတစုံတောင်း၍ သုံးဆောင်၏၊ အနာပတ္တိ။ ချစ်သားတို့၊ ငါမှာလိုက်သည်ဟူ၍ ပြောပါဟု မဆိုအပ်၊ ဒုက္ကဋ်။ (၈၈) ရွာငယ်သွား ရဟန်းသည် ရဟန်းတပါးကို ငါ့ရှင်၊ သင်၏ ဒါယကာကို သင်မှာလိုက်သည်ဟု ပြောမည်ဟု ဆို၏။ ထိုရဟန်းကလည်း ငါမှာလိုက်သည်ဟူ၍ ပြောပါဟုဆို၏။ ထိုရဟန်းသည် သွား၍ ဆောပတ်တပြည်၊ တင်လဲတချိန်၊ (ဝါ၊ ပိုလ်တရာ၊ ဝါ- လေးပိဿာ) ဆန်တစိတ် ယူစေ၍ သုံးဆောင်၏၊ အနာပတ္တိ။ ချစ်သားတို့၊ သင်မှာလိုက်သည်ဟူ၍ ပြောမည်ဟု မဆိုအပ်။ ငါမှာလိုက်သည်ဟူ၍လည်း မဆိုအပ်၊ ဒုက္ကဋ်။ (သခင်ပေးသောကြောင့် အနာပတ္တိ။ ဤမည်သော ဝတ္ထုကိုဟု လိုသလောက်ပိုင်းခြား၍ဆိုလျှင် ဝတ္ထုသုံးခုလုံး အပ်၏။ အရှင်ကောင်းတို့သည် အပိုင်းခြားမရှိ ဆိုကုန်၏ဟု အပြစ်တင်ခြင်းမှလည်း လွတ်၏။)

(၈၉) လူတယောက်သည် အဖိုးတန်ပတ္တမြားတခု ယူ၍ ရဟန်းတပါးနှင့် ခရီးရှည်သွား၏။ ကင်းခွန်ကောက်ရာအရပ်ကို မြင်လတ်သော် ပတ္တမြားကို ရဟန်း၏အိတ်၌ မသိအောင်ထည့်၍ ကင်းလွန်သောအခါ ပြန်ယူ၏။ ရဟန်းသည် ကုက္ကုစ္စဖြစ်၏။ ချစ်သား၊ သင် အဘယ်စိတ်ရှိသနည်း။ မသိပါဘုရား။ မသိသောရဟန်းအား အနာပတ္တိ။(၉၀) ကင်းခွန်ကောက်ရာအရပ်ကို မြင်လတ်သော် လူနာယောင်ဆောင်၍ မိမိအထုပ်ကို ရဟန်းအား ပေး၏။ ကင်းလွန်သောအခါမှ ပြန်တောင်း၍ ကင်းခွန်ပေးရမည်စိုး၍ လူနာယောင်ဆောင်ပါ

သည်ဟု ဆို၏။ ကုက္ကုစ္စဖြစ်၏။ မသိသောရဟန်းအား အနာပတ္တိ။ (၉၁) ရဟန်းတပါးသည် ကုန်သည်နှင့် ခရီးရှည်သွား၏။ လူတယောက်သည် ရဟန်းကို အာဒိသဖြင့် ဖြားယောင်း၍ ကင်းထားရာမြင်လတ်သော် ဤပစ္စည်းများကို ကင်းလွန်အောင် ယူသွားပေးပါဟု ဆို၏။ ရဟန်းသည် ကင်းကိုလွန်စေ၏၊ ပါရာဇိက။

(၉၂) ရဟန်းတပါးသည် ကျောက်ကွင်း၌မိ၍ ဆာလောင်သောဝက်ကို သနားသဖြင့် လွှတ်လိုက်၏။ ကုက္ကုစ္စဖြစ်၏။ အဘယ်စိတ်ရှိသနည်း။ သနားခြင်းဟူသော နှလုံးသွင်းရှိပါသည်ဘုရား။ သနားခြင်းနှလုံးသွင်းရှိသော ရဟန်းအား အနာပတ္တိ။(ကျောက်ကွင်းရှင် မကျေနပ်လျှင် ဘဏ္ဍာခိုး။) (၉၃)ကျောက်ကွင်းမိ၍ ဆာသောဝက်ကို သခင်မမြင်မီဟု လွှတ်လိုက်၏၊ ပါရာဇိက။ (ကျောက်ကွင်းသို့မရောက်မီ မောင်းပစ်အံ့၊ ခိုးခြင်းမရှိ။ ကျောက်ကွင်းကို ဖျက်ဆီးအံ့၊ နောက်မှ ထိုနေရာဝက်နင်းသွားလျှင် ဘဏ္ဍာခိုး။) (၉၄) ကျောက်ကွင်းမိသော သမင်ကို သနားသဖြင့် လွှတ်၏။ (၉၅) သခင် မမြင်မီဟု လွှတ်၏။ (၉၆) မြှုံးမိသောငါးကို သနားသဖြင့် လွှတ်၏။ (၉၇) သခင်မမြင်မီ လွှတ်၏။ (၉၈) ရဟန်းတပါးသည် ယာဉ်၌ထားရှိသောဘဏ္ဍာကို ပါရာဇိက မဖြစ်အောင်ဟု ဘီးလွန်အောင်လှိမ့်၍ ယူ၏၊ ပါရာဇိက။ (၉၉) ရဟန်းတပါးသည် စွန်ချီလာသော အမဲသားကို သခင်တို့အား ပေးမည်ဟု ယူလိုက်၏။ သခင်တို့ စောဒနာကုန်၏။ ခိုးလိုသောစိတ်မရှိသော ရဟန်းအား အနာပတ္တိ။ (၁၀၀)သခင်မမြင်မီဟု ယူလိုက်၏၊ ပါရာဇိက။ (၁၀၁) အစိရဝတီမြစ်၌ ဖောင်ပျက်၍ မျောလာသော သစ်တို့ကို ပံ့သကူဟု ဆယ်ယူကုန်၏။ ပံ့သကူသညာရှိသောရဟန်းအား အနာပတ္တိ။ (၁၀၂) သခင်မမြင်မီဟု ဆယ်ယူကုန်၏၊ ပါရာဇိက။

(၁၀၃) နွားကျောင်းသား တယောက်သည် သစ်ပင်၌ အဝတ်ပုဆိုး ချိတ်ထား၍ နောက်ဖေးသွားကုန်၏။ ရဟန်းတပါးသည် ထိုချိတ်ထားသည်ကို ပံ့သကူဟု ယူသွား၏။ နွားကျောင်းသား စောဒနာ၏။ ပံ့သကူသညာရှိသော ရဟန်းအား အနာပတ္တိ။ (၁၀၄) ရဟန်းတပါး မြစ်ကူးစဉ် ခဝါသည်တို့၏ အဝတ်ပုဆိုး ခြေ၌ငြိ၏။ သခင်တို့အား ပေးမည်ဟု ယူလိုက်၏။ ခိုးလိုသောစိတ် မရှိသော ရဟန်းအား အနာပတ္တိ။(၁၀၅) သခင် မမြင်မီဟု ယူလိုက်၏၊ပါရာဇိက။

(၁၀၆) ရဟန်းတပါးသည် ထောပတ်အိုးကို မြင်၍ အနည်းငယ် အနည်းငယ် ယူစား၏၊ ပါရာဇိကမသင့်၊ ဒုက္ကဋ်။ (နောင် ဤသို့မခိုးတော့ပြီဟု စောင့်စည်းခြင်း မပြုလျှင် တမတ်ဖိုးပြည့်သောနေ့၌ ပါရာဇိက။ စောင့်စည်းခြင်းပြုလျက် ခိုးလိုမှ ထထခိုးလျှင် တပဲအောက်တိုင်း ဒုက္ကဋ်၊ ငါးပဲအောက်တိုင်း ထုလ္လစ္စည်း။ အကြိမ်များသော်လည်း ဒုက္ကဋ်၊ ထုလ္လစ္စည်းသာ။ ဘဏ္ဍာစားကား ထိုက်၏။)
(၁၀၇) ရဟန်းများစွာတို့သည် ဘဏ္ဍာခိုးမည်ဟု တိုင်ပင်၍ သွားကုန်၏။ ထိုတွင် တယောက်သည် ခိုး၏၊ မခိုးသော ရဟန်းတို့က ခိုးသူသာ ပါရာဇိက၊ ငါတို့ ပါရာဇိကမဟုတ်ဟု ဆိုကုန်၏။ ချစ်သားတို့၊ သင်တို့အားလုံး ပါရာဇိက။
(၁၀၈) တိုင်ပင်၍ ခိုးပြီးလျှင် ဝေသောအခါ တဖို့တဖို့သည် ငါးပဲမထိုက်သဖြင့် ငါတို့ ပါရာဇိက မဟုတ်သေးဟု ဆိုကုန်၏။ သင်တို့အားလုံး ပါရာဇိက။ (တိုင်ပင်သော်လည်း သင် တပဲခိုး၊ သင် နှစ်ပဲခိုး၊ ငါ သုံးပဲခိုးမည်ဟု သုံးယောက် တိုင်ပင်လျှင် ငါ ပါရာဇိက မဖြစ်၊ ကိုယ်တိုင်လည်း ငါးပဲမပြည့်၊ စေခိုင်းခြင်းလည်း ငါးပဲမပြည့်သောကြောင့်တည်း။ သင် နှစ်ပဲ၊ သင် သုံးပဲ၊ ငါ တပဲဟု တိုင်ပင်လျှင်ကား ငါ ပါရာဇိကဖြစ်သည်။ စေခိုင်းခြင်း ငါးပဲပြည့်သောကြောင့်တည်း။ သာဟတ္ထိကနှင့် အာဏတ္တိကကို မရောယှက်စေရ။)

(၁၀၉) သာဝတ္ထိပြည်၌ ဒုဗ္ဘိက္ခအခါ ရဟန်းတပါးသည် ဈေးဆိုင်၌ ဆန်တဆုပ် ခိုး၏၊ ပါရာဇိက။ (၁၁၀) ဒုဗ္ဘိက္ခအခါ ပဲနောက်တဆုပ်၊ (၁၁၁) ပဲကြီးတဆုပ်၊ (၁၁၂) နှမ်းတဆုပ် ခိုး၏၊ ပါရာဇိက။ (၁၁၃) ယင်းတိုက်တော၌ ခိုးသူတို့သည် နွားသတ်စား၍ အကျန်ကို ဝှက်ထားကုန်၏။ ရဟန်းတို့၊ ပံ့သကူဟု ယူစားကုန်၏။ ပံ့သကူ အမှတ်ရှိသော ရဟန်းအား အနာပတ်။ (၁၁၄) ဝက်သတ်စား၍ အကျန်ဝှက်ထားကုန်၏။ ပံ့သကူဟု ယူစားကုန်၏။ အနာပတ်။ (၁၁၅) ရဟန်းတပါးသည် မြက်ခင်းသို့သွား၍ ရိတ်ထားသော မြက်ကို ငါးပဲဖိုး ခိုး၏။ (၁၁၆) ငါးပဲဖိုး ခိုးရိတ်၏၊ ပါရာဇိက။ (၁၁၇) အာဂန္တု ရဟန်းတို့သည် သံဃိက သရက်သီးကို ဝေဖန်စေ၍ သုံးဆောင်ကုန်၏။ အာဝါသိကတို့ စောဒနာကုန်၏။ အဘယ်စိတ် ရှိကြပါနည်း။ သုံးဆောင်ခြင်းငှာ စိတ်ရှိကြပါသည်ဘုရား။ သံဃိက သုံးဆောင်ခြင်းဖြင့် သုံးဆောင်ခြင်းငှာ ယူရာ၌ အနာပတ်။ (သံဃိက သရက်သီးဖြစ်လျက် အာဝါသိကတို့သာ အာဂန္တုတို့ မရှိမှ ခိုးစားလျှင် အာဂန္တုတို့ ဝေဖန်စေ၍ သုံးဆောင်ကောင်း၏။ အာဝါသိကတို့ စောင့်ရှောက်၍ ဝေဖန်လေ့ ရှိလျှင် အာဂန္တုတို့ အစိုးမရ။)

(၁၁၈) သပြေသီး၊ တောင်ပိန္နဲသီး၊ အိမ်ပိန္နဲသီး၊ ထန်းသီး၊ ကြံ၊ (၁၂၃) တည်သီးကို ဝေဘန်စေ၍ သုံးဆောင်ကုန်၏၊ သုံးဆောင်ခြင်းငှာ စိတ်ရှိသူအား အနာပတ္တိ။

(၁၂၄) သရက်သီးစောင့်သောသူတို့သည် ရဟန်းတို့အား သရက်သီး လှူကုန်၏။ ရဟန်းတို့သည် ဤသူတို့ကား စောင့်ခြင်းငှာသာ အစိုးရကုန် သည်ဟု ကုက္ကုစ္စဖြစ်၍ အလှူမခံကုန်။ ချစ်သားတို့၊ စောင့်သူလှူရာ၌ အနာ ပတ္တိ။ (စောင့်သူသည် ဇာတိဥယျာဉ်ရှင် ဖြစ်၏။လူတို့၏အရံဖြစ်မူ စောင့်သူသားသမီးတို့ လှူရာ၌ပင် အပြစ်မရှိ။ တောင်း၍ကား မယူအပ်။ သံဃာ့ဥစ္စာ စေတီဥစ္စာအရာမ် ဖြစ်မူ သီးစားဝယ်၍ စောင့်သူ လှူရာ၌ရင်း၊ အခဖြင့်စောင့်သူ မိမိအဖို့မျှ လှူရာ၌ရင်း အပြစ်မရှိ။ (၁၂၅) သပြေသီးစောင့်၊ တောင်ပိန္နဲ၊ အိမ်ပိန္နဲ၊ ထန်း၊ ကြံ။ (၁၃၀) တည်သီးစောင့်တို့သည် တည်သီးလှူကုန်၏။ စောင့်သူ လှူရာ၌ အနာပတ္တိ။

(၁၃၁) ရဟန်းတပါးသည် သံဃိက သစ်သားကို အခိုက်အတန့်ယူ၍ မိမိကျောင်းနံရံကို ထောက်၏။ ရဟန်းတို့ စောဒနာကုန်၏။ အဘယ်စိတ်ရှိသ နည်း၊ အခိုက်အတန့်ယူပါသည်ဘုရား။ တာဝကာလိက၌ အနာပတ္တိ။ (စောင့်ရှောက်သူ ကင်းသော သံဃိက သစ်သားကို ယူ၍ မိမိအတွက် ကျောင်းဆောက်လျှင်အပ်၏။ သံဃာတောင်းလျှင် ပြန်ပေးအပ်၏။ သံဃိက အဖြစ်ဖြင့် သုံးကြပါဟူ၍သော်လည်း ဆိုအပ်၏။ ကျောင်းကိုကား ဤ ရဟန်းသာ အစိုးရ၏။ မထခေစအပ်။) (၁၃၂)ရဟန်းတပါးသည် သံဃိက ရေကို၊ (၁၃၃) သံဃိက မြေညက်ကို၊ (၁၃၄) စုပုံထားသော သံဃိကမြက် ကို ခိုး၏၊ ပါရာဇိက။ (၁၃၅) စုပုံထားသော သံဃိကမြက်ကို ခိုးလိုသော စိတ်ဖြင့် မီးရှို့၏၊ ပါရာဇိကမသင့်၊ ဒုက္ကဋ်သင့်၏။(ဌာနစာဝနမရှိသောကြောင့် ဒုက္ကဋ်။ ဘဏ္ဍာစားကား ပေးအပ်၏။) (၁၃၆) သံဃိက ညောင်စောင်းကို၊ (၁၃၇)အင်းပျဉ်၊ (၁၃၈) ဘုံလျှို၊ (၁၃၉) ခေါင်းအုံး၊ (၁၄၀) တံခါး ရွက်၊ (၁၄၁) ပြတင်းတံခါးကို၊ (၁၄၂) အခြင်ကို ခိုး၏၊ ပါရာဇိက။

(၁၄၃) ရဟန်းတို့သည် ဒကာတဦး၏ ကျောင်းသုံးအိပ်ရာနေရာကို တပါး သောကျောင်း၌ သုံးဆောင်ကုန်၏။ ဒကာကဲ့ရဲ့၏။ ချစ်သားတို့၊ တကျောင်း အသုံးအဆောင်ကို တကျောင်း၌ မသုံးအပ်၊ ဒုက္ကဋ်။ (၁၄၄) ရဟန်းတို့သည်

ဥပုသ်ပြုရာသို့ နေရာဆောင်ယူခြင်းငှာ ကုက္ကုစ္စဖြစ်၍ မြေ၌ ထိုင်ရကုန်၏။ ကိုယ်သက်န်း မြူကပ်၏။ ချစ်သားတို့၊ အခိုက်အတန့်သုံးဆောင်ခြင်းငှာ ခွင့်ပြု၏။ (အခိုက်အတန့်ယူသုံးရာ၌ သံဃိကညောင်စောင်း စသည်ကို သံဃိကသုံး သုံးအံ့။ သိတင်းကြီးအား မတားအံ့၊ ပျက်စီးလျှင် အစားမဖြစ်။ သွားလျှင် နေရာတကျ ပြန်ထားအပ်၏။ ပုဂ္ဂလိကသုံး သုံးအံ့၊ ပျက်လျှင် အစားပေးအပ်၏။)(၁၄၅)ဧမွာပြည်၌ ရှင်မထုလ္လနန္ဒာ၏ တပည့်မသည် ရှင်မထုလ္လနန္ဒာ၏ တကာထံသွား၍ အရှင်မကြီးသည် နှမ်း၊ ဆန်၊ ပဲ သုံးမျိုးဖြင့်စပ်သော ယာဂုသောက်လိုသည်ဟု တောင်း၍ သုံးဆောင်၏။ ချစ်သားတို့၊ ပါရာဇိက မဖြစ်။ မုသာဆိုခြင်းဖြင့် အရသာရှိသော ပျားမုန့်စားလိုသည်ဟု တောင်းယူ သုံးဆောင်၏၊ မုသာဝါဒပါစိတ်။

(၁၄၇) ဝေသာလီပြည်၌ ဒါယကာတဦးသည် သေခါနီးတွင် ရှင်အဇ္ဈကကို ဤသို့ဆို၏။ "အရှင်ဘုရား၊ တပည့်တော်၏သားနှင့် တူနှစ်ယောက်တို့တွင် သဒ္ဓါတရားရှိသူအား ဤဥစ္စာထားရာကို ပြောကြားတော်မူပါ"ဟု မှာသွား၏။ သားသည် သဒ္ဓါတရားမရှိ၊ တူသည် သဒ္ဓါတရားရှိ၏။ ထို့ကြောင့် တူအား ပြောကြား၏။ တူသည် ချမ်းသာကြွယ်ဝ၏။ သားသည် အရှင်အာနန္ဒာထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ မိဘအမွေကို သားရထိုက်သလော၊ တူရထိုက်သလော"ဟု လျှောက်၏။ သားရထိုက်သည်ဟု ဆိုလတ်သော် ဤအရှင်အဇ္ဈကသည် ဤဥစ္စာနှစ်ကို တူအား ပြောကြားပါသည်ဟု ဆို၏။ ထိုအခါ ရှင်အာနန္ဒာသည် အရှင်အဇ္ဈကက ရဟန်းမဟုတ်ပြီဟု ဆို၏။ အရှင်အဇ္ဈကသည် ရှင်အာနန္ဒာကို ငါ့ရှင် အဆုံးအဖြတ်ပေးလော့ဟု ဆို၏။ ထိုအခါ ရှင်ဥပါလိသည် ရှင်အဇ္ဈကဘက်သို့ လိုက်၏။ (အနာပတ္တိသညာဖြင့် လဇ္ဇီ ချီးမြှောက်ခြင်း၊ ဝိနည်းချီးမြှောက်ခြင်းဖြင့် လိုက်၍) "ငါ့ရှင်အာနန္ဒာ၊ ပစ္စည်းရှင်ဆိုတိုင်း ပြောသူသည် အဘယ်အပြစ်သို့ ရောက်သနည်း" ဟု မေး၏။ ဒုက္ကဋ်အပြစ်သို့မျှ မရောက်ပါဟု ဖြေ၏။ ဤအရှင်အဇ္ဈကသည် ပစ္စည်းရှင်ဆိုတိုင်း ပြောပေသည်။ ရှင်အဇ္ဈကအား အနာပတ္တိဟု ဆုံးဖြတ်လိုက်၏။

(၁၄၈) ရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဒကာကို ခိုးသူတို့ နှိပ်စက်၍ သူငယ်နှစ်ယောက်ကို ဖမ်းယူသွားကုန်၏။ ရှင်ပိလိန္ဒဝစ္ဆသည် ထိုသူငယ်တို့ကို တန်ခိုး

ဖြင့်ဆောင်၍ ပြာသာဒ်၌ ထားၾ။ လူတို့မြင်၍ လွန်စွာကြည်ညိုကုန်ၾ။ ရဟန်းတို့ကဲ့ရဲ့ကုန်ၾ။ ခို သူတို့ဆောင်သွားသည်ကို အဘယ့်ကြောင့် ပြန်ဆောင်ဘိသနည်းဟု ကဲ့ရဲ့၍ ဘုရားရှင်အား လျှောက်ကုန်ၾ။ ချစ်သားတို့၊ တန်ခိုးရှင်ၾ တန်ခိုးအရာ၌ အနာပတ္တိ။ (သောကရောက်သော ဒကာကို သနားသဖြင့်၊ မမှုကို ချီးမြှောက်ခြင်းဖြင့် ပြာသာဒ်ကို သူငယ်တို့ၾအနီး ရောက်စေသတည်းဟု ဆိုငြာနုံၾ။ သူငယ်တို့သည် မိမိတို့ပြာသာဒ်ကိုမြင်၍ ပြာသာဒ်သို့ တက်ကုန်ၾ။ ထိုအခါ တန်ခိုးရုပ်သိမ်းလိုက်သဖြင့် ပြာသာဒ်သည် မိမိနေရာ၌သာ တည်လေၾ။ ဤသို့သော အဓိဋ္ဌာန်တန်ခိုး၌ အနာပတ္တိ။ မိမိအသွင်ကို အမျိုးမျိုးသော ဖန်ဆင်းသော ဝိကုဗ္ဗနိဒ္ဓိကား မအပ်။)

(၁၄၉) ရှာငယ်၌နေသော ရဟန်းတပါးသည် ကောသမ္ဗီသို့သွားစဉ် မြင်းကူးရာ၌ ဝက်အဆီခွေခြေ၌ငြိၾ။ သခင်တို့အား ပေးမည်ဟု ယူလိုက်ၾ။ သခင်တို့သည် သင်ရဟန်းမဟုတ်ပြီဟု စောဒနာကုန်ၾ။ မြစ်ကူးပြီးသောအခါ နွားကျောင်းမတယောက်က "အရှင်ဘုရား၊ ကြွလာပါ၊ ပျော်ပါးတော်မူပါ" ဟု ဖိတ်ကြားၾ။ ငါသည် ရဟန်းမဟုတ်တော့ပြီဟု ပျော်ပါးၾ။ "ချစ်သားတို့၊ အပိန္နာဒါနကြောင့် ပါရာဇိကအာပတ်မသင့်၊ မေထုနမမှုကြောင့် ပါရာဇိက"ဟု မိန့်တော်မူၾ။

(၁၅၀) သာဂလပြည်၌ အရှင်ဒဠှိကၾ တပည့်ရဟန်းသည် မပျော်ပိုက်သဖြင့် ဈေးသည်ၾ ဦးရစ်ကို ခိုးယူပြီးလျှင် "အရှင်ဘုရား၊ တပည့်တော် ရဟန်းမဟုတ်ပါပြီ၊ လူထွက်ပါတော့မည်"ဟု လျှောက်ၾ။ သင် အဘယ်အမှုပြုမိသနည်းဟုမေး၍ ဦးရစ်ကိုဆောင်စေပြီး အဖိုးဖြတ်စေၾ။ ထိုဦးရစ်သည် ငါးပဲမထိုက်တန်။ ငါ့ရှင်၊ ပါရာဇိက အာပတ်မရှိဟု တရားဟောၾ။ ထိုရဟန်းသည် နောက်၌ ပျော်ပိုက်လေၾ။

ဤဒုတိယ ပါရာဇိကသည် နည်းမျိုးစုံပြွမ်းၾ။ နက်နဲသော အဆုံးအဖြတ်ရှိၾ။ ပဉ္စ၊ အဋ္ဌကထာအဓိပ္ပာယ်ကုန် ဉာဏ်ဝင်စား၍ ဆုံးဖြတ်အပ်ၾ။ အာပတ်ကိုရှုအံ့ဟု အားမထုတ်ရ။ အနာပတ္တိကို ရှုမည်ဟု နှလုံးသွင်းရသည်။ အာပတ်မြင်လျှင် အာပတ်ဟုမဆိုမူ၍ ပညာရှိတို့နှင့် တိုင်ပင်စူးစမ်း၍ဆိုရသည်။ မိဘ့ပိုင်ကပ်ပိယပစ္စည်းဖြစ်သော်လည်း မိဘမမြင်ခင်ဟူသော စိတ်ပေါက်ပြု ခြင်း

လျင်မြန်လှသောကြောင့် ရဟန်းအဖြစ်မှ ရွေ့နိုင်သည်။ ထို့ကြောင့် သူတပါး ပရိက္ခရာကို မြေဆိုးတနဲ့ မီးခဲပမာ မတောင်းခံပဲ မသုံးအပ်ရာ။

ဒုတိယပါရာဇိက ပြီး၏။

**၃–မနုဿဝိဂ္ဂဟ။** ။ယော ပန ဘိက္ခု။ သဉ္စိစ္စ၊ တကွအားထုတ်၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သောသူ၏ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ၊ ချငြားအံ့။ အဿ၊ ထိုလူဇာတ်ဖြစ်သောသူ၏။ သတ္ထဟာရကံ ဝါ၊ အသက်ကိုဆောင်တတ်သောလက်နက်ကိုမူလည်း။ ဝါ၊ ရှာပေးအပ်သောလက်နက်ကိုမူလည်း။ ပရိယေသေယျ၊ ရှာမှီး၍ အနီး၌ထားငြားအံ့။ မရဏဝဏ္ဏံ ဝါ၊ သေခြင်းကျေးဇူးကိုမူလည်း။ သံဝဏ္ဏေယျ၊ ချီးမွမ်းငြားအံ့။ မရဏာယ ဝါ၊ သေခြင်းငှါမူလည်း။ သမာဒပေယျ၊ ဆောက်တည်စေငြားအံ့။ အမ္ဘောပုရိသ၊ အပေါင်းယောကျ်ား။ တုယှံ၊ သင့်အား။ ပါပကေန၊ ယုတ်ညံ့သော။ ဣမိနာ ဒုဇ္ဇီဝိတေန၊ ဤမကောင်းသော အသက်ရှင်ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ တေ၊ သင့်အား။ မတံ၊ သေခြင်းသည်။ ဇီဝိတာ၊ အသက်ရှင်ခြင်းထက်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤကား ချီးမွမ်းပုံစကားတည်း။ ဣတိ စိတ္တမနော၊ ဤသို့သေစေလိုသောစိတ်နှလုံးရှိသည်ဖြစ်၍။ ဣတိ စိတ္တသင်္ကပ္ပေါ၊ ဤသို့ဆန်းကြယ်များပြားသော အစီအမံရှိသည်ဖြစ်၍။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ မရဏဝဏ္ဏံ ဝါ၊ သံဝဏ္ဏေယျ၊ မရဏာယ ဝါ၊ သမာဒပေယျ။ အယမ္ပိ ဘိက္ခု၊ ပါရာဇိကော၊ ဟောတိ။ အသံဝါသော၊ ဟောတိ။

**သဉ္စိစ္စမနုဿဝိဂ္ဂဟံ။** ။သတ္တဝါဟုသိခြင်းနှင့်တကွ ထိုသူကိုသတ်မည်ဟူသော စေတနာဖြင့် အားထုတ်ခြင်းသည် သဉ္စိစ္စ မည်၏။ ကလလရေကြည် တည်သည်မှစ၍ အသက်ရှိသော လူဇာတ်ဖြစ်သူ၏ကိုယ်သည် မနုဿဝိဂ္ဂဟ မည်၏။ အသက်ကင်းအောင် ပြုခြင်းသည် ဇီဝိတာဝေါရောပေယျ မည်၏။ ကလလရေကြည် တည်သောကာလ၌ ပူလောင်အောင်ပြုခြင်း၊ နှင်းနယ်ခြင်းဖြင့်ရင်း၊ ဆေးပေးခြင်းဖြင့်ရင်း၊ အမြှုပ်၊ သားတစ်၊ တခဲနက်၊ ခက်မငါးဖြာစသော နောက်ကာလ၌လည်း ထိုအားလျော်သော အားထုတ်ခြင်းဖြင့်

ငင်း အသက်ကင်းအောင်ပြုအံ့၊ ပါရာဇိက။ ဤ၌ သာဟတ္ထိကပယောဂကို ပြသည်။

**သတ္ထဟာရကံ။** ။လက်နက်သည် သတ္ထမည်၏။ အသက်ကိုဆောင်တတ်သော ကြောင့် ဟာရကလည်း မည်၏။ ဝါ၊ ရှာပေးအပ်သော ကြောင့်လည်း ဟာရကမည်၏။ ထိုသို့သော သန်လျက်စသော လက်နက်ကို ရှာပေးခြင်းသည်။ ဝါ၊ ရှာ၍အနီး၌ထားခြင်းသည် ပရိယေသေယျ မည်၏။ ထိုသို့ထားအံ့၊ ပါရာဇိက။ လက်နက်ရှာကာမျှဖြင့် ပါရာဇိကမဟုတ်၊ အနီး၌ ထားမှ ပါရာဇိက။ ဤ၌ ထာဝရပယောဂကို ပြသည်။

**မရဏဝဏ္ဏံ ဝါ။** ။နှုတ်ဖြင့်ငင်း၊ စာရေး၍ငင်း ဤနည်း ဤနည်းဖြင့် သေလျှင် ဥစ္စာရ၏၊ နတ်ပြည်ရောက်၏ စသည်ဖြင့် သေခြင်းဂုဏ်ကျေးဇူးပြခြင်းသည် မရဏဝဏ္ဏံသံဝဏ္ဏေယျမည်၏။ ဤသို့ သေဂုဏ်ပြအံ့၊ ပါရာဇိက။ ဤ၌ ပရိယာယ်စကားဖြင့်လည်း ပါရာဇိက မလွတ်ဟု သိအပ်၏။ အဒိန္နာဒါနဉ်ကား—ဤနေရာ၌ ရွှေငွေရှိ၏။ စောင့်သူအိပ်နေ၏။ သွားယူလျှင် အလွယ်ရ၏—ဟု ပရိယာယ်ဆိုအံ့၊ ပါရာဇိကမှ လွတ်၏။

**မရဏာယ ဝါ။** ။လက်နက်ကို ယူသုံးလော့၊ အဆိပ်မျိုလော့၊ အစာဖြတ်လော့ — စသည်ဖြင့် သေကြောင်း နည်းပေးခြင်းသည် မရဏာယ သမာဒပေယျ မည်၏။ ဤသို့ နည်းပေးလမ်းပြပြုလျှင် ပါရာဇိက။ ဤ၌ အာဏတ္တိပယောဂကို ပြသည်။

**သေဂုဏ်ပြစကား။** ။အမ္ဘောပုရိသ စသော စကားရပ်သည် သေခြင်းဂုဏ်ကိုပြ စကားဖြစ်၏။ သင့်အား ဒုက္ခကြီးစွာ အသက်ရှင်ရခြင်းထက် သေရခြင်းက မြတ်သေး၏—စသည်ဖြင့် ချီးမွမ်းရာ၌ သေစေလိုသောစေတနာပင်ဖြစ်လျက် ကရုဏာအသွင်ဖြင့် လှည့်စား၏။ ဤသို့ သေစေလိုသော စိတ်ရှိသူသည် ဣတိစိတ္တမနမည်၏။ ဆန်းကြယ်များပြားသော အစီအမံရှိသူသည် စိတ္တသင်္ကပ္ပသည် ဝိတက်တခုတည်းမဟုတ်၊ သညာ၊ စေတနာ၊ အဓိပ္ပာယသုံးခုဖြင့် ရေတွက်အပ်သော အစီအမံဖြစ်၏။ ထို့ကြောင့် စိတ္တ—ဆန်းကြယ်၏။ များပြား၏။ ချီးမွမ်းရာ၌ ဆိုအပ်သော သေစေလိုသော သညာရှိသူ၊ သေစေလိုသော စေတနာရှိသူ၊ သေစေလိုသော အဓိပ္ပာယရှိသူဟု အနက်သိ

အပ်၏။ အဓိပ္ပာယဟူသည် ဝိတက်ဖြစ်၏။ ဤသို့ သေစေလိုသော စိတ်စေတနာ သညာဝိတက်မရှိပဲ သေဂုဏ်ပြတရားဟောရာ၌ အပြစ်မရှိ။ ဟောပုံကား– အားထုတ်ခြင်းမရှိပဲ အသက်ရှည်ခြင်းသည် အပါယ်ရိက္ခာသာ များသည်၊ အားထုတ်သူ၏ တရက်အသက်ရှည်ခြင်းလောက် မမြတ်၊ အဆိပ်မျိုရခြင်းသည် မြတ်၏။ သားလှီးခုံး ဦးချွန်ဖြင့် ဝမ်းဗိုက်ဖောက်ခွဲခြင်းသည်ပင်မြတ်၏။ အနုဖြင့် သေကြောင်း၊ အကြမ်းဖြင့်သေကြောင်းများစွာသည် အနေကပရိယာယမည်၏။ တဖန် မရဏဝဏ္ဏံ ဝါ–စသည်ဖြင့် ဆိုခြင်းသည် နိဂုံးဖြစ်၏။ ထိုခဏ ဖြစ်စ လူကိုဖြစ်စေ သေအောင်ပြုလျှင် ပါရာဇိက။ လူကို အသက်ထွက်အောင်ပြုလျှင် ရဟန်းအသက် ထွက်၏။ ကျောက်ဖျာကွဲ ပြန်မစပ်ပြီ။

အဆုံးအဖြတ် ၁၇-ပါး။ ။ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပုထုဇဉ်အချင်းချင်း သတ်သောဝတ္ထုကြောင့် ပညတ်၏၊ မရဏဝဏ္ဏံ ဝါ–သည် အနုပညတ်ဖြစ်၏။ သာဓာရဏပညတ်ဖြစ်၏။ သဏတ္တိကဖြစ်၏။ သေစေခြင်းငှာ တွင်းတူးခြင်း စသည်ကိုပြုအံ့၊ ဒုက္ကဋ်။ မရည်မှန်းမူ၍ တူးသောတွင်း၌ တစုံတယောက်ကျအံ့၊ ဒုက္ကဋ်။ လူမှတပါးသူ ဒုက္ခဖြစ်အံ့၊ ဒုက္ကဋ်။ လူ ဒုက္ခဖြစ်အံ့၊ ထုလ္လစ္စည်း။ လူ တိရစ္ဆာန်သေအံ့၊ ပါစိတ်။ ဘီလူး၊ ပြိတ္တာ၊ လူအသွင်ရှိသော နဂါး ဂဠုန် သေအံ့၊ ထုလ္လစ္စည်း။ လူသေအံ့၊ ပါရာဇိက။ စေတနာမရှိအံ့၊ မသိအံ့၊ သေစေခြင်းငှာ အလိုမရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ ဤလုံ့လဖြင့် ဤသူကို သေစေမည်ဟု စေတနာမရှိလျှင် ကျည်ပွေ့ထောင်သောဝတ္ထုကဲ့သို့ သူတပါးသေသော်လည်း အနာပတ္တိ။ ဤလုံ့လဖြင့် ဤသူသေလတ္တံ့ဟု မသိလျှင် အဆိပ်သင့်သော ဆွမ်းဝတ္ထု၌ကဲ့သို့ အနာပတ္တိ။ သေစေခြင်းငှာ အလိုမရှိလျှင် ဆေးကုသောဝတ္ထု၌ကဲ့သို့ အနာပတ္တိ။ သီလဝိပတ္တိ၊ လူဇာတ်ဖြစ်သော သတ္တဝါဖြစ်ခြင်း၊ သတ္တဝါဟု အမှတ်ရှိခြင်း၊ သေစေလိုသောစိတ်ရှိခြင်း၊ လုံ့လပြုခြင်း၊ ထိုလုံ့လဖြင့် သေခြင်း–ဤကား အင်္ဂါငါးပါးတည်း။ အဒိန္နာဒါနသမုဋ္ဌာန်။ ကြိယ။ သညာဝိမောက္ခ။ သစိတ္တက။ လောကဝဇ္ဇ။ ကာယကံ ဝစီကံ။ အကုသလစိတ္တ။ ဒုက္ခဝေဒန သိက္ခာပုဒ်ဖြစ်၏။

## ပါဏ—စသည် လေးပါးမှတ်ဖွယ်

ဤသိက္ခာပုဒ်၌ ပါဏ၊ ပါဏာတိပါတ၊ ပါဏာတိပါတီ၊ ပါဏာတိပါတပယောဂ -- ဤလေးပါးကို သိအပ်၏။ လောက ဝေါဟာရအားဖြင့် သတ္တဝါသည်၊ ပရမတ်အားဖြင့် ရုပ်ဇီဝိတိန္ဒြေသည် ပါဏမည်၏။ သတ်ကြောင်း လုံ့လကိုဖြစ်စေသော စေတနာသည် ပါဏာတိပါတမည်၏။ ထိုစေတနာရှိသူသည် ပါဏာတိပါတီ မည်၏။ သတ်ကြောင်း လုံ့လသည် ပါဏာတိပါတပယောဂမည်၏။ ထိုပယောဂသည် သာဟတ္ထိက၊ နိဿဂ္ဂိယ၊ အာဏတ္တိက၊ ထာဝရ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယဟု ခြောက်ပါးရှိ၏။

နိဿဂ်၊ သာဟတ်(၂)၊ အာဏတ်၊ ထာဝရာ၊ (၂)ဝိဇ္ဇာ၊ ဣဒ္ဓိ (၂)၊ ခြောက်ခုရှိ၊ ပါဏာတိပယောဂတည်း။

ကိုယ်ဖြင့်ရင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်ရင်း ကိုယ်တိုင်ပုတ်ခတ်ခြင်းသည် သာဟတ္ထိကပယောဂမည်၏။ အဝေး၌နေသူကို မြား လှံ ယန္တရား၊ ကျောက်ခဲ စသည်ဖြင့် ပစ်ခြင်းသည် နိဿဂ္ဂိယပယောဂမည်၏၊ ဤနှစ်ပါးသည် ဥဒ္ဒိသ၊ အနုဒ္ဒိသဟု နှစ်ပါးစီပြား၏။ ဥဒ္ဒိသ၌ အကြင်သူကို ရည်မှန်း၍ ပုတ်ခတ်၏၊ ပစ်၏၊ ထိုသူသေမှ ကံထိုက်သည်။ အနုဒ္ဒိသ၌ မည်သူမဆိုသေစေသတည်းဟု ပုတ်ခတ်၏၊ ပစ်၏၊ တယောက်ယောက်သေလျှင် ကံထိုက်သည်။ ချက်ချင်းဖြစ်စေ၊ နောင်ကာလကြာမှဖြစ်စေ ထိုရောဂါဖြင့်သေလျှင် ပုတ်ခတ်ကာမျှ ပစ်ကာမျှဏာ၌ ကံထိုက်သည်။ ဝေဒနာကို ဉာဏ်ဖြင့် ဝိပဿနာ၌ ရဟန္တာဖြစ်ပြီးမှ သေလျှင် အာနန္တရိကကံလည်း ထိုက်သည်။ မသေမီ သူတပါးလုံ့လဖြင့် ဒဏ်ရာရ၍ နောက် ဒဏ်ရာဖြင့် သေအံ့၊ ပဌမပုဂ္ဂိုလ် ကံမထိုက်။

ဤသူကို သတ်လော့ဟု သူတပါးကို စေခိုင်းခြင်းသည် အာဏတ္တိကမည်၏။ ဤအာဏတ္တိက ပယောဂ၌ ဝတ္ထု၊ ကာလ၊ ဩကာသ၊ အာဝုဓ၊ ဣရိယာပထ၊ ကြိယာဝိသေသဟု မှတ်သားကြောင်း ခြောက်ပါးရှိ၏။ သတ်အပ်သောသူသည် ဝတ္ထုမည်၏။ ထိုသူကိုသတ်ဟု စေခိုင်းသောအတိုင်း ထိုသူကိုသတ်အံ့၊ ခိုင်းသူ မလွတ်။ တပါးသူကို သတ်မိအံ့၊ ခိုင်းသူလွတ်၏။ စေခိုင်းခြင်းကြောင့် ဒုက္ကဋ်မှကား မလွတ်။ နံနက် စသောအခါ၊ ပဌမအရွယ် စသောအခါသည် ကာလ

မည်၏။ အခါလွဲလျှင် ခိုင်းသူလွတ်၏။ သတ်အပ်သောသူ၏ နေရာသည် ဩကာသမည်၏။ သတ်ကြောင်း လက်နက်သည် အာဝုဓမည်၏။ သတ်အပ်သူ၏ သွားစဉ် ရပ်စဉ် စသောအခိုက်သည် ဣရိယာပထမည်၏။ ဤသို့ ဤသို့ ပြု၍သတ်ဟု သတ်ပုံအခြင်းအရာသည် ကြိယာဝိသေသမည်၏။

ဝတ္ထု၊ ကာလ (၂)၊ ဩကာသဟု (၁)၊အာဝုဓဣရိ (၂)၊ ကြိယာ
ဝိထပ် (၁)၊ ဤခြောက် ရပ်၊ အာဏတ် မှတ်ကြောင်းတည်း။

မရွေ့မပြောင်းနိုင်သော အဆောက်အဦဖြင့် သတ်လို၍ တွင်းတူးခြင်း၊ မှိုရာတံကဲပျဉ် စီရင်ခြင်း၊ လက်နက်ရှာ၍ အနီး၌ ထားခြင်း၊ ရေကန်၌ အဆိပ်ခတ်ခြင်း၊ ရူပါရုံအနီး ဆောင်ခြင်း စသည်သည် ထာဝရ ပယောဂ မည်၏။ ဤ၌လည်း ဥဒ္ဒိသ၊ အနုဒ္ဒိသ နှစ်မျိုးပြား၏။ စွဲလမ်း၍ သေအောင် အဆင်းလှလှ ဆောင်သည်ကို လန့်သေအံ့၊ လန့်သေအောင် အဆင်းဆိုးဆိုး ဆောင်သည်ကို စွဲလမ်း၍ သေအံ့၊ ကံမထိုက်။

သေစေခြင်းငှာ မန္တန်ရွတ်ခြင်းသည် ဝိဇ္ဇာမယ မည်။ ကမ္မဇိဒ္ဓိတန်ခိုးကို ယှဉ်စေခြင်းသည် ဣဒ္ဓိမယ ပယောဂ မည်၏။ ။ဤတန်ခိုးသည် အတိတ်ကံကြောင့် ဖြစ်၏၊ ပဋိသန္ဓေနှင့် အတူဖြစ်၏။ ကံ၏ အကျိုးဝိပါက် အနေဖြင့် ဖြစ်၏။ နဂါးတန်ခိုး၊ နတ်တန်ခိုး၊ မင်းတန်ခိုး စသည်ဖြင့် များ၏၊ နဂါးကိုက်ခြင်းဖြင့်သာ မဟုတ်၊ ထိခြင်းမျှ၊ ကြည့်ခြင်းမျှဖြင့်ပင် အဆိပ်တက်နိုင်သည်။ ဝေဿဝဏနတ်မင်း၏ မျက်စောင်းဖြင့် ကုမ္ဘဏ်များစွာ သေသည်။ သီဟိုဠ်ဘုရင် ပိတုမင်း အစွယ်ခေါက်ခြင်းဖြင့် သုမနသူကြွယ် သေသည်။ ။ သာဟတ်၊ နိဿဂ်၊ ထာဝရ-ဥဒ္ဒိသ၊ အနုဒ္ဒိသ နှစ်ပါးစီ။ အာဏတ္တိ ၆-ပါး။ ဝိဇ္ဇာ၊ ဣဒ္ဓိ အပြား မပြ။

## ဝတ္ထုကြောင်းမှတ်ဖွယ်

မြတ်စွာဘုရားသည် ဝေသာလီပြည်မဟာဝုန်တော စုလစ်မွန်ချွန်တပ်သော ကျောင်း၌ နေတော်မူသောအခါ ရဟန်းတို့အား အသုဘကထာ များစွာ ဟောကြား၏။ ထိုနောက် ချစ်သားတို့၊ ငါဘုရား တပါးတည်း နေလိုသည်၊ ဆွမ်းပို့သော ရဟန်းတပါးမှ တပါး မလာကြရဟု မိန့်တော်မူ၏။ ထိုအခါ ရှေး

ဘဝ၌ မုဆိုးဖြစ်ဖူးသော ရဟန်းငါးရာတို့သည် အသုဘ ဘာဝနာပွား၍ မိမိကိုယ်ကို လွန်စွာစက်ဆုပ်သဖြင့် ကိုယ်တိုင်လည်း သတ်၍ သေကုန်၏၊ အချင်းချင်း သတ်ခိုင်း၍လည်း သေကုန်၏။ မိဂလန္ဒ မည်သော ရှင်ယောင်ကို သပိတ်သင်္ကန်းပေး၍လည်း သတ်ခိုင်းကုန်၏။ မာရ်နတ်အသင်းသား နတ်တဦးကလည်း မိဂလန္ဒကို အသင်သည် ရဟန်းတို့ကို နိဗ္ဗာန်သို့ ပို့ပေးသည် ဟု ဆိုသဖြင့် စိတ်ထက်သန်စွာ တနေ့တနေ့ လေးဆယ်၊ ငါးဆယ် သတ်ပေး၏။ ၁၅-ရက်ကြာလာသောအခါ ဘုရားရှင်သည် တပါးတည်းနေရာမှ ကြွလာ၍ ရဟန်းများနည်းပါးကုန်ပြီ၊ အဘယ်သို့ သွားကြသနည်းဟု မေးတော်မူသည်။

ထိုအခါ ရှင်အာနန္ဒာ ဤသို့လျှောက်၏။ ရဟန်းတို့သည် အသုဘကထာနာကြားရသဖြင့် ငြီးငွေ့၍ သတ်သေကြပါပြီ။ အသုဘမှ တပါးသော တရားကို ဟောတော်မူပါဟု လျှောက်၏။ ထိုအခါ ရဟန်းတို့ကို စည်းဝေးစေ၍ အာနာပါနဿတိ ဘာဝနာကို ဟောကြားပြီးလျှင် အချင်းချင်းသတ်သေကြသည်ကို ကဲ့ရဲ့၍ မူလပညတ်တော်မူသည်။ (မိမိကိုယ်ကို မိမိသတ်ခြင်း၊ မိဂလန္ဒကို သတ်ခိုင်းခြင်းသည် ပါရာဇိကဝတ္ထု မဟုတ်၊ ထိုအချင်းချင်း သတ်သူတို့တွင်လည်း အချို့မသေမီ အရိယာဖြစ်ကုန်၏။ ထို့ကြောင့် မောဃပုရိသ မဆို။ ကိုယ်တိုင်သတ်ခြင်း၊ တိုက်တွန်းခြင်း စသည်ကို အရိယာပုဂ္ဂိုလ်တို့ မပြုကုန်။ အရိယာတို့သည် ငါမရှိ သူမရှိ သတ္တဝါမရှိဟု ကောင်းစွာ မြင်ကုန်၏။ အကြောင်းမကင်းသော နာမ်ရုပ်တို့၏ ဖြစ်ခြင်း ချုပ်ခြင်းကို ကောင်းစွာမြင်ကုန်၏။ မွေးဖွားသော သတ္တဝါ၊ အိုသော သတ္တဝါ၊ သေသော သတ္တဝါဟူ၍ မမြင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း ကင်းကုန်၏။)

အနုပညတ်။ ။အခါတပါး ဥပါသကာ တဦးသည် မကျန်းမမာ ဖြစ်၏။ ထိုဥပါသကာ၏မယားကို ဆဗ္ဗဂ္ဂီတို့စွဲလမ်းကြသဖြင့် ဒါယကာ၊ သင့်အား အကုသိုလ်မရှိ ကုသိုလ်သာ ရှိသည်၊ သေလျှင် နတ်ပြည်မလွဲပြီ။ လူ့ပြည်၌ မမာခြင်းဖြင့် အကျိုးမရှိဟု ပြောကုန်၏။ ဥပါသကာသည် သဘောကျ၍ မသင့်သောအစာကို စား၍ သေလေ၏။ မယားသည် ဤရဟန်းတို့ သေခြင်းဂုဏ် ချီးမွမ်းသောကြောင့်သေရသည်ဟု ကဲ့ရဲ့၏။ ထို့ကြောင့် မရဏဝဏ္ဏံဝါ စသော အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

**မာတိကာ ၂၉-ပါး။** ။ကိုယ်တိုင်သတ်ခြင်း၊ အနီး၌နေ၍ စေခိုင်းခြင်း၊ တမန်စေခြင်း၊ တမန်အဆင့်ဆင့်၊ ချွတ်ယွင်းသောတမန်၊ သွား၍ ပြန်လာသော တမန်၊ (၆) မျက်မှောက်ကို မျက်ကွယ်ထင်ခြင်း၊ မျက်ကွယ်ကို မျက်မှောက်ထင်ခြင်း၊ မျက်မှောက်ကို မျက်မှောက်ထင်ခြင်း၊ မျက်ကွယ်ကို မျက်ကွယ်ထင်ခြင်း၊ (၁၀) ကိုယ်ဖြင့် ချီးမွမ်းခြင်း၊ နှုတ်ဖြင့်၊ ကိုယ်နှုတ်ဖြင့်၊ တမန်ဖြင့်၊ စာရေးခြင်းဖြင့် ချီးမွမ်းခြင်း၊ (၁၅) တွင်းတူးခြင်း၊ မှီရာတံကဲပျဉ် ထားခြင်း၊ အနီး၌ လက်နက်ထားခြင်း၊ ဆေးပေးခြင်း၊ (၁၉) ရူပါရုံ ဆောင်ခြင်း၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆောင်ခြင်း၊ (၂၅) ပြောကြားခြင်း၊ ဆုံးမခြင်း၊ ချိန်းချက်ခြင်း၊ နိမိတ်ပြုခြင်း (၂၉) ဤသို့ မာတိကာ ၂၉-ပါး ထား၍ ဝေဖန်တော်မူသည်။

## ဝိနီတဝတ္ထုများ။ ဝတ္ထု (၁၀၃)

(၁) ရဟန်းတပါးသည် မကျန်းမမာဖြစ်၏။ ရဟန်းတို့သည် သနားသဖြင့် သေခြင်းကျေးဇူး ပြောကုန်၏။ ထိုရဟန်းသည် အစာဖြတ်၍ သေ၏။ ထိုရဟန်းတို့အား ငါတို့ ပါရာဇိကသို့ ရောက်ကုန်သလောဟု ကုက္ကုစ္စ ဖြစ်ကုန်၏။ ချစ်သားတို့၊ သင်တို့အားလုံး ပါရာဇိကသို့ ရောက်ကုန်၏ဟု ဆုံးဖြတ်တော်မူ၏။ (ဝဓကစေတနာသည် ကရုဏာအသွင် လှည့်စားတတ်သည်။ သေခြင်းကို မချီးမွမ်းရ။ ဩဝါဒစကားဖြင့် အားပေးရသည်။ သီလရှိသူအား မဂ်ဖိုလ် မခဲယဉ်း။ ကျောင်းစသည် တွယ်တာခြင်းမပြုပဲ သတိမလွတ် ကမ္မဋ္ဌာန်းကိုသာ အားထုတ်ပါလေဟု အားပေးရသည်။) (၂) ရဟန်းတပါးသည် ဆွမ်းခံသွားစဉ် အင်းပျဉ်၌ အဝတ်ဖြင့် ဖုံးထားသော သူငယ်ကို ဖိထိုင်မိ၏။ သူငယ်သေ၏။ အနာပတ်။ ချစ်သားတို့၊ မစူးစမ်းပဲ နေရာ၌ မထိုင်အပ်။ ထိုင်ခြင်းအား ဒုက္ကဋ်။ (အတွန့်မရှိ တပြင်တည်း တည်သောနေရာ၌ စူးစမ်းဖွယ်မရှိ။) (၃) ရဟန်းတပါးသည် ဆွမ်းစားကျောင်း၌ နေရာခင်းစဉ် ကျည်ပွေ့ကောက်လိုက်၏။ ကျည်ပွေ့တခုကို ခတ်မိသဖြင့် လဲကျ၍ သူငယ်တယောက်၏ ဦးခေါင်းကို ရိုက်မိ၏။ သူငယ်သေ၏။ ချစ်သား၊ အဘယ်စိတ် ရှိသနည်း၊ သေစေလိုသော စေတနာ မရှိပါ၊ စေတနာမရှိသော ရဟန်းအား အနာပတ်။ (၄) နေရာခင်းစဉ် ဆုံငယ်ကို နင်းမိ၏။ လိမ့်၍ သူငယ်ကိုဖိ၏။ ထိုသူငယ် သေ၏။ စေတနာ မရှိသော ရဟန်းအား အနာပတ်။

(၅) သားအဖနှစ်ယောက်သည် ရဟန်းပြု၍ နေကုန်၏၊ ဆွမ်းဝေးချိန်ရောက်သောအခါ သားရဟန်းသည် အဖရဟန်းကို မြန်မြန်သွားပါဟု ကျောကုန်း၌တွန်းလိုက်၏။ အဖရဟန်းသည် လဲ၍သေ၏။ အဘယ်စိတ်ရှိသနည်း။ သေစေလိုသောစိတ်မရှိပါ။ သေစေလိုသော စိတ်မရှိသော ရဟန်းအား အနာပတ္တိ။ (၆) ထိုအတူ သေစေလို၍ တွန်းလိုက်၏။ အဖရဟန်း လဲ၍သေ၏၊ ပါရာဇိက။ (၇) သေစေလို၍ တွန်းလိုက်၏။ လဲ၍မသေ၊ ပါရာဇိကဖြင့် အနာပတ္တိ။ ထုလ္လစ္စည်းသင့်၏။ (၈) ရဟန်းတပါး ဆွမ်းစားစဉ် အမဲသားနင်၏၊ ရဟန်းတပါးက လည်ချောင်းကို ပုတ်ခတ်လိုက်၏။ သွေးနှင့်တကွ အပဲသား အန်ထွက်၍သေ၏။ သေစေလိုသော စိတ်မရှိသောရဟန်းအား အနာပတ္တိ။ (၉) သေစေလို၍ လည်ချောင်းကို ပုတ်ခတ်အံ့၊ သွေးနှင့်တကွအန်ထွက်၍သေ၏၊ ပါရာဇိက။ (၁၀) မသေ။ ထုလ္လစ္စည်း။

(၁၁) ရဟန်းတပါးသည် ဆွမ်းခံရာတွင် အဆိပ်ရောသော ဆွမ်းကို ရလာ၏။ ဆွမ်းစားကျောင်းသို့တက်၍ အဦးအဖျား လှူ၏။ စားသောရဟန်းတို့ သေကုန်၏။ မသိသောရဟန်းအား အနာပတ္တိ။ (မသဒ္ဓါသောအိမ်မှရလျှင် မစူးမစမ်း မစားသင့် မလှူသင့်။) (၁၂) ရဟန်းတပါးသည် စုံစမ်းလို၍ ရဟန်းတပါးအား အဆိပ်ကိုပေး၏၊ ထိုရဟန်း သေ၏။ အဘယ်စိတ်ရှိသနည်း၊ စုံစမ်းလိုပါသည်။ ပါရာဇိကမသင့်၊ ထုလ္လစ္စည်း သင့်၏။ (ဤအဆိပ်သည် သေခြင်းငှာ စွမ်း-မစွမ်းဟု အဆိပ်ကိုစုံစမ်းခြင်း၊ ဤသူသည် သေ-မသေ-ဟု ပုဂ္ဂိုလ်ကိုစုံစမ်းခြင်း နှစ်မျိုးလုံးပင် ထုလ္လစ္စည်း။ (၁၃) အာဠဝီတိုင်းသားရဟန်းတို့သည် ကျောင်းရာ သုတ်သင်ကုန်၏။ ရဟန်းတပါးသည် အောက်၌နေ၍ ကျောက်တို့ကို ပယ်တင်၏။ အထက်၌နေသော ရဟန်းသည် အဖမ်းမကောင်းခြင်းဖြင့် အောက်ရဟန်း၏ထိပ်၌ ကျစေ၏၊ အောက်ရဟန်း သေ၏။ စေတနာမရှိသောရဟန်းအား အနာပတ္တိ။ (၁၄) သေစေလို၍ ကျစေ၏၊ သေ၏၊ ပါရာဇိက။ (၁၅) မသေ၊ ထုလ္လစ္စည်း။ (၁၆) အာဠဝီရဟန်းတို့သည် ကျောင်း၏နံရံကို အုတ်စီကုန်၏။ ရဟန်းတပါးသည် အုတ်တို့ကို မြှောက်ပေး၏၊ အထက်ရဟန်းသည် အဖမ်းမကောင်းခြင်းဖြင့် အောက်ရဟန်း၏ ထိပ်၌ ကျစေ၏၊ သေ၏၊ စေတနာမရှိသော ရဟန်းအား အနာပတ္တိ။ (၁၇) သေစေလို၍ ကျစေ၏၊ သေ၏၊ ပါရာဇိက။ (၁၈) မသေ၊ ထုလ္လစ္စည်း။

**(၁၉) အာဠဝီရဟန်းတို့သည် နဝကမ္မအမှုသစ် ပြုကုန်၏။ ရဟန်းတပါးသည် ပဲခွပ်မြှောက်တင်၏၊ အထက်ရဟန်းသည် အဖမ်းမကောင်းခြင်းဖြင့် အောက်ရဟန်း၏ ထိပ်၌ ကျစေ၏၊ သေ၏၊ စေတနာမရှိသော ရဟန်းအား အနာပတ္တိ။ (၂၀) သေစေလို၍ ကျစေ၏၊သေ၏။ပါရာဇိက။ (၂၁) မသေ၊ ထုလ္လစ္စည်း။ (၂၂) အခြင်ကို မြှောက်တင်၏၊ မတော်၍ကျစေ၏၊ သေ၏၊ အနာပတ္တိ။ (၂၃) သေစေလို၍ ကျစေ၏၊သေ၏၊ ပါရာဇိက။ (၂၄) မသေ၊ ထုလ္လစ္စည်း။ (၂၅) ငြမ်းဖွဲ့ကုန်စဉ် ဤနေရာ၌ ဖွဲ့ပါဟုဆို၏၊ ဖွဲ့စဉ်ကျ၍သေ၏။ (၂၆) သေစေလို၍ ဆို၏၊ ကျ၍သေ၏။ (၂၇) မသေ၊ထုလ္လစ္စည်း။ (၂၈) ရဟန်းတပါးသည် ကျောင်းမိုးပြီး၍ ဆင်းသောအခါ ဤနေရာမှဆင်းပါဟု ဆို၏၊ ကျသေ၏။ (၂၉) သေစေလို၍ဆို၏၊ ကျသေ၏၊ (၃၀) ကျ၍ မသေ၊ ထုလ္လစ္စည်း။**

(၃၁) ရဟန်းတပါးသည် မမွေ့လျော်သဖြင့် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ ခုန်ချ၏။ အောက်၌ နှီးဖျာသောလူကို ဖိမိ၏၊ အနာပတ္တိ။ ချစ်သားတို့၊ မိမိကိုယ်ကို မကျစေအပ်၊ ကျစေငြားအံ့၊ ဒုက္ကဋ်။ (ထိုမှ တပါးသောနည်းဖြင့်လည်း မိမိကိုယ်မိမိ မသတ်အပ်၊ ဂိလာနသည် ဆေး ပြုစုသူ ရှိလျက် သေလို၍ အစာဖြတ်အံ့၊ ဒုက္ကဋ်။ အနာပျောက်ခဲသဖြင့် ဤကိုယ်သည် စောင့်ရှောက်၍လည်းမရ၊ ပြုစုသူတို့လည်း ပန်းကုန်ပြီဟု ငြီးငွေ့၍ဖြတ်အံ့၊ အပ်၏။ တရားထူးရလုနီးပြီဟုထင်၍ ကမ္မဋ္ဌာန်းရှေးရှု၍ဖြတ်အံ့၊ အပ်၏၊ တရားထူး ရသည်ကို ပြောကြားပြီးမှ ဖြတ်လျှင် မအပ်။သဘာဂလဇ္ဇီတို့အား ရသည်ကိုပြောကောင်း၏။ (၃၂) ဆဗ္ဗဂ္ဂီတို့သည် ဂိဇ္ဈကုဋ်တောင်ပေါ်တက်၍ မြူးထူးလိုသဖြင့် ကျောက်လိမ့်ချကုန်၏၊ နွားကျောင်းသားတယောက် ဖိ၍သေ၏၊ အနာပတ္တိ။ ချစ်သားတို့၊မြူးထူးလိုသဖြင့် ကျောက် မလှိမ့်အပ်၊လှိမ့်ငြားအံ့၊ဒုက္ကဋ်။(သစ်သားအုတ်ခဲ စသည်တို့ကိုလည်း မြူးထူးလို၍ မပစ်ခတ်အပ်။ (၃၃) ရဟန်းတို့သည် မမာသောရဟန်းကို ချွေးအောင်းပေးကုန်၏၊ ထိုရဟန်း သေ၏၊ အနာပတ္တိ။ (၃၄) သေစေလို၍ ချွေးအောင်းပေးကုန်၏၊ သေ၏၊ ပါရာဇိက။ (၃၅) မသေ၊ ထုလ္လစ္စည်း။(၃၆၊၃၇၊၃၈) ဦးခေါင်းပူ ဝေဒနာနှိပ်စက်သောရဟန်းကို နှာနှတ်ကုန်၏။ (၃၉၊ ၄၀၊ ၄၁) မမာသော ရဟန်းကို နှိပ်ပေးကုန်၏။ (၄၂၊၄၃၊၄၄) ရေချိုးပေးကုန်၏။ (၄၅၊၄၆၊၄၇) ဆီလိမ်းပေးကုန်၏။ (၄၈၊၄၉၊၅၀) ထူပေးကုန်၏။ (၅၁၊၅၂၊၅၃) လှည်းပေးကုန်၏။ (၅၄၊

၅၅၊၅၆) ဆွမ်းဘုဉ်းပေးကုန်၏။ (၅၇၊၅၀၊၅၉) အဖျော်တိုက်ကုန်၏၊ အနာပတ္တိ၊ ပါရာဇိက၊ ထုလ္လစ္စည်း။ (ငါ ကုက္ကုစ္စရှိသည်ဟု လူနာမလုပ်ကျွေးပဲ မနေအပ်။ အစီးအပွားလိုလားသောစိတ်ဖြင့် သင့် - မသင့် နှိုင်းချိန်၍ ပြုရသည်။)

(၆၀) မိန်းမတယောက်သည် သယောက်ဖြင့် ကိုယ်ဝန်ရ၏၊အိမ်ကြွနေကျ ရဟန်းကို ကိုယ်ဝန်ကျဆေး သိပါသလောဟု မေး၏၊ ကောင်းပြီဟုဆို၍ ဆေးရှာပေး၏၊ ကလေးသေ၏၊ ပါရာဇိက။ (၆၁) ယောကျ်ားတယောက်အား မယားနှစ်ယောက်ရှိ၏၊ တယောက်မြုံ၏၊ တယောက် ကိုယ်ဝန်ရ၏၊ မြုံသောမိန်းမသည် ကုလူပကရဟန်းကို ဤမိန်းမ သားဖွားလျှင် စည်းစိမ်အစိုးရချေတော့မည်၊ ကိုယ်ဝန်ကျဆေး သိပါသလောဟုဆို၏၊ ဆေးရှာပေး၏၊ ကလေးသေ၏၊ မိခင်မသေ၊ ပါရာဇိက။ (၆၂) မိခင်သေ၏၊ ကလေးမသေ၊ ထုလ္လစ္စည်း။ (၆၃) နှစ်ယောက်လုံးသေ၏၊ ပါရာဇိက။ (၆၄) နှစ်ယောက်လုံးမသေ၊ ထုလ္လစ္စည်း။ (၆၅) မိန်းမတယောက်သည် ကုလူပက ရဟန်းကို ကိုယ်ဝန်ကျဆေး သိပါသလောဟု ဆို၏၊ နယ်ရမည်ဟု ဆို၏၊ နယ်၍ ကိုယ်ဝန်ကျစေ၏၊ ပါရာဇိက။ (၆၆) မီးကင်ရမည်ဟု ဆို၏၊ မီးကင်၍ကျစေ၏၊ ပါရာဇိက။(နယ်ရမည်ဟုဆိုလျှင်သူတပါးကိုနယ်စေအံ့၊ နယ်စေရမည်ဟုဆိုလျှင် ကိုယ်တိုင်နယ်အံ့၊ ဝိသင်္ကေတဖြစ်၏၊ ပရိယာယ်အားဖြင့် နယ်လျှင် ကျဘတ်သည်ဟုဆိုအံ့၊ နယ်သော်၎င်း နယ်စေသော်၎င်း ဝိသင်္ကေတမဖြစ်၊ ပါရာဇိကသာ၊ပရိယာယ်မလွတ်။)

(၆၇) မြုံသောမိန်းမတယောက်သည် ကုလူပကရဟန်းကို သားရစေသော ဆေးသိပါသလောဟု ဆို၏။ ဆေးရှာပေး၏။ ထိုမိန်းမ သေ၏။ ပါရာဇိကဖြင့် အနာပတ္တိ။ ဒုက္ကဋ် သင့်၏။ (၆၈)သားရသော မိန်းမတယောက်သည် သားမရစေသောဆေး သိပါသလောဟု ဆို၏၊ ဆေးရှာပေး၏။ ထိုမိန်းမသေ၏၊ ဒုက္ကဋ်။ (ကိုယ်ဝန်မယူနိုင်သောမိန်းမ မရှိ။ ဖြစ်စသူငယ်၏ အကုသိုလ်ကံကြောင့် ဖြစ်စတွင်လည်း ပျက်စီး၏။ လေကြောင့်သော်လည်း ခန်းခြောက်၍ ပျက်၏။ ပိုးခဲသောကြောင့်လည်း ပျက်၏။ လေ၊ ပိုး၊ ကမ္မ (၃)၊ တိဝိဓ၊ ဂဗ္ဘပျက်ကြောင်းတည်း။ ဤသို့ ပျက်ဖွယ်ရှိသည်ကို မြုံသောမိန်းမဟု ခေါ်သည်။ လေနိုင်ဆေး၊ ပိုးနိုင်ဆေး မပေးပဲ ကြမ်းသောဆေး ပေးသောကြောင့်

ထိုမိန်းမ သေသည်။ ဘုရားရှင်သည် ဆေးကုမှုကြောင့် ဒုက္ကဋ်ဟု ပညတ်သည်။ ထို့ကြောင့် တပါးသောသူအား ဆေးကုလျှင် ဒုက္ကဋ်၊ သီတင်းသုံးဖော်ငါးယောက်၊ မိဘ၊ မိဘ၏ အလုပ်အကျွေး၊ မိမိ၏ ဝေယျာဝစ္စပြုသူ၊ ရှင်လောင်း၊ ညီအစ်ကို စသော ဆွေမျိုး၊ ကျောင်းသို့ရောက်လာသောဧည့်သည်၊ ခိုးသူ၊ စစ်ရှုံးသောမင်း၊ ဆွေမျိုးတို့စွန့်ပစ်ထားသော သူဆင်းရဲ၊ ခရီးသွားတို့အားသာ လာဘ်မမျှော်ပဲကုလျှင် အပ်၏။ ထိုမှတပါး မိဘအရာ၌ တည်သော ပစ္စည်းလေးပါး ဒါယကာအားသော်လည်း မကုအပ်။ ကုလျှင် ဝေဇ္ဇကမ္မ ဒုက္ကဋ်။ ချီးမြှောက်ခြင်းဖြင့်ကုလျှင် ကုလဒူသက ဒုက္ကဋ်။ လာဘ်မျှော်လျှင် အနေသနဒုက္ကဋ်သင့်၏။ ဆေးနည်းမေးသည်မျှကိုပင် မပြောအပ်။ မေးသူတို့ကြားအောင် မိမိတို့အချင်းချင်းပြောလျှင်ကား အပ်၏။)

(၆၉) ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီရဟန်းကလေးတပါးကို ချိုင်းထိုး၍ ရယ်စေကုန်၏။ အသက်မရှုနိုင်သဖြင့် သေ၏။ ပါရာဇိကဖြင့် အနာပတ္တိ။ (ဤဝတ္ထုကြောင့် ချိုင်းထိုးလျှင် ပါစိတ်ဟု ပညတ်သည်။) (၇၀) သတ္တရသဝဂ္ဂီတို့သည် ဆဗ္ဗဂ္ဂီရဟန်းတပါးကို ကံပြုမည်ဟု ဝိုင်း၍ဖိကြ၏၊ ဆဗ္ဗဂ္ဂီသေ၏၊ ပါရာဇိကဖြင့် အနာပတ္တိ။ (ဘမ္မာဓိပ္ပာယရှိကုန်၏။ မရဏာဓိပ္ပာယ မရှိကုန်။) (၇၁)ပယောဂဆေးကုတတ်သော ရဟန်းတပါးသည် ဘီလူးပူးသူကို ဆေးကု၏။ ဘီလူးကို ပညာစွမ်းဖြင့် သေစေ၏၊ ထုလ္လစ္စည်း။ (သိကြားမင်းကို သေစေသော်လည်း ထုလ္လစ္စည်းသာ။) (၇၂) ရဟန်းတပါးသည် ရဟန်းတပါးကို ဘီလူးရှိသောကျောင်းသို့ (မသိ၍) ပို့လိုက်၏။ ဘီလူးသတ်၍ ရဟန်းသေ၏၊ မသေစေလိုသော ရဟန်းအား အနာပတ္တိ။ (၇၃)သေစေလို၍ ပို့၏၊ သေ၏၊ ပါရာဇိက။ (၇၄) မသေ၊ ထုလ္လစ္စည်း။ (၇၅၊ ၇၆၊ ၇၇)သစ်ကျားစသော သားရဲရှိသော ခရီးသို့ စေလိုက်၏၊ (၇၈၊ ၇၉၊ ၈၀။) ခိုးသူရှိသောခရီးသို့ စေလိုက်၏၊ အနာပတ္တိ။ ပါရာဇိက။ ထုလ္လစ္စည်း။ (ဘီလူးစသည်ကို ရဟန်းထံ လွှတ်ရာ၌လည်း ဤအတူတည်း။ ဤပါရာဇိကသည် သိမ်ခမ္မ၏။ ပရိယာယ်ဖြင့် မလွတ်။ ဤနေရာ၌ ခိုးသူရှိ၏။ဦးခေါင်းဖြတ်သူ ဆုငွေရနိုင်၏ဟု ဆိုအံ့။ ကြားသူ သွားသတ်လျှင်လည်း ပါရာဇိကတည်း။)

(၈၁) ရဟန်းတပါးသည် (ရန်သူကို သတ်လို၍) ထိုသူဟုမှတ်၍ ထိုသူကို သတ်၏၊ ပါရာဇိက။ (၈၂)ထိုသူဟုမှတ်၍ သူတပါးကို၊(၈၃)သူတပါးဟုမှတ်၍

ထိုသူကို၊ (၈၄) သူတပါးဟုမှတ်၍သူတပါးကို သတ်၏၊ ပါရာဇိက။ (၈၅) ရဟန်းတပါးကို ဘီလူးဖမ်း၏။ ရဟန်းတပါးက ရိုက်၏။ ရဟန်း သေ၏။ မသေစေလိုသောရဟန်းအား အနာပတ္တိ။ (အနာပတ္တိဖြစ်သော်လည်း မရိုက်အပ်၊ ထန်းရွက်ကို၊ ပရိတ်ချည်ကို၊ လက်ခြေ၌ ဖွဲ့အပ်၏။ ပရိတ်ရွတ်အပ်၏။ ရဟန်းကို မညှဉ်းဆဲပါနှင့်ဟု တရားဟောအပ်၏။) (၈၆)သေစေလို၍ ရိုက်၏။ သေ၏၊ ပါရာဇိက။ (၈၇) မသေ၊ ထုလ္လစ္စည်း။ (၈၈၊ ၈၉၊ ၉၀)ရဟန်းတပါးသည် ကောင်းမှုများသူအား နတ်စည်းစိမ်အကြောင်း တရားဟော၏။ ထိုသူသည် နတ်ပြည်ရောက်လို၍ သေ၏။ (၉၁၊ ၉၂၊ ၉၃) အကုသိုလ်များသူအား ငရဲအကြောင်း ဟော၏။ ကြောက်လန့်၍ ထိုသူ သေ၏၊ အနာပတ္တိ။ ပါရာဇိက။ ထုလ္လစ္စည်း။

(၉၄) အာဠဝီရဟန်းတို့သည် နဝကမ္မကိစ္စဖြင့် သစ်ပင်ခုတ်ကုန်၏။ ရဟန်းတပါးသည် ရဟန်းတပါးကို ဤနေရာ၌နေ၍ဖြတ်ပါဟု ဆို၏။ သစ်ပင်ပိ၍ သေ၏။ (၉၅)သေစေလို၍ ဆို၏။ သေ၏။ (၉၆)မသေ။ (အထူးကား သစ်ပင်ပိလျှင် လက်၌ ပဲခွပ် စသည်ရှိ၍ စွမ်းနိုင်သော်လည်း မြေတူးခြင်း သစ်ပင်ဖြတ်ခြင်း မပြုအပ်။ ပြုလျှင် အာဏာတော်လွန်ကျူးသူ၊ ဇီဝိတပရိယန္တသီလ မကျင့်သူ ဖြစ်၏။ အသက်ပျက်လိုပျက်စေ၊ သီလကို မပျက်စေအံ့ဟု သိမ်းဆည်းအပ်၏။ မြင်သိသောရဟန်းသည်ကား ကယ်ဆယ်ရန် မြေတူးခြင်း၊ သစ်ပင်ဖြတ်ခြင်း စသည်ကို ပြုကောင်း၏။ သူတပါး၏ အသက်ကိုငဲ့၍ ပြုလျှင် အပ်၏။ မိမိအသက်ကိုငဲ့၍ပြုလျှင် မအပ်။)(၉၇၊ ၉၈၊ ၉၉) ဆဗ္ဗဂ္ဂီတို့သည် တောကို မီးတိုက်ကုန်၏။ လူတို့ တောမီးလောင်၍ သေကုန်၏။ သေစေလို၍ မီးတိုက်ကုန်၏။ မသေ။ (မီးတိုက်ရာ၌ မရည်စူး၊ မရည်စူးစွမ်းဖြင့် ပါရာဇိက။ အာနန္တရိယကံတို့ဖြင့် တိုက်ကုန်၏။ မြက်ချုံစသည်ကို တိုက်အံ့၊ ပါစိတ်။ သခင်သိမ်းဆည်းသော သစ်သားစသည်ကို တိုက်အံ့၊ ဥာနာစာဝနမရှိသော ကြောင့် ဒုက္ကဋ်၊ ပြုံးထူး၍တိုက်အံ့၊ ဒုက္ကဋ်။ တောမီးလောင်လာလျှင်ကား ကျောင်းများ မလောင်နိုင်အောင် မီးတို့ပေးအပ်၏။ အနီးရှိ မြက်အမှိုက်တို့ကို မီးရှို့နှင့်ရ၏။ မြေကိုရှုပ်ခြင်း၊ မြောင်းတူးခြင်းဖြင့် အရံအတားသော်လည်း ပြုအပ်၏။ တောမီးမလာမီကား ကိုယ်တိုင်မပြုအပ်၊ လူသာမဏေတို့ကို ကပ္ပိယဝေါဟာရဖြင့်စေအပ်၏။ ရေလောင်းလျှင် ပိုးမရှိသောရေဖြင့် လောင်းအပ်၏။)

(၁၈၀)ရဟန်းတပါးသည် သုသာန်သို့သွား၍ ခိုးသူသတ်ကို ဒါယကာ၊ ဤခိုးသူကို မညှဉ်းဆဲပါနှင့်၊ တချက်တည်းဖြင့် သေအောင်ပြုပါဟု ဆို၏။ ဆိုတိုင်းပြု၏၊ ပါရာဇိက။ (၁၀၁)အရှင်စကား နားမထောင်နိုင်ဟု ဆို၍ သတ်၏၊ ဒုက္ကဋ်။ (နှစ်ချက်ဖြင့်ဟု ခိုင်းလျှင် တချက်ဖြင့်လည်း ခေတ်တွင်းကျ သောကြောင့် ပါရာဇိက။ သုံးချက်ဖြင့်သတ်မူ ဝိသင်္ကေတ။(ချတ်ယွင်း၏ဟူလို) နှစ်ယောက်သတ်ပါဟု ခိုင်းလျှင် တယောက်တည်းကသတ်လျှင်လည်း ပါရာဇိက။ သုံးယောက်ကသတ်လျှင် ဝိသင်္ကေတ။ စစ်ပွဲ၌ပြေးလာသူကို တယောက်က ခေါင်းဖြတ်၏။ ခေါင်းဖြတ်လျှင် ပြေးဆဲကို တယောက်ကရိုက်၍ လဲကျစေ၏။ အဘယ်သူအား အပြစ်ရှိသနည်း။ ခေါင်းဖြတ်သူအားသာ အပြစ်ရှိသည်။) (၁၀၂)လူတယောက်သည် လက်ခြေအဖြတ်ခံရ၏။ ဆွေမျိုးတို့ ဝိုင်းကြည့်စဉ် ရဟန်းတပါးက သေစေလိုကြသလောဟု ဆို၏။ အာမဘန္တေဟု ဆိုသတ်သော် ရက်တက်တိုက်ကြဟု ဆို၏။ ဆိုတိုင်းပြု၍ သေ၏။ ပါရာဇိက။ (နွားရက်တက်တိုက်ဟု မှတ်၍ခိုင်းလျှင် ကျွဲရက်တက်တိုက်အံ့၊ ဝိသင်္ကေတ။) (၁၀၃) ဘိက္ခုနီမတယောက်သည် လူ့အတူမေး၍ လောဏသုဝီရကဆေး တိုက်ကြဟုဆို၏။ ဆိုတိုင်းပြု၍ သေ၏။ ပါရာဇိက။ (လောဏသုဝီရကဆေးသည် အစာကြေဆေးကြီး ဖြစ်၏။ ဂိလာနရဟန်းတို့အား နေလွှဲသောက်အပ်၏။ အဂိလာနအား ရေရော၍ အဖျော်အဖြစ်ဖြင့် သောက်အပ်၏။

တတိယပါရာဇိက ပြီး၏။

---

၄-ဥတ္တရိမနုဿဓမ္မ။ ။ယော ပန ဘိက္ခု။ အနဘိဇာနံ၊ မသိပဲလျက်။ အလမရိယဉာဏဒဿနံ၊ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော မြတ်သောဉာဏ်အမြင်ရှိသော။ ဥတ္တရိမနုဿဓမ္မံ၊ ဈာန်မဂ်ဖိုလ်တရားကို။ အတ္တူပနာယိကံ၊ မိမိသို့ဆောင်သည်ကို။ ကတွာ၊ ပြု၍။ ဣတိဇာနာမိ၊ ဤသို့ငါသိ၏။ ဣတိပဿာမိ၊ ဤသို့ငါမြင်၏။ ဣတိ၊ ဤသို့။ သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ တတော၊ ထိုသို့ပြောဆိုပြီးသည်မှ။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟိယမာနော ဝါ၊ မေးစစ်အပ်သော်၎င်း။ အသမနုဂ္ဂါဟိယမာနော ဝါ၊ မမေးစစ်အပ်သော်၎င်း။ အာပန္နော၊ အာပတ်သို့ရောက်ပြီးသော ရဟန်းသည်။ ဝိသုဒ္ဓါပေက္ခော၊ စင်ကြယ်ခြင်းကို

အလိုရှိသည်ဖြစ်၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ (ဝန်ခံစကား)ဆိုရာ၏။အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ အဇာနံ၊ မသိပဲလျက်။ ဧဝံ ဇာနာမိ၊ ဤသို့သိ၏ဟူ၍ရင်း။ အပဿံ၊ မမြင်ပဲလျက်။ ဧဝံ ပဿာမိ၊ ဤသို့မြင်၏ဟူ၍ရင်း။အဝစံ၊ ဆိုမိပါပြီ။ တုစ္ဆံ၊ အချည်းနှီးသော။ မုသာ၊ ချွတ်ယွင်းသောစကားကို။ ဝိလပိ၊ ဆိုမိပါပြီ။ ဣတိ။ ဝဒေယျ။ အဓိမာနာ၊ (ရနိုးခြင်းရှိ၍ ရပြီဟု)လွန်ကဲသော မှတ်ထင်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ အယမ္ပိ ဘိက္ခု၊ ပါရာဇိကော၊ ဟောတိ။ အသံဝါသော၊ ဟောတိ။

**ဥတ္တရိမနုဿဓမ္မ။** ။မိမိသန္တာန်၌ မဖြစ်ခြင်းကြောင့် မိမိ၌ရှိခြင်းကို မသိသော သူသည် အနဘိဇာနန္တ မည်၏။ ဈာန်ရပုဂ္ဂိုလ် အရိယာ ပုဂ္ဂိုလ်သည် ဥတ္တရိမနုဿ မည်၏။ လူလွန်လူမြတ် မည်၏။ ထိုပုဂ္ဂိုလ်တို့၏ ဈာန် မဂ်ဖိုလ်သည် ဥတ္တရိမနုဿဓမ္မ မည်၏။ (မဟဂ္ဂုတ်၊ လောကုတ္တရာတရားဟူလို။) ကိလေသာကိုဖျက်နိုင်သောဉာဏ်ရှိသောကြောင့် အလမရိယဉာဏဒဿနလည်း မည်၏။ ဤဈာန်မဂ်ဖိုလ်၌ရှိသော ပညာစေတသိက်သည် ကိလေသာကို ဖျက် နိုင်သောကြောင့် အလံ မည်၏။ စင်ကြယ်ခြင်း ကောင်းမြတ်ခြင်းကြောင့် အရိယ မည်၏။ အပြားအားဖြင့် သိသောကြောင့် ဉာဏမည်၏။ မျက်မှောက် ထင်ထင် နိဗ္ဗာန်မြင်သောကြောင့် ဒဿန မည်၏။ လေးမည်ရသည်။ လေးမည်ရ ဉာဏ်ရှိသော ဈာန်မဂ်ဖိုလ်ဟူလို။ ပကတိလူတို့အားကား ကုသိုလ်ကမ္မပထ ဆယ်ပါး ကာမတရားသာ ဖြစ်နိုင်သည်။

**အတ္တုပနာယိက။** ။တရားထူးကို မိမိကိုယ်တွင်းသို့ ဆောင်သွင်းခြင်းသည် အတ္တုပနာယိက မည်၏။ ဤဈာန်သည် ငါ၌ရှိ၏ဟု ဆောင်သွင်းသည်။ တနည်း မိမိကိုယ်ကို တရားထူး၌ ဆောင်ပို့ခြင်းသည် အတ္တုပနာယိက မည်၏။ ငါသည် ဤဈာန်၌ ထင်ရှား၏ဟု ဆောင်ပို့သည်။ ဤသို့ပြု၍ ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ ကိုယ်နှုတ်ဖြင့် သိကြားလိမ္မာသော လူဇာတ် ဖြစ်သောသူအား ပြောပြခြင်းသည် သမုဒါစရေယျ မည်၏။ နတ်စသည်အား ပြောလျှင် ပြောသည်မမည်။ သွယ်ဝိုက်၍ ပြောလျှင်လည်း ပါရာဇိကသို့ မရောက်။

**ဣတိဇာနာမိ။** ။ဣတိဇာနာမိ ဣတိပဿာမိသည် ပြောပြပုံ အခြင်းအရာပြ စကားဖြစ်၏။မိမိသို့ဆောင်၍ မသွယ်မဝိုက်ပြောပြပုံတည်း။

ဤ၌ ပဌမဈာန်ကို ဝင်စားပြီး၊ ဝင်စားဆဲ၊ ဝင်စား၏ စသည်ဖြင့် ဟောသော စကားအားလုံးကို ရေတွက်ရသည်။ ဤသို့ ဤသို့ ငါသိ၏ ငါမြင်၏ဟု ပြောလျှင် သိရုံမြင်ရုံသာမဟုတ်။ ဤအကြောင်း ဤအကြောင်းကြောင့် ဝါ၊ ဤသို့သိခြင်း မြင်ခြင်းကြောင့် ဤတရားထူးသည် ငါ၌ရှိ၏ဟူ၍လည်း ဆောင်သွင်းပြသည်။ ငါသည် ဤတရားထူး၌ ထင်ရှား၏ဟူ၍လည်း ဆောင်ပို့ပြသည်။ ငါသည် ဈာန်ကိုဝင်စား၏စသည်ကိုပြောလျှင် ဝင်စားခြင်းစသောအကြောင်းကြောင့် ရှိခြင်းကို သွင်းပြခြင်း၊ ပို့ပြခြင်းပင်တည်း။

**တတော အပရေန**။ ။အာပတ်ကို ဝန်ခံသောအခါကာလသည် အပရသမယ မည်၏။ မသွယ်မဝိုက်ပြောပြစဉ် ခဏတွင် အာပတ်သို့ ရောက်ခဲ့လေပြီ။ ထိုသို့ ပြောပြပြီးမှ တပါးသောအခါကာလဟူလို။ အာပတ်သို့ ရောက်ပြီးသောသူသည် သူတပါးက မေးစစ်လျှင် သမနုဂ္ဂါဟီယမာန၊ မမေးစစ်လျှင် အသမနုဂ္ဂါဟီယမာန မည်၏။ မေးသော်၎င်း၊ မမေးသော်၎င်း ဝန်ခံသည်ဟူလို။ အဘယ့်ကြောင့် ဝန်ခံသနည်း၊ စင်ကြယ်လိုသောကြောင့်တည်း။ ပြောစဉ်က အာပတ်သို့ရောက်ပြီးသူသည် အာပန္န မည်၏။ စင်ကြယ်လိုသောကြောင့် ဝိသုဒ္ဓါပေက္ခ မည်၏။ အဇာနမေဝံ အာဝုသောစသည်သည် ဝန်ခံပုံစကားဖြစ်၏။ အနက်မရှိသောစကားသည် တုစ္ဆ မည်၏။ လှည့်ပတ်လိုသောစကားသည် မုသာမည်၏။ မသိမမြင်ပဲ ဤသို့ဤသို့ သိသည် မြင်သည်ဟူ၍ မဟုတ်မမှန် ဆိုမိပါပြီဟု ဝန်ခံ၏။ ဝန်ခံသော်လည်း အာပတ်သင့်ပြီးဖြစ်၏။ စင်ကြယ်လိုသောကြောင့် ဝန်ခံသည်။

**စင်ကြယ်ခြင်း**။ ။ပါရာဇိကရောက်သူသည် ရဟန်းအဖြစ်၌ တည်နေလျှင် နတ်ရွာနိဗ္ဗာန် ချမ်းမင်္ဂဖိုလ်မရထိုက်၊ အန္တရာယ်ဖြစ်၏။ ထိုသူ၏ ရဟန်းအဖြစ်သည် စင်ကြယ်သည် မမည်။ လူဥပါသကာ အရံအစောင့် သာမဏေအဖြစ်၌ တည်နေလျှင်ကား ဒါနစသည်ဖြင့် နတ်ရွာဝရိုးကို၊ ဈာန်စသည်ဖြင့် နိဗ္ဗာန်ဝရိုးကို ရခြင်းငှာ ထိုက်၏။ ထို့ကြောင့် ဝန်ခံ၍ လူအဖြစ်စသည်၌ တည်ခြင်းသည် စင်ကြယ်သည် မည်၏။ ပါရာဇိကကို ကုစားသည် မည်၏။

**အဓိမာန**။ ။အဓိက=လွန်ကဲသော၊မာန=မှတ်ထင်ခြင်းသည်။ဝါ၊အဓိဂတ= ရ၏ဟူသော၊ မာန=မှတ်ယင်ခြင်းသည် အဓိမာနမည်၏။ ဈာန်

မဂ်ဖိုလ်မရပဲလျက် ရသည်ဟု မှတ်ထင်ခြင်းတည်း။ (ထိုအဓိမာနသည် အရိယာပုဂ္ဂိုလ်တို့အား မဖြစ်။ မဂ်ဖိုလ်နိဗ္ဗာန်၊ ပယ်ကိလေသာ ကြွင်းကိလေသာတို့ကို ဆင်ခြင်၍ ယုံမှားကင်းသောကြောင့်တည်း။ ဒုဿီလအားလည်း မဖြစ်။ တရားထူးရခြင်း၌ အာသာမရှိသောကြောင့်တည်း။ အားမထုတ်သော သီလဝန္တအားလည်း မဖြစ်။ အိပ်ခြင်း၊ စားခြင်း၊ စကားပြောခြင်းဖြင့်သာ အချိန်ကုန်သောကြောင့်တည်း။ သီလစင်ကြယ်၍၊ ရုပ်နာမ်သိမ်းဆည်း၍၊ လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာ လွန်စွာအားထုတ်သူအားသာ အဓိမာန ဖြစ်သည်။ ငါသည် မဂ်ဖိုလ်ကို ယခု ရတော့မည်၊ မနက်ဖြန် ရတော့မည်ဟု ရလိုသော အာသာ များစွာရှိသောကြောင့် မရပဲ ရ၏ဟု ထင်သည်။ သမထသက်သက် ဝိပဿနာသက်သက်ရသူသည် အနာဂါမ်အထိ၊ နှစ်ပါးစုံရသူသည် ရဟန္တာအထိ မှတ်ထင်တတ်သည်။ အဓိမာနဖြင့်ပြောလျှင် အာပတ်မသင့်။ ဝါကြွားလို၍ ပြောမှ အာပတ်သင့်သည်။) ဈာန်မဂ်ဖိုလ်ဖြင့် ဝါကြွားလျှင် ရဟန်း အသက်ထွက်၏၊ ထန်းလည်ဆစ်ပြတ် မစည်ကားပြီ။

**အဆုံးအဖြတ် ၁၇-ပါး။** ။ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌နေသော ရဟန်းတို့ကို အကြောင်းပြု၍ ဥတ္တရိမနုဿဓမ္မဖြင့် ဝါကြွားခြင်းကြောင့် ပညတ်၏။ အညတြ အဓိမာနာသည် အနုပညတ်ဖြစ်၏။ သာဓာရဏပညတ်ဖြစ်၏။ အနာဏတ္တိက ဖြစ်၏။ ငါပဥ္စမဈာန်ဝင်စားပြီ စသည်ဖြင့် ထင်ရှားမရှိပဲ လူဇာတ်ဖြစ်သူအား ပြောအံ့၊ စကား အခြားမဲ့၌ ဤရဟန်းသည် ဈာန်ရ၏၊ အရိယာဖြစ်၏ဟု ထိုလူ သိအံ့၊ ပါရာဇိက။ မသိအံ့၊ ထုလ္လစ္စည်း။ (ကာယဝိညတ်၊ ဝစီဝိညတ်အရာကိုလွန်၍ အဘိညာဥ်ဖြင့် သိရာ၌ ပါရာဇိကမရှိ)။ သင်၏ ကျောင်း၌နေသော ရဟန်းသည် ဈာန်ရ၏ စသည်ဖြင့် သူတပါးကိုညွှန်းသကဲ့သို့ သွယ်ဝိုက်၍ ပြောအံ့၊ သိလျှင် ထုလ္လစ္စည်း။ မသိလျှင် ဒုက္ကဋ်။ အဓိမာနဖြင့် ပြောအံ့၊ ဝါကြွားခြင်း၌ အလိုမရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ သီလဝိပတ္တိ။ ဥတ္တရိမနုဿဓမ္မ၏ မိမိ၌မရှိခြင်း၊ ယုတ်မာသောအလိုဖြင့် ပြောခြင်း၊ သူတပါးကို မညွှန်း မသွယ်ဝိုက်ပဲ မိမိကိုယ်ကို တိုက်ရိုက်ပြောခြင်း၊ လူဇာတ်ဖြစ်သူအား ပြောခြင်း၊ ထိုခဏ၌သိခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန် စသော ကြွင်းရှစ်ပါးသည် အဒိန္နာဒါန၌ ဆိုအပ်ပြီးသည်နှင့် တူ၏။

## ဝတ္ထုကြောင်းမှတ်ဖွယ်

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မဟာဝုန်တော စုလစ်မွန်ချွန်တပ် သောကျောင်း၌ နေတော်မူသောအခါ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ နေသော ရဟန်းတို့သည် ဒုဗ္ဘိက္ခအခါဖြစ်၍ မျှတခြင်းမရှိကြကုန်။ ထိုအခါ အချို့က ငါတို့အား လှူချင်အောင် လူတို့အမှု စီရင်ကုန်အံ့ဟု ဆိုကုန်၏။ အချို့က ပယ်၍ တမန်သည်အမှု ပြုကုန်အံ့ဟု ဆိုကုန်၏။ အချို့က ပယ်၍ လူတို့အား ဈာန်မဂ်ဖိုလ် ပြောကြားကုန်အံ့ဟု ဆိုကုန်၏။ ထိုစကားကို အားလုံး သဘောတူ၍ ငါဈာန်ရ သည်၊သူမဂ်ဖိုလ်ရသည်စသည်ဖြင့် လူတို့အား ပြောကုန်၏။ လူတို့သည် ငါတို့မှာ အရတော်လေစွဟု ဝမ်းမြောက်၍ ချစ်လှစွာသော သားမယားတို့အား မပေး ရက်၊ မစားရက်သောဘောဇဉ်ခဲဖွယ် အထူးထူးဖြင့် လုပ်ကျွေးကုန်၏။ ဝါကျွတ် လတ်သော် အရပ်ရပ်မှ ရဟန်းတို့သည် ဘုရားရှင်ထံ ရောက်လာကုန်၏။ အရပ် တပါးမှ ရောက်လာသူတို့ကား ပိန်ပိန်ခြောက်ခြောက်၊ ဝဂ္ဂုမုဒါမှ ရောက်လာ သူတို့ကား ဝဝဖြိုးဖြိုး ဖြစ်ကုန်၏။

ဘုရားရှင်သည် ရဟန်းတို့အား မျှတစွာ၊ ချမ်းသာစွာ နေကြရ၏လောဟု မေးတော်မူ၏။ ဝဂ္ဂုမုဒါရဟန်းတို့က ချမ်းသာစွာနေကြရကြောင်း လျှောက် ကုန်၏။ အဘယ်သို့ နေကြရသနည်းဟု မေးလတ်သော် ဈာန်မဂ်ဖိုလ်တို့ကို ပြောကြား၍ ချမ်းသာကြောင်း လျှောက်ကုန်၏။ ဟုတ်မှန်သောအတိုင်းပြော ကြားသလောဟု မေးလတ်သော် မဟုတ်မမှန် ပြောကြပါသည်ဟု လျှောက် ကုန်၏။ ချစ်သားတို့၊ အဘယ့်ကြောင့် ဝမ်းရေးအတွက် လူတို့အား ဈာန် မဂ်ဖိုလ်ဖြင့် ဝါကြွားကြသနည်း။ ထက်လှသော ဓားဦးချွန်ဖြင့် ဝမ်းကို ဖောက်ခွဲရခြင်းသည် မြတ်သေး၏။ ချစ်သားတို့၊ လောက၌ ခိုးသူကြီး ငါး ယောက်ရှိ၏။ အရပ်ရပ်လှည့်၍ ခိုးတိုက်သောခိုးသူကြီးအလား ပစ္စည်းလေးပါး အတွက် ပရိသတ်နှင့်တကွ အရပ်ရပ်လှည့်၍ အပူဇော်ခံကာ ပစ္စည်းဆောင် သော ခိုးသူတယောက်၊ (သာသနာကိုရည်၍ယူသည်ကို လှည့်ခိုးသူတယောက် ဟူလို၏။) ဘုရားဟောတရားကို သင်ယူပြီးလျှင် ငါသိသောတရားဟု ဆိုသော ခိုးသူတယောက်၊ (တရားခိုးသူတယောက်ဟူလို။) ရဟန်းကောင်းကို အရင်း မရှိသော ပါရာဇိကဖြင့် စွပ်စွဲသော ခိုးသူတယောက်၊ (ရဟန်း၏ သီလကို ခိုး၍ဖျက်ဆီးသူတယောက်ဟူလို။)ဥတ္တမသံဃိကဂရုဘဏ်ပစ္စည်းဖြင့် လူတို့အား

ဖြားယောင်းသောခိုးသူတယောက်၊ (သံဃိကပစ္စည်းခိုးပေးသူတယောက်ဟူလို) ဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆို၍ တိုင်းပြည်၏ဆွမ်းကိုခိုးစားသော အကြီးဆုံး ခိုးသူကြီးတယောက်၊ ဤသို့ သာသနာတော်၌ ခိုးသူကြီးငါးယောက်ရှိ၏။

အလှူခံလှည့်၊ ငါသိတရား၊ စွပ်စွဲမှားပြု၊ ပေးမှုဂရုဘဏ်၊ မဂ်စျာန်
ဝါကြွား (၅)၊ ဤငါးပါး၊ ခိုးစားသာသနာ။

ငှက်မုဆိုးသည် ချုံငယ်အတွင်း အထင်လွဲအောင် ပလီ၍ လှည့်ပတ်၍ ငှက်အပေါင်းကို ဖမ်းစားသည့်အလား တိုင်းပြည်၏ဆွမ်းကို လိမ်စားခြင်းသည် ငရဲရောက်ကြောင်းဖြစ်၏၊ မမြတ်။ သံတွေခဲ စားရခြင်းသည် မြတ်သေး၏။ ဤသို့ စသည်ဖြင့် ကဲ့ရဲ့၍ မူလပညတ်ကို ပညတ်တော်မူသည်။

**အနုပညတ်ဝတ္ထု။** ။အခါတပါး ရဟန်းများစွာတို့သည် မသိမမြင်ပဲလျက် သိသည်၊ မြင်သည်ဟု အလွန်အကဲ မှတ်ထင်ခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြားကုန်၏။ နောက်၌ ရာဂ ဒေါသ မောဟဖြစ်ပေါ်ခြင်းဖြင့် ကုက္ကုစ္စဖြစ်၍ ရှင်အာနန္ဒာအား လျှောက်ကုန်၏။ ရှင်အာနန္ဒာသည် ဘုရားရှင်အားလျှောက်၏။ ချစ်သား အာနန္ဒာ၊ အလွန်အကဲ မှတ်ထင်သော အဓိမာနဖြင့် မသိမမြင်ပဲ သိသည် မြင်သည်ဟု မှတ်ထင်၍ အရဟတ္တဖိုလ်ကို ပြောကြားခြင်းတို့သည် ရှိကုန်၏။ ထို ပြောကြားခြင်းသည် အဗ္ဗောဟာရိက ဖြစ်၏၊ မပြောပလောက်ဟု မိန့်၍ အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

**မှတ်ဖွယ်အထူး။** ။ဥတ္တရိမနုဿဓမ္မမည်သည် စျာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ္တိ၊ ဉာဏဒဿန၊ မဂ်၊ ဖိုလ်၊ ကိလေသာပယ်ခြင်း၊ နီဝရဏကင်းခြင်း၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ ဤသို့ ဆယ်မျိုးဟောသည်။ (သုညာဂါရေ အဘိရမာမိ=ဆိတ်ငြိမ်ရာ၌ အလွန်မွေ့လျော်၏ဟုဆိုရုံဖြင့် ပါရာဇိကမသင့်။ စျာန် သမာပတ်ဖြင့် မွေ့လျော်၏ဟုဆိုပါမှ ပါရာဇိက။ ငါနိရောဓ သမာပတ်ဝင်စား၏ဟု ဆိုလျှင်လည်း ပါရာဇိကာ မသင့်။ နိရောဓသမာပတ် သည် လောကီ လောကုတ္တရာမှ လွတ်သောကြောင့်တည်း။ ငါသည် အတိတ် ဘဝ၌ ရဟန္တာဟု ဆိုလျှင်လည်း ပါရာဇိက မသင့်၊ ဘဝဘပါးဖြစ်သော ကြောင့်တည်း။ ဆယ်မျိုး၌ နိဗ္ဗာန်မပါသော်လည်း ငါ နိဗ္ဗာန်ရပြီဟုဆိုလျှင် ပါရာဇိကသာ။ လောကုတ္တရာဖြစ်သောကြောင့်တည်း)။

## ဝိနီတဝတ္ထုများ၊ ဝတ္ထု (၆၀)

(၁) ရဟန်းတပါးသည် ရ၏ဟူသော လွန်ကဲသော မှတ်ထင်ခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြား၏။ ကုက္ကုစ္စဖြစ်၏။ ချစ်သား၊ အဓိမာနဖြင့် အနာပတ္တိဟု ဆုံးဖြတ်တော်မူ၏။ (၂) ရဟန်းတပါးသည် ငါ ဤသို့ပြုလျှင် လူချီးမွမ်းလိမ့်မည်ဟု တောင့်တ၍ တော၌နေ၏။ လူချီးမွမ်း၏။ အနာပတ္တိ။ ချစ်သားတို့၊ တောင့်တခြင်းပြု၍ တော၌မနေအပ်၊ ဒုက္ကဋ်။ (၃) တောင့်တ၍ ဆွမ်းခံသွား၏။ လူချီးမွမ်း၏၊ အနာပတ္တိ။ ချစ်သားတို့၊ တောင့်တခြင်းပြု၍ ဆွမ်းခံမသွားအပ်၊ ဒုက္ကဋ်။ (၄) ရဟန်းတပါးသည် ရဟန်းတပါးကို ငါ့ရှင်၊ ငါတို့ ဥပဇ္ဈာယ်ဆရာ၏ သဒ္ဓိဝိဟာရိကတို့သည် အားလုံး ရဟန္တာတို့တည်းဟု ဆို၏။ အဘယ်စိတ်ရှိသနည်း။ ဝါကြွားလိုသောစိတ် ရှိပါသည်။ ပါရာဇိက မသင့်၊ ထုလ္လစ္စည်းသင့်၏။ (ငါဟု တိုက်ရိုက်မဆိုသောကြောင့်တည်း။) အတ္တုပနာယိကမဖြစ်ဟူလို။ (၅)ငါ့ရှင်၊ ငါတို့ ဥပဇ္ဈာယ်ဆရာ၏ အန္တေဝါသိကတို့သည် ကြီးသော တန်ခိုးရှိကုန်၏ဟု ဆိုကုန်၏။ ဝါကြွားလို၏၊ ထုလ္လစ္စည်း။

(၆) ရဟန်းတပါးသည် လူချီးမွမ်းလိမ့်မည်ဟု တောင့်တခြင်းပြု၍ စင်္ကြံသွား၏။ (၇၊ ၈၊ ၉) ရပ်၏၊ ထိုင်၏၊ လျောင်း၏။ လူချီးမွမ်း၏၊ အနာပတ္တိ။ ချစ်သားတို့၊ တောင့်တခြင်းပြု၍ သွား၊ ရပ်၊ ထိုင်၊ လျောင်း မပြုအပ်၊ ဒုက္ကဋ်။ (၁၀) ရဟန်းတပါးသည် ရဟန်းတပါးအား ငါသည် သံယောဇဉ်တို့ကို ပယ်ပြီးပြီဟု ဝါကြွား၏၊ ပါရာဇိက။ (၁၁) ရဟန်းတပါးသည် ဆိတ်ကွယ်ရာသို့သွား၍ ငါရဟန္တာဟု ဆို၏။အဘိညာဉ်ရသော ရဟန်းတပါးက ငါ့ရှင်၊ ဤသို့ မဆိုနှင့်၊ သင့်အား ဤတရားမရှိဟု မောင်းမဲ၏။ ပါရာဇိက မသင့်၊ ဒုက္ကဋ်၊ (၁၂) ကိုယ်အတူ ဆို၏။ နတ်က မောင်းမဲ၏၊ ဒုက္ကဋ်။ (၁၃) ရဟန်းတပါးသည် ဒါယကာတယောက်ကို ဒါယကာ၊ သင်၏ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာဖြစ်သည်ဟု ဆို၏။ ထိုရဟန္တာသည်လည်း ထိုဒါယကာ၏ ကျောင်း၌ နေ၏။ အဘယ်စိတ် ရှိသနည်း။ ဝါကြွားလိုပါသည်၊ ထုလ္လစ္စည်း။ (၁၄) ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးသော ဒါယကာကို သင် ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးအပ်သော ရဟန်းသည် ရဟန္တာဖြစ်သည်ဟု ဝါကြွား၏၊ ထုလ္လစ္စည်း။

(၁၅) ရဟန်းတပါး မကျန်းမမာ ဖြစ်၏။ တရားထူး ရသလောဟု မေးလတ်သော် ငါ့ရှင်တို့၊ အရဟတ္တဖိုလ်ကိုပြောကြားခြင်းငှာ ခဲယဉ်းစွာ ပြုရသည်

မဟုတ်ဟု ဆို၏။ ထိုနောက် သာဝကတို့သာ ဤစကားကို ဆိုကြသည်။ ငါ သာဝကမဟုတ်သေး။ ပါရာဇိကသို့ ရောက်သလောဟု ကုက္ကုစ္စ ဖြစ်၏။ အဘယ်စိတ် ရှိသနည်း၊ ဝါကြွားလိုသောစိတ် မရှိပါ၊ အနာပတ္တိ။ (သီလရှိသော အာရဒ္ဓဝိပဿကအား အရဟတ္တဖိုလ် ရခြင်းငှာ မခဲယဉ်းဟု ဆိုလိုသည်၊ ဝါကြွားသည် မဟုတ်ဟူလို။) (၁၆) ရဟန်းတပါး မမာ၍ ယှို့အဟူ မေးလတ်သော် လုံ့လရှိသူ ရနိုင်သည်ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (၁၇) ရဟန်းတပါး မမာ၍ ကြောက်သလောဟု မေးလတ်သော် ငါသေခြင်းမှ မကြောက်ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (သီလအားကိုး၍ ဆိုသည်။) (၁၈) ရဟန်းတပါး မမာ၍ ငါ့ရှင်၊ မကြောက်လင့်ဟု ဆိုကုန်၏။ နှလုံး မသာယာသူအား ကြောက်ရသည် မဟုတ်လောဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (၁၉) မမာ၍ တရားထူး ရသလောဟု မေးကုန်၏။ ငါ့ရှင်တို့၊ အသင့်အားဖြင့် အားထုတ်သူ ရနိုင်သည်၊ (၂၀) ဝီရိယရှိသူ ရနိုင်သည်၊ (၂၁) အားထုတ်ခြင်းနှင့်ယှဉ်သူ ရနိုင်သည်ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (၂၂) သက်သာ၏လောဟု မေးကုန်၏။ ငါ့ရှင်တို့၊ ဟူးဟူးငြားငြား သ မန် ပုဂ္ဂိုလ် သည်းမခံနိုင်ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (ဆင်ခြင်ခြင်းဖြင့် သည်းခံ၍ ဆိုသည်။) (၂၃) ငါ့ရှင်တို့၊ ပုထုဇဉ်ဖြစ်သူ သည်းမခံနိုင်ဟု ဝါကြွား၏၊ ထုလ္လစ္စည်း။ (ပရိယာယ်ဖြင့် ဆိုသည်၊ အတ္တုပနာယိက မဖြစ်။)

(၂၄) ပုဏ္ဏားတဦးသည် ရဟန်းတို့ကို ပင့်ဖိတ်၏။ ကြွလာကြသောအခါ ရဟန္တာအရှင်မြတ်တို့ ကြွလာတော်မူကြပါဟု ဆို၏။ ရဟန်းတို့အလိုလို ဖြစ်၍ အဘယ်သို့ ကျင့်ရပါအံ့နည်းဟု လျှောက်ကုန်၏။ ချစ်သားတို့၊ ကြည်ညို၍ ဆိုရာ၌ အနာပတ္တိ။ (ဤသို့ဆိုသည်ကို ဝမ်းမြောက်ခြင်း မဖြစ်စေပဲ ရဟန္တာဖြစ်ကြောင်း အကျင့်ကို ဖြည့်ကျင့်ပါအံ့ဟု အားထုတ်အပ်၏။) (၂၅) ရဟန္တာအရှင်မြတ်တို့ ထိုင်တော်မူကြပါ၊ (၂၆) ဘုဉ်းပေးတော်မူကြပါ၊ (၂၇) ရောင့်ရဲတော်မူကြပါ၊ (၂၈) ကြွသွားတော်မူကြပါဟု ဆို၏။ ကြည်ညို၍ ဆိုရာ၌ အနာပတ္တိ။ (၂၉) ရဟန်းတပါးသည် ရဟန်းတပါးအား ဥတ္တရိမနုဿဓမ္မဖြင့် ဝါကြွား၏။ ထိုရဟန်းကလည်း ငါသည်လည်း အာသဝေါ ပယ်ပြီးပြီဟု ပြန်ဆို၏၊ နှစ်ပါးလုံး ပါရာဇိက။ (၃၀) ထိုအတူ ငါ့အားလည်း ဤတရားတို့ ရှိကုန်၏၊ (၃၁) ငါသည်လည်း ဤတရားတို့၌ ထင်ရှား၏ဟု ပြန်ဆို၏၊ ပါရာဇိက။

(၃၂) ရဟန်းတပါးကို ဆွေမျိုးတို့က လူထွက်၍ အိမ်၌နေပါဟု ဆိုကုန်၏။ ငါကဲ့သို့သောသူသည် အိမ်၌နေခြင်းငှာ မထိုက်ဟုဆို၏။ ကုက္ကုစ္စ ဖြစ်၏။ မကြွားသောရဟန်းအား အနာပတ္တိ။ (လူမထွက်လို၍ဆိုသည်။) (၃၃) ထို့အတူ ကာမဂုဏ်ခံစားပါဟု ဆိုကုန်၏။ ငါသည် ကာမတို့ကို ပိတ်ဆို့အပ်ကုန်ပြီ ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (လောကီဉာဏ်ဖြင့် အပြစ်ရှု၍ ငဲ့ခြင်း မပြုပဲ ဆိုသည်။) မွေ့လျော်၏လောဟု မေးကုန်၏။ လွန်စွာမွေ့လျော်ခြင်းဖြင့် မွေ့လျော်၏ဟု မဝါမကြွား ဆို၏၊ အနာပတ္တိ။ (စာသင်ခြင်း စသည်ဖြင့် မပျင်းရိသောကြောင့် ဆိုသည်။) (၃၅) ရဟန်းများစွာတို့သည် ကျောင်းတိုက်တခု၌ ဝါကပ်၍ ဤကျောင်းတိုက်မှ ရှေးဦးစွာ ထွက်ခွာသူကို ရဟန္တာဟု သိကုန်အံ့-ဟု ကတိကဝတ် ပြုကုန်၏။ ရဟန်းတပါးသည် ငါ့ကို ရဟန္တာဟု သိကြစေသတည်း ဟု ရှေးဦးစွာ ထွက်ခွါ၏၊ ပါရာဇိက။ (ကိစ္စရှိ၍သွားလျှင် အနာပတ္တိ။ သွားပြီးမှ စိတ်ယုတ်မာဝင်သဖြင့် ရဟန္တာဟု သိကြစေ ဟု ပြန်မလာသော်လည်း အနာပတ္တိ။ ခြေဖြင့်မထွက်ပဲ ယာဉ်ဖြင့်၊ တန်ခိုးဖြင့် ထွက်လျှင်လည်း အနာပတ္တိ။ ကတိကဝတ် ပြုသူအားလုံး ပြိုင်တူထွက်လျှင်လည်း အနာပတ္တိ။ သို့ရာတွင် ဤကတိကဝတ်မျိုးသည် အဓမ္မိက ဖြစ်၏၊ မပြုအပ်။ ရဟန္တာဖြစ်သူ ဤကျောင်း၌ နေစေသတည်း၊ ဤသက်န်း ယူစေသတည်း-ဟု ပြုရာ၌လည်း စိတ်ယုတ်မာဖြင့် နေသူ ယူသူ ပါရာဇိက။ မပြုအပ်သော ကတိကဝတ်မျိုး ဖြစ်သည်။ ဝါတွင်းသုံးလပတ်လုံး မူကင်ဆောင်ကြစေကုန်၊ စာမသင်ရ၊ ရှင်မပြုရ၊ စကားမပြောရ၊ ဥပစာရသိမ်ပဌ် တည်သူအားလည်း သံဃိကလာဘ် ပေးရမည် စသည်သည် အဓမ္မိက ကတိကဝတ်မျိုး ဖြစ်သည်၊ မပြုအပ်သည်သာတည်း။

(၃၆) ရှင်လက္ခဏနှင့် ရှင်မောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်မည်ဟု ဂိဇ္ဈကုဋ်တောင်မှဆင်းလာကုန်၏။ ထိုခရီးသောနေရာ၌ ရှင်မောဂ္ဂလာန်သည် အရိုးစုပြိတ္တာကို မြင်၍ ပြုံးတော်မူ၏။ ရှင်လက္ခဏက အကြောင်းမေးလတ်သော် ဘုရားရှင်ထံ ရောက်မှမေးပါဟု ဆို၏။ ဆွမ်း ကိစ္စပြီး၍ ဘုရားရှင်ထံ ရောက်၍ မေးလတ်သော် ကောင်းကင်၌သွားသော အရိုးစုပြိတ္တာကို ငါ မြင်သည်၊ လင်းတ ကျီး စွန်တို့လိုက်၍ နှိကြား၌ ထိုးဆွခြင်းကြောင့် နာကျင်စွာ မြည်တမ်းလေသည် ဟု ဆို၏။ များစွာသော ရဟန်းတို့က တရားထူး ဝါကြွားသည် ဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ရှင်မောဂ္ဂလာန်သည် ဝါကြွားသည်

မဟုတ်၊ မျက်စိအမြင် ရှိပေစွ။ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ နွားသတ်သမား ဖြစ်ဖူးပြီ။ ကံအကျိုးအားဖြင့် နှစ်ပေါင်းများစွာ ငရဲခံရပြီးလျှင် ကံဝိပါက် ကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်သည်။ ရှင်မောဂ္ဂလာန် အမှန်ဆိုပေသည်၊ အနုဂ္ဂဟတ္တိ။ (သစ္စာလေးပါး မမြင်သူတို့ ရသင့်သော အတ္တဘောမှ ငါလွတ်ပြီ ဟူ၍ရှင်း၊ ကမ္မဝိပါကကို မကြံစည်အပ်ဟု မျက်မှောက်မြင်သိ၍ ဟောကြား သော ဘုရားရှင်၏ ဉာဏ်တော်သည် ကြီးပေစွ ဟူ၍ရှင်း သတိရ၍ ပြုံးသည်၊ ပြိတ္တာ၏ဒုက္ခကို ပြုံးသည်မဟုတ်။ ဓမ္မသံဝေဂ ဖြစ်သည်။ သတ္တမဇော်ဖြင့် ငရဲကျ၍ ကြွင်းသော အလယ်ဇောဖြင့် ပြိတ္တာဖြစ်သည်။ ငရဲမှ စုတေအံ့သော အခါ နွားတို့၏ အရိုးစုကမ္မနိမိတ်ကို အာရုံပြု၍ အရိုးစုပြိတ္တာဖြစ်သည်။ မိမိ၏ ဖုံးကွယ်အပ်သော ကံကို ပညာရှင်တို့အား သိသာထင်ရှားအောင် ပြုသည့် ပမာ အရိုးစုပြိတ္တာ ဖြစ်ရလေသည်။)

(၃၇) ထိုအတူ ကောင်းကင်သွား အသားတုံးပြိတ္တာကို လင်းတတို့လိုက်၍ ထိုးဆွသည်ကို ငါမြင်သည်ဟု ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ နွားသတ်သမား ဖြစ်ဖူးသည်။ (၃၈) ကောင်းကင်သွား အသားတုံးပြိတ္တာကို ထိုးဆွသည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ငှက်ခတ်မုဆိုး ဖြစ်ဖူးပြီ။ (၃၉) ကောင်းကင် သွား အရေမရှိသော ယောကျ်ားကို ထိုးဆွသည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ဆိတ်သတ်သမားဖြစ်ဖူးပြီ။ (၄၀) ကောင်းကင် သွား သန်လျက်မွေးပေါက်သော ယောကျ်ားကို သန်လျက်တို့ကျွတ်၍ ကိုယ်၌ ပြန်ဝင်သည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ဝက်သတ် သမား ဖြစ်ဖူးပြီ။ (၄၁) ကောင်းကင်သွား လှံမွေးပေါက်သော ယောကျ်ား ကို လှံကျွတ်၍ ပြန်ဝင်သည်ကိုမြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ သားသတ်သမား ဖြစ်ဖူးပြီ။ (၄၂) ကောင်းကင်သွား မြားမွေးပေါက်သော ယောကျ်ားကို မြားကျွတ်၍ ပြန်ဝင်သည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာ သည် ဤရာဇဂြိုဟ်၌ မင်းပြစ်သင့်သူကို ညှဉ်းဆဲသော ကမ္မကာရဏ ပြုသူဖြစ် ဖူးပြီ။ (၄၃) ကောင်းကင်သွား အပ်မွေးပေါက်သော ယောကျ်ားကို အပ် ကျွတ်၍ ပြန်ဝင်သည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ရထားထိန်း ဖြစ်ဖူးပြီ။ (၄၄) ကောင်းကင်သွား အပ်မွေးပေါက်သော ယောကျ်ားကို မြင်၏။ ထိုအပ်တို့သည် ဦးခေါင်း၌ ဝင်၍ ခံတွင်းမှထွက်ကုန်၏။

ခံတွင်း၌ဝင်၍ ရင်မှထွက်၊ ရင်ဝင် ဝမ်းထွက်၊ ဝမ်းဝင် ပေါင်ထွက်၊ ပေါင်ဝင် မြင်းခေါင်းထွက်၊ မြင်းခေါင်းဝင် ခြေထွက် ဖြစ်ကုန်၏။ ချစ်သားတို့၊ဤပြိတ္တာ သည် ဤရာဇဂြိုဟ်၌ ကုန်းချောသမား ဖြစ်ဖူးပြီ။ (၄၅) ကောင်းကင်သွား အိုးစရည်းခန့် ဝှေးစေ့ဖြင့် ယောကျ်ားကို မြင်၏။ ထိုဝှေးစေ့ကို ထမ်းသွား၏။ ဖိထိုင်၏။ လင်းတတို့ ထိုးဆွကုန်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ စဉ်းလဲသော တရားသူကြီး ဖြစ်ဖူးပြီ။

(၄၆) မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်သော ယောကျ်ားကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ သူတပါး၏ မယားကို ဖျက်ဆီးသောသူ ဖြစ်ဖူးပြီ။ (၄၇) မစင်တွင်း၌ ဦးခေါင်းနှင့်တကွ မြုပ်နစ် လျက် လက်နှစ်ဖက်ဖြင့် မစင်စားသော ယောကျ်ားကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ပုဏ္ဏားပျက် ဖြစ်ဖူးပြီ။ ဤပုဏ္ဏားသည် ကဿပ ဘုရားလက်ထက်၌ သံဃာကို ဆွမ်းဖြင့်ဖိတ်ပြီးလျှင် ကျင်း၌ မစင်ထည့်၍ အလို ရှိတိုင်း စားကြပါ၊ ယူသွားကြပါ ဟု ဆိုဖူးပြီ။ ရှင်မောဂ္ဂလာန် အမှန်ဆိုပေ သည်၊ အနာပတ္တိ။

(၄၈) ကောင်းကင်သွား အရေမရှိသောမိန်းမကို လင်းတတို့ထိုးဆွသည် ကိုမြင်၏။ ချစ်သားတို့၊ ဤပြိတ္တာမသည် ဤရာဇဂြိုဟ်၌ လင်ကိုလွန်၍ အကျင့် လွန်သူ ဖြစ်ဖူးပြီ။ (၄၉) ကောင်းကင်သွား အနံ့အဆင်း မကောင်းသော မိန်းမကို လင်းတတို့ထိုးဆွသည်ကိုမြင်၏။ ချစ်သားတို့၊ ပြိတ္တာမသည် ဤရာဇ ဂြိုဟ်၌ လူအပေါင်းကို အယူမှားစေသော နတ်ဝင်မ (နတ်ကတော်) ဖြစ်ဖူးပြီ။ (၅၀) ကောင်းကင်သွားမိန်းမကို မီးတောက်မီးဖွား ဝန်းကျင်လောင်ကျွမ်း သည်ကို မြင်၏။ ချစ်သားတို့၊ ဤပြိတ္တာမသည် ကာလိင်္ဂရာဇ်မင်း၏ မိဖုရား ကြီးဖြစ်ဖူးပြီ၊ ထိုမိဖုရားကြီးသည် လင်တူမယားမကို ငြူစူသဖြင့် မီ အိုးကင်း ဖြင့် လောင်းဖူးပြီ။ (၅၁) ကောင်းကင်သွား ဦးခေါင်းမရှိသော ပြိတ္တာကို မြင်၏။ ရင်၌သာ မျက်စိ ခံတွင်းပေါက်၏။ လင်းတတို့ ထိုးဆွ၏။ ချစ်သား တို့ ဤပြိတ္တာသည် ဤရာဇဂြိုဟ်၌ ဟာရိကမည်သော ခိုးသူသတ် ယောကျ်ား ဖြစ်ဖူးပြီ၊ ရှင်မောဂ္ဂလာန် အမှန်ဆိုပေသည်၊ အနာပတ္တိ။

(၅၂) ကောင်းကင်သွားရဟန်းကိုမြင်၏။ ထိုရဟန်း၏ သပိတ်သင်္ကန်း ခါးပန်းနှင့်တကွ တကိုယ်လုံးသည်ဝင်းထိန်အောင် တောက်လောင်၏။ ချစ်သား

တို့၊ ဤပြိတ္တာသည် ကဿပဘုရားရှင် သာသနာ၌ ယုတ်မာသောရဟန်းဖြစ်ဖူးပြီ။ (သဒ္ဓါဒေယျ ပစ္စည်းကို သုံးစားလျက် မစောင့်စည်းသူ၊ အာဇီဝပျက်သူ ဖြစ်၏။ ဘုရားနှစ်ဆူအကြား ငရဲခံရ၍ ရဟန်းအသွင်ဖြင့် ပြိတ္တာ ဖြစ်ရလေသည်။ (၅၃) ကောင်းကင်သွား ဘိက္ခုနီမကို၊ (၅၄) သိက္ခမာန်မကို၊ (၅၅) သာမဏေကို။ (၅၆) သာမဏေမကို မြင်၏။ ထိုအတူ တကိုယ်လုံး ထိန်တောက်၏။ ချစ်သားတို့၊ ဤပြိတ္တာမသည် ကဿပဘုရားရှင် သာသနာ၌ ယုတ်မာသော သာမဏေမ ဖြစ်ဖူးပြီ၊ နှစ်ပေါင်းများစွာငရဲခံပြီးလျှင် ကံအကျိုး ကြွင်းအားဖြင့် ဤသို့သော ပြိတ္တာမဖြစ်သည်။ ရှင်မောဂ္ဂလာန် အမှန်ဆိုပေသည်၊ အနာပတ္တိ။

(၅၇) အခါတပါး ရှင်မောဂ္ဂလာန်သည် ရဟန်းတို့ကို ဤသို့ဆို၏။ ငါ့ရှင်တို့၊ ဤတပေါဒါမြစ်၏ အမှန်အစ စီးရာအိုင်သည် အလွန်အေးမြ၏၊ ကြည်လင်၏၊ ကောင်းသောရေရှိ၏၊ ငါးလိပ်များစွာရှိ၏၊ ကြာပန်းတို့သည် လှည်းဘီးမျှရှိကုန်၏၊ အလွန်မွှေလျော်ဖွယ်ကောင်းသော သိပ်ကမ်းရှိ၏။ ဤသို့ ဆိုလတ်သော် တပါးသောရဟန်းတို့က ဤမျှကျိုက်ကျိုက်ဆူ၍ ရေစီးသော တပေါဒါမြစ်ကို (ရေပူမြစ်ကို) ဤသို့ဆိုခြင်းဖြင့် ဥတ္တရိမနုဿဓမ္မဖြင့် ဝါကြွားသည်ဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဤတပေါဒါမြစ်၏ စီးရာအိုင်သည် အလွန်အေးမြသည်မှန်၏။ နှစ်ခုသော ငရဲတို့၏ အကြားဖြင့် စီးလာသောကြောင့် ကျိုက်ကျိုက်ဆူသည်။ ရှင်မောဂ္ဂလာန် အမှန်ဆိုပေသည်၊ အနာပတ္တိ။ (နဂါးပြည်မှ စီးလာသောမြစ် ဖြစ်သည်)။

(၅၈) အခါတပါး ဗိမ္ဗိသာရမင်းနှင့် လိစ္ဆဝီမင်းတို့ စစ်ထိုးကုန်၏။ ရှေးဦးစွာ ဗိမ္ဗိသာရမင်း၏ စစ်တပ်ပျက်၏။ ထိုနောက် စုရုံး၍ ပြန်တိုက်သောအခါ လိစ္ဆဝီတို့ ရှုံးကုန်၏။ ငါတို့၏မင်းသည် လိစ္ဆဝီတို့ကိုနိုင်ပြီဟု အောင်စည်ကိုတီး၏။ ထိုအခါ ရှင်မောဂ္ဂလာန်သည် ငါ့ရှင်တို့၊ လိစ္ဆဝီတို့ကြောင့် ငါတို့ဗိမ္ဗိသာရမင်း၏ စစ်တပ်သည် ပျက်သည်ဟုဆို၏။ စစ်မြေပြင်၌ လိစ္ဆဝီတို့ရှုံး၍ အောင်စည်တီးပြီးဖြစ်လျက် အဘယ့်ကြောင့်ဤသို့ဆိုသနည်း၊ ဥတ္တရိမနုဿဓမ္မဖြင့် ဝါကြွားသည်ဟု ကဲ့ရဲ့ကြကုန်၏။ ချစ်သားတို့၊ ရှေးဦးစွာ ဗိမ္ဗိသာရမင်း၏ စစ်တပ်ပျက်သည်။ နောက်တဖန် လိစ္ဆဝီတို့ကိုနိုင်သည်။ ရှင်မောဂ္ဂလာန်အမှန်ပေဆိုသည်၊ အနာပတ္တိ။

(၅၉) အခါတပါး ရှင်မောဂ္ဂလာန်သည် ငါရှင်တို့၊ ငါသည် သပ္ပိနိကာ မြစ်ကမ်းနား၌ သမာပတ်ဝင်စားစဉ် ဆင်ပြောင်တို့၏ ကြိုးကြာသံကို ကြားရသည်ဟု ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏၊ ချစ်သားတို့၊ ထိုသမာဓိသည် ရှိ၏။ မစင်ကြယ်။ အမှန်ဆိုပေသည်၊ အနာပတ္တိ။ (ရဟန်းပြု၍ ခုနစ်ရက်တွင် ရဟန္တာဖြစ်၍ သမာပတ်ရှစ်ပါး၌ ဝသီဘော် မလေ့လာရသေးသဖြင့် မစင်ကြယ်၊ သမာပတ်မှအထတွင် ကြားသည်ကို သမာပတ် အတွင်း ကြားသည်ဟု မှတ်ထင်၍ဆိုသည်။ (၆၀) အရှင်သောဘိတသည် ငါရှင်တို့၊ ငါသည် (တကြိမ်သောဆင်ခြင် ခြင်းဖြင့်) ကမ္ဘာငါးရာ အောက်မေ့နိုင်သည် ဟုဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဟုတ်ပေသည်။ တခုသောဘဝသာဖြစ်သည်။ ရှင်သောဘိတ အမှန်ဆိုပေသည်၊ အနာပတ္တိ။ (ပုဗ္ဗေနိဝါသ ဆင်ခြင်ရာတွင် ဤဘဝပဋိသန္ဓေမြင်ပြီးနောက် တတိယဘဝ စုတိကိုသာမြင်၍ အကြား၌ စိတ်ကင်းသော အတ္တဘောကို အောက်မေ့ခြင်းငှာ မတတ်နိုင်။ ထိုအခါ ငါသည် မချွတ် အသညသတ်ဘုံ၌ဖြစ်သည်ဟု နည်းယူ၍ မှတ်သားလိုက်သည်။ကောင်းကင်၌ ခြေရာပြခြင်းတည်း။ ထို့ကြောင့် ရှင်သောဘိတသည် ပုဗ္ဗေနိဝါသ အဘိညာဉ်တေဒဂ်ရသည်။ အသညသတ်ဘုံသက်သည် ကမ္ဘာငါးရာဖြစ်သည်)။

စတုတ္ထပါရာဇိက ပြီး၏။

---

## နိဂုံး

အာယသ္မန္တော၊ အရှင်တို့။ စတ္တာရော၊ လေးပါးကုန်သော၊ ပါရာဇိကာ၊ ပါရာဇိက အမည်ရှိကုန်သော။ ဓမ္မာ၊ သိက္ခာပုဒ်တို့ကို။ (ဝါ၊အာပတ်တို့ကို။) ဥဒ္ဒိဋ္ဌာ ခေါ၊သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ဘိက္ခု၊ရဟန်းသည်။ ယေသံ၊ ယင်းပါရာဇိကလေးပါးတို့တွင်။ အညတရံ အညတရံ ဝါ၊တပါးပါးသော ပါရာဇိကသို့လည်း။ အာပဇ္ဇိတွာ၊ ရောက်သည်ရှိသော်။ ပုရေ၊ ရှေးလူသာမဏေအခါ၌။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ၊ သံဝါသံ၊ အတူပေါင်းဖော်ခြင်းကို။ န လဘတိ ယထာ၊ မရသကဲ့သို့။ တထာ၊ထို့အတူ။ ပစ္ဆာ၊ နောက်၌။ န လဘတိ၊ မရ။ ပါရာဇိကော။ ဟောတိ။ တတ္ထ၊ ထိုလေး

ပါသော ပါရာဇိကတို့၌။ အာယသ္မန္တေ။ ပုစ္ဆာမိ။ ကစ္စိ။ ပရိသုဒ္ဓါ။ အတ္ထ။ ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ပုစ္ဆာမိ။ ကစ္စိ။ ပရိသုဒ္ဓါ။ အတ္ထ။ ဧတ္ထ၊ ဤပါရာဇိကဌ်။ အာယသ္မန္တော၊ အရှင်တို့သည်။ ယသ္မာ။ ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေခြင်းသည်။ အသိ။ ဧဝံ။ တေ။ ဓာရယာမိ၊ ငါသိပါ၏။ ဣတိ။ ဒုတိယော။ ပါရာဇိကုဒ္ဒေသော၊ ပါရာဇိက ပြခြင်းသည်။ သမတ္တော၊ ပြီ။

အဓိပ္ပာယ်။ ။အရှင်ဘုရားတို့၊ ပါရာဇိကလေးပါးကို သရုပ်ထုတ်၍ ရွတ်ပြခြင်းကိစ္စကား ပြီးဆုံးပါပြီ။ ဤလေးပါးတွင် တပါးပါး ရောက်သူသည် ရဟန်းကောင်းတို့နှင့် ဥပုသ်ပြုခြင်းစသော သံဝါသကို မရနိုင်ပြီ။ ရှေးလူ ဘာမဏေဖြစ်စဉ်ကာလ၌ မရသကဲ့သို့ ပါရာဇိကသို့ရောက်သော သူလည်းမရ။ အသံဝါသပုဂ္ဂိုလ်ဖြစ်၏။ ဤပါရာဇိက၌ စင်ကြယ်ကြ၏လောဟု သုံးကြိမ်မေးပါသည်။ စင်ကြယ်သောကြောင့် ဆိတ်ဆိတ်နေခြင်းသည် ဖြစ်ပြီ။ ဆိတ်ဆိတ်နေခြင်းကြောင့် စင်ကြယ်ကြသည်အဖြစ်ကို သိပါ၏။ ဤတွင် ပါရာဇိကအထိ နုစ်ဥဒ္ဒေသပြခြင်းပြီးပြီဟု သိပ်တွင်း၌ပြောဆိုသောစကား ဖြစ်သည်။ မစင်ကြယ်ပဲ ဆိတ်ဆိတ်နေသူအား သမ္ပဇာနမုသာဝါဒ ဖြစ်၏။ ဒုက္ကဋ်ကား ပါရာဇိကာ ရှိသူ၌ မသင့်နိုင်။

**ပါရာဇိက ၂၄-ပါး**။ ။ဤ၌ ပါရာဇိကသရုပ် လေးပါးသာ ထုတ်ပြသော်လည်း တပါးသောနေရာ၌ ပါရာဇိကတို့နှင့် ပေါင်းလျှင် ၂၄-ပါးကို သိအပ်၏။ ဘိက္ခုပါရာဇိကာ ၄၊ ဘိက္ခုနီပါရာဇိက အသာဓာရဏ ၄၊ ဤကား ပါတိမောက်လာ ရှစ်ပါးတည်း။ ပဏ္ဍုက်စသည်တို့၏ အဘဗ္ဗဘာဝ ပါရာဇိက ၁၁၊ သိက္ခာမပျက်ပဲ လူထွက်လိုသော ဘိက္ခုနီမ၏ လူထွက်ခြင်း (လူဝတ်လဲခြင်း) ပါရာဇိက ၁၊ လိင်ရှည်သော ရဟန်း၊ ကျောက်ကုန်းနူးညံ့သော ရဟန်း၊ သူတပါးအင်္ဂါဇာတ်ကို စုပ်သောရဟန်း၊ ဝစ္စမဂ်ဖြင့် ထိုင်သော ရဟန်း၊ ဤလေးယောက်တို့ အစွမ်းဖြင့် မေထုနအားလျော်သော အနုလောမပါရာဇိက ၄၊ ဤသို့ ပါရာဇိက ၂၄-ပါး ဖြစ်၏။

ရှစ်ပါး ပါရာ(၈)၊ အဘဗ္ဗသတ်(၁၁)၊ လူဝတ်သည့်နီ(၁)၊ လိင်ရှည် ကျောက်နူ၊ စုပ်ထိုင်ပြု(၄)၊ ရှုံးမှု နှစ်ဆယ့်လေး။

အဘာဗ္ဗဉ္ဆ အဟိတ်ပဋိသန္ဓေရှိသော ဝတ္ထုဝိပန္န(ပဏ်၊ ထ္ထာန်၊ ဥဘတော)သုံးယောက်၊ ကြိယာဝိပန္န(ထေ၊ ပက်၊ ဒူသံ၊ ပဋ္ဌာနန်)ရှစ်ယောက်ပေါင်း ၁၁၊ နတ်ရွာလည်းတား မဂ်လည်းတား အပါယ်သွား(ပဋ္ဌာနန်) ငါးယောက်၊ နတ်ရွာမတား မဂ်သာတား ခြောက်ယောက်၊ ပေါင်း ၁၁-၏ ရှင်အဖြစ်တားအပ်သောကြောင့် ၁၁-ယောက်လုံး ပါရာဇိက။

# သံဃာဒိသေသဒွေသ

အာယသ္မန္တော၊ အရှင်တို့။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ သံဃာဒိသေသာ၊ သံဃာဒိသိသ်အမည်ရှိကုန်သော။ ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်၏အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

**၁–သုက္ကဝိဿဋ္ဌိ။** ။သုပိနန္တာ၊ အိပ်မက်၌ သုက်လွှတ်ခြင်းကို။ အညတြ၊ ကြဉ်၍။ သဉ္စေတနိကာ၊ စေတနာထင်ရှားရှိသော။ သုက္ကဝိဿဋ္ဌိ၊ သုက်လွှတ်ခြင်းသည်။ သံဃာဒိသေသော၊ သံဃာဒိသိသ်အမည်ရှိသော။ အာပတ္တိနိကာယော၊ အာပတ်အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။

**သဉ္စေတနိကာ။** ။သုက်၏တည်ရာမှ ရွေ့ခြင်းသည် သုက္ကဝိဿဋ္ဌိမည်၏။ လွှန်ကျူးလိုသော စေတနာရှိလျှင် သဉ္စေတနိကာလည်း မည်၏။ အိပ်မက်မက်ရာ၌ သုက်လွှတ်ခြင်းသည် သုပိနန္တမည်၏။

**သံဃာဒိသိသ်။** ။သံဃာ=သံဃာကို+ အာဒိ= အစ၌ရှင်း+ သေသ= ကြွင်းသော ကာလ၌ရှင်း အလိုရှိအပ်သောအာပတ်။ ဤအာပတ်မျိုးသို့ ရောက်၍ ထလိုလျှင် အစ၌ ပရိဝါသ်ပေးခြင်းငှာ သံဃာကို အလိုရှိအပ်၏။ ကြွင်းကာလဖြစ်သော အလယ်၌ မာနတ်ပေးခြင်း၊ အရင်းငင်ခြင်းငှာ အဆုံး၌ အဗ္ဘာန်သွင်းခြင်းငှာ သံဃာကို အလိုရှိအပ်၏။ သံဃာနှင့်ကင်း၍ ပြုနိုင်သော ကံမရှိ။ ထို့ကြောင့် "သံဃော အာဒိမှိ စေဝ သေသေ စ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော" ဟု ဗဟုဗ္ဗီဟိသမာသ် တွဲစပ်အပ်၏။ ဤအာပတ်မျိုးအပေါင်းရ၏။ ထိုထွင် တခုကိုလည်း အာပတ်အပေါင်းဟု တင်စားအပ်၏။

**အဓိပ္ပာယ်။** ။ရာဂ၊ ကျင်ကြီး၊ ကျင်ငယ်၊ လေ၊ ပိုး၊ ဤအကြောင်းငါးပါး တပါးပါးကြောင့် အင်္ဂါခိုင်မာတတ်သည်။ ထိုအခါ အနာကင်းခြင်း၊ ချမ်းသာခြင်း စသော အကျိုးဆယ်ပါး တပါးပါးရည်စူး၍ အဇ္ဈတ္တရုပ်ဖြင့်၊ ဗဟိဒ္ဓရုပ်ဖြင့်၊ အဇ္ဈတ္တဗဟိဒ္ဓရုပ်ဖြင့်၊ ကောင်းကင်၌ ခါးလှုပ်ခြင်းဖြင့်၊ ဤလေးမျိုး တမျိုးမျိုးဖြင့် နိမိတ်ကို လုံ့လပြုအံ့၊ ဝါ-လွှတ်ခြင်းငှာ သာယာသော စေတနာဖြင့် နိမိတ်ကို လုံ့လပြုအံ့၊ အညိုအရွှေ စသည်ပြားသော သုက်ဆယ်မျိုးတွင် တမျိုးမျိုးသည် တည်ရာမှ ရွေ့အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ လွှတ်ဆဲသာယာ၊ လွှတ်ပြီးသာယာ၍ အနာပတ္တိ။ သုက်သည် သည်းခြေသလိပ် စသော အာသယဓာတ် အထူးထူးကြောင့် ဆယ်မျိုးပြား၏။ တကိုယ်လုံးနှံ့တည်သည်။ "ကာယပသာဒ၊ ဇီဝိတ၊ ဘာဝ၊ သုက်၊ သည်းခြေ" ဤငါးမျိုးသည် ရေ၊ သား၊ သွေး ကိုယ်လုံးနှံ့တည်သည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်သေယျသကကို အကြောင်းပြု၍ အားထုတ်၍ သုက်လွှတ်စေသော ဝတ္ထုကြောင့် ပညတ်၏။ အညတြ သုပိနန္တာသည် အနုပညတ်ဖြစ်၏။ အသာဓာရဏပညတ်။ အနာဏတ္တိက။ မိမိအင်္ဂါ၌ လုံ့လပြုခိုင်း၍ လွှတ်စေသော်ကား သံဃာဒိသိသ်သာတည်း။ ကောင်းကင်၌ ခါးလှုပ်ခြင်း ဟူသော အယုတ်ဆုံး လုံ့လမျှဖြင့် နိမိတ်၌ လုံ့လပြုအံ့၊ မလွှတ်လျှင် ထုလ္လစ္စည်း။ ယင်ကောင်တသောက်မျှသော်လည်း တည်ရာမှ ရွေ့အံ့၊ ကျင်ချောင်းသို့ မရောက်သော်လည်း သံဃာဒိသိသ်။ အဋ္ဌကထာတို့၌ တည်ရာမှ ရွေ့လျှင် ကျင်ချောင်းသို့ မချွတ်ရောက်၏။ ပြင်ပသို့ မထွက်သော်လည်း သံဃာဒိသိသ်ဟု ဆို၏။ လုံ့လမပြုအံ့၊ မလွှတ်စေလိုပဲ ဆေးလိမ်းခြင်း စသည်ပြုအံ့၊ အိမ်မက်ဖြင့် လွှတ်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ လွှတ်သော်လည်း အနာပတ္တိ။ သီလဝိပတ္တိ။ စေတနာ၊ လုံ့လ၊ လွှတ်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ပထမပါရာဇိကနှင့် တူ၏။

## ဝတ္ထုစသည် မှတ်ဖွယ်

သာဝတ္ထိ ဇေတဝန် ရှင်သေယျသကသည် မမွေ့လျော်ခြင်းဖြင့် ပိန်ချုံး၏။ ရှင်ဥဒါယီက ငါ့ရှင်၊ မမွေ့လျော်လျှင် အလိုရှိတိုင်း ဝဝစား၊ ဝဝအိပ်၊ ဝဝ ရေချိုးလော့၊ မမွေ့လျော်ခြင်း နှိပ်စက်သောအခါ လုံ့လပြု၍ သုက်ကိုလွှတ်စေလော့ ဟု ဆို၏။ ဤသို့ပြု၍ အပ်ပါမည်လောဟု ပြန်မေးလတ်သော် အပ်ပါ

သည်၊ ငါလည်း ဤသို့ပြုသည် ဟု ဆို၏။ ထို့နောက် ရှင်သေယျသကသည် ဝဖြိုး၏။ အခြားရဟန်းများက အဘယ်ဆေးဖြင့် ဝသနည်းဟု မေးလတ်သော် ထိုအကြောင်းကို ပြောပြ၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် မူလပညတ်ကို ပညတ်တော်မူ၏။ ။အခါတပါး ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို စား၍ သတိသမ္ပဇည ကင်းလျက် အိပ်စက်ကုန်၏။ အိပ်ပျော်စဉ် အိပ်မက်ဖြင့် သုက်လွတ်၍ အလိုလို ဖြစ်ကုန်၏။ ချစ်သားတို့၊ အိပ်မက်၌ လွတ်စေလိုသော စေတနာသည် ရှိ၏၊ ရှိသော်လည်း မပြောပလောက် အဗ္ဗောဟာရိက ဖြစ်သည် ဟု မိန့်၍ အနုပညတ်ဖြင့် တဖန် ပညတ်ရပြန်သည်။

**မာတိကာ ၂၄-ပါ။** ။အဇ္ဈတ္တရုပ်၊ ဗဟိဒ္ဓရုပ်၊ အဇ္ဈတ္တဗဟိဒ္ဓရုပ်၊ ကောင်းကင်၌ ခါးလှုပ်ခြင်းဖြင့် (၄)၊ ရာဂကြောင့်၊ ကျင်ကြီးကြောင့်၊ ကျင်ငယ်ကြောင့်၊ လေခတ်ခြင်းကြောင့်၊ ပိုးခဲခြင်းကြောင့် ခိုင်မာသောအခါ (၅)၊ အနာကင်းခြင်း၊ သုခဝေဒနာဖြစ်ခြင်း၊ ဆေး အလှူ၊ ကောင်းမှု၊ ယဇ်ပူဇော်ခြင်း၊ နတ်ပြည်၊ မျိုးစေ့၊ စုံစမ်းခြင်း၊ မြူးထူးခြင်း အကျိုးငှာ (၁၀)၊ ညို၊ ရွှေနီ၊ ဖြူ၊ ရက်တက်၊ ရေ၊ ဆီ၊ နို့၊ နို့ဓမ်း၊ ထောပတ် အဆင်းရှိသော သုက်ကို (၁၀) လွတ်စေခြင်းဟု မာတိကာ ၂၄-ပါးဖြင့် ဝေဖန်သည်။

**ဝိနီတဝတ္ထု ၇၀။** ။(၁) ရဟန်းတပါးသည်အိပ်မက်ဖြင့် သုက်လွတ်၏။ ကုက္ကုစ္စဖြစ်၏။ အနာပတ္တိ။ (၂)ရဟန်းတပါးသည် ကျင်ကြီးစွန့်စဉ်၊ (၃) ကျင်ငယ်စွန့်စဉ် လွတ်၏၊ လွတ်စေလိုသောစိတ်ပရှိသော ရဟန်းအား အနာပတ္တိ။ (၄) ရဟန်းတပါးသည် ကာမဝိတက်ကြံစဉ် လွတ်၏၊ ကြံသောရဟန်းအား အနာပတ္တိ။ (အနာပတ္တိ ဖြစ်သော်လည်း ဝိတက်အလိုမလိုက်ရ။) (၅) ရေနွေးချိုးစဉ်လွတ်၏။ အဘယ်စိတ်ရှိသနည်း။ လွတ်စေလိုသောစိတ်မရှိပါ၊ လွတ်စေလိုသော စိတ်မရှိသောရဟန်းအား အနာပတ္တိ။ (၆) လွတ်စေလို၍ ရေနွေးချိုးစဉ် လွတ်၏။ သံဃာဒိသိသ်။ (နိမိတ်ကို ရေနွေးလောင်း၍ လောင်းရ၍ချိုးသည်)။ (၇) လွတ်စေလို၍ ရေနွေးချိုးစဉ် မလွတ်၊ ထုလ္လစ္စည်း။ (အားထုတ်ခြင်းမရှိသောကြောင့်တည်း။ (၈) အင်္ဂါဇာတ်၌ အနာရှိ၍ ဆေးလိမ်းစဉ် လွတ်၏၊ အနာပတ္တိ။ (၉) လွတ်စေလို၍ ဆေးလိမ်းစဉ်၊ လွတ်၏၊ သံဃာဒိသိသ်။ (၁၀) မလွတ်၊ ထုလ္လစ္စည်း။ (၁၁၊ ၁၂၊၁၃)ဝဲနာယောက်စဉ် လွတ်၏၊ အနာပတ္တိ။ သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊

(၁၄၊၁၅၊၁၆) ခရီးသွားစဉ် လွတ်၏၊ အနာပတ္တိ။ သံဃာဒိသိသ်၊ ထုလ္လစ္စည်း။ (ခရီးသွားစဉ် အင်္ဂါခိုင်လျှင် မသွားအပ်၊ ရပ်၍ အသုဘစသည်ဖြင့် ဆုံးမ၍ စင်ကြယ်မှ ကမ္မဋ္ဌာန်းဖြင့် သွားရသည်။ ရပ်၍ မပယ်ဖျောက်နိုင်လျှင် လပ် ဘေး ၌ထိုင်၍ ပယ်ဖျောက်ရသည်။) (၁၀၊၁၇၊၁၉၊) သုံးအိပ်ကိုကိုင်၍ (ကလေး ကဲ့သို့)ကျင်ငယ်စွန့်စဉ် အနာ၊သံ၊ထုံ။(၂၀၊၂၂)စရုံးအိမ်၌ ဝပ်ဗိုက်မှီးကာစဉ် အနာ၊သံ၊ ထုံ။ (ပမ်းဗိုက်သက်သက်ကင်လျှင်၊ လွတ်စေသို၍ လွတ်လျှင်လည်း အနာပတ္တိသာတည်း။ (၂၃။၂၄၊၂၅) စရုံးအိမ်၌ ဥပဏ္ဍာယ်အား ဖျော်ဖွင်း စဉ် အနာ၊ သံ၊ထုံ။ (နိမိတ်လှုပ်စေလျက် တွန့်သည်) (၂၆၊၂၇၊၂၈) ပေါင်ကို ထိခိုက်ခိုင်းစဉ်၊ အနာ၊သံ၊ ထုံ။(အင်္ဂါကိုလည်း ထိခိုင်းသောကြောင့် အာပတ်တပ်သည်။)

(၂၉) ရဟန်းတပါးသည် စေတနာနှင့်တကွ သာမဏေကို မိမိနိမိတ်ကိုင် စေ၏။ ကိုင်စဉ် လွတ်၏၊သံဃာဒိသိသ်။ (၃၀) အိပ်ပျော်သော သာမဏေ ၏ အင်္ဂါကိုကိုင်စဉ် မိမိလွတ်၏၊ ဒုက္ကဋ်။ (၃၁၊၃၂) စေတနာနှင့်တကွ ပေါင်ဖြင့်ညှပ်စဉ် လွတ်၏၊ သံဃာဒိသိသ်။ မလွတ်၊ ထုလ္လစ္စည်း။ (၃၃၊၃၄) စေတနာနှင့် လက်ဖြင့်ဆုပ်စဉ်။ သံ၊ ထုံ။ (၃၅၊၃၆) စေတနာနှင့် ကောင်း ကင်၌ ဝါးလှုပ်စဉ်၊ သံ၊ထုံ။ (၃၇၊၃၈၊၃၉) အညောင်းပြေ ကိုယ်ဆန့်ရာ၌ အနာ၊ သံ၊ ထုံ။ (၄၀) ရဟန်းတပါးသည် ကပ်သောစိတ်ဖြင့် မာတုဂါမ ၏ အင်္ဂါဇာတ်ကို တစ်ခုစိုက်ရှု၏။ ရှုစဉ် လွတ်၏၊ အာပတ္တိ။ ချစ်ကာ ကိုး ကပ် သောစိတ်ဖြင့် မာတုဂါမ အင်္ဂါဇာတ်ကို ရှုအပ်၊ ဒုက္ကဋ်။ (အဝတ် အလပ် ထပ် ရှိစေကာမူ ရှေ့မှရင်း၊ နောက်မှရင်း ဤနေရာ၌ နိမိတ်ဟု မှန်းကြည့်လျှင် လည်း ဒုက္ကဋ်။ အပတ်လစ်သော သူငယ်မ၌ ဆိုဖွယ်ပင်။ တိရစ္ဆာန်၌လည်း ဤအတူတည်း။ ကြာမြင့်စွာ စိုက်ကြည့်သော်လည်း ပယောဂတခုပင်၊ ဒုက္ကဋ် တချက်။ မိုတ်ခြင်း ဖွင့်ခြင်းဖြင့် မဆုံးဖြတ်ရ။ မြင်မိလျှင် ဘယ်ခြင်း၍စောင့်ရည်း ရာ၏။ အနာပတ္တိ။)

(၄၁) ရဟန်းတပါးသည် စေတနာနှင့်တကွ သံ ကောက်ပေါက်၌ အင်္ဂါ ဇာတ်သွင်းစဉ် လွတ်၏၊ သံဃာဒိသိသ်။(၄၂) မလွတ်၊ ထုလ္လစ္စည်း။ (၄၃၊၄၄) စေတနာနှင့် သစ်သားဖြင့် အင်္ဂါကို ပုတ်ခတ်စဉ်-သံ၊ ထုံ။ (၄၅၊ ၄၆၊ ၄၇) ရေအလျဉ်သို့ ရှေးရှုလှည့်၍ ရေချိုးစဉ်-အနာ၊ သံ၊ ထုံ။ (ရေအလျဉ်ကို

နိမိတ်ဖြင့် ပုတ်ခတ်သောကြောင့် အာပတ်တပ်သည်။) (၄၈၊ ၄၉၊ ၅၀) ညွန်ရေကို ကစား၍-အနာ၊ သံ၊ ထုံ။ (၅၁၊ ၅၂၊ ၅၃) ရေ၌ ပြေးစဉ်-အနာ၊ သံ၊ ထုံ။ (၅၄၊ ၅၅၊ ၅၆) ပန်းပွင့်အစဉ်၌ ကစားစဉ်–အနာ၊ သံ၊ ထုံ။ (ကစားမှု ဒုက္ကဋ်မလွတ်။) (၅၇၊ ၅၈၊ ၅၉) ကြာတော၌ပြေးစဉ်-အနာ၊ သံ၊ ထုံ။ (၆၀၊ ၆၁) စေတနာနှင့် အင်္ဂါဇာတ်ကို သဲသို့သွင်းစဉ်-သံ၊ ထုံ။ (၆၂၊ ၆၃) စေတနာနှင့် ညွန်သို့သွင်းစဉ်-သံ၊ ထုံ။ (၆၄၊ ၆၅၊ ၆၆) ရေဖြင့် လောင်းစဉ်အနာ၊ သံ၊ ထုံ။ (၆၇၊ ၆၈) စေတနာဖြင့် အိပ်ရာထဲ၌ အင်္ဂါကို ပုတ်ခတ်စဉ်သံ၊ ထုံ။ (၆၉၊ ၇၀) စေတနာနှင့် လက်မဖြင့် ပုတ်ခတ်စဉ် လွတ်၏၊ သံ။ မလွတ်၊ ထုံ။

၂-ကာယသံသဂ္ဂ။ ။ယောပနဘိက္ခု။ သြတိဏ္ဏော၊ ရာဂသက်ဝင်သည်ဖြစ်၍။ ဝိပရိဏတေန၊ ဖောက်ပြန်သော။ စိတ္တေန၊ စိတ်ဖြင့်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ကာယသံသဂ္ဂံ၊ ကိုယ်လက်နှီးနှောခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဟတ္ထဂ္ဂါဟံ ဝါ၊ လက်ကိုင်ခြင်းသို့ရင်း။ ဝေဏိဂ္ဂါဟံ ဝါ၊ ဆံထုံးကိုင်ခြင်းသို့ရင်း။ အညတရဿ ဝါ အညဟရဿ ဝါ၊ တပါးပါးလည်းဖြစ်သော။ အင်္ဂဿ၊ အင်္ဂါကြီးငယ်ကို။ ပရာမသနံ၊ သုံးသပ်ခြင်းသို့။ သမာပဇ္ဇေယျ။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သံဃာဒိသေသော။ အာပတ္တိနိကာယော။ ဟောတိ။

အဓိပ္ပာယ်။ ။ရာဂဖြင့်တပ်သောစိတ်ရှိသော ရဟန်းသည် သြတိဏ္ဏမည်၏။ ရာဂသို့လူး ပူးကပ်သက်ဝင်အပ်သူဟူ၍ရင်း၊ ရာဂချောက်တွင်း လိမ့်ဆင်းသက်ဝင်တတ်သူ ဟူ၍ရင်း ဆိုလိုသည်။ သတိသမ္ပဇဉ်နည်းပါး၍ စိတ်မငြိမ်သူ ဘီလူးပူးခံရသည်။ ယောနိသောမနသိကာရ လက်လွှတ်၍ သင့်အောင်မကြည့်သူ ချောက်တွင်းကျတတ်သည်။ ရာဂဖြင့်၊ ဒေါသဖြင့်၊ မောဟဖြင့် ဖောက်ပြန်သောစိတ်သည် ဝိပရိဏတမည်၏။ ဤသိက္ခာပုဒ်၌ကား ရာဂဖြင့် ဖောက်ပြန်သောစိတ်သည် ဝိပရိဏတ မည်၏။ (ဤ၌ ဖောက်ပြန်ဟူသည် အပြစ်ကင်းစင်သော ဘဝင်အစဉ် ပင်ကိုသဘောကိုစွန့်၍ အပြစ်မကင်းသောစိတ်ဖြင့် ပေါ်ခြင်းတည်း။) အသက်ရှိသော လူမိန်းမသည် ဖွားမြင်စမှစ၍ ဤသိက္ခာပုဒ်၌ မာတုဂါမ မည်၏။ လက်ကိုင်ခြင်း၊ ဆံထုံးကိုင်ခြင်း၊ မေးတို့ခြင်းစသော ကိုယ်ခန္ဓာရောယှက်ခြင်းသည် ကာယသံသဂ္ဂ မည်၏။ (ကာယသံသဂ္ဂံ သမာ

ပစ္စေယျဖြင့် ကာယသံသဂ္ဂစွမ်းဖြင့်သာ ဤသိက္ခာပုဒ်၌ ဒြဗ္ဗိကဏ္ဍ၊ ဝိပရိဏာတဟု ယူရသည်။ မေထုနရာဂ၊ ဒုဋ္ဌုလ္လဝါစာ ရာဂ စသည့်အစွမ်းဖြင့် မယူရ။) တံတောင်ဆစ်မှ လက်သည်းဖျားအထိ ဟတ္ထ မည်၏။ ဆံပင်သည် ဝေဏိမည်၏။ ထုံးသော်၎င်း၊ မထုံးသော်၎င်း ဆံစည်းကြိုး၊ ပန်း၊ ဆံထုံး၊ ပုလဲသွယ် စသည်တို့နှင့် ရောသော်၎င်း၊ မရောသော်၎င်း ဝေဏိသာတည်း။ (မွေးညှင်းကိုလည်း ဝေဏိသဒ္ဒါဖြင့် ယူရသေးသည်။) ကြွင်းသောအင်္ဂါကြီးငယ်သည် အညတရ အညတရအင်္ဂ မည်၏။ ဆိုပြီးသောလက်ကို၊ ဆံထုံးကို၊ ကြွင်းအင်္ဂါတခုခုကို ကာယသံသဂ္ဂရာဂဖြင့် ကိုင်အံ့၊ သံဃာဒိသိသ်အာပတ်အပေါင်း သင့်၏။ (တပါး သောရာဂဖြင့် ဤအာပတ်မသင့်။)

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥဒါယီ ကိုယ်လက်နှီးနှောခြင်းကြောင့် ပညတ်၏။ အနုပညတ်မရှိ။ အသာဓာရဏ။ အာဏတ္တိက၊ မိန်းမ၌ မိန်းမဟုအမှတ်ရှိ၍ အယုတ်ဆုံး အမွေးဖြင့်အမွေးကို ထိစေအံ့၊ မိန်းမ ကသာထိလျှင် ခံစားလိုခြင်းဖြင့် အားထုတ်၍ အတွေ့ဖဿကို သာယာအံ့၊ သံဃာ ဒိသိသ်။ လက်တဖက်ဖြင့်ကိုင်လျက် တဖက်ဖြင့် ထိုသို့နေရာ တနေ့လုံး ထိအံ့၊ အာပတ်တခုသာတည်း။ တနည်း၊ မကိုင်ပဲ ဦးခေါင်းမှ ဖဝါးတိုင်အောင် စုန်ဆန်ကာ ကိုယ်မှမလွှတ်ပဲ ထိအံ့၊ အာပတ်တခုသာတည်း။ လက်ငါးချောင်း ကို တပြိုင်တည်းကိုင်လည်း အာပတ်တခုသာတည်း။ မိန်းမငါးယောက်၏လက် ငါးချောင်းကို ပြိုင်တူကိုင်အံ့၊ အာပတ်ငါးခု။ မိန်းမ၌ ယုံမှားရှိအံ့၊ ပဏ္ဍုက် ယောက်ျား၊ တိရစ္ဆာန်ဟု အမှတ်ရှိအံ့၊ ထုလ္လစ္စည်း။ လူမိန်းမ၌ ကာယပဋိဗဒ္ဓဖြင့် ကာယပဋိဗဒ္ဓကို ထိအံ့၊ ယောက်ျားကိုယ်ကို ထိအံ့၊ ဒုက္កဋ်။ (မဟာပစ္စရီ၌ မိန်းမကိုယ်ကို ထိအံ့ဟု အဝတ်ကို ထိအံ့၊ ထုလ္လစ္စည်း။အဝတ်ကိုထိအံ့ဟု အသား ကို ထိအံ့၊ သံဃာဒိသိသ်ဟု ဆို၏၊)မေထုနရာဂဖြင့် ကိုင်အံ့၊ ဒုက္ကဋ်သာတည်း။ ။မိန်းမ၏ ထိခြင်းကို ကိုယ်ဖြင့် လှုပ်လမပြုပဲ အတွေ့သာယာအံ့၊ လွတ်အောင် ရှုန်းခြင်းဖြင့် မိန်းမကို ထိအံ့၊ စေတနာမရှိအံ့၊ သတိမရအံ့၊ မသိအံ့၊ မသာ ယာအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ သီလဝိပတ္တိ။ လူမိန်းမဖြစ်ခြင်း၊ မိန်းမဟုအမှတ်ရှိခြင်း၊ ကာယသံသဂ္ဂရာဂရှိခြင်း၊ ထိုရာဂဖြင့် လှုပ်လပြုခြင်း၊ လက်ကိုင်ခြင်း စသည်တို့သို့ ရောက်ခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန် ရှင်ဥဒါယီသည် **တောကျောင်း၌ နေ၏**။ ထိုတောကျောင်းသည် အလယ်၌ အခန်းရှိ၏။ ဝန်းကျင် စမြင်လှည့်၏။ အခင်းအကျင်းကောင်း၏၊ လူတို့လာ၍လာ၍ ကြည့်ရှုကုန်၏။ တနေ့သ၌ ပုဏ္ဏားလင်မယားနှစ်ယောက်လာ၍ ကြည့်ရှု၏။ ရှင်ဥဒါယီသည် အခန်းတံခါးတို့ကို အချို့ဖွင့်၍ အချို့ပိတ်၍ လိုက်ပြစဉ် အခန်းတွင်းသို့ လှည့်ဝင်၍ ပုဏ္ဏား၏နောက်မှ လိုက်သော ပုဏ္ဏေးမကို အင်္ဂါကြီးငယ်၌ သုံးသပ်၏။ ပြန်လာကြသောအခါ ပုဏ္ဏားသည် ရှင်ဥဒါယီကို များစွာချီးမွမ်း၏။ ပုဏ္ဏေးမသည် လျှို့ဝှက်ထားလိုသော်လည်း ပုဏ္ဏားကြီး ရဟန်းပြုသွားမည်ကို စိုးရိမ်သဖြင့် ရှင်ဥဒါယီသည် ငါ၏အင်္ဂါကြီးငယ်ကို သင်ကဲ့သို့ သုံးသပ်သည်ဟု ဖွင့်ပြောလိုက်သည်။ ပုဏ္ဏားကြီးသည် များစွာကဲ့ရဲ့၏။ ထို့ကြောင့် **ပညတ်**သည်။

**မာတိကာ**။ ။ရှေးရှုသုံးသပ်ခြင်း၊ ထိုမှ ဤမှ ရွှေ၍သုံးသပ်ခြင်း၊ အောက်သို့ သက်၍ သုံးသပ်ခြင်း၊ အထက်သို့ဆန်၍ သုံးသပ်ခြင်း၊ (၄)။ အောက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း၊ အထက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း၊ ဆွဲခြင်း၊ တွန်းခြင်း၊(၄)။နှိပ်ခြင်း၊ ညှပ်ခြင်း၊ ကိုင်ခြင်း၊ တို့ခြင်း၊ (၄)။ ဤသို့ မာတိကာ ၁၂-ပါးဖြင့် ဝေဖန်သည်။

**ငနိတဝတ္ထု ၂၀**။ ။(၁) ရဟန်းတပါးသည် မိခင်ဟူသော ချစ်ခြင်းဖြင့် မိခင်အား သုံးသပ်၏။ကုက္ကုစ္စဖြစ်၏။ သံဃာဒိသိသ်ဖြင့် ဒ.နာပတ္တိ။ ဒုက္ကဋ် သင့်၏။ (မိခင်ဖြစ်စေ၊ သမီးဖြစ်စေ၊ မိန်းမဟူသည် ဗြဟ္မစရိယ၏ အန္တရာယ်သာ။ ထို့ကြောင့် အယုတ်ဆုံး ဒုက္ကဋ်။ မိခင်ရေမျောသည်ကို ပင် ဆင်းမဆယ်အပ်။ လှေကို၊ ဝါးကို၊ ကျူးကို ရှေ့၌ ချအပ်၏။ သက်န်းကို သော်လည်း ချအပ်၏။ ဤ၌ ဆွဲဟု မဆိုအပ်။ ဤ၌ဆွဲသူ ချမ်းသာတတ်သည်ဟု ပြောအပ်၏။ ဆွဲသောအခါ ပရိက္ခရာကို ငင်မည်ဟု ငင်အပ်၏။ လန့်၍ မိမိကို ခုန်ဆွဲတက်စီးလျှင် မခါတွက်အပ်။ ကုန်းသို့ အရောက်ပို့အပ်၏။ မိန်းမ၏ အသုံးအဆောင်ကို ထန်းရွက်လက်စွပ်မျှပင် မကိုင်အပ်။ ကပ္ပိယပစ္စည်းကို ကိုင်အပ်၏။) (၂) ရဟန်းတပါးသည် သမီးချစ်စိတ်ဖြင့် ကိုင်၏၊ (၃) နှမအား ချစ်စိတ်ဖြင့် ကိုင်၏၊ ဒုက္ကဋ်။ (၄) မယားဟောင်းအား ကိုင်၏၊ သံဃာဒိသိသ်။ (၅၊ ၆) ဘီလူးမအား၊ ပဏ္ဍုက်အား သုံးသပ်၏၊ ထုလ္လစ္စည်း။ (ပရနိမ္မိတ

နတ်သမီးဖြစ်စေ၊ ထုလ္လစ္စည်း။) (၇)အိပ်ပျော်သော မိန်းမအား–သံဃာဒိသိသ်။ (၈) သေသောမိန်းမအား–ထုလ္လစ္စည်း။(ပါရာဇိကာ မလောက်အောင် ပုပ်သော အခါ-ဒုက္ကဋ်။) (၉) တိရစ္ဆာန်မအား- ဒုက္ကဋ်။ (ကိန္နရာမ၊ နွားမ၊ နဂါးမ အားလည်း- ဒုက္ကဋ်။) (၁၀) သစ်သားမိန်းမရုပ်အား- ဒုက္ကဋ်။ (ရေးသော မိန်းမရုပ်အားလည်း ဒုက္ကဋ်။) (၁၁) များစွာသောမိန်းမတို့သည် ရဟန်းတပါး ကို ညှပ်၍ လက်မောင်းအဆက်ဆက်ဖြင့် ဆောင်ကုန်၏။ ချစ်သား၊ သာယာ သလော။ မသာယာပါဘုရား။ မသာယာသော ရဟန်းအား အနာပတ္တိ။ (၁၂) ရဟန်းတပါးသည် မိန်းမလျှောက်သော တံတားကို တပ်သောစိတ်ဖြင့် လှုပ်၏၊ ဒုက္ကဋ်။ (လှုပ်စေခြင်းငှာ မတတ်နိုင်လည်း ဒုက္ကဋ်။) (၁၃) မိန်းမ တယောက်ကို တပ်သောစိတ်ဖြင့် ပခုံးစွန်းဖြင့် ပုတ်ခတ်၏၊ သံဃာဒိသိသ်။ (၁၄) မိန်းမတက်သော သစ်ပင်ကို၊ (၁၅) လှေကို တပ်သောစိတ်ဖြင့် လှုပ်၏၊ ဒုက္ကဋ်။ (၁၆၊ ၁၇) မိန်းမကိုင်သောကြိုးကို၊ တောင်ဝှေးကို၊ တပ်သောစိတ် ဖြင့် ဆွဲ၏၊ ထုလ္လစ္စည်း။ (ကြိုး၊ တောင်ဝှေး ကြီးလွန်း၍ မလှုပ်နိုင်လျှင် ဒုက္ကဋ်။ မြေ၌ လဲနေသော သစ်တုံးကြီး၌လည်း ထိုအတူတည်း။) (၁၈) မိန်းမကို တပ် သော စိတ်ဖြင့် သပိတ်ဖြင့်တွန်း၏၊ ထုလ္လစ္စည်း။ (၁၉) မိန်းမတယောက်သည် ဦးတိုက်၍ ရှိခိုး၏။ရဟန်းသည် တပ်သောစိတ်ဖြင့် ခြေကိုလှုပ်၏၊ သံဃာဒိသိသ်။ (ခြေကိုဆုပ်နယ်ကာ ရှိခိုးလိုသော မိန်းမကို တားရသည်။ မတားသာလျှင် ခြေကို အဝတ်ဖြင့် ဖုံး၊ မဖုံးသာလျှင် မတုန်မလှုပ်နေ။ အကျိုးကား စိတ်ဖြင့် သာယာသော်လည်း မတုန်လှုပ်သူအား အနာပတ္တိ။) (၂၀) ရဟန်းတပါး သည် မိန်းမကို ကိုင်မည်ဟု အားထုတ်၏။ မကိုင်၊ ဒုက္ကဋ်။

**၃-ဒုဋ္ဌုလ္လဝါစာ။** ။ယောပန ဘိက္ခု။ ဩတိဏ္ဏော။ ဝိပရိဏတေန။ စိတ္တေန။ မာတုဂါမံ၊ မာတုဂါမကို။ ဒုဋ္ဌုလ္လာဟိ၊ ရှုန့်ရင်းကုန် သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ ဩဘာသေယျ၊ ပြက်ရယ်စကား ပြောဆို ငြားအံ့။ ယုဝါ၊ လုလင်ပျိုသည်။ ယုဝတိံ၊ မိန်းမပျိုကို။ မေထုနုပသံဟိတာဟိ၊ မေထုန်နှင့်စပ်သော စကားတို့ဖြင့်။ (ဝါစာဟိကို‌ငဲ့။) ဩဘာသေယျယထာ၊ ပြက်ရယ်စကား ပြောဆိုသကဲ့သို့။ဩဘာသေယျ။ တဿ ဘိက္ခုနော။ သံဃာဒိ သေသော။

**အဓိပ္ပာယ်။** ။ကျသိက္ခာပုဒ်၌ ရှုန့်ရင်းသော စကားကို သာယာသော ရာဂ အစွမ်းဖြင့် ဩတိဏ္ဏ၊ ဝိပရိဏတကို ဟုရသည်။ ကာယ

သံသဂ္ဂရာဂအစွမ်းဖြင့် မယူရ။ မာတုဂါမကိုလည်း ရှန့်ရင်း၊ မရှန့်ရင်း မှတ်သားနိုင်သော လူမိန်းမကိုသာ ယူရသည်။ သက်ရှိလူမ ဖြစ်ရုံမျှကို မယူရ။ ဝစ္စမဂ်၊ ပဿာဝမဂ်၊ မေထုနဓမ္မ၊ ဤသုံးခုနှင့် စပ်သော စကားသည် ဒုဋ္ဌုလ္လဝါစာမည်၏။ ထိုသုံးခုနှင့် စပ်သော မသူတော်စကားကို လွန်ကျူးပြောဆိုခြင်းသည် ဩဘာသေယျ မည်၏။ လုလင်ပျို၊ မိန်းမပျို ဥပမာဖြင့် မငဲ့မကွက် ပြောဆိုခြင်းကို ပြသည်။ မေထုနုပသံဟိဘာဟိဖြင့် ရှန့်ရင်းစကား အကြီးဆုံးကို ပြသည်။ ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂဖြင့် သိတတ်သော မာတုဂါမကို ဒုဋ္ဌုလ္လဝါစာ ပြောအံ့၊ သံဃာဒိသိသ်။

**အာပတ္တိကရ ခြောက်ခွန်း။** ။မသူတော်စကားသည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ တောင်းခြင်း၊ သွယ်ဝိုက်၍ တောင်းခြင်း၊ မေးခြင်း၊ သွယ်ဝိုက်၍ မေးခြင်း၊ မေး၍ ပြောပြခြင်း၊ ဆုံးမစကား ပြောပြခြင်း၊ ဆဲခြင်း ဟု ကိုးမျိုးရှိ၏။ ထိုတွင် ချီးမွမ်း၊ ကဲ့ရဲ့ နှစ်မျိုးသည် မဂ်နှစ်ခုစပ်မှ အာပတ်။ တောင်း၊ မေး၊ ပြော၊ ခြောက်မျိုးသည် မေထုန်နှင့်စပ်မှ အာပတ်။ ဆဲခြင်းတမျိုးသည် နင့်အသားစွန်း ရှည်ထွက်သည်၊ မဂ်နှစ်ခု စပ်နေသည်၊ ဥဘတောဗျည်း ဖြစ်သည်ဟု ဆဲခြင်းသုံးခု ဖြစ်၏။ ပင်ကိုအာပတ်။ ဤသို့ ဆဲသုံးခု၊ မဂ်နှစ်ခု၊ မေထုန်တခု၊ ပေါင်း ခြောက်ခုသည် အာပတ္တိကရ စကား ခြောက်ခွန်းမည်၏။ (ဆဲခြင်း၌ ဒေါသဖြင့် ကြမ်းတမ်းစွာ ဆဲလျှင် အာပတ်ငယ်၊ ရာဂဖြင့် နူးညံ့စွာဆဲလျှင် အာပတ်ကြီး။)

**အဆုံးအဖြတ်။** ။သာဝကပြည်၌ ရှင်ဥဒါယီသည် ရှန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာပတ္တိက။ မိန်းမ၌ မိန်းမဟု အမှတ်ရှိ၍ လက်ဆုပ်ပြခြင်းမျှဖြင့်လည်း မသူတော်စကား ပြက်ရယ်ဆိုငြားအံ့။ ထိုမိန်းမသည် ထိုခဏ၌ ထိုအဓိပ္ပာယ်ကို သိလျှင် သံဃာဒိသိသ်၊ မသိလျှင် ထုလ္လစ္စည်း။ ပဏ္ဍုက်၌ ပဏ္ဍုက်သညာရှိအံ့၊ ထုလ္လစ္စည်း။ ပာတုဂါမ သညာရှိအံ့၊ ဒုက္ကဋ်။ အဖန်ဖန်ဆိုခြင်း၊ မိန်းမအများကို တခွန်းမျှ ဆိုခြင်းတို့၌ စကားအရေအတွက်၊ မိန်းမ အရေအတွက်အားဖြင့် အာပတ်ဖြစ်၏။ ရည်စူး၍ဆိုရာ၌ ရည်စူးအပ်သော မိန်းမ မသိလျှင် ထုလ္လစ္စည်း။ ညှပ်ရိုးနှစ်ဖက်အောက် ဒူးဝန်းနှစ်ဖက်အထက်ကို ရည်၍ ချီးမွမ်းခြင်း စသည်ပြုအံ့၊ ထုလ္လစ္စည်း။ ပဏ္ဍုက်၌ ဒုက္ကဋ်။ ညှပ်ရိုးနှင့် ဒူး၌လည်း ဒုက္ကဋ်။ အနက်ကို၊

ပါဠိကို၊ ဆုံးမခြင်းကို ရှေးရှု၍ ဆိုအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ သီလဝိပတ္တိ၊ လူမိန်းမဖြစ်ခြင်း၊ မိန်းမဟု အမှတ်ရှိခြင်း၊ ဒုဋ္ဌုလ္လဝါစဿာဒ ရာဂရှိခြင်း၊ ထိုရာဂဖြင့် ပြက်ရယ်ဆိုခြင်း၊ ထိုခဏသိခြင်း၊ ဤကား အင်္ဂါ ငါးပါးတည်း။ အဒိန္နာဒါနသမုဋ္ဌာန်၊ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒွိဝေဒနာ-သိက္ခာပုဒ် ဖြစ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန် ရှင်ဥဒါယီသည် တောကျောင်း၌ နေ၏။ ကျောင်းသည် အလွန်ကြည့်ရှုဖွယ် ကောင်း၏။ မိန်းမများစွာတို့ သည် ကြည့်ရှုရန် သွားကုန်၏။ ရှင်ဥဒါယီသည် ထိုမိန်းမတို့ကို လှည့်ပြပြီး လျှင် ထိုမိန်းမတို့၏ ပစ္စမဂ်၊ ပဿာဝမဂ်ကို ရည်၍ ချီးမွမ်း၏၊ ကဲ့ရဲ့၏၊ တောင်း ၏၊ သွယ်ဝိုက်၍ တောင်း၏၊ မေး၏၊ သွယ်ဝိုက်၍ မေး၏၊ မေး၍ ပြောပြ၏၊ ဆုံးမစကား ပြောပြ၏၊ အဆဲသုံးခုဖြင့် ဆဲ၏။ အရှက်နည်းသော မိန်းမတို့သည် ပြင်းစွာရယ်ခြင်း၊ ပြောင်လှောင်ခြင်း၊ ချီးမွမ်းခြင်းတို့ကို ပြုကုန်၏။ အရှက် ကြီးသော မိန်းမတို့ကား ငါတို့ယောကျ်ားများပင် ဤသို့ဆိုလျှင် မနှစ်သက် နိုင်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**ဝိနီတဝတ္ထု ၁၂။** ။(၁) မိန်းမတယောက်သည် ဆိုးသစ်စ ကမ္ဗလာကို ခြုံ၍၊ ရဟန်းတပါးသည် တပ်သောစိတ်ဖြင့် နှမ၊ သင်၏ ဥစ္စာ နီသည်ဟု ဆို၏။ ထိုမိန်းမသည် မသိ၊ ဆိုးသစ်စ ကမ္ဗလာဖြစ်၍ နီပါ သည်ဟု ဆို၏။ ထိုရဟန်းအား ကုက္ကုစ္စဖြစ်၏။ ချစ်သားတို့၊ သံဃာဒိသိသ် မသင့်၊ ဒုက္ကဋ်သင့်၏။ (၂) ကြမ်းသော ကမ္ဗလာခြုံသော မိန်းမကို သင့်ဥစ္စာ ကြမ်းသော အမွေးရှိသည်ဟု ဆို၏။ မသိ၊ ကမ္ဗလာကြမ်းဖြစ်၍ အမွေးကြမ်း ပါသည်ဟု ဆို၏၊ ဒုက္ကဋ်။ (၃) ရက်ပြီးစ ကမ္ဗလာခြုံသောမိန်းမကို သင့်ဥစ္စာ အမွေးရှုပ်သည်ဟု ဆို၏၊ မသိ၊ ဒုက္ကဋ်။ ကမ္ဗလာကြမ်းခြုံသည်ကို သင့်ဥစ္စာ အမွေးကြမ်းသည်ဟု ဆို၏။ (၅) စုလျားခြုံသည်ကို သင့်ဥစ္စာ အမွေးရှည် သည်ဟု ဆို၏၊ မသိ၊ ဒုက္ကဋ်။ (၆) မိန်းမတယောက်သည် လယ်ကို စိုက်စေ ပြီး၍ ပြန်လာ၏။ ရဟန်းတပါးသည် တပ်သောစိတ်ဖြင့် နှမ၊ သင့်ဥစ္စာ စိုက်ပြီးပြီလောဟု ဆို၏၊ စိုက်ပြီးပါပြီ၊ မညှိရသေးပါဟု မသိပဲ ဆို၏၊ ဒုက္ကဋ်။ (စပါးပင်သေရာ၌ ညီအောင် ထပ်မစိုက်ရသေးပါဟုလို။) (၇) ရဟန်းတပါး သည် ပရိဗိုဇ်မတယောက်ကို ခရီးရင်ဆိုင်မြင်၍ "ကစ္စိ ဘဂိနိ မဂ္ဂေါ သံသိ

ဒတိ''ဟု မေး၏၊ (ဘဂိနိ၊ နှမ။ တေ၊ သင့်၏။မဂ္ဂေါ၊ ခရီးသည်။ သံသီဒတိ၊ ရှည်ဝေးသလော။ ဖွင့်ဆိုသော အပြစ်ကင်းသော အနက်။ မဂ္ဂေါ၊ ပဿာဝ မဂ်သည်။ သံသီဒတိ။ တွင်းနက်သလော။ စိတ်၌ထားသော အပြစ်ရှိသော အနက်။) ပရိဗိုဇ်မသည် မရိပ်မိ၍ ရှည်ဝေးစွာ သွားရလတ္တံ့ဟု ဆို၏၊ ထုလ္လစ္စည်း။ (မဂ္ဂေါ-ဟု ဆိုသောကြောင့် သိလျှင် သံဃာဒိသိသ်၊ မသိလျှင် ထုလ္လစ္စည်း။ (၈) ရဟန်းတပါးသည် မိန်းမတယောက်ကို သင်သည် သဒ္ဓါ တရားကောင်းလျက် လင်အားပေးသည်ကို ငါတို့အား မပေးဟုဆို၏။ အဘယ် ပါနည်းဟု မေးသော် မေထုနဓမ္မဟု ဆို၏၊ သံဃာဒိသိသ်။ (၁၀) မိန်းမ တယောက်သည် အမှုကိစ္စတခု ပြု၍နေ၏၊ ရဟန်းတပါးသည် တပ်သော စိတ်ဖြင့် နှမ၊ ထလော့၊ ငါပြုချင်သည်။ (၁၁) ထိုင်လော့၊ ငါပြုချင်သည်၊ အိပ်လော့၊ ငါပြုချင်သည်ဟုဆို၏။ မသိ၊ ဒုက္ကဋ်။

၄— အတ္တကာမပါရိစရိယ။ ။သော ပန ဘိက္ခု။ ဩတိဏ္ဏော။ ဝိပရိဏာတေ န။ စိတ္တေန။ မာတုဂါမဿ၊၏။ သန္တိကေ၊ အထံ၌။ အတ္တ+ကာမ + ပါရိစရိယာဝယ၊ မိမိအလို့ငှာ + မေထုန်ကာမဖြင့်+ လုပ်ကျွေးခြင်း၏။ ဝဏ္ဏံ၊ အကျိုးကျေးဇူးကို။ ဘာသေယျ၊ ပြောဆိုငြားအံ့။ ဘဂိနိ၊ နှမ။ ယာ၊ အကြင်မိန်းမသည်။ သီလဝန္တံ၊ သီလရှိသော၊ ကလျာဏဓမ္မံ၊ ကောင်းသော တရားရှိသော။ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ကို ကျင့်သော။ မာဒိသံ၊ ငါကဲ့သို့သောသူကို။ ဧတေန ဓမ္မေန၊ ဤမေထုန်အကျင့်ဖြင့်။ ပရိ စရေယျ၊ လုပ်ကျွေးငြားအံ့။တဿာ။ ထိုမိန်းမ၏။ ဧတံ-သော၊ ထိုလုပ်ကျွေး ခြင်းသည်။ ပါရိစရိယာနံ၊ လုပ်ကျွေးခြင်းတကာတို့ထက်။ အဂ္ဂံ–အဂ္ဂါ၊ မြတ် ၏။ ဣတိ၊ ဤသို့။ မေထုနုပသံဟိတေန၊ မေထုန်နှင့် စပ်သော စကားဖြင့်။ (ဝစနေနကိုင့်။) ဘာသေယျ။ တဿ ဘိက္ခုနော။ သံဃာဒိသေသော။

အဓိပ္ပာယ်။ ။ဤသိက္ခာပုဒ်၌ မိမိအလို့ငှာ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်း၌ သာယာသော ရာဂစွမ်းဖြင့် ဩတိဏ္ဏ၊ ဝိပရိဏာဘကို ယူရ သည်။ ကာယသံသဂ္ဂစသော ရာဂစွမ်းဖြင့် မယူရ။ ရှုန့်ရင်း မရှုန့်ရင်းမှတ်သား နိုင်သော လူမိန်းမသာ၊ မာတုဂါမ မည်၏။ မိမိအလို့ငှာ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်းသည်၊ ဝါ၊ မိမိသည် မေထုန်ကာမဖြင့် အလိုရှိအပ်သော လုပ်ကျွေးခြင်းသည် အတ္တကာမပါရိစရိယာ မည်၏၊ တေဒမှိ-စသည်ကား

လုပ်ကျွေးခြင်း၏ အကျိုးကျေးဇူး ပြောပုံကို ပြသောစကားဖြစ်၏။ ပါဏာတိပါတ စသည်မှ ကင်းသောကြောင့် သီလဝန္တ၊ မေထုနဓမ္မမှ ကင်းသောကြောင့် ဗြဟ္မစာရီ။ ထိုသီလ ဗြဟ္မစရိယ နှစ်ပါးရှိသောကြောင့် ကလျာဏဓမ္မ ပုဂ္ဂိုလ်မည်၏။ မေထုနဓမ္မကို ဧတေန ဓမ္မေနဟု ဆိုသည်။ ပျော်ပါးစေခြင်းသည် ပရိစရေယျ မည်၏။ လုပ်ကျွေးခြင်းကျေးဇူး ပြောလိုသောသူသည် "သင်သည် ငါ့အား မေထုနဓမ္မကို လှူထိုက်သည်" စသည်ဖြင့် မေထုန်နှင့်စပ်၍ပြောရာ၏။ ဤသို့သိတတ်သော မိန်းမအား ပြောအံ့၊ သံဃာဒိသိသ်၊

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥဒါယီ မိမိအလိုငှာ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်း၏ကျေးဇူးကို ပြောဆိုခြင်းကြောင့် ပညတ်၏၊ အသာဓာရဏ။ အနာဏတ္တိက။ မိန်းမ၌ မိန်းမဟုအမှတ်ရှိ၍ လက်ဆုပ်ပြခြင်းမျှဖြင့် သော်လည်း ထိုကျေးဇူးကိုပြောအံ့၊ ထိုမိန်းမသည်လည်း တိုခဏ၌သိအံ့၊ သံဃာဒိသိသ်။ မသိအံ့၊ ထုလ္လစ္စည်း။ ပဏ္ဍုက် အမှတ်ရှိအံ့၊ ထုလ္လစ္စည်း။ မိန်းမဟု အမှတ်ရှိအံ့။ ဒုက္ကဋ်။ သင်္ကန်း၊ ဆွမ်းစသော ပစ္စည်းကာမဖြင့် လုပ်ကျွေးခြင်း ကျေးဇူးကို ပြောဆိုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ်။ သီလဝိပတ်။ လူမိန်းမဖြစ်ခြင်း။ မိန်းမဟု အမှတ်ရှိခြင်း၊ အတ္တကာမပါရိစရိယ ရာဂရှိခြင်း၊ ထိုရာဂဖြင့် ကျေးဇူးဆိုခြင်း၊ ထိုခဏသိခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ဒုဋ္ဌုလ္လဝါစာနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန် ရှင်ဥဒါယီသည် သာဝတ္ထိပြည်၌ ကုလုပကရဟန်းဖြစ်၏၊ များစွာသောအိမ်တို့သို့ ချဉ်းကပ်လေ့ရှိ၏၊ ယောက်ျားသေဆုံးသော မိန်းမလှလှတယောက်ထံ သွား၍ တရားဟောရာ အလိုရှိရာတောင်းပါဟု ပစ္စည်းလေးပါးဖြင့် ဖိတ်ကြား၏။ နှမ၊ ငါတို့အား ပစ္စည်းလေးပါးရလွယ်သည်၊ ရခဲသည်ကို လှူပါဟုဆို၏။ အဘယ်ပါနည်းဟု မေးသော် 'မေထုနဓမ္မဟု ဆို၏။ အလိုရှိပြီလော၊ အလိုရှိပြီ။ ကြွတော်မူပါဟုဆို၍ အခန်းတွင်းဝင်၍ ညောင်စောင်း၌အိပ်၏။ ရှင်ဥဒါယီသည် ဝင်သွားပြီးလျှင် "ဤသို့သော စက်ဆုပ်ဖွယ်ကို အဘယ်သူသုံးသပ်အံ့နည်း" ဟု တံတွေးထွေး၍ ဖဲသွား၏။ ထိုအခါ မိန်းမသည်၊ "ဤရဟန်းတို့သည် အလဇ္ဇီဖြစ်ကုန်၏၊ မုသားဆိုကုန်၏၊ ကိုယ်တိုင်တောင်းလျက် စက်ဆုပ်ဖွယ်ဟု တံတွေးထွေး၍ ဖဲသွား၏၊ ငါ၏ စက်ဆုပ်ဖွယ် အဘယ်နည်း၊ အဘယ်မိန်းမအောက် ငါယုတ်သနည်း" ဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

**ဝိနီတဝတ္ထု ၇-ခု။** ။(၁) မြုံသော မိန်းမတယောက်သည် ကုလုပက ဆရာတော်ရဟန်းကို အရှင်ဘုရား၊ သားဖွားအောင် အဘယ်သို့ ပြုရမည်နည်းဟု လျှောက်၏။ အဂ္ဂဒါန=အလှူမြတ်ကို လှူလေ့ဟု ဆို၏။ အဘယ်အလှူပါနည်းဟု မေးသော် မေထုန်ဟု ဆို၏၊ သံဃာဒိသိသ်။ (၂) မမြုံသော မိန်းမတယောက်သည် သားရအောင် အဘယ်သို့ ပြုရမည်နည်းဟု မေး၏။ အဂ္ဂဒါနကို လှူလေ့၊ မေထုန်ဟု ဆို၏၊ သံဃာဒိသိသ်။ (၃) လင်ချစ်အောင် အဘယ်သို့ ပြုရမည်နည်း။ (၄) တင့်တယ်သော အဆင်းရှိအောင် အဘယ်သို့ ပြုရမည်နည်း။ (၅) အရှင်မြတ်အား အဘယ်အလှူ လှူရမည်နည်း။ (၆) အဘယ်အမှုဖြင့် လုပ်ကျွေးရမည်နည်း။ (၇) နတ်ပြည်ရောက်အောင် အဘယ်သို့ ပြုရမည်နည်း ဟု မေး၏။ အဂ္ဂဒါန=အလှူမြတ်ကို လှူလေ့၊ မေထုန်ဟု ဆို၏၊ သံဃာဒိသိသ်။

**၅-သဉ္စရိတ္တ။** ။ယော ပန ဘိက္ခု။ သဉ္စရိတ္တံ၊ အောင်တမန်သွားလာခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဣတ္ထိယာ ဝါ၊ မိန်းမအားလည်း။ ပုရိသမတိံ၊ ယောကျ်ားအလိုကို။ ပုရိသဿ ဝါ၊ ယောကျ်ားအားလည်း။ ဣတ္ထိမတိံ၊ မိန်းမ၏အလိုကို။ ဇာယတ္တနေ ဝါ၊ မယား၏ ဖြစ်ခြင်းဟူသော အကြောင်းကြောင့်ရင်း။ ဇာရတ္တနေ ဝါ၊ လင်၏ဖြစ်ခြင်းဟူသော အကြောင်း ကြောင့်ရင်း။ အာရောစေယျ၊ ပြောကြားငြားအံ့။ (ဇာယ=အမြဲဖြစ်ခြင်း၊ ဇာရ=အပြောင်ဖြစ်ခြင်း အကြောင်းဟုလည်း ဆိုနိုင်သည်။) အန္တမသော။ တခဏိကာယပိ၊ ထိုခဏမျှ ပေါင်းဖော်အပ်သော မိန်းမအားလည်း။ အာရောစေယျ၊ ပြောကြားငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။မိန်းမ ယောကျ်ားတို့၏အကြား၌ သွားလာခြင်းသည် သဉ္စရိတ္တ မည်၏။ ဝန်ခံခြင်း၊ စုံစမ်းခြင်း၊ ပြန်ပြောခြင်း၊ ဤသုံးခုပြုခြင်းသည် သမာပဇ္ဇေယျ မည်၏။ ယောကျ်ား၊ ယောကျ်ား၏ မိဘ စသည်တို့က စေခိုင်းလျှင် ယောကျ်ား၏အလိုကို မိန်းမအား အမြဲမယား ဖြစ်ပါ၊ အပြောင်မယားဖြစ်ပါဟု ပြောရ၏။ ထိုအတူ မိန်းမဖက်ကခိုင်းလျှင် ယောကျ်ားအား အမြဲလင်ဖြစ်ပါ၊ အပြောင်လင် ဖြစ်ပါဟု ပြောရ၏။ မယားသည် ဇာယာ မည်၏။ လင်သည် ဇာရမည်၏။ တနည်း—အမြဲလင် အမြဲမယားသည် ဇာယ-ဇာယာ မည်၏။ အပြောင်သည် ဇာရ-ဇာရီ မည်၏။ (ဘာဝတ္ထုတ်၌ တွန

ပစ္စည်းသက်သည်။) ခေတ္တပေါင်းအပ်သော မိန်းမသည်။ ဝါ၊ ဂဏိကာသည် တခဏိကာ မည်၏။ပြည့်တန်ဆာမ ဟူလို။မုဟုတ္တိကာလည်း မည်၏။အဟုတ်ဆုံး အားဖြင့် ထိုမိန်းမအား မုဟုတ္တိကာ ဖြစ်မည်လားဟု ယောကျ်ား၏ အလိုကို ပြောအံ့၊ ယောကျ်ားအားသော်လည်း မုဟုတ္တိက ဖြစ်မည်လားဟု မိန်းမ၏ အလိုကို ပြောအံ့၊ သံဃာဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥဒါယီ အောင်ကမန် သွားလာခြင်း ကြောင့် ပညတ်၏။ အနတ္တမသော တခဏိကာယပိသည် အနုပညတ်ဖြစ်၏။သာဓာရဏ၊ သာဏတ္တိက၊ ဝန်ခံစုံစမ်း၍ တပည့်ကို ပြန်ပြော စေသော နည်းဖြင့်လည်း ဤအာပတ်သင့်သောကြောင့် သာဏတ္တိက ဟူလို။ ယောကျ်ား၏အလို ပြောခိုင်းသည်ကို ဝန်ခံ၍ ထိုမိန်းမအား ဤသူ၏ ပယား ဖြစ်ပါသလောဟု မပြောဆို စုံစမ်းပြီးလျှင် ဖြစ်မည်ဟု ဝန်ခံသည်ကို စေခိုင်းသူ အား ပြန်ပြောအံ့၊ သံဃာဒိသိသ်။ ပင်မယား ဖြစ်-မဖြစ်ကား အကြောင်း မဟုတ်၊ ထိုမိန်းမ၏ မိခင်အား ပြောခြင်း၊ မမှတ်ပြောနိုင်သူအား ပြောလိုက် ပါဟု ပြောခြင်းသည် ဤအဟူတည်း။မနက္ခိတမယား ဖြစ်ပါဟု ပြောလိုလျက် ဆန္ဒဝါသိနီမယား ဖြစ်ပါဟု ပြောခြင်းလည်း ခေတ်တွင်းကျသောကြောင့် ဤအတူတည်း။ (ဤ၌ ဆက်ဆံရမည်သောသော၊ ဝါ၊ ဆက်ဆံပြီး၍ အပြီးစွန့် ထားသော အလံဝစနိယ မိန်းမကိုသာ သိအပ်၏။ ပြောဆေးထိုက်သော မိန်းမ ဟူလို။) ခေတ္တခွဲနေသော နာလံဝစနိယာ=မပြောပေထိုက်သောမိန်းမ၌ အာပတ်မသင့်။ မာတုရက္ခိတာကို ပြောပါဟု စေခိုင်းလျက် ပိတုရက္ခိတာကို၊ ပိတုရက္ခိတာကို ပြောပါဟု စေခိုင်းလျက် မာတုရက္ခိတာကို ပြောအံ့၊ ချွတ်ယွင်း ၏။ ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ ကိုယ်နှုတ်ဖြင့် ဝန်ခံခြင်းသည် ဝန်ခံသည် မည်၏။ ကိုယ်တိုင်စုံစမ်းခြင်း၊ သူတပါးကို စုံစမ်းခိုင်းခြင်းသည် စုံစမ်းသည် မည်၏။ ကိုယ်တိုင်ပြန်ပြောခြင်း၊ သူတပါးကို ပြန်ပြောခိုင်းခြင်းသည် တပည့်ပြန်ပြော သည် မည်၏။ ဤအင်္ဂါသုံးပါးစုံလျှင် သံဃာဒိသိသ်။ နှစ်ပါးဖြင့် ထုလ္လစ္စည်း။ တပါးဖြင့် ဒုက္ကဋ်။ ကျောက်၌ အင်္ဂါသုံးပါးဖြင့် ထုလ္လစ္စည်း၊ နှစ်ပါးတပါးဖြင့် ဒုက္ကဋ်။ ။သံဃကိစ္စ၊ စေတီကိစ္စ၊ ဂိလာနကိစ္စဖြင့် သွားအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။ သီလဝိပတ္တိ၊ အောင်ကမန်သွား လာတိုက်သူကို၏ ဗျာပါတ် ဖြစ်ခြင်း၊ အလံဝစနိယ မိန်းမဖြစ်ခြင်း၊ ဝန်ခံခြင်း၊ စုံစမ်းခြင်း၊ ပြန်ပြောခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။သမုဋ္ဌာန် ခြောက်ပါးရှိသောကြောင့် ဆသမုဋ္ဌာန်။

(သဒ္ဒါသမ္ဗိ။ ၅၀။) ကြိယ၊ နောသညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိဝေဒန သိက္ခာပုဒ် ဖြစ်၏။

**ဆသမုဋ္ဌာန်ဖြစ်ပုံ။** ။သိက္ခာပုဒ်ကိုရင်း၊ အလံဝစနီယ မိန်းမဖြစ်ခြင်းကိုရင်း မသိသော ရဟန်းသည် စေခိုင်းသည်ကို ကိုယ်ဖြင့်ဝန်ခံ၍ ကိုယ်ဖြင့်စုံစမ်း၍ ကိုယ်ဖြင့်သာ ပြန်၍ပြောအံ့၊ ကာယကြောင့် အာပတ်သင့်၏။ ဤမည်သော မိန်းမလာလျှင် ပြောပေးပါဟု စေခိုင်းသည်ကို ကောင်းပြီဟု နှုတ်ဖြင့်ဝန်ခံ၍ ထိုင်နေစဉ် ထိုမိန်းမ ရောက်လာသဖြင့် နှုတ်မြွက်စုံစမ်း၍ တဖန် ထိုလူလာသောအခါ နှုတ်ဖြင့် ပြန်ပြောအံ့၊ ဝါစာကြောင့် အာပတ်သင့်၏။ တနည်း—နှုတ်ဖြင့်ဝန်ခံ၍ ကိစ္စတပါးဖြင့် ထိုအိမ်သို့ ရောက်သောအခါဖြစ်စေ၊ အရပ်တပါး သွားသောအခါဖြစ်စေ တွေ့ရာ၌ နှုတ်ဖြင့်စုံစမ်း၍ ကိစ္စတပါး ဖြင့်ပင် ပြန်လာသောအခါ တနေရာတွင် ထိုလူကိုတွေ့၍ နှုတ်ဖြင့်ပြန်ပြောအံ့၊ ဝါစာကြောင့်သာတည်း။ (ဤသိက္ခာပုဒ်၌ မသိသော ရဟန္တာသည် အဖ၏ စကားကို ကိုယ်နှုတ်ဖြင့်ဝန်ခံ၍ အပြတ်အစဲ ထွက်ခွာသွားသော အမိကို ဒကာကြီးကို ပစ်ထားပါနှင့် ပြန်၍ လုပ်ကျွေးပါဟု ပြောဆိုစုံစမ်း၍ ဒကာကြီးထံ ပြန်ပြောအံ့၊ ကာယဝါစာကြောင့် အာပတ်သင့်၏။) ဤကား အစိတ္တက သမုဋ္ဌာန် သုံးခုတည်း။ သိက္ခာပုဒ်ကိုရင်း၊ အလံဝစနီယ ဖြစ်ခြင်းကိုရင်း သိသော ရဟန်းဖြစ်အံ့၊ ထိုသုံးနည်းဖြင့် သစိတ္တကသမုဋ္ဌာန်သုံးခုကို ဖြစ်စေနိုင်၏။ (ရဟန္တာအားလည်း ဤသံဃာဒိသိသ် သင့်သည်။)

**မိန်းမနှစ်ကျိပ်။** ။ပါဠိတော်၌ မိန်းမဆယ်ယောက်၊ မယားဆယ်ယောက်ဖြင့် အောင်တပန် သွားလာခြင်းကို ဝေဖန်သည်။ မာတုရက္ခိတာ =အမိစောင့်သော မိန်းမ၊ ပိတုရက္ခိတာ=ဖခင်စောင့်သော၊ မာတာပိတုရက္ခိတာ=မိဘစောင့်သော၊ ဘာတိရက္ခိတာ=အမည်မစောင့်သော၊ ဘာတုရက္ခိတာ =မောင်ကြီးမောင်ငယ် စောင့်သော၊ ဉာတိရက္ခိတာ=ဆွေမျိုးစောင့်သော၊ ဂေါတ္တရက္ခိတာ=အနွယ်စောင့်သော၊ ဓမ္မရက္ခိတာ=တရားကျင့်ဖော်တို့စောင့် သော၊ သပရိဒဏ္ဍာ=ဒဏ်ထားသောမိန်းမ၊ သာရက္ခာ=မှန်းထားသော၊ ဝါ၊ အစောင့်ထားသော မိန်းမ(၁၀)၊ ဓနက္ကီတာ=ဥစ္စာဖြင့်ဝယ်သော မယား၊ ဆန္ဒဝါသိနီ=အလိုအတိုင်းနေသော မယား၊ ဘောဂဝါသိနီ=စည်းစိမ်ကြောင့် နေသော၊ ပဋဝါသိနီ=အဝတ်ကြောင့်နေသော၊ ဩဒပတ္တကိနီ=ရေခွက်၌

လက်ချ၍ ယူသော၊ သြဘာတစ်စုံမွတာ=ခေါင်းခုချစေ၍ယူသော၊ ဓော်ဟတာ=နိုင်ငံတပါးမှ သုံ့ပန်းဖမ်းလာသော၊ ကမ္မကာရီဘရိယာ=အခစားအမှုလုပ်သောမယား၊ ဒါသီဘရိယာ=ကျွန်ဖြစ်သောမယား၊ မုဟုတ္တိကာ=တခဏမျှပေါင်းသောမယား(၁၀)၊ ဤကား မိန်းမနှစ်ကျိပ်တည်း။

မာ၊ ပိ၊ မာပိ(၃)၊ ဘနှင့်၊ ဘာ (၂) ဉာ၊ ဂေါ၊ ဓမ်၊ သ၊ သာ(၅)။
ဓ၊ ဆန်၊ ဘော၊ ပ(၄)၊ သြ၊ သြ၊ ဓံ(၃)၊ ကမ္မ၊ ဒါ၊ မုဟာ(၃)။
သဉ္စရိတ္တံ၊ အောင်တမန်၊ ရှောင်ရန် နှစ်ကျိပ်လာ။

ဤတွင် ရှေ့ရှစ်ယောက်၌ ယောကျာ်းသာ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်၊ သူတို့ မထိုက်။ နောက် ၁၂-ယောက်၌ ယောကျာ်းလည်းထိုက်၊ သူတို့လည်းထိုက်။ သဉ္စရိတ္တကား ၂၀-လုံးထိုက်သည်။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်၊ ရှင်ဥဒါယိသည် သာဝတ္ထိ၌ ကုလုပကဖြစ်၏။ သားပျို သမီးပျိုတို့ကိုမြင်လျှင် မိဘတို့ထံ ချဉ်းကပ်၍ ဤသူငယ်နှင့် ဤသူငယ်မ သင့်တော်သည်၊ ထိမ်းမြားကြဟု ဆို၏။ အကျွန်ုပ်တို့ မပြောဝံ့ပါဟု ဆိုလျှင် ကိုယ်တိုင်စေ့စပ်ပေးလေ့ရှိ၏။ အခါတပါး ရွာတပါးမှ အာဇီဝက တပည့်တို့သည် သတို့သားအတွက် ဟူးရားကတော်၏သမီးကို လာတောင်းကုန်၏။ မရသဖြင့် ရှင်ဥဒါယိကို တောင်းခိုင်းကုန်၏။ ရှင်ဥဒါယိသည် ဟူးရားကတော်ထံသွား၍ ဤသူတို့ကို ငါသိသည်၊ သင့်တော်သည်၊ ထည့်လိုက်ဟုဆို၍ ထည့်စေ၏။ နောက် တလကျော်သောအခါ သတို့သမီးထံမှ “မိခင်၊ အကျွန်ုပ်ကို အမြန်လာခေါ်ပါ။ အာဇီဝကတို့သည် တလခန့်သာ ချွေးမအဖြစ်ဖြင့်ထား၍ နောက်၌ ကျွန်အဖြစ်သာ ထားကြသည်”ဟု မှာကြားလိုက်၏။ မိခင်လိုက်သွားသောအခါ ငါတို့သည် ရဟန်းနှင့်သာ အပေးအယူဆက်ဆံကြသည်၊ သင့်ကိုမသိဟု မောင်းမဲကုန်၏။ ရှင်ဥဒါယိလိုက်သွားသောအခါ ဟူးရားကတော်နှင့်သာ အပေးအယူရှိသည်၊ ရဟန်းဟူသည် ဤလင်ရရ နေသင့်သည်၊ သင့်ကို မသိဟု မောင်းမဲကုန်၏။ ဒုတိယအကြိမ် မှာကြားပြန်သောအခါ ရှင်ဥဒါယိထံသွား၍ လျှောက်၏။ ဒါယိကာမကြီးသာ သွားပါ၊ ငါ့ကို မောင်းမဲကြသည်၊ ငါမသွားလိုဟု ဆို၏။ ဟူးရားကတော်သည် ငါ့သမီး ဆင်းရဲသလို ရှင်ဥဒါယိ ဆင်းရဲပါစေဟု ကျိန်ဆဲ၏။ ထိုမှကပါး ရှင်ဥဒါယိ

ဆက်သွယ်ပေး၍ ဆင်းရဲသော သတို့သမီးတို့သည် ငါတို့ဆင်းရဲသလို ရှင်ဥဒါယီ ဆင်းရဲပါစေဟု ကျိန်ဆဲကုန်၏။ချမ်းသာသော သတို့သမီးတို့ကား ငါတို့ ချမ်းသာသလို ရှင်ဥဒါယီ ချမ်းသာပါစေဟု ဆုတောင်းပတ္ထနာပြုကုန်၏။ ရဟန်းတို့ သိ၍ ကဲ့ရဲ့ကြကုန်၏။ ထို့ကြောင့် ပညတ်သည်။

**အနုပညတ်ဝတ္ထု။** ။အခါတပါး သေသောက်ကြူးတို့သည် ပြည့်တန်ဆာမ တယောက်ကို မြို့ပြင်သို့လိုက်ရန် ခေါ်ကုန်၏။ ခေါ်၍ ပျော်သောအခါ တယောက်က ရှင်ဥဒါယီကို ပြောခိုင်းလျှင် ရလိမ့်မည်ဟု ဆို၏။ ဥပါသကာတယောက် ကြားလတ်သော် အမောင်တို့၊ ဤသို့ မဆိုကြလင့်၊ ပအပ်၊ ရှင်ဥဒါယီ ပြောပေးလိမ့်မည်မဟုတ်ဟု ဆို၍ ပြောလတ္တံ့-မပြောလတ္တံ့ဟု အလောင်းအစားပြုကုန်၏။ သေသောက်ကြူးတို့ သွား၍ ပြောခိုင်းသော အခါ ရှင်ဥဒါယီကြွလာ၍ ငါသိသည်၊ လိုက်သွားဟု ထည့်ပေးလိုက်၏။ ဥပါသကာရှုံး၍ ကဲ့ရဲ့၏။ ထို့ကြောင့် အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

**ဝိနီတဝတ္ထု ၇-ခု။** ။(၁) ယောက်ျားတယောက်သည် ရဟန်းတပါးကို အရှင်ဘုရား၊ ဤမိန်းမကို စုံစမ်းပေးပါဟု ဆို၏။ ရဟန်းသည် သွား၍ ဤမိန်းမ့အဘယ်မှာနည်းဟု လူတို့ကို မေး၏။ အိပ်ပျော်နေသည်ဟု ဆိုကုန်၏။ (မစုံစမ်းရ) ရဟန်း ကုက္ကုစ္စဖြစ်၏။ ချစ်သား၊ သံဃာဒိသိသ်မသင့်၊ ဒုက္ကဋ်ဟု မိန့်တော်မူ၏။ (၂) ထိုမိန်းမ သေပြီဟု၊ (၃) အရပ် တပါး ထွက်သည်ဟု၊ (၄) မိန်းမ မဟုတ်ဟု၊ (၅) ပဏ္ဍုက် ဖြစ်သည်ဟု ဆိုကုန်၏၊ ဒုက္ကဋ်။ (ဤ ငါးဝတ္ထု၌ ဝန်ခံခြင်းမှုကြောင့် ဒုက္ကဋ်)၊ (၆) မိန်းမတယောက်သည် လင်နှင့် ရန်ဖြစ်၍ ပိဘထံ ပြန်သွား၏။ ကုလုပကဆရာ ရဟန်းသည် ပြန်၍ စေ့စပ်ပေး၏၊ ကုက္ကုစ္စဖြစ်၏။ ချစ်သား၊ အလံဝစနီယ မိန်းမလော၊ နာလံဝစနီယာပါ ဘုရား။ နာလံဝစနီယမိန်းမ၌ အနာပတ္တိ။ (မယားမဖြစ် စွန့်အပ်သူမဟုတ်၊ ငြင်းခုံ၍ အိမ်ပြန်သွားသူ ဖြစ်သည်။ ထို့ကြောင့် အနာပတ္တိ)။ (၇) ရဟန်းတပါးသည် ပဏ္ဍုက်၌ အောင်သွယ်ပေး၏၊ ထုလ္လစ္စည်း။ (ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လ စသည်တို့၌ နတ်မ၊ ပြိတ္တာမတို့သည် ထုလ္လစ္စည်းဝတ္ထုသာတည်း)။

**၆-ကုဋိကာရ။** ။သညာစိကာယ၊ ကိုယ်တိုင်တောင်းအပ်သော အဆောက် အဦဖြင့်။ အဿာမိကံ၊ ဆောက်လုပ်သူ ဒါယကာမရှိ

သော။ အတ္တုဒ္ဒေသံ၊ မိမိဟုဆိုအပ်သော ညွှန်းအပ်သောသူရှိသော။ ကုဋိံ၊ ကုဋိမည်သော ကျောင်းငယ်ကို။ ကာရယမာနေန၊ ပြုစေလိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပမာဏိကာ၊ ပမာဏနှင့်ယှဉ်သော ကုဋိကို။ ကာရေတဗ္ဗာ၊ ပြုစေအပ်၏။ တတြ၊ ထိုကုဋိ၏။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ပမာဏံ၊ ပမာဏတည်း။ ဒီဃသော၊ အလျားမှ။ သုဂတဝိဒတ္ထိယာ၊ မြတ်စွာဘုရား၏ အထွာအားဖြင့်။ ဒွါဒသဝိဒတ္ထိယော၊ ၁၂-ထွာတို့ကို။ (မိနေတဗ္ဗာ၊ အပစွန်း ဖြင့် တာအပ်ကုန်၏။) တိရိယံ၊ အနံမှ။ သတ္တ၊ ခုနစ်ထွာတို့ကို။ အန္တရာ၊ အတွင်းစွန်းဖြင့်။ (မိနေတဗ္ဗာ၊ တာအပ်ကုန်၏။) ဘိက္ခူ၊ ရဟန်းတို့ကို။ ဝတ္ထုဒေသနာယ၊ ကုဋိနေရာကို ပြောကြားစေခြင်းငှာ။ အဘိနေတဗ္ဗာ၊ ပင့်ဆောင် အပ်ကုန်၏။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ အနာရမ္ဘံ၊ (၁၃-ပါး၊ ၁၆-ပါးသော)ဘေးရန်မရှိသော။ သပရိက္ကမနံ၊ (နွားလှည်းဖြင့်)လှည့်လည် လောက်သော ဥပစာရရှိသော။ ဝတ္ထု၊ ကုဋိနေရာကို။ ဒေသေတဗ္ဗံ၊ ပြောကြား အပ်၏။ ဘိက္ခု၊ ရဟန်းသည်။ သာရမ္ဘေ၊ ဘေးရန်ရှိသော။ အပရိက္ကမနေ၊ လှည့်လည်လောက်သော ဥပစာရမရှိသော။ ဝတ္ထုသ္မိံ၊ ကုဋိနေရာ၌။ သညာစိကာယ။ ကုဋိံ။ စေ ကာရေယျ၊ အကယ်၍ ပြုစေငြားအံ့။ ဝတ္ထုဒေသနာယ။ ဘိက္ခူ ဝါ၊ ရဟန်းတို့ကိုမူလည်း။ စေ အနဘိနေယျ၊ အကယ်၍ မပင့်ဆောင် ငြားအံ့။ ပမာဏံ ဝါ၊ ပမာဏကိုမူလည်း။ စေ အတိက္ကာမေယျ၊ အကယ်၍ လွန်စေငြားအံ့။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ကိုယ်တိုင်ဖြစ်စေအပ်သော မိမိ၏ တောင်းခြင်းသည် သညာ စိကာမည်၏။ လက်သမား၊ လှည်း၊ နွား၊ စူး၊ ဆောက်၊ သစ်၊ ဝါး စသည်ကို ကိုယ်တိုင် တောင်းယူသည်ဟူလို။ ဆောက်လုပ်သူ ဒါယကာ မရှိသော ကျောင်းငယ်သည် ကုဋိမည်၏။ ငယ်ငယ်ကြီးကြီး ဒါယကာမရှိသော ကြောင့် ကျောင်းငယ်ဟု ခေါ်သည်။ ဤသိက္ခာပုဒ်၌ တွင်းပလိမ်းကျံသော ကျောင်းငယ်သည်သာလျှင် ကုဋိမည်၏။ တိုင်၊ ထုပ်၊ လျောက်၊ တံခါးပေါင်၊ လေသာပြူတင်း၊ အခိုးပေါက်၊ လေဝင်ပေါက် စသည်မှတပါး၊ လိမ်းကျံကောင်း သော နေရာတို့ကို နံရံနှင့်အမိုး တစပ်တည်းဖြစ်အောင် အင်္ဂတေဖြင့်ရင်း၊ မြေ ညက်ဖြင့်ရင်း လိမ်းကျံသည်ဟူလို။ အတွင်းသက်သက် လိမ်းကျံလျှင် ဥလ္လိတ္တာ၊ မော့၍လိမ်းကျံသည်။ အပသက်သက် လိမ်းကျံလျှင် အဝလိတ္တာ၊ ငုံ့၍လိမ်းကျံ သည်။ တွင်းပအားလုံးလိမ်းကျံလျှင် ဥလ္လိတ္တာဝလိတ္တာဟု သုံးမျိုးပြား၏။

သုံးမျိုးလုံးပင် အာပတ်ကိုဖြစ်စေနိုင်သည်။ ဤကုဋိသုံးမျိုးသည် ဒါယကာမရှိသော အသာမိက၊ ငါ၏နေစရာ ဝါသာဂါရဟု မိမိတည်းဟူသော ညွှန်းအပ်သူရှိသောကြောင့် အတ္တုဒ္ဒေသမည်၏။ ကိုယ်တိုင်ဆောက်သော်၎င်း၊ သူတပါးကို ဆောက်ခိုင်းသော်၎င်း ကာရယမာနမည်၏။ ဒါယကာမရှိခြင်း၊ ပမာဏရှိခြင်းသည် ကုဋိ၏လက္ခဏာဖြစ်သည်။ ပမာဏကား ဘုရားအထွာဖြင့် အလျား ၁၂–ထွာဖြစ်၏။ အနံကား ၇–ထွာအတွင်း ခွင်ကျဖြစ်၏။ အနံ ၇–ထွာအတွင်းဟု ဆိုခြင်းဖြင့် အလျား ၁၂-ထွာကို အပဟု သိသာ၏။ ဘုရားတထွာသည် မဇ္ဈိမပုရိသ သုံးထွာဖြစ်၏။ လက်သမားတောင်အားဖြင့် တတောင့်ထွာဟု ခေါ်သည်။ (ပကတိပုရိသ လေးထွာခွဲဖြစ်၏။)

ဘုရားတထွာ၊ မဇ်သုံးထွာ၊ တို့မှာလေးထွာခွဲ။

(တို့မှာ ခေါက်ချိုးတက်၊ တို့မှာထက်ဝက်တိုး၊ စသည်ဖြင့်လည်း ဆိုအပ်၏)

ကုဋိပမာဏ အလျား ၁၂-ထွာသည် မဇ္ဈိမ ၃၆-ထွာ၊ ပကတိ ၅၄-ထွာ၊ (ဝါ၊ ၂၇–တောင်) အနံ ၇-ထွာသည် မဇ္ဈိမ ၂၁–ထွာ၊ ပကတိ ၃၁-ထွာခွဲ၊ (ဝါ ၁၅–တောင်တထွာ၊ ၆·သစ်)အလျားပြင်ပနံရံစွန်း၌ အောက်ခံမြေကြမ်းစွန်းကို မယူမူ၍ အထက်မြေချောစွန်းဖြင့် နိုင်းယှဉ်ရသည်။ မြေချောအထက် ဆေးဖြူသုတ်ခြင်း စသည်ကား အဗ္ဗောဟာရိက ဖြစ်သည်။ မြေချောမလိမ်း၊ မြေကြမ်းစွန်းဖြင့်သာ ပြီးစေအံ့၊ မြေကြမ်းစွန်းဖြင့်သာ နိုင်းယှဉ်ရသည်။ အနံပမာဏကို နံရံပြင်ပ၌ မယူမူ၍ အတွင်း၌ယူရသည်။ အလျားလျော့၍ အနံတိုးခြင်း၊ အနံလျော့၍ အလျားတိုးခြင်းတို့၌ အချည်ဖျားမျှလည်း မအပ်။ အလျားအတောင် ၆၀-ရှိသော်သည်း အနံလေးတောင်မပြည့်လျှင် အပ်၏။ ပမာဏယုတ္တ ညောင်စောင်းမလှည့်နိုင်သောကြောင့် ကုဋိမမည်။ ဤစကားဖြင့် ကုဋိပမာဏ အငယ်ဆုံးသည် အလျား လေးတောင်၊ အနံလေးတောင်ဟု ပြသည်။ (ပမာဏယုတ္တညောင်စောင်းကား ကင်္ခါဋီကာသစ်၌–ပမာဏယုတ္တောတိ ပကတိဝိဒတ္ထိယောဟု ဆိုသည်။ ပကတိ ကိုးထွာရှိသည်။ ယို့ကြောင့် ကုဋိအငယ်ဆုံး လေးတောင်သည် မဇ္ဈိမဖြစ်၍ ပကတိ ခြောက်တောင်ဟု သိအပ်၏။ ကိုးထွာ ညောင်စောင်း လှည့်နိုင်၏။) ကုဋိနေရာကြားပုံကား – ကုဋိဆောက်လိုသော ရဟန်းသည် ကုဋိနေရာကို သုတ်သင်၍ သံဃာကို နေရာကြည့်ရှုရန် သုံးကြိမ်တောင်းပန်၍ ပင့်ဆောင်ရသည်။ သံဃာအားလုံး သွား၍ကြည့်အပ်၏။ စွမ်း

နိုင်သော ရဟာန်းနှစ်ပါး သုံးပါးကို သမုတ်၍သော်လည်း ကြည့်စေအပ်၏။ ကြည့်ရှုသော ရဟန်းတို့သည် ဘေးရန်ရှိအံ့၊ ဥပစာရရှိအံ့၊ ဤ၌ မနေဆောက်နှင့်ဟု ပြောအပ်၏။ ဘေးရန်မရှိအံ့၊ ဥပစာရရှိအံ့၊ သံဃာထံ ပြန်ပြောအပ်၏။ ထိုရဟန်းသည် တဖန် သံဃာထံ နေရာပြောကြားရန် သုံးကြိမ် တောင်းပန်အပ်၏။ သံဃာသည် ဉတ္တိဒုတိယကံဖြင့် နေရာပြောကြားအပ်၏။ အပလောကနကံဖြင့် မပြောကြားအပ်။ ဤ၌ ပိုးရွတို့၏နေရာ စသော ၁၃-ပါး၊ ၁၆-ပါး သော ဘေးရန်တို့မှ လွတ်သောနေရာသည် အနာရမ္ဘမည်၏။ ဘေးရန်မလွတ်လျှင် သာရမ္ဘမည်၏။ နွားနှစ်ကောင်-လေးကောင်ကသောလှည်းဖြင့် ဥပစာရရှိသောနေရာသည် သပရိက္ကမနမည်၏။ ဝန်းကျင်ပတ်လည် လှေကားထောင်၍ မိုးနိုင်အောင် ဥပစာရ ရှိရမည်ဟူလို။ ဥပစာရ မရှိလျှင် အပရိက္ကမနမည်၏။ သာရမ္ဘဖြစ်အံ့၊ ဒုက္ကဋ်။ အပရိက္ကမနဖြစ်အံ့၊ ဒုက္ကဋ်။ နေရာမကြားစေအံ့၊ သံဃာဒိသိသ်။ ပမာဏလွန်အံ့၊ သံဃာဒိသိသ်။ (ဒုက်—နှစ်ချက်၊ သံ— နှစ်ချက်)။

**သညာစိကမှတ်ဖွယ်။** ။သူတပါး သိမ်းဆည်းသော ပစ္စည်းကို အရင်းပြုတ် မတောင်းအပ်၊ ခေတ္တသာ အပ်သည်။ အဖော်အလိုငှာ ဖြစ်စေ၊ ပြုသင့်သော အမှု ပြုခြင်းငှာဖြစ်စေ၊ ပုရိသံ ဒေထဟုဆိုလျှင် အပ်၏။ ပုရိသတ္တကရံ ဒေထ၊ ဟတ္ထကမ္မံ ဒေထ-ဟု လက်သမားစသည်တို့ပြုအပ်သော လက်အမှုကို တောင်းလျှင်လည်းအပ်၏။ဟတ္ထကမ္မသည် တစုံတခုသော ပစ္စည်း မဟုတ်သောကြောင့် အဘယ်ကိုအလိုရှိသနည်းဟု မေးသော်ငင်း၊ မမေးသော်ငင်း တောင်းအပ်၏။ ဝိညတ်အပြစ်မရှိ၊ မုဆိုးစသည်တို့အားကား သကကမ္မကို ပေးပါဟု မတောင်းအပ်။ အမဲသတ်၍ ပေးကုန်ရာ၏။ ကျောင်း၌ပြုဖွယ်ရှိ၍ ဟတ္ထကံကို ပေးပါဟု မှတ်၍တောင်းရသည်။

**ဘေးရန် ၂၉-ပါး။** ။ပိုးရွတို့၏ အမြဲနေရာ၊ ခြတို့၏၊ ကြွက်၊ မြွေ၊ကင်း၊ ပုစွန်၊ ကင်းခြေများတို့၏ အမြဲနေရာ၊ ဤခြောက်ပါးသည် သတ္တဝါငယ်တို့ကို သနားသဖြင့် ကုဋီမပြုရဟု ပယ်အပ်သောနေရာ ဖြစ်၏။

ဆင်တို့၏ အမြဲနေရာ၊ အမြဲကျက်စားရာ၊ မြင်းတို့၏၊ ခြသေ့်၊ ကျား၊ ကျားသစ်၊ ဝံ၊ အောင်းတို့၏ အမြဲနေရာ၊ ဝါ၊ အမြဲကျက်စားရာ ဤ ခုနစ်ပါးသည်

ဘေးရန်ကြောင့် ပယ်အပ်သောနေရာဖြစ်၏။ တပါးသော သားရဲတို့၏နေရာကိုလည်း ဤအတူ ပယ်ရသည်။

ကောက်ခင်းကို မှီသောနေရာ၊ ပဲခင်းကို မှီသောနေရာ၊ ခိုးသူသတ်ရာအိမ်၊ လက်ခြေဖြတ်စရာ စဉ်းနှီတုံး ထားရာအိမ်၊ (၄)၊ သုသာန်၊ ဥယျာဉ်၊ မင်းဆရာ၊ ဆင်တင်းကုပ်။ (၄)၊ မြင်းတင်းကုပ်၊ နှောင်အိမ်၊ သေတင်းကုပ်၊ အမဲသတ်ရုံ၊ (၄)၊ ခရီးရှည်၊ ခရီးဆုံး၊ သဘင်၊ ထုတ်ချင်းမပေါက်သော ခရီးကို မှီသောနေရာ၊(၄)။ ဤ ၁၆-ပါးသည် အနှောင့်အယှက်များ၍ ပယ်အပ်သောနေရာဖြစ်၏။

အဆုံးအဖြတ်။ ။အာဋဝီပြည်၌ အာဋဝီတိုင်းသား ရဟန်းများ ကိုယ်တိုင်တောင်းခြင်းဖြင့် ကုဋီကျောင်းငယ်ပြုလုပ်ခြင်းကြောင့် ပညတ်၏၊ အသာဓာရဏ။ သာဏတ္တိက။ နေရာမကြား ပမာဏလွန်ပြုမည်ဟု သစ်ဝါးအတွက် တောသို့သွားသည်မှစ၍ ပယောဂအားလုံးတို့၌ ဒုက္ကဋ်။ မြေစိုင်နှစ်ခုလိမ်းကျံခြင်းဖြင့် ပြီးတော့မည်ဖြစ်သောအခါ ပဌမမြေစိုင် အပြီးတွင် ထုလ္လစ္စည်း။ ဒုတိယ မြေစိုင်အပြီးတွင်၊ ဝါ၊ လိမ်းကျံခြင်းစပ်လျှင် နေရာမကြားသော ကုဋီ၌ သံဃာဒိသိသ်တချက်၊ ဒုက္ကဋ်နှစ်ချက်။ ပမာဏလွန်သော ကုဋီ၌ ထို့အတူ သံ-တချက်၊ ဒုက်-နှစ်ချက်။ နေရာမကြား၊ ပမာဏလွန်၌ သံ-နှစ်ချက်၊ ဒုက်–နှစ်ချက်။ တံခါးရွက်၊ လေသာတံခါးရွက်တို့ကို မထားမီ မြေလိမ်းကျံအံ့၊ စောင့်သေး၏။ ထားပြီးသော်လည်း တံခါးရွက်နှင့် လိမ်းကျံခြင်း မစပ်သေးလျှင် စောင့်သေး၏၊ တဖန်လိမ်းကျံ၍စပ်ကာမျှ၌ သံဃာဒိသိသ်။ တံခါးထားသောအခါ အကြားမရှိ တစပ်တည်းတည်အောင်ဟု တံခါးမထားမီကပင် အပြီးလိမ်းကျံခြင်း၌လည်း သံဃာဒိသိသ်။ သာရမ္ဘသက်သက်၌ ပြုအံ့၊ အပရိက္ကမနသက်သက်၌ပြုအံ့၊ ဒုက္ကဋ်။ ။ပြု၍မပြီး မီ ကုဋီကို သူတပါးအား ပေးအံ့၊ မပြီးမီ မြေနှင့်ညီအောင်ဖျက်အံ့၊ လိုဏ်၊ ဂူ၊ မြက်သက်ကယ်မိုးကျောင်း၊ သစ်ရွက်မိုးကျောင်းပြုအံ့၊ သူတပါးနေခြင် ၎ာ ပြုပေးအံ့၊ ဝါသာဂါရမဟုတ်သော ဥပုသ်အိမ် စသည်ပြုအံ့။ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ (တံခါးရှိလျှင် လိုဏ်၊ တောင်ဂူသက်သက်ကား ဂူမည်၏။) သီလဝိပတ္တိ၊ ဥလ္လိတ္တ စသောသုံးခုတွင် တခုခုဖြစ်ခြင်း၊ အယုတ်ဆုံး ပမာဏ (လေးတောင်) ရှိခြင်း၊ နေရာမကြားခြင်း၊ ပမာဏလွန်ခြင်း၊ မိမိဟူသော ညွှန်အပ်သူရှိခြင်း။

ဝါသာဂါရ=နေရာကျောင်းဖြစ်ခြင်း၊ စပ်လိမ်းကျံခြင်း။ဤကား အင်္ဂါ ၆-ပါး ၇-ပါးတည်း။ ဆသမုဋ္ဌာန်၊ ဝါ၊သဉ္စရိတ္တ သမုဋ္ဌာန်။ ရံခါကြိယ။ ရံခါအကြိယ နေရာကြားစေ၍ ပမာဏလွန်အောင် ပြုလျှင် ကြိယာသမုဋ္ဌာန်ဖြစ်၏။ အင်္ဂါ ၆-ပါးသာရှိ၏။ နေရာမကြားစေပဲ ပမာဏအညီပြုလျှင် အကြိယ၊ အင်္ဂါ ၆-ပါးပင်တည်း။ နေရာမကြား၊ ပမာဏလွန်ပြုလျှင် ကြိယာကြိယ၊ အင်္ဂါ ၇-ပါးဖြစ်၏၊ အကြွင်းသဉ္စရိတ္တနှင့် တူ၏။

**ဝတ္ထု။** ။အာဠဝီ အဂ္ဂါဠဝစေတီ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူသောအခါ အာဠဝီဘိုင်းသား ရဟန်းကိုယ်တိုင် တောင်းခြင်းဖြင့် ဒါယကာမရှိသော ကုဋိကို ပြုကုန်၏။ မပြီးနိုင်သဖြင့် လူပေးပါ၊ နွားပေးပါ၊ ပဲခွပ်ပေးပါ စသည်ဖြင့် အတောင်းများကုန်၏။ လူတို့သည် ရဟန်းတို့ကိုမြင်လျှင် ကြောက်လန့်၍ ပြေးကုန်၏။ တံခါးကို သော်လည်း ပိတ်၍ပုန်းကုန်၏။ အဝေး၌ နွားတို့ကိုပင် ရဟန်းဆင်၍ တံခါး ပိတ်ကုန်၏။ ထိုအခါ ရှင်မဟာကဿပသည် အာဠဝီသို့ ရောက်လာ၍ နံနက် ဆွမ်းခံဝင်၏။လူတို့သည် ရှင်မဟာကဿပကို မြင်လျှင် တံခါးပိတ်ကုန်၏။ ဆွမ်း ကိစ္စပြီးသောအခါ အာဠဝီရဟန်းတို့ထံ သွား၍ ငါ့ရှင်တို့၊ရှေးအခါ အာဠဝီ၌ ဆွမ်းရလွယ်သည်၊ ယခု မလွယ်ဟု အကြောင်းကိုမေး၏။ ထိုအကြောင်းကို လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ အာဠဝီသို့ ကြွလာ၍ အဂ္ဂါဠဝစေတီ၌ နေတော်မူ၏။ ရှင်မဟာကဿပသည် မြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို လျှောက်၏။ ထိုရဟန်းတို့ကို ခေါ်၍ မေးပြီးလျှင် ဤသို့ မိန့်တော်မူ၏။

**အတိတ်နဂါး ဝတ္ထု။** ။ချစ်သားတို့၊ ရှေးအခါ ရသေ့ညီနောင်နှစ်ယောက် ဂင်္ဂါမြစ်အနီး၌ နေထိုင်ကြ၏။ မဏိကဏ္ဍနဂါးမင်း သည် ရသေ့ငယ်ထံ လာ၍ ခုနစ်ပတ်ခွေ၍ ပါးပျဉ်းအုပ်ကာ နေ၏။ ရသေ့ သည် ကြောက်သန့်၍ ပိန်းချုံး၏။ ဤသို့ ပြုဖန်များလတ်သော် တနေ့၌ နဂါးမင်းကို သင့်လည်ပင်းက ပတ္တမြား ငါ့ပေးပါဟု ဆို၏။ နဂါးမင်းသည် ချက်ချင်းပြန်သွား၏။ နောက် လာတိုင်းတောင်းလတ်သော် ရှင်ရသေ့၊ ဤပတ္တမြားကြောင့် စည်းစိမ်ကြီး ငါခံစားရသည်၊ သင်တောင်းလွန်းသည်၊ နောင်မလာတော့ပြီဟု ဆို၍ ဖဲခြင်းကြီး ဖဲသွားလေ၏။ ချစ်သားတို့၊ တောင်း ခြင်းကို တိရစ္ဆာန်ပင် မနှစ်သက်။ လူတို့မှာ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

ငှက်ဝတ္ထု။ ။ချစ်သားတို့၊ ရှေးအခါ ရဟန်းသည် ဟိမဝန္တာ၌ နေ၏။ ထိုအနီးတွင် ညွန်အိုင်ကြီးကို စားကျက်ပြု၍ ငှက်များစွာ နေကြ၏။ငှက်သံကြောင့် ထိုရဟန်းသည် များစွာဆင်းရဲ၏။ ထိုအခါ အို-ငှက်တို့၊ ငါ့အား အတောင်တခုစီ ပေးကြလော့ဟု ညဦးယံတကြိမ်၊ သန်းခေါင်တကြိမ်၊ နံနက်တကြိမ် နေ့စဉ် အသံပြု၏။ ငှက်အပေါင်းသည် အတောင်ကိုပင် တောင်းသော ရဟန်းဟု ထိုတောအုပ်မှ ဖဲခြင်းကြီး ဖဲသွားကုန်၏။ ချစ်သားတို့၊ တောင်းခြင်းကို ငှက်တို့ပင် မနှစ်သက်၊ လူတို့မှာ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

ရဋ္ဌပါလဝတ္ထု။ ။ချစ်သားတို့၊ ရှေးအခါ ရဋ္ဌပါလသတို့သားအား ဖခင်သူဌေးကြီးက ချစ်သား ရဋ္ဌပါလ၊ များစွာသော လူတို့သည် ငါ့အထံ မကြာမကြာလာ၍ တောင်းကြသည်။သင်ကား အဘယ့်ကြောင့် မတောင်းသနည်းဟု ဆို၏။ ဖခင်၊ တောင်းသူလည်း မုန်းစရာဖြစ်တတ်သည်။ တောင်း၍ မပေးသူလည်း မုန်းစရာဖြစ်တတ်သည်။ ထိုကြောင့် မတောင်းလိုဟု ဆို၏။ ချစ်သားတို့၊ မိဘကိုသော်လည်း ဤသို့ဆိုတုံသေး၏။ တပါးသော သူတို့မှာ အဘယ်ဆိုဖွယ် ရှိအံ့နည်း။

ချစ်သားတို့၊ လူတို့သည် ပစ္စည်းဥစ္စာကို ဆင်းရဲစွာ ရှာဖွေရသည်။ဆင်းရဲစွာ စုဆောင်းရသည်။ ဆင်းရဲစွာ စောင့်ရှောက်ရသည်။ သင်တို့သည် အဘယ့်ကြောင့် အလွယ်တကူ တောင်းရမ်းခြင်း များလျက် နေကြကုန်ဘိသနည်းဟု ကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၇-ဝိဟာရကာရ။ ။သညာစိကာ၊ ဆောက်လုပ်သူ ဒါယကာရှိသော။အတ္တုဒ္ဒေသံ၊ မိမိဟု ဆိုအပ်သော ညွှန်းအပ်သောသူ ရှိသော။ မဟလ္လကံ၊ ကြီးစွာသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရယမာနေန။ဘိက္ခုနာ။ ပဏ္ဍုဒေသနာယ၊ ကျောင်းနေရာကို ပြောကြားစေခြင်းငှာ။ ဘိက္ခူ။ အဘိနေတဗ္ဗာ။ တေဟိ ဘိက္ခူဟိ။အနာရမ္ဘံ။ သပရိက္ကမနံ။ ဝတ္ထုံ၊ ကျောင်းနေရာကို။ ဒေသတဗ္ဗံ။ ဘိက္ခု။ သာရမ္ဘေ။ အပရိက္ကမနေ။ ဝတ္ထုသ္မိံ။ မဟလ္လကံ။ ဝိဟာရံ။ စေ ကာရေယျ။ ဝတ္ထုဒေသနာယ။ ဘိက္ခူ ဝါ။ စေ အနဘိနေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ဒါယကာရှိသောကျောင်း၊ကုဋီထက်ကြီးသော ကျောင်းသည် **သဿာမိက** မည်၏၊ မဟလ္လက မည်၏။ ဒါယကာရှိခြင်း၊ ကုဋီထက် ကြီးခြင်းသည် ဝိဟာရ၏လက္ခဏာတည်း။ ကျောင်းနေရာကို ပြောကြား စေပြီးလျှင် ပမာဏလွန်၍သော်လည်း ပြုအပ်၏။ ဒါယကာ ရှိသောကြောင့် ပမာဏလွန်ခွင့် ရသည်။ အင်္ဂါ တူပြီ။ ဒါယကာရှိခြင်းသာ ထူးသည်။ ထိုကြောင့် ပမာဏလွန် သံဃာဒိသိသ်မရှိ၊ ဒုက်-နှစ်ချက်၊ သံ-တချက်။

**အဆုံးအဖြတ်။** ။ကောသမ္ဗီပြည်၌ ရှင်ဆန္န ကျောင်းဆောက်ရန် ကျောင်း နေရာတွင် အများပူဇော်သော သစ်ပင်ကို ဖြတ်လှဲစေ ခြင်းကြောင့် ပညတ်၏။ အကြိယမျှသာ ယမင္ဒာန်ရှိ၍ သံဃာဒိသိသ်တခုသာ သင့်၏။ ဤဝိဟာရလည်း ကုဋီကဲ့သို့ ဥလ္လိတ္တ စသည်ဖြင့် သုံးမျိုးပြား၏။ (ကဲခါင်္ဂမှာသစ်၌ ကျောင်းနေရာ မကြားစေ၍ အာပတ်သင့်သောကြောင့် အကြိယသာတည်း။ ကြိယမရှိ။ ကေစိတို့ကား နေရာမကြားစေပဲ ဆောက်စေ သဖြင့် အာပတ်သင့်သောကြောင့် ကြိယာကြိယဟု ဆိုကုန်၏။ ပမာဏရှိခြင်း လည်း ထူး၏ဟု ဆိုသည်။)

**ဝတ္ထု။** ။ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ မြတ်စွာဘုရား နေတော် မူသောအခါ ရှင်ဆန္န၏ ဒါယကာသည် ကျောင်းဆောက်လို၍ ကျောင်းနေရာ ရှာဖွေပါဟု လျှောက်၏။ ရှင်ဆန္နသည် ကျောင်းနေရာ သုတ်သင်ခြင်းငှာ ရပ်သူရွာသား အများပူဇော်သော စေတီဟု သမုတ်အပ် သော သစ်ပင်ကြီးကို လှဲစေ၏။ အဘယ့်ကြောင့် စေတီကို ဖျက်သနည်း၊အသက် တခုကို ညှဉ်းဆဲရသလောဟု လူတို့ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။ (ထိုလူတို့သည် သစ်ပင်ကိုရင်း၊ မြေကြီးကိုရင်း အသက်ရှိသည်ဟု မှတ်ထင် စွဲလမ်းကုန်သတတ်။)

**၈-ဒုဋ္ဌဒေါသ။** ။ယော ပန ဘိက္ခု။ ဒုဋ္ဌော၊ ဒေါသနှိပ်စက်သည် ဖြစ်၍။ ဒေါသော၊ အမျက်ထွက်သည်ဖြစ်၍။ အပ္ပတီတော၊မနှစ်မြို့ သည်ဖြစ်၍။ ဘိက္ခုံ၊ ရဟန်းကို။ အမူလကေန၊ အရင်းမရှိသော။ ပါရာဇိကေန ဓမ္မေန၊ ပါရာဇိက အာပတ်ဖြင့်။ အနုဒ္ဓံသေယျ၊ စွပ်စွဲငြားအံ့။ နံ၊ ထိုရဟန်းကို။ ဣမမှာ ပြဟ္မစရိယာ၊ ဤသာသနာတော်မှ။စာဝေယျံ၊ ရွေ့လျောစေရမူကား။

အပွေဝနာမ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့ ရွှေလျော့စေလိုခြင်းဖြင့်။ အနုဒ္ဓံသေယျ။ တတော၊ ထိုစွပ်စွဲပြီးသည်မှ။ အပရေန။ သမယေန။ သမနုဂ္ဂါဟိယမာနေ ဝါ။ တံအဓိကရဏံ၊ ထိုပါရာဇိကာ အာပတ်ဟူသော အဓိကရဏသည်။ အမူလကဥ္စေဝ၊ အရင်းမရှိသည်လည်း။ ဟောတိ။ ဘိက္ခုစ၊ ရဟန်းသည်လည်း။ ဒေါသံ၊ မိမိအပြစ်ကို။ ပတိဋ္ဌာတိ၊ ဝန်ခံ၍ တည်၏။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။အမျက်ထွက်သူသည် ပကတိသဘောကင်းအောင် ဒေါသ၏ အနှိပ်စက်ခံရသောကြောင့် ဒုဋ္ဌမည်၏။သူတပါးကို ဖျက်ဆီးတတ်သောကြောင့် ဒေါသလည်း မည်၏။ ပီတိသုခ စသည်တို့မှ ကင်းသောကြောင့် အပ္ပတီတလည်း မည်၏။ စောဒက၏ မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှားခြင်းသည် အရင်းမူလမည်၏။ ထိုမူလသုံးမျိုးကင်းသော ဝါရာဇိက အာပတ်သည် ဤ၌ အမူလကမည်၏။ ထိုပါရာဇိကာသို့ စုဒိတကပုဂ္ဂိုလ်ရောက်ခြင်း၊ မရောက်ခြင်းကား ပမာဏမဟုတ်။ ဤ၌ မိမိကိုယ်တိုင် ပသာဒစက္ခု၊ ဒိဗ္ဗစက္ခုဖြင့်မြင်ရသော အာပတ်သည် ဒိဋ္ဌ၊ မမြင်လျှင် အဒိဋ္ဌ၊ သူတပါးပြောသည်ကို ပသာဒသောတ၊ ဒိဗ္ဗသောတဖြင့် ကြားရသော အာပတ်သည် သုတ၊ မကြားလျှင် အသုတ၊ မိမိ သူတပါးမြင်၍၊ ကြား၍၊ တွေးဆ၍ စိတ်သင်္ကာရှိသော အာပတ်သည် ပရိသင်္ကိတ၊ သင်္ကာမရှိလျှင် အပရိသင်္ကိတ၊ ဤသို့ ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတရှိခြင်းသည်သာ ပမာဏဖြစ်သည်။

အမူလကဖြစ်သော စွပ်စွဲကြောင်း ပါရာဇိကာသည် လေးပါးဖြစ်၏။ ဝါ၊ ၂၄-ပါးတို့တွင် ဘိက္ခုအနုလောမ ၁၉-ပါး ဖြစ်၏။ (ဘိက္ခုနီအနုလောမကို စိစစ်နိုင်ရမည်။) ဤပါရာဇိကာ လေးပါး၊ ၁၉-ပါးဖြင့် နှိပ်စက်၍ မျက်မှောက်ဆိုခြင်းသည် အနုဒ္ဓံသေယျမည်၏။ စွပ်စွဲသည်မည်၏။(စွပ်စွဲပုံလေးပါး နောက်ဆိုလတ္တံ့။) အပွေဝနာမ နံ စသည်သည် စောဒက၏ အလိုဆန္ဒအဓိပ္ပာယ်ဖြစ်၏။ သာသနာမှ ရွှေလျော့အောင် ငါပြုလိုသည်၊ ပြုနိုင်လျှင် ကောင်းလေစွဟု စာဝနာဓိပ္ပာယဖြင့် စွပ်စွဲသည်ဟူလို။ (အဓိပ္ပာယရှစ်မျိုး နောက်ဆိုလတ္တံ့။) နောက်၌ အနုဝိဇ္ဇကဝိနည်းဓိုရ်က သင် အဘယ်ကို မြင်သနည်း စသည်ဖြင့် မေးသော်၎င်း၊ မမေးသော်၎င်း စွပ်စွဲသော ရဟန်းသည် မိမိအပြစ်ကို ဝန်ခံသည်ဟု စကားဆက်အပ်၏။ ဤစကားဖြင့် အမူလကအဖြစ် ထင်ရှားသော ကာလကို ပြခြင်းသာ ဖြစ်သည်။ အာပတ်သို့ကား စွပ်စွဲသောခဏ၌ပင် ရောက်

လေပြီ၊ ထိုစွပ်စွဲကြောင်း ပါရာဇိကသည် မြင်ခြင်းစသော အရင်းမရှိသောကြောင့် အမူလကမည်၏။ သမထတို့ဖြင့် ငြိမ်းစေအပ်သောကြောင့် အဓိကရဏလည်း မည်၏။ အဓိကရဏလေးပါးတို့တွင် အာပတ္တာဓိကရဏ ဖြစ်၏။ စွပ်စွဲသော ရဟန်းသည်လည်း ငါ အချည်းနှီး ပြောမိပါသည်ဟု ဝန်ခံ၏။ ထို့ကြောင့် ထိုရဟန်းအား စွပ်စွဲသောခဏ၌ပင် သံဃာဒိသိသ်။

**အဓိကရဏသုံးမျိုး။** ။ဤသိက္ခာပုဒ်၌ အာပတ်သည် သမထဖြင့် ငြိမ်းစေအပ်သောကြောင့် အဓိကရဏ မည်၏။ ဝိဝါဒစသော အဓိကရဏလေးပါး၌ အပါအဝင်ဖြစ်သည်။ (၁) နောက်သိက္ခာပုဒ်၌ အဖို့တပါးရှိသော အညဘာဂိယပုဂ္ဂိုလ်သည် နာမစသည်တို့၏ တည်ရာဖြစ်သောကြောင့် အဓိကရဏ မည်၏။ (၂) နောက်သိက္ခာပုဒ်တခု၌ ဓမ္မာဓမ္မ စသော ဘေဒကရဝတ္ထု ၁၈-ပါးသည် ကွဲပြားကြောင်း ဖြစ်သောကြောင့် အဓိကရဏ မည်၏။ (၃) ငြိမ်းစေအပ်သောအာပတ်၊ ဝါ၊ ဝိဝါဒစသော လေးပါး(၁)၊ အမည်တပါး၏ တည်ရာပုဂ္ဂိုလ်(၂)၊ ကွဲပြားကြောင်း ၁၈-ပါး (၃)ဟု အဓိကရဏသုံးခု သိအပ်၏။

ငြိမ်းစေ၊ တည်ရာ(၂)၊ အကြောင်းမှာ(၁)၊ သုံးဖြာဓိကရဏ။

**စောဒနာလေးပါး။** ။စောဒနာခြင်းသည် ဝတ္ထုသန္ဒဿန၊ အာပတ္တိသန္ဒဿန၊ သံဝါသပဋိက္ခေပ၊ သာမီစိပဋိက္ခေပဟု အကျဉ်းလေးပါးရှိ၏။ သင် မေထုန်မှီဝဲသည်ဟု ဝတ္ထုမျှပြောခြင်းသည် ဝတ္ထုသန္ဒဿန မည်၏။ သင် မေထုန်အာပတ်သို့ ရောက်သည်ဟု အာပတ်ကိုပြောခြင်းသည် အာပတ္တိသန္ဒဿန မည်၏။ သင်နှင့် ဥပုသ်စသော သံဃာ့ကံကို မပြုနိုင်ဟု သံဝါသပယ်ခြင်းကို ဆိုခြင်းသည် သံဝါသပဋိက္ခေပ မည်၏။ ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ ယပ်လေခတ်ခြင်း စသည့်ကို အစဉ်အတိုင်းပြုစဉ် တယောက်သောရဟန်းအား မပြုခြင်းသည် သာမီစိပဋိက္ခေပ မည်၏။ ထိုတွင် ပယ်ခြင်းနောက်နှစ်ပါးသည် စောဒနာသာ မည်သည်။ အာပတ်အပြီးမရောက်။ အဘယ့်ကြောင့် ဤသို့ ပယ်သနည်းဟု မေးသဖြင့် သင် ရဟန်းမဟုတ် စသည်ဖြင့် တွဲစပ်၍ အာပတ်ဝတ္ထုကို ပြမှ အာပတ်အပြီးသို့ ရောက်သည်။

ဝတ္ထုကိုပြ(၁)၊ အာပတ်ဝတ္ထုကိုပြမှ အာပတ်အပြီးသို့ ရောက်သည်။
ကျင့်ဝတ်ပယ်(၁)၊ လေးသွယ်စေဒနာ။
ပယ်ခြင်းငွယ်၊ မပြီးကြ၊ ပြမှပြီးသည်သာ။

သိက္ခာချရာ၌ လက်ဆုပ်ပြခြင်းဖြင့် မရ၊ ဈာန်မဂ်ဖိုလ်ဝါကြွားရာ၊ စွပ်စွဲရာ၌ ရသည်။ ထို့ကြောင့် ရဟန်းတပါး၏အနီး ၁၂-တောင်အတွင်း နေ၍ သင် မေထုန်မှီဝဲသည်၊ ရဟန်းမဟုတ်စသော အဓိပ္ပာယ်ကို လက်ဆုပ်ပြခြင်းဖြင့် သော်လည်း စွပ်စွဲအံ့။ ရဟန်းရှင်တယောက်ယောက်ကိုသော်လည်း စွပ်စွဲခိုင်းအံ့၊ စွပ်စွဲသည် မည်၏။

အဆုံးအဖြတ်။ ။ရာဇဂြိုဟ်ပြည်၌ မေတ္တိယ၊ ဘုမ္မဇက ရဟန်းတို့ အရင်းမရှိ သော ပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် ပညတ်၏။ သာဓာရဏ။ သာဏတ္တိက။ ဥပသမ္ပဒကံဖြင့် ရဟန်းဖြစ်သော စင်ကြယ်သော သုဒ္ဓ ပုဂ္ဂိုလ်ကိုရင်း၊ ပါရာဇိကရောက်သော အသုဒ္ဓပုဂ္ဂိုလ်ကိုရင်း၊ မိမိစွပ်စွဲလိုသော ပါရာဇိကသို့ မရောက်ဟု သိ၊ ရောက်ဟု မသိပဲ ရွှေလျောစေလိုသော စာဝနာ ဓိပ္ပာယဖြင့် စောဒနာအံ့၊ စုဒိတကသည် ငါ့ကို စွပ်စွဲသည်ဟု ထိုခဏ၌ သိအံ့။ ပြောစရာရှိသည်၊ ခွင့်ပြုပါဟု ခွင့်တောင်းခြင်းမရှိလျှင် ခွန်းတိုင်းသံဃာဒိသိသ်နှင့် ဒုက္ကဋ်။ ခွင့်တောင်းခြင်းရှိလျှင် သံဃာဒိသိသ်သာ။ လက်ဆုပ်ပြခြင်းဖြင့် မျက် မှောက်စောဒနာသော ရဟန်းအားလည်း ဤ အတူတည်း။ မျက်ကွယ်စောဒ နာအံ့။ အပြီးမရောက်၊ ဒုက္ကဋ်သာ။ အနီး၌နေ၍ ရဟန်းတပါးကို စေခိုင်းအံ့၊ စေခိုင်းသမျှကိုသာ ဆိုအံ့။ စေခိုင်းသူအားသာ အာပတ်သင့်သည်။ ငါလည်း မြင်သည် ကြားသည်ဟု စကားကို ထည့်ဆိုအံ့။ နှစ်ပါးလုံး ထိုအာပတ်တို့ သင့်ကုန်၏။ ဆဲလိုသော အက္ကောသာဓိပ္ပာယဖြင့် ဆိုအံ့။ ခွင့်မတောင်းလျှင် ပါစိတ်၊ ဒုက္ကဋ်။ ခွင့်တောင်းလျှင် ပါစိတ်သာ။ ကံပြုလိုသော ကမ္မာဓိပ္ပာယ ဖြင့် တဇ္ဇနီယစသော ကံခုနစ်ပါးကို မျက်ကွယ်ပြုအံ့။ ဒုက္ကဋ်သာ။ အာပတ်မှ ထစေလိုသော ဝုဋ္ဌာနာဓိပ္ပာယဖြင့် သင် ဤအာပတ်သို့ ရောက်သည်။ ကုစား လော့ဟု ဆိုအံ့။ ခွင့်တောင်းဖွယ်မရှိ။ ဥပုသ်ထားလိုသော ဥပေါသထ ဌာပ နာဓိပ္ပာယဖြင့်၊ ပဝါရဏာထားလိုသော ပဝါရဏာဌာပနာဓိပ္ပာယဖြင့် ဥပုသ် ထားအံ့၊ ပဝါရဏာထားအံ့၊ ခွင့်တောင်းဖွယ်မရှိ။ ထားရာခေတ်ကိုကား သိရ သည်။ (ဥတ်မဆုံးမီ ထားနိုင်သည်။) မေးစစ်လိုသော အနုဝိဇ္ဇာနာဓိပ္ပာယ

ဖြင့် ဝိနည်းဓိုရ်က တရားခွင်တွင် မေးစစ်အံ့၊ ခွင့်တောင်းဖွယ်မရှိ။ တရားဟောလိုသော ဓမ္မကထာဓိပ္ပာယဖြင့် ဤသို့ပြုသူ ရဟန်းမဟုတ်ဟု မရည်စူးပဲ တရားဟောအံ့။ ခွင့်တောင်းဖွယ်မရှိ။ ရည်စူး၍ ဤသူ ရဟန်းမဟုတ်၊ ဤသူ ဥပသကာမဟုတ်ဟု ဟောအံ့၊ ပလ္လင်အဆင်း အာပတ်ဖြေအပ်၏။ အဓိပ္ပာယ ရှစ်ပါးတို့တွင် ရွှေစေလိုတပါးသာ စွပ်စွဲခြင်းကို ဖြစ်စေသည်။

ရွှေစေ၊ ဆဲလို၊ (၂)၊ ကံပြုလို (၁)၊ ထလို အာပတ်မှ (၁)။
ဥပုသ်ကိုထား (၁)၊ ပဝါထား (၁)၊ မေးမြန်း တရားပြ(၂)။
စွပ်စွဲတပါး (၁)၊ ကြွင်းပယ်ရှား (၇)၊ ရှစ်ပါးဓိပ္ပာယ။

အသုဒ္ဓရဟန်းဟု မှတ်ထင်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။ သီလဝိပတ္တိ။ စုဒိတက၏ ရဟန်းဟူသော အရေအတွက်သို့ရောက်ခြင်း၊ စုဒိတကဦ စင်ကြယ်သည်ဟု အမှတ်ရှိခြင်း၊ စွပ်စွဲသော ပါရာဇိက၏ အမူလကဖြစ်ခြင်း၊ စာဝနာဓိပ္ပာယဖြင့် မျက်မှောက်စွပ်စွဲခြင်း၊ စုဒိတက၏ထိုခဏသိခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနဖြစ်ခြင်းသာ ထူးသည်။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန် ရှင်ဒဗ္ဗသည် ခုနစ်နှစ်သားအရွယ် ရဟန္တာဖြစ်၍ ဤနောက်ဆုံးကိုယ်ဖြင့် သံဃာ့ဝေယျာဝစ္စ ဆောင်ရမူ ကောင်းလေစွဟု ကြံ၍ ကျောင်းညွှန်း၊ ဆွမ်းညွှန်း ပုဂ္ဂိုလ်ပြုလိုပါသည်ဟု ဘုရားရှင်အား လျှောက်၏။ ချစ်သားတို့၊ သံဃာသည် ရှင်ဒဗ္ဗကို တောင်းပန်၍ ဉတ္တိ ဒုတိယကံဖြင့် သမ္မုတိပေးလော့ဟု ခွင့်ပြုတော်မူ၏။ ရှင်ဒဗ္ဗသည် သမ္မုတိရသူဖြစ်၍ ရဟန်းတို့ကို နေရာညွှန်း၏။ အချိန်မဲ့ရောက်လာသော အာဂန္တုတို့အား လိုရာသို့ လိုက်ပို့၏။ ရံခါ နှစ်ကိုယ်၊ သုံးကိုယ်ခွဲ၍ တေဇောကသိုဏ်း အလင်းရောင်ဖြင့် တခြားစီလိုက်ပို့၏။ ထိုအခါ ကလျာဏဘတ္တိကမည်သော ဒါယကာသည် အိမ်၌ တနေ့လေးပါး ဉ္စဘတ်ဆွမ်းကောင်း ကျွေး၏။

တနေ့၌ ကျောင်းသို့လာ၍ ရှင်ဒဗ္ဗထံ တရားနာ၍ နက်ဖြန် အဘယ်ရဟန်းများအလှည့်ပါနည်းဟု မေး၏။ မေတ္တိယ ဘုမ္မဇကတို့ အလှည့်ဟု ဒိုလတ်သော် စိတ်ပျက်၍ ပြန်သွား၏။ ထိုရဟန်းတို့ကား ပကတိအားဖြင့် ဘုန်းကံနည်းကုန်၏။ အဆိုးရည်နှင့် ဆန်ကွဲထမင်းသာ နေ့စဉ်ဖေ ရကုန်၏။ ထို့ကြောင့်

ငါတို့ နက်ဖြန် ကောင်းကောင်းသုံးဆောင်ရလိမ့်မည်ဟု တညလုံး အိပ်မပျော်အောင် ဝမ်းသာကုန်၏။ နံနက် ထိုအိမ်သို့ ကြွသွားသောအခါ ကျွန်မက အပြင်၌ နေကြပါဟု ဆို၏။ ဆွမ်းဟင်း မစုံသေး၍ ဖြစ်မည်ကောင်ဟု နေကြ၏။ ကျွန်မသည် ဆန်ကွဲထမင်းနှင့် ပအုံးရည်ကို ယူလာ၍ ဆွမ်းကပ်၏။ သူဌေးကြီးကား ဤအတိုင်း ဆွမ်းကပ်ရမည်ဟု မှာသွားသည်ဟု ဆို၏။ ထိုရဟန်းတို့သည် ရှင်ဒဗ္ဗညာဏ် ကောင်းဟု စိတ်မချမ်းမသာဖြစ်ကုန်၏။ ကျောင်းသို့ပြန်ရောက်သောအခါ ပြင်ပ၌ထိုင်၍ ငေးမှိုင်ကာနေကုန်၏။

ထိုအခါ မေတ္တိယာမည်သော ဘိက္ခုနီမသည် လာ၍ရှိခိုး၏။ စကားမဆိုကြကုန်။ အကျွန်ုပ်အား အဘယ်အပြစ်ရှိ၍ စကားမဆိုကြပါသနည်းဟု လျှောက်၏။ ငါတို့ကို ရှင်ဒဗ္ဗ နှိပ်စက်သည်၊ ယနေ့ ရှင်ဒဗ္ဗ ဒုက္ခဖြစ်အောင် ဘုရားရှင်ထံ ဤသို့ဤသို့ လျှောက်ရမည်ဟု ဆိုကုန်၏။ ထိုဘိက္ခုနီမသည် ဘုရားရှင့်ထံချဉ်းကပ်၍ မြတ်စွာဘုရား၊ ဘေးမရှိရာမှ ဘေးဖြစ်ခြင်းသည် မလျောက်ပတ်ပါ၊ လေမရှိရာမှ လေလာပါသည်။ ရေကို မီးလောင်ပါသည်။ အရှင်ဒဗ္ဗသည် တပည့်တော်မကိုဖျက်ဆီးပါသည်ဟုလျှောက်၏။ ဘုရားရှင်ခေါ်၍မေးစစ်လတ်သော် အိမ်မက်၌ပင် မလွန်ကျူးမိစဖူးပါဟု လျှောက်၏။ ချစ်သားတို့၊ မေတ္တိယာဘိက္ခုနီမကို သာသနာမှအပ ပြုကုန်လော့။ ဤရဟန်းတို့ကိုလည်း မေးစစ်ကြဦးလော့ဟု မိန့်၍ ကျောင်းတွင်းသို့ ဝင်တော်မူ၏။

သူဘပါးနှင့် ပျက်မှုသည်မှာ ကြာပြီ၊ (ဝန်ခံခြင်းမရှိ၍ မဆုံးဖြတ်။) ယခုမှ ရှင်ဒဗ္ဗနှင့်ဟု ပါရာဇိကကို ဝန်ခံသည်။ ရှင်ဒဗ္ဗနှင့် ဟုတ်-မဟုတ် အပထား၍ ဝန်ခံချက်အရ အပပြုခိုင်းသည်၊) ရဟန်းတို့ အပပြုကြသောအခါ မေတ္တိယ ဘုမ္မဇကရဟန်းတို့က ဤသို့မပြုကြပါနှင့်။ အကျွန်ုပ်တို့က သာသနာမှ ရွေ့စေလိုသဖြင့် စေခိုင်းကြပါသည်ဟု ဝန်ခံကုန်၏။ သင်တို့သည် အရင်းမရှိသော အာပတ်ဖြင့် စွပ်စွဲကြသလောဟု ဆိုလတ်သော် ဟုတ်ပါသည်ဟု ဝန်ခံကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၉—အညဘာဂိယ။ ။ယော ပန ဘိက္ခု။ ဒုဋ္ဌော။ ဒေါသော။ အပ္ပတီတော။ ဘိက္ခုံ။ အညဘာဂိယဿ၊ တပါးသော အဖို့ရှိသော။ အဓိကရဏဿ၊ တည်ရာ (ပုဂ္ဂိုလ်)၏။ ကိဉ္စိ ဒေသံ၊ ညွှန်းအပ်သော တစုံတခုဟုဆိုအပ်သော။ လေသမတ္တံ၊ ကပ်ငြိခြင်းမျှကို။ ဥပါဒါယ၊စွဲ၍။

ပါရာဇိကေန။ ဓမ္မေန။ အနုဒ္ဓံသေယျ။ နံ။ ဣမမှာ ဗြဟ္မစရိယာ။ စာဝေယျံ။ အပ္ပေဝနာမ။ ဣတိ။ အနုဒ္ဓံသေယျ။ တတော။ အပရေန။ သမယေန။ သမနုဂ္ဂါ ဟိယမာနော ဝါ။ အသမနုဂ္ဂါဟိယမာနော ဝါ။ တံ အဓိကရဏံ၊ ထိုတည်ရာ (ပုဂ္ဂိုလ်)ဟူသော အဓိကရဏသည်။ အညဘာဂိယဉ္စေဝ၊ တပါးသောအဖို့ ရှိသည်လည်း။ ဟောတိ။ ကောစိဒေသော၊ ညွှန်းအပ်သော တစုံတခုဟုဆိုအပ် သော။ လေသမတ္တော၊ ကပ်ငြိခြင်းမျှကို။ ဥပါဒိန္နော စ၊ စွဲယူအပ်သည်လည်း။ ဟောတိ။ ဘိက္ခု စ။ ဒေါသံ။ ပတိဋ္ဌာတိ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်စသည်။** ။တောင်ခြေရင်းတွင် ဆိတ်တို့ပျော်မွေ့သည်ကို မြင်၍ ဆိတ်ဖိုကို ရှင်ဒဗ္ဗမည့်၍ စွပ်စွဲကြပြန်သည်။ ရှင်ဒဗ္ဗ၏ လူဇာတ်ရဟန်းအဖြစ်သည် သကဘာဂမည်၏။ ဆိတ်ဖို၏ တိရစ္ဆာန်ဇာတ် ဆိတ်ဖိုအဖြစ်သည် အညဘာဂမည်၏၊ ရှင်ဒဗ္ဗ၏ သကဘာဂမှ တပါးဖြစ် သောကြောင့်တည်း။ ဆိတ်ဖိုသည် အညဘာဂနှင့် စပ်ဆိုင်၏၊ အညဘာဂ၏ ဥစ္စာဖြစ်၏။ ဣဒံတဒ္ဓိတ်။ ဝါ၊ အညဘာဂရှိ၏၊ အဿတ္ထိတဒ္ဓိတ်။ ထို့ကြောင့် ဆိတ်ဖိုသည် အညဘာဂိယမည်၏။ ရှင်ဒဗ္ဗဟု မှည့်သောအမည်၏ တည်ရာ ပုဂ္ဂိုလ်ဖြစ်သောကြောင့်လည်း ဆိတ်ဖိုသည်ပင် အဓိကရဏမည်၏။ ဤ၌ အဓိ ကရဏသည် အာဓာရ၊ ဝတ္ထု၊ အဓိဋ္ဌာနနှင့် အနက်တူ၊ တည်ရာအနက်ရှိ၏။ ဝိဝါဒစသော အဓိကရဏလေးပါး၌ အပါအဝင်မဟုတ်။ ထိုလေးပါး၌ လေသ မည်သည်လည်း မရှိ၊ လေသဟူသည် ပုဂ္ဂိုလ်၏လေသဖြစ်သည်၊ ဆယ်ပါးပြား သည်။ အဓိကရဏ လေးပါး၏ လေသမဟုတ်။ ထို့ကြောင့် ရှင်ဒဗ္ဗဟူသော အမည်သည် ဆိတ်ဖို၏ ကောစိဒေသဖြစ်၏။ လေသမတ္တဖြစ်၏၊ ဝါ အညဘာ ဂိယ အဓိကရဏ၏ ကောစိဒေသ လေသမတ္တဖြစ်၏။ အကျဉ်းအားဖြင့် ဆိတ်ဖို ခန္ဓာကိုယ်ဒြပ်သည် အညဘာဂိယ အဓိကရဏမည်၏။ ရှင်ဒဗ္ဗဟူသော အမည် ပညတ်သည် ကောစိဒေသ လေသမတ္တမည်၏။ ဤသိက္ခာပုဒ်ကို ဆိတ်ဖို၏ ရှင်ဒဗ္ဗအမည် ကပ်ငြိခြင်းကိုယူ၍ ပါရာဇိကဖြင့် စွပ်စွဲသောကြောင့် ပညတ်၏။ အာပတ္တညဘာဂိယ စောဒနာ၌ ထိုအတိုင်း အမှတ်ရှိအံ့၊ အနာပတ္တိ။ အင်္ဂါတို့၌ အညဘာဂိယအဓိကရဏ၏ ကိဉ္စိဒေသ လေသမတ္တကို စွဲယူခြင်းမျှ ပိုလွန်၏။ အကြွင်းတူပြီ။

**ကောစိဒေသော။** ။ဒိဿတီတိ ဒေသော။ ယော၊ အကြင်ဇာတိ နာမ စသော အရာဆယ်ပါးကို။ ဒိဿတိ၊ ဤသို့သောသူဟု

ညွှန်ကြားအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဒေသော၊ ဒေသမည်၏။ ဆယ်ပါးကား -ဇာတိ၊ နာမ၊ ဂေါတ္တ၊ လိင်္ဂ၊ အာပတ္တိ (၅)၊ ပတ္တ၊ စီဝရ၊ ဥပဇ္ဈာယ၊ အာစရိယ၊ သေနာသန (၅)၊ ဤသို့ ဆယ်ပါးဖြစ်၏။ ပဒမာလာပြုလျှင် ကောစိဒေသော၊ ကိဉ္စိဒေသံ၊ ကေနစိ ဒေသေန၊ ကဿစိ ဒေသဿ စသည် ဖြစ်၏။ လိဿတီတိ လေသော။ ယော၊ အကြင်ဇာတိ စသော ဆယ်ပါးသည်။ လိဿတိ၊ ကပ်ငြိတတ်၏။ ဣတိ၊ ထို့ကြောင့်။ လေသော၊ လေသမည်၏။ ယခင် ဆယ်ပါးပင်တည်း။ ခေါ်ဝေါ်ခြင်းမျှ၌ သူတပါးကို အနည်းငယ် ကပ်ငြိ သကဲ့သို့ ဖြစ်၏။ စောင်းမြောင်း၍ စွပ်စွဲခြင်းငှာ ကပ်ငြိရုံသာတည်း။

မည်၊ နွယ်၊ လိင်၊ ဇာတ် (၄)၊ အာပတ်၊ ပတ်၊ စီ (၃)၊
ဈာယ်၊ စရိ၊ ကျောင်း (၃)၊ လေသစောင်း၊ ဆယ်မြောင်း စိဒေသ၊

ဤသိက္ခာပုဒ်၌ တည်ရာအနက်ရှိသော အဓိကရဏသည် ဝတ္ထုဖြင့် ထင်ရှားသည်ဟု ပါဠိတော်၌ မဝေဖန်။ အဓိကရဏလေးပါး၏ အညဘာဂိယ၊ တဗ္ဘာဂိယ အဖြစ်သည်သာ မထင်ရှားသောကြောင့် ဝေဖန်သည်။ဝိနည်းမိုရ်တို့ မှတ်သားထိုက်သည်။

**အညဘာဂိ၊ တဗ္ဘာဂိ။** ။ဝိဝါဒသည် အနုဝါဒ၏၊ အာပတ္တိ၏၊ ကိစ္စ၏ အညဘာဂိယ ဖြစ်၏။ (၃)၊ အနုဝါဒသည် တို့ အတူ ကြွင်းသုံးပါး၏ အည (၃)၊ အာပတ္တိသည် ကြွင်းသုံးပါး၏ အည (၃)၊ ကိစ္စသည် ကြွင်းသုံးပါး၏ အည (၃)၊ အညဘာဂိယ (၁၂)။ ဝိဝါဒသည် ဝိဝါဒ၏ တဗ္ဘာဂိယ ဖြစ်၏။ (၁) အနုဝါဒသည် အနုဝါဒ၏ တဗ္ဘာဂိ (၁)၊ ကိစ္စသည် ကိစ္စ၏ တဗ္ဘာ (၁)၊ အာပတ္တိသည်ကား အာပတ္တိ၏ အချို့ တဗ္ဘာဂိယ၊ အချို့ အညဘာဂိယ ဖြစ်၏။ ဤကား အဓိကရဏချင်းတည်း။ အာပတ္တိချင်းကား မေထုနပါရာဇိကသည် ကြွင်းပါရာဇိကသုံးပါး၏ အညဘာဂိယ၊ အဒိန္နာဒါန သည် ကြွင်းသုံးပါး၏ အည၊ မနုဿဝိဂ္ဂဟသည် ကြွင်းသုံးပါး၏ အည၊ ဥတ္တရိ သည် ကြွင်းသုံးပါး၏ အညဘာဂိယ၊ သုံးလေးလီ (၁၂)။မေထုန်အာပတ်သည် မေထုန်၏၊ အဒိန္နာဒါနသည် အဒိန္နာ၏၊ မနုဿသည် မနုဿ၏၊ ဥတ္တရိသည် ဥတ္တရိ၏ တဗ္ဘာဂိယ၊ ပေါင်း အာပတ္တိတဗ္ဘာဂိယ လေးခု။

ကၡ်ါဠိကာသစ်၌ အညာဘာဂိယ သိက္ခာပုဒ်ကို သင့်အောင် မသင်သူသည် ဝိနည်းမြင်သိ ပညာရှိတို့မှ အညဘာဂိယ ဖြစ်တတ်သည်ဟု ဆို၏။

ဝတ္ထု။ ။ရာဇဂြိုဟ် ဝေဠုဝန် မေတ္တိယ ဘုမ္မဇကရဟန်းတို့သည် ဂိဇ္ဈကုဋ် တောင်မှအဆင်း ဆိတ်တို့ပျော်မြူးကြသည်ကို မြင်၍ ဤဆိတ်ဖိုကို ရှင်ဒဗ္ဗ၊ ဆိတ်မကို မေတ္တိယာဘိက္ခုနီဟု မှည့်ကြစို့ ဟူ၍ရင်း၊ ရေးက ငါတို့ ပြောသံကြား၊ ယခုကား ဒိဋ္ဌမျက်မြင်ဟု ဆိုကြစို့ ဟူ၍ရင်း တိုင်ပင်ကုန်၏။ တိုင်ပင်တိုင်းလည်း ဆိုကုန်၏။ ဘုရားရှင် မေးစစ်သောအခါ အိပ်မက်မျှ မမက် ဖူးပါဟု ရှင်ဒဗ္ဗ လျှောက်၏။ ချစ်သားတို့၊ ဤရဟန်းတို့ကို မေးစစ်ကြဦး လော့ဟု မိန့်၍ ကျောင်းတွင်းသို့ ဝင်ကြွတော်မူ၏။ ရဟန်းတို့ကို မေးစစ်သော အခါ အကျွန်ုပ်တို့ကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ခြေ၌ (ဆွမ်းခံချိန်တွင်) တွေ့မြင် ကြပါသည်ဟု အစစ်ခံကုန်၏။ (ရှင်ဒဗ္ဗကား ဆွမ်းညွှန်း၊ ကျောင်းညွှန်းကိစ္စ ဖြင့် ပြင်ပထွက်ရန် အချိန်အား မရှိသည်ကို အများသိလျက် ထိုရဟန်းတို့ သတိ မထားမိကြကုန်။) သင်တို့သည် တပါးသော အဖို့ရှိသော တည်ရာပုဂ္ဂိုလ်၏ အမည်ပညတ်ကို ကိဉ္စိဒေသ လေသမတ္တကို စွဲယူ၍ ပါရာဇိကဖြင့် စွပ်စွဲကြသည် မဟုတ်လောဟု မေးလတ်သော် ဟုတ်ပါသည်ဟု ဝန်ခံကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၀–သံဃဘေဒက။ ။ယော ပန ဘိက္ခု။ သမဂ္ဂဿ၊ အညီအညွတ်ဖြစ်သော။ သံဃဿ၊ သံဃာ၏။ ဘေဒါယ၊ ကွဲပြားစေခြင်း ငှာ။ ပရက္ကမေယျ၊ လုံ့လပြုပြားအံ့။ ဘေဒနသံဝတ္တနိကံ။ ကွဲပြားခြင်းကို ဖြစ်စေတတ်သော။ အဓိကရဏံ ဝါ၊ အကြောင်း ၁၈– ပါးကိုမူလည်း။ သမာဒါယ၊ ယူ၍။ ပဂ္ဂယှ၊ ချီးမြှောက်၍။ တိဋ္ဌေယျ၊ တည်ငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဘိက္ခူဟိ၊ (မြင်ကုန် ကြားကုန်သော) ရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။အာယသ္မာ (ဟောတိ)၊ ဖြစ်၏။အာယသ္မာ၊ အရှင်သည်။ သမဂ္ဂဿ။ သံဃဿ။ ဘေဒါယ။ မာ ပရက္ကမိ၊ လုံ့လမပြုလင့်။ ဘေဒနသံဝတ္တနိကံ။ အဓိကရဏံ ဝါ။သမာဒါယ။ ပဂ္ဂယှ။ မာ အဋ္ဌာသိ၊ မတည် လင့်။ အာယသ္မာ။ သံဃေန၊ သံဃာနှင့်။ သဒ္ဓိံ၊ တကွ။ သမေတု၊ အယူဝါဒ တူမျှစေသတည်း။ ဟိ၊ တူမျှသင့်ကြောင်းကား။ သမဂ္ဂေါ၊ သော။ သံဃော၊ သည်။ သမ္မောဒမာနော၊ ဝမ်းမြောက်သည်ဖြစ်၍။ အဝိဝဒမာနော၊ ငြင်းခုံ

ခြင်း မရှိသည်ဖြစ်၍။ ကေုဒ္ဒေသော၊ တူသော ပါတိမောက်ပြခြင်း ရှိသည်ဖြစ်၍။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ (တသ္မာ၊ ထို့ကြောင့်။ သမေတု။) ဣတိ။ ဝစနီယော။ အယာ ဟောတိ။ ဧဝဥ္စ၊ ဤသို့လျှင်။ သော ဘိက္ခု၊ ကို။ ဘိက္ခူဟိ၊ တို့သည်။ဝုစ္စမာနော၊ ဆိုအပ်သည် ဖြစ်လျက်။ တထေဝ၊ ထိုအတူသာလျှင်။ ပဂ္ဂဏှေယျ၊ ချီးမြှောက်ငြားအံ့။ သော ဘိက္ခု။ ဘိက္ခူဟိ။ တဿ၊ ထိုသင်းခွဲလိုသော အယူဝါဒကို။ ပဋိနိဿဂ္ဂါယ၊ စွန့်စေခြင်းငှာ။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ သမနုဘာသိတဗ္ဗော၊ ဉတ်ကမ္မဝါစာဖြင့် ဆုံးမအပ်၏။ (သမနုဘာသနကံဖြင့် ဆုံးမအပ်၏။) ယာဝတတိယံ။သမနုဘာသိယမာနော၊ ဉတ်ကမ္မဝါစာဖြင့် ဆုံးမအပ်သည် ရှိသော်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျ၊ အကယ်၍ စွန့်ငြားအံ့။ ဣစ္စေတံ၊ ဤသို့ အယူစွန့်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ နော စေ ပဋိနိဿဇ္ဇေယျ၊ အကယ်၍ မစွန့်ငြားအံ့။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။စိတ်မကွဲ ကိုယ်မကွဲသော ရဟန်းအပေါင်းသည် သမဂ္ဂသံဃ မည်၏။ တနည်း–သံဝါသ=အတူပေါင်း အတူသိမ်ဝင်သော ရဟန်းအပေါင်းသည် သမဂ္ဂသံဃ မည်၏။ စိတ်မကွဲမှ သံဝါသသုံးပါး အတူပေါင်းနိုင်သည်။ ကိုယ်မကွဲမှ သိမ်အတူ ဝင်နိုင်သည်။ ဤညီညွတ်သော သံဃာကို ကွဲအောင် အဘယ်သို့ ပြုရအံ့နည်းဟု ကြံ၍ အားထုတ်ခြင်းသည်၊ ဝါ၊ အဖော်စုခြင်းသည် ဘေဒါယ ပရက္ကမေယျ မည်၏။အကြောင်း ၁၈–ပါးသည် အဓိကရဏ မည်၏။ ကွဲခြင်းငှာ ဖြစ်စေသောကြောင့် ဘေဒနသံဝတ္တနိကလည်း မည်၏။ (ဤပုဒ်သည် သံဝတ္တနိက မဖြစ်သင့်၊ သံဝတ္တနကသာ ဖြစ်သင့်သည်ဟု နိရုတ္တိကဆရာတို့ ဆိုကုန်၏။) ကွဲကြောင်း ဝတ္ထုစွမ်းဖြင့် ၁၈–ပါး ရှိ၏။ ထိုကွဲကြောင်းကို ယူခြင်းသည် သမာဒါယ မည်၏။ ပြခြင်းသည် ပဂ္ဂယှ၊ မစွန့်ခြင်းသည် တိဋ္ဌေယျ မည်၏။ ထိုမစွန့်သော သင်းခွဲလိုသော ရဟန်းကို မျက်မြင်ရဟန်း၊ သတင်းကြား ရဟန်းတို့သည် ယူဇနာခွဲမျှ ဝေးကွာစေကာမူ တမန်မစေ စာပေးမပါး ကိုယ်တိုင်သွား၍ ပြောကြားရသည်။ ကြားလျက် မပြောကြားလျှင် ဒုက္ကဋ်။ (ဒုက္ကဋ်ရှစ်မျိုးတွင် ဉာတဒုက္ကဋ် မည်၏။ ဧဝမဿဝစနိယော၌ အဿသည် ဟောတိ၊ ဘဝတိ အနက် ရှိ၏။ မာယသ္မာ စသည်သည် ပြောကြားပုံဖြစ်၏။ အချင်းချင်း ပြည့်စုံ၍ လွန်စွာ ဝမ်းမြောက်သော သံဃာသည် သမ္မောဒမာန မည်၏။ ဝမ္ဘ၊ အဝမ္ဘ စသည်ဖြင့်

မပြင်းခံ့သောကြောင့် အဝိဝဒမာန၊ ပါတိမောက် အတူပြသောကြောင့် ကေဒွေ သ မည်၏။ ညီညွတ်စွာ ပါတိမောက် အတူပြမှ သံဃာ ချမ်းသာသည်။ ထိုကြောင့် ညီညွတ်စေသဲတည်း၊ တူသောအယူရှိသူ ဖြစ်ပါစေသတည်း၊ တူစေ ချင်သည်၊ တူပါဟု အသီးအခြားရင်း၊ သံဃာ့အလယ်၌ရင်း၊ သုံးကြိမ် ပြော ကြားရသည်။ အယူမစွန့်လျှင် ဒုက္ကဋ်။ ထို့နောက် သမနုဘာသနကံ ပြုရသည်။ အယူစွန့်လျှင် ကုသလ ဖြစ်၏၊ ဝါ၊ ဘေးကင်း၏၊ ချမ်းသာ၏၊ အပြစ်မရှိ၊ အနာပတ္တိ ဖြစ်၏။ အယူမစွန့်လျှင် ဉတ်အဆုံး၌ ဒုက္ကဋ်။ ကမ္မဝါစာ နှစ်ကြိမ် အဆုံး၌ ထုလ္လစ္စည်း။ တတိယ ကမ္မဝါစာအဆုံး၌ (ဒုက္ကဋ်၊ ထုလ္လစ္စည်း ငြိမ်း၍) သံဃာဒိသိသ်။

**ဘေဒကရဝတ္ထု-၁၈။** ။သံဃာကွဲပြားခြင်းကို ပြုကြောင်း ၁၈-ပါးသည် ဘေဒကရဝတ္ထု မည်၏။ အကြောင်းအဓိကရဏလည်း မည်၏။ ၁၈-ပါးကား အဓမ္မကို ဓမ္မဟု ပြခြင်း၊ ဓမ္မကို အဓမ္မဟု ပြခြင်း၊ (ဒုကတခု၊) ထို့အတူ အဝိနယကို ဝိနယ၊ ဝိနယကို အဝိနယဟု ပြခြင်း၊ (ဒုက တခု၊) ဗုဒ္ဓအဘာသိတကို ဘာသိတဟု (ဒုကတခု၊) အနာစိဏ္ဏကို အာစိဏ္ဏဟု (ဒုကတခု၊) အပညတ္တကို ပညတ္တဟု (ဒုကတခု၊) အနာပတ္တိကို အာပတ္တိဟု (ဒုကတခု၊) လဟုကအာပတ္တိကို ဂရုကဟု (ဒုကတခု၊) သာဝသေသကို အနာ ဝသေသဟု (ဒုကတခု၊) ဒုဋ္ဌုလ္လအာပတ္တိကို အဒုဋ္ဌုလ္လဟု (ဒုကတခု၊) ဤသို့ ဒုကအားဖြင့် ကိုးခုဖြစ်၍ ၁၈-ပါး ဖြစ်၏။ (မြှုပ်ထားသည်ကို ဒုကဖြစ်အောင် ဖော်နိုင်သောဉာဏ် ရှိမရှိ သိရလတ္တံ့။)

ဓမ္မ၊ ဝိနယ၊ ဘာသိတ၊ စိဏ္ဏ၊ ပညတ်၊ ဒုက်။ (၅-ဒုက်)
အာပတ္တိ၊ လဟုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသ၊ ဒုက်။ (၄-ဒုက်)
တဆယ့်ရှစ်ခု၊ ကွဲပြားမှု၊ ဝတ္ထုကိုယ် ၉-ဒုက်

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်ပြည်၌ ရှင်ဒေဝဒတ် သံဃာကွဲခြင်းငှာ လုံ့လပြု ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ (ရှင် ဒေဝဒတ်သည် အယူမစွန့်သူ အာဒိကမ္မိကဟု အမည်မရ။ သမနုဘာသနကံ အပြုမခံရသောကြောင့်တည်း။ ဘိက္ခုနီသည် သံဃာကို ခွဲနိုင်သူ မဟုတ်။ ကွဲအောင်ကား အားထုတ်နိုင်သည်။ ထို့ကြောင့် သာဓာရဏ။) သမနုဘာသန

ကံပြုပြီး၍ အယူမစွန့်လျှင် ဉတ်အဆုံး ဒုက္ကဋ်။ ကမ္မဝါစာ နှစ်ကြိမ်အဆုံး ထုလ္လစ္စည်း နှစ်ချက်၊ တတိယကမ္မဝါစာအဆုံး သောဘာသေယျ၌ ယျအက္ခရာ အရောက်တွင် ဒုက္ကဋ်၊ ထုလ္လစ္စည်းတို့ ငြိမ်း၍ သံဃာဒိသိသ်သာ တည်၏။ သမနုဘာသနကံ မပြုအံ့၊ အယူစွန့်အံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ သိလဝိပတ္တိ။ ကွဲပြားခြင်းငှာ လုံ့လပြုခြင်း၊ ဓမ္မကံဖြင့် သမနုဘာသနကံပြုခြင်း၊ ကမ္မဝါစာဆုံးခြင်း၊ အယူမစွန့်ခြင်း၊ ဤကား အင်္ဂါလေးပါးတည်း။ သမနုဘာသနသမုဋ္ဌာန် (သမနု-ဘာ၊ ၃၇။) (သမနုဟူသမျှ ရှုရန်ကွေ့ပလည်း မည်၏။) အကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒနာ ဖြစ်၏။ (ကမ္မဝါစာအဆုံး ဒုက္ကဋ် ထုလ္လစ္စည်း သုံးခု ငြိမ်းခြင်းသည် လိင်ပြန်ခြင်းဖြင့် အသာဓာရဏအာပတ်ငြိမ်း သကဲ့သို့တည်း။)

ဝတ္ထု။ ။ရာဇဂြိုဟ် ဝေဠုဝန် ရှိ ဒေဝဒတ်သည် ရှင်ကောကာလိက၊ ရှင်ကဋ္ဋမောဒကတိဿ၊ ခဏ္ဍဒေဝိယာ၏သား ရှင်သမုဒ္ဒဒတ္တတို့နှင့် သံဃာ ခွဲပြီး သာသနာစက် ဖျက်ကြဲရအောင်ဟု တိုင်ပင်၍ ဘုရားရှင်ထံ ချဉ်းကပ်၍ ဤသို့ လျှောက်၏။ "မြတ်စွာဘုရား၊ ရဟန်းများ အပ္ပိစ္ဆဂုဏ်စသည်ရှိအောင် တသက်လုံး တောကျောင်း၌နေကြပါစေ၊ ဆွမ်းခံ စားကြပါစေ၊ ပံ့သကူသင်္ကန်း ဆောင်ကြပါစေ၊ သစ်ပင်ရင်းကိုသာ ကျောင်းပြု၍ နေကြပါစေ၊ ငါးအမဲ ရှောင်ကြပါစေ။ အကယ်၍ ရွာကျောင်း နေအံ့၊ ပင့်ဆွမ်းစားအံ့၊ ဒကာလှူ သင်္ကန်း ဝတ်အံ့၊ အမိုးတွင်းဝင်အံ့၊ ငါးအမဲစားအံ့၊ အပြစ်ပေးတော်မူပါ"ဟု လျှောက်၏။ ချစ်သားဒေဝဒတ်၊ မသင့်၊ တောကျောင်း၊ ရွာကျောင်း လိုရာ နေစေ၊ ခံဆွမ်း၊ ပင့်ဆွမ်း လိုရာ စားစေ၊ ပံ့သကူ၊ ဒကာလှူ လိုရာ ဝတ်ရုံစေ၊ သစ်ပင်ရင်းနေခြင်းကို မိုးလေးလမှတပါး ရှင်လ ခွင့်ပြုထားသည်။ ငါးအမဲမှာ ဉဒ္ဒိဿမံသ=မြင်၊ ကြား၊ ထင် အစွန်းသုံးပါးလွတ်လျှင် ခွင့်ပြုထားသည်ဟု မိန့်တော်မူသည်။ ရှင်ဒေဝဒတ်သည် ဝမ်းမြောက်စွာ ဖဲသွားပြီးလျှင် ရာဇဂြိုဟ် မြို့တွင်း၌ "ငါတို့သည် ရဟန်းဂေါတမထံ ဤကျင့်ဝတ်ငါးပါး တောင်းပန်၏၊ ခွင့်မပြု၊ ငါတို့ကျင့်ကုန်အံ့"ဟု လူတို့ထံ ဆို၏။ သဒ္ဓါနည်းသူတို့ကား ရဟန်းဂေါတမ လာဘ်ပေါအောင် ကျင့်သည်ဟု ဆိုကုန်၏။ သဒ္ဓါကြီးသူတို့ကား ရှင်ဒေဝဒတ်သည် သာသနာစက်ပျက်အောင်၊ သံဃာကွဲအောင် လုံ့လ ပြုဘိသည်ဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

မိုးလေးလ ရုက္ခမူဓုတင်။ (ဝိနည်းဋီကာကြီးတို့၌ ဝါတွင်းအခါ (တံခါး အဖွဲ့လုံခြုံသော) ကျောင်းရှိသူဖြစ်၍ ဝါကပ်ရသည်။ ကျောင်းမရှိပဲ ရုက္ခမူဓုတင်ဆောင်ပြု၍ မနေရ။ ကျောင်းရှိ၍ ဝါကပ်ပြီးလျှင်ကား ရုက္ခမူ ဓုတင် ဆောင်နိုင်သည်ဟု အဆိုရှိ၏။)

၁၁–ဗေဒါနုဝတ္တက။ ။တသောဝ ခေါ်ပန ဘိက္ခုသ၊ ထိုသံဃာ ကွဲပြားခြင်းငှာ လုံ့လပြုသော ရဟန်းသို့သာလျှင်။ အနုဝတ္တကာ၊ အတုလိုက်၍ ကျင့်ကုန်သော။ ဝဂ္ဂဝါဒကာ၊ မညီညွတ်သော စကားကို ဆိုတတ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဧကော ဝါ၊ တပါးသည်ငှင်း။ ဒွေ ဝါ၊ နှစ်ပါးတို့သည်ငှင်း။ တယော ဝါ၊ သုံးပါးတို့သည်ငှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဝဒေယျုံ၊ ဆိုကုန်ငြားအံ့။ "အာယသ္မန္တော၊ အရှင်တို့။ တော် ဘိက္ခုံ၊ ဤရဟန်းကို။ ကိဉ္စိ၊ တစုံတခုကိုမျှ။ မာ အဝစုတ္ထ၊ မဆိုကြကုန်လင့်။ သော ဘိက္ခု၊ ဤရဟန်းသည်။ ဓမ္မဝါဒီ စ၊ ဓမ္မကိုလည်း ဆိုလေ့ရှိ၏။ သော ဘိက္ခု။ ဝိနယဝါဒီ စ၊ ဝိနည်းကိုလည်း ဆိုလေ့ရှိ၏။ သော ဘိက္ခု။ အမှာကဉ္စ၊ ငါတို့၏လည်း။ဆန္ဒဉ္စ၊ အလိုကိုငှင်း။ ရုစိဉ္စ၊ နှစ်သက်ခြင်းကိုငှင်း။ အာဒါယ၊ ယူ၍။ ဝေါဟရတိ၊ ဆို၏။ နော၊ ငါတို့၏။ (အလိုနှစ်သက်ခြင်းကိုလည်း) ဇာနာတိ၊ သိ၏။ ဘာသတိ၊ ငါတို့နှင့် တိုင်ပင်၍လည်း ဆို၏။ အမှာကမ္ပိ၊ ငါတို့သည်လည်း။ တော၊ ထိုရဟန်း၏ အယူကို။ ခမတိ၊ နှစ်သက်အပ်၏။ ဣတိ။ ဝဒေယျုံ။ တေ ဘိက္ခူ၊ တို့ကို။ ဘိက္ခူဟိ၊ (မြင်ကုန် ကြားကုန်သော) ရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယာ၊ ဆိုအပ်ကုန်သည်။ အဿု (ဟောန္တိ)၊ ဖြစ်ကုန်၏။ အာယသ္မန္တော၊ တို့။ ဧဝံ။ မာ အဝစုတ္ထ၊ မဆိုကြကုန်လင့်။သော ဘိက္ခု။ န စ ဓမ္မဝါဒီ၊ ဓမ္မကိုလည်း ဆိုလေ့မရှိ။ သော ဘိက္ခု။ န စ ဝိနယဝါဒီ၊ ဝိနည်းကိုလည်း ဆိုလေ့မရှိ။ အာယသ္မန္တာနမ္ပိ၊ အရှင်တို့သည်လည်း။ သံဃဘေဒေါ၊ သံဃာ ကွဲပြားခြင်းကို။ မာ ရုစိတ္ထ၊ မနှစ်သက်အပ်၊ (နာမာဃာဂ ကံဟော ကောဝုစ်တ္ထ-ဝိဘတ်တည်း၊ တုမှယောဂ ဗဟုဝုစ် မဟုတ်။) အာယသ္မန္တာနံ၊ အရှင်တို့၏။ စိတ္တံ၊ စိတ်သည်။ သံဃေန။ သဒ္ဓိံ သမေတု၊ တပေါင်းတည်း ဖြစ်စေသတည်း။ ဟိ၊ တပေါင်းတည်း ဖြစ်သင့်ကြောင်းကား။ သမဂ္ဂေါ။ သံဃော။ သမ္မောဒမာနော။ အဝိဝဒမာနော။ ဧကုဒ္ဒေသော။ ဖာသု။ ဝိဟရတိ။ဘသ္မာ။သမေတု။ ဣတိ။ ဝစနီယာ။ အဿု ဟောန္တိ။ ဧဝဉ္စ။ တေ။ ဘိက္ခူ၊ တို့ကို။ ဘိက္ခူဟိ။

ဝုစ္စမာနာ၊ ဆိုအပ်ကုန်သည် ဖြစ်လျက်။ တထေဝ။ ပဂ္ဂဏှေယျုံ၊ ချီးမြှောက်ကုန်ငြားအံ့။ တေ ဘိက္ခူ၊ ဘိက္ခုဟိ။ တဿ၊ ထိုအတုလိုက်သော အယူဝါဒကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ သမနုဘာသိတဗ္ဗာ၊ ဆုံးမအပ်ကုန်၏။ ယာဝတတိယံ။ သမနုဘာသိယမာနာ၊ ဆုံးမအပ်ကုန်သည် ရှိသော်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျုံ၊ အကယ်၍စွန့်ကုန်ငြားအံ့။ ဣစ္စေတံ။ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျုံ၊ အကယ်၍ မစွန့်ကုန်ငြားအံ့။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ သံဃာဒိသေသော။ အာပတ္တိနိကာယော။ ဟောတိ။

**အဝိပ္ပာယ်။** ။သံဃာကွဲခြင်းငှာ လုံ့လပြုသော ရဟန်းသည် တဿေဝ- ထိုရဟန်းမည်၏။ သံဃာကွဲအောင် လုံ့လပြုသော ရဟန်း၏ အယူကိုယူ၍ ကျင့်သော ရဟန်းတို့သည် ဘေဒါနုဝတ္တကတို့ မည်ကုန်၏။ မညီမညွတ်ဆိုတတ်သောကြောင့် ဝဂ္ဂဝါဒကတို့လည်း မည်ကုန်၏။ "နှ ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ" သံဃော၊ သံဃာသည်။ သံဃဿ၊ သံဃာအား။ ကမ္မံ၊ ကံကို။ န ဟိ ကရောတိ၊ မပြုနိုင်သည်သာတည်း။ ဤသို့ဟောသည်။ သုံးပါးထက်အလွန် ကံမပြုအပ်။ ထို့ကြောင့် ဘေဒါနုဝတ္တကရဟန်း တပါး၊ နှစ်ပါး၊ သုံးပါး ဟူ၍မျှ ဟောသည်။ နိဂ္ဂဟကံ၌ ကံပြုခံရသူ လေးပါး၊ သံဃာဖြစ်လျှင် ကံပြုသောသံဃာကို ခုခံဖွယ်ရှိသည်။ ပဂ္ဂဟကံ၌ကား ဥဗ္ဗာဟိက စသော ကံမျိုးကို ရဟန်းများစွာတို့အားလည်း ပြုနိုင်သည်။ သတ္တသတိကက္ခန္ဓကဲ၌ ရဟန်းရှစ်ပါးကို ဥဗ္ဗာဟိကကံဖြင့် အဓိကရုဏ်း ဆုံးဖြတ်ရန် သမုတ်သည်။ တနည်း—နောက်လိုက်ရဟန်း များစွာဖြစ်ကောင်းသော်လည်း ဝတ္ထုကြောင်း အားလျော်စွာ သုံးပါးအထိမျှ ဟောသည်။ (ဤ၌ န ဟိ သံဃော- ပါဠိဖြင့် သုံးပါးထက်လွန်၍ လေးငါးပါးအများ ကမ္မဝါစာ မဖတ်အပ်ဟု ခုတ်ရာတပါး ရှရာတခြား အဓိပ္ပာယ် ယူမှားတတ်ကုန်၏။ သုံးပါးထက်လွန်၍ လေးငါးပါး မဖတ်အပ်ဟု တားခြင်း ဘယ်မှာမျှ မရှိ။ ဥဒိနဝိသတိဝဿ သိက္ခာပုဒ်၌ ရဟန်းမဖြစ်သူ ကမ္မဝါစာဖတ်လျှင် ကံအောင်သည်ဟု မြင်နိုင်သည်။ ဗျတ္တ၊ ပဋိဗလ သာ ဖတ်သူအင်္ဂါတည်း။) မှန်သည်ကို ဆိုလေ့ရှိသူသည် ဓမ္မဝါဒီ၊ ငြိမ်းအေးအောင် ဆိုလေ့ရှိသူသည် ဝိနယဝါဒီ မည်၏။ ဇာနာတိ နော၌ ဆန္ဒဉ္စ ရုစိဉ္စ ဆောင်၍ စပ်။ ဘာသတိ၌ နော အမှေဟိ သဒ္ဓိံ ဘာသတိ ဟု စပ်။ ဤသို့ပြုအံ့ဟု ငါတို့နှင့်အတူ ဆိုသည်ဟူလို။ သမေတာယသ္မန္တာနံ၌

စိတ္တံ ဆောင်၍ စပ်။ ဧဝမဿ ဝစနီယာ၌ အဿသည် ဟောန္တိ၊ ဘဝန္တိ အနက် ရှိ၏။ အကြွင်း ထင်ပြီ။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်ပြည်၌ ရဟန်းများစွာတို့အား သံဃာကွဲအောင် လုံ့လပြုသော ရှင်ဒေဝဒတ်သို့ အတုလိုက်ခြင်းကြောင့် ပညတ်၏။ အကြွင်း ထင်ပြီ။ အင်္ဂါလေးပါး၌ ကွဲခြင်းငှာ လုံ့လပြုခြင်း၊ အင်္ဂါကို ပယ်၍ အတုလိုက်ခြင်း အင်္ဂါမျှ ထူး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ် ဝေဠုဝန် ရှင်ဒေဝဒတ် သံဃာသင်းခွဲခြင်းငှာ လုံ့လပြုသည်ကို ရဟန်းတို့က ဒေဝဒတ်သည် အဓမ္မဝါဒီ၊ အဝိနယဝါဒီဟု ဆိုကုန်၏။ ရှင်ကောကာလိက စသော ရဟန်းသုံးပါးတို့က ဒေဝဒတ်သည် ဓမ္မဝါဒီ၊ ဝိနယဝါဒီ ဖြစ်သည်၊ ငါတို့၏ အလိုဆန္ဒကိုယူ၍ ဆိုသည်၊ ငါတို့၏ အလိုဆန္ဒကို သိသည်၊ ငါတို့နှင့်တိုင်ပင်၍ ဆိုသည်၊ ငါတို့လည်း နှစ်သက်အပ်ပေသည်ဟု ဆိုကုန်၏။ ဒေဝဒတ်သို့ အတုလိုက်၍ မညီမညွတ် ဆိုကုန်ဘိသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၁၂–ဒုဗ္ဗစ။ ။ဘိက္ခုပနေဝ၊ ရဟန်းသည်သာလျှင်။ ဒုဗ္ဗစဇာတိကော၊ ဆိုနိုင်ခက်သော သဘောရှိသည်။ ဟောတိ။ ဥဒ္ဒေသပရိယာပန္နေသု၊ ပါတိမောက်၌ အကျုံးဝင်ကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ ဘိက္ခူဟိ၊ တို့သည်။ သဟဓမ္မိကံ၊ သိက္ခာပုဒ်တော်ဖြင့် (ဒုတိယာကရိုဏ်း)။ ဝုစ္စမာနော၊ ဆို (ဆုံးမ) အပ်သည်ရှိသော်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဝစနီယံ၊ မဆိုအပ်သည်ကို။ ကရောတိ၊ ပြု၏။ (ပြုပုံကား—) ''အာယသ္မန္တော၊ တို့။ မံ၊ အကျွန်ုပ်ကို။ ကလျာဏံ ဝါ၊ ကောင်းသည်ကိုဖြစ်စေ။ ပါပကံ ဝါ၊ မကောင်းသည်ကိုဖြစ်စေ။ ကိဉ္စိ၊ တစုံတခုကိုမျှ။ မာ အဝစုတ္ထ၊ မဆိုကြကုန်လင့်။ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ အာယသ္မန္တေ၊ တို့ကို။ မမ၊ အကျွန်ုပ်အား။ ဝစနာယ၊ ဆိုခြင်းငှာ။ ဝိရမထ၊ ရှောင်ကြဉ်ကြကုန်လော့''။ ဣတိ။ အတ္တာနံ။ အဝစနီယံ။ ကရောတိ။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဧဝံ၊ ဝစနီယော။ အဿ၊ ဟောတိ။ ''အာယသ္မာ။ အတ္တာနံ။ အဝစနီယံ။ မာ အကာသိ၊ မပြုလင့်။ အာယသ္မာ။ အတ္တာနံ။ ဝစနီယမေဝ၊ ဆိုအပ်သည်ကိုသာလျှင်။ ကရောတု၊ ပြုလော့။ အာယသ္မာပိ၊ အရှင်သည်လည်း။ ဘိက္ခူ၊ တို့ကို။ သဟဓမ္မေန၊ သိက္ခာပုဒ်တော်

ဖြင့်။ ပဒတု၊ ဆိုလေ၃။ ဘိက္ခုပိ၊ တို့သည်လည်း။ အာယသ္မန္တံ။သဟာဓမ္မေန။ ပကုန္တိ၊ ဆိုကုန်လတ္တံ့။ ဧဝံ၊ ဤသို့။ ယဒိဒံ၊ အကြင် အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေန အညမညဝစ နေန၊ ထို အချင်းချင်း ဆိုဆုံးမခြင်းကြောင့်။ တေန အညမညဝုဋ္ဌာပနေန၊ ထိုအချင်းချင်း အာပတ်မှ ထစေခြင်းကြောင့်။ တဿ ဘဂဝတော၊ထိုမြတ်စွာ ဘုရား၏။ ပရိသာ၊ ပရိသတ်သည်။ သံဝဍ္ဍာ ဟိ၊ ကြီးပွားသည်သာတည်း။"

ဣတိ ဝစနီယော။ အဿ ဟောတိ။ ဧဝဥ္စ။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဝုစ္စမာ နော။ တထေဝ။ ပဂ္ဂဏှေယျ။ သော ဘိက္ခု။ ဘိက္ခူဟိ။ တဿ၊ ထိုဒုဗ္ဗစ သဘောရှိသော အယူဝါဒကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ သမနုဘာသိ တဗ္ဗော။ ယာဝတတိယံ။ သမနုဘာသိယမာနော။ တံ။ စေ ပဋိနိဿဇ္ဇေယျ။ ဣစ္စေတံ။ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ခပြောဆိုဆုံးမခြင်းငှာ မတတ်နိုင်သော သဘောရှိသော ရဟန်းသည် ဒုဗ္ဗစဇာတိက မည်၏၊ အပြောမခံသူ ဟူလို။ပါတိမောက်သည် ရွတ်ဆိုအပ်သောကြောင့် ဥဒ္ဒေသ မည်၏။ ပါတိမောက်၌ အကျုံးဝင်သော သိက္ခာပုဒ်သည် ဥဒ္ဒေသပရိယာပန္န မည်၏။ ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ ဖြင့် ရေတွက်ရသောကြောင့် အကျုံးဝင်သည်။ မဂ္ဂင် ရှစ်ပါး၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးသည် အဓိသီလ သိက္ခာမည်၏။ ဝိနည်းပညတ်သည် ထိုအဓိသီလသိက္ခာ မည်၏။ ဝိနည်းပညတ် သည် ထိုအဓိသီလသိက္ခာကို ရကြောင်းဖြစ်သောကြောင့် သိက္ခာပဒ မည်၏။ သီတင်းသုံးဖော် ငါးယောက်၏ ကျင့်စရာ ငါးဦးဆိုင်ဥစ္စာ ဖြစ်သောကြောင့် သဟဓမ္မိကလည်း မည်၏။ သိက္ခာပုဒ်ဖြင့်ဆိုလော့ဟု ဆိုသော်လည်း သိက္ခာပုဒ်မှ တပါးသော ကြည်ညိုဖွယ် ဖြစ်စေသော စကားဖြင့်လည်း ဆိုနိုင်၏။ ပရိသတ် ကြီးပွားခြင်းသည် အကျိုး၊ အချင်းချင်းဆိုခြင်း၊ အာပတ်မှ ထစေခြင်းသည် အကြောင်း။ ယဒိဒံ ဟာဒ ကြီးပွားကြောင်းပြ နိပါတ်ပုဒ် ဖြစ်၏။ ယံ ဣဒံ အညမညဝစနံ အတ္ထိ၊ တေန အညမညဝစနေန တဿ ဘဂဝတော ပရိသာ သံဝဍ္ဍာ ဟု ကြောင်းကျိုးယှဉ်အပ်၏။

အဆုံးအဖြတ်။ ။ကောသမ္ဗီပြည်၌ ရှင်ဆန္နမိမိကိုယ်ကို မဆိုရအောင် ပြုခြင်း ကြောင့် ပညတ်၏။ အင်္ဂါလေးပါး၌ လုံ့လပြုခြင်းကို ပယ်၍ မဆိုအပ်သည်ကို ပြုခြင်းမျှ ထူး၏။

ဝတ္ထု။ ။ကောသမ္ဗီ ဃောသိတာရုံ ရှင်ဆန္နသည် မအပ်သော အကျင့်ကို ကျင့်၏။ ရဟန်းတို့သိ၍ ငါ့ရှင်၊ ဤသို့မပြုအပ်ဟု ဆိုလတ်သော် သင်တို့ သည် ငါ့ကိုပြောအပ်သည်ဟု မှတ်ထင်ကြသလော။ ငါကသာ သင်တို့ကို ပြောနိုင်ရမည်။ ငါတို့၏ ဘုရား၊ ငါတို့၏ တရား၊ ငါ့ဘို့၏ အရှင့်သား သိသော တရားဖြစ်သည်။ လေလာသောအခါ အမှိုက်များ တနေရာ ဝင်စုကြသကဲ့သို့၊ တောင်ပေါ် ချောင်းရေစီးသောအခါ မှော်များ တနေရာ ပင်စုကြသကဲ့သို့ သင်တို့သည် အထူးထူးသော အမျိုးမှ ထွက်၍ ရဟန်းပြု၍ ဤသာသနာ တနေရာ၌ ဝင်စုကြသည်ဖြစ်လျက် ငါ့ကို ပြောအပ်သည်ဟုမှတ်ထင်ကြသလော စသည်ဖြင့် ပြန်ပြော၏။ ရှင်ဆန္နသည် သိက္ခာပုဒ်နှင့်အညီ ပြောသည်ကို အပြောမခံဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၃-ကုလဒူသန။ ။ဘိက္ခု ပနေဝ၊ ရဟန်းသည်သာလျှင်။ အညတရံ၊ တခုခုသော။ ဂါမံ ဝါ၊ ရွာကိုငှင်း။နိဂမံ ဝါ၊ နိဂုံး ကိုငှင်း။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရတိ၊ နေရ၏။ ကုလဒူသကော၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်၏။ ပါပသမာစာရော၊ ယုတ်မာ သော အကျင့်ရှိ၏။ တဿ ခေါ၊ ထိုရဟန်း၏သာလျှင်။ပါပကာ၊ ယုတ်မာကုန် သော။ သမာစာရာ၊ အကျင့်တို့ကို။ ဒိဿန္တိ စေဝ။မြင်လည်းမြင်အပ်ကုန်၏။ သုယျန္တိ စ၊ ကြားလည်း ကြားအပ်ကုန်၏။ တေန၊ ထိုရဟန်းသည်။ ဒုဋ္ဌာနိ၊ ဖျက်ဆီးအပ်ကုန်သော။ကုလာနိ စ၊ အမျိုးတို့ကိုလည်း။ ဒိဿန္တိ စေဝ၊ သုယျန္တိ စ။ သော ဘိက္ခု။ဘိက္ခူဟိ။ ဧဝံ။ ဝစနီယော။ အဿ ဟောတိ။အာယသ္မာ၊ သည်။ ခေါ၊ စင်စစ်။ ကုလဒူသကော။ ပါပသမာစာရော၊ အာယသ္မတော၊ ၏။ပါပကာ။ သမာစာရာ။ ဒိဿန္တိ စေဝ။ သုယျန္တိ စ။ အာယသ္မတာ၊သည်။ ဒုဋ္ဌာနိ။ ကုလာနိ စ။ ဒိဿန္တိစေဝ။သုယျန္တိ စ။ အာယသ္မာ။ ဣမမှာ အာဝါ သာ၊ ဤကျောင်းမှ။ ပက္ကမတု၊ ဖဲသွားလော့။ တေ၊ သင့်အား။ ဣဓ၊ ဤကျောင်း၌။ ဝါသေန၊ နေခြင်းဖြင့်။ အလံ၊ အကျိုးမရှိ။ ဣတိ ဝစနီယော။ အဿ ဟောတိ။ ဧဝဉ္စ။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဝုစ္စမာနော။ တေ ဘိက္ခူ၊ ထို (နှင်ထုတ်သောရဟန်း) တို့ကို။ ဧဝံ။ ဝဒေယျ၊ ဆိုငြားအံ့၊ "ဘိက္ခူ၊ ရဟန်းတို့သည်။ ဆန္ဒဂါမိနော စ၊ ချစ်သဖြင့် အဂတိသို့လည်း ရောက်ကုန်၏။ ဘိက္ခူ။ ဒေါသဂါမိနော စ၊ အမျက်ထွက်သဖြင့် အဂတိသို့ လည်းရောက်ကုန်၏။ဘိက္ခူ။မောဟဂါမိနော စ၊တွေဝေသဖြင့်အဂတိသို့လည်း

ရောက်ကုန်၏။ ဘိက္ခု။ ဘယဂါမိနော စ၊ ကြောက်သဖြင့် အဂတိသို့လည်း ရောက်ကုန်၏။ တာဒိသိကာယ၊ ထိုသို့သဘောရှိသော။ အာပတ္တိယာ၊ အာပတ်ကြောင့်။ ဧကစ္စံ၊ အချို့သောသူကို။ ပဗ္ဗာဇေန္တိ၊ နှင်ထုတ်ကုန်၏။ ဧကစ္စံ။ န ပဗ္ဗာဇေန္တိ၊ မနှင်ထုတ်ကြကုန်။ ဣတိ။ ဝဒေယျ။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဧဝံ။ ဝစနီယော။ အဿ။ အာယသ္မာ။ ဧဝံ၊ မာ အဝစ၊ မဆိုလင့်။ ဘိက္ခူ၊ ရဟန်းတို့သည်။ န စ ဆန္ဒာဂါမိနော၊ ချစ်သဖြင့် အဂတိသို့လည်း မရောက်ကုန်။ ဘိက္ခူ။ န စ ဒေါသာဂါမိနော။ ဘိက္ခူ။ န စ မောဟာဂါမိနော။ ဘိက္ခူ။ န စ ဘယာဂါမိနော။ အာယသ္မာ ခေါ။ ကုလဒူသကော။ ပါပသမာစာရော။ အာယသ္မတော ခေါ။ ပါပကာ။ သမာစာရာ။ ဒိဿန္တိစေဝ။ သုယျန္တိ စ။ အာယသ္မတာ။ ဒူဋ္ဌာနိ။ ကုလာနိ စ။ ဒိဿန္တိစေဝ။ သုယျန္တိ စ။ အာယသ္မာ။ ဣမမှာ အာဝါသာ။ ပက္ကမတု။ တေ။ ဣဓ။ ဝါသေန။ အလံ။ ဣတိ။ ဝစနီယော။ အဿ။ ဧဝဉ္စ။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဝုစ္စမာနော၊ ထို(အဂတိသို့ရောက်ကုန်၏ဟု ပြောဆိုသော) အယူဝါဒကို။ ပဋိနိဿဇ္ဇေယ။ ယာဝတတိယံ။ သမနုဘာသိတဗ္ဗော။ ယာဝတတိယံ။ သမနုဘာသိယမာနော။ တံ။ စေ ပဋိနိဿဇ္ဇေယျ။ ဣစ္စေတံ။ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ။ တဿ ဘိက္ခုနော။

**အဝိပ္ပာယ်**။ ။ဂါမံ ဝါ နိဂမံ ဝါ၌ နဂရလည်း ပါဝင်သည်။ ဂါမ၊ နိဂမ၊ နဂရ၊ သုံးမျိုးလုံးသည် ဂါမလည်း မည်၏၊ နိဂမလည်း မည်၏။(စျေးမရှိ၊ တံတိုင်းမရှိလျှင် ဂါမ၊ စျေးသာရှိလျှင် နိဂမ၊ စျေး၊ တံတိုင်းနှစ်ပါးစုံလျှင် နဂရ)။ ထိုဂါမ၊ နိဂမ၌ ပစ္စည်းလေးပါး ရရှိသဖြင့် အမှီပြုကာ နေသော ရဟန်းသည် ဥပနိဿာယ ဝိဟရတိ မည်၏။ မင်းမျိုး၊ ပုဏ္ဏာမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး၊ လေးမျိုးသည် ကုလာမည်၏။ ထိုလူလေးမျိုးကို သစ်သီးပေးခြင်း၊ ပန်းပေးခြင်းစသည်ဖြင့် သဒ္ဓါတရား ဖျက်ဆီးသောရဟန်းသည် ကုလဒူသကရဟန်း မည်၏။ (ထိုသို့မပြုသော သီလဝန္တ ရဟန်းကောင်းတို့အပေါ် မသဒ္ဓါအောင်ပြုသည်ဟူလို) ငှက်ပျောသီးပေးသောဘုန်းကြီး စာတတ်သည်ဟု သဒ္ဓါလွန်ကဲသော်လည်း မပေးသောဘုန်းကြီးကို "ပစ္စည်းစုံမက်သည်၊ မူးတင်း ပဲတင်း" စသည်ဖြင့် ဝေဖန်ဆိုက်လျက် သဒ္ဓါပျက်ကုန်၏။) ပန်းပင်ငယ် စိုက်ပျိုးခြင်း၊ ရေလောင်းခြင်း၊ ဆွတ်ခူးခြင်း၊ သီကုံးခြင်းစသော ယုတ်မာသော အကျင့်ရှိသော ရဟန်းသည် ပါပသမာစာရဟန်း မည်၏။ ယုတ်မာသော အကျင့်ကို ရင်း၊ ပျက်စီးသောလူတို့ကိုရင်း မြင်ရခြင်းကား မျက်မှောက်၊ ကြားရခြင်းကား

မျက်ကွယ်တို့ဖြစ်ကုန်၏။ ထိုကုလဒူသကရဟန်း၏ ပဗ္ဗာဇနီယကံ ထိုက်သည် အဖြစ်ကို အာယသ္မာ ခေါ ကုလဒူသကော (လ) အလဋ္ဌေ ဏ္ဍမ ဝါသေန ဟူသောစကားဖြင့် ပြ၏။ ဤကျောင်း၌ မနေထိုက်ဟု ပြောဆို၍ နှင်အပ်၏။ ပဗ္ဗာဇနီယကံဖြင့် အနှင်ခံရသော ရဟန်းသည် ဆန္ဒဂါမိနော စ ဘိက္ခူ စသည်ဖြင့် ဆိုငြားအံ့၊ ဝါ၊ အဂတိလေးပါးလိုက်စား၍ အချို့ကို နှင်ကြသည်။ အချို့ကို မနှင်ကြဟု ဆိုငြားအံ့၊ ထိုသို့ပြောဆိုသော အယူဝါဒကို စွန့်စေခြင်းငှာ မာယသ္မာ ဧဝံ အဝစ စသည်ဖြင့် ပြောဆိုအပ်၏။ ကုလဒူသနအမှုကို တားမြစ်ခြင်းငှာ ပြောဆိုအပ်သည် မဟုတ်၊ ထိုအမှုဖြင့် ကုလဒူသနအာပတ် ကား ရောက်ပြီးပြီ။ မြှောက်စားလို၍ မိမိပစ္စည်းပေးလျှင် ဒုက္ကဋ်။ သံဃာ့ ပစ္စည်းကို ငါအစိုးရသည်ဟု ပေးလျှင် ထုလ္လစ္စည်း။ လုယူ၍ ပေးလျှင် ပါရာဇိကအထိ ရောက်ပြီးပြီ။ ဤသို့ သီးခြားရင်း၊ သံဃာ့အလယ်၌ရင်း ပြောဆိုလျက် ထိုအယူဝါဒကို မစွန့်အံ့၊ အဂတိလိုက်၍ နှင်ကြသည်ဟု ပြောဆိုသောဝါဒကို မစွန့်အံ့၊ တဖန် ဒုက္ကဋ်၊ ထို့နောက် သမနုဘာသနကံ ပြုအပ်၏။ ရှေးအတိုင်း ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ သံဃာဒိသိသ်။

**အဆုံးအဖြတ်။** သာဝတ္ထိပြည်၌ အဿဇိ၊ ပုနဗ္ဗသုက ရဟန်းတို့ အဂတိလိုက်၍ နှင်သည်ဟု ဆိုခြင်းကြောင့် ပညတ်၏။အဂတိလေး ပါး၌ လိုက်လပြုခြင်းကို ပယ်၍ အဂတိလိုက်သည်ဟု ပြောဆိုခြင်းမျှ ထူး၏။

## ပဗ္ဗာဇနီယကံစသည် မှတ်ဖွယ်

သစ်သီးပေးခြင်း စသည်ဖြင့် ကုလဒူသနအမှုပြုသော ကုလဒူသက ရဟန်းကို ပြောမရလျှင် ပဗ္ဗာဇနီယကံ ပြုအပ်၏။ ထိုကံ ပြုခံခဲ့ရသော ရဟန်းသည် ထိုရွာ၊ ထိုကျောင်း ရှောင်ရသည်။ ထိုရွာ၌ နေ၍ ရွာတပါး လှည့်လည်ခြင်း၊ ကျောင်းတပါး၌ နေ၍ ထိုရွာလှည့်လည်ခြင်း မပြုရ။ ထိုလူတို့က ပစ္စည်းလေး ပါးလှူလျှင် မခံအပ်။ အဘယ့်ကြောင့် မခံသနည်းဟုမေးလျှင် သင်တို့အား သစ်သီးပေးခြင်း၊ ဆေးကုခြင်း စသည်ဖြင့် ချီးမြှောက်ဖူးသောကြောင့်ဟု ဆိုအပ်၏။ ထိုအတွက် လှူသည် မဟုတ်ပါ။ သီလစသောဂုဏ်ကို ကြည်ညို၍ လှူပါသည်။ နိဗ္ဗာန်မင်္ဂအလို့ငှာ လှူပါသည်ဟုဆိုလျှင် ခံအပ်၏။ ကျင့်ဝတ်တို့ကို ကောင်းစွာကျင့်လျှင် ထိုကံကို ငြိမ်းစေအပ်၏။

**အဂတိလေးပါး။** ။သူတော်ကောင်းတို့ မရောက်အပ်သော အရပ်သည် အဂတိ မည်၏။ ချစ်သဖြင့်၊ မုန်းသဖြင့်၊ တွေဝေသဖြင့်၊ ကြောက်သဖြင့် ရောက်ခြင်းကြောင့် လေးမျိုးပြား၏။ ချီးမြှောက်ထိုက်သူတို့တွင် ချစ်သူကို ပို၍ ချီးမြှောက်အံ့၊ နှိပ်ထိုက်သူတို့တွင် ချစ်သူကို လျှော့၍ နှိပ်အံ့၊ ဤသို့ ချစ်ခြင်းဖြင့် လိုက်စားသူသည် ဆန္ဒာဂတိသို့ ရောက်သည်မည်၏။ မုန်းခြင်း၊ တွေဝေခြင်း၊ ကြောက်ခြင်းဖြင့် လိုက်စားသူသည် ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိသို့ရောက်သည်မည်၏။ ဂုဏ်ထူးရှိသော ပုဂ္ဂလဝိသေသကို ပိုချီးမြှောက်ခြင်း၊ လျှော့နှိပ်ခြင်းကား အပြစ်မရှိ။ ဘုရားရှင်သည် သိက္ခာကြီးသော ရဟန်းတထောင်ကျော်ရှိလျက် ရဟန်းပြုစ ရှင်သာရိပုတ္တရာတို့အား အဂ္ဂသာဝကရာထူး ပေးတော်မူ၏။ မကျေနပ်သူတို့က မုခံ ဩလောကေတွာ ဘတ္တံ ဒေတိ၊ မျက်နှာကြည့်၍ ထမင်းပေးသည်။ (မျက်နှာကြီးရာ ဟင်းဖတ်ပါ)ဟု ဆိုလတ်သော် ပါရမီဆုတောင်း (မျက်နှာ)ကြီးသူတို့ ဖြစ်၍ ထိုရာထူးပေးရသည်ဟု ဖြေဆိုတော်မူ၏။

**ကုလဒူသန ရှစ်ပါး။** ။လူတို့ကို သဒ္ဓါတရားပျက်အောင် မြှောက်စားခြင်းသည် ကုလဒူသန မည်၏။ ပုပ္ဖ=ပန်းပေးခြင်း၊ ဖလ=သစ်သီးပေးခြင်း၊ စုဏ္ဏ=မျက်နှာခြယ်မှုန့်ပေးခြင်း၊ မတ္တိကာ=မြေညက်ပေးခြင်း၊ ဒန္တကဋ္ဌ=တံပူဧပေးခြင်း၊ ဝေဠု=ဝါးပေးခြင်း၊ ဝေဇ္ဇကမ္မ=ဆေးကုခြင်း၊ ဇင်္ဃပေသနိက=ခြေဝေးစေခိုင်းရာ တအိမ်မှတအိမ်သို့ ခြေဖြင့်သွားခြင်း၊ ဤသို့ ရှစ်ပါးရှိ၏။ မြေညက်ဟူသည်၌ ဆပ်ပြာတို့ ပါဝင်သည်ဟု ဆိုကုန်၏။

ပွင့်၊ သီး၊ မှုန့်၊ မြေ(၄)၊ ဝါး၊ ပူ၊ ခြေ(၃)၊ ဝေဇ္ဇေ(၁) ဒူ ရှစ်ဖြာ။

**အနေသန ၂၁-ပါး။** ။မအပ်မရာ ပစ္စည်းရှာခြင်းသည် အနေသန မည်၏။ ၂၁-ပါး ပြား၏။ ပစ္စည်းလာဘ်ရလို၍ မျက်နှာသစ်ရေပေးခြင်း၊ ဆွမ်းတို့ပြန်ခြင်း၊ သစ်ရွက်ပေးခြင်း၊ ရေချိုးကသယ်မှုန့်ပေးခြင်း(၄)၊ ကလေးထိန်းချီခြင်း၊ ပဲဟင်းအလား မှမှန်နည်း၍ အမှားများသော စကားကိုဆိုခြင်း၊ ချစ်ခင်အောင် နှိမ့်ချအောက်ကျို့ကာဆိုခြင်း(၃)၊ ခိုင်းစေရာခံခြင်း၊ စာပေးတမန်ပြုခြင်း၊ ဘူမိနက်သန် မြေကြန်အတတ် ဟောခြင်း (၃)၊

လယ်ယာအကျိုးအပြစ် ဟောခြင်း၊ အင်္ဂါအကျိုးအပြစ် ဟောခြင်း၊ နက္ခတ် အကျိုးအပြစ် ဟောခြင်း (၃)၊ ပွင့်သီးပေးခြင်း စသော ယခင်ရှစ်ပါး (၈)၊ ဤသို့ ၂၁-ပါးဖြစ်၏။

ပဲဟင်းချက်ရာ၌- ပကတိမကျေမကျက် နည်းသည်၊ ဝိကတိအကျေအကျက် များ၏။ ထိုရဟန်း၏စကားလည်း ပကတိအမှန်နည်းသည် ဟူလို။ မြေကြန်ကား—မြေ၏ ကြန်အင်လက္ခဏာတည်း။ ဆေးကုရာ၌ လာဘ်ငဲ့၍ ကုအံ့၊ အနေသန ဒုက္ကဋ်။ မိမိ၌ အထူးကြည်ညိုအောင် သူတော်ကောင်းကို မကြည်ညိုနိုင်သူ လူပျက်ဖြစ်အောင် မြှောက်စားခြင်းဖြင့် ကုအံ့၊ ကုလဒူသနဒုက္ကဋ်။ လာဘ် မြော်ခြင်း၊ မြှောက်စားခြင်းကင်းစေလျက် ကုအံ့၊ ဆေးကု ဒုက္ကဋ်။ သီတင်းသုံးဖော်၊ ဆွေမျိုး၊ ဝေယျာဝစ္စပြုသူ စသည်ဖြင့် ကုကောင်းသူတို့အား ကုအံ့၊ အနာပတ္တိ။ ဤဆေးကုကောင်းသူတို့တွင် ပစ္စည်းလေးပါး ဒါယကာ မပါ။ မိဘအရာ တည်စေကာမူ မပါ။ ဝေယျာဝစ္စပြုသူသာ ပါဝင်သည်။

မျက်သစ်ရေထက်၊ ဆွမ်းတုံ့စွက်၊ သစ်ရွက် ချိုးမှုန့်ပါ (၄)။
ကလေးချီသယ်၊ ပဲဟင်းနှယ်၊ ချစ်ဖွယ် နှုတ်စာပါ (၃)။
ခိုင်းစေရာခံ၊ စာတမန်၊ မြေကြန် အတတ်ပါ (၃)။
ခေတ္တ၊ အင်္ဂ၊ နက္ခတ္တ သုံးဝ ထိုဝိဇ္ဇာ (၃)။
ပေါင်းပါဒူရှစ် (၈)၊ နှစ်ဆယ့်တစ်၊ စင်စစ် နေသနာ။

**တသာသနာလုံး မအပ်**။ ။ကုလဒူသနဖြင့် ရသောပစ္စည်း၊ အနေသနဖြင့် ရသော ပစ္စည်း၊ အညာတကဝိညတ် ပစ္စည်း၊ (အမျိုးမတော်သူထံ တောင်း၍ ရသော ဟူလို)၊ အံ့ဖွယ်ပြုခြင်း၊ မြှောက်ခြင်း၊ ခြောက်ခြင်း၊ အရိပ်နိမိတ်ပြုခြင်းတို့ဖြင့် ရသောပစ္စည်း၊ ရွှေငွေခံခြင်း၊ ရွှေငွေဖြင့် လဲလှယ်ဝယ်ယူခြင်းတို့ဖြင့်ဖြစ်သော ပစ္စည်း၊ ဈာန်မဂ်ဖိုလ် ဝါကြွားခြင်းဖြင့် ရသောပစ္စည်း၊ ဤပစ္စည်းတို့သည် တသာသနာလုံး မအပ်ကုန်။ ရဟန်းချင်း ကူညီ ကျွေးမွေး လှူဒါန်းရာ၌ ဤပစ္စည်းမျိုးဖြစ်မည်လော၊ မဖြစ်မည်လောဟု ဝိနည်းကို အလေးပြုသော မထေရ်များ သတိသမ္ပဇည ကြီးစွာထားကုန်၏။ အာဇီဝပျက်ကြောင်းဖြစ်၍ အမှတ်မဲ့ မသုံးဆောင်သင့်ကြကုန်။ အလေးပြု သင့်၏။

**ဒါယကာလေးမျိုး။** ။ကုလဒူသန၊ အနေသနမှ လွတ်စေခြင်းငှာ ဒါယကာလေးမျိုးကို သိအပ်၏။ လိုရာတောင်းပါဟု ဖိတ်ကြားသူထံ တောင်းကောင်းသည်၊ မဒပေးကောင်း၊ ဝေယျာဝစ္စပြုသူအားကားပေးကောင်း၊ ကျွေးကောင်း၊ ဆေးကုကောင်းသည်၊ မတောင်းကောင်း။ နှစ်မျိုးလုံးကင်းသူကို နှစ်မျိုးလုံး မပြုကောင်း၊ မကင်းသူကို ပြုကောင်း၏။ ဆွေမျိုးခုနစ်ဆက်ကိုလည်း တောင်းကောင်း၊ ပေးကောင်း၏။

ဝတ်ကား မမူ၊ ဖိတ်ကြားသူ၊ တောင်းသူ မပေးအပ်။
ဖိတ်ကြားမကြေ၊ ဝတ်ကားကြေ၊ ပေးလေ မတောင်းအပ်။
ဖိတ်ကြားသဖြင့်၊ ဝတ်လည်းကျင့်၊ တောင်းသင့် ပေးသင့်မှတ်။
ဖိတ်ကြားကင်းဝေး၊ ဝတ်လည်းဝေး၊ မပေး မတောင်းအပ်။

**သစ်ပင်စိုက်နည်း။** ။ပါပသမာစာရ၌ သစ်ပင်ငယ်ကို ဖြတ်ခြင်း၊ တွင်းတူးခြင်း၊ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်း၊ ရေမြောင်းပြုခြင်း စသည်ကို ကိုယ်တိုင်ပြုအံ့၊ ဖြတ်လော့၊ တူးလော့၊ စိုက်လော့ စသည်ဖြင့် စေခိုင်းအံ့၊ အကပ္ပိယဝေါဟာရမည်၏။ မအပ်ဟုဆိုအပ်သော အကျင့်ဟူလို။ ကိုယ်တိုင်လည်း မပြု၊ သူတပါးကိုလည်း တိုက်ရိုက်မခိုင်းပဲ ဤသစ်ပင်ကို သိလော့၊ နားလည်လော့၊ ရိပ်မိလော့၊ တွင်းသိလော့၊ ရေသိလော့ဟုဆိုအံ့၊ ခြောက်သောမြောင်းကို ဖြောင့်အောင်ပြုအံ့၊ ကပ္ပိယဝေါဟာရမည်၏။ ဉာဏ်အမြော်အမြင်ရှိသူသည် သစ်ပင်ငယ်စိုက်ခြင်း စသည်ကို ပြုရသည်။ မကြာမီ အကျိုးများ၏။ ဤသို့စသည်ဖြင့် ဆိုအံ့၊ ပရိယာယ မည်၏။ ပေါက်တူး၊ သစ်ပင်ငယ် စသည်ကို ကိုင်၍သာ ရပ်နေအံ့၊ ဩဘာသ မည်၏။ သာမဏေများ မြင်လျှင် ရိပ်မိ၍ စိုက်ပေးအောင် ရိပ်ရောင်ပြသည် ဟူလို။ ပေါက်တူး စသည်ကို လူ၊သာမဏေတို့အနီး၌ သွား၍ထားအံ့၊ နိမိတ္တကမ္မ မည်၏။

သစ်ပင်စိုက်တတ်၊ ရဟန်းမြတ်၊ ငါးရပ်သိစလို၊
နှစ်သွယ်ဝေါဟာ(၂)၊ ပရိယာ(၁)၊ ဩဘာ နိမိတ်ကို(၂)။
ကိုယ်တိုင်စိုက်ဘတ်၊ စိုက်ခိုင်းတတ်၊ အကပ္ပိယက။
သိလော၊ ကပ္ပိလော၊ ဤမျှပြော၊ ဝေါဟာကပ္ပိယ။
ဉာဏ်ရှိသူသာ၊ စိုက်တတ်စွာ၊ ဝါစာပရိယာယ။
သစ်ပင်ကိုင်ထောင်၊ မြင်သာအောင်၊ ရိပ်ရောင်ဩဘာသ။
လူသာမဏေထံ၊ သွားအပ်နှံ၊ ကမ္မနိမိတ္တ။

ကုလဒူသနအကျိုးငှာ ဤငါးမျိုးလုံး မအပ်။ အသီးအရွက် စားခြင်းငှာ အကပ္ပိယဝေါဟာရတခု မအပ်။ ကြွင်းလေးပါး အပ်၏။ အရာမ်၊ အရိပ်စသည် အလို့ငှာ ကြွင်းလေးပါး အပ်၏။ အကပ္ပိယဝေါဟာရမှ ကိုယ်တိုင် ရေလောင်းခြင်းလည်း အပ်၏။ အဇာတပထဝီ၌ ကိုယ်တိုင်တူး၍ စိုက်ခြင်းလည်း အပ်၏။ ထိုမှသီးသောအခါ အသီးစားခြင်းငှာလည်း အပ်သေး၏။ ခူးခြင်း၊ ခူးခိုင်းခြင်း စသည်ကား ပင်ကို ပါစိတ်။ ပန်းကုံးခြင်း၊ ကုံးစေခြင်းကား ပင်ကို ဒုက္ကဋ်။ ဘုရားပူဇော်ခြင်းငှာလည်း မကုံးအပ်။

**ပုပ္ဖဝိကတိခြောက်မျိုး။** ။ထုံးခြင်းသည် ဂန္ထိမ မည်၏။ ကြာပန်း စသည်ကို ညှာတံချင်း ထုံးဖွဲ့သည်(၁)။ ကုပ်ခြင်းသည် ဂေါပ္ဖိမ မည်၏။ မုလေးပန်းစသည်၏ အညှာကို ကြိုးဖြင့် ကုပ်သည်၊ စုစည်းသည်၊ ကြိုးလွန်းအကြား စီသွင်းသည်(၂)။ ထိုးသွင်းခြင်းသည် ဝေဓိမ မည်၏။ အညှာပေါက်၊ အပွင့်ပေါက်၌ တုတံဖြင့် ထိုးသီသည်။ သစ်တုံး၌ ငုတ်တိုကိုစိုက်၍ အပွင့်ပေါက်ဖြင့် စွပ်သွင်းသည်။ ပန်းတပွင့်၌ အပွင့်စွပ်သွင်းသည်(၃)။ ရစ်စည်းခြင်းသည် ဝေဌိမ မည်၏။ တုတ်တံစသည်၌ ပန်းတို့ကို ကပ်၍ ကြိုးဖြင့် ရစ်စည်းသည်(၄)။ ရှေ့နေရာကို လွန်စေခြင်းသည် ပုရိမ မည်၏။ သူတပါးပြုသော ပန်းကုံး ပန်းပြားဖြင့် စေတီစသည်ကို လှည့်ပတ်ရာ ရှေ့နေရာကို ကျော်လွန်အောင် လှည့်ပတ်သည်။ ဝါ၊ ပတ်ထက်လွန်အောင် ပတ်သည်။ ကောက်၌ တွဲလွဲဆွဲထားသော ပန်းကုံးကို ကောက်၌ပြန်ရစ်သည်။ ကောက်၌ ပန်းလက်ကောက်သွင်းခြင်းကား အပတ်မလွန် အပ်၏။ လခြမ်းသဏ္ဍာန်၊ ကြာသွတ်အိုးဆွဲသောသဏ္ဍာန်လည်း ပုရိမ၌ ပါဝင်၏(၅)။ ရက်ခြင်းသည် ဝါယိမ မည်၏။ စေတီ၌ ပန်းပုဆိုး၊ ပန်းကွန်ရက်၊ ပန်းအရုပ် ပြုသည်(၆)။ ဤပန်းအထူး ခြောက်မျိုးကို ဘိက္ခု၊ ဘိက္ခုနီတို့ ပြုခြင်း၊ ပြုစေခြင်းငှာ မအပ်။ "ပူဇော်ခြင်းငှာ ဤသို့ သိလော၊ ဤသို့ပြုလျှင်တင့်တယ်ရာ၏" စသည်ဖြင့် ကပ္ပိယဝစနပြောလျှင် အပ်၏။ ပရိယာယ်၊ ဩဘာသ နိမိတ်လည်း အပ်၏။

ညှာချင်းထုံး၊ ကုပ် (၂)၊ သွင်း၊ ရစ်ပတ် (၂)၊ လေးရပ် ညှာနှင့်ပွင့်။
လွန်ပတ်၊ ရက်နည်း (၂)၊ နှစ်ပါးလည်း၊ ပြုပြီး ပန်းကုံးဖြင့်။
ပန်းကုံးခြောက်ခု။ ကိုယ်တိုင်ပြု၊ စေပြု ဒုက္ကဋ်သင့်။
ကပ္ပိယဝါစာ (၁)၊ ပရိယာ (၁)၊ ဩဘာသ နိမိတ်(၂)အပ်သတည်း။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် အဆုံးဇိ ပုနဗ္ဗသုက ရဟန်းတို့သည် ကိဋာဂိရိဇနပုဒ်၌ အလဇ္ဇီအပြုအမူဖြင့် ကျောင်းတိုက်တည်၍ နေကုန်၏။ မအပ်မရာ များစွာကျင့်ကုန်၏။ ပန်းပင်ယယ်စိုက်ခြင်း၊ ရေလောင်းခြင်း၊ ဆွတ်ခူးခြင်း ပန်းကုံးခြင်း ပြုကုန်၏။ ပန်းကုံးတို့ကို မိန်းမတို့ထံ ပို့ကုန်၏။ မိန်းမတို့နှင့် တခွက်တည်း စားကုန်၏။ တခင်းတရုံတည်း အိပ်ကုန်၏။ နေလွဲညစာစားခြင်း အရက်သောက်ခြင်း ပြုကုန်၏။ ပန်းနံ့သာ ပန်ဆင်၍ မိန်းမတို့နှင့် အတူ ကခြင်း သီခြင်း ပြုကုန်၏။ အမျိုးမျိုး ကစားကုန်၏။ ဆင်စီး မြင်းစီး စသည် သင်ကြားကုန်၏။ ထိုအခါ ခရီးသွား ရဟန်းတပါးသည် ထိုရွာသို့ရောက်၍ စောင့်စည်းသော ဣန္ဒြေဖြင့် ဆွမ်းခံဝင်၏။ လူတို့သည် ဤအရှင်သည် အအ၊ အထိုင်း၊ အနုံ၊ မျက်မှောင်ကုပ်၊ အဘယ်သူ ဆွမ်းလှူချင်အံ့နည်း၊၊ ငါတို့အရှင်များကား ဖော်ရွေကြပါပေသည်၊ ကြိုတင်ကာ နှုတ်ခွန်းဆက်သကြပါပေသည်၊ ထိုအရှင်တို့အားသာ လှူသင့်သည်မဟုတ်လောဟု ဆိုကုန်၏။ (ဤတွင် လူတို့ကို သဒ္ဓါတရား ဖျက်ဆီးပုံ၊ ရဟန်းကောင်းတို့အပေါ်၌ မသဒ္ဓါပုံ ထင်ရှား၏။) ဥပါသကာတယောက်သည် ထိုရဟန်းကို မြင်လတ်သော် ဆွမ်းရပါ၏လောဟု လျှောက်၏။ မရသေးဟု ဆိုလတ်သော် အရှင်ကဲ့သို့ပုဂ္ဂိုလ်မျိုး တရွာလုံး လှည့်သော်လည်း ဆွမ်းရမည်မဟုတ်။ အိမ်သို့ ကြွပါဟု ပင့်၍ ဆွမ်းကျွေးပြီးလျှင် အရှင်ဘုရား၊ ဘုရားရှင်ထံရောက်သောအခါ ဤကိဋာဂိရိဇနပုဒ် ပျက်နေပါပြီ၊ ရဟန်းကောင်းတို့ကို စေလွှတ်တော်မူပါဟူ၍ လျှောက်ကြားပါဟု မှာလိုက်၏။ မြတ်စွာဘုရားသည် များစွာကဲ့ရဲ့ပြီးလျှင် ချစ်သား သာရိပုတ္တရာ မောဂ္ဂလာန်တို့၊ သင်တို့သွား၍ မေးစစ်၍ အပြစ်အလျောက် ပဗ္ဗာဇနီယကံ ပြု၍ ထိုရွာမှ တိုကျောင်းမှ နှင်ထုတ်ကြလော့ဟု မိန့်တော်မူ၏။ ရဟန်းများစွာနှင့် သွား၍ ပဗ္ဗာဇနီယကံ ပြုသောအခါ ကံပြီးမ်းအောင် မကျင့်၊ မာန်မာန မချ၊ အဂတိလေးပါးလိုက်စား၍ နှင်လိုက်သည်ဟု ဆဲရေးကုန်၏။ အချို့ လူထွက်ကုန်၏။ မြတ်စွာဘုရားသည် များစွာကဲ့ရဲ့ပြီးလျှင် အဂတိလိုက်သည်ဟု ပြောဆိုခြင်းကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ကုလဒူသနအမှုကြောင့် ပညတ်သည်မဟုတ်။

နိဂုံး။ ။အာယသ္မန္တော၊ အရှင်တို့။ တေရသ။ သံဃာဒိသေသာ။ မမှာ၊ သိက္ခာပုဒ်တို့ကို၊ ဝါ၊ အာပတ်တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ နဝ၊ ကိုးပါးတို့သည်။ ပဌမာပတ္တိကာ၊ ရှေး

ဦးစွာ လွန်ကျူးသောခဏ၌ ရောက်ခြင်းရှိကုန်၏။ စတ္တာရော၊ လေးပါးတို့သည်။ ယာဝတတိယကာ၊ သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါဖြင့် ဆုံးမသည့် အဆုံး၌ ရောက်ခြင်းရှိကုန်၏။ ဘိက္ခု၊ ရဟန်းသည်။ ယေသံ၊ ယင်း ၁၃-ပါးတို့တွင်။ အညတရံ ဝါ အညတရံ ဝါ၊ တပါးပါးသို့လည်း။ အာပဇ္ဇိတွာ၊ ရောက်သည်ရှိသော်။ ယာဝတိဟံ၊ အကြင်မျှလောက်သော ရက်ပတ်လုံး။ ဇာနံ၊ သိလျက်။ ပရိစ္ဆာဒေတိ၊ ဖုံးလွှမ်း၏။ တာဝတီဟံ၊ ထိုမျှလောက်သော ရက်ပတ်လုံး။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ အကာမာ၊ အလိုမရှိပဲ (သော်လည်း)။ ပရိဝတ္တဗ္ဗံ၊ ပရဝါသ် နေအပ်၏။ ။ပရိဝတ္တ ပရိဝါသေန၊ ပရိဝါသ် နေပြီးသော။ ဘိက္ခုနာ၊ သည်။ ဥတ္တရိ၊ ထိုထက်အလွန်။ ဘိက္ခုမာနတ္တာယ၊ ရဟန်းတို့၏ မြတ်နိုးခြင်းငှာ။ ဆာရတ္တံ၊ ခြောက်ညဥ့်ပတ်လုံး။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ ဘိက္ခု၊ သည်။ စိဏ္ဏမာနတ္တော၊ မာနတ်ကျင့်ပြီးသည်ရှိသော်။ ယတ္ထ၊ အကြင်သိမ်၌၊ ဝီသတိဂဏော၊ နှစ်ကျိပ်အရေအတွက်ရှိသော။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ သိယာ၊ ရှိရာ၏။ တတ္ထ၊ ထိုသိမ်၌။ သော ဘိက္ခု၊ ကို။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ အဗ္ဘေတဗ္ဗော၊ အဗ္ဘာန်သွင်းအပ်၏။ (ရှေးရှုခေါ်အပ်၏၊ သံဃာ့ဘောင်သို့ သွင်းအပ်၏ ဟူလို။) ဧကေနာပိ၊ တပါးဖြင့်လည်း။ ဦနော၊ ယုတ်လျော့သော။ ဝီသတိဂဏော။ ဘိက္ခုသံဃော။ တံ ဘိက္ခုံ။ စေ အဗ္ဘေယျ၊ အကယ်၍ အဗ္ဘာန်သွင်းငြားအံ့။ သော စ ဘိက္ခု၊ သည်လည်း။ အနဗ္ဘိတော၊ အဗ္ဘာန်သွင်းအပ်သောသူ မဖြစ်။ တေ စ ဘိက္ခူ၊ တို့သည်လည်း။ ဂါရယှာ၊ ကဲ့ရဲ့အပ်သူတို့သည်။ ဝါ၊ ဒုက္ကဋ်သင့်ကုန်သည်။ ဟောန္တိ။ အယံ၊ ဤဆိုအပ်ပြီးသော အစီအရင်သည်။ တတ္ထ၊ ထို သံဃာဒိသိသ် အာပတ်သင့်ရာ၌။ သာမီစိ၊ ကျင့်ဝတ်တည်း။ (ဤသို့ကျင့်လျှင် အပြစ်ကင်းသည်၊ ကုသိုလ်ဖြစ်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဖြစ်သည်ဟူလို ။ တတ္ထ၊ ထို ၁၃-ပါးသော သံဃာဒိသိသ်တို့၌။ အာယသ္မန္တေ။ ပုစ္ဆာမိ။ လ။ ။ တတိယံ။ သံဃာဒိသေသုဒ္ဒေသော။ သံဃာဒိသိသ်ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

အဓိပ္ပာယ်။ ။ရှေးဦးစွာ လွန်ကျူးသဲခဏ၌ ရောက်သော အာပတ်ကိုးခုသည် ပဌမာပတ္တိကာ မည်၏။ သုံးကြိမ်တိုင် သမနုဘာသနကံပြုပြီးမှ ရောက်သော အာပတ်လေးခုသည် ယာဝတတိယကာ မည်၏။ ဤ ၁၃-ခုတို့တွင် တခုခုရောက်သော ရဟန်းသည် သိလျက်ဖုံးအံ့၊ ဖုံးသည်မည်၏။ သိလျက် ဖုံးပုံ

ကား အာပတ်သင့်၏၊ အာပတ်ဟု မှတ်၏ (၂)၊ ပကတတ်ဟုတ်၏၊ ပကတတ်ဟု မှတ်၏ (၂)၊ အန္တရာယ်ကင်း၏၊ အန္တရာယ်ကင်းသည်ဟု မှတ်၏ (၂)၊ ဒေသနာကြားခြင်းငှာ စွမ်းနိုင်၏၊ စွမ်းနိုင်သည်ဟု မှတ်၏ (၂)၊ ဖုံးလို၏၊ ဝန်ချ၍ အရဏ်တက်အောင် ဖုံး၏(၂)၊ ဤ လာဘ္ဂဏာဆယ်ပါးဖြင့် ဖုံးအံ့၊ ဝါ-ဒေသနာ မကြားအံ့၊ထင်စွာပြုခြင်းမျှပင် မပြုအံ့၊ ဖုံးသည်မည်၏၊ ဒုက္ကဋ်လည်း သင့်၏။

အာပတ်၊ ပကတတ် (၂)၊ ကင်းလတ်အန္တရာယ်(၁)၊ စွမ်းနိုင်ဖွယ် (၁)၊ ဖုံးကွယ် (၁) နှစ်စီတည်း။

ဝန်ချဖုံးလျက်၊ အရဏ်တက်၊ ဖုံးတွက် ဒုက္ကဋ်တည်း။

သိလျက် ဖုံးသောရဟန်းသည် ဖုံးအံ့ဟုဝန်ချ၍ ဖုံ သောနေ့မှစ၍ ဒေသနာ ကြားသောနေ့အထိ ရက်ကိုရေတွက်၍ ထိုရက်နှင့်အမျှ ပရိဝါသ် နေရသည်။ ဖုံးခြင်းသည် အလဇ္ဇီလက္ခဏာ ဖြစ်၏။ နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်၏။ ထို့ကြောင့် ပရိဝါသ် မနေလိုသော်လည်း နေရသည်။ နောက်မှဟု အချိန်မရွေးရ၊ သံဃာသည်လည်း အလိုမရှိသူအား ပရိဝါသ် ပေးရသည် ဟူလို။ ဖုံးသောရက် မရှိသူ၊ ဖုံးအံ့ဟု ဝန်ချခြင်းမရှိပဲ ဖုံးမိသူတို့ကား ပရိဝါသ် မနေရပဲ မာနတ် ၆-ညဥ့်သာ ကျင့်ရသည်။ မာနတ်ပြီးသောအခါ နှစ်ကျိပ်သံဃာ ရှိရာသိမ်၌ အဗ္ဘာန်သွင်းရသည်။ ရှေးရှုဝေါ်ခြင်း၊ လက်ခံခြင်းသည် အဗ္ဘာန မည်၏။ အဗ္ဘာန်မသွင်းမီ ဒဏ်သားဖြစ်၏။ သံဃာ့အလယ်၌ အချို့ နေတတ်သည်။ ဝါစဉ်ဖြင့်ပင် မနေရ။ နေရာစွန်၌သာ နေရသည်။ အဗ္ဘာန် သွင်းပြီးသောအခါ ဒဏ်သားမဟုတ်၊ ပကတတ် ရဟန်းကောင်း ဖြစ်၏။ သံဃာ့အလယ် ဝါစဉ်အတိုင်း နေနိုင်၏။ နှစ်ကျိပ်သံဃာမပြည့်ပဲ သိလျက် အဗ္ဘာန်သွင်းအံ့၊ ကံပျက်၏။ သွင်းအပ်သူအဖြစ်သို့ မရောက်။ ရဟန်းတို့သည်လည်း ကဲ့ရဲ့ဖွယ် အပြစ်ရှိသောကြောင့် ဂါရယှတို့ မည်ကုန်၏။ ဒုက္ကဋ်သင့်ကုန်၏။ ဤ အာပတ်မျိုး သင့်သူအား ပရိဝါသ်၊ မာနတ်ကျင့်၍ အဗ္ဘာန်သွင်းခြင်းသည် အာပတ် စင်ကြယ်ခြင်းအကျိုးမျှ ရှိသည်မဟုတ်။ လောကုတ္တရာသို့ အစဉ်ရောက်သော သြဝါဒ၊ အနုသာသနီကျင့်ခြင်းလည်း ဖြစ်သည်။ ပိဋကနိဿိဘကုသိုလ်ကို ဖြည့်ကျင့်သည်လည်း ပည်၏ ဟူလို။ ထို့ကြောင့် စင်ကြယ်ခြင်းဖြင့် ဝမ်းမြောက်လိုသူသည် ဝတ်စောင့်ခြင်းကို မထိမဲ့မြင် မပြုရာ။

ဖုံးခြင်းဆယ်ပါး။ ။ရဟန်းသည် သံဃာဒိသိသ်သို့ ရောက်၍ ဝတ္ထုစွမ်းဖြင့် သံဃာဒိသိသ်ဟူ၍ မှတ်ထင်သူဖြစ်လျက် ထိုအာပတ်ကို တစုံတယောက်အား မကြားအံ့ဟု ဖုံးလို၍ ဝန်ချကာ အရုဏ်တက်အောင် ဖုံးအံ့၊ ဖုံးသည်မည်၏။ အလဇ္ဇီ ဖြစ်၏။ ဒုက္ကဋ်သင့်၏၊ အနာပတ္တိထင်၍ငင်း၊ တပါးသော အာပတ်ထင်၍ငင်း၊ ယုံမှားရှိ၍ငင်း မကြားအံ့ဟု ဝန်ချကာ အရုဏ်တက်စေကာမူ ဖုံးသည်မမည်။ လဟုကို ဂရုထင်၍၊ ဂရုကို လဟုထင်၍ ဖုံးစေကာ မူ ဖုံးသည်မမည်။ အလဇ္ဇီကား ဖြစ်သည်။ ဂရု လဟု မသိပဲ ဖုံးမည်ဟု ဖုံးလျှင် ဖုံးသည်မည်၏။

အာပတ်သို့ရောက်သူသည် ပကတတ်ဖြစ်၍ ငါ ပကတတ်ဟု မှတ်ထင်လျက် ဖုံးလို၍ ဝန်ချကာဖုံးအံ့၊ ဖုံးသည်မည်၏။အပကတတ်ထံဖြစ်မူ ဖုံးလိုသလောက် ဖုံးသော်လည်း ဖုံးသည်မမည်။အပကတတ်ထံ ဒေသနာကြားလျှင်လည်း ဒေသနာကြားသည်မမည်။ဤ၌ ဥက္ခိတ္တကကံ ပြုခံရသော ရဟန်းသည် အပကတတ်မည်၏။ သမာနသံဝါသ ရတန်းကောင်းသည် ပကတတ်မည်၏။ ပကတ= သဘာဝဘူဘဖြစ်သော+အတ္တ=သဘော ရှိသူသည် ပကတတ္တ မည်၏။ ဝါ ပကတိ+အတ္တ=ပင်ကို+သဘော ရှိသူဟူ၍လည်း ဆိုနိုင်သည်။ ကံပြုခံရမြင်း ဖြင့် ဝိကတ+အတ္တ=ရှိသူ။ ဝါ — ဝိကတိ+အတ္တ ရှိသူသည် အပကာဘတ် မည်၏။

အာပတ်သို့ ရောက်သူသည် အန္တရာယ်ဆယ်ပါးကင်းလျက်၊ ငါအန္တရာယ်ကင်း၏ဟု မှတ်ထင်လျက် ဖုံးလို၍ ဝန်ချကာဖုံးအံ့၊ ဖုံးသည်မည်၏။ ကြောက်တတ်သူဖြစ်၍ငင်း၊ အချိန်မဲ့ဖြစ်၍ငင်း၊ အန္တရာယ်ရှိသော နေရာမျိုးဖြစ်၍ငင်း၊ အန္တရာယ်ရှိအံ့ထင်၍ ဖုံးအံ့၊ ဖုံးသည် မမည်။

အာပတ်သို့ရောက်သူသည် ရဟန်းတပါးထံ သွားခြင်းငှာငင်း၊ ဒေသနာကြားခြင်းငှာငင်း စွမ်းနိုင်သူဖြစ်၍ ငါစွမ်းနိုင်၏ဟု မှတ်ထင်လျက် ဖုံးလို၍ ဝန်ချကာ ဖုံးအံ့၊ ဖုံးသည်မည်၏။ ခြေနာ၍ ခံတွင်းနာ၍ မစွမ်းနိုင်ဟုထင်၍ ဖုံးအံ့၊ ဖုံးသည်မမည်။

ဖုံးလို၏၊ ဝန်ချ၍ အရုဏ်တက်အောင်ဖုံး၏—ဌ်ကား ချဲ့ဖွယ်မရှိပြီ။အထူးကား ဖုံးအံ့ဟု ဝန်ချပြီးနောက် အရုဏ်မတက်မီ လဇ္ဇီသဘော သက်ဝင်၍

**ဒေသနာကြားအံ့၊မဖုံးလိုလျက် ဖုံးသည်မည်၏။ ခဏချင်း မိုးခဲနင်းမိသူအလား** သဘာဂထံ သွား၍ ဒေသနာကြားအံ့၊ မဖုံးလိုလျက် မဖုံးသည်မည်၏။ ဤသုံးယောက်အား ဖုံးခြင်းမဖြစ်၊အပြစ်မရှိ။ သဘာဂရဟန်းကို ဆရာဟု ရှက်၍ မကြားမူကား ဖုံးသောအပြစ်ဖြစ်၏။ သဘာဂဖြစ်ခြင်းသာ ပမာဏ ဖြစ်သည်။ ဆန့်ကျင်ဘက်ဖြစ်၍ အပြစ်ပြုလေ့ရှိသော ဆရာကိုကား မကြားသော်လည်း ဖုံးသည်မမည်။ ဆန့်ကျင်ဘက် ရန်သူသည် ဝိသဘာဂမည်၏။ အကျိုးလိုလားခြင်းမရှိ။ ရှောင်ရသည်။

## ပရိဝါသ် မှတ်ဖွယ်

ပရိဝါသ်သည် ပဋိစ္ဆန္န ပရိဝါသ်၊သုဒ္ဓန္တ ပရိဝါသ်၊ သမောဓါန ပရိဝါသ်ဟု သုံးမျိုးရှိ၏။ ထိုတွင် ပဋိစ္ဆန္န ပရိဝါသ်ကို ဖုံးသော အာပတ်အားလျော်စွာ ပေးရသည်။ဝိနည်းမိုရ်သည် ရှေးဦးစွာ လက္ခဏာဆယ်ပါးဖြင့် ဖုံးခြင်းဟုတ် မဟုတ်သိအောင် ပြုရသည်။ ထိုနောက် ဖုံးသောရက် အာပတ်တို့ကိုမှတ်၍ တရက်ဖုံး အာပတ်တခု ဖြစ်အံ့၊ အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နံ စသည်ဖြင့် တောင်းစေ၍ ကမ္မဝါစာဖတ်၍ ပရိဝါသ်ပေးရသည်။ နှစ်ရက်ဖုံးအံ့၊ ဒွိဟပ္ပဋိစ္ဆန္နံ။လ။ ၁၄–ရက်ဖုံးအံ့။ စုဒ္ဒသာဟပ္ပဋိစ္ဆန္နံ။ ၁၅-ရက်ဖုံးအံ့၊ ပက္ခပ္ပဋိစ္ဆန္နံ။ (ဟ-မပါ)။ ထိုနောက် ၂၉–ရက်ထိ အတိရေကပက္ခပ္ပဋိစ္ဆန္နံ။ ထိုနောက် မာသပ္ပဋိစ္ဆန္နံ၊ အတိရေက မာသပ္ပဋိစ္ဆန္နံ။ ဒွေမာသပ္ပဋိစ္ဆန္နံ။လ။ အတိရေကဧကာဒသမာသပ္ပဋိစ္ဆန္နံ။ ဧကသံဝစ္ဆရပ္ပဋိစ္ဆန္နံ။ အတိရေကသံဝစ္ဆရပ္ပဋိစ္ဆန္နံ။ လ။ အတိရေကသဋ္ဌိသံဝစ္ဆရပ္ပဋိစ္ဆန္နံ စသည်ဖြင့် ယှဉ်စေရသည်၊

အာပတ်တခုဖြစ်အံ့၊ ဧကံ အာပတ္တိံ။ နှစ်ခု၊ သုံးခုဖြစ်အံ့၊ ဒွေ အာပတ္တိယော။ တိဿော အာပတ္တိယော။ ထိုထက် လွန်အံ့၊ သမ္ဗဟုလာ အာပတ္တိယောဟု ယှဉ်စေရသည်။ ဝတ္ထုအသီးသီး=နာနာဝတ္ထုကအာပတ်တို့ဖြစ်ကုန်အံ့၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ ဧကံ သုက္ကဝိဿဋ္ဌိံ ဧကံ သဉ္စရိတ္တံ ဧကာဟပ္ပဋိစ္ဆန္နာယောဟု တခုစီရေတွက်ခြင်းဖြင့်၎င်း၊ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော၊ ဧကာဟပ္ပဋိစ္ဆန္နာယောဟု နာနာဝတ္ထုပေါင်းခြင်းဖြင့်၎င်း ယှဉ်စေရသည်။

အမည်၌ သံဃာဒိသေသာကား သဇာတိသာခရဏအမည်ဖြစ်၏။ အာပတ္တိကား၊ သဗ္ဗသာဓာရဏအမည် ဖြစ်၏။ ထို့ကြောင့် အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ၊ ဧကာဟပ္ပဋိစ္ဆန္နာယော ဟု(သံဃာဒိသေသာ-မထည့်ပဲ) သဗ္ဗသာဓာရဏအမည်ဖြင့်လည်း ဆိုအပ်၏။ ဤပရိဝါသ် စသော ဝိနည်းကံသည် ဝတ္ထု၊ ဂေါတ္တ မည်၏။ သံဃာဒိသေသော-ဟူသည် နာမမည်၏။ အာပတ္တိမည်၏။

**အနိက္ခိတ္တ**။ ။ရဟန်းနည်းသောကျောင်း၊ ရတ္တိစ္ဆေဒမဖြစ်အောင်နေနိုင်သောကျောင်းဖြစ်အံ့၊ ကမ္မဝါစာအဆုံး၌ ထိုသိမ်အပြင်၌သာလျှင် ပရိဝါသံ **သမာဒိယာမိ**၊ ဝတ္တံ သမာဒိယာမိ ဟု ဝတ်ဆောက်တည်၍ ထိုသံဃာအား ကြားပြီးလျှင် ရောက်လာသမျှ ရဟန်းတို့အား ကြားလျက် ကျင့်ဝတ်မပျက်အောင် ညဥ့်မပြတ်အောင် နေရသည်။ ဝတ် မချရ။

နိက္ခိတ္တ။ ။ပရိဝါသ်သုတ်သင်ခြင်းငှာ မတတ်နိုင်၍ နိက္ခိတ္တဝတ် ကျင့်လိုအံ့၊ ဆောက်တည်၍ ကြားပြီးလျှင် ထိုသိမ်တွင်းရှိ သံဃာထံ၌၎င်း၊ တပါးပါးထံ၌၎င်း ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိဟု ဆို၍ ဝတ်ချရသည်။

ဆောက်တည်ရာ၊ ချရာ၌ တပုဒ်ပုဒ်ဖြင့်လည်း ဆောက်တည်နိုင်၊ ချနိုင်၏၊ နှစ်ပုဒ်ဖြင့် ကောင်းစွာပြည့်စုံ၏။ ဝတ်ချပြီးသောကာလမှစ၍ ပကတတ်အရာ၌ တည်၏။ ထို့နောက် နံနက်စောစော ပကတတ် ရဟန်းတပါးနှစ်ပါးနှင့်အတူ ကျောင်း၏အရပ်၊ အရပ်ထိုက်ရာမှ ခဲနှစ်ကျလွန်အောင်သွား၍ လမ်းမကြီးမှ ဖဲ၍ ချုံ၊ စောင်ရန်းတို့ဖြင့် ဖုံးကွယ်သောနေရာ၌ နေ၍ ဝတ်ဆောက်တည်၍၊ ဝတ်ကြား၍ နေရသည်။ ရဟန်းတပါးပါးကိုမြင်လျှင် ထိုရဟန်းအားလည်း ကြားရသည်။ အရုဏ်တက်သောအခါ ထိုပကတတ်ထံ ဝတ်ချ၍ ကျောင်းသို့ပြန်နိုင်သည်။ ပကတတ်သည် အရုဏ်တက်သောအခါ ထိုပကတတ်ထံဝတ်ချ၍ ကျောင်းသို့ပြန်နိုင်သည်။ ပကတတ်သည် အရုဏ်မတက်ခင် ကိစ္စရှိ၍ ဖဲသွားအံ့၊ အရုဏ်တက်သောအခါ ကျောင်းသို့ပြန်လာ၍ ရှေးဦးစွာ မြင်သောရဟန်းထံ ကြား၍ ချရသည်။ ဤသို့မှတ်သား၍ ဖုံးသောရက်နှင့်အညီ ရက်ပြည့်အောင် ပရိဝါသ် ကျင့်ရသည်။ အကျယ်ကို စူဠဝါ၊ ပါဠိ၊ အဋ္ဌကထာ၌ စုံလင်စွာဆိုသည်။

**သုဒ္ဓန်နှစ်မျိုး။** ။အာပတ်အပိုင်းအခြား မသိ၊ ဖုံးသော ညဉ့်အပိုင်းအခြား မသိသူအား ပေးအပ်သော ပရိဝါသ်သည် သုဒ္ဓန္တ ပရိဝါသ် မည်၏။ စူဠသုဒ္ဓန်၊ မဟာသုဒ္ဓန် ဟု နှစ်မျိုးပြား၏။ နှစ်မျိုးလုံးကိုပင် ဖုံးသော ညဉ့်ကုန်စင်အောင် မသိသူ၊ ယုံမှားရှိသူအား ပေးရသည်။ အာပတ်ကုန်စင်အောင် သိခြင်း၊ မသိခြင်းကား အကြောင်းမဟုတ်၊ ရဟန်းပြုသည်မှစ၍ ရက်တရာရှိသောရဟန်းသည် ဖုံးသောရက်ကို မသိအံ့၊ မဖုံးသော စင်ကြယ်သော ရက်တို့ကို ဤနေ့ ဤနေ့၌ စင်ကြယ်သည်ဟု ရေတွက်ရသည်။ စင်ကြယ်သည်ဟု ယုံမှားကင်းသော ရက်ပေါင်း ၇၀-ရှိအံ့၊ ကြွင်းရက် ၃၀-အတွက် ပရိဝါသ်ကျင့်လျှင် ချွတ်ယွင်းသောအကျင့် မဖြစ်။ ထို့ကြောင့် ထိုရဟန်းအား ရက်-၃၀ ပရိဝါသ် ပေးရသည်။ ဤကား စူဠသုဒ္ဓန်တည်း။ စင်ကြယ်သည်ဟု ယုံမှားကင်းသောရက်ကို ယနေ့အထိ တရက်မျှ မရေတွက်နိုင်သူ ဖြစ်အံ့၊ ရဟန်းဖြစ်သည်မှစ၍ ယနေ့အထိ ရက်တရာလုံး ပရိဝါသ် ပေးရသည်။ ဤကား မဟာသုဒ္ဓန်တည်း။

**သမောဓာန်သုံးမျိုး။** ။သမောဓာန ပရိဝါသ်သည် ဩဓာနသမောဓာန်၊ အဂ္ဃသမောဓာန်၊ မိဿကသမောဓာန်ဟု သုံးမျိုး ပြား၏။ ဝတ်ဆောက်တည်၍ ကျင့်စဉ် ဝတ်မချမီ ဒုက္ကဋ်သားအဖြစ်၌ အာပတ် ထပ်သင့်၍ ဖုံးသည်ဖြစ်အံ့၊ ပရိဝါသ်နေပြီးသော ရက်တို့ကို အကုန်ဖျက်၍ ရှေး မူလအာပတ်၌ နောက်အာပတ်ကို ပေါင်း၍ ပရိဝါသ် ပေးရသည်။ ဤပရိဝါသ်သည် ဩဓာနသမောဓာန် မည်၏။ (ဩဓာန=ဖျက်၍+သမောဓာန= ပေါင်းသည် ဟူလို။) အာပတ်အများ သင့်ရာတွင် ရက်အများဆုံး ဖုံးသော အာပတ်အား ထိုက်သောရက်ဖြင့် ကြွင်းအာပတ်တို့ကို ပေါင်း၍ပေးသော ပရိဝါသ်သည် အဂ္ဃသမောဓာန် မည်၏။ (အဂ္ဃ=အများဆုံး ဖုံးသူအား ထိုက်သော ရက်ဖြင့်+သမောဓာန=ပေါင်းသည် ဟူလို။) အများဆုံး ဆယ်ရက် ဖုံးအံ့၊ ကိုးရက်၊ ရှစ်ရက် စသည်ဖြင့် ရက်အနည်းငယ်ဖုံး အာပတ်တို့ကိုငင်း၊ ရက်တူဆက်လျက် ဖုံးအာပတ်ကိုငင်း တပေါင်းတည်းပြု၍ ဆယ်ရက်ပရိဝါသ် ပေးရသည်။ ဆယ်ရက်စီဖုံးသော အာပတ် ဆယ်ခုရှိအံ့၊ ရက်တရာ ပရိဝါသ် မပေးပဲ တပေါင်းတည်း ဆယ်ရက်မျှပေးနိုင်သည်။ ထို့ကြောင့် ပရိဝါသ်၌ "အာပတ်တရာကို ဆယ်ရက်စီဖုံး၍ ဖုံးရက်တထောင် ရှိသော်လည်း ဆယ်ရက်မျှ ပရိဝါသ် ကျင့်ခြင်းဖြင့် စင်ကြယ်သည်" ဟု ဆိုပြီ။ နာနာဝတ္ထုက=

ဝတ္ထုအသီးသီးရှိ အာပတ်တို့ကို တပေါင်းတည်းပြု၍ ပေးသော ပရိဝါသ်သည် မိဿကသမောဓာန် မည်၏။

**မာနတ်နှစ်မျိုး။** ။မာနတ်သည် ပဋိစ္ဆန္နမာနတ်၊ အပ္ပဋိစ္ဆန္နမာနတ်ဟု နှစ်မျိုးရှိ၏။ အာပတ်ကို ဖုံး၍ ပရိဝါသ်ထိုက်သူအား ပရိဝါသ် အဆုံး၌ပေးသော မာနတ်သည် ပဋိစ္ဆန္နမာနတ် မည်၏။ မဖုံးသူအား၊ ဖုံးသော်လည်း လဇ္ဇကာဆယ်ပါးနှင့်အညီ ဝန်ချ၍ ဖုံးခြင်းမရှိသူအား ပရိဝါသ် မပေးပဲ မာနတ်သက်သက်ပေးခြင်းသည် အပ္ပဋိစ္ဆန္နမာနတ် မည်၏။ခြောက်ညဥ့် ကျင့်ရသည်ချည်းသာတည်း။နိက္ခိတ္တမာနတ် ကျင့်ရာ၌ နံနက်စောစော အရာမ်မှ ခဲနှစ်ကျလွန်အောင် အနည်းဆုံး ပကတတ်လေးပါးနှင့် သွားရခြင်းမျှ ထူး၏။ မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ ဟု ဆောက်တည်၍ ကြားရသည်။ အရုဏ်တက်သောအခါ မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ ဟု ချရသည်။ မာနတ်ကို နေ့တိုင်းကြားရသည် ဆိုသောကြောင့် အရုဏ်တက်သောအခါ လည်း ကြားပြီးမှ ဝတ်ချခြင်းကို ပြုကြလေသည်။

**မှတ်စုများ။** ။အာပတ်အများကို အနည်းဆို၍ ဝတ်စောင့်အံ့၊ အာပတ်မှ မထ။ အနည်းဆုံးဆိုလျှင် ထ၏။ ဖုံးသည်ကို မဖုံးဆိုအံ့၊ မထ။ မဖုံးသည်ကို ဖုံးသည်ဟုဆိုလျှင် ထ၏။ရက်အများဆုံး ဖုံးကို အနည်းဖုံး ဆိုအံ့၊ မထ။ အနည်းဖုံးကို အများဖုံးဆိုလျှင် ထ၏။ ထို့ကြောင့် လဇ္ဇကာ ဆယ်ပါးဖြင့် စိစစ်၍ ရက်အများဆုံး ဖုံးသလောက် ကျင့်လျှင် လမ်းမှန် ကျ၏။ အသိဉာဏ်တိုး၏။ ရက်များတိုင်း ကောင်းအံ့ထင်၍ လဇ္ဇကာဖြင့် မစိစစ်ပဲ ကျင့်လျှင် ဉာဏ်မတိုး။ လဇ္ဇကာဆယ်ပါး မသိသူ များလှ၏။ သိသူချည်းသာ ဖြစ်မှု ကောင်းလေစွ။

ဝတ်မချခင် ဒဏ်သားအဖြစ်၌ တည်စဉ် ထပ်သင့်အံ့၊ မူလာယပဋိကဿန= အရင်းပြန်ငင်ရသည်။ ဝတ်ချထားခိုက် ထပ်သင့်အံ့၊ ဖုံးလျှင် ပရိဝါသ်နှင့်တကွ ပြန်ကျင့်ရသည်။ မဖုံးလျှင် ဝိသုံမာနတ်=သီးခြားကျင့်ရသည်။ ပရိဝါသ် ကျင့် သူအား ကျင့်ဝတ် ၉၄-ပါး ရှိ၏။ ထိုတွင် သဟဝါသော၊ ဝိပ္ပဝါသော၊ အနာရောစနာ သုံးပါးသည် ညဥ့်ပျက်ကြောင်း ဖြစ်၏။ မာနတ်ကျင့်သူအား ကျင့်ဝတ် ၉၅-ပါး ရှိ၏။ နေ့တိုင်း ကြားရခြင်းတခု ပိုလွန်၏။ ထိုတွင်

သဟာဝါသော၊ ဝိပ္ပဝါသော၊ အနာရောစနာ၊ ဦနေ ဂဏေ စရတိ၊ လေးပါး သည် ညဥ့်ပျက်ကြောင်း ဖြစ်၏။ သဟာဝါသော=ပကတတ်နှင့် တမိုးတည်း ကိုယ်စင်း၍ အိပ်ခြင်း။ ဝိပ္ပဝါသော=ပကတတ်နှင့် ကင်းခြင်း၊ အရာမ်ပဌ်မူ ၁၂–တောင် ကင်းခြင်း။ အနာရောစနာ=အဆင်းမြင် အသံကြား ရဟန်းတို့ အား ဝတ်မကြားခြင်း။ ဦနေ ဂဏေ စရတိ=ပကတတ်လေးပါး မပြည့်ပဲ မာနတ်ကျင့်ခြင်း။

ပရိဝါသ်ပြီး၍ မာနတ်ထိုက်သူ၊ မာနတ်ပြီး၍ အဗ္ဘာန်ထိုက်သူအား ကျင့် ဝတ် ၉၄–ပါး ဟော၏။ ရဟန်းတို့အား ကြားခြင်းကျင့်ဝတ်များကို မဟော။ အချို့ အဗ္ဘာန်အခါ သိမ်တွင်း သိမ်ပ ကျောင်းပိုင်းတွင်းရှိ ရဟန်းတို့အား ဝတ်ကြားရန် ဂရုအပြုလွန်ကုန်၏။

သံဃာဒိသိသ် ပြီး၏။

# အနိယတဒွေသ

ဣမေ ခေါ ပနာယသ္မန္တော ဒွေ အနိယတာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**၁-ပဌမအနိယတ။** ။ယော ပန ဘိက္ခု။ မာတုဂါမေန။ သဒ္ဓိံ။ ဧကောဧကော ယ၊ တယောက်ချင်းချင်း။ ရဟော၊ (မျက်စိ) ဆိတ်ကွယ်သော။ ပဋိစ္ဆန္နေ၊ ဖုံးလွှမ်းအပ်သော။ အလံကမ္မနိယေ၊ မေထုန်မှုပြုခြင်းငှာ ခံ့သော။ အာသနေ၊ နေရာ၌။ နိသဇ္ဇံ၊ ထိုင်ခြင်း (အိပ်ခြင်း) ကို။ ကပ္ပေယျ၊ ပြုငြားအံ့။ တမေနံ၊ ထိုရဟန်းကို။သဒ္ဓေယျဝစသာ၊ ယုံကြည်အပ်သောစကားရှိသော။ ဥပါသိကာ၊ (အရိယာဖြစ်သော) ဒါယိကာမသည်။ ဒိသွာ၊ မြင်၍။ ပါရာဇိကေန ဝါ၊ပါရာဇိကအာပတ်ဖြင့်၎င်း။ သံဃာဒိသေသေန ဝါ။ ပါစိတ္တိယေန ဝါ၊ ဖြင့်၎င်း။တိဏ္ဏံ ဓမ္မာနံ၊သုံးပါးသော အာပတ်တို့တွင်။အညတရေန၊ တပါးပါးသော အာပတ်ဖြင့်။ ဝဒေယျ၊ ဆိုငြားအံ့။ ဘိက္ခု၊ ရဟန်းသည်။ နိသဇ္ဇံ၊ ထိုင်ခြင်း (အိပ်ခြင်း) ကို။ ပဋိဇာနမာနော၊ ဝန်ခံသည်ရှိသော်။ ပါရာဇိကေန ဝါ။ သံဃာဒိသေသေန ဝါ။ ပါစိတ္တိယေန ဝါ။ တိဏ္ဏံ ဓမ္မာနံ။ အညတရေန။ ကာရေတဗ္ဗော၊ ကုစားစေအပ်၏။ ယေန ဓမ္မေန၊ အကြင်အာပတ်ဖြင့်။ သဒ္ဓေယျဝစသာ။ သာ ဥပါသိကာ။ ဝဒေယျ။ တေန ဓမ္မေန ဝါ၊ ထိုအာပတ်ဖြင့်လည်း။ သော ဘိက္ခု၊ ကို။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ဝါ၊ ကုစားစေအပ်၏။ အယံ ဓမ္မော၊ ဤအာပတ်သည်။ အနိယတော၊ အမြဲမရှိသော အာပတ်သည်။ ဟောတိ၊ ၏။

**အဓိပ္ပာယ်။** ။ဖွားမြင်စဖြစ်ခဲ့ အသက်ရှိသော လူမိန်းမသည် မာတုဂါမမည်၏။ ရဟန်းတပါးတည်းနှင့် မာတုဂါမတယောက်တည်းသည် ဧကောဧကော ယ မည်၏။ မျက်စိဆိတ်ကွယ်ရာသည် ရဟောမည်၏။ ပါဠိတော်၌ မျက်စိဆိတ်ရာ၊ နားဆိတ်ရာဟု နှစ်မျိုး အပြည့်အစုံလာသော်

လည်း ဤသိက္ခာပုဒ်၌ မျက်စိဆိတ်ရာကိုသာ ယူရသည်။ တံခါးအနီး ထိုင်နေသော ဝိညူပုရိသသည် တိုက်ခန်းတံခါး ပိတ်ထားလျှင် အနာပတ္တိကို မပြုနိုင်။ မမြင်သာသောကြောင့်တည်း။ မြင်လောက်ရာ ဒသဟတ္ထပစာ=၁၂-တောင် အတွင်းထိုင်နေသော ဝိညူပုရိသသည် စိဘ်ပျံ့လွင့်လျက်ဖြစ်စေ၊ အိပ်ပျော်လျက်ဖြစ်စေ အနာပတ္တိကို ပြုနိုင်သည်။ လျှောင်းလျက်အိပ်လျှင် အနာပတ္တိ မပြုနိုင်။ သူကန်းကား အနီးတွင် ရပ်နေသော်လည်း အနာပတ္တိ မပြုနိုင်။ ထို့ကြောင့် မျက်စိကွယ်ရာကိုသာ "ရဟော မည်၏"ဟု ယူရသည်။ မာတုဂါမတို့ကား တရာရှိသော်လည်း အနာပတ္တိကို မပြုနိုင်ကုန်။ နံရံစသည်ဖြင့် ဖုံးကွယ်သောအရပ်သည် ပဋိစ္ဆန္န မည်၏။ လွန်ကျူးမှု ပြုစွမ်းနိုင်သော အရပ်သည် အလံကမ္မနိယ မည်၏။ ထိုင်ခြင်းသည် နိသဇ္ဇ ကပ္ပယျ မည်၏။ ထိုင်ခြင်းဖြင့် အိပ်ခြင်းကိုလည်း ယူရသည်။ ရပ်ခြင်း၊ သွားခြင်းကို မယူရ။ ယုံကြည်အပ်သော စကားရှိသူသည် သဒ္ဒေယျဝစသာ မည်၏။ (အရိယာပုဂ္ဂိုလ်ဟူလို။) အသက်အန္တရာယ် ရောက်စေကာမူ မုသာဆိုခြင်း မပြု။ မဂ်ဖြင့်ပယ်ပြီးဖြစ်သည်။ ဤသို့သော အရိယာပုဂ္ဂိုလ်သည် မြင်၍ ပြောသော်လည်း ထိုင်ခြင်း၊ အိပ်ခြင်းကို ရဟန်းဝန်ခံမှ အာပတ်သုံးခုတွင် တခုခုဖြင့် ဆုံးဖြတ်ရသည်။ ဝန်မခံလျှင် မဆုံးဖြတ်ရ။ မြင်သူ မုသာမဆိုဟု ယုံကြည်ရသော်လည်း မြင်ခြင်းသည် မှန်သည်လည်းရှိ၏။မှားသည်လည်းရှိ၏။ထို့ကြောင့် ရဟန်းဝန်ခံမှ ဆုံးဖြတ်ရသည်။ မြင်သူ၏စကားမျှဖြင့် မဆုံးဖြတ်ရ။ မေထုန ပါရာဇိက၊ ကာယသံသဂ္ဂ သံဃာဒိသိသ်။ ဆိတ်ကွယ်ရာ ထိုင်ခြင်း အိပ်ခြင်းကြောင့်သင့်သော ရဟောနိသဇ္ဇ ပါစိတ်၊ ဤသုံးခုတို့တွင် ဝန်ခံသောအာပတ်ဖြင့်၊ ဝန်ခံသောဝတ္ထုဖြင့် ဆုံးဖြတ်ရသောကြောင့် ဒ္ဓမြဲမရှိ၊ အနိယတ မည်၏။

**အလဇ္ဇီပဋိညာ။** ။အလဇ္ဇီကိုသော်လည်း ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရသည်။ ဝန်မခံအံ့။ နေဝသုဒ္ဓနာသုဒ္ဓ ဟူ၍သော်လည်း ဆိုရသည်။ ဝန်ခံသော်လည်း အလဇ္ဇီ၌ မှန်သောပဋိညာ မရှိ၊ စကားများစွာ ဆိုတတ်၏။ စကားချင်း စေ့စပ်ညီညွတ်မှသာ ဆုံးဖြတ်ရသည်။ အလဇ္ဇီတို့၌ ပဋိညာဖြင့်ပင် ဆုံးဖြတ်ရသည်။ (ဓမ္မပဒ ၁၀-ဒဏ္ဍဝဂ်၌ ကောဏ္ဍဓာနမထေရ်သည် ရဟန်းပြုသောနေ့မှစ၍ မိန်းမတယောက်နှင့် အတူသွား အတူနေသည်ကို အများမြင်ကြ၏။ အချို့ကား ဆွမ်းနှစ်ခွက်လောင်း၍ အရှင်ဖို့တခွက်၊ အဖော်ဖို့တခွက်ဟု ဆိုကုန်၏။ နောက်၌ ရဟန္တာဖြစ်၍ စာရေးတံယူ ဧတဒဂ်ရပုဂ္ဂိုလ်

ဖြစ်သည်။ နတ်ဖြစ်စဉ်က ရဟန်းနှစ်ပါးကဲ့ပြားအောင် မိန်းမအသွင်ဖြင့် အထင်မှားအောင် ပြုခဲ့သောကြောင့်တည်း။ ထို့ကြောင့် မြင်ခြင်းသည် မှန်သည်လည်း ရှိ၏ စသည်ဖြင့်ရင်း၊ ရဟန်းဝန်ခံမှ ဆုံးဖြတ်ရသည်ဟူ၍ရင်း ဆိုအပ်ပြီ။)

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥဒါယီ မာတုဂါမနှင့် ဖုံးကွယ်ရာ၌ နေထိုင်ခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ **မေထုနဓမ္မကို** မှီသော ရဟောနိသဇ္ဇ အသာဒရာဂဖြင့် ဝါ၊ ဆိတ်ရာနေခြင်း၌ **သာယာသောရာဂဖြင့်** မျက်စိကွယ်ခြင်း စသည်မှ မာတုဂါမထံ သွားအံ့၊ **ပယောဂတိုင်း** ဒုက္ကဋ်ဟု၊ သွားပြီးလျှင် တယောက်ပြီးတယောက် ထိုင်သော်ရင်း၊ ပြိုင်တူထိုင်သော်ရင်း၊ နှစ်ယောက်လုံး ထိုင်အံ့၊ ပါစိတ်ဟု ဆုံးဖြတ်အပ်၏။ **ကာယသံသဂ္ဂသို့၊** မေထုနသို့ ရောက်အံ့၊ ထိုအစွမ်းဖြင့် ဆုံးဖြတ်အပ်၏။ အိပ်ခြင်းလည်း ထိုင်ခြင်းနှင့် တူ၏။ (ထိုင်ခြင်း အိပ်ခြင်း ပြု၊ ရပ်၏ဟု ဝန်ခံလျှင် မဆုံးဖြတ်အပ်။) မျက်စိကောင်းသော ဝိညူပုရိသသည် ၁၂-တောင်အတွင်း၌ မအိပ်ပဲ လျောင်းလျက်ပင်ဖြစ်စေ ရှိအံ့၊ ရဟန်းသည် ရပ်နေအံ့၊ ဆိပ်ကွယ်ရာဟု နှလုံးမပြုပဲ ထိုင်အံ့၊ အာရုံတပါး နှလုံးထားလျက် ထိုင်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အချို့ သီလဝိပတ္တိ။ အချို့ အာစာရဝိပတ္တိ ဖြစ်၏။ ဝန်ခံသော အာပတ်စွမ်းဖြင့် အင်္ဂါအသီးသီးကို သိအပ်၏။ သမုဋ္ဌာန် စသည် ပဌမပါရာဇိကနှင့် တူ၏။ (ဝိပတ္တိလေးပါးတို့တွင် ပါရာဇိကနှင့် သံဃာဒိသိသ်သည် သီလဝိပတ္တိ မည်၏။ ကြွင်းသောအာပတ်တို့သည် အာစာရဝိပတ္တိ တို့ ဖြစ်ကုန်၏။ အာဇီဝဝိပတ္တိအာပတ်၊ ဒိဋ္ဌိဝိပတ္တိအာပတ် မရှိ။ အာဇီဝဝိပတ္တိကြောင့် ဒုဗ္ဘာသိမှတပါး အာပတ်ခြောက်ပါး ပညတ်သည်။ ဒိဋ္ဌိဝိပတ္တိကြောင့် ပါစိတ်၊ ဒုက္ကဋ်နှစ်ပါး ပညတ်သည်။)

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရှင်ဥဒါယီသည် သာဝတ္ထိ၌ ကုလုပကဖြစ်၏။ မင်္ဂလာဆောင်ပွဲကျင်းပသော အိမ်သို့ ကြွသွား၍ သတို့သမီး အဘယ်မှာနည်းဟု မေး၏။ အခန်းတွင်း၌ဟု ဆိုကုန်လတ်သော် ဝင်သွား၍ ဆိတ်ရာ၊ ဖုံးကွယ်ရာ၊ မေထုန်မှုပြုနိုင်လောက်ရာ၌ တယောက်ချင်းချင်း တရားဟောကာ စကားပြောကာ နေ၏။ ထိုခတ်ကာလ၌ ဝိသာခါသည် သားသမီး မြေးမြစ် ပေါများခြင်း၊ အနာကင်းခြင်းတို့ကြောင့် လှန်စွာမင်္ဂလာရှိသည်ဟု အများသမုတ်၍ ယင်ရှားကျော်စော၏။ အသုံ့ပွဲသဘင်တိုင်းပရာကျို၌ ဝိသာ

ခါကို ဖိတ်၍ ရှေးဦးစွာ ကျွေးမွေးကြ၏။ ထို့ကြောင့် ဝိသာခါသည် ထိုအိမ်သို့ သွား၍ အခန်းတွင်း၌ ရှင်ဥဒါယီကိုမြင်ရ၍ အရှင်ဘုရား၊ ဤသို့နေခြင်းသည် မသင့်တော်ပါ၊ လွန်းကျူးမှုမပြုသော်လည်း လူတို့ ယုံကြည်နိုင်ခဲပါသည်ဟု လျှောက်၏။ ရှင်ဥဒါယီသည် ဝိသာခါ၏စကားကို နာယူခြင်းမပြုပဲ နေမြဲနေ၏။ ဝိသာခါသည် ပြင်ပသို့ထွက်၍ ရဟန်းတို့အား ထိုအကြောင်းကို လျှောက်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၂—ဒုတိယအနိယတ။ ။အာသနံ၊ နေရာသည်။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သည်။ န ဟောဝ ခေါ ပန ဟောတိ၊ မဖြစ်သည်သာတည်း။ အလံကမ္မနိယံ၊ မေထုန်မှုပြုခြင်းငှာ ခံ့သည်။န ဟောတိ၊ မဖြစ်သည်သာတည်း။ မာတုဂါမံ၊ကို။ဒုဋ္ဌုလ္လာဟိ၊ ရှုန့်ရင်းကုန်သော။ဝါစာဟိ၊စကားတို့ဖြင့်။ ဩဘာသိတုံ၊ ပြက်ရယ်ပြောဆိုခြင်းငှာ။ အလဉ္စ ခေါ ပန ဟောတိ၊ စွမ်းနိုင်သည်သာတည်း။ ယော ပန ဘိက္ခု။ တထာရူပေ၊ ထိုသို့သဘောရှိသော။ အာသနေ။ မာတုဂါမေန။သဒ္ဓိံ ။ ဧကော ဧကာယ။ရဟော၊(မျက်စိ နား)ဆိတ်ကွယ်သော နေရာ၌။ နိသဇ္ဇံ။ ကပ္ပေယျ။ တမေနံ။ သဒ္ဓေယျဝစသာ။ ဥပါသိကာ။ ဒိသွာ။ သံဃာဒိသေသေန ဝါ။ ပါစိတ္တိယေန ဝါ။ ဒွိန္နံ ဓမ္မာနံ။ အညတရေန။ ဝဒေယျ။ ဘိက္ခု။ နိသဇ္ဇံ။ ပဋိဇာနမာနော။ သံဃာဒိသေသေန ဝါ။ ပါစိတ္တိယေန ဝါ။ ဒွိန္နံ မမ္မာနံ။ အညတရေန။ ကာရေတဗ္ဗော။ ယေန ဓမ္မေန။ သဒ္ဓေယျဝစသာ။ သာ ဥပါသိကာ။ ဝဒေယျ။ တေန မမ္မေန ဝါ သော ဘိက္ခု။ ကာရေတဗ္ဗော။ အယမ္ပိ ဓမ္မော၊ ဤအာပတ်သည်လည်း။ အနိယတော။ ဟောတိ။

အဓိပ္ပာယ် ဝသည်။ ။ဤသိက္ခာပုဒ်၌ သိကြား လိမ္မာသော လူမိန်းမသည် မာတုဂါမ မည်၏။ မျက်စိဆိတ်ကွယ်ရာ၊ နား ဆိတ်ကွယ်ရာ နှစ်မျိုးလုံးသည် ဤ၌ ရဟောမည်၏။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ သိကြား လိမ္မာ၍ မကန်း၊ မပင်းသူ ဟူသမျှသည် ၁၂-တောင်တွင်း၌ ရပ်လျက်၊ ထိုင်လျက် အနာပတ္တိကို ပြုနိုင်သည်။ စိတ်ပျံ့လွင့်သော်ငြား၊ အိပ်ငိုက်သော်ငြား ပြုနိုင်သည်။ ပင်းသူ၊ ကန်းသူ မပြုနိုင်။ ပါရာဇိကကို လျှော့၍ ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်ကို ထည့်ဟောခြင်းမျှ ထူးသည်။ အကြွင်း ရှေးနည်း ဖြင့် သိသာပြီ။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။

**မှတ်ဖွယ်အထူး။** ။ဤသိက္ခာပုဒ်၌ သိကြားလိမ္မာသော လူမိန်းမနှင့် ဒုဋ္ဌုလ္လဝါစာ အာပတ်ကို ယူသည်။ အဒိန္နာဒါန သမုဋ္ဌာန်နှင့် ညီညွတ်သည်။ ပဒဘာဇနီ၌ကား ကာယသံသဂ္ဂသို့ ရောက်သည်ကို မြင်ရ၏ စသည်ဖြင့်လည်း ဟောသောကြောင့် ကာယသံသဂ္ဂသံဃာဒိသိသ်ကိုလည်းယူရသည်။ ကာယသံသဂ္ဂအာပတ်သည် မွေးစဖြစ်သော သက်ရှိလူမ၌ ဖြစ်သည်။ ပဌမပါရာဇိက သမုဋ္ဌာန်နှင့် ညီညွတ်၏။ ကာယသံသဂ္ဂစွမ်းဖြင့် မကန်းသူကို၊ ဒုဋ္ဌုလ္လဝါစာစွမ်းဖြင့် မပင်းသူကို ဟောသည်။ ဤအနိယတဥဒ္ဒေသကို အဘယ် အကျိုးငှာ ဟောသနည်း ဟူမူ ဝတ္ထုဝန်ခံသူကို အာပတ်ဖြင့် ဆုံးဖြတ်ရသည်။ ဝန်မခံသူကို မဆုံးဖြတ်ရ။ ထို့ကြောင့် အာပတ်သို့ တင်သင့်၊ မဘင်သင့် လက္ခဏာကိုပြခြင်းငှာ ဟောသည်ဟု မိန့်ဆိုကုန်၏။ ပါဠိတော်၌ မေထုန်ကို၊ ကာယသံသဂ္ဂကို၊ ဒုဋ္ဌုလ္လဝါစာကို၊ ထိုင်ခြင်းကို၊ အိပ်ခြင်းကို၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်အပ်၏။ ရပ်ခြင်း၊ သွားခြင်းကို ဝန်ခံအံ့၊ မဆုံးဖြတ်အပ်ဟု လာ၏။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရှင်ဥဒါယီသည် မာတုဂါမနှင့် တယောက်ချင်းချင်း အလံကမ္မနိယ နေရာ၌ နေခြင်းကို ဘုရားရှင် ပယ်တော်မူသည်ဟု ထိုသတို့သမီးနှင့်သာလျှင် မျက်စိနှာ ဆိတ်ကွယ်ရာ၌ တယောက်ချင်းချင်း နေ၍ တရားဟောကာ၊ စကားပြောကာ နေပြန်၏။ ဝိသာခါလည်း ထိုအိမ်မှ ဆိတ်သဖြင့် ရှင်ဥဒါယီကို မြင်ပြန်၏။မသင့်တော်ကြောင်းလျှောက်ရာ နားမထောင်။ ရဟန်းတို့အား လျှောက်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ထို့ကြောင့် ပညတ်သည်။

အနိယတ ပြီး၏။

# နိဿဂ္ဂိပါစိတ္တိယုဒ္ဒေသ

ဣမေ ခေါ ပနာယသ္မန္တော တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**၁–ပဌမကထိန။** ။ဘိက္ခုနာ၊ ရဟန်းသည်။ နိဋ္ဌိတစီဝရသ္မိံ၊ သင်္ကန်းကိစ္စ ပြီးပြီးသည်ရှိသော်။ ကထိနေ၊ ကထိန်ကို။ ဥဗ္ဘတသ္မိံ၊ နုတ်အပ်ပြီးသည်ရှိသော်။ ဒသာဟပရမံ၊ ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေကစီဝရံ၊ ပိုလွန်သော သင်္ကန်းကို။ (ဝိကပ္ပနာလောက် ဟူလို။)ဓာရေတဗ္ဗံ၊ဆောင်ထားအပ်၏။တံ၊ ထိုဆယ်ရက်ကို။အတိက္ကာမယတော၊ လွန်စေသော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်း ကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ (နိဿဂ္ဂိယံ၊ ပစ္စည်းကိုလည်း စွန့်အပ်၏။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်ကိုလည်း ကုစားအပ်၏။ ဤသို့သော်လည်း အနက်ယူနိုင်သည်။)

**အဓိပ္ပာယ်။** ။အပ်ချုပ်မှုပြီးခြင်းဖြင့် ပြီးသော သင်္ကန်းသည် နိဋ္ဌိတစီဝရ မည်၏။ ဆိုးခြင်း၊ ဗိန္ဒုထိုးခြင်း မပြုမီကပင် စီဝရမည်၏။ ပျောက်ခြင်း၊ ပျက်ခြင်း၊ မီးလောင်ခြင်း၊ သင်္ကန်းအာသာပြတ်ခြင်းဖြင့်လည်း နိဋ္ဌိတမည်သေး၏။ ဤပြီးခြင်း ၆ါးမျိုးဖြင့် 'စီဝရပလိဗောဓ' ပြတ်ပြီဟု ပြသည်။ ခင်းပြီးသော ကထိန်ကို မာတိကာရှစ်ပါးဖြင့်ရင်း၊ အန္တရုဗ္ဘာရဖြင့် ရင်း နုတ်ခြင်းသည် ဥဗ္ဘတကထိန မည်၏။ ဤကထိန်နုတ်ခြင်း ကိုးမျိုးဖြင့် အာဝါသပလိဗောဓလည်း ပြတ်ပြီဟု ပြသည်။ ပလိဗောဓ တခုခု မပြတ်သေး လျှင် ကထိန်အာနိသင် မပျက်။ နှစ်ခုလုံးပြတ်မှ အာနိသင်၅ါးပါး ပျက်သည်။ အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုသော သင်္ကန်းသည် ပိုလွန်၏။ အတိရေကစီဝရ မည်၏။ ဆယ်ရက်အထိ ထားနိုင်သည်။ ဇာတိအားဖြင့် ခေါမ စသော အဝတ်

ခြောက်ထည်သည် စီဝရမည်၏။ ဘွဲ့ဖြူ စသော ခြောက်ထည်သည်လည်း ဇာတိသက်န်းအား (အနုလောမ) လျော်သောကြောင့် စီဝရမည်၏။ ဇာတိခြောက်ထည်၊ အနုလောမ ခြောက်ထည် ဖြစ်၏။ ပမာဏအားဖြင့် အလျားရှစ်သစ်၊ အနံ လေးသစ်ရှိလျှင် စီဝရမည်၏။ ဝိကပ္ပနာလောက်သော စီဝရအငယ်ဆုံးဖြစ်၏။ ထိုအောက်ငယ်လျှင် စီဝရမမည်။ မဇ္ဈိမဖြင့် လျားတတောင်၊ နံတထွာ၊ ပကတိဖြင့် လျားတတောင့်ထွာ၊ နံ တထွာခွဲတည်း။ ဤသို့ ဇာတိ၊ ပမာဏ နှစ်ပါးရှိရုံဖြင့် စီဝရမည်သည်။ ထိုသို့သော စီဝရကို ရသောနေ့မှ ဆယ်ရက်အတွင်း အဓိဋ္ဌာန်၊ ဝိကပ္ပနာ ပြုရသည်။ မပြုမူ၍ ဆယ်ရက်ကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ စီဝရဖိုး ပေးဆပ်ဖွယ် တချင်ရွေးမျှကျန်သေးလျှင် မပိုင်သေးသောကြောင့် နိဿဂ္ဂိ မဖြစ်။ အဓိဋ္ဌာန်၊ ဝိကပ္ပနာလည်း မပြုအပ်သေး။

နိဿဂ္ဂိ။ ။အာပတ်ကား ပါစိတ်သာတည်း၊ ပစ္စည်းစွန့်ခြင်းဟူသော ဝိနည်းကံ ရှေးဦးစွာပြုခြင်း ရှိသောကြောင့် နိဿဂ္ဂိပါစိတ် မည်သည်။ ပစ္စည်းကိုလည်း စွန့်ရသည်၊ ပါစိတ်ကိုလည်း ကုစားရသည်။ အရုဏ်သည် သင်္ကန်းရသောနေ့ကို မှီ၏။ ထိုနေ့အရုဏ်နှင့်တကွ ၁၁-ခုမြောက် အရုဏ်တက်လျှင် ဆယ်ရက်လွန်သည် မည်၏။ ထိုသင်္ကန်းကို သံဃ၊ ဂဏ၊ ပုဂ္ဂလ၊ တဦးဦးထံ စွန့်ရသည်။ (ဤ၌ ဝိနည်းကြံစည်သော ဆရာမြတ်တို့သည် နိဿဂ္ဂိပစ္စည်းမစွန့်ပဲလည်း ဒေသနာကြားလျှင် ထိုပါစိတ်မှ ထနိုင်သည်။ အဋ္ဌဝတ္ထုကပါရာဇိကဥ္စသာ ဂဏန္ဒပိကာ၊ အဂဏန္ဒပိကာတို့ကို ပြသည်။ တပါး၌ မပြဟုမိန့်ဆိုကုန်၏။ မနှစ်သက်သော ဆရာမြတ်တို့ကား ပျောက်ပျက်၍စွန့်ဖွယ်မရှိလျှင်သင့်လျော်၏။ ရှိလျက် မစွန့်လျှင် ပြုသင့်သော ဝိနည်းကံ ချွတ်သောကြောင့်မထနိုင်။ ပါတိမောက်အာပတ်သည် ဒေသနာသုဒ္ဓိဖြင့် စင်ကြယ်သည်။ အဋ္ဌဝတ္ထုကဥ္စကား သံဝရရှိမှ ဒေသနာကြားသည်မည်၍ အဋ္ဌဝတ္ထုပျက်သည်။ သံဝရမရှိလျှင် ကြားသည်မမည်။ အဋ္ဌဝတ္ထု မပျက်၊ ရှစ်ခုပြည့်လျှင် ပါရာဇိကဟု အထူးဆိုသည်။ နိဿဂ္ဂိအရာ၌လည်း နိဿဇ္ဇိတွာ အာပတ္တိ ဒေသေတဗ္ဗာဟူ၍ရင်း၊ နိဿဇ္ဇိတွာန ဒေသေတိ၊ တေနေတံ ဣတိ ဝုစ္စတိဟူ၍ရင်း ပုဗ္ဗကာလကြိယာထည့်၍ အထူးဟောသည်။ ဘေဒနက၊ ဥဒ္ဒါလနက — စသော ပါစိတ်တို့လည်း အလားတူရှိကုန်သေး၏ဟု ပယ်ကုန်၏။ သိက္ခာပုဒ်ပညတ်ခြင်းသည် ဘုရားရှင်အရာ၊ ယုံကြည်စွာလိုက်နာခြင်းသည် သာဝကတို့အရာ။ ဤ၌

မစွန့်ပဲကြားလျှင် မထဟု တိုက်ရိုက်မရှိသောကြောင့် ကြံနိုင်လျှင် ကြံသင့်သေး၏။ မဆန့်ကျင်အောင် ကြံခြင်းသည် အပြစ်မရှိ။)

**သက်န်းစွန့်ပုံ။** ။ဆယ်ရက်လွန်သင်္ကန်းကို သံဃာ့အထံ၌ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"ဟု စွန့်အပ်၏။ စွန့်ပြီးလျှင် ဒေသနာကြားအပ်၏။ ဗျတ္တ၊ ပဋိဗလ ရဟန်းသည် ဉတ်ကမ်ဖြင့် ဒေသနာခံအံ့ဟု သံဃာကို သိစေ၍ ဒေသနာခံအပ်၏။ ထိုနောက် ဉတ်ကမ်ဖြင့် ဤသင်္ကန်းကို ဤရဟန်းအား ပေးရာ၏ဟု သံဃာကို သိစေ၍ စွန့်သောသင်္ကန်းကို ပြန်ပေးရသည်။ သုံးပါးဂိုဏ်းထံ၌ အာယသ္မန္တာနံ နိဿဇ္ဇာမိဟု စွန့်၍ ဒေသနာကြားအပ်၏။ ဂဏဉတ်ဖြင့် သိစေ၍ ဒေသနာခံအပ်၏၊ ထို့နောက် ဂဏဉတ်ဖြင့် သိစေ၍ ပြန်ပေးရသည်။ နှစ်ပါးဂိုဏ်းထံ၌ အာယသ္မန္တာနံ နိဿဇ္ဇာမိဟု စွန့်၍ ဒေသနာကြားအပ်၏။ ဉတ်မထားပဲ ဒေသနာခံ၍ ပြန်ပေးရသည်။ ပုဂ္ဂိုလ်တပါးထံ၌ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု စွန့်၍ ဒေသနာကြားအပ်၏။ ထို့နောက် စွန့်သောသင်္ကန်းကို ဣမံ စီဝရံ အာယသ္မတော ဒမ္မိဟု ဆို၍ ပြန်ပေးရသည်။ များလျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု စွန့်။ ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိဟု ပြန်ပေး။ ဘာသာတပါး စကားဖြင့်လည်း ပြုအပ်၏။ ဝိနည်းကံမျှပြုသော သင်္ကန်းဖြစ်၍ ပြန်မပေးပဲ မနေအပ်။ နိဿဂ္ဂိအာလုံး ဤအစီရင်အတိုင်း ပြုရသည်။ စီဝရံ၊ ပတ္တော၊ နိသီဒနံ စသည်ဖြင့် ဝတ္ထုမျှ ထူးသည်။ မျက်ကွယ်ဖြစ်လျှင် တေ၊ တောနိဟုဆို။ စွန့်သော ပစ္စည်းကို ငါ့အား ပေးပြီဟူ၍ ပြန်မပေးအံ့၊ ဒုက္ကဋ်။ သိလျက် အမြွက်ထောင်၍ယူအံ့၊ ပစ္စည်းရှင် ပန်ချလျှင် ဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်အပ်၏။

**အဆုံးအဖြတ်။** ။ဝေသာလီပြည်၌ ဆဗ္ဗဂ္ဂီရဟန်းများ အတိရေက သင်္ကန်းထားခြင်းကြောင့် ပညတ်၏။ ဒသာဟပရမံသည် အနုပညတ် ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ နိဿဂ္ဂိသင်္ကန်းကို မစွန့်ပဲ သုံးဆောင်အံ့၊ ဒုက္ကဋ်။ နိဿဂ္ဂိ ၃၀-လုံး မစွန့်ပဲ သုံးဆောင်လျှင် ဒုက္ကဋ်ချည်းသာတည်း။ နောက်၌ မဆိုသော်လည်း နိဿဂ္ဂိတိုင်း၌ သိအပ်၏။ ဆယ်ရက်မလွန်သည်၌ လွန်ပြီဟု မှတ်ထင်အံ့၊ ယုံမှားအံ့၊ ဒုက္ကဋ်။ လွန်သည်၌ လွန်ပြီ

ဟု ထင်အံ့၊ မလွန်ဟုထင်အံ့၊ ယုံမှားအံ့၊ (တိက) နိဿဂ္ဂိပါစိတ်။ အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာမပြု၊ မစွန့်၊ မပျောက်၊ မပျက်၊ မီးမလောင်၊ မလုယက်သည် တို့၌လည်း ထို့အတူ (တိက) နိဿဂ္ဂိပါစိတ်ချည်းသာတည်း။ ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်အံ့၊ ဝိကပ္ပနာပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင် အံ့၊ လုယက်အံ့၊ အကျွမ်းတဝင် ယူသွားအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာ ပတ္တိ။ သင်္ကန်းရသောနေ့မှရင်း၊ သင်၏သင်္ကန်းပြီးပြီ၊ သင့်အတွက် ပို့လိုက်ပြီဟု သတင်းကြားသောနေ့မှရင်း ဆယ်ရက် ရေတွက်ရသည်။ အာစာရဝိပတ္တိ ဖြစ်၏။ ပါရာဇိက၊ သံဃာဒိသိသ်မှ ကြွင်းသမျှ အာစာရဝိပတ္တိသာ။ နောက်၌ ဝိပတ္တိကထာကို မစိစစ်တော့အံ့၊ ဇာတ်ပမာဏပြည့်စုံသော သင်္ကန်း၏ မိမိ သင်္ကန်းဖြစ်ခြင်း၊ သင်္ကန်းကိုးထည်၌ ပါဝင်သောသင်္ကန်းဖြစ်ခြင်း၊ ပလိဗောဓ နှစ်ပါး ပြတ်ခြင်း၊ အတိရေကသင်္ကန်းဖြစ်ခြင်း၊ ဆယ်ရက်လွန်ခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ ကထိနသမုဋ္ဌာန်။ (ထိနာ-တဆ-၂၉) အကြိယ၊ နော သညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ။ ကာယကံ ဝစီကံ၊ တိစိတ္တ၊ တိဝေ ဒန ဖြစ်၏။

ဝတ္ထု။ ။ဝေသာလီပြည် ဂေါတမကစေတီ၌ မြတ်စွာဘုရား သီတင်းသုံး သောအခါ ရဟန်းတို့အား တိစီဝရိက်ကို ခွင့်ပြုတော်မူ၏။ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဘုရားရှင် ခွင့်ပြုသည်ဟု တိစီဝရိက်တစုံဖြင့် ရွာဝင်၊ တစုံဖြင့် ကျောင်းနေ၊ တစုံဖြင့် ရေချိုးကုန်၏။ ပိုလွန်သောသင်္ကန်း ထားကြသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ယို့ကြောင့် ယော ပန ဘိက္ခု အတိရေကစီဝရံ ဓာရေ ယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံဟု ပညတ်၏။ အခါတပါး ရှင်အာနန္ဒာအား သင်္ကန်းအပို ဖြစ်၏။ ထိုသင်္ကန်းကို ရှင်သာရိပုတ္တရာအား လှူလို၏။ ရှင်သာရိ ပုတ္တရာလည်း သာကေတပြည်၌ ဝါဆို၏။ အဘယ်သို့ ပြုရအံ့နည်းဟု လျှောက် ၏။ ချစ်သား အာနန္ဒာ၊ ရှင်သာရိပုတ္တရာ အဘယ်အခါ လာမည်နည်း။ နောက် ကိုးရက် ဆယ်ရက်ခန့်တွင် လာပါလိမ့်မည်။ ချစ်သားတို့၊ ပိုလွန်သော သင်္ကန်းကို ဆယ်ရက်ပတ်လုံး ထားခြင်းငှာ ခွင့်ပြု၏ဟု မိန့်တော်မူ၍ နိဋ္ဌိတ စီဝရသ္မိံ ဘိက္ခုနာ စသည်ဖြင့် အနုပညတ်ဖြင့် တဖန် ပညတ်တော်မူပြန်၏။ ဝိနီတဝတ္ထုတခု။

ဆဗ္ဗဂ္ဂီတို့သည် စွန့်သောသက်န်းကိုပြန်မပေးကြကုန်။ ချစ်သားတို့၊ စွန့်သော သက်န်းကို မပေးအပ်သည်မဟုတ်။ မပေးငြားအံ့၊ ဒုက္ကဋ်ဟု ဆုံးဖြတ်တော်မူ၏။

## ဇာတိသက်န်း ခြောက်ထည် မှတ်ဖွယ်

ခေါမ=ခေါမချည်ဖြင့် ရက်သောသက်န်း၊ ကပ္ပာသိက=ဝါချည်သက်န်း၊ ကောသေယျ=ပိုးချည်သက်န်း၊ ကမ္ဗလ=သားမွေးချည် သက်န်း၊ (ဝါ၊ သက္ကလတ်)၊ သာဏ=ပိုက်ဆန်လျှော်ချည် သက်န်း၊ ဘင်္ဂ=ခေါမစသော ချည် ငါးမျိုး ရော၍ရက်သော သက်န်း၊ဤကား ဇာတိသက်န်း ခြောက်ထည်တည်း။ ချည်ဇာတ်ဖြင့် ခြောက်ထည် ဖြစ်သည်။

ဒုကူလ=ဘွဲ့ဖြူပုဆိုး၊ ပဋ္ဋုဏ္ဏ=ပဋ္ဋုဏ္ဏတိုင်းဖြစ် ပုဆိုး၊ သောမာရ=သောမာရတိုင်းဖြစ် ပိုးပုဆိုး၊ စိန=စိန့်တိုင်းဖြစ် ပိုးပုဆိုး၊ ဣဒ္ဓိဇ=ဧဟိဘိက္ခုတို့အား တန်ခိုးဖြင့်ဖြစ်သောပုဆိုး၊ ဒေဝဒိန္န=နတ်လှူသော ပုဆိုး၊ ဤကား အနုလောမ သက်န်းခြောက်ထည်တည်း။ ဇာတိသက်န်းတို့အား လျော်သည်။ လျော်ပုံကား၊ ဘွဲ့ဖြူသည် လျော်ဖြင့်ပြီး၏၊ သာဏအား လျော်သည်။ ပဋ္ဋ၊ သော၊ စိ သည် ကောသေယျအား၊ တန်ခိုး၊ နတ်သည် ခေါမစသည်တို့အား လျော်၏။

ခေါမ၊ ဝါချည်(၂)၊ ပိုးချည်၊ သားမွေး(၂)၊ လျော်ထွေးပိုက်ဆန်
(၁)၊ ငါးတန်ရောဘိ(၁)၊ ခြောက်ခုရှိ၊ ဇာတိသက်န်းတည်း။
ဘွဲ့ဖြူ၊ ပဋ္ဋုဏ္ဏ (၂)၊ သောမာရ(၁)၊ စိန၊ တန်ခိုး၊ နတ်(၃)။
ဇာတ်အားလျော်မူ၊ ဤခြောက်ခု၊ အနုလောမမှတ်။

**အဘိရေက မဖြစ်။** ။သမန်းမြက်၊ လျှော်တော၊ ဝါ၊ လျော်မျှင်၊ ပျဉ်ချပ်၊ ဆံပင်ကမ္ဗလာ (၄)၊ သားမြီးကမ္ဗလာ၊ ခင်ပုပ်တောင်၊ သပ်နက်ရေ၊ မရိုးတံ(၄)ဖြင့် ပြုသောသက်န်း။ ဤကား ထုလ္လစ္စည်း ရှစ်ထည်တည်း။ အတိရေက မဖြစ်။ သင်ပန်းမျှင်၊ မရိုးလျှော်မျှင်၊ ငှက်ပျောမျှင်၊ ပြိတ်မြက်ဖြင့်ပြုသော သက်န်းကား ဒုက္ကဋ်လေးထည် ဖြစ်၏။ အဘိရေက မဖြစ်။ သန္ထတအခင်းလည်း အတိရေက မဖြစ်။

## ကထိန်၌ မှတ်ဖွယ်

**မဟာဝေါနည်း။** ။ပုရိမဝါမှ ထသော ရဟန်းတို့အားသာ ကထိန်ခင်းခြင်းကို ခွင့်ပြုသည်။ အယုတ်ဆုံး ငါးပါးရှိမှ အပ်သည်။ ကထိန်ခံသူ တပါး၊ ကမ္မဝါစာဖတ်၍ ကံပြုသူ လေးပါး၊ စတုဝဂ္ဂကံ။ ငါးပါးမပြည့်လျှင် ဝါပြတ်၊ ဝါမကပ်တို့ကိုသော်လည်း ငါးပါးဂဏပြည့်အောင် ပင့်ဆောင်၍ ခင်းရသည်။ အာနိသင် သက်န်းလာဘ်၊ သံဃိကကို ဤကျောင်းပုရိမဝါကျွတ်ရဟန်းတို့သာ ယူရသည်။ ဤကျောင်းပုရိမဝါကျွတ် မဟုတ်သူ၊ အခြားမှ ပင့်သူတို့ကား ဂဏပူရကသာ ဖြစ်သည်။ သက်န်းအာနိသင် မယူကောင်းကုန်၊ ထိုကြောင့် ပုရိမဝါကျွတ်ရဟန်းတို့အား လူ၊ ရှင်၊ ရဟန်း တဦးဦးက တရားနှင့်အညီ ကြွမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထဟု ဆို၍ သက်န်းလှူအံ့၊ ထိုသက်န်းကို ထိုနေ့တွင် ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ပေးထိုက်သောရဟန်းအား ပေးရသည်။ ဤတွင် မဟာဝါနည်း အခင်းပြီး၏။ သံဃာ့အခင်းလည်း မည်၏။ ကမ္မဝါစာဖတ်ခြင်းမျှ ဖြစ်၍ ကံဆောင်ရာ သိမ်၌သာ ခင်းရ ပြုရသည်။

**ပရိဝါနည်း။** ။ထိုကထိန်သက်န်းရသော ရဟန်းသည် ထိုနေ့တွင် ငါးခန်းစသည်ဖြတ်၍ ဒုကုဋ္ဌ်၊ ကိုယ်ရုံ၊ သင်းပိုင် တခုခုပြုရသည်။ ကြွင်းသောရဟန်းတို့လည်း ကူညီရသည်။ ချုပ်ပြီး ဆိုးပြီးဖြစ်မှ ကောင်းသည်သာတည်း။ မဖြတ်ပဲ ချုပ်လျှင်ကား မအပ်။ ဒုကုဋ္ဌ်ဖြင့် ခင်းလိုအံ့၊ ယခင် ဒုကုဋ္ဌ်ရှိလျှင် အဓိဋ္ဌာန်ချ၍ ယခု ဒုကုဋ္ဌ်ကို ဗိန္ဒုထိုး၍ အဓိဋ္ဌာန်တင်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု နှုတ်မြွက်၍ ခင်းရသည်။ ကိုယ်ရုံ၊ သင်းပိုင်ဖြင့်လည်း "ဣမိနာ ဥတ္တရာသင်္ဂေန၊ ဣမိနာ အန္တရဝါသကေန" မျှသာ ထူးသည်။ ဤကား ပရိဝါနည်း။ ပုဂ္ဂိုလ်၏ အခင်းသာတည်း။ ဝါသိုခေတ်အတွင်း၌သာ ခင်းရ ပြုရသည်။

အချို့ကား အယုတ်ဆုံး ငါးပါးရှိမှ အပ်သည်ဟူသောစကားကို ဤအခင်း၌ ဆိုဟန် အငြင်းသန်ကုန်၏။ ။ဤအနေ ကထိန်ခင်းပြီးသော ရဟန်းသည် ဥပစာရသိမ်တွင်း ပုရိမဝါကျွတ် ရဟန်းတို့ထံ ချဉ်းကပ်၍ "အတ္တတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ"ဟု

တိုက်တွန်းရသည်။ ထိုရဟန်းတို့သည်လည်း "အတ္တတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"ဟု နှုတ်မြွက်၍ အနုမောဒနာပြုရသည်။ ဤတွင် ပရိဝါနည်း အခင်းပြီး၏။ ပုရိမဝါကျွတ် အားလုံး၏ အနုမောဒနာအခင်း ဖြစ်သည်။ ဝါဆိုခေတ်အတွင်း၌ ခင်းရ၊ ပြုရသည်။ နှုတ်မမြွက်သူအား အခင်းမဖြစ်။ အာနိသင် ငါးပါးမရ။

**ပလိဗောဓနှစ်ပါး။** ။အာနိသင်အဝတ်ကို သက်န်းချုပ်မည်ဟု ငဲ့ခြင်းသည် စီဝရပလိဗောဓမည်၏။ မငဲ့လျှင် စီဝရပလိဗောဓပြတ်ပြီ။ ဤကျောင်းသို့ တဖန်လာဦးမည်ဟု ငဲ့ခြင်းသည် အာဝါသပလိဗောဓ မည်၏။ မငဲ့လျှင် အာဝါသပလိဗောဓပြတ်ပြီ။ ပလိဗောဓနှစ်ပါးလုံး ပြတ်သောသူအား ကထိန်နုတ်ခြင်း မဖြစ်သေး။ အာနိသင် ရသေးသည်။

**အာနိသင်ငါးပါး။** ။ကထိန်ခင်းသူ၊ အနုမောဒနာ ပြုသူတို့သည် ထိုအခါမှစ၍ ကထိန်နုတ်သည်တိုင်အောင် အနာမန္တစာရ စသော အကျိုးငါးပါးရကုန်၏။ ပင့်ဖိတ်အပ်သော ဘတ်ရှိသော ရဟန်းသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ အိမ်တပါးသို့ သွားနိုင်၏။ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဤကား အနာမန္တစာရအာနိသင် မည်၏။ (အချို့ နေလွှဲရွာဝင် မပန်ပဲ အပ်သည်ဟု စွဲလမ်းတတ်ကုန်၏)။ အဓိဋ္ဌာန် တင်ထားသော သက်န်းနှင့် ညဥ့်ကင်းနိုင်၏။ ဒုတိယကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဤကား အသမာဒါနစာရ မည်၏။ အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ ဆယ်ရက်ထက်အလွန် အတိရေကသက်န်း ထားနိုင်၏။ပဌမကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်။ ဤကား ယာဝဒတ္ထစီဝရတည်း။ ဘောဇဉ်အမည်ဖြင့် ဖိတ်သော ဘောဇဉ်ငါးပါးကို လေးပါး၊ လေးပါးထက်အလွန် တပေါင်းတည်း ခံနိုင်၏။ ဂဏဘောဇနဖြင့် အာပတ်မသင့်၊ ဤကား ဂဏဘောဇနတည်း။ (ပရမ္ပရဖြင့် အာပတ်မသင့်ခြင်းကိုလည်း ဤ၌ပေါင်းအပ်၏။)ကထိန်ခင်းသော ကျောင်းတိုက် ဝါဆိုခေတ်အတွင်းသို့ ရောက်လာသမျှ သံဃိကအဝတ်သက်န်း တို့ကို အစိုးတရ ပိုင်ဆိုင်၏၊ ယူနိုင်၏၊ ဘဏ္ဍာစားအပြစ်မရှိ၊ ဤကား ယော စ တတ္ထ စီဝရုပ္ပါဒ တည်း။ဤငါးပါးတို့တွင် အသမာဒါနစာရ ဖယ်၍ ကြွင်းလေးပါးကို ကထိန်မခင်းသော်လည်း ပုရိမဝါကျွတ်တို့အား တန်ဆောင်မုန်းလပြည့်အထိ ရကုန်၏။

အနာဝမန္တ၊ အသုမာဒါ(၂)၊ ယာဝ၀ါ၊ ဂဏ(၂)၊ယောဝတဏ္ဍ(၁)၊ ပဥ္စအာဝနိသင်။

**ကထိန်နုတ် မာတိကာရှစ်ပါး။** ။ထိုကထိန်ကို ပက္ကမနန္တိကာစသော မာတိကာ ရှစ်ပါးဖြင့် နုတ်ခြင်း၊အန္တရုဗ္ဘာရဖြင့် နုတ်ခြင်း သည် ကထိန်နုတ်သည်မည်၏။ သင်္ကန်းပြီး၍ ဖဲခြင်းအဆုံးရှိသော ကထိန် နုတ်ခြင်းသည် ပက္ကမနန္တိကာ မည်၏။ စီဝရပလိဗောဓ ရှေးဦးပြတ်သည်။ ဖဲမှ အာဝါသပလိဗောဓပြတ်သည်။ ဖဲပြီးနောက် သင်္ကန်းပြီးခြင်း အဆုံးရှိလျှင် နိဋ္ဌာနန္တိကာ မည်၏။အာဝါသ ရှေးဦးပြတ်သည်။ သင်္ကန်းပြီးမှ စီဝရပြတ်သည်။ ပြင်ပ၌ သင်္ကန်းကိုလည်း မပြုတော့အံ့၊ ကျောင်းသို့လည်း မပြန်တော့အံ့ဟု စိတ်ဆုံးဖြတ်အံ့၊ သန္နိဋ္ဌာနန္တိကာမည်၏။ နှစ်ပါးလုံး ပြိုင်တူပြတ်သည်။ပြင်ပသို့ ဖဲပြီးနောက် သင်္ကန်းပျောက်အံ့၊ ပျက်အံ့၊ နာသနန္တိကာ မည်၏။ အာဝါသ ရှေးဦးပြတ်သည်။ ပြင်ပ၌ သင်္ကန်းပြုပြီးမှ ကျောင်းတွင် ကထိန်နုတ်ပြီတဲ့ဟု သတင်းကြားအံ့၊ သဝနန္တိကာမည်၏။ စီဝရ ရှေးဦးပြတ်သည်။ ပြင်ပသို့ဖဲပြီး နောက်ရထိုက်သောသင်္ကန်းအာသာပြတ်အံ့၊အာသာဝစ္ဆေဒိကာမည်၏။အာဝါ သ ရှေးဦးပြတ်သည်။ ပြင်ပ၌ သင်္ကန်းပြီး၍ တပေါင်းလပြည့်ဟူသော အပိုင်း အခြားကို လွန်အံ့၊ သီမာတိက္ကမနန္တိကာမည်၏။ (ဥပစာရ သိမ်ကိုလွန်အံ့-ဟု လွဲတတ်သည်။) စီဝရရှေးဦးပြတ်သည်။ ပြင်ပ၌ သင်္ကန်ပြီး၍ ပြန်လာပြီးလျှင် တပေါင်းလပြည့်အတွင်း ရဟန်းတို့နှင့်အတူ ကမ္မဝါစာဖြင့် နုတ်အံ့၊ သဟုဗ္ဘာရ မည်၏။နှစ်ပါးအတူပြတ်သည်။ဤကား မာတိကာရှစ်ပါးဖြင့် နုတ်ခြင်းတည်း။

> ပက်၊ နိဋ္ဌ၊သန်နာ(၄)၊ သ၊အာသာ (၂)၊သီမာ၊ သဟုဗ္ဘာရ်(၂)။
> စီ၊အာ၊ တူ၊ အာ၊ (၄)၊စီ၊ အာ(၂)၊ စီ၊ တူ (၂)၊ ရှေးပြတ်
> စဉ်တိုင်း ယူ။

ပြင်ပသို့မသွားပဲ တပေါင်းလပြည့်အတွင်း ရဟန်းတို့နှင့်အတူ ကမ္မဝါစာ ဖြင့် ကထိန်နုတ်ခြင်းသည် အန္တရုဗ္ဘာရမည်၏။ အတူပြတ်ပင်တည်း။

### သင်္ကန်းကိုးထည် မှတ်ဖွယ်

သံဃာဋိ=ဒုကုဋ်၊ ဥတ္တရာသင်္ဂ=ကိုယ်ရုံ၊ အန္တရဝါသက=သင်းပိုင်၊ ဤတိစီ ဝရိက်ကို အဓိဋ္ဌာန်တင်ရသည်။ ဝိကပ္ပနာမပြုရ။ ဝဿိကသာဋိကာ=မိုးရေခံ သင်္ကန်းကို မိုးလေးလအတွင်းသာ အဓိဋ္ဌာန်တင်ရသည်။ မိုးကုန်လျှင် အဓိဋ္ဌာန်

ကျသောကြောင့် ဝိကပ္ပနာပြုရသည်။ နိသီဒန=နိသီဒိုင်၊ ပစ္စတ္ထရဏ=အိပ်ရာခင်း၊ မုခပုဉ္ဆန=မျက်နှာသုတ်ပုဝါ၊ ပရိက္ခာရစောဠ=ကြွင်းအသုံးအဆောင်အဝတ်၊ ဤလေးထည်ကို အဓိဋ္ဌာန်တင်ရသည်။ ဝိကပ္ပနာမပြုရ။ ကဏ္ဍုပဋိစ္ဆာဒိ=အမာလွှမ်းကို အနာရှိသောအခါသာ အဓိဋ္ဌာန် တင်ရသည်။ အနာကင်းလျှင် အဓိဋ္ဌာန်ကျသောကြောင့် ဝိကပ္ပနာပြုရသည်။ ဤကိုးထည်လုံးကို သံဃာဋီစသော အမည်ထူးဖြင့် ဝိကပ္ပနာမပြုရ၊ စီဝရဟူသော အမည်သာမန်ဖြင့် ဝိကပ္ပနာပြုလျှင် အပ်၏။ပရိက္ခာရစောဠအမည်ဖြင့်လည်း အဓိဋ္ဌာန်တင်လျှင် အပ်၏။ နိ၊ အိပ်၊ မျက်၊ ပရိက်လေးထည်၌ ဆိုးရည် ဗိန္ဒုမပြုသော်လည်းအပ်၏။ အထူးမပြု။

တိစိဝရိက် (၃)၊ နိ၊ မာ၊ အိပ် (၃)၊ မျက်၊ ပရိက်၊ မိုး (၃)၊ သက်န်း ကိုး။
နိ၊ အိပ်၊ မျက်၊ ပ (၄)၊ လေးထည်မျှ၊ မပြု၊ ဆိုး၊ ဗိန္ဒု။

**အဓိဋ္ဌာန်တင်ပုံ။** ။တိစိဝရိက်ကို ဆိုး၍ ဗိန္ဒုထိုး၍ ပမာဏညီလျှင် အဓိဋ္ဌာန်တင်အပ်၏။ ပမာဏကား အကြီးဆုံး ဘုရားသင်္ကန်းအောက်၊ အငယ်ဆုံး အလျား ငါးတောင်ဆုပ် (လေးတောင်နှင့် တောင်ဆုပ်တခု-ဟူလို။) အနံ သုံးတောင်ဆုပ်၊ သင်းပိုင် အနံကား နှစ်တောင့်ထွာ၊ ဝါ၊၊ နှစ်တောင်ရှိလျှင် အပ်၏။ (မိမိအတောင်ဖြင့် ယူအပ်သည်။) ပမာဏထက်လွန်မူ၊ ယုတ်မူ ပရိက္ခာရစောဠ ဟု အဓိဋ္ဌာန်တင်လျှင် အပ်၏။ ဒုက္ကဋ်သစ်တင်လိုအံ့၊ ယခင်ဒုက္ကဋ်ကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု အဓိဋ္ဌာန်ချ၍ ယခုဒုကုဋ်ကို လက်ဖြင့်ကိုင်၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု နှလုံးသွင်းလိုက်လျက် ကိုယ်ဖြင့် သုံးသပ်၍သော်လည်း တင်အပ်၏။နှုတ်သက်သက်ဖြင့်လည်း တင်အပ်၏။ နှုတ်ဖြင့်တင်ရာ၌ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း ဖြစ်အံ့၊ "ဣမံ သံဃာဋိံ"၊ အဝေး၌ဖြစ်အံ့၊ နေရာကို မှတ်၍ "ဧတံ သံဃာဋိံ" ဟု ဆိုအပ်၏။ ဤနည်းဖြင့် သုံးထည်ကို သံဃာဋိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက အဓိဋ္ဌာမိ ဟု မိမိအမည်ဖြင့်သာ အဓိဋ္ဌာန်တင်ရသည်။ အဓိဋ္ဌာန်တင်ထားသော အဝတ်ဖြင့် သံဃာဋိ စသည်ပြုအံ့၊ ဆိုးပြီး၊ ဗိန္ဒုထိုးပြီးသော် "ဣမံ ပစ္စုဒ္ဓရာမိ" ဟု ချ၍ တဖန် သံဃာဋိ စသည်ဖြင့် တင်အပ်၏။ ဤတိစိဝရိက်ကို ဟတ္ထပါသ်ကင်းလျက် သုံးဆောင်လွယ်စိမ့်သောငှာ ပရိက္ခာရစောဠ ဟု တင်ခြင်းသည်လည်း အပ်၏။

အဝတ်အသစ်ဖြစ်လျှင် ဒုကုဋ်နှစ်ထပ်၊ ကိုယ်ရုံ၊ သင်းပိုင်တထပ်၊ အဟောင်းဖြစ်လျှင် လေးထပ်၊ နှစ်ထပ်။ ပံ့သကူဖြစ်လျှင် အထပ်လိုသမျှ ခွင့်ပြု၏။

မိုးရေခံသင်္ကန်းကို ပါစိတ်၌လာသော ပမာဏအတိုင်းကို အမည်ဖြင့် မိုးလေးလပတ်လုံး အဓိဋ္ဌာန်တင်အပ်၏။ မိုးလလွန်သောအခါ ပစ္စုဒ္ဓိုရ်ပြု၍၊ ဝါ၊ မိုးရေခံအဖြစ်မှ ပယ်၍ ဝိကပ္ပနာပြုအပ်၏။ (မိုးလလွန်လျှင် အဓိဋ္ဌာန် အလိုလိုကျသောကြောင့် မိုးရေခံအဖြစ်မှ ပယ်၍ ဆယ်ရက်အတွင်း "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟု ရဟန်းတပါးထံ ဝိကပ္ပနာ ပြုရသည်။ ထိုရဟန်းက "မယှံ သန္တကံ" စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြန်အောင် ဝိကပ္ပနာ ပြုရသည်လည်း ဟူလို။) မိုးရေခံသင်္ကန်းသည် အဆင်းပျက်ရုံ တကြိမ် နှစ်ကြိမ်ဆိုးလည်း အပ်၏။ နှစ်ထည် သုံးထည် မအပ်။ (ဝိ-ဋီ ၌ အဋ္ဌကထာကြီး၌ မိုးရေခံ၊ အမာလွှမ်းသည် မိုးလလွန်ခြင်း၊ အနာကင်းခြင်းဖြင့် အဓိဋ္ဌာန်ကျသည်ဟု မဆိုသောကြောင့် ပစ္စုဒ္ဓိုရ် အဓိဋ္ဌာန်ချ၍ ဝိကပ္ပနာ ပြုအပ်၏ ဟု ဆို၏။)

နိသီဒိုင်ကို ပါစိတ်လာ ပမာဏအတိုင်း အမည်ဖြင့် တထည်သာ အဓိဋ္ဌာန်တင်အပ်၏။ နှစ်ထည်၊ သုံးထည် မအပ်။ အဓိဋ္ဌာန်တင်ထားသော နိသီဒိုင်နှင့် လေးလမကင်းရ ဟု စူဠဂဏ္ဌိပဒ၊ အဋ္ဌကထာ၌ ဆိုသည်။ မိုးလေးလမဟုတ်၊ သာမန်လေးလ။

အိပ်ရာခင်းကိုလည်း အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်၏။ ကြီးသော်၎င်း၊ အများသော်၎င်း၊အညိုအရွေ စသည်ဖြစ်သော်၎င်း၊ ပန်းပွင့်အဆာ ရှိသော်၎င်း အပ်၏။

အမာလွှမ်းကို ပါစိတ်လာ ပမာဏအတိုင်း အနာရှိသော ကာလပတ်လုံး အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်၏။ အနာပျောက်သောအခါ ပစ္စုဒ္ဓိုရ်ပြု၍ ဝိကပ္ပနာပြုအပ်၏။ (အဓိဋ္ဌာန် အလိုလိုကျသောကြောင့် အမာလွှမ်းအဖြစ်မှ ပယ်၍ ဆယ်ရက်အတွင်း ဝိကပ္ပနာပြု ဟူလို)။ (ဝိ-ဋီ-အလို အလိုလိုမကျ။)

မျက်နှာသုတ်ပုဝါကို အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်၏။ ကြီးသော်၎င်း၊ အများသော်၎င်း အပ်၏။ အဋ္ဌကထာကြီး၌ နှစ်ထည်၊ အပရေဝါဒ အများ၊ ကဝါ၌လည်း အများဟု ဆို၏။

ပရိက္ခာရစောဠကို အရေအတွက်မရှိ လိုသလောက် အမည်ဖြင့် အဓိဋ္ဌာန် တင်အပ်၏။ ဝိကပ္ပနာလောက်သော အိတ်၊ ရေစစ်၊ ပုဝါကိုလည်း ပရိက္ခာရ စောဠ တင်အပ်၏။ အများကို တပေါင်းတည်း "ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ" ဟု တင်အပ်၏။

ညောင်စောင်းဘုံလျှို (မွေ့ရာ)၊ အင်းပျဉ်ဘုံလျှို၊ ခေါင်းအုံး၊အခင်းစုလျား၊ ကော်ဇောတို့၌ရင်း၊ ကျောင်းသုံး အိပ်ရာခင်းတို့၌ရင်း အဓိဋ္ဌာန်တင်ဖွယ် မရှိ။

တိစီဝရာ (၃)၊ မိုး၊ နိ၊ မာ (၃)၊ ဓိဋ္ဌာ တထည်စီ။
ပ၊ မျက်၊ အိပ်ရာ (၃)၊ သုံ မျိုးသာ၊ များစွာ တင်နိုင်သည်။

အဓိဋ္ဌာန်ကျပုံ။ ။အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကိုးထည်သည် သူတပါး အား ပေးခြင်း၊ လုယက်ခြင်း၊ အကျွမ်းတဝင် ယူသွားခြင်း၊ လူထွက်ခြင်း (၄)၊ သိက္ခာစွန့်ခြင်း၊ သေခြင်း၊ လိင်ပြန်ခြင်း၊ အဓိဋ္ဌာန်ချခြင်း (၄)၊ ဤအကြောင်းရှစ်ပါးတို့ဖြင့် အဓိဋ္ဌာန်ကျ၏။ ဤ၌ လူထွက်ခြင်းကို သိက္ခာမချပဲ သင်္ကန်းမငဲ့မူ၍ လူဝတ် ဝတ်ခြင်းကို ယူသည်။ဘိက္ခုနီ လူထွက်ရာ၌ ဆိုဖွယ်မရှိ။

တိစီဝရိက်၌ အထူးကား—လက်သန်း လက်သည်းခွံမျှ ပေါက်ခြင်းဖြင့် လည်း အဓိဋ္ဌာန်ကျသည်။ ထုတ်ချင်းမပေါက်ပဲ အလယ်၌ ချည်မျှင်တမျှင်မျှ မပြတ်မူ၍ ကျန်အံ့၊ စောင့်သေး၏။ ဒုကုဋ်၊ ကိုယ်ရှိ၌ အလျားစွန်း တထွာ၊ အနံစွန်း ရှစ်သစ်။ သင်းပိုင်၌ လျားစွန်း တထွာ၊ နံစွန်း လေးသစ်၊ ဤနေရာတို့၌ ပေါက်လျှင် အဓိဋ္ဌာန်မကျ။ ထိုမှ အတွင်းအလယ်တို့၌ ပေါက်မှသာ အဓိဋ္ဌာန် ကျသည်။ အတိရေကသင်္ကန်းအရာ၌ တည်သည်။ အပ်ဖြင့် ချုပ်ဖာ၍ အဓိဋ္ဌာန် တဖန်တင်ရသည်။

မိုးရေခံသည် မိုးလလွန်သောအခါဖြင့်ရင်း၊ အမာလှ်းသည် အနာ ပျောက်သောအခါဖြင့်ရင်း အဓိဋ္ဌာန်ကျသေးသည်။ ဤနှစ်ထည်ကို ကာလ သီးခြားဖြင့် အဓိဋ္ဌာန်တင်ရသည်။

ထွက်၊ ယူ၊ ပေး၊ လု(၄)၊ မစ္စု၊ လိင်ပြန်(၂)၊ အဓိဋ္ဌာန်ချ(၁)၊
သိက္ခာချ(၁)၊ အဋ္ဌ ဓိဋ္ဌာန်ပျက်ကြောင်းတည်း။

လက်သန်းသည်းလောက်၊ တိစိပေါက်(၁)၊ ထည့်လျှောက်ကိုးပါးတည်း။

မိုးလမကျန်(၁)၊ မိုးရေခံ၊ ထည့်ပြန်ကိုးပါးတည်း။
ရောဂါခန့်ကျန်း(၁)၊ အမာလွှမ်း၊ ဖြည့်စွမ်း ကိုးပါးတည်း။
ဆပ်ထမင်းလောက်၊ သပိတ်ပေါက်(၁)၊ တည့်လျှောက်ကိုးပါးတည်း။

ဆပ်ထမင်းလောက် သပိတ်ပေါက်ကား ပတ္တသိက္ခာပုဒ်၌ ထင်ရှားလတ္တံ့။

## နိဿဂ္ဂိ-၃၀၊ ပြန်ပေး-မပေးရ စသည်မှတ်ဖွယ်

နိဿဂ္ဂိ ၃၀-တို့တွင် ၂၃-ခုသည် သံဃ၊ ဂဏ၊ ပုဂ္ဂလ တဦးဦး ထံ စွန့်ရသည်။ ပြန်ပေးရသည်။ သုံးရသည်။ ဦနပဥ္စဗန္ဓန၌ သပိတ် ၁-ခုသည် သံဃာ့ထံသာ စွန့်ရသည်။ အစွန့်ဆိုးပြု၍ ပြန်ပေးရသည်၊ သုံးရသည်။ အခင်း ၃-ခုသည် သံဃ၊ ဂဏ၊ ပုဂ္ဂလ၌ စွန့်၊ ပြန်ပေးရသည်၊ မသုံးရ၊ ဖျက်သုံးရသည်။ ရက်လွန်ဆေး ၁-သည် သံဃ၊ ဂဏ၊ ပုဂ္ဂလ၌ စွန့်၊ ပြန်ပေးရသည်၊ မသုံးရ။ စားခြင်း၊ ကိုယ်လိမ်းခြင်း မပြုအပ်။ ပြင်ပ၌သာ သုံးရသည်။ ရွှေငွေခံ၊ ရွှေငွေလဲ ၂-ခုသည် သံဃာ့အလယ်သာ စွန့်ရသည်၊ ပြန်မပေးရ၊ ဖျောက်ဖျက်ပစ်ရသည်။

ရွှေငွေခံ၊ လဲ(၂)၊ နှစ်ခုတွဲ၊ ပြန်ပဲ မပေးရ၊
သန္တတ တေး(၃)၊ ရက်လွန်ဆေး(၁)၊ ပြန်ပေး မသုံးရ။
အကြွင်းစစ်ဆေး၊ နှစ်ဆယ့်လေး(၂၄)၊ ပြန်ပေး သုံးစွဲရ။
သံဃာ့လယ်သာ၊ စွန့်ရပါ၊ သုံးဖြာတွေ့ပါစ။

၂-၃ ဥဒေါသိတ။ ။ဘိက္ခုနော-ဘိက္ခုနော၊ ရဟန်း၏။ နိဋ္ဌိတစီဝရသ္မိံ။ ကထိနေ။ ဥဗ္ဘတသ္မိံ။ ဘိက္ခု၊ ရဟန်းသည်။ ဧကရတ္တမ္ပိ၊ တညဥ္စမျှလည်း။ တိစီဝရေန၊ တိစီဝရိက်နှင့်။ ဝိပ္ပဝသေယျ၊ အကယ်၍ ကင်းနေငြားအံ့။ ဘိက္ခုသမ္မုတိယာ၊ ဂိလာနရဟန်းအား ပေးသော သမ္မုတိကို။ (ဝါ၊ သမ္မုတိရသော ရဟန်းကို။) အညတြ၊ ကြဉ်၍၊ တဿ ဘိက္ခုနော၊ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။ ဟောတိ။

**အဓိပ္ပာယ်။** ။ဤသိက္ခာပုဒ်၌ ဘိက္ခုနော၊ ရဟန်းသည် ဟု ကတ္တားနက်ယူလျှင် ပြုဖွယ်ကြိယာ မရှိ။ ဘိက္ခုနော၊ ရဟန်း၏ဟု သာမိနက်ယူလျှင်ကား အနက်သင့်လျော်၏။ ရဟန်း၏ သင်္ကန်းပြီးပြီးသော် ကထိန်နုတ်ပြီးသော် ပလိဗောဓနှစ်ပါး ပြတ်ပြီးသော ရဟန်းသည် တညဉ့်မျှ တိစီဝရိက် နှင့် ကင်းကွာ၍ ပြောင်းအံ့ဟု အနက်သင့်လျော်၏။ အမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်သည် တိစီဝရ မည်၏။ (ဇာတိ၊ ပမာဏ နှစ်ပါးရှိရုံမျှ မဟုတ်။) တထည်ထည်နှင့်သော်လည်း မကင်းရ။ သံဃာသည် ဂိလာနရဟန်းအား သင်္ကန်းနှင့် မကင်းသော သမ္မုတိကို ပေးခြင်းသည် ဘိက္ခုသမ္မုတိ မည်၏။ ထို သမ္မုတိမရသော ရဟန်းသည် တအရုဏ်မျှ ကင်း၍နေပြောင်းအံ့၊ အရုဏ်တက်သည်နှင့်တကွ နိဿဂ္ဂိပါစိတ်။ "ဧကရတ္တံ ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဧကမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု အနည်းအများ လျော်စွာဆို၍ စွန့်အပ်၏။

**အဝိပ္ပဝါသအရပ် ၁၅-ပါး။** ။ဂါမ=ရွာ၊ နိဝေသန=အိမ်၊ ဥဒေါသိတ=ဘဏ္ဍာတိုက်၊ ဝါ-ကုန်လှောင်ရုံ၊ အဋ္ဋ=ပြအိုး၊ မာဠ=တန်ဆောင်း (၅)၊ ပါသာဒ = ပြာသာဒ်ရှည်၊ ဟမ္မိယ = ပြာသာဒ်ဦးပြည်း၊ နာဝါ=လှေ၊ သတ္ထ=လှည်း၊ ခေတ္တ=လယ်(၅)၊ ဓညကရ=ကောက်နယ်တလင်း၊ အာရာမ = ပန်းသစ်သီးဥယျာဉ်၊ ဝိဟာရ = ကျောင်း၊ ရုက္ခမူလ=သစ်ပင်ရင်း၊ အဇ္ဈောကာသ=လွင်တီးခေါင်(၅)၊ ဤသို့ သင်္ကန်းထားရာအရပ် ၁၅-ပါး ဟောသည်။ ဧကကုလ ဖြစ်အံ့၊ တခုခု၌ ထား၍ ထို တခုခု၏ အတွင်း နေလျှင် သင်္ကန်းနှင့် မကင်းသည် မည်၏။ တပါးသောနေရာ၌ ဟတ္ထပါသ်လွတ်၍ အရုဏ်တက်စေအံ့၊ ကင်းသည်မည်၏။ နိဿဂ္ဂိဖြစ်၏။ အဝိပ္ပဝါသဗဒ္ဓသိမ်တွင်း၌လည်း ရဟန်းနှင့်သင်္ကန်း ဝေးစေကာမူ ကင်းသည်မမည်။

ရွာ၊ အိမ်၊ တိုက်၊ ပြ(၄)၊ သာဒ၊ ဆောင်း၊ ပြည်း(၃)၊ လှေ၊ လှည်း၊ ကောက်နယ်(၃)၊ ရုံ၊ လယ်၊ လွင်ကွင်း(၃)၊ ပင်ရင်း၊ ကျောင်း-အား(၂)၊ ပေါင်းဆယ့်ငါးသည်၊ မှတ်သား အဝိပ္ပဝါသတည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရဟန်းများစွာ သင်းပိုင်၊ ကိုယ်ရုံမျှဖြင့် ဇနပုဒ်လှည့်လည်ခြင်းကြောင့် ပညတ်၏။ အညတြ ဘိက္ခု

သမ္မုတိယာသည် အနုပညတ်ဖြစ်၏။ သာခါရဏ၊ အနာဏတ္တိက။ ညဥ့်မကင်းသည်၌ ကင်းသည်ဟု ထင်အံ့၊ ယုံမှားအံ့၊ ဒုက္ကဋ်။ ညဥ့်ကင်းသည်၌ ကင်းထင်၊ မကင်းထင်၊ ယုံမှား(တိက)နိဿဂ္ဂိပါစိတ်။ အဓိဋ္ဌာန်မချ၊ မစွန့် စသည်၌လည်း ထိုအတူ(တိက)နိဿဂ္ဂိပါစိတ်။ အရုဏ်မတက်မီ အဓိဋ္ဌာန်ချအံ့၊ စွန့်၊ ပျောက်၊ ပျက်၊ မီးလောင်၊ လု၊ အကျွမ်းတဝင်ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ သမ္မုတိရသော ဂိလာနအားလည်း အနာပတ္တိ။ အနာပျောက်သောအခါ သင်္ကန်းရှိရာသို့ လာရသည်။ အဝေး၌ နေ၍သော်လည်း အဓိဋ္ဌာန်ချရသည်။ ထိုအနာဖြစ်စေ၊ အနာတပါးဖြစ်စေ နှိပ်စက်ပြန်အံ့၊ အပ်သေးသည်သာတည်း။ တိစီဝရိက်အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းဖြစ်ခြင်း၊ ခင်းအပ်သော ကထိန်မရှိခြင်း၊ သမ္မုတိမရခြင်း၊ ညဥ့် ကင်းခြင်း၊ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန် စသည် ပဌမကထိနနှင့် တူ၏။ ထို၌ အဓိဋ္ဌာန်မတင်ခြင်း၊ ဝိကပ္ပနာ မပြုခြင်းသည် အကြိယ၊ ဤ၌ အဓိဋ္ဌာန် မချခြင်းသည် အကြိယ၊ ဤမျှထူး၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန်ရဟန်းတို့သည် ရဟန်းတို့လက်၌ သင်္ကန်းထား၍ သင်းပိုင်၊ ကိုယ်ရုံမျှဖြင့် ဇနပုဒ်သို့ လှည့်လည်ကုန်၏။ ကြာမြင့်သောအခါ မှိုတက်၍ နေလှန်းရကုန်၏။ ရှင်အာနန္ဒာ လှည့်လည်၍ မြင်သောအခါ အဘယ့်ကြောင့် သင်းပိုင်၊ ကိုယ်ရုံမျှဖြင့် လှည့်လည်ကြသနည်းဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။ အခါတပါး ရဟန်းတပါးသည် ကောသမ္ဗီပြည်၌ ဂိလာနဖြစ်၏။ ဆွေမျိုးတို့က ပင့်ကြသော် တိစီဝရိက်နှင့် မကင်းရဟု ပညတ်ထားသည်၊ ယူ၍လည်း မသွားနိုင်ဟု ဆို၏။ ချစ်သားတို့၊ ဂိလာနရဟန်းအား တိစီဝရိက်နှင့် မကင်းသော အဝိပ္ပဝါသသမ္မုတိကို ပေးခြင်းငှာ ခွင့်ပြု၏။ ပေးပုံကား—ဂိလာနရဟန်းသည် သံဃာထံ ချဉ်းကပ်၍ "အကျွန်ုပ်သည် ဂိလာနဖြစ်သည်၊ အဝိပ္ပဝါသသမ္မုတိ ပေးပါ"ဟု သုံးကြိမ် တောင်းအပ်၏။ ဗျတ္တ၊ ပဋိဗလ ရဟန်းသည် ဉတ္တိ ဒုတိယကံဖြင့် သံဃာကို သိစေအပ်၏ဟု မိန့်၍ အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

၃—တတိယကထိန။ ။ဘိက္ခုနော-ဘိက္ခုနော၊ ၏။ နိဋ္ဌိတစီဝရသ္မိံ ။ကာသိနေ။ ဥဗ္ဘတသ္မိံ။ ဘိက္ခုနော ပနေဝ၊ အားသာလျှင်။ အကာလစီဝရံ၊ အခါမဲ့ရသော သင်္ကန်းသည် (ဝိကပ္ပနာလောက်။) ဥပ္ပဇ္ဇေယျ၊

ဖြစ်ရာ၏။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတဗ္ဗံ၊ ခံယူအပ်၏။ ပဋိဂ္ဂဟေတွာ၊ ခံယူပြီး၍။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ (ဝါ၊ ဆယ်ရက်အတွင်းသာလျှင်။) ကာရေတဗ္ဗံ၊ ပြုစေအပ်၏။ ပါရိပူရိ၊ ပြည့်စုံလုံလောက်ခြင်းသည်။ နောစသ၊ အကယ်၍ မဖြစ်ငြားအံ့။ တေန ဘိက္ခုနာ၊ သည်။ တိစီဝရံ၊ ကို။ မာသပရမံ၊ တလအတိုင်း အရှည်ရှိသော ကာလပတ်လုံး။ ဦနဿ၊ ယုတ်သော သင်္ကန်းကို။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှာ။ ပစ္စာသာယ၊ (သင်္ကန်းလျာပုဆိုး) ရနိုးခြင်းသည်။ သတိယာ၊ ရှိလတ်သော်။ နိက္ခိပိတဗ္ဗံ။ ထားအပ်၏။ ပစ္စာသာယ၊ ရနိုးခြင်းသည်။ သတိယာပိ။ ရှိသော်လည်း။ တတော၊ ထိုတလထက်။ ဥတ္တရိ၊ အလွန်။ စေ နိက္ခိပေယျ၊ အကယ်၍ ထားငြားအံ့။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ဘိက္ခုနာ- ဘိက္ခုနော သာမိနက်ယူအပ်၏။ ကထိန်မခင်းလျှင် ၁၁-လ၌ ခင်းလျှင် ၇-လ၌ ဖြစ်သော သင်္ကန်းသည်ပင်း၊ ကာလအတွင်း၌သော်လည်း ရည်စူး၍လှူသော သင်္ကန်းသည်ပင်း၊ အကာလစီဝရ မည်၏။ "သံဃဿဣဒံ အကာလစီဝရံ ဒမ္မိ၊ ပုဂ္ဂလဿ ဒမ္မိ၊ တုယှံ ဒမ္မိ" စသည်သည် ရည်စူးပုံတည်း။ (ကာလအတွင်း မရည်စူးပဲဖြစ်သော သံဃိက သင်္ကန်းသည် ကာလစီဝရ မည်၏။ ပုရိမဝါကျွတ်သူ၊ ကထိန်အာနိသင် ရသူတို့သာ အစိုးရကုန်၏။) အကာလသင်္ကန်းကို မိမိအတွက် ရခြင်းသည် ဥပစ္ဆေယျ မည်၏။ မိမိဝေစုအဖြစ်ဖြင့် သံဃာမှ၊ သုတ္တန်ဆောင်စသော ဂိုဏ်းမှ၊ အမျိုးမှ၊ မိတ်ဆွေမှသော်ပင်း၊ ပံ့သကူသော်ပင်း၊ မိမိဝါချည်စသော ဥစ္စာဖြင့်ပင်း ရရာ၏။ သီမာယ ဒေတိ စသော မာတိကာရှစ်ပါးဖြင့်သော်လည်း အကာလသင်္ကန်းလက္ခဏာဖြင့် ရရာ၏။ ဤအလုံးစုံသည် ဥပစ္ဆေယျမည်၏။ (ကာလသင်္ကန်းကား တလ၊ ငါးလ၊ အသက်ရှိပြီး) အကာလသင်္ကန်းကို အလိုရှိသော ရဟန်းသည် အာကင်္ခမာန မည်၏။ ဤလှူခံအပ်၏။ ရသောနေ့မှ ဆယ်ရက်အတွင်း ချုပ်ဆိုးပြီးစေရသည်။ ဆယ်ရက်အတွင်းသည် ခိပ္ပမေဝ မည်၏။ အဓိဋ္ဌာန်တင်လောက်၊ ဝတ်လောက်၊ ရုံလောက်ဖြစ်အောင် မပြီးလျှင် နော စဿပါရိပူရိ မည်၏။ ဤသို့ မပြည့်စုံသည်ကို ပြည့်စုံစိမ့်သောငှာ ရဖွယ် ပစ္စာသာရှိလျှင် တလအထိ ထားအပ်၏။ သံဃ၊ ဂဏ၊ ဉာတိ၊ မိတ္တ၊ ပံသုကူလ၊ အတ္တနောဓနအားဖြင့် ရဟာရာအာသာ (မြော်လင့်စရာ)သည် ပစ္စာသာ မည်၏။ မြော်လင့်ပုံကား သံဃာသည်၊ ဂဏသည် မကြာမီ သင်္ကန်းရလိမ့်မည်၊

ထိုမှ ငါ၊ ဝေစုရလတ္တံ့ဟူ၍၎င်း၊ ဉာတိမိတ္တတို့သည် သင်္ကန်းလှူမည်ဟု ပြော သွားသည်၊ ထိုမှ ငါရတ္တံ့ဟူ၍၎င်း၊ ပံ့သကူရဖွယ်ရှိသည်ဟူ၍၎င်း၊ ငါ၏ ဤ ကပ္ပိယဘဏ္ဍာဖြင့် ယူစေလျှင် ရလတ္တံ့ဟူ၍၎င်း ရဟာရာအာသာ ထင်ရှားပါမှ ပစ္စာသာ မည်သည်။ (မြော်လင့်ဖွယ်မရှိပဲ မိမိလိုချင်ကာမျှသည် ပစ္စာသာ မဟုတ်။) ဤသို့ ပစ္စာသာရှိသော်လည်း တလထက်အလွန်ထားအံ့၊ နိဿဂ္ဂိ ပါစိတ်။ "ဠာဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ" စသည် ဖြင့် စွန့်အပ်၏။

**ပစ္စာသာကို မူလပြုပုံ။** ။မူလသင်္ကန်းသည်၊ ပစ္စာသာသင်္ကန်းသည် ထူအံ့၊ မချုပ် လိုလျှင် နေအပ်၏။ ညဉ့်ကြွင်းလည်း တလမပြည့် ရှိသေးအံ့၊ နောက်တဖန် ပစ္စာသာ ပါးပါးရလျှင် တလကာလအတွင်း ပြီး အောင် ပြုအပ်၏။ ပစ္စာသာ ထူထူကို ပရိက္ခာရစောဠ တင်ထားအပ်၏။ မူလ ထူထူ၊ ပစ္စာသာ ပါးပါး ဖြစ်၍ ထူထူကို မသုံးလိုအံ့၊ မူလ ထူထူကို ပရိက္ခာရ စောဠတင်၍ ပစ္စာသာပါးပါးကို မူလပြုအပ်သည်။ ထိုမှတဖန် အစောင့် အရှောက် တလရပြန်၏။ ဤနည်းဖြင့် အထူ အပါး မညီ၍ မချုပ်လိုလျှင် နောက်နောက် ပစ္စာသာကို မူလပြုအပ်၏။ တလ တလ အစောင့်အရှောက် ရသည်သာတည်း။

**မာသပရမ။** ။မူလသင်္ကန်းရသောနေ့၌ ပစ္စာသာရအံ့၊ဆယ်ရက်အတွင်း ပြုအပ် ၏။ ၂-ရက်၊ ၃-ရက်(လ)ရသ ၂၀-ရှိမှ ရက်၊ဆယ်ရက်အတွင်း ပြု။ ၂၁-ရက်ရှိမှ ရအံ့၊ ကိုးရက်အတွင်းပြု။ (လ) ၂၉-ရက်ရှိမှ ရအံ့၊ တရက် အတွင်းပြု။ ရက် ၃၀-မြောက် အရုဏ်၌ နိဿဂ္ဂိ ဖြစ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရဟန်းများစွာ အကာလ သင်္ကန်း အလှူ ခံ၍ တလကို လွန်စေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ အကြွင်းသည် ပဌမကထိနနှင့် တူ၏။ ထို၌ ဆယ်ရက်လွန်ခြင်း၊ တလလွန်ခြင်း အင်္ဂါမျှ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရဟန်းတပါးသည် အကာလ သင်္ကန်းရ၍ ချုပ်၏။မလောက်သောကြောင့် ဖြန့်၍အဖန်ဖန် သုံ့ သပ်၏။ဘုရားရှင် ကျောင်းလှည့်စဉ် မြင်၍ "ချစ်သား၊ အဘယ့်ကြောင့် ဤသို့ ပြုသနည်း"။

"မလောက်သောကြောင့်ပါ ဘုရား"။ "သင့်အား ပစ္စာသာသက်နှီးရှိမှု သိမ်းထားခြင်းငှာ ခွင့်ပြု၏ဟု"မိန့်တော်မူ၏။ ရဟန်းတို့သည် အခွင့်ရ၍ တလထက်အလွန် ထားကုန်၏။ သက်နှီးတန်းဝါး၌ အထုပ်များစွာဖွဲ့၍ ထားကုန်၏။ ရှင်အာနန္ဒာ ကျောင်းလှည့်စဉ် မြင်၍ မေးပြီးလျှင် အကာလသက်နှီးကို တလထက်အလွန် ထားကုန်ဘိ၏ဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။ (ပရိဝါ၌"ကော အနုပညတ္တိ"ဟု ဆို၏။)

## သက်န်ဖြစ်ရာ မာတိကာရှစ်ဖြာ မှတ်ဖွယ်

သိမာယ ဒေတိ၊ ကတိကာယ ဒေတိ၊ ဘိက္ခာပညတ္တိယာ ဒေတိ၊ သံဃဿ ဒေတိ၊ ဥဘတောသံဃဿ ဒေတိ၊ ဝဿံဝုတ္ထသံဃဿ ဒေတိ၊ အာဒိဿ ဒေတိ၊ ပုဂ္ဂလဿ ဒေတိ၊ ဤကား သက်န်းဖြစ်ရာ မာတိကာရှစ်ပါးတည်း။

> သိမာ၊ ကတိကာ (၂)၊ ဘိက္ခာပညတ် (၁)၊ သံဃဿနှင့် (၁)၊ ဥဘတော သံဃ (၁)၊ ဝဿံဝုတ္ထ (၁)၊ အာဒိဿ (၁)၊ ပုဂ္ဂလ (၁) ရှစ်မာတိ။

**သီမာ**။ ထိုတွင် "သီမာယ ဒမ္မိ"ဟု သိမ်ကိုသုံးသပ်၍ လှူခြင်းသည် ခဏ္ဍသိမ်၊ ဥပစာရသိမ်၊ သမာနသံဝါသကသိမ်၊ အဝိပ္ပဝါသသိမ်၊ လာဘာသိမ် (၅)၊ ဂါမ၊ နိဂမ၊ နဂရ၊ အဗ္ဘန္တရ၊ ဥဒကုက္ခေပသိမ် (၅)၊ ဇနပဒ၊ ရဋ္ဌ၊ ရဇ္ဇ၊ ဒီပ၊ စက္ကဝါဠသိမ် (၅)၊ ဤသို့ ၁၅–မျိုး ပြား၏။

ထိုတွင် ဥပစာရသိမ်ကား–အရာမ်ရှိသော ကျောင်းတိုက်၌ အရာမ်ဖြင့် ပိုင်းအပ်သော အရပ်၊ အရာမ်မရှိလျှင် အရာမ်ထိုက်ရာ ခဲတကျဖြင့် ပိုင်းအပ်သော အရပ်သည် ဥပစာရသိမ် မည်၏။ တနည်း–အစ္စန်ဖြစ်သော ရဟန်းတို့ အမြဲစည်းဝေးရာမှုရင်း၊ ဆွမ်းစားကျောင်းမှုရင်း၊ အမြဲနေရာကျောင်းမှုရင်း အားအလတ်ရှိသူ၏ ခဲနှစ်ကျအတွင်းသည် ဥပစာရသိမ် မည်၏။ (ခဲတကျအတွင်းသာဥပစာရသိမ်ဟုပြ၍ ခဲနှစ်ကျတွင်းလည်း ဥပစာရသိမ်ဟု ပြခြင်းကား တနည်း ထပ်ဆိုခြင်းဟု ဆို၏။) ဤဥပစာရသိမ်သည် ကျောင်းပွားလျှင်၊ ရဟန်းပွားလျှင် ယူဇနာတရာသော်လည်း ကျယ်၏။ ယုတ်လျှင် ကျဉ်း၏။ ဘိက္ခုနီ အရာမ်ဝင်းပန်ခြင်း၊ ဂမိက အိပ်ရာနေရာ ပန်ခြင်း၊ ဝတ်ကြားခြင်း၊ ဝါပြုတ်ခြင်း၊

နိဿယည်းငြိမ်းခြင်း၊ ကျောင်းယူခြင်း စသည်ကို ဥပစာရသိမ်စွမ်းဖြင့်သာ သိရသည်။

**လာဘသိမ်ကား** မင်း၊ အမတ် စသည်တို့သည် ကျောင်းတိုက်တည်၍ တဂါဝုတ်၊ တယူဇနာ စသည်ဖြင့် ပိုင်းခြား၍ မြေကို "ဤကား ငါတို့ကျောင်းတိုက်အတွက် လာဘသိမ်တည်း၊ ဤမှဖြစ်သော ပစ္စည်းအားလုံးကိုသာ ငါတို့ကျောင်းတိုက်အား လှူကုန်အံ့" ဟု ထားကုန်၏။ ဤမြေသည် လာဘသိမ် မည်၏။ (ဝတ္ထုကံမြေ ဟူလို။) လာဘ်အလို့ငှာထားသော လောကဝေါဟာရ သိမ် ဖြစ်၏။ သာသနဝေါဟာရ မဟုတ်။ ကာသိတိုင်း၊ ကောသလတိုင်း စသည်၌ ဇနပုဒ် တခုတခုသည် ဇနပဒသိမ်မည်၏။ ကာသိတိုင်း စသည်သည် ရဋ္ဌသိမ် မည်၏။ တမင်းပိုင် အားလုံးသည် ရဇ္ဇသိမ် မည်၏။ သမုဒ္ဒရာဖြင့် ပိုင်းသော ကျွန်းကြီး၊ ကျွန်းငယ်သည် ဒီပသိမ် မည်၏။ စကြဝဠာတတိုက်အတွင်းသည် စက္ကဝါဠသိမ် မည်၏။ ကြွင်းသော သိမ်တို့ကား သိသာဖွယ်နည်း ရှိကုန်၏။

ထိုတွင် "ခဏ္ဍသီမာယ ဒေမ" ဟု လှူသောလာဘ်သည် ခဏ္ဍသိမ်တွင်းရှိ ရဟန်းတို့အား ရောက်၏။ သိမ်ပ၌၊ သိမ်ကြား၌ ရှိသော ရဟန်းတို့အား မရောက်။ "ဥပစာရသီမာယ ဒေမ" ဟု လှူလျှင် ဥပစာရသိမ်တွင်း ခဏ္ဍ၌၊ သိမ်ကြား၌ ရှိသူတို့အားလည်း ရောက်၏။ သမာနသံဝါသသိမ်၌ လှူလျှင် ခဏ္ဍသိမ်၊ သိမ်ကြားတို့အား မရောက်။ အဝိပ္ပဝါသသိမ်၊ လာဘသိမ်တို့၌ လှူလျှင် ထိုအတွင်းရှိ ဗဒ္ဓသိမ်တို့အားလည်း ရောက်၏။ အဗ္ဘန္တရ၊ ဥဒကုက္ခေပတို့၌ လှူလျှင် ထိုအတွင်း၌သာ ရောက်၏။ ဇနပဒသိမ် စသည်၌လှူလျှင် ထိုအတွင်း ဗဒ္ဓသိမ်တို့အားလည်း ရောက်၏။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်း၌နေ၍ "တမ္ဗပဏ္ဏိဒီပေ သံဃဿ ဒေမ" ဟု လှူသည်ဖြစ်အံ့၊ ထိုလာဘ်ကို တမ္ဗပဏ္ဏိမှ ရဟန်းတပါးတည်း သွား၍သော်လည်း အားလုံးအတွက် ယူခြင်းငှာ ရ၏၊ ဇမ္ဗူဒိပ်၌ နေသော သဘာဂ ရဟန်းတပါးကသော်လည်း ထိုရဟန်းတို့အတွက် ယူလျှင် မတားမြစ်အပ်။ (သုတ္တန်၌ ဤသံဃိကမျိုး မပြ။) ဒါယကာတဦးသည် ကျောင်းတွင်း ဝင်၍ "သီမာယ ဒမ္မိ" ဟု လှူအံ့၊ သိမ် ၁၅-ရပ်တို့တွင် အဘယ်သိမ်ကို ရည်၍လှူသနည်းဟု မေးအပ်၏။ သိမ်အပြားကို မသိ၊ သိမ်၌တည်သူ ယူစေသတည်း ဟု ဆိုအံ့၊ ဥပစာရသိမ်တွင်းရှိ ရဟန်းတို့သာ ဝေဖန်အပ်၏။

ခဏ်၊ ဥ၊ သမာ (၃)၊ အဝိပ်၊ လာ (၂)၊ ဂါမာ၊ နိ၊ နဂ (၃)။
အဗ္ဘာန်၊ ဥဒ (၂)၊ ဇ၊ ရဋ္ဌ (၂)၊ ရဋ္ဌ၊ ဒီ၊ စက္က (၃)။
သိမ် မာတိကာ၊ လူနေရာ၊ စိတ်ဖြာ ဆယ့်ငါးမျှ။

**ကတိကာ။** ။လာဘ်တူအောင် ပြုသော ကတိကဝတ်သည် ကတိကာမည်၏။ ပြုပုံကား—ကျောင်းတခု၌ ရှိသော ရဟန်းတို့သည် အခြားကျောင်းတခုကို ချီးမြှောက်လို၍ လာဘ်တူပြုလို၍ နေကုန်အံ့၊ ဤမည်သော ကျောင်းသည် ရှေးကျောင်း ဖြစ်၏၊ လာဘ်နည်း၏ စသည်ဖြင့် အကြောင်း ဖော်ပြ၍ ထိုကျောင်းကို ဤကျောင်းနှင့် အတူဘက္ခ လာဘ်တူပြုခြင်းငှာ သံဃာသည် နှစ်သက်အပ်၏ ဟု သုံးကြိမ်ပြောကြားအပ်၏။ ဤမျှပြုလျှင် ထိုကျောင်း၌နေသူသည် ဤကျောင်း၌ နေသူကဲ့သို့ ဖြစ်၏။ ထိုကျောင်း၌လည်း ဤအတူပြုအပ်၏။ ဤသို့ပြုလျှင် ဤကျောင်း၌နေလည်း ထိုကျောင်း၌ နေသကဲ့သို့ ဖြစ်၏။ တကျောင်း၌ လာဘ်ဝေဖန်လျှင် တကျောင်းရှိ ရဟန်းတို့အားလည်း အဖို့ယူခြင်းငှာ အပ်၏။

**သိက္ခာပညတ်။** ။ဒါယကာ၏ ကောင်းမှုတို့ တည်ရာအရပ်သည် ဘိက္ခာပညတ္တိ မည်၏။ ထို့ကြောင့် ငါ၏ အမြဲကောင်းမှုရှိရာတို့၌ လှူပါ၏၊ ဝါ၊ လှူကြလော့ဟု ဆိုအံ့၊ ထိုအလှူရှင်၏ အမြဲဆွမ်းချက်ဝတ်ရှိရာ၊ အမြဲဆွမ်းကျွေးရာ၊ ထိုအလှူရှင် ဆောက်သော ကျောင်းရှိရာ အရပ်အားလုံးတို့၌ လှူအပ်သည်သာဘည်း။ ထိုနေရာတို့တွင် တနေရာ၌ ရဟန်းနည်းအံ့၊ ဝါ၊ အဝတ်သက်န်းတထည်တည်းသော်လည်း ဖြစ်အံ့၊ မာတိကာသို့ တင်ရသည်။ (ဝါ၊ ဒါယကာကို ပြန်မေးရသည်။) ဒါယကာဆိုတိုင်း ယူရသည်။ ဒါယကာ မဝိစစ်လျှင် သံဃာဝိစစ်ခြင်းငှာလည်း အပ်၏။ ဝိစစ်ပုံကား—မထေရ်ကြီးနေရာ၌ ပေးကြဟု ဆိုအပ်၏။ မထေရ်ကြီးနေရာ ပြည့်စုံလျှင် မပြည့်စုံရာ၌ ပေးအပ်၏။ ရဟန်းတပါးက အကျွန်ုပ်၏ နေရာ၌ မပြည့်စုံဟု ဆိုအံ့၊ ထို၌ ပေးအပ်၏။

**သံဃဿ ဒမ္မိ။** ။ကျောင်းတွင်းသို့လာ၍ "သံဃဿ ဒမ္မိ" ဟု ဆို၍ လှူအံ့၊ ဥပစာရသိမ်တွင်းရှိ ရဟန်းတို့အားလည်းကောင်း၊ ထိုရဟန်းတို့နှင့် တစပ်တည်းသော ပြင်ပရဟန်းတို့အားလည်း ရောက်၏။ ထိုပြင်ပရဟန်းတို့ အတွက် ယူသူရှိလျှင် ပေးအပ်၏။ ဥပစာရသိမ်ပ၌ ရဟန်းတို့ကိုမြင်၍ "သံဃဿ

ဒေမ''ဟု လျှအံ၊ တစပ်ဘည်း တည်သော ရဟန်းတို့အား ရောက်၏။ ၁၂-တောင်တွင်းဖြင့် စပ်လျှင်တစပ်တည်း မည်၏။ ၁၂-တောင်ခြားသူအား မရောက်။

**ဥဘတော သံဃ်။** ။''ဥဘတောသံဃဿ ဒမ္မိ'' ဟု လျှအံ၊ ဘိက္ခုတို့အား ထက်ဝက်၊ ဘိက္ခုနီတို့အား ထက်ဝက် ပေးအပ်၏။ဘပါး တည်းရှိလျှင်လည်း ထက်ဝက်ဘည်း။ အယုတ်ဆုံး သာမဏေဘပါးမျှရှိလျှ ထက်ဝက်သာတည်း။ ''ဥဘတောသံဃဿ စ တုယှဥ္စ ဒမ္မိ'' ဟု လျှအံ၊ ဘိက္ခုတကျိပ်၊ဘိက္ခုနီတကျိပ်ရှိလျှင် ၂၁-ခု အဖို့ပြု၍ ပုဂ္ဂိုလ်အား တဖို့၊ ဘိက္ခုသံဃာအား ဆယ်ဖို့၊ ဘိက္ခုနီသံဃာအား ဆယ်ဖို့ ပေးအပ်၏။ ပုဂ္ဂလိကအဖို့ ရသူသည် သံဃာမှလည်း မိမိဝါစဉ်ဖြင့် ယူခြင်းငှာရသည်။ ဥဘတောသံဃ သဒ္ဒါဖြင့် ယူအပ်သောကြောင့်တည်း။ ''ဥဘတောသံဃဿ စ စေတိယဿ စ ဒမ္မိ''ဟု ဆို၍ လျှအံ၊ ၂၁-ခု အဖို့ပြု၍ပင် ပေးအပ်၏။ အထူးကား စေတီအား သံဃာမှ အဖို့မရောက်။ တယောက်အဖို့နှင့် တူစွာ တဖို့သာ ရောက်၏။ ''ဥဘတောသံဃဿ စ တုယှဥ္စ စေတိယဿ စ ဒမ္မိ''ဟု လျှအံ၊ ၂၂-ခုပြု၍ ပေးအပ်၏။ (ဥဘတော လေးဝါရ)။

''ဘိက္ခုသံဃဿ စ ဘိက္ခုနီနဥ္စ'' ဟုဆိုလျှင် ထက်ဝက်မခွဲရ၊ ဘိက္ခု ဘိက္ခုနီရှိသမျှကို ရေတွက်၍ ပေးအပ်၏။ ဘိက္ခုသံဃဿ စ ဘိက္ခုနီနဥ္စ တုယှဥ္စ'' ပုဂ္ဂိုလ်သည် သီးခြားမရ။ (ဘိက္ခုသံဃသဒ္ဒါဖြင့် ယူအပ်သော ကြောင့် တုယှံသီးခြားမရ ဟူလို)။သံဃာမှ တဖို့သာရနိုင်၏။ ''စေတိယဿ စ'' ဟု ထည့်ဆိုလျှင်ရင်း၊ ''တုယှဥ္စ စေတိယဿ စ'' ဟု ထည့်ဆိုလျှင်ရင်း သိနိုင် လောက်ပြီ။ (ဘိက္ခုသံဃ လေးဝါရ)။

''ဘိက္ခူနဥ္စ ဘိက္ခုနီနဥ္စ''ဟုဆိုလျှင် ထက်ဝက်မခွဲရ၊ ပုဂ္ဂိုလ်ရေတွက်၍သာ ဝေဖန်ရအံသည်။ တုယှဥ္စနှင့်၊ စေတိယဿ စ နှင့်၊ တုယှဥ္စ စေတိယဿ စ နှင့် လည်း သိလောက်ပြီ။ (လေးဝါရ)။ ဘိက္ခုနီကို အစထား၍ ဘိက္ခုနီသံဃဿ စ ဘိက္ခူနဥ္စ လေးဝါရ။ ဘိက္ခုနီနဥ္စ လေးဝါရကိုလည်း သိအပ်၏။ ''စေတိယဿ စ'' ဟုဆိုလျှင် သီးခြားရသည်။ ''တုယှဥ္စ''ဟုဆိုလျှင် ဥဘတော သံဃာအား ဝါရ၌သာ သီးခြားရသည်။

**ဗုဒ္ဓသန္တက**။ ။ရှေးက ဗုဒ္ဓပ္ပမုခ ဥဘတောသံဃာအား လှူလျှင် ဘိက္ခု၊ဘိက္ခုနီတို့၏ သံဃမထေရ်အဖြစ်ဖြင့် ဘုရားရှင်သည် အလယ်၌ နေ၏။ မိမိရသောပစ္စည်းကို မိမိသုံးဆောင်၏။ ဘိက္ခုတို့အား သော်လည်း ပေး၏။ ယခုအခါ ပညာရှိတို့ကား ဆင်းတုတော်စသည်တို့ကို ထား၍ ဗုဒ္ဓပ္ပမုခ သံဃာအား လှူကုန်၏။ အဘယ်သို့ စီမံသင့်သနည်းဟူမူ ပန်းနံ့သာ စသည်ကို စေတီ၌ တင်လှူ၊ အဝတ်ဖြင့် တံခွန်ကုက္ကားပြု၊ ဆီဖြင့် မီးထွန်း၊ စားသောက်ဖွယ်ကို အမြဲစေတီဝတ်ပြုသူ ရဟန်းရှင်လူအားပေး၊ ဝတ်ပြုသူမရှိလျှင် ကိုယ်တိုင်ဝတ်ပြု၍စား၊ မွန်းတည့်ချိန်နီးလျှင် စားပြီးမှသော်လည်း ဝတ်ပြုရသည်။

လူတို့က ဤပန်းနံ့သာစသည်ကို ယူသွား၍ စေတီအား ပူဇော်ပါဟု ဆိုအံ့၊ ဝေးသော်လည်း သွား၍ ပူဇော်အပ်၏။ သံဃာအလိုငှာ ဤဆွမ်းယူပါဟု ဆိုအံ့၊ ယူသွားအပ်၏။ ဂိဟိကမ္မမဟုတ်။ ငါဆွမ်းခံသွားရဦးမည်၊ ဆွမ်းစားကျောင်းက ရဟန်းများ ဤဆွမ်းကို လာယူလိမ့်မည်ဟု မိမိက ဆိုသဖြင့် အရှင့်အားသာ လှူပါ၏ဟု ဆိုအံ့၊ စားခြင်းငှာ အပ်၏။ သံဃာအတွက် ဆောင်သွားစဉ် မွန်းတည့်ချိန်နီးအံ့၊ "မယုံ ပါပုဏာတိ" ဟု မိမိအားရောက်စေ၍ စားခြင်းငှာ အပ်၏။

**ဝဿံဝုတ္ထ**။ ။ကျောင်းသို့လာ၍ "ဝဿံဝုတ္ထသ ဒမ္မိ" ဟုဆိုအံ့၊ ထိုကျောင်း၌ ပုရိမဝါမှ ကောင်းစွာထသော ရဟန်းတို့အား သိမ်ပ၍ တည့် သော်လည်း ရောက်၏။ ကျောင်းဝိုင်းပြင်ပ၌နေလျှင် "ဝဿာဝုတ္ထသံဃဿ" ဟု ဆိုအံ့၊ အမှတ် မရှိရာ၌ ဝါကျွတ်၍ ဤနေရာသို့ရောက်လာသူ အားလုံးတို့အား ရောက်၏။ "အသုကဝိဟာရေ ဝဿာဝုတ္ထသ သံဃဿ ဒမ္မိ" ဟု ဆိုအံ့၊ ထိုအမည် သုံးသပ်ရာကျောင်း၌ ဝါကျွတ်သောရဟန်းတို့အားသာ ကထိန်နုတ်သည်တိုင်အောင် ရောက်၏။ တပေါင်းလပြည့်ကျော် တရက်မှစ၍ (ပိဋ္ဌိသမယ၌) ဤအတူ ဆိုအံ့၊ ထိုကျောင်း၌ သမ္မုခီဘူတသံဃာအား ရောက်၏။ (သုတ္တန်၌ ဤသံသိကမျိုး မပြ။)

**အာဒိဿ**။ ။ပိုင်းခြား၍လှူခြင်းသည် အာဒိဿ ဒေတိ မည်၏။ ယာဂုဖြင့် ပင့်ဖိတ်၍ ယာဂုသောက်စေပြီးလျှင် ဤသင်္ကန်းတို့ကို အကျွန်ုပ်၏ ယာဂုသောက်သူတို့အား လှူပါ၏။ "ဇ္ဇမာနံ စီဝရာနိ ယေဟိ မယှံ ယာဂု

ပီတာ၊ တေသံ ဒမ္မိ''ဟု ဆို၍ လှူအံ့၊ ထိုရဟန်းတို့အားသာ ရောက်၏။ ဆွမ်းခဲဖွယ် စသည်ဖြင့်လည်း ဤအတူတည်း။

**ပုဂ္ဂလ။** ။''ဣဒံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မိ''ဟု မျက်ကွယ်ဖြစ်စေ၊ ခြေရင်း၌ထား၍ ''ဣဒံ တုမှာကံ ဒမ္မိ''ဟု မျက်မှောက်ဖြစ်စေ ပုဂ္ဂိုလ်အား လှူခြင်းသည် ပုဂ္ဂလဿ ဒေတိ မည်၏။ မာတိကာရှစ်ပါး အကျယ်ကို စီဝရက္ခန္ဓက၌ မိန့်ဆိုသည်။

**၄–ပုရာဏစီဝရ။** ။ယော ပန ဘိက္ခု။ အညာတိကာယ၊ အမျိုးမတော်သော။ ဘိက္ခုနိယာ၊ ဘိက္ခုနီမကို။ ပုရာဏစီဝရံ၊ သက်န်းဟောင်းကို။ ဓောဝါပေယျ ဝါ၊ ဖွပ်မှုလည်း ဖွပ်စေငြားအံ့။ ရဇာပေယျ ဝါ၊ ဆိုးမှုလည်း ဆိုးစေငြားအံ့။ အာကောဋာပေယျ ဝါ၊ နယ်မှုလည်း နယ်စေငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။အမိဘက်မှရင်း၊ အဖဘက်မှရင်း (ဘိုးဘွား အမျိုး ခုနစ်ဆက်တိုင်အောင် မစပ်သောသူသည် အညာတိကာမည်၏။) ဥဘတော သံဃာ၌ ရဟန်းပြုသော မိန်းမသည် ဤသိက္ခာပုဒ်၌ ဘိက္ခုနီမည်၏။ သာကီဝင် မင်းသမီးငါးရာတို့ကဲ့သို့ ဘိက္ခုသံဃာသက်သက်၌ ရဟန်းဖြစ်သော မိန်းမသည်ရင်း၊ ရဟန်းအဖြစ်၌တည်၍ လိင်ပြန်သော ဘိက္ခုနီသည်ရင်း ဤသိက္ခာပုဒ်၌ ဘိက္ခုနီ မည်သေး၏။ ဘိက္ခုနီ သံဃာသက်သက်၌ ရဟန်းဖြစ်သော မိန်းမကား ဒေသော ဥပသမ္ပန္နာ ဘိက္ခုနီမည်၏။ ဤသိက္ခာပုဒ်၌ ပါစိတ်ဖြင့် အလိုမရှိအပ်၊ ဒုက္ကဋ်ဖြင့်သာ အလိုရှိအပ်၏။ ဆိုးပြီး၊ ပိန္ဒုထိုးပြီးနောက် တကြိမ်မျှ ဝတ်ရုံသောသက်န်းသည် ပုရာဏစီဝရမည်၏။ အယုတ်ဆုံး ပခုံးတင်ရုံ၊ ခေါင်းအုံးရုံမျှဖြင့် သုံးသောသက်န်းသည်လည်း ပုရာဏစီဝရမည်၏။ ၁၂–ဘောင်တွင်းနေလျက် ဖွပ်လေဟု ဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ပြခြင်း၊ လက်၌ပေးခြင်း၊ အနီး၌ထားခြင်း၊ ပစ်ပေးခြင်း၊ စေ၍ ပေးခြင်းတို့သည် ဖွပ်ခိုင်းသည်မည်၏။ ဤသို့ ဖွပ်ခိုင်းအံ့၊ ဒုက္ကဋ်။ ဖွပ်ပြီးလျှင် နိဿဂ္ဂိ။ ယို့အတူ ဆိုးခိုင်းအံ့၊ ဒုက္ကဋ်။ ဆိုးပြီးလျှင် နိဿဂ္ဂိ။ နယ်ခိုင်းအံ့၊ ဒုက္ကဋ်။ နယ်ပြီးလျှင် နိဿဂ္ဂိ။ သိက္ခမာန်မ၊ သာမဏေမ၊ ဥပါသိကာမ၏လက်၌ ဖွပ်ခြင်းငှာ ပေးအံ့၊ ထိုသူတို့ ဘိက္ခုနီပြုပြီးမှ ဖွပ်လျှင် နိဿဂ္ဂိ။ ဥပါသကာ၊ သာမဏေတို့၏ လက်၌

ပေးအံ့၊ ထိုသူတို့ လိင်ပြန်၍ ဘိက္ခုနီပြုပြီးမှ ဖွပ်လျှင် နိဿဂ္ဂိ။ ရဟန်းငယ်အား ပေးအံ့၊ ရဟန်းငယ် လိင်ပြန်ပြီးမှ ဖွပ်လျှင် နိဿဂ္ဂိ။ တကြိမ် ပုတ်ခတ်ခြင်းမျှဖြင့်လည်း နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ"စသည်ဖြင့် စွန့်အပ်၏။

အဆုံးအဖြတ်။ ။သာဝတ္ထိပြည်၌ ရှင်ဥဒါယီ သင်္ကန်းဟောင်း ဖွပ်စေခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ ဖွပ်လော့ စသော စေခိုင်းခြင်းဖြင့် သာဏတ္တိက။ ဤသို့ စေခိုင်းအပ်သော ဘိက္ခုနီမသည် ခိုးလောက် စီရင်ခြင်း စသည်ကို ပြုအံ့၊ ပယောဂတိုင်း ရဟန်းအား ဒုက္ကဋ်။ ဖွပ်၍ ဆယ်ယူကာမျှ၊ ဆိုးပြီးကာမျှ၊ နယ်ပြီးကာမျှဖြင့် နိဿဂ္ဂိ။ ဖွပ်ခြင်းစသော သုံးမျိုးကိုရင်း၊ နှစ်မျိုးကိုရင်း စေခိုင်းအံ့၊ တမျိုးဖြင့် နိဿဂ္ဂိ။ အကြွင်းတို့ဖြင့် ဒုက္ကဋ်။ ဖွပ်လော့ဟု တမျိုးခိုင်းလျက် အလုံးစုံပြုအံ့၊ ဖွပ်ခြင်းကြောင့်သာ နိဿဂ္ဂိ၊ ဤသင်္ကန်း၌ ပြုဖွယ်အားလုံး ပြုလော့ဟု ဆိုအံ့၊ စကားတခွန်းတည်းဖြင့် ပါစိတ် တချက်၊ ဒုက္ကဋ် နှစ်ချက်၊ ကေတောဥပသမ္ပန္နာ ဘိက္ခုနီအား ခိုင်းအံ့၊ ဒုက္ကဋ်။ သူတပါး၏ သင်္ကန်းကို ဖွပ်ခိုင်းအံ့၊ နိသီဒိုင်၊ အိပ်ရာခင်းကို ဖွပ်ခိုင်းအံ့၊ ဒုက္ကဋ်။ အမျိုး၌ အညာတကသညီ၊ ဝေမတိကဖြင့် ခိုင်းအံ့၊ ဒုက္ကဋ်။ အမျိုးမဟုတ်သူ၌ အမျိုးမဟုတ်ဟု ထင်အံ့၊ အမျိုးဟု ထင်အံ့၊ ယုံမှားအံ့၊ တိကနိဿဂ္ဂိပါစိတ်။ အမျိုးဘိက္ခုနီ၏ အဖော်ဖြစ်သော အမျိုးမဟုတ်သော ဘိက္ခုနီ ဖွပ်အံ့၊ မစေခိုင်းပဲ ဖွပ်အံ့၊ မသုံးသေးသော သင်္ကန်းကိုရင်း၊ (သင်္ကန်း၊ နိသီဒိုင်၊ အိပ်ရာခင်းမှ) တပါးသော ပရိက္ခာရာကိုရင်း ဖွပ်ခိုင်းအံ့၊ သိက္ခမာန်၊ သာမဏေမတို့ကို ဖွပ်ခိုင်းအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ်။ သင်္ကန်းဟောင်းဖြစ်ခြင်း၊ ၁၂-တောင် ဥပစာရအတွင်း တည်လျက် အမျိုးမဟုတ်သော ဘိက္ခုနီအား စေခိုင်းခြင်း၊ ထို ဘိက္ခုနီ၏ ဖွပ်၊ ဆိုး၊ နယ်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သဥ္ဇရိတ္တသမုဋ္ဌာန်၊ ကြိယ၊ နောသညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် အရှင်ဥဒါယီ၏ မယားဟောင်းသည် ဘိက္ခုနီမပြုလုပ်ပြီးလျှင် ရှင်ဥဒါယီထံ မကြာမကြာ လာလေ့ရှိ၏။ ရှင်ဥဒါယီလည်း ထို ဘိက္ခုနီမထံ သွားလေ့ရှိ၏။ ဆွမ်းစားလေ့ရှိ၏။ တနေ့၌ ရှင်ဥဒါယီသည် ကြွသွား၍ အင်္ဂါကြီးငယ်လှစ်၍ ထိုင်၏။ ထိုဘိက္ခုနီမသည်လည်း လှစ်၍ ထိုင်၏။ ရှင်ဥဒါယီသည် တစိမ့်စိမ့်ကြည့်၍ အညစ်အကြေးလွှတ်၍ သင်္ကန်း

ဖွပ်မည်ဟု ရေယူခိုင်း၏၊ ဘိက္ခုနီမသည် ဖွပ်ပေးမည်ဟု သင်္ကန်းကိုယူ၍ ဒုညစ်အကြေးကို အချိုစုပ်၍ အချို အင်္ဂါဇာတ်၌ ထည့်၍ ကိုယ်ဝန်တည်၏။ ဘိက္ခုနီတို့ မေးစစ်သောအခါ ထိုအကြောင်းကို ပြောပြ၏။ ရှင်ဥဒါယီသည် ဘိက္ခုနီအား သင်္ကန်းဟောင်း ဖွပ်ခိုင်းသည်ဟု ကဲ့ရဲ့ကုန်၏၊ ချစ်သား ဥဒါယီ၊ အမျိုးတော်သလော။ မတော်ပါဘုရား။ အမျိုးမတော်သူသည် သင့်-မသင့်၊ လျောက်-မလျော်။ ကြည်ညိုဖွယ်ရှိ-မရှိ မသိတတ်ဟု ကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၅-စီဝရပဋိဂ္ဂဟဏ။ ။ယော ပန ဘိက္ခု။ အညာတိကာယ၊ ဘိက္ခုနိယာ၊ ၏။ (ဟတ္ထတော၊ လက်မှ။) စီဝရံ။ ပဋိဂ္ဂဏှေယျ၊ ခံယူငြားအံ့။ ပါစိတ္တိကာ၊ လဲလှယ်ခြင်းကို။ အညတြ။ ထား၍ ဘိက္ခုနေ၊။

အဓိပ္ပာယ်။ ။ဇာတ်ပမာဏအားဖြင့် ဝိကပ္ပနာလောက်သော အဝတ်သည် ဤ၌ စီဝရမည်၏။ လက်မှ ပေးသော်လည်း၊ မြေရင်းအနီး ထားသော်လည်း၊ ၁၂-တောင် ဥပစာရပြင်ပမှ ပစ်ပေးသော်လည်း ယူခြင်းသည် ပဋိဂ္ဂဏှေယျ မည်၏။ လူသာမဏေ၏လက်၌ ပေးခိုင်းသော သင်္ကန်းကို ယူခြင်း၊ အမှိုက်ပုံ စသည်၌ ထားသောသင်္ကန်းကို ပံ့သကူဟု ယူခြင်းကား အပ်၏။ အယုတ်ဆုံးအားဖြင့် သျှိသျှားသီ ပိုင်းမျှကို မေး၍ရင်း၊ ပေးမည်ဟု နှလုံး ပြု၍ ရင်း ယူခြင်းသည် ပါရိဝတ္တက မည်၏။ ဤသို့ လဲလှယ်ခြင်းကို ကြဉ်၍ ဝိကပ္ပနာ လောက်သော ရေစစ်ပုဝါကိုသော်လည်း ခံယူအံ့၊ နိဿဂ္ဂိ။ "ယော ပန ဘိက္ခု စီဝရံ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော ပဋိဂ္ဂဏှိတံ အညတြ ပါရိဝတ္တကာ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

အဆုံးအဖြတ်။ ။ရာဇဂြိုဟ်၌ ရှင်ဥဒါယီ သင်္ကန်းခံယူခြင်း ကြောင့် ပညတ်၏။ အညတြ ပါရိဝတ္တကာသည် အနုပညတ် ဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ ခံယူခြင်း ၂ လက်ဆန့်ခြင်း စသော ပယောဂ၌ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ တိကပါစိတ်။ ကေတော ဥပသမ္ပန္နာ ဘိက္ခုနီထံမှ ခံယူအံ့၊ အမျိုးတော်သူ၌ အညာတကသညီ၊ ဝေမတိကသော [illegible] အကျွမ်းတဝင် ယူအံ့၊ အခိုက်အတန့်ယူအံ့၊ အမိဝိကပ္ပနာမလောက်သော ပရိက္ခာရာကို ယူအံ့၊ သိက္ခမာန် သာမဏေမ၏ လက်မှယူအံ့၊ ဥမ္မတ္တက စသည် ဖြစ်မူ၊ အနာ

ပတ္တိ။ ဝိကပ္ပနာလောက်သော အဝတ်ဖြစ်ခြင်း၊ လဲလှယ်သည် မဟုတ်ခြင်း၊ အမျိုးမတော်သော ဘိက္ခုနီ၏ လက်မှယူခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သဥ္စရိတ္တသမုဋ္ဌာန်၊ ကြိယာကြိယ၊ အကြွင်းစတုတ္ထနှင့် တူ၏။

ဝတ္ထု။ ။ရာဇဂြိုဟ် ဝေဠုဝန် ရှင်မဥပ္ပလဝဏ်သည် သာဝတ္ထိပြည်၌ နေ့သန့်စင်ခြင်းငှာ ယင်းတိုက်တောသို့ဝင်၍ သစ်ပင်အောက်၌ သမာပတ်ဝင်စား၍ နေ၏။ (ထိုအခါ ဂဏမှာ သြဟိယန သိက္ခာပုဒ် မပညတ်ရသေး။) ခိုးသူတို့သည် နွားသတ်၍ နွားသားယူ၍ ယင်းတိုက်တောသို့ လာကြ၏။ ခိုးသူကြီးသည် ဘိက္ခုနီမကို မြင်လတ်သော် ငါ့တူငါ့သားများ မြင်လျှင် ညှဉ်းဆဲကုန်လတ္တံ့ဟု ခရီးလမ်းဖဲ၍ တောအုပ်သို့ဝင်၏။ ဟင်းချက်ပြီးသော အခါ ကောင်းသောအသားတို့ကို ဖက်ဖြင့်ထုပ်၍ ဘိက္ခုနီမ၏ မနီးမဝေး သစ်တပင်၌ "မြင်သူ ယူစေသတည်း" ဟု ဆို၍ ဆွဲထား၏။ ရှင်မဥပ္ပလဝဏ်သည် သမာပတ်မှထခိုက် ထိုစကားကိုကြား၍ အမဲသားကို ကျောင်းသို့ယူသွားပြီးလျှင် ကောင်းစွာ ပြင်၍ချက်၏။ နောက်တနေ့၌ အပေါ်ရုံဖြင့် ထုပ်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ယူသွား၏။ ဘုရားရှင် ဆွမ်းခံကြွခိုက် ကျောင်းစောင့် ရှင်ဥဒါယီကို မြင်လတ်သော် "ဤအမဲသားကို ဘုရားရှင်အား လှူပါ" ဟု လျှောက်၏။ နှမ၊ သင်သည် ဘုရားရှင်အား အမဲသားလှူ၏။ ငါအားလည်း သင်၏သင်းပိုင် လှူလော့ဟု လမ်းမဖြောင့်သော ဝိသမလောဘဖြင့် ဆို၏။ အရှင်ဘုရား၊ မာတုဂါမတို့သည် နည်းသော လာဘ်ရှိကုန်၏။ ဤသင်းပိုင်သည် သင်္ကန်းငါးထည်တွင် အစွန်ဆုံး ဖြစ်၏။ (ထိုမှတပါး မရှိပါ။) မလှူနိုင်ပါဟု လျှောက်၏။ (နှမြော၍ မဟုတ်၊ ခွင့်ပြုသော ငါးထည်သာ ဆောင်သောကြောင့် လျှောက်၏။) နှမ၊ သင်သည် ဆင်ကိုပေးလျက် ကကြိုးမပေးနိုင်သကဲ့သို့ ဘုရားရှင်အား အမဲသားလှူလျက် ငါ့အား သင်းပိုင်မျှ မလှူနိုင်ဟု နှိပ်ဆို၏။ ရှင်မဥပ္ပလဝဏ်သည် သင်းပိုင်ကို လှူ၍ (ရင်လွှမ်းတဘက်ကိုဝတ်၍) ကျောင်းသို့ပြန်လာ၏။ ဘိက္ခုနီမတို့ သိကြသော အခါ ရှင်ဥဒါယီသည် လာဘ်ရှားပါးသော ဘိက္ခုနီ၏ သင်းပိုင်ကိုပင် ခံယူသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ အခါတပါး ရဟန်းတို့သည် ဘိက္ခုနီမတို့၏ လဲလှယ်သော သင်္ကန်းကို အပ်ပ္ပလို့ရှိ၍ မခံကုန်။ အရှင်ကောင်းတို့သည် လဲလှယ်သော ငါတို့၏သင်္ကန်းကို မခံကြကုန်ဟု ကဲ့ရဲ့ကုန်၏။ (ငါတို့၌ ဤမျှပင် အကျွမ်းဝင်ခြင်း မရှိဟု စိတ်အားငယ်၍ ကဲ့ရဲ့ကုန်၏။)

ချစ်သားတို့၊ သီတင်းသုံးဖော် ငါးယောက်တို့အား လဲလှယ်သော သက်န်းကို ယူစိမ့်သောငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်ဖြင့် တဖန်ပညတ်ပြန်သည်။

**၆-အညာတကဝိညတ္တိ။** ။ယော ပန ဘိက္ခု။ အညာတကံ။ ဂဟပတိံ ဝါ၊ ဒါယကာသို့ငှင်း။ **ဂဟပတာနိံ ဝါ၊** ဒါယိကာမသို့ ငှင်း။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ စီဝရံ။ ဝိညာပေယျ၊ တောင်းငြားအံ့၊ (ဝိကပ္ပနာလောက်သော အဝတ်သက်န်း) သမယာ၊ အခါကို။ အညတြ။ တည ဘိက္ခုနော။ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။ တတ္ထ၊ ထိုသက်န်းတောင်းရာ၌၊ အယံ၊ ဤသို့လတ္တံ့သည်ကား။ သမယော၊ အခါတည်း။ ဘိက္ခု၊ ရဟန်းသည်၊ အစ္ဆိန္နစီဝရော ဝါ၊ ခိုးသူလုယက်အပ်သော သက်န်းရှိသည်ငှင်း။ နဋ္ဌစီဝရော ဝါ ပျောက်ပျက်သော သက်န်းရှိသည်ငှင်း။ ဟောတိ။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ထိုသက်န်းတောင်းရာ၌။ သမယော၊ အခါတည်း။

**အဓိပ္ပာယ်။** ။ရဟန်းတို့ထံ ရှင်ရဟန်းမပြုသော လူသည် ဂဟပတိ မည်၏။ ဘိက္ခုနီတို့ထံ ရှင်ရဟန်းမပြုသော မိန်းမသည် ဂဟပတာနိ မည်၏။ ဝါ၊ ပရိဗိုဇ်ဖြစ်စေ ဒါယကာ၊ ဒါယိကာမ မည်၏။ ကိုယ်တိုင် တောင်းခြင်း၊ သူတပါးကို တောင်းစေခြင်းသည် ဝိညာပေယျ မည်၏။ မင်း၊ ခိုးသူ၊ သေသောက်ကြူး စသော တယောက်ယောက်၏ သင်္ကန်းအလုပ်ခံရသော ရဟန်းသည် အစ္ဆိန္နစီဝရ မည်၏။ မီးလောင်၊ ခြစား၊ ဆွေးမြေ့ခြင်း စသော အားဖြင့် ပျက်စီးသော သက်န်းရှိသော ရဟန်းသည် နဋ္ဌစီဝရ မည်၏။ အလုခံ ရ၍၊ ပျက်စီး၍ သင်းပိုင်ကိုယ်ရုံမျှ မပြည့်စုံသောအခါသည် သင်္ကန်းတောင်း ကောင်းသောအခါ မည်၏။အခါကိုကြည့်၍ တောင်းအံ့၊ ပယောဂတိုင်းဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ အညတြ သမယာ ဝိညာပိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥပနန္ဒ သက်န်းတောင်းခြင်းကြောင့် ပညတ်၏။ အညတြ သမယာသည် အနုပညတ် ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ ဉာတကဉ္စ အညာ [illegible] ပဝါရိတ က ဖြစ်အံ့၊ ဒုက္ကဋ်။ အခါနှစ်ပါးဖြစ်အံ့၊ အမျိုးတော်သူ [illegible] ကောင်း အံ့၊ အညဿတ္ထာယ=တပါးသော ရဟန်း၏အလို့ငှာ [illegible] ပိုဥစ္စာဖြင့်

ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊ အခါနှစ်ပါးမရှိခြင်း၊ အမျိုးမတော်သူထံ တောင်းခြင်း၊ တောင်း၍ရခြင်း၊ ဤကား အင်္ဂါလေးပါးတည်း။

**မှတ်ဖွယ်အထူး။** ။အညာယတ္တာဝယ အနာပတ္တိသည် နှစ်မျိုးရှိ၏။ မိမိ၏ ဉာတကပဝါရိတထံ၌ မိမိအလို့ငှာသာမဟုတ်၊ သူတပါးအလို့ငှာ တောင်းလည်း အနာပတ္တိ။ တပါးသောရဟန်း၏ ဉာတကပဝါရိတထံ ထိုတပါးသောရဟန်းအလို့ငှာတောင်းလည်း အနာပတ္တိ။ ဤသို့ နှစ်မျိုးဖွင့်ပြသည်။ သံဃာစွမ်းဖြင့် ဖိတ်ရာ၌ ပမာဏသိ၍ တောင်း။ ပုဂ္ဂလိက ဖိတ်ရာ၌ အလိုရှိတိုင်းတောင်း။ ပစ္စည်းလေးပါးတို့တွင် သင်္ကန်း၊ ဆွမ်းနှစ်ခု၌ နိမိတ်၊ ဩဘာ၊ ပရိကထာ၊ ဝိညတ် လေးပါးလုံးမအပ်။ သူတပါးအတွက်လည်း မအပ်။ ကျောင်း၌ ဝိညတ်တခုသာ မအပ်။ ဆေး၌ကား လေးပါးလုံး အပ်သည်။ ဝိညတ်သင်္ကန်းနိဿဂ္ဂိလည်း ဝိနည်းကံစွန့်ပြီးလျှင် အပ်သေး၏။

**ဝတ္ထု။** ။သာဝတ္ထိပြည် ဇေတဝန် ရှင်ဥပနန္ဒသည် တရားဟော ကောင်း၏။ သူဌေးသားတယောက် တရားကြည်ညို၍ ပစ္စည်းလေးပါးလိုရာ ပြောပါလှူပါမည်ဟု လျှောက်၏။ ဒါယကာ၊ လှူလိုလျှင် သင့်ကိုယ်မှ ပုဆိုးနှစ်ထည်တွင် တထည်လှူပါဟု ဆို၏။ အရှင်ဘုရား၊ ကုလပုတ္တတို့အား ပုဆိုးတထည်တည်းဖြင့် သွားခြင်းငှာ မလျှောက်ပတ်ပါ၊ အိမ်ရောက်သောအခါ သည်ထက်ကောင်းသည်ကို ပို့လိုက်ပါမည်ဟု လျှောက်၏။ ရှင်ဥပနန္ဒသည် ထိုပုဆိုးကိုသာ ထပ်ကာထပ်ကာတောင်း၍ မလှူလိုလျှင် အဘယ့်ကြောင့် ဖိတ်သနည်းဟုဆိုသဖြင့် လှူ၍ပြန်သွား၏။ လူတို့သည် အမောင်၊ အဘယ့်ကြောင့် ပုဆိုးတထည်တည်းဖြင့် လာသနည်းဟု မေးကုန်၏။ ထိုအကြောင်းကို ပြောပြသောအခါ ဤရဟန်းတို့သည် မရောင့်ရဲနိုင်ကြကုန်၊ တရားကြည်ညို၍ ဓမ္မနိမန္တနစွမ်းဖြင့် ဖိတ်ခြင်းငှာလည်း မလွယ်ကုန်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် အမျိုးမတော်လျှင် မတောင်းအပ်ဟု ပညတ်သည်။

အခါတပါး ရဟန်းများစွာတို့သည် သာဝတ္ထိသို့သွားစဉ် လမ်း၌ ခိုးသူတို့ လုယက်ကုန်၏။ အမျိုးမတော်သူထံ တောင်းခြင်းကို ဘုရားရှင် ပယ်သည်ဟု အလိုလိုရှိ၍ မိမိနေ့ကိုင်း ကိုယ်တုံးလုံးဖြင့် သာဝတ္ထိသို့ရောက်၍ ရဟန်းတို့ကို ရှိခိုးကုန်၏။ ရဟန်းတို့က ဤတက္ကတွန်းတို့သည် တော်ကုန်၏။ ရဟန်းတို့ကို

ရှိခိုးကြသည်ဟု ဆိုကုန်၏။ ငါတို့သည် တက္ကတွန်းတို့မဟုတ်၊ ရဟန်းတို့ဖြစ်ကုန်၏ဟု ဆိုလတ်သော် ရှင်ဥပါလိမှထေရ် မေးစစ်၍ ရဟန်းတို့ဟုသိ၍ သင်္ကန်းများ ပေးကြပြီးလျှင် အဘယ့်ကြောင့် မိမွေးတိုင်း လာကြသနည်း၊ မြက်သစ်ရွက် ဖြင့်ပင် ဖုံးလွှမ်း၍ လာသင့်သည်မဟုတ်လောဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ သင်္ကန်းခိုးသူ လုသောရဟန်း၊ သင်္ကန်းပျောက်ပျက်သော ရဟန်းသည် အမျိုး မတော်သူထံ သင်္ကန်းတောင်းခြင်းငှာ ခွင့်ပြု၏။ ရှေးဦးစွာ ရောက်သော ကျောင်း၌ သံဃိကဖြစ်သော ဝိဟာရသင်္ကန်း၊အပေါ်ခင်း၊ မြေအခင်း၊ ဘုံလျှို၊ အိတ်တို့ကိုယူ၍ ဝတ်ရုံခြင်းငှာ ခွင့်ပြု၏။ မရလျှင် မြက်သစ်ရွက်ဖြင့် ဖုံးလွှမ်း ၍လာအပ်၏။ မိမွေးတိုင်း အချည်းနှီး မလာအပ်။လာငြားအံ့၊ဒုက္ကဋ်ဟုမိန့်တော်မူ၍ အနုပညတ်ဖြင့် တဖန်ပညတ်ပြန်သည်။ ဆိုးရည်မဆိုး ဗိန္ဒုမထိုးပဲ ဝတ်ရုံ၍ လိုရာ သွားနိုင်သည်၊ အာပတ်မသင့်၊ ဘုရားရှင်ခွင့်ပြုသည်ကို သိလော့ဟု ပြဿနာထုတ်အပ်၏။

၇–တတုတ္တရိ။ ။တံ၊ (ထိုသင်္ကန်းလုယက်၊ ပျောက်ပျက်သော) ရဟန်းကို။ အညာတကော။ ဂဟပတိဝါ၊ သည်၎င်း။ ဂဟပတာနီဝါ၊ သည်၎င်း။ ဗဟူဟိ၊ များစွာကုန်သော။ စီဝရေဟိ၊ သင်္ကန်းတို့ဖြင့်။ အဘိဟဋ္ဌုံ၊ ခံယူစိမ့်သောငှာ။ ဝါ၊ ရှေးရှုဆောင်၍။ စေ ပဝါရေယျုံ၊ ဖိတ်ငြားအံ့။ တေန ဘိက္ခုနာ၊ သည်။ တတော၊ ထိုဖိတ်သောသင်္ကန်းမှ။ သန္တရုတ္တရပရမံ၊ သင်းပိုင်နှင့်တကွ ကိုယ်ရုံအတိုင်း အရှည်ရှိသော။ စီဝရံ၊ ကို။ သာဒိတဗ္ဗံ၊ သာယာအပ်၏။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်။စေ သာဒိယေယျ၊ အကယ်၍ သာယာငြားအံ့။ တဿ ဘိက္ခုနော။

အစိပ္ပာယ်။ ။သင်္ကန်းခိုးသူလုသောရဟန်း၊သင်္ကန်း ပျောက်ပျက်သောရဟန်း သည်(တံ) ထိုရဟန်း မည်၏။ ယူစိမ့်သောငှာ ဖိတ်ခြင်းသည် အဘိဟဋ္ဌုံ ပဝါရေယျ မည်၏။ (အဘိဟရိတုံ- ဂဏှိတုံ အနက်။) လိုသလောက် ယူပါဟု ဖိတ်ကြားသည်ဟူလို။ တနည်း၊ ရှေးရှုဆောင်၍ ဖိတ်ခြင်းသည် အဘိဟဋ္ဌုံ ပဝါရေယျ မည်၏။ (အဘိဟရိတွာ–အာဟရိတွာ အနက်။) ကိုယ်ဖြင့် နှုတ်ဖြင့် ဆောင်၍ ဖိတ်ကြားသည်ဟူလို။ ရှေ့၌ လာထားခြင်းသည် ကိုယ်ဖြင့်ဆောင်သည် မည်၏။ အကျွန်ုပ်တို့၏ ပုဆိုးတိုက်မှ လိုသလောက်ယူပါဟု ဆိုခြင်းသည် နှုတ်ဖြင့် ဆောင်သည်မည်၏။ (သ+အန္တရ+ဥတ္တရ+ပရမ)

သင်းပိုင်နှင့်+ဘက္ခ+ကိုယ်ရုံ+အဘိုင်း အရှည်ရှိသော သက်န်းသည် သန္တရုတ္တ ရပရမ မည်၏။ အလွန်ဆုံး သင်းပိုင်နှင့်ကိုယ်ရုံ နှစ်ထည်ကိုသာ ထိုအဘိဟာဋ္ဌ သင်္ကန်းတို့မှ ယူရသည်။ ပိုယူလျှင် နိဿဂ္ဂိ။

**သန္တရုတ္တရပရမ ယူခြင်း။** ။အစိဋ္ဌာန်တင်အပ်သော သင်္ကန်းသုံးထည် ရှိသူ သည် သုံးထည် ပျောက်ပျက်အံ့၊ နှစ်ထည်ယူ၍ ဝတ်ရုံပြီး သဘာဂဌာနမှ တထည်ရှာအပ်၏။ နှစ်ထည်ပျောက်အံ့၊ တထည် ယူအပ်၏။ တထည်သာ ပျောက်အံ့၊ မယူအပ်။ ပကတိအားဖြင့် နှစ်ထည်ရှိသူ နှစ်ထည်ပျောက်အံ့၊ နှစ်ထည်ယူအပ်၏။ တထည်ပျောက်အံ့၊ တထည်ယူအပ်၏။ တထည်သာရှိသူ တထည်ပျောက်အံ့၊ နှစ်ထည်ယူအပ်၏။ ဘိက္ခုနီအား ငါး ထည်ပျောက်လျှင် နှစ်ထည်ယူအပ်၏။ လေးထည်ပျောက်လျှင် တထည်ယူအပ် ၏။ သုံးထည်၊ နှစ်ထည်၊ တထည်ပျောက်လျှင် မယူအပ်။ အကြွင်းရရာဖြင့် သင်းပိုင် ကိုယ်ရုံ ရှိသူအဖြစ်၌ တည်ရသည်။ ကိုထက်အလွန်တောင်းအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ တတုတ္တရိ ဝိညာပိတံ နိဿဂ္ဂိယံ စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ သင်္ကန်းများစွာ တောင်း ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ ဉာတက၌ အညာတကသည် ဝေမတိက ဖြစ်အံ့၊ ဒုက္ကဋ်။ "သင်္ကန်းနှစ်ထည်ပြုပြီးလျှင် အကြွင်းပြန်ပေးမည်"ဟု ဆို၍ ယူသွားအံ့၊ အကြွင်းသည် အမှင့်အားသာ ဖြစ်ပါစေဟု ဆိုကုန်အံ့၊ လုခြင်း၊ ပျောက်ခြင်း ကြောင့် မဟုတ်ပဲ လှူသည်ကိုယူအံ့၊ ဉာတကပဝါရိတယံ တောင်းအံ့၊ မိမိဥစ္စာ ဖြင့် ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ သင်းပိုင် ကိုယ်ရုံထက်လွန် ခြင်း၊ လုယက်ပျောက်ပျက်ဟူသော အကြောင်းရှိခြင်း၊ အမျိုးမတော်သူထံ တောင်းခြင်း၊ တောင်း၍ရခြင်း။ ဤကား အင်္ဂါလေးပါးတည်း။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းခိုးသူ လုသော ရဟန်းတို့ထံ ချဉ်းကပ်၍ သင်္ကန်းမပျောက်လျှင် အမျိုးမတော်သူထံ တောင်းကောင်းသည်။ တောင်းကြကုန်လော့ဟု ဆိုကုန်၏။ ငါတို့ ရ၍ ပြည့်စုံပြီဟု ဆိုလတ်သော် သင်တို့အတွက် တောင်းပေးမည်ဟုဆို၍ လူတို့ထံ

များစွာသော သက်န်းတို့ကို တောင်းကုန်၏။ လူတို့သည် စည်းဝေးရာ၌ ဆုံမိကြသဖြင့် ရဟန်းသင်္ကန်း ခိုးသူလုသည့်အတွက် ငါ သင်္ကန်းလှူရသည်ဟု ဆိုလတ်သော် တပါးသောသူတို့က ငါလည်း လှူရသည်၊ ငါလည်း လှူရသည်ဟု ဆိုကုန်၏။ ရဟန်းတို့သည် အတိုင်းမသိ သင်္ကန်းများစွာ တောင်းကုန်၏။ ပုဆိုးကုန်သည် ပြုကုန်အံ့လော၊ ဈေးဆိုင်ကျင်းပကုန်အံ့လောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၈-ဥပက္ခဋ။** ။ဘိက္ခုံ ပနေဝ၊ ရဟန်းကိုသာလျှင်။ ဥဒ္ဒိဿ၊ ရည်၍။ အညာတကဿ။ ဂဟပတိဿ ဝါ၊ သည်ရင်း၊ ဂဟပတာနိယာဝ ဝါ၊ မသည်ရင်း၊ စီဝရစေတာပန္နံ၊ သင်္ကန်းဖိုးကို။ (ကပ္ပိယ၊ အကပ္ပိယ-အဖိုးဟူသို။) ဥပက္ခဋံ၊ စီရင်အပ်သည်။ ဟောတိ။ ဣမိနာ စီဝရစေတာပန္နေန၊ ဤသင်္ကန်းဖိုးဖြင့်။ စီဝရံ၊ ကို။ စေတာပေတွာ၊ ဝယ်၍။ (လဲလှယ်၍။) ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ ကို။ စီဝရေန၊ ဖြင့်။ အစ္ဆာဒေဿာမိ၊ ဖုံးလွှမ်းအံ့။ ဝါ၊ လှူအံ့။ ဣတိ။ ဥပက္ခဋံ။ ဟောတိ။ တတြ၊ ထိုစီရင်သောအိမ်သို့။ သောဘိက္ခု၊ သည်။ ပုဗ္ဗေ၊ ရှေး၌၊ အပ္ပဝါရိတော၊ ဖိတ်အပ်သူမဟုတ်ပဲ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ စီဝရေ၊ သင်္ကန်း၌။ ဝိကပ္ပံ၊ အလွန်စီရင်ခြင်းသို့။ စေ အာပဇ္ဇေယျ၊ အကယ်၍ ရောက်ပြားအံ့၊ အာယသ္မာ၊ အသက်ရှည်လတ္တံ့သော ဒါယကာ။ သာဓု၊ ငါတောင်းပန်၏။ ဝတ၊ စင်စစ်။ ဝတ၊ ကြံစည်စဉ်းစားလော့။ မံ၊ ငါ့ကို။ ဣမိနာ စီဝရစေတာပန္နေန။ ဧဝရူပံ ဝါ၊ ဧဝရူပံ ဝါ၊ ဤသို့ ဤသို့(ရှည်ပြန့်ထူချော)သဘောရှိသော။ စီဝရံ။ စေတာပေတွာ။ အစ္ဆာဒေဟိ၊ လှူလော့။ ဣတိ၊ ဤသို့။ ကလျာဏကမျတံ၊ ကောင်းသည်၌ အလိုရှိခြင်းကို။ ဥပါဒါယ၊ စွဲ၍။ ဝိကပ္ပံ။ စေ အာပဇ္ဇေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ရဟန်း၏ အလို့ငှာ ရဟန်းကို အကြောင်းပြု၍ ဟူလို၍ လှူမည်ဟု ရည်ညွှန်းခြင်းသည် ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ မည်၏။ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား စသော အကပ္ပိယဝတ္ထုသည်ရင်း၊ ပုဆိုး၊ ဝါ၊ ချည် စသော ကပ္ပိယဝတ္ထုသည်ရင်း ဤ၌ စီဝရစေတာပန္နမည်၏။ အပ် - မအပ် နှစ်မျိုးလုံးသည် သင်္ကန်းဖိုးမည်၏။ (စေတာပေန္တိ ပရိဝတ္တေန္တိ ဧတေနာတိ စေတာပန်ဟု ဆိုလိုလျက် န-အာဂုံဖြင့် စေတာပန္နံဟု ဆိုသည်။ စေတာပန်ဟူ၍လည်း ရွတ်ကြသည်ဟု ဋီကာဆို၏။ ရှေးရှုထင်ရှား ဆောင်ယူထားခြင်းသည်

ဥပက္ကဋ္ဌမည်၏။ လဲလှယ်ခြင်း၊ ဝယ်ယူခြင်း၊ ပြုလုပ်ခြင်းသည် **စေတာပေတွာ** မည်၏။ အစ္ဆာဒေဿာမိ=ဖုံးလွှမ်းအံ့ဟူသည် ထိုကာလကသုံးသော ဝေါဟာရ စကားဖြစ်၏။ ရဟန်းအား သင်္ကန်းလှူမည်ဟူသော အနက်ပင်တည်း။ ထို ဒါယကာ ဒါယိကာမ ရှိရာအရပ်သည် တတြမည်၏။ ထို ဒါယကာ ဒါယိကာမ ရှိရာအိမ်သို့ရင်း၊ နေရာတခုခုသို့ရင်း ရှေး၌ မဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ အလွန်စီရင်ပြောအံ့ဟု စပ်အပ်၏။ အဘယ်သို့သော သင်္ကန်းကို အလိုရှိသနည်း၊ ဝယ်ပေးရမည်နည်းဟု ရှေး၌ မဆိုအပ်သောရဟန်းသည် ပုဗ္ဗေအပ္ပဝါရိတ မည်၏။ ရှည်ရှည်၊ ပြန့်ပြန့်၊ ထူထူ၊ ချောချော ပြုပါဟု ဆိုခြင်းသည် ဝိကပ္ပံ အာပဇ္ဇေယျ မည်၏။ သာဓုကား တောင်းပန်ခြင်း အနက်၌ နိပါတ်။ ဝတ ကား ကြံခြင်းအနက်၊ ဝါ-ဧကန္တအနက်၌ နိပါတ်။ မံဖြင့် မိမိကိုယ်ကို ညွှန်း၏။ အာယသ္မာဖြင့် ဒါယကာကိုခေါ်၏။ ရှည်ပြန့်ထူချော တခုခုသည် ဝေရူပံဝါ မည်၏။ ကောင်းသည်ကို ရလိုခြင်းတဏှာသည် ကလျာဏ ကမျတာ မည်၏။ စိတ်ဖြင့်ယူခြင်းသည် ဥပါဒါယ မည်၏။ အာပဇ္ဇေယျနှင့် စပ်။ ဤသို့ စီရင်ခြင်းကြောင့် သင်္ကန်းဖိုး တိုးစေ၍ ဝယ်လျှင် ဝယ်သူ၏ ပယောဂတိုင်း ဒုက္ကဋ်၊ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတံ အညာတကံ ဂဟပတိကံ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ရှင်ဥပနန္ဒ သင်္ကန်း၌ အလွန်စီရင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ ဉာတက၌ ဒုက္ကဋ်။ အဖိုးတန်ဝယ်လိုသူကို အဖိုးအနည်းငယ်တန် လှူပါဟု ဆိုအံ့၊ ဤအဖိုးဖြင့်သာ တပါးသောသင်္ကန်းကို လှူပါဟု ဆိုအံ့၊ ဉာတက ပဝါရိတထံ တောင်းအံ့၊ သူတပါးအလို့ငှာ တောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ၊ သင်္ကန်း၌ အလွန်ကို အလိုရှိခြင်း၊ အမျိုး မတော်သူထံ တောင်းခြင်း၊ တောင်း၍ရခြင်း၊ ဤသုံးပါးတည်း။ သမုဋ္ဌာန် စသည် စတုတ္ထနှင့် တူ၏။ အညဿတ္တာယ သူတပါးအလို့ငှာတောင်း ရာ၌ အနက်နှစ်မျိုးကို (၇) အညာတကဝိညတ္တိ၌ ဆိုအပ်ပြီ။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ဒါယကာတဦးသည် မိမိမယားအား ရှင် ဥပနန္ဒကို သင်္ကန်းလှူရအောင်ဟု ဆို၏။ ဆွမ်းခံကြွသော ရဟန်း တပါးသည် ထိုစကားကို ကြားခဲ့၍ ရှင်ဥပနန္ဒအား ပြောပြ၏။ ရှင်ဥပနန္ဒ

သည် ငါ၏ ဒါယကာဖြစ်သည်ဟု ပြော၍ ထိုဒါယကာထံသွား၍ ငါ့ကို သင်္ကန်းလှူမည်ဟု ကြားသည်။ ဤသို့သောသင်္ကန်းကို လှူလော့၊ ငါ မသုံးလိုသော သင်္ကန်းကို လှူလျှင် အဘယ်သို့ သုံးနိုင်အံ့နည်းဟု ဆို၏။ ဤရဟန်းတို့သည် အလိုကြီးကုန်၏၊ သင်္ကန်းလှူရန် မလွယ်၊ အဘယ့်ကြောင့် ရှင်ဥပနန္ဒသည် ငါ မဖိတ်ကြားပဲ ငါ့ထံချဉ်းကပ်၍ သင်္ကန်းစီရင်သနည်းဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

၉-ဒုတိယဥပက္ခဋ။ ။ဘိက္ခုံပနေဝ။ ဥဒ္ဒိဿ။ ဥဘိန္နံ၊ နှစ်ဦးကုန်သော။ အညာတကာနံ၊ ကုန်သော။ ဟဂဟတီနံ ဝါ၊ တို့သည် ၎င်း။ ဂဟပတာနီနံ ဝါ။ ပစ္စေကစီဝရ စေတာပန္နာနိ၊ အသီးသီးသော သင်္ကန်းဖိုးတို့ကို။ ဥပက္ခဋာနိ၊ စီရင်အပ်ကုန်သည်။ ဟောန္တိ။ မယံ၊ ငါတို့သည်။ ဣမေဟိ ပစ္စေကစီဝရစေတာပန္နေဟိ၊ တို့ဖြင့်။ ပစ္စေကစီဝရာနိ။ စေတာပေတွာ။ ဣတ္ထန္နာမံ။ဘိက္ခုံ။ စီဝရေဟိ။ အစ္ဆာဒေဿာမ၊ ဖုံးလွှမ်းကုန်အံ့။ ဝါ၊ လှူကုန်အံ့။ ဣတိ။ ဥပက္ခဋာနိ။ ဟောန္တိ။ တတြ၊ ထိုစီရင်သော အိမ်တို့သို့။ သော ဘိက္ခု။ ပုဗ္ဗေ။ အပ္ပဝါရိတော။ ဥပသင်္ကမိတွာ။ စီဝရေ။ဝိကပ္ပံ။ အာပဇ္ဇေယျ။ အာယသ္မန္တော၊ အသက်ရှည်လတ္တံ့သော ဒါယကာတို့။ သာဓု။ ဝတ။ မံ။ ဣမေဟိ ပစ္စေကစီဝရစေတာပန္နေဟိ။ ဧဝ ရူပံ ဝါ၊ ဧဝ ရူပံ ဝါ။ စီဝရံ။ စေတာပေတွာ။ ဥဘောဝ၊ နှစ်ဦးလုံးတို့သည်သာလျှင်။ သန္တာ၊ ထင်ထင်ရှားရှား။ ဧကေန၊ တပေါင်းတည်း။ အစ္ဆာဒေထ။ ဣတိ။ ကလျာဏကမျတာံ။ ဥပါဒါယ။ ဝိကပ္ပံ။ စေ အာပဇ္ဇေယျ။ တဿ ဘိက္ခုနော။

အဓိပ္ပာယ် စသည်။ ။ဤသိက္ခာပုဒ်သည် ယခင် သိက္ခာပုဒ်၏ အနုပညတ်သဖွယ် ဖြစ်၏။ ထိုဥ ဒါယကာတဦးတည်းကို၊ ဤ၌ နှစ်ဦးကို နှိပ်စက်၏။ အကြွင်းတူ၏။ ဒါယကာများစွာတို့ကို နှိပ်စက်ရာ၌လည်း ဤနည်းဖြင့် အာပတ်သင့်နိုင်၏။ "ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတေ အညာတကေ ဂဟပတိကေ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ ဗဟုဝုစ်မျှ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ဒါယကာတဦးသည် ဒါယကာတဦးကို ငါသည် ရှင်ဥပနန္ဒအား သင်္ကန်းလှူမည်ဟု ပြော၏။ ထိုဒါယကာက

လည်း မိမိလည်း လှူမည်ဟု ပြန်ပြော၏။ ဆွမ်းခံကြွသော ရဟန်းကြား၍ ရှင်ဥပနန္ဒအား ပြောပြ၏။ ရှင်ဥပနန္ဒသည် ထိုဒါယကာတို့ထံသွား၍ စီရင်၏။ ဒါယကာတို့ ကဲ့ရဲ့ ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၀-ရာဇ။ ။ဘိက္ခုံပနေဝ။ ဥဒ္ဒိဿ။ ရာဇာ ဝါ၊ မင်းသည်ရင်း။ ရာဇ ဘောဂ္ဂေါ ဝါ၊ မင်း အမတ်သည်ရင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏား သည်ရင်း။ ဂဟပတိကော ဝါ၊ သူကြွယ်သည်ရင်း။ ဒူတေန၊ တမန်ဖြင့်။ စီဝရ စေတာပန္နံ၊ သက်န်းဖိုး (ငွေ) ကို (အကပ္ပိယ တမျိုးသာ။) ပဟိဏေယျ၊ စေရာ ၏။ ဣမိနာ စီဝရ စေတာပန္နေန။ စီဝရံ။ စေတာပေတွာ။ ဣတ္ထန္နာမံ။ ဘိက္ခုံ။ စီဝရေန၊ အစ္ဆာဒေဟိ၊ လှူချေလော့။ ဣတိ။ ပဟိဏေယျ။ သော ဒူတော၊ သည်။ တံ ဘိက္ခုံ။ ဥပသင်္ကမိတွာ။ ဧဝံ။ ဝဒေယျ၊ အကယ်၍ ဆိုငြား အံ့။ ဘန္တေ။ အာယသ္မန္တံ၊ အရှင်ဘုရားကို။ ဥဒ္ဒိဿ။ ဣဒံ ခေါ စီဝရစေတာပန္နံ။ အာဘတံ၊ ဆောင်အပ်၏။ အာယသ္မာ၊ သည်။ စီဝရစေတာပန္နံ။ ပဋိဂ္ဂဏှာတု၊ ခံယူတော်မူပါလော့။ ဣတိ။ ဧဝ ဝဒေယျ။ တေန ဘိက္ခုနာ၊ သည်။ သော ဒူတော။ ဧဝံ။ ဝစနီယော။ အဿ (ဟောတိ)။ အာဝုသော၊ ဒါယကာ။ မယံ။ စီဝရစေတာပန္နံ။ န ခေါ ပဋိဂ္ဂဏှာမ၊ မခံကုန်။ ကာလေန၊ အလိုရှိသောအခါ၌။ ကပ္ပိယံ၊ အပ်သော။ စီဝရဉ္စ ခေါ၊ သက်န်းကိုသာလျှင်။ ပဋိဂ္ဂဏှာမ၊ ခံကုန်၏။ ဣတိ။ ဝစနီယော။ အဿ (ဟောတိ)။ သော ဒူတော။ တံ ဘိက္ခုံ။ ဧဝံ။ ဧဝ ဝဒေယျ။ အာယသ္မတော၊ အား။ ကောစိ၊ တစုံတယောက်သော။ ဝေယျာဝစ္စ ကရော၊ အမှုကြီးငယ် ပြုသောသူသည်။ အတ္ထိ ပန၊ ရှိပါ၏လော။ ဣတိ။ ဧဝ ဝဒေယျ။ ဘိက္ခဝေ၊ ချစ်သားတို့။ စီဝရတ္ထိကေန၊ သက်န်းဖြင့် အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ဝေယျာဝစ္စကရော၊ ကို။ နိဒ္ဒိသိတဗ္ဗော၊ ညွှန်းအပ်၏။ အာရာမိကော ဝါ၊ အရာမ်စောင့်ကိုရင်း။ ဥပါသကော ဝါ၊ သီတင်းသည်ကို ရင်း။ အာဝုသော၊ ဒါယကာ။ ဧသော ခေါ၊ ဤသူသည်။ ဘိက္ခူနံ၊ တို့၏။ ဝေယျာဝစ္စကရော၊ ဖြစ်၏။ ဣတိ။ နိဒ္ဒိသိတဗ္ဗော။ သော ဒူတော။ တံ ဝေယျာ ဝစ္စကရံ။ သညာပေတွာ၊ သိစေ၍။ တံ ဘိက္ခုံ၊ ဥပသင်္ကမိတွာ။ ဧဝံ။ ဧဝ ဝဒေယျ။ ဘန္တေ။ အာယသ္မာ။ ယံခေါ ဝေယျာဝစ္စကရံ။ နိဒ္ဒိသိ၊ ညွှန်းပြီ။ သော၊ ထိုသူ ကို။ မယာ၊ အကျွန်ုပ်သည်။ သညတ္တော၊ သိစေအပ်ပြီ။ အာယသ္မာ။ ကာလေန၊ အလိုရှိသောအခါ၌။ ဥပသင်္ကမတု၊ ချဉ်းကပ်တော်မူပါလော့။ တံ၊ အရှင်ဘုရား ကို။ စီဝရေန။ အစ္ဆာဒေဿတိ၊ လှူလတ္တံ့။ ဣတိ။ ဧဝ ဝဒေယျ။ ဘိက္ခဝေ။

စီဝရတ္ထိကေန။ ဘိက္ခုနာ။ ဝေယျာဝစ္စကရော၊ သို့။ ဥပသင်္ကမိတွာ။ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ စောဒေတဗ္ဗော၊ တောင်းအပ်၏။ သာရေတဗ္ဗော၊ သတိ ပေးအပ်၏။ အာဝုသော၊ ဒါယကာ။ မေ၊ ငါ့အား။ စီဝရေန၊ ဖြင့်။ အတ္ထော၊ အလိုရှိ၏။ ဣတိ၊ ဤသို့ နှစ်ကြိမ် သုံးကြိမ် တောင်းအပ် သတိပေးအပ်၏။ ဒွတ္တိက္ခတ္တုံ။ စောဒိယမာနော၊ တောင်းအပ်သည်ရှိသော်။ သာရိယမာနော၊ သတိပေးအပ်သည်ရှိသော်။ တံ စီဝရံ၊ ကို။ စေ အဘိနိပ္ဖာဒေယျ၊ အကယ်၍ ပြီးစေငြားအံ့။ ဣစ္စေတံ၊ ဤသို့ ပြီးစေခြင်းသည်။ ကုသလံ။ နောစေ အဘိနိပ္ဖာဒေယျ။ စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ ဆက္ခတ္တုပရမံ၊ လေးကြိမ်၊ ငါးကြိမ်၊ခြောက်ကြိမ် အတိုင်းအရှည် ရှိသည်တိုင်အောင်။ တုဏှီဘူတေန၊ ဆိတ်ဆိတ်နေသူဖြစ်၍။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဌာတဗ္ဗံ၊ ရပ်အပ်၏။ စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ ဆက္ခတ္တုပရမံ၊ တိုင်အောင်။ တုဏှီဘူတော၊ ဆိတ်ဆိတ်နေသူဖြစ်၍။ ဥဒ္ဒိဿ၊ ရည်စူး၍။ တိဋ္ဌမာနော၊ ရပ်သည်ရှိသော်။ တံ စီဝရံ၊ ကို။ စေ အဘိနိပ္ဖာဒေယျ။ ဣစ္စေတံ။ ကုသလံ။ တတော၊ ထိုသုံးကြိမ်တောင်းခြင်း ခြောက်ကြိမ်ရပ်ခြင်းထက်။ ဥတ္တရိ။ ဝါယမမာနော၊ အားထုတ်သည်ဖြစ်၍။ တံ စီဝရံ။ စေ အဘိနိပ္ဖာဒေယျ၊ တဿ ဘိက္ခုနော။ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။ ဟောတိ။ နောစေ အဘိနိပ္ဖာဒေယျ။ ယတော၊ အကြင်သူထံမှ။ အဿ၊ ထိုရဟန်းအား။ စီဝရစေတာပန္နံ။ အာဘတံ။ တတ္ထ၊ ထိုသူထံသို့။ သာမံ ဝါ၊ ကိုယ်တိုင်မူလည်း။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ဒူတော ဝါ၊ တမန်ကိုမူလည်း။ ပါဟေတဗ္ဗော၊ စေအပ်၏။ အာယသ္မန္တော၊ ဒါယကာတို့။ တုမှေ၊ သင်တို့သည်။ ယံ ခေါ ဘိက္ခုံ ဥဒ္ဒိဿ။ စီဝရစေတာပန္နံ။ ပဟိဏိတ္ထ၊ စေကြကုန်ပြီ။ တံ၊ ထိုသက်နှ ဖိုး (ငွေ) သည်။ တဿ ဘိက္ခုနော၊ အား။ကိဉ္စိ အတ္ထံ၊တစုံတခုသောအကျိုးကိုနှ အနုဘောတိ၊ မပြီးစေ။ အာယသ္မန္တော၊ ဒါယကာတို့သည်။ သကံ၊ မိမိဥစ္စာကို။ ယုဉ္ဇန္တု၊ တောင်းကြကုန်လော့။ ဝေါ၊ သင်တို့သည်။ သကံ၊ မိမိဥစ္စာသည်။ မာ ဝိနဿ၊ မပျက်စီးပါစေသတည်း။ ဣတိ။ သာမံ ဝါ။ ဂန္တဗ္ဗံ။ ဒူတော ဝါ။ ပါဟေတဗ္ဗော။ အယံ၊ ဤသို့ ကိုယ်တိုင်သွားခြင်း၊ တမန်စေခြင်းသည်။ တတ္ထ၊ ထိုသက်နှုံးကို မပြီးစေရာ၌။ သာမိစိ၊ ကျင့်ရသော ဝတ်ဖြစ်၏။

**အာဂမနသုဒ္ဓိဖြစ်ပုံ။** ။မင်းထံမှ စည်းစိမ်ရိက္ခာရသောသူသည် ရာဇဘောဂ္ဂ မည်၏။ ဇာတ်အားဖြင့် ပုဏ္ဏားသည် ဗြာဟ္မဏ။ ပေါ၊ အမတ်၊ ပုဏ္ဏားမှကြွင်းသူသည် ဂဟပတိက မည်၏။ ပျှော့ ငွေ၊ ပေးသော အကပ္ပိယ

ဝတ္ထုသာလျှင် ဤ၌ စိဝရစေတာပနမည်၏။ (ယခင် သိက္ခာပုဒ်နှစ်ခုနှင့် မတူ။) သင်္ကန်းဝယ်၍လှူလော့ဟု စေခြင်းဖြင့် အာဂမနသုဒ္ဓိကို၊ ဝါ–မူလ သုဒ္ဓိကို ပြသည်။ ဤငွေကို လှူလော့ဟု စေလျှင် အာဂမနအသုဒ္ဓိ ဖြစ်သည်။ ဤသို့သော အကပ္ပိယဝတ္ထုကို အကြောင်းပြု၍ ကပ္ပိယကာရကကိုလည်း မညွှန် သင့်ရာ။ (ဒီကာကြီး၌ တမန်လိမ္မာ၍ ကပ္ပိယညွှန်းပါဟု လျှောက်မူကား တမန်စကားဖြင့် ညွှန်းကောင်းသေး၏ဟု ဆို၏။)

**တမန်ချွတ်ပုံ။** ။အာဂမနသုဒ္ဓိစွမ်းဖြင့် သင်္ကန်းဖိုးယူလာသော်လည်း သင်္ကန်းဖိုးငွေကို အလှူခံပါဟု လျှောက်ခြင်းဖြင့် တမန်ချွတ်သည် အဖြစ်ကို သိအပ်၏။ မလိမ္မာသော တမန်၏စကားကြောင့် မအပ်။ ထို့ကြောင့် န ခေါ မယံ စသည်ဖြင့် ပယ်ရသည်။ နိဿဂ္ဂိဝတ္ထုလေးပါး၊ ဒုက္ကဋဝတ္ထုအများ တို့ကို မိမိအလိုငှာရင်း၊ စေတီ၊ သံဃာ၊ ဂိုဏ်း ပုဂ္ဂိုလ်အလိုငှာရင်း မခံယူ အပ်ကုန်။ သင်္ကန်းဖိုးငွေကို ငါတို့ မခံလိုကုန်ဟု ပယ်အပ်သော်လည်း သင်္ကန်း ကိုသာ ခံလိုကုန်၏ဟု ဆိုခြင်းငှာကား အပ်၏။ မိမိကို ရည်စူး၍ ဆောင်ယူလာ သောကြောင့်တည်း။ အလိုရှိသောအခါသည် ကာလေန–လျှောက်ပတ်သော အခါမည်၏။ အလိုရှိသောအခါ အပ်သောသင်္ကန်းကိုသာ ခံယူမည်။ ငွေကို ကား မခံယူလိုဟု ဆိုထိုက်သည် ဟူလို။

**တမန်ပချွတ်ပုံ။** ။အရှင်အား အမှုကြီးငယ် ဆောင်ရွက်သော ဝေယျာဝစ္စ ဒကာ၊ ကပ္ပိယဒကာ ရှိပါသလောဟု လျှောက်ခြင်းဖြင့် တမန် မချွတ်ယွင်းသည်ကို သိရ၏။ ကပ္ပိယကာရကကို ညွှန်းပြကောင်း၏။ အမှု ကြီး-ငယ် ဆောင်ရွက်သူသည် ဝေယျာဝစ္စကရမည်၏။ ကပ္ပိယကာရကလည်း မည်၏။ အရံစောင့် ဥပါသကာ မဟုတ်စေကာမူ သိတင်းသုံးဖော် ငါးယောက်မှ တပါး အလုံးစုံသောသူသည် ကပ္ပိယကာရက ဒကာ ဖြစ်ကောင်းသည်သာ တည်း။ ဤသင်္ကန်းဖိုးကို အဘယ်သူ သိမ်းမည်နည်း၊ အဘယ်သူအား ပေးရ မည်နည်းဟု လျှောက်လျှင် ကပ္ပိယဒကာ မညွှန်းကောင်း။ ညွှန်းကောင်းရာ၌ လည်း ဤသူသည် ရဟန်းတို့၏ ကပ္ပိယဒကာဖြစ်၏။ ဤသို့ အပ်သော စကား သာ ဆိုရသည်။ ဤသူအား ပေးလိုက် စသည်ဖြင့် မဆိုအပ်။ တမန်သည် ကပ္ပိယဒကာကို သိအောင်ပြောပြ၍ ရဟန်းထံ တဖန် ချဉ်းကပ်၍ အရှင်ညွှန်း သော ကပ္ပိယဒကာကို သိအောင် ပြောပြပြီးပါပြီ၊ လိုသောအခါ ချဉ်းကပ်

ခေတာ်မူပါဟု လျှောက်မှသာ သက်န်းတောင်း ကောင်းသည်။ ကပ္ပိယလက်၌ ငွေပေး၍သွားခြင်းမျှဖြင့် မတောင်းအပ်။ မျက်မှောက် ကပ္ပိယထံ မျက်မှောက် ငွေပေး၍ မထေရ်အား သင်္ကန်းဝယ်လှူပါဟု ဆို၍ သွားလျှင်ကား ပြန်မ လျှောက်သော်လည်း တောင်းခြင်းငှာ အပ်၏။ မျက်ကွယ်ဖြစ်မူ ပြန်လျှောက် ခြင်း၊ စေ၍ လျှောက်ခြင်း၊ သွားစဉ်ကပင် ကပ္ပိယထံ ထားခဲ့ပါမည်၊ တောင်း ယူပါဟု မှာထား၍ သွားခြင်းဖြစ်မှ တောင်းရသည်။ တမန်မစေပဲ လှူသူ ကိုယ်တိုင် သင်္ကန်းဖိုးငွေ ယူလာ၍ လှူရာ၌လည်း ဤ လက္ခဏာအတိုင်းပင် ကျင့်ရသည်။

**သုံးကြိမ်တောင်း- ခြောက်ကြိမ်ရပ်။** ။ဒါယကာ၊ ငါ့အား သင်္ကန်းဖြင့် အလို ရှိ၏ဟူသည် တောင်းပုံ လက္ခဏာပြ စကား ဖြစ်၏။ အမှတ်မရှိ ဘာသာစကားဖြင့် ဆိုကောင်း၏။ ငါ့အား ပေး လော့၊ ငါ၏ သင်္ကန်း ယူခဲ့လော့ စသည်ဖြင့် မဆိုအပ်။ ဤသို့နှုတ်မြွက်၍ သုံး ကြိမ်တောင်းခြင်းဖြင့် ရလျှင် အပြစ်မရှိ။ သင်္ကန်းရခြင်းသည် အဘိနပ္ပဒေယျ မည်၏။ အပြစ်မရှိ ကောင်းခြင်းသည် ကုသလ မည်၏။ ခြောက်ကြိမ် ရပ်ခြင်း ကား သင်္ကန်းကို ရည်မှန်း၍သာ ဆိတ်ဆိတ်ရပ်ရသည်။ မထိုင်အပ်၊ အာမိသ မခံယူအပ်၊ တရားမဟောအပ်။ အဘယ် ကိစ္စပါနည်းဟု မေးလျှင်ကား ဒါယကာ၊ အသင် သိလော့၊ ဤမျှသာ ဆိုရသည်။ ထိုင်ခြင်း စသည်ကိုပြုလျှင် ရပ်ခြင်း တကြိမ်ပြီး၏။ လာခြင်းအကြောင်းကို ပျက်စေ၏။ ဤကား ကိုယ်ဖြင့် တောင်းပုံ လက္ခဏာတည်း။ သုံးကြိမ်တောင်းခြင်း၊ ခြောက်ကြိမ် ရပ်ခြင်းကို အလှန်ဆုံး ခွင့်ပြုရာ၌ တောင်းခြင်းထက် ရပ်ခြင်းကို နှစ်ဆ ခွင့်ပြုသည်။ ထို ကြောင့် မရပ်ပဲ သက်သက်တောင်းအံ့၊ ခြောက်ကြိမ်တောင်းရသည်။ မတောင်း ပဲ သက်သက်ရပ်အံ့၊ ၁၂-ကြိမ် ရပ်ရသည်။ နှစ်မျိုး စုံပြုအံ့၊ တကြိမ်တောင်း လျှင် ရပ်ခြင်း နှစ်ကြိမ် လျှော့ရသည်။ တနေ့တည်း ခြောက်ကြိမ်သွား၍ရင်း၊ တကြိမ်ဘည်းသွား၍ရင်း ခြောက်ကြိမ်တောင်းအံ့၊ ၁၂-ကြိမ်ရင်း၊ တကြိမ် ရင်း သွား၍ ထိုသို့နေရာ၌ ၁၂-ကြိမ်ရပ်အံ့၊ တောင်းခြင်း ရပ်ခြင်းကိစ္စ အားလုံး ပြီး၏။ နေ့အသီးသီး၌ ဆိုဖွယ်မရှိ။ ဤကား ရဟန်းညွှန်း ကပ္ပိယကို တောင်းပုံ အဆုံးအဖြတ်ဘည်း။ ဒါယကာကိုယ်ဘိုင် ညွှန်းသော ကပ္ပိယ၌ ကား အကြိမ်များတောင်လည်း တောင်းအပ်၏။ ရဟန်းလည်း မညွှန်း၊ တမန် လည်း မညွှန်းသော ကပ္ပိယဖြစ်မူ တစုံတခုကိုမျှ မဆိုအပ်။ ဤ ကပ္ပိယကိုပ

ကို သိအပ်၏။ (နောက်၌ ပြလတ္တံ့။) ဆိုပြီးသောနည်းဖြင့် ၆ -- ကြိမ်၊ ၁၂-ကြိမ်ထက် အလွန်အားထုတ်အံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။

"ဣဒံ မေ ဘန္တေ စီဝရံ အတိရေကဆက္ခတ္တုံ စောဒနာယ၊ အတိရေက ဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖာဒိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

မပြု ရာ၌ ကျင့်ဝတ်။ ။ဆိုပြီးသော တောင်းခြင်း၊ ရပ်ခြင်း အတိုင်းအရှည်ဖြင့် သင်္ကန်းမရသည်ဖြစ်အံ့၊ သင်္ကန်းဖိုး ငွေလှူသူထံ ကိုယ်တိုင်သွား၍ဖြစ်စေ၊ တမန်စေ၍ဖြစ်စေ ပြန်ပြောရသည်။ ဒါယကာ လှူလိုက်သော သင်္ကန်းဖိုးသည် ကိုစ္စအနည်းငယ်မျှ မပြီး၊ သင်္ကန်းမရ။ မိမိပစ္စည်းကို ပြန်တောင်းကြဟု ပြန်ပြောရသည်။ အနည်းငယ်သော အမှုကိစ္စသည် ကိဉ္စိအတ္ထ မည်၏။ မပြီးစေခြင်းသည် န အနုဘောတိ မည်၏။ မိမိ၏ ဥစ္စာသည် သက မည်၏။ တောင်းကြ၊ ပြန်ရအောင် ပြုကြဟု တိုက်တွန်းခြင်းသည် ယုဉ္ဇန္တု မည်၏။ အာယသ္မန္တော၊ ဒါယကာတို့သည်။ ယုဉ္ဇန္တု၊ တောင်းကြစေကုန် သတည်း။ ဝေါ၊ သင်တို့၏။ သကံ၊ မိမိဥစ္စာသည်။ မာဝိနဿာ-မာဝိနဿတု၊ မပျက်စီးစေသတည်းဟု အနက်ကို သိအပ်၏။ လောကုတ္တရာတရားသို့ အစဉ် ရောက်သော ကျင့်ဝတ်သည် သာမီစိမည်၏။ သင်္ကန်းမပြီး၍ ဒါယကာအား ပြန်ပြောခြင်းသည် ဝိပဿနာ နိဿိတ ကုသိုလ်ဖြစ်၏။ ဘုရားစကားကို နားထောင် သောကြောင့် ဟူလို။ ထိုကြောင့် ပြန်မပြောသော ရဟန်းသည် ဝတ္တဘေဒ ဒုက္ကဋ်သို့ ရောက်၏။

အဆုံးအဖြတ်။ ။သာဝတ္ထိပြည်၌ ရှင်ဥပနန္ဒသည် ယနေ့တရက်ဆိုင်းပါဦးဟု ဆိုသည်ကို မဆိုင်းပဲ တောင်း၏။ ထိုကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ တောင်းခြင်း ရပ်ခြင်း မပြည့်စုံ သေးသည်၌ အတိရေကသညီ၊ ဝေမတိကစွမ်းဖြင့် ဒွိက ဒုက္ကဋ်။ မတောင်းပဲ ရအံ့၊ သင်တို့တောင်း၍ လှူအံ့၊ ဉမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ ရဟန်း ညွှန်းကပ္ပိယဒါယကာ ဖြစ်ခြင်း၊ တမန်သင်္ကန်းဖိုးငွေ အပ်နှံခြင်း၊ (ဝါ၊ တမန် ကြောင့် အကပ္ပိယ ဖြစ်ခြင်း၊) အကြိမ်လွန်၍ အားထုတ်ခြင်း၊ အားထုတ်၍ ရခြင်း၊ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန် စသည် စတုတ္ထနှင့် တူ၏။

## နိဿဂ္ဂိလေးပါး၊ ဒုက္ကဋ်အများ မှတ်ဖွယ်

သုဝဏ္ဏ=ရွှေ၊ ရဇတ=ငွေ၊ ကဟာပဏ=ရွှေ ငွေဖြင့်ပြုသော အသပြာ ဒင်္ဂါး၊ မာသက=သံ၊ ကြေး၊ ချိပ်၊ သစ်နှစ် စသည်ဖြင့်ပြုသော ပဲရှပ်။ ဤ လေးပါးသည် နိဿဂ္ဂိယဝတ္ထု မည်၏။ မုတ္တာ=ပုလဲ၊ မဏိ=ပတ္တမြား၊ ဝေါ= မြ။ ဝေဠုရိယ=ကြောင်မျက်ရွဲ၊ သင်္ခ=ခရုသင်း၊ သိလာ=ကျောက်သလင်း၊ ပဝါဠ=သန္တာ၊ လောဟိတင်္က=ပတ္တမြားနီ၊ မသာရဂလ္လ=ပတ္တမြားပြောက်၊ ဤရတနာ ရှစ်မျိုးသည် ဒုက္ကဋ်ဝတ္ထု မည်၏။ စပါးမျိုး ၇-ပါး၊ ကျွန်မ၊ ကျွန်ထီး၊ လယ်၊ ယာ၊ ပန်းအရာမ်၊ သစ်သီးအရာမ် စသည်သည်လည်း ဒုက္ကဋ် ဝတ္ထု မည်၏။ ဤနိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ကို စေတီအလို့ငှာသော်လည်း အလှူမခံအပ်ကုန်၊ ပယ်အပ်ကုန်သည်သာတည်း။ "သေနာသနဿ ဒေမ၊ ဝိဟာရဿ ဒေမ၊ ဣတော ဥပ္ပန္နာနိ စတ္တာရိ ပစ္စယာနိ ဒေမ" ဟု လှူလျှင်ကား မပယ်အပ်ကုန်။

ရွှေ၊ ငွေ၊ သပြာ(၃)၊ ပဲရှပ်မှာ(၁)၊ လေးဖြာ နိဿဂ္ဂိ။
သတ္တဓညာ၊ ကျွန်၊ လယ်၊ ယာ၊ ပုပ္ဖာရာမာဒိ (အများ။)
နီ၊ ပြောက်၊ မြ၊ လဲ(၄)၊ လင်း၊ ရု၊ ရွဲ(၃)၊ န္တာ၊ လဲ(၁)၊ ဒုက္ကဋ်သိ။

## ကပ္ပိယတကျိပ် မှတ်ဖွယ်

ရဟန်းတို့၏ ကိစ္စကြီးငယ် ရွက်ဆောင်သော ကပ္ပိယ ဒါယကာသည် နိဒ္ဒိဋ္ဌ၊ အနိဒ္ဒိဋ္ဌဟု နှစ်မျိုးရှိ၏။ နိဒ္ဒိဋ္ဌသည် ရဟန်းညွှန်း၊ တမန်ညွှန်းဟု နှစ်မျိုး ရှိ၏။ ရဟန်းညွှန်းသည် မျက်မှောက်တယောက်၊ မျက်ကွယ်သုံးယောက်အား ဖြင့် လေးယောက် ရှိ၏။ တမန်ညွှန်းလည်း ထိုအတူ (မှောက်တယောက်၊ ကွယ် သုံးယောက်) လေးယောက်ရှိ၏။ အနိဒ္ဒိဋ္ဌသည် မျက်မှောက်တယောက်၊ မျက် ကွယ်တယောက်အားဖြင့် နှစ်ယောက်ရှိ၏။ ဤသို့ ကပ္ပိယတကျိပ် ဖြင့်၏။

**ရဟန်းညွှန်း လေး။** ။တမန်ဖြစ်စေ၊ အလှူရှင်ဖြစ်စေ မလိုရာ၍ ဤငွေ ခံတော်မူပါဟု လျှောက်ကို၊ ငါတို့အား အောင်ရ ယ်ရသည်။ လိမ္မာသူဖြစ်၍ ကပ္ပိယဒကာ ရှိပါသလော၊ ညွှန်းပြပေးပါဟု လျှောက်အံ့၊ မျက်မှောက်တွင် ရှိသူတယောက်ကို ဤသူသည် ရဟန်းတို့၏ ကပ္ပိ

ယတည်းဟု ညွှန်းအပ်၏။ တမန်သည် မျက်မှောက်တွင် ငွေအပ်၍ သင်္ကန်း ဝယ်လှူပါဟု ဆို၍ ပြန်သွားအံ့၊ ရှေ့တွင် အပ်သွားသူ မျက်မှောက်ကပ္ပိယ ဖြစ်၏။ ရွာ၌ရှိသူ တစုံတယောက်ကို ဤသူသည် ကပ္ပိယတည်းဟု ညွှန်းအံ့၊ တမန်သည် သွား၍ မျက်ကွယ် ငွေအပ်၍၊ ရဟန်းထံ ပြန်လာ၍ ဤသူ့ထံ တောင်းပါဟု လျှောက်အံ့၊ ပြန်ကြားအပ်သူ မည်၏။ ထိုအတူ တစုံတယောက် ကို စေလွှတ်၍ လျှောက်ခိုင်းအံ့၊ စေ၍ကြားအပ်သူ မည်၏။ ရဟန်းထံမှ တမန်သွားကတည်းက ဤသူ့ထံ တောင်းပါဟု လျှောက်သွားအံ့၊ မှာသွား အပ်သူမည်၏။ (မျက်ကွယ်သုံးယောက်။)

ဤသို့သော ရဟန်းညွှန်းလေးယောက်ဖြစ်မူ ဤရာဇသိက္ခာပုဒ်နည်းအတိုင်း ခြောက်ကြိမ်တောင်းရသည်။ ပို၍တောင်းရ၊ ခြောက်ကြိမ်ပြီး၍ ငွေကျန်ရှိသေး လျှင် အလှူရှင်ထံ၊ တမန်ထံ ပြန်ပြောရသည်၊ မပြောလျှင် ဒုက္ကဋ်။

**တမန် လေး။** ။ရဟန်းသည် မစီစစ်လို၍သော်လည်း ကပ္ပိယမရှိဟု ဆိုအံ့၊ ထိုအခိုက်တွင် ရောက်လာသူ တစုံတယောက်အား ငွေပေး၍ ဤသူထံ တောင်းပါဟု လျှောက်အံ့။ ရှေ့တွင်အပ်သွားသူ မျက်မှောက်ကပ္ပိယ ဖြစ်၏။ တမန်သည် ရွာသို့သွား၍ ယုံကြည်သူ့ထံ၊ ရဟန်းများမျက်ကွယ် ငွေ အပ်၍ ဤသူ့ထံတောင်းပါဟု ပြန်လျှောက်အံ့၊ စေလွှတ်၍ လျှောက်ခိုင်းအံ့၊ သွားကတည်းက လျှောက်သွားအံ့၊ မျက်ကွယ်သုံးယောက် ဖြစ်၏။

ဤသို့သော တမန်ညွှန်းလေးယောက်ဖြစ်မူ ဘေသဇ္ဇက္ခန္ဓက မေဏ္ဍက သိက္ခာ ပုဒ်နည်းအတိုင်း အကြိမ်ရေထောင် တောင်းရသည်။ ရွှေငွေကိုကား မတောင်း ရ။ တောင်း၍မရလျှင် တပါးသောသူကို ကပ္ပိယအရာ ထား၍လည်း ယူစေရ သည်။ အလှူရှင်ထံ ပြန်မပြောလျှင်လည်း အပြစ်မရှိ။

မညွှန်း **နှစ်ယောက်။** ။ရဟန်းရှေ့တွင် တစုံတယောက်သောသူက ငါ့ကို ငွေ ပေးထား၊ ငါဝယ်လှူမည်ဟု ဝန်ခံ၍ တမန်သည် ငွေအပ်ပြီးလျှင် တစုံတခု မလျှောက်ကြားပဲ ပြန်သွားအံ့၊ နှုတ်မြွက်၍ ဝန်ခံ သော မုခဝေဝဋိကကပ္ပိယ မည်၏။ မျက်ကွယ်၌ ငွေအပ်၍ တစုံတခုမလျှောက် အံ့၊ ပရမ္မုခကပ္ပိယ မည်၏။ ဤကား ရဟန်း၊ တမန် နှစ်ဦးလုံး မညွှန်းသော အနိဒ္ဒိဋ္ဌကပ္ပိယ မည်၏။

ဤသို့သော အနိဒ္ဒိဋ္ဌ နှစ်ယောက်ဖြစ်မှု အညာတကဝိညတ္တိ သိက္ခာပုဒ် နည်းအတိုင်း မတောင်းကောင်း၊ သူတို့ဝယ်လှူလျှင် ယူရသည်၊ မလှူလျှင် ဘာမျှ မဆိုအပ်။

ရွှေအပ် (၁)၊ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်သာ (၃)။
ရွှေအပ်မကြား (၁)၊ ကွယ်အပ်ထား (၁)၊ နှစ်ပါးမညွှန်းရာ။
ရဟန်းညွှန်းလေး၊ တမန်လေး၊ ဒွေးမှာ မညွှန်းရာ (၁၀)။
ရာဇ မေဏ္ဍ၊ အညာတ ကြင့်ရစဉ်တိုင်းသာ။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ရှင်ဥပနန္ဒ၏ ဒါယကာအမတ်ကြီးသည် ရှင်ဥပနန္ဒထံသို့ သင်္ကန်းဝယ်၍ လှူချေလော့ဟု တမန်ဖြင့် သင်္ကန်းဖိုးငွေ စေလိုက်၏။တမန်သည် ရှင်ဥပနန္ဒထံချဉ်းကပ်၍ အရှင့်ကိုရည်စူး၍ ဤသင်္ကန်းဖိုးငွေတို့ကိုယူခဲ့ပါသည်၊ အလှူခံပါဟု ဆို၏။ ဒါယကာ၊ ငါတို့သည် သင်္ကန်းဖိုးငွေကို မခံကုန်။ အလိုရှိသောအခါ အပ်သောသင်္ကန်းကိုသာ အလှူခံကုန်၏ဟု ဆိုလတ်သော် အရှင်အား ကပ္ပိယကာရကာ ရှိပါသလော-ဟု လျှောက်၏။ ထိုအခိုက်တွင် ကိစ္စတခုဖြင့် ကျောင်းသို့လာသော ဥပါသကာကိုပြ၍ ဤသူသည် ရဟန်းတို့၏ ကပ္ပိယကာရကာဖြစ်သည်ဟု မိန့်ဆို၏။ တမန်သည် ထိုဥပါသကာကို သိအောင်ပြောပြပြီးလျှင် ရှင်ဥပနန္ဒထံ အရှင်မြတ် ညွှန်းပြသော ကာရကာကို သိစေအပ်ပါပြီ။ အလိုရှိသောအခါ ချဉ်းကပ်တော်မူပါ၊ သင်္ကန်း လှူပါလိမ့်မည်ဟု လျှောက်၍ ပြန်သွား၏။ အမတ်ကြီးသည် ရှင်ဥပနန္ဒ အထံသို့ အရှင်မြတ်သည် သင်္ကန်းကိုဝတ်ရုံပါသလော၊ ဝတ်ရုံစေချင်ပါသည်ဟု မှာကြားလိုက်၏။ တကြိမ်၊နှစ်ကြိမ်၊ သုံးကြိမ်တိုင်အောင် မှာကြားလိုတ်သောအခါ ရှင်ဥပနန္ဒသည် ထိုဥပါသကာထံသွား၍ သင်္ကန်း အလိုရှိသည်ဟု ဆို၏။ ထိုနေ့၌လည်း နိဂုံးအစည်းအဝေးရှိ၏။ နောက်ကျသူ ဒဏ်ငါးဆယ်ဟု ဒဏ်ထား၏။ ထို့ကြောင့် အရှင်ဘုရား၊ ယနေ့တရက်မျှ ဆိုင်းငံ့ပါဟု လျှောက်သော်လည်း ယနေ့ပင် ပေးရမည်ဟု နှိပ်စက်၍တောင်း၏။ သင်္ကန်းဝယ်၍ လှူပြီးသောအခါ အစည်းအဝေး နောက်ကျသဖြင့် ဒဏ်ငါးဆယ်ဆောင်ရ၏။ လူတို့သိသောအခါ ဤရဟန်းတို့အား ကပ္ပိယကာရက ပြုလုပ်ရ၊ မလွယ်၊ တနေ့မျှပင် မဆိုင်းကြဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်တော်မူသည်။ ဝိဝရဏ်ငါး ပဌမော။

**၁–ကောသိယ။** ။ယော ပန ဘိက္ခု။ ကောသေယျမိဿကံ၊ ပိုးချည်နှင့်ရောသော။ သန္ထကံ၊ အခင်းကို။ ကာရာပေယျ၊ ပြုစေငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။မရက်ပဲ ဖြန့်ခင်း၍ပြုထားသော အခင်းသည် သန္ထတမည်၏။ ပိုးချည်မျှင် တမျှင်မျှဖြင့် လေလွင့်လာ၍ရောစေကာမူ ကောသေယျမိဿကမည်၏။ ဤသန္ထတ အခင်းမျိုးကို ညီညွတ်သောမြေပြင်၌ ချည်မျှင်အထပ်ထပ်ဖြန့်ခင်း၍ ကော်ရည်စသည်ဖျန်း၍ ပြုရသည်။ အပိဋ္ဌာန်ဝိကပ္ပနာပြုအပ်သော စီဝရကိုးမျိုး၌မပါဝင်။ ပြုခြင်း၊ ပြုစေခြင်းသည် ကာရာပေယျမည်၏။ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ ကောသိယမိဿကသန္ထတံ ကာရပိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ စွန့်ပြီး ပြန်ရသော်လည်း ထိုအတိုင်း မသုံးအပ်။

**အဆုံးအဖြတ်။** ။အာဋဝီပြည်၌ ဆဗ္ဗဂ္ဂီတို ပိုးချည်နှင့်ရောသော အခင်းကို ပြုစေခြင်းကြောင့် ပညတ်၏။ အသာဓာရဏ။ မိမိအလိုငှာ ပြုစေခြင်းဖြင့် သာဏတ္တိက။ မိမိပြု၍မပြီးသည်ကို မိမိပြီးစေအံ့၊ သူတပါးကို ပြီးစေအံ့၊ သူတပါးပြု၍ မပြီးသည်ကို မိမိပြီးစေအံ့၊ သူပါးကို ပြီးစေအံ့၊ စတုက္ကပါစိတ်။ သူတပါးအလိုငှာ ပြုအံ့၊ ပြုစေအံ့၊ သူတပါး ပြုသည်ကို ရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်။ မျက်နှာကြက်၊ မြေအခင်း၊ တင်းထိမ်ကန့်လန့်ကာ ဘုံလျှို ခေါင်းအုံးပြုအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ ပိုးချည်ဖြစ်ခြင်း၊ မိမိအလို့ငှာ သန္ထတပြုခြင်း၊ ဝါ-ပြုစေခြင်း၊ ရခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သက်နှုံးဖွပ်ခိုင်းသော သိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။အာဋဝီ အဂ္ဂါဠဝစေတီ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးချည်လုပ်သူတို့ထံ သွား၍ ဒါယကာတို့၊ အိမ်ဖွဲ့သောပိုးကောင်တို့ကို ပြုတ်ကြဇလော့၊ ငါတို့အားလည်း လှူကြလော့၊ ပိုးချည်နှင့်ရောသောအခင်းကို ပြုလိုကုန်သည်ဟု ဆိုကုန်၏။ အရှင်ဟောင်းတို့သည် အဘယ့်ကြောင့် ဤသို့ဆိုကြသနည်း။ ငါတို့မှာ အသက်အတွက်၊ သားမယားအတွက် ပိုးကောင်ငယ်များစွာတို့ကို ဖျက်ဆီးကြရသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၂—သုဒ္ဓကာဠက။** ။ယော ပန ဘိက္ခု၊ သုဒ္ဓကာဠကာနံ၊ အမည်းသက်သက်ဖြစ်ကုန်သော။ ဧဠကလောမာနံ၊ သိုးမွေးတို့၏။ သန္ထတံ။ ကာရာပေယျ။ ပါစိတ္တိယံ။ တသ္သ ဘိက္ခုနော။

**အဓိပ္ပာယ်စသည်။** ။ပင်ကိုမည်းသည်ရှင်း၊ ဆေးဆိုး၍ မည်းသည်ရှင်း၊ နှစ်မျိုးလုံးသည် ကာဠကမည်၏။ တပါးသောသိုးမွေး မရောယှက် သိုးမွေးမည်းသက်သက်သည် သုဒ္ဓကာဠက မည်၏။ နှစ်မျိုးလုံး မအပ်။ ပယောဂတိုင်း ဒုက္ကဋ်။ ရလျှင် နိဿဂ္ဂိ။ "ကူဋံ မေ ဘန္တေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ ကာရာပိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ ဝေသာလီ၌ ဆဗ္ဗဂ္ဂီတို့ ထိုသို့သောအခင်းကို ပြုစေခြင်းကြောင့် ပညတ်၏။ အကြွင်းပဌမနှင့် တူပြီ။ စွန့်ပြီး ပြန်ရလည်း မသုံးအပ်။

**ဝတ္ထု။** ။ဝေသာလီ ကူဋာဂါရသာလာ ဆဗ္ဗဂ္ဂီတို့သည် သိုးမွေးမည်းသက်သက်ဖြင့် အခင်းပြုကုန်၏။ လူတို့သည် ကျောင်းတို့ကို လှည့်လည်၍ မြင်လတ်သော် ကာမဂုဏ်ခံစားသော လူတို့ကဲ့သို့ သိုးမွေးမည်းသက်သက်ဖြင့် အခင်းပြုကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃—ဒွေဘာဂ။** ။နဝံ၊ အသစ်ဖြစ်သော။ သန္ထတံ။ ကာရယမာနေန။ ဘိက္ခုနာ။ သုဒ္ဓကာဠကာနံ။ ဧဠကလောမာနံ။ ဒွေဘာဂါ၊ နှစ်ဖို့တို့ကို။ အာဒါတဗ္ဗာ၊ ယူအပ်ကုန်၏။ ဩဒါတာနံ၊ ဖြူသောသိုးမွေးတို့၏။ တတိယံ၊ သုံးခုမြောက် အဖို့ကို။ ဂေါစရိယာနံ၊ ကြောင်သောသိုးမွေးတို့၏။ စတုတ္ထံ၊ လေးခုမြောက်တဖို့ကို။ အာဒါတဗ္ဗံ၊ ယူအပ်၏။ ဘိက္ခု၊ သည်။ သုဒ္ဓကာဠကာနံ။ ဧဠကလောမာနံ။ ဒွေဘာဂေ၊ နှစ်ဖို့တို့ကို။ ဩဒါတာနံ။ တတိယံ။ ဂေါစရိယာနံ။ စတုတ္ထံ။ အာနာဒါ၊ မယူမူ၍။ နဝံ။ သန္ထတံ။ ကာရာပေယျ။ ပါစိတ္တိယံ။ တသ္သ ဘိက္ခုနော။

**အဓိပ္ပာယ်စသည်။** ။ပြုခြင်းကိုစွဲ၍ နဝ=အသစ်ဟု ခေါ်သည်။ ပြုပြီးမှလည်း နဝ တည်း။ အမည်း အဖြူမှတပါး ကြောင်ကျား၊ မကြောင်ကျား၊ အားလုံးသည် ဂေါစရိယ=ကြောင်သည် ကျားသည်သာ မည်၏။ အခင်းပြုလိုသလောက် သိုးမွေးတို့ကို ချိန်၍ အမည်းနှစ်ဖို့၊ အဖြူတဖို့၊ အကြောင်တဖို့ ယူရသည်။ အမည်းလျော့လျှင် အပြစ်မရှိ။ တပင်မျှ

လွန်လျှင် နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ သန္တတံ အနာဒိယိတွာ ဒွေ တုလေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ တုလံ ဩဒါတာနံ တုလံ ဂေါစရိယာနံ ကာရာပိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ထိုသို့သော အခင်းပြုသောကြောင့် ပညတ်၏။ ကြိယာ ကြိယ။ အကြွင်း ပဌမနှင့် တူပြီ။ စွန့်ပြီးပြန်ရလည်း မသုံးအပ်။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ဆဗ္ဗဂ္ဂီတို့သည် အမည်းသက်သက်ကို ဘုရားရှင် ပယ်သည်ဟု သိုးမွေးဖြူ အနည်းငယ်အတွင်း၌ ထည့်၍ အမည်းသက်သက်နှင့် တူသော အခင်းတို့ကို ပြုကုန်၏။ ရဟန်းတို့ သိ၍ ဆဗ္ဗဂ္ဂီတို့ ဤသို့ ပြုကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၄-ဆဗ္ဗဿ။ ။ဘိက္ခုနာ၊ သည်။ နဝံ။ သန္တတံ။ ကာရာပေတွာ၊ ပြုစေပြီး၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ ဆန္နံ ဝဿာနံ၊ ခြောက်နှစ်တို့၏။ ဩရေန၊ အတွင်း၌။ တံ သန္တတံ၊ ထိုအခင်းကို။ ဝိဿဇ္ဇေတွာ ဝါ၊ စွန့်၍ဖြစ်စေ၊ အဝိဿဇ္ဇေတွာ ဝါ၊ မစွန့်မူ၍ဖြစ်စေ။ အညံ၊ တပါးသော။ နဝံ။ သန္တတံ။ ကာရာပေယျ။ ဘိက္ခုသမ္မုတိယာ၊ ဂိလာနရဟန်းအားပေးသော သမ္မုတိကို။ အညတြ။ ထား ဘိက္ခုနော။

အဝိပ္ပါယ်။ ။ဂိလာနရဟန်းအား သံဃာပေးသော သန္တတသမ္မုတိသည် ဘိက္ခုသမ္မုတိ မည်၏။ ဤသို့သော သမ္မုတိကို မရပဲ ခြောက်နှစ်အတွင်း အခင်းတပါး ပြုအံ့၊ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ သန္တတံ ဦနက ဆဗ္ဗဿာနိ ကာရာပိတံ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ စွန့်ပြီး ပြန်ရလျှင်ကား သုံးကောင်း၏။

အဆုံးအဖြတ်။ ။သာဝတ္ထိပြည်၌ ရဟန်းများစွာတို့ နှစ်တိုင်း အခင်းပြုစေခြင်းကြောင့် ပညတ်၏။ အညတြ ဘိက္ခုသမ္မုတိယာသည် အနုပညတ် ဖြစ်၏။ သမ္မုတိရသော ရဟန်းအား ရောဂါမငြိမ်းသေးသော်ငြား၊ ငြိမ်းသော်လည်း ရောဂါဟောင်း ရောဂါသစ် ဖြစ်ပြန်သော်ငြား ရောက်ရာ၌ နှစ်တိုင်းပင် ပြုပြင်ခြင်းငှာ အပ်၏။ အနာပတ္တိ၌ သူတပါးအလို့ငှာ ပြုအံ့၊ ပြုစေအံ့၊ သူတပါးပြုပြီးကိုရ၍ သုံးဆောင်အံ့၊ အနာပတ္တိဟု ပိုလွန်၏။ အကြွင်း ပဌမနှင့် တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရဟန်းတို့သည် နှစ်တိုင်း အခင်းပြုကြသဖြင့် သိုးမွေး အတောင်းအရမ်း များကုန်၏။ အရှင်ကောင်းတို့သည် နှစ်စဉ် ပြုကြသည်၊ ငါတို့မှာ တကြိမ်ပြုထားလျှင် သားငယ်တို့ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ ကြွက်ခဲခြင်းတို့ဖြင့်ပင် ငါးနှစ် ခြောက်နှစ် သုံးရကုန်သည်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ခြောက်နှစ်ဆောင်ရမည်ဟု ပညတ်သည်။ အခါတပါး ရဟန်းတပါးသည် ကောသမ္ဗီ၌ မကျန်းမမာ ဖြစ်၏။ ဆွေမျိုးတို့က ကြွလာပါဟု တမန်စေလိုက်ကုန်၏။ ရဟန်းတို့ကလည်း ကိုက်တွန်း၏။ အခင်းသစ် ခြောက်နှစ်ဆောင်ရမည်ဟု ပညတ်ထားသည်။ ယူလည်း မသွားနိုင်၊ အခင်းနှင့်ကင်း၍လည်း မချမ်းသာဟု ဆို၏။ ချစ်သားတို့၊ ဂိလာနရဟန်းအား သန္တတသမ္မုတိပေးခြင်းငှာ ခွင့်ပြု၏။ ဂိလာနသည် သံဃာထံ ချဉ်းကပ်၍ အကျွန်ုပ် ဂိလာန ဖြစ်ပါသည်၊ အခင်းယူမသွားနိုင်ပါ။ သမ္မုတိပေးပါဟု တောင်းပန်ရမည်။ သံဃာသည် ဉတ္တိဒုတိယကမ္မဝါစာဖြင့် သမ္မုတိပေးရမည်ဟု မိန့်၍ အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။

**၅–နိသီဒနသန္ထတ။** ။နိသီဒနသန္ထတံ၊ နိသီဒိုင်အခင်းကို။ ကာရယမာနေန။ ဘိက္ခုနာ။ ပုရာဏသန္ထတဿ၊ အခင်းဟောင်း၏။ သာမန္တာ၊ နံပါးတဖက်မှ။ သုဂတဝိဒတ္ထိ၊ ဘုရားရှင်တထွာမျှ အရပ်ကို။ ဒုဗ္ဗဏ္ဏကရဏာယ၊ အဆင်းပျက်အောင်ပြုခြင်းငှာ။ အာဒါတဗ္ဗာ၊ (ဖြတ်၍) ယူအပ်၏။ ဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ။ သာမန္တာ။ သုဂတဝိဒတ္ထိံ၊ ကို။ အနာဒါ။ နဝံ။ နိသီဒနသန္ထတံ။ စေ ကာရာပေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။အဆာနှင့်တကွသည် နိသီဒနမည်၏။ ဘုရားရှင်အထွာဖြင့် အလျား နှစ်ထွာ၊ အနံ တထွာခွဲ၊ အဆာ တထွာ၊ ဤပမာဏထက် မလွန်စေရဟု ပါစိတ်၌ ဆိုသည်။(ပေသာလိဝတ္ထုအဋ္ဌကထာ၌ အဆာမပါသော နိသီဒိုင် အပ်သည်ဟုပြသည်။ ဒုတိယ သင်္ဂါယနာတင်သောအခါ အဆာမပါသော နိသီဒိုင် မအပ်ဟု ပယ်သည်။ အဆာရှိသော ပမာဏအတိုင်း အဆာပါသောကြောင့် မအပ်ဟူလို။)တကြိမ်မျှ (ပတ်ရုံပြီးသော)ထိုင်ပြီး အိပ်ပြီးသော အခင်းသည် ပုရာဏသန္ထတ မည်၏။ တခုခုသောနံပါးသည် သာမန္တ မည်၏။ အဝိုင်းဖြစ်စေ၊ လေးထောင့်ဖြစ်စေ ဘုရားရှင့်တထွာ ဖြတ်၍ယူရမည်၊ ပရလျှင် အနည်းငယ်သော်လည်း ဖြတ်ယူ၍ အခင်းသစ်ပြုရာ၌ တည့်ခင်းရသည်၊ ဖြေ၍

ရော၍သော်လည်း ခင်းရသည်။ ဖြေရောခင်းလျှင် သာ၍ ခိုင်ခံ့၏။ အဟောင်းမရှိလျှင် မယူ့သော်လည်း အပ်၏။ သူတပါးအလို့ငှာ ပြုအံ့၊ ပြုစေအံ့၊ ပြုပြီးကိုရ၍ သုံးဆောင်အံ့၊ အပြစ်မရှိ။ အခင်းဟောင်းမှ တထွာမယူပဲ အသစ်ပြုအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ရသောအခါ နိဿဂ္ဂိ။ဣဒံမေ ဘန္တေ နိသီဒနသန္ထတံ အနာဒိယိတွာ ပုရာဏသန္ထတဿ သာမန္တာ သုဂတဝိဒတ္ထိံ ကာရာပိတံ နိဿဂ္ဂိယံ စသည်ဖြင့် စွန့်အပ်၏။ စွန့်ပြီး ပြန်ရလျှင် သုံးကောင်း၏။ (စီဝရမဟုတ်၊ ခိဋ္ဌာန်ဝိကပ္ပနာ မပြုအပ်။)

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရဟန်းများစွာ အခင်းကို စွန့်ခြင်းကြောင့် ပညတ်၏။ အကြွင်း တတိယနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် အခါတပါး ဘုရားရှင်သည် ချစ်သားတို့၊ ငါဘုရားသည် သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းလိုသည်။ ဆွမ်းပို့သော ရဟန်းမှတပါး မည်သူမျှ မချဉ်းကပ်ရဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ဝန်ခံပြီးလျှင် ဘုရားရှင်ထံ ချဉ်းကပ်သော ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်ဟု ကတိကဝတ်ပြုကုန်၏။ ဝင်္ဂန္တ ပုဏ္ဏား၏သားရှင်ဥပသေနသည် ပရိသတ်နှင့်တကွ ဘုရားရှင့်ထံ ချဉ်းကပ်ခစား၏။ ဘုရားရှင်သည် အာဂန္တုတို့နှင့် ဝမ်းမြောက်စွာ ပြောဆိုပြီးလျှင် ရဟန်းငယ်တပါးကို ချစ်သား၊ သင်၏ပံ့သကူသက်န်းတို့သည် နှစ်သက်ဖွယ်ဖြစ်ကုန်၏ဟု မိန့်တော်မူ၏။ ဤ ပံ့သကူတို့ကို တပည့်တော် မနှစ်သက်ပါဘုရားဟု လျှောက်၏။ အဘယ့်ကြောင့် ဆောင်သနည်း။ ဥပဇ္ဈာယ်ဆရာဆောင်၍ တပည့်များအားလုံးဆောင်ကြရပါသည်ဘုရား။ ချစ်သား ဥပသေန၊ သင်၏ ပရိသတ်သည် ကြည်ညိုဖွယ်ရှိ၏၊ အဘယ်သို့ပြု၍ ဆုံးမသနည်း။ မြတ်စွာဘုရား ရဟန်းပြုလို၍၊ နိဿယည်း ယူလို၍ တောင်းပန်သူကို အာရညကင်၊ ပိဏ္ဍပါတ်၊ ပံ့သကူ ငါကဲ့သို့ ဆောင်ရမည်ဟုဆို၍ ဝန်ခံမှ ခွင့်ပြုပါသည် ဘုရား။ ချစ်သား ဥပသေန၊ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် မိမိပရိသတ်ကို ကောင်းစွာ ဆုံးမတတ်ပေသည်။ ဤသာဝတ္ထိ၌ သံဃာ့ကတိကဝတ်ပြုသည်ကို သင် သိ၏လော။ မသိပါ ဘုရား။ ချစ်သား ဥပသေန၊ ဘုရားရှင်တပါးတည်း ကိန်းနေသည်ကို ချဉ်းကပ်လျှင် ပါစိတ်အာပတ်ဒေသနာ ကြားရမည်ဟု ကတိကဝတ် ပြုထားသည်။ မြတ်စွာဘုရား၊ သံဃာသည် မိမိ ကတိကဝတ်ဖြင့် ထင်ရှားပါသတ္တံ့။

တပည့်တော်များသည်ကား ဘုရား မပညတ်သေးသည်ကို အသစ် မပညတ်ပါ၊ ပညတ်ပြီးကို မလွန်ကျူးပါ၊ ပညတ်တော်မူအတိုင်းသာ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကြပါသည်။ ချစ်သား ဥပသေန၊ ကောင်းပေစွ၊ ကောင်းပေစွ၊ ဤအတိုင်း ကျင့်ရသည်။ ချစ်သား ဥပသေန၊ အာရညကင်၊ ပိဏ္ဍပါတ်၊ ပံ့သကူဆောင် ရဟန်းများ ငါဘုရားကို ဖူးမြော်ခြင်းငှာ အလိုရှိတိုင်းလာကြစေ၊ ခွင့်ပြု၏ဟု မိန့်တော်မူ၏။ ရှင်ဥပသေနသည် ဘုရားရှင့်ထံမှ ဖဲလာသောအခါ ရဟန်းတို့က သံဃာ့ကတိကဝတ်ကို သင် သိသည်မဟုတ်လောဟု ဆိုကုန်၏။ ဘုရားရှင် မိန့်သောကြောင့် သိပါသည်ဟု ဆိုပြီးလျှင် ဘုရားရှင်ခွင့်ပြုခြင်းကို ပြောပြလေ၏။ ထိုအခါ ရဟန်းတို့သည် ဘုရားရှင်ကို ဖူးမြော်လိုကြသဖြင့် အခင်းတို့ကို စွန့်ပစ်၍ ဓုတင်ဆောင်ကုန်၏။ (သိုးမွေး အခင်းကို ကမ္မလာသက္ကလတ်သက်န်းဟူသော သညာဖြင့် စွန့်ပစ်၍ ဓုတင်ဆောင်ကြသည်။) ထိုစွန့်ပစ်သော အခင်းတို့ကို ဘုရားရှင်မြင်၍ တရားဟောပြီးလျှင် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ (သဒ္ဓါဒေယျ ဝိနိပါတန အကြောင်းမရှိ။ သုံးဆောင်ကြောင်းပြအံ့ဟု တရားဟောသည်။ ဤ ရှင်ဥပသေနသည် ဝါငယ်စဉ် ပရိသတ်မွေးမိ၍ မောဃ ပုရိသဟု အကဲ့ရဲ့ခံရစဉ်က ပရိသတ်ကြောင့် ကဲ့ရဲ့သော ခံတွင်းတော်ကို ပရိသတ်ကြောင့် ကောင်းချီးပေးသော ခံတွင်းတော် ဖြစ်စေမည်ဟု ဆောက်တည်လိုက်၏၊ ရှင်သာရိပုတ္တရာ၏ ညီဖြစ်၏။ သာမန္တပါသာဒိက ဧတဒဂ်ရ မဟာသာဝက ဖြစ်၏။

**၆-ဧဠက လောမ။** ။အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ၊ အဓွန့်ရှည်သောခရီးသို့သွားသော။ ဘိက္ခုနော ပနေဝ၊ အားသာလျှင်။ ဧဠကလောမာနိ၊ သိုးမွေးတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်အံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ခံယူအပ်ကုန်၏။ ပဋိဂ္ဂဟေတွာ၊ ခံယူပြီး၍။ ဟာရကေ၊ ဆောင်သောသူသည်။ အသန္တေ၊ မရှိလတ်သော်။ တိယောဇနပရမံ၊ သုံးယူဇနာ ပမာဏရှိသောအရပ်တိုင်အောင်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဟရိတဗ္ဗာနိ၊ ဆောင်အပ်ကုန်၏။ ဟာရကေ။ အသန္တေပိ၊ မရှိသော်လည်း။ တတော။ ဥတ္တရိ။ စေ ဟရေယျ။ ဟဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ခရီးရှည်သည် အဒ္ဓါနမဂ္ဂ မည်၏။ ဝတ္ထုအားလျော်စွာ ခရီးရှည်သွားရသော ရဟန်းဟုဆိုသော်လည်း မသွားပဲ တစုံတခု

သော၁အရပ်၌ တရားသဖြင့်ရလျှင်အလျှုခံကောင်းသည်သာတည်း။ ဆောင်တတ်သော ရဟန်း၊ ရှင်၊ လူ တဦးဦးမရှိခဲ့လျှင် ခံယူရာမှ သုံးယူဇနာအထိသာ ကိုယ်တိုင်ဆောင်ယူရသည်။ အယုတ်ဆုံး လေနာဆေးကုရန် နားပေါက်၌ အနည်းငယ်ထည့်ဆောင်သော်လည်း သုံးယူဇနာကို ခြေတလှမ်း လွန်စေအံ့၊ ဒုက္ကဋ်။ ဒုတိယခြေလှမ်းလွန်အံ့၊ နိဿဂ္ဂိ။ သုံး ယူဇနာအတွင်း၌နေ၍ ပြင်ပသို့ ကျရောက်စေအံ့၊ နိဿဂ္ဂိ။ သူတပါး၏ယာဉ်၌ရင်း၊ ဘဏ္ဍာ၌ရင်း မသိအောင်ထည့်ပေး၍ လွန်စေအံ့၊ နိဿဂ္ဂိ။ "ဣမာနိ မေ ဘန္တေ ဧဠကလောမာနိ တိယောဇနံ အတိက္ကာမိတာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ"စသည်ဖြင့် စွန့်အပ်၏။

အဆုံ အဖြစ်။ ။သာဝတ္ထိ၌ရဟန်းတပါး သုံးယူဇနာကို လွန်စေခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ သုံးယူဇနာအောက် ယုတ်သည်၌ အတိရေကသညီ၊ ဝေမတိက၊ ဒွိကဒုက္ကဋ်။ သုံးယူဇာထိ ဆောင်၍ ပြန်ဆောင်အံ့၊ နေလိုခြင်းဖြင့် သွား၍ ထိုမှတဖန်ဆောင်အံ့၊ လုသွားသည်ကို ပြန်ရ၍ ဆောင်အံ့၊ ဝိနည်းကံဖြင့် စွန့်ပြီးကို ပြန်ရ၍ဆောင်အံ့၊ သူတပါးကို ဆောင်စေအံ့၊ အယုတ်ဆုံး ချည်ဖြင့် ဖွဲ့အပ်သော ကတဘဏ္ဍ=ဘဏ္ဍာပြုပြီးသည်ကို ဆောင်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ၊ (ထုံးဖွဲ့ခြင်းသည် ကတဘဏ္ဍ မဖြစ်)။ ကတဘဏ္ဍမဟုတ်ခြင်း၊ ရှေးဦးစွာရသော သိုးမွေးဖြစ်ခြင်း၊ ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် သူတပါးယာဉ်၌ မသိအောင်ထည့်၍ဖြစ်စေ သုံးယူဇနာကို လွန်စေခြင်း၊ ဆောင်ပြီးတဖန် ပြန်ဆောင်သည်မဟုတ်ခြင်း၊ နေလို၍ သွားသည်မဟုတ်ခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ ဧဠကလောမသမုဋ္ဌာန်။ (ပ၊ စ—ဧ။ ၄၄။)ကြိယ၊ နောသညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ရဟန်းတပါးသည် ခရီးသွားစဉ် သိုးမွေးတို့ကို ရ၍ ကိုယ်ရုံဖြင့် တုတ်၍ယူသွား၏။လူတို့မြင်၍ အရှင်မြတ်၊ အဘယ်ဈေးဖြင့် ဝယ်ခဲ့သနည်း၊ အဘယ်မျှ မြတ်မည်နည်းဟု ပြက်ရယ်ပြုကုန်၏။ ကျောင်းသို့ရောက်သောအခါ မတ်တတ်မှ ပစ်ချ၏။ ရဟန်းတို့မေးသောအခါ ပြက်ရယ်ပြုခံရကြောင်း ပြောပြ၏။ အဘယ်မျှ ဝေးစွာ ဆောင်ခဲ့သနည်း။ သုံးယူဇနာ မှာသာမျှ ဝေး၏။ သုံးယူဇနာထက် လွန်၍ သိုးမွေးဆောင်သည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၇–ဧဠကလောမဓောဝါပန။** ။ယော ပန ဘိက္ခု။ အညာတိကာယ။ ဘိက္ခုနိယာ၊ ကိုဧ ဧဠကလောမာနိ၊ ဓောဝါပေယျဝါ။ ရဇာပေယျဝါ။ ဝိဇဋ္ဋာပေယျဝါ၊ အဆုပ်အထွေးကို ဖြေမှုလည်း ဖြေစေငြားအံ့ဧ တဿ ဘိက္ခုနော။

**အစိပ္ပာယ် စသည်။** ။သက်နိုးဟောင်း ဖွပ်ခိုင်းသော သိက္ခာပုဒ် နည်းသာတည်း။ သက္ကတိုင်းတို့၌ ဆင်္ဂိုတို့ သိုးမွေးဖွပ်စေခြင်းကြောင့် ပညတ်၏။ (စွန့်ပုံလည်း နည်းယူနိုင်စေလော့။)

**ဝတ္ထု။** ။သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီမတို့ကို သိုးမွေးဖွပ်ခိုင်း၏ဧ ဆိုးခိုင်းကုန်၏။ အဆုပ်အထွေး ဖြေခိုင်းကုန်၏။ ဘိက္ခုနီမတို့အား စာအံခြင်း၊ တရားအားထုတ်ခြင်း ကင်းဆိတ်ကုန်၏။တနေ့၌ မိထွေးတော်ဂေါတမီသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၏ဧ မြတ်စွာဘုရားသည် အသို့နည်း၊ဘိက္ခုနီမတို့သည် မခမ့်မလေျာ့ အားထုတ်ကြ၏လောဟု မိန့်တော်မူ၏။ သိုးမွေး ဖွပ်လျှော်ရခြင်းကိစ္စကြောင့် အားမထုတ်ကြရပါဘုရားဟု လျှောက်၏။ မိထွေးတော်အား တရားဟောပြီးလျှင် သံဃာစည်းဝေးစေ၍ ဆဗ္ဗဂ္ဂီတို့အား မေးစစ်၍ ကဲ့ရဲ့ပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်ဧ

**၈–ရူပိယ။** ။ယော ပ န ဘိက္ခု။ ဇာတရူပရဇတံ၊ ရွှေငွေကို။ ဥဂ္ဂဏှေယျ ဝါ၊ ကိုယ်တိုင်လည်း ယူငြားအံ့။ ဥဂ္ဂဏှာပေယျ ဝါ၊ သူတပါးကိုလည်း ယူစေငြားအံ့။ ဥပနိက္ခိတ္တံ ဝါ၊ အနီးသို့ဆောင်၍ လှူသည်ကိုလည်း။ သာဒိယေယျ၊ သာယာငြားအံ့။ တဿ ဘိက္ခုနော။

**အစိပ္ပာယ်။** ။ရွှေသည် ဇာတရူပ မည်၏။ ဘုရားရှင်၏ အဆင်းနှင့် တူ၏။ ငွေသည် ရဇတမည်၏။ ကဟာပဏသည်၎င်း၊ ကုန်သွယ်ခြင်းသို့ရောက်သော မာသကသည်၎င်း ဤ၌ ရဇတသာ မည်၏။ မိမိအလို့ငှာ လှူသည်ကိုယူခြင်းသည် ဥဂ္ဂဏှေယျမည်၏။ လမ်းစသည်၌ သခင်မရှိသည်ကို မြင်၍ ကောက်ယူခြင်းသည်လည်း ဥဂ္ဂဏှေယျ မည်၏။ (သခင်မပြင်မီ–ဟု ကောက်ယူလျှင် ခိုးခြင်းဖြစ်၏။) သူတပါးကို ယူခိုင်းခြင်းသည် ဥဂ္ဂဏှာပေယျ မည်၏။ ဤရွှေငွေသည် အရှင်မြတ်အလို့ငှာဖြစ်ပါစေဟု ဆို၍ လက်ဖြင့်

ပြ၍ မျက်မှောက်ချထားသော ရွှေငွေသည် ဥပနိက္ခိတ္တ မည်၏။ ဤမည်သော အရပ်၌ အကျွန်ုပ်၏ ရွှေငွေရှိပါသည်၊ အရှင်မြတ်အား ဖြစ်ပါစေလော-ဟု မျက်ကွယ်ညွှန်းပြသော ရွှေငွေသည်လည်း ဥပနိက္ခိတ္တသာ မည်၏။ ဤဥပနိက္ခိတ္တ ရွှေငွေကို ကိုယ်ဖြင့် နှုတ်ဖြင့်မပယ်ပဲ စိတ်ဖြင့် သည်းခံခြင်းသည် သာဒိယေယျ မည်၏။ ဤ၌ စိတ်ဖြင့်ယူလိုသော်လည်း ကိုယ်နှုတ်ဖြင့် ဤရွှေငွေ မအပ်ဟု ပယ်အံ့၊ ကိုယ်နှုတ်ဖြင့်မပယ်သော်လည်း စင်ကြယ်သောစိတ်ဖြင့် ငါတို့အား ဤရွှေငွေဖအပ်ဟု နှလုံးသွင်းလျက် မသာယာအံ့၊ သာဒိယေယျ မဖြစ်၊ အပြစ်မရှိ။ ပယ်သည်ချည်းသည်သာ မည်၏။ ဤသို့မပယ်ပဲ ယူအံ့၊ ယူစေအံ့၊ သာယာအံ့၊ လျော့လျော့ထုပ်သောပစ္စည်း၌ ပစ္စည်းအရေအတွက်အားဖြင့် နိဿဂ္ဂိဖြစ်၏။

**ရွှေငွေစွန့်နည်း။** ။ဤနိဿဂ္ဂိရွှေငွေကို "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ နိဿဂ္ဂိယံ၊ ဣမာဟံ (သံဃဿ) နိဿဇ္ဇာမိ"ဟု သံဃာ့အလယ်၌သာ စွန့်ရသည်။ ထိုစွန့်ရာသို့ လူတယောက် ရောက်လာလျှင် "ဣဒံ ဇာနာတိ" ဤပစ္စည်းကိုသိလော့၊ နားလည်လော့ဟု ဆိုအပ်၏။ ဤပစ္စည်းဖြင့် အဘယ်ကို ဆောင်ခဲ့ရမည်နည်း-ဟုမေးလျှင် ဤပစ္စည်း၊ ဤပစ္စည်း ဆောင်ခဲ့ဟု မဆိုအပ်။ ထောပတ်သည်၊ သရက်သီးသည် ရဟန်းတို့အား အပ်၏ ဟုအပ်သည်ကိုသာ ဆိုရသည်။ အကယ်၍ ဆောင်ခဲ့လျှင် ရွှေငွေပေးသောရဟန်းကိုဖယ်၍ ရဟန်းအားလုံး ဝေဖန်သုံးဆောင်နိုင်သည်။ ဤကား စွန့်ပုံကျဉ်းတည်း။ ရွှေငွေသုံးသူက ဝေဖန်ရာမှ သူကပါ.ရ၍ လာပေးသော်လည်း မအပ်။ အယုတ်ဆုံး ထိုငွေဖြင့်ဝယ်သော သစ်သီးမှပေါက်သောသစ်ပင်၏ (ပွန်းတည့်) အရိပ်ကိုသော်လည်း မသုံးဆောင်အပ်။ (ထိုရဟန်း၏ သိမ်းဖြစ်၊ ပိုသကူဖြစ်လည်း မအပ်။ ဆီဝယ်၍ မီးထွန်းလျှင် ထိုမီးရောင်၌ အိပ်ခြင်း၊ စာဖတ်ခြင်း၊ ကသိုဏ်းဝန်းရှုခြင်းလည်း မအပ်။ လမ်း၊ တံတားပြုလည်း ပေးလျှောက်အပ်။ ရေတွင်းတူးလျှင် ထွက်ရေ မသုံးအပ်။) ထိုသူသည် တစုံတခုကို မဆောင်လိုအံ့၊ ဤဥစ္စာတို့ကို စွန့်ပစ်ချေလော့ဟု ဆိုအပ်၏။ စွန့်သော်ရှင်း၊ အိမ်ယူသွားသော်ရှင်း မတားမြစ်အပ်။ စွန့်သူ၊ ယူသူမရှိလျှင်ကား ဂုဏ်တိလေးပါးမလိုက်၊ စွန့်-မစွန့်သိ၊ အင်္ဂါငါးပါးရှိသောရဟန်းကို ရွှေငွေစွန့်တတ်သော ရဟန်းဟု သမုတ်အပ်၏။ ထိုသမုတ်အပ်သော ရဟန်းသည် ပေက်ဖြင့်ကောက်ယူ၍ မဗင်သဖွယ် စွန့်ပစ်အပ်၏။ မျက်စိမှိတ်၍ မငဲ့မကွက် ကျရာကို မမှတ်ပဲ ပစ်အပ်၏။ ကျရာ မှတ်သောအံ့၊ ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရှင်ဥပနန္ဒ ရွှေငွေခံခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။တိကပါစိတ်။ ရူပိယဗဟုတ်သည်၌ ရူပိယသညီ၊ ဝေမတိက၊ ဒွိကဒုက္ကဋ်။ သံဃာ၊ စေတီစသည်အလို့ငှာ ခံအံ့၊ ပုလဲ၊ ပတ္တမြားစသော ဒုက္ကဋ်ဝတ္ထုကို ခံအံ့၊ ဒုက္ကဋ်။ ရတနသိက္ခာပုဒ်နည်းဖြင့် အရံတွင်း၌မြင်၍ ပစ္စည်းရှင်ပြန်ယူလတ္တံ့ဟု ယူသိမ်းအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ ဇာတရူပရဇတဖြစ်ခြင်း၊ မိမိအလို့ငှာ သွန်းခြင်း၊ ယူ၊ ယူစေ၊ သာယာ တပါးပါးဖြစ်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သဉ္စရိတ္တနှင့် တူ၏။ ခံယူခြင်းဖြင့် ရံခါကြိယ၊ မပယ်ခြင်းဖြင့် ရံခါ အကြိယ၊ ဤမျှထူး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ် ဝေဠုဝန် ဒါယကာတဦးသည် ရှင်ဥပနန္ဒအား လွန်စွာ ကြည်ညို၏။ စားကောင်းသောက်ဖွယ်ရလျှင် ဖယ်ထားလေ့ရှိ၏။ တနေ့၌ ညချမ်း အမဲသားဟင်းချက်၍ တခွက်ဖယ်ထား၏။ နံနက်စောစော တွင် သားငယ်ငို၍ တောင်းသောကြောင့် ထိုဟင်းကို သားငယ်အား ပေး၍ ရှင်ဥပနန္ဒအား တစုံတခုဝယ်လှူမည်ဟု စိတ်ကူးထား၏။ ရှင်ဥပနန္ဒ ဆွမ်းခံ ကြွလာသောအခါ ထိုအကြောင်းပြောပြ၍ အသပြာဖြင့် အဘယ်ပစ္စည်းလှူရ မည်နည်းဟု လျှောက်၏။ ငါအား လှူမည့် အသပြာလော။ ဟုတ်ပါသည် ဘုရား။ ဟုတ်လျှင် ထိုအသပြာကိုသာ လှူလော့ဟု ဆို၏။ ထိုဒါယကာသည် လှူပြီးလျှင် ငါတို့ကဲ့သို့ ရွှေငွေကိုင်ခံသည်ဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

## ရွှေငွေသာယာခြင်း၌ မှတ်ဖွယ်

ကိုယ်နှုတ်ဖြင့် မပယ်ပဲ စိတ်ဖြင့်သာယာလျှင် ကိုယ်နှုတ်ဖြင့် ပယ်သင့်သည်ကို မပယ်သောကြောင့် အကြိယ။ ကာယဝစီ အာပတ်သင့်၏။ မနော၌ မသင့်။ လူတယောက်သည် ရွှေငွေတို့ကို ယူလာ၍ အရှင်မြတ်အလို့ငှာ ဖြစ်စေသတည်းဟု ခြေရင်း၌ ထားအံ့၊ မအပ်ဟုဆို၍ ပယ်သော်လည်း လှူပြီးပြီဟု ထား၍ ဖဲသွားအံ့။ တပါးသောလူ ရောက်လာ၍ အဘယ်သို့သော ငွေပါနည်းဟု မေးလျှင် ထိုလူဆိုပုံ၊ မိမိဆိုပုံ ပြောပြအပ်၏။ ထိုလူက သိမ်းပေးပါမည်၊လုံခြုံရာ ပြပါဟု ဆိုအံ့၊ ဘုံခုနစ်ဆင့်တက်၍ ဖြစ်စေ ဤနေရာသည် လုံခြုံ၏ဟု ဆိုအပ်၏။ ဤနေရာ၌ ထားလော့ဟု မဆိုအပ်။ ဤမျှဖြင့် အပ်ခြင်း၊ မအပ်ခြင်း နှစ်ပါးကို

မှီ၏။ တံခါးပိတ်၍ စောင့်အပ်၏။ ပရိက္ခာရကုန်သည်လာ၍ ဤဘဏ္ဍာယူပါဟု ဆိုလျှင် ငါ့အား ဤသပိတ်ဖြင့် အလိုရှိ၏။ ဤသို့သော ငွေလည်း ရှိ၏။ ကပ္ပိယ ကာရက မရှိဟု ဆိုအပ်၏။ အကျွန်ုပ် ကပ္ပိယပြုလုပ်ပါမည်ဟု ဆိုလျှင် တံခါး ဖွင့်ပေး၍ ဤနေရာ၌ ထားသည်ဟု ဆိုအပ်၏။ ဤပစ္စည်းကို ယူလော့ဟု မဆို အပ်။ ဤသို့လည်း အပ်၊ မအပ် နှစ်ပါး မှီသေး၏။ ထိုကုန်သည်သည် ငွေယူ၍ သပိတ်ပေးအံ့၊ အပ်၏။ ငွေပို၍ ယူအံ့၊ သင့်ဘဏ္ဍာကို မလိုချင်တော့ဘူး၊ ထွက် လော့ဟု ဆိုအပ်၏။

ရွှေ ငွေသည် သံဃ၊ ဂဏ၊ ပုဂ္ဂလအား မအပ်သော အကပ္ပိယ ပစ္စည်းဖြစ် သောကြောင့် သံဃာ့အလယ်၌သာ စွန့်ရမည်ဟု ဟောသည်။ အလှူခံရုံမျှ ဖြစ်၍ ဘဏ္ဍာတခုခု မဝယ်သေးသောကြောင့် သုံးဆောင်သင့်ကြောင့် နည်း တမျိုးကို ပြခြင်းငှာ သံဃာ့အလယ်၌သာ စွန့်ဟု ဟောသည်။ ဝိနည်းကံဖြင့် စွန့်လျှင် ငွေခံသူသာ မအပ်၊ တပါးသော ရဟန်းတို့အား အပ်သေး၏။မစွန့် လျှင် ကုသဒ္ဒသန၊ အနေသန ပစ္စည်းကဲ့သို့ တသာသနာလုံး ဘယ်သူအားမျှ မအပ်။ သံဃာ့အလယ်၌ စွန့်ပြီးကာမျှတွင် သိက္ခာချ၍၊ လူထွက်၍ ထိုလူ ထိုငွေ ကို ပြန်ယူ၍ ဝယ်ကျွေးလျှင် အပ်သည်သာတည်း။ မစွန့်ပဲ လူထွက်၍ ဝယ် ကျွေးလျှင် ဝိနည်းကံ မဟုတ်။ သတိထားသင့်၏။

နိဿဂ္ဂိယ ပစ္စည်းလေးမျိုးကို မိမိအလို့ငှာ ခံအံ့၊ နိဿဂ္ဂိ။ စေတီ၊ သံဃ၊ ဂဏ၊ ပုဂ္ဂလအလို့ငှာ ခံအံ့၊ ဒုက္ကဋ်။ ဒုက္ကဋ်ပစ္စည်းတို့ကို မိမိအလို့ငှာရင်း၊ စေတီ၊ သံဃာ စသည်အလို့ငှာရင်း ခံအံ့၊ ဒုက္ကဋ်။ ထိုမှကြွင်းသော သပိတ် သက်န်း စသည်သည် ကပ္ပိယဝတ္ထု မည်၏။ ကပ္ပိယဝတ္ထု၌ အနာပတ္တိ။ သိမ်းထားခြင်းငှာ ဘဏ္ဍာစိုးအနေဖြင့် လက်ခံအံ့။ နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု၊ ကပ္ပိယဝတ္ထု သုံးပါးလုံး ရတနသိက္ခာပုဒ်နည်းဖြင့် ပါစိတ်ချည်းသာတည်း။

၉–ရူပိယသံဝေါဟာရ။ ။ယောပန ဘိက္ခု။ နာနာပ္ပကာရံ၊ (တန်ဆာပြုပြီး၊ မပြုသေး စသည်ဖြင့်)များသော အပြားရှိသော။ ရူပိယသံဝေါဟာရံ၊ ရွှေငွေ ဖလှယ်ခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ တဿ ဘိက္ခုနော။

**အစိပ္ပာယ်။** ။ဤ၌ နိဿဂ္ဂိယဝတ္ထု လေးပါးလုံးသည် ရူပိယ မည်၏။ ကတ၊ အကတ၊ ကတာကတ ဟူ၍ သုံးမျိုးပြား၏။ ပုတီး နားတောင်း စသည်ဖြင့် ပြုလုပ်အပ်သော ရူပိယသည် ကတရူပိယ မည်၏။ မပြုလုပ်အပ်သော အတုံးအခဲသည် အကတရူပိယ မည်၏။ ပြုပြီးအချို့နှင့် မပြုသေးအချို့သည် ကတာကတ မည်၏။ ဤသုံးမျိုးသည်ပင် နာနာပ္ပကာရ မည်၏။ ထိုရူပိယတို့ကို လဲလှယ်ခြင်းသည် ရူပိယသံဝေါဟာရ မည်၏။ (ဝါ၊ ပိုက်ဆံဖြင့် ဝယ်ခြင်း၊ ရောင်းခြင်းသည် ရူပိယသံဝေါဟာရ မည်၏။ ကယဝိက္ကယ မမည်။) ယခင်သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု နှစ်ခုခံယူခြင်းကို တားသည်။ ဤသိက္ခာပုဒ်ဖြင့် လဲလှယ်ခြင်းကို တားသည်။ ထို့ကြောင့် ဒုက္ကဋ်ဝတ္ထုဖြင့် ဒုက္ကဋ်သုံးချက်။ နိဿဂ္ဂိယဝတ္ထုဖြင့် နိ-ကို၊ ဒုက်-ကို၊ ကပ်-ကို လဲအံ့။ ဒုက်-ဖြင့်၊ ကပ်-ဖြင့် နိ-ကို လဲအံ့၊ နိဿဂ္ဂိငါးချက်။ (ကပ်-ဖြင့် ကပ်- လဲအံ့၊အနာပတ္တိ။) ဤရွှေငွေလဲ နိဿဂ္ဂိကိုလည်း "အဟံ ဘန္တေ နာနာပ္ပကာရံ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ နိဿဂ္ဂိယံ၊ ဣမာဟံ (သံဃဿ) နိဿဇ္ဇာမိ" ဟု သံဃာ့အလယ်၌ စွန့်ရသည်။ စွန့်ပြီးနောက်လည်း ယခင်သိက္ခာပုဒ်အတိုင်းပင် ကျင့်အပ်၏။ (ရောင်းဝယ်၊ လဲလှယ် ဤနှစ်ခု သဒ္ဒါထူးလျက် အနက်အထူး မပြ၊ အတူထားသည်။)

**ပစ္စည်းသုံးမျိုး။** ။ရွှေ၊ ငွေ၊ အသပြာ၊ မာသကသည် နိဿဂ္ဂိယဝတ္ထု လေးပါး။ စပါးမျိုး၊ ကျွန်၊ လယ်ယာ၊ ပတ္တမြား စသည့်သည် ဒုက္ကဋ်ဝတ္ထုအများ။ သပိတ်၊ သင်္ကန်း စသည်သည် ကပ္ပိယဝတ္ထု ပစ္စည်းများတည်း။ ဤသုံးမျိုးကို လဲလှယ်ရာ၌ သိရသည်။ (နိဿဂ္ဂိ ၃၀-၌ လာသော နိဿဂ္ဂိပစ္စည်းဟူသမျှဟု မယူရ။ လေးမျိုးသာ ယူရသည်။) နိ-ဖြင့် နိ-လဲ၊ နိ။ နိ-ဖြင့် ဒုက်-လဲ၊ နိ။ နိ-ဖြင့် ကပ်-လဲ၊ နိ။ (နိ-မူသုံးခု) ဒုက်-ဖြင့် ဒုက်-လဲ၊ ဒုက်။ ဒုက်-ဖြင့် ကပ်-လဲ၊ ဒုက်။ ဒုက်-ဖြင့် နိ-လဲ၊ နိ။ (ဒုက်-မူသုံးခု) ကပ်-ဖြင့် ကပ်-လဲ၊ ကပ်။ ကပ်-ဖြင့် နိ-လဲ၊ နိ။ကပ်-ဖြင့် ဒုက်-လဲ၊ ဒုက်။(ကပ်-မူသုံးခု။)

ရွှေ ငွေ၊ အသပြာ (၃)၊ ပဲရုပ်မှာ (၁)၊ လေးဖြာ နိဿဂ္ဂိ။
သတ္တရဲ့၊ ကျွန်၊ လယ်ယာ၊ ပုပ္ဖာရာမာဒိ။
နိ၊ ပြောက်၊ မြ၊ လဲ (၄)၊ လင်း၊ ရှ၊ ရွဲ (၃)၊ န္တာ၊ လဲ (၁)ဒုက္ကဋ်သိ။
စီဝရာဒိက(အများ)၊ ကပ္ပိယ၊ မှတ်ကြ သုံးမျိုးရှိ။

အဆုံးအဖြတ်၊ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ရွှေ ငွေ လဲလှယ်ခြင်းကြောင့် ပညတ်၏။(ခံခြင်းပယ်ရကား ခံ၍လဲခြင်း၌အပြစ်မမြင်၍ ငွေခံ၍ဝယ်သည်။ ငွေရအောင် ဘဏ္ဍာမှောင်းသည် ဟူလို။) သာဓာရဏ၊အနာဏတ္တိက။ လဲသောဘဏ္ဍာ သူ့စွည်း ကိုယ့်ပစ္စည်း ရှုပိယ ဖြစ်ခြင်း၊ လဲခြင်း၊ ဤကား အင်္ဂါနှစ်ပါးတည်း။ ကြိယ။ အကြွင်း ယခင်နှင့် တူပြီ။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ဆဗ္ဗဂ္ဂီတို့သည် တန်ဆာပြုပြီး၊ မပြုသေးစသော များသော အပြားရှိသော ရွှေငွေတို့ကို ဖလှယ်ကုန်၏။ ကာမဘောဂီတို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

### အကပ္ပိယ ပတ္တစတုက္ကမှတ်ဖွယ်

(၁) ရဟန်းသည် ငွေခံ၍ ထိုငွေဖြင့် သံမျိုးကျောက်ကို ဝယ်၍ သံဆုတ်၍ သပိတ်ပြုအံ့၊ မဟာအကပ္ပိယသပိတ် မည်၏။ အပ်တောင် ပြု၍မရ။ ဖျက်၍ ခွက်ပြုလည်း ထိုခွက်ဖြင့် ရေမျှမအပ်။ ပဲခွပ်ပြု၍ တံပူဖြတ်လည်း ထိုတံပူ မအပ်။ ငါးမျှားချိတ်ပြု၍ ငါးမျှားလျှင် ထိုငါးပင် မအပ်။ (၂) ခံသောငွေဖြင့် ကိုယ်တိုင်သပိတ်ဝယ်အံ့၊ အကပ္ပိယသပိတ် မည်၏။ အပ်အောင်ပြုလျှင် ရ၏။ ငွေကို ငွေရှင်အား၊ သပိတ်ကို သပိတ်ရှင်အား ပြန်ပေးရသည်။ထို့နောက် အပ်သောနည်းဖြင့်ရလျှင် ထိုသပိတ် အပ်၏။ (၃) ခံငွေဖြင့် "ဤသပိတ် ငါ အလိုရှိသည်" ဟု ကပ္ပိယအား ပြော၍ ကပ္ပိယဝယ်ပေးသော သပိတ်လည်း အကပ္ပိယသပိတ် မည်၏။ ခံငွေမစွန့်ခြင်းကြောင့် တသာသနာလုံး မအပ်။ ဆိုင်ရာပြန်ပေး၍ နောက်၌ အပ်သောနည်းဖြင့် ရလျှင် ထိုသပိတ်လည်း အပ်၏။ (၄) ငွေကိုမခံပဲ သပိတ်ပယ်လှူမည့်သူကို ဤသပိတ်အတွက် ငွေ ဤမျှပေးလိုက်၊ ဤမျှဖြင့် ဤသပိတ်ပေးလော့ စသည်ဖြင့် စီမံလျှင်လည်း အကပ္ပိယ သပိတ် မည်၏။ ဒုက္ကဋ်စာရိတ ဖြစ်သောကြောင့် ထိုရဟန်းအားသာ မအပ်။ ဤကား အကပ္ပိယသပိတ်လေးလုံးတည်း။

ငွေကိုမခံပဲ ကပ္ပိယကို "ဤသပိတ်ကို အလိုရှိသည်" ဟု ဆို၍ ကပ္ပိယ ဝယ်လှူသောသပိတ်ကား အလုံးစုံအပ်၏။ ဘုရားရှင်တို့အားလည်း သုံးဆောင်ထိုက်၏။

**၁၀–ကယဝိက္ကယ**။ ။ယော ပန ဘိက္ခု။ နာနပ္ပကာရကံ၊ (သက်န်း ဆွမ်းစသော ကပ္ပိယဘဏ္ဍာဖြင့်) များသောအပြားရှိသော။ ကယဝိက္ကယံ၊ ဝယ်ခြင်း ရောင်းခြင်းသို့။ ဝါ၊ လဲလှယ်ခြင်းသို့။ သမာပဇ္ဇေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်**။ ။သင်္ကန်းစသောကပ္ပိယဘဏ္ဍာများစွာသည် နာနာပ္ပကာရမည်၏။ ဤသိက္ခာပုဒ်၌ ရွှေငွေစသော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ် ဝတ္ထုတို့ကို မယူအပ်။ဤဘဏ္ဍာဖြင့် ဤဘဏ္ဍာကို ပေးလော့၊ယူခဲ့လော့၊ရောင်းလော့၊ ဝယ်လော့၊ ဖလှယ်လော့စသည်ဖြင့် သူတပါး၏ ဘဏ္ဍာကို ယူခြင်းသည် ကယ=ဝယ်သည် မည်၏။မိမိ၏ဘဏ္ဍာကို ပေးခြင်းသည် ဝိက္ကယ=ရောင်းသည် မည်၏။ဤသို့သော ကယဝိက္ကယကို ဝါ-ကပ္ပိယဘဏ္ဍာလဲခြင်းကို သီတင်းသုံးဖော် ၅ ပါးယောက်၌ အပြစ်မရှိ။ထိုငါးယောက်ကိုဖယ်၍ မိဘထံ၌သော်သည်း လဲလှယ်အံ့၊ဒုက္ကဋ်။မိမိဘဏ္ဍာသူတပါးလက်သို့၊သူတပါးဘဏ္ဍာ မိမိလက်သို့ရောက်သောအခါ နိဿဂ္ဂိ။ "အယံ ဘန္တေ နာနာပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇိံ၊ ဣဒံ မေ နိဿဂ္ဂိယံ ဣမာဟံ" စသည်ဖြင့် တဦးဦးထံ စွန့်အပ်၏။ စွန့်ပြီး ဒေသနာကြား၊ ပြန်ပေး၊ သုံးကောင်း၏။ ဤပစ္စည်းကို သုံးဆောင်၍၊ ယူ၍ ဤမည်သောပစ္စည်းကို ယူခဲ့လော့၊ ဤအမှုပြုလော့ဟု ဆိုအံ့၊ လဲလှယ်ခြင်းပင် မည်၏။ ယူခဲ့သော ပစ္စည်း၌ နိဿဂ္ဂိပါစိတ်။မြေသုတ်သင်ခြင်းစသော အမှုပြုခြင်း၌ ပစ္စည်းမရှိသောကြောင့် ပါစိတ်သာ ကုစားအပ်၏။ ပစ္စည်းသုံးပြီး ပျောက်ပျက်ပြီးလျှင်လည်း ပါစိတ်သာ ကုစားအပ်၏။ (ဝေယျာဝစ္စပြုအောင် ခိုင်းပြီးမှ ဝေယျာဝစ္စပြုသူအား ပေးရာ၌ အပြစ်မရှိ)။

**အဆုံးအဖြတ်**။ ။သာဝတ္ထိပြည်၌ ရှင်ဥပနန္ဒ ဝယ်ရောင်းလဲလှယ်ခြင်းကြောင့် ပညတ်၏။ ဤဘဏ္ဍာ အဘယ်မျှအဖိုးရှိသည်ဟု အဖိုးမေးအံ့၊ လဲလှယ်လိုသူမှ တပါးသောသူကို ကပ္ပိယဒါကာပြု၍ ဤဘဏ္ဍာဖြင့် ဤဘဏ္ဍာယူပေးလော့ဟု ဆိုအံ့၊ ဤဘဏ္ဍာဖြင့် ဤဘဏ္ဍာကို အလိုရှိသည်ဟု ဆို၍ ရသောဘဏ္ဍာကို ယူအံ့၊ သီတင်းသုံးဖော် ၅ ပါးဦးထံ ကပ္ပိယဘဏ္ဍာ ဖလှယ်အံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။လဲလှယ်သော ဘဏ္ဍာ ကပ္ပိယဘဏ္ဍာဖြစ်ခြင်း၊ သီတင်းသုံးဖော် ၅ ပါးဦးမဟုတ်ခြင်း၊ ရောင်းဝယ်ဖလှယ်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ အကြွင်း ရူပိယသံဝေါဟာရ၌ ဆိုပြီးသည်နှင့် တူ၏။

ဝိဘင်း-၂၄

**ဆင်ခြင်ဖွယ်အထူး။** ။ဤမျှ မရဘူးလား၊ ဤမျှယူ၊ ဤမျှလုပ်—စသည်ဖြင့် ဈေးဆစ်ခြင်းသည် ကယဝိက္ကယ ဖြစ်သည်ဟု အချို့ဆိုမိကုန်၏။ အဖိုးမေးခြင်းသာ၊ ဝါ-ဒုဗ္ဗိစာရိတသာဖြစ်သည်။ လဲလှယ်ခြင်းမပြုသေး၍ ကယဝိက္ကယ မဖြစ်သေး၊ငွေကြေးဖြင့် လဲလှယ်ဝယ်ယူလျှင်လည်း ကယဝိက္ကယ မဖြစ်၊ ရူပိယသံဝေါဟာရ ဖြစ်သည်။ အမှုသာ၍ကြီးသည်၊ ကပ္ပိယဘဏ္ဍာချင်းလဲလှယ်၍ အသီးသီး လက်ရောက်မှ ကယဝိက္ကယ ဖြစ်သည်။ ကယဝိက္ကယ အမှုငယ်နှင့် ရူပိယသံဝေါဟာရ အမှုကြီးကို မထွေးယှက်အောင် ဆင်ခြင်ရာ၏၊အဖိုးမေးခြင်းနှင့် လဲလှယ်ခြင်းကိုလည်း မထွေးယှက်စေရာ။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရှင်ဥပနန္ဒသည် သင်္ကန်းချုပ်ခြင်း၌ လိမ္မာ၏။ အဟောင်းကို သင်္ကန်းချုပ်၍ ကောင်းစွာပြု၍ ဝတ်ရုံ၏။ ပရိဗိုဇ်တဦးသည် အဖိုးတန်အဝတ်ကို ဝတ်ရုံလာ၍ ရှင်ဥပနန္ဒနှင့် တွေ့သတ်သော် ရှင်ဥပနန္ဒ၏ သင်္ကန်းကို လွန်စွာနှစ်သက်၍ လဲယူလေ၏။ ထိုသင်္ကန်းကို ဝတ်ရုံ၍ ပရိဗိုဇ်ကျောင်းသို့ ပြန်ရောက်သောအခါ သင်၏ သင်္ကန်းကောင်း၏၊ အဘယ်မှ ရသနည်းဟု မေးကုန်၏။ ထိုအဖိုးတန်အဝတ်ဖြင့် လဲခဲ့သည်ဟု ပြန်ပြောသောအခါ သင်၏ အဖိုးတန်အဝတ်သည် ဤသင်္ကန်းထက် ကောင်းသည်ဟု ဆိုကုန်၏။ ထိုပရိဗိုဇ်သည် ရှင်ဥပနန္ဒထံ သွား၍ ပြန်လဲပါဟု ဆို၏။ မလဲဟု ဆိုလတ်သော် ရဟန်းချင်းဖြစ်လျက် အဘယ့်ကြောင့်မလဲသနည်း၊ လူချင်းသော်မှ သဘောမကျ ပြန်လဲကြသေးသည်ဟု ပရိဗိုဇ်ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။ ဠေကလောမဝဂ္ဂေါ ဒုတိယော။

**၁—ပတ္တ။** ။ဒသာဟပရမံ၊ ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေကပတ္တော၊ ပိုလျှံသောသပိတ်ကို။ ဓာရေတဗ္ဗော၊ ဆောင်အပ်၏။ တံ၊ ထိုဆယ်ရက်ကို။ အတိက္ကာမယတော၊ လွန်စေသောရဟန်းအား။ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။ ဟောတိ။

**အဓိဋ္ဌာယ်။** ။အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုသော သပိတ်သည် အတိရေကပတ္တ=ပိုလျှံသောမည်၏။ သံသပိတ်၊ မြေသပိတ်ဟု ဇာတိနှစ်မျိုး ရှိ၏။ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ ဩမကဟု အရွယ်သုံးစားရှိ၏။ သုံးပြည် သုံးခွက်

**သုံးစလယ် အစဉ်အတိုင်းဆံ ၏။ ရဟန်းတို့အား လျှောက်ပတ်အောင် သံသပိတ် ငါးကြိမ်၊ မြေသပိတ် နှစ်ကြိမ် ဖုတ်အပ်၏။** တကြိမ်မျှဖြင့် လျှောက်ပတ်အောင် မည်းနက်လျှင်လည်း အပ်၏။ ဤသို့ ဇာတ် ပမာဏရှိသော လျှောက်ပတ်စွာ ဖုတ်ပြီးသော သပိတ်ကို ရလျှင် ယခင်သပိတ်ကို အဓိဋ္ဌာန်ချ၍ ဆယ်ရက်အတွင်း အသစ်ကို အဓိဋ္ဌာန်တင်ရသည်။ သပိတ်ဖိုးတချင်ရွေးမျှ ပေးဖွယ်ကျန်သေးလျှင် အဓိဋ္ဌာန်မတင်အပ်။ မိမိမပိုင်၊ နိဿဂ္ဂိမဖြစ်နိုင်။ ယခင်သပိတ် အဓိဋ္ဌာန်မချလိုလျှင် အသစ်ကို ဝိကပ္ပနာပြုရသည်။ သပိတ်မရှိသူ ဆယ်လုံးရ၍ အားလုံး သုံးဆောင်လိုအံ့။ ယနေ့တလုံး အဓိဋ္ဌာန်တင်။ နောက်နေ့၌ အဓိဋ္ဌာန်ချ၍ တလုံးတင်။ ဤနည်းဖြင့် နှစ်တရာကြာအောင်လည်း သုံးဆောင်နိုင်၏။ နှုတ်ခမ်းရေးအောက် နှစ်သစ်မှစ၍ တစုံတခုသော နေရာ၌ ဆပ်ထမင်းလုံးယွက်နိုင်အောင် ပေါက်လျှင် အဓိဋ္ဌာန်မလောက်။ ဖာပြီးလျှင် အဓိဋ္ဌာန်တင်အပ်၏။ အဓိဋ္ဌာန်ကျကြောင်း ကိုးပါးကို သင်္ကန်း၌ ဆိုပြီးပြီ။ ဆိုပြီးသောသပိတ်ကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပဲ ဆယ်ရက်လွန်လျှင် ဧကာဒသမအရုဏ်၌ နိဿဂ္ဂိ။ "အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော"စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပိုလွန်သောသပိတ်ကို ဆောင်ထားခြင်းကြောင့် ပညတ်၏။ အသာဓာရဏ။ အင်္ဂါ ဝိဝရဝဂ် ပဌမသိက္ခာပုဒ်နှင့် တူပြီ။

**အထူးမှတ်ဖွယ်။** ။သာရုပ္ပဖြစ်အောင် ဖုတ်ပြီးသော သပိတ်ကို ရသောနေ့၊ အရှင့်အား ပို့လိုက်ပြီဟု သတင်းကြားသော နေ့မှစ၍ ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်၊ ဝိကပ္ပနာပြုရသည်။ နှစ်လုံးအဓိဋ္ဌာန်မတင်အပ်။ ဟတ္ထပါသ်တွင်းဖြစ်လျှင် "ဣမံ ပတ္တံ အဓိဋ္ဌာမိ"၊ ဝေးလျှင် "တံ ပတ္တံ တုယှံ ဝိကပ္ပေမိ"၊ ဝေးလျှင် "တံ ပတ္တံ အဓိဋ္ဌာမိ"၊ အဓိဋ္ဌာန်ချလိုလျှင် "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ၊ တံ ပတ္တံ ပစ္စုဒ္ဓရာမိ"၊ ဝိကပ္ပနာပြုလိုလျှင် ရဟန်းတပါးထံ၌ "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ"၊ များလျှင် "ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ"၊ ဝေးလျှင် "တံ ပတ္တံ၊ တေ ပတ္တေ" ဤမျှဖြင့် ထားခြင်းငှာ အပ်၏။ ထိုရဟန်းတပါးက "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓါရ ပြန်ပေးပြီးသောအခါ သုံးဆောင်ခြင်းငှာ၊ စွန့်ခြင်းငှာ၊ အဓိဋ္ဌာန်

တင်ခြင်းငှာ အပ်၏။ များလျှင် "မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ"စသည်ဖြင့် ပစ္စုဒ္ဓါရပြန်ပေးရသည်။

## သပိတ်ကိုးလုံး မှတ်ဖွယ်

စင်ကြယ်စွာ ဖွပ်ထောင်းပြီးသော အဟောင်းသလေးဆန်ရင်းတို့ကို မဂဓနာဠိဖြင့် နှစ်ခွက်ယူ၍ သင်းခွေပန်းအငုံနှင့်တူစွာ ပျော့မာ တွေခဲမရှိအောင်၊ ချိုးမကျပ်အောင် ချက်၍ အကြွင်းမဲ့ သပိတ်၌ ထည့်ရမည်။ (ဆွမ်းနှစ်ပြည်ဟူလို) လက်ကော်ရ ပဲဟင်းကို လေးဖို့တဖို့ ထည့်ရမည်။ (တခွက်ဟူလို) အမဲဟင်း ငါးဟင်းကိုလည်း လေးဖို့တဖို့ ထည့်ရမည်။ (တခွက်ဟူလို) ဤသို့ သုံးပြည်ထည့်၍ မဟောက် မမောက် နှုတ်ခမ်းမရေး စတုတ်ညီလျှင် ဤသပိတ်သည် ဥက္ကဋ္ဌမည်၏။ သုံးပြည်မောက်လျှင် ဥက္ကဋ္ဌောမက မည်၏။ သုံးပြည်ဟောက်လျှင် ဥက္ကဋ္ဌုက္ကဋ္ဌ မည်၏။ ထိုအောက်ထက်ဝက် သုံးခွက်ဆံ့လျှင် မဇ္ဈိမမည်၏။ သုံးခွက်မောက်လျှင် မဇ္ဈိမောမက၊ သုံးခွက်ဟောက်လျှင် မဇ္ဈိမုက္ကဋ္ဌ မည်၏။ ထိုအောက်ထက်ပက် သုံးစလယ်ဆံ့လျှင် ဩမက၊ သုံးစလယ်မောက်လျှင် ဩမကောမက၊ သုံးစလယ်ဟောက်လျှင် ဩမကုက္ကဋ္ဌ မည်၏။ ဤကိုးလုံးတို့တွင် အကြီးဆုံး ဥက္ကဋ္ဌုက္ကဋ္ဌ၊ အငယ်ဆုံး ဩမကောမကနှစ်လုံးသည် သပိတ်မပည်။ အဓိဋ္ဌာန်၊ ဝိကပ္ပနာ မပြုအပ်။ နိဿဂ္ဂိမဖြစ်။ ခွက်အဖြစ်ဖြင့် သုံးအပ်၏။ ပတ္တမဟုတ်။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ဆဗ္ဗဂ္ဂီတို့သည် သပိတ်များစွာ သိုမှီးကုန်၏။ လူတို့ ကျောင်းရောက်၍ မြင်လတ်သော် သပိတ်ကုန်သည် ပြုကုန်အံ့လော။ သပိတ်ဆိုင်ဖွင့်ကုန်အံ့လောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် သပိတ်ပိုမထားရဟု ပညတ်သည်။ အခါတပါး ရှင်အာနန္ဒာအား ပိုလွန်သောသပိတ်ဖြစ်၏။ ထိုသပိတ်ကို ရှင်သာရိပုတ္တရာအား လှူလို၏။ ရှင်သာရိပုတ္တရာလည်း သာကေတ၌ နေ၏။ အသို့ပြုရအံ့နည်းဟု ကြံ၍ ဘုရားရှင်အား လျှောက်၏။ ချစ်သား အာနန္ဒာ၊ ရှင်သာရိပုတ္တရာ အဘယ်အခါလာမည်နည်း။ ကိုးရက်၊ ဆယ်ရက်ကြာလျှင် လာပါလိမ့်မည် ဘုရား။ ချစ်သားတို့၊ ပိုလွန်သောသပိတ်ကို ဆယ်ရက်ပတ်လုံး ဆောင်ထားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်ဖြင့် တဖန် ပညတ်ပြန်သည်။ ဝိနိတဝတ္ထုတခု။ ဆဗ္ဗဂ္ဂီတို့သည်(ဝိနည်းကံ)စွန့်သော သပိတ်ကို မပေးအပ်သည်မဟုတ်၊ မပေးငြားအံ့၊ ဒုက္ကဋ်။

**၂—ဦနပဥ္စဗန္ဓနံ။** ။ယော ပန ဘိက္ခု။ ဦနပဉ္စဗန္ဓနေန၊ ငါးဖွဲ့အောက် ယုတ်သော။ ပတ္တေန၊ သပိတ်ဖြင့်။ (ဝါ၊ ငါးဖွဲ့အောက် ယုတ်သော သပိတ်ရှိသည်ဖြစ်၍။) အညံ၊ တပါးသော။ နဝံ။ ပတ္တံ။ စေတာပေယျ၊ တောင်းပြောအံ့။ တဿ ဘိက္ခုနော။ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။ ဟောတိ။ တေန ဘိက္ခုနာ၊ သည်။ သော ပတ္တော၊ ကို။ ဘိက္ခုပရိသာယ၊ ရဟန်းပရိသတ်၌။ နိဿဇ္ဇိတဗ္ဗော၊ စွန့်အပ်၏။ ယော စ၊ အကြင်သပိတ်သည်ကား။ တဿ ဘိက္ခုပရိသာယ၊ ထိုရဟန်းပရိသတ်၌။ ပတ္တပရိယန္တော၊ သံဃာငယ်စွန့်သော အစွန်ဆုံး၌ တည်သော သပိတ်ဖြစ်၏။ သော၊ ထိုသပိတ်ကို။ တဿ ဘိက္ခုနော၊ အား။ ပဒါတဗ္ဗော၊ ပေးအပ်၏။ဘိက္ခု၊ ရဟန်း။ဘော၊ သင်သည်။အယံပတ္တော၊ ဤသပိတ်ကို။ ယာဝ ဘေဒနာယ၊ ကွဲသည်တိုင်အောင်။ ဓာရေတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့ဆို၍။ ပဒါတဗ္ဗော။ အယံ၊ ဤအစွန်ဆုံး သပိတ်ကို ပေးခြင်းသည်။ တတ္ထ၊ ထိုသပိတ်စွန့်ရာ၌။ သာမီစိ၊ ကျင့်ဝတ်တည်း။

**အဓိပ္ပာယ်။** ။ငါးဖွဲ့မပြည့်သော သပိတ်သည်ရင်း၊ တဖွဲ့မျှမရှိသော သပိတ်သည်ရင်း ဦနပဉ္စဗန္ဓန မည်၏။ ထိုသပိတ်ဖြင့် မှတ်သားအပ်သော ရဟန်းဟု ဤတွင်မှုတလက္ခဏာကို သိအပ်၏။ (ထိုသပိတ်ဖြင့် တောင်းခြင်းဟု ကရိဏ်းအနက် မသိအပ်။) ထိုသို့သော သပိတ်ရှိသော ရဟန်းဟု ဆိုလိုသည်။ ငါးဖွဲ့၊ ငါးဖွဲ့ရာရှိသော သပိတ်သည် သပိတ်မမည်။ အဝိဋ္ဌာန်၊ ဝိကပ္ပနာ မပြုအပ်။ ရက်လွန် နိဿဂ္ဂိ မဖြစ်။ နှုတ်ခမ်းရေးမှ အောက်၌ ကွဲကြောင်းသည် နှစ်သစ်ရှိအံ့၊ တဖွဲ့။ လေးသစ်၊ ခြောက်သစ်၊ ရှစ်သစ်ရှိအံ့၊ နှစ်ဖွဲ့၊ သုံးဖွဲ့၊ လေးဖွဲ့ ဖွဲ့အပ်၏။ ဆယ်သစ်ရှိလျှင် သပိတ်မမည်။ နှစ်သစ်စီ ကွဲကြောင်းတခု၊ နှစ်ခု၊ သုံးခု၊ လေးခု ရှိအံ့၊ ဖွဲ့အပ်၏။ငါးခုရှိလျှင် သပိတ်မမည်။ ဖွဲ့ပုံကား ကွဲကြောင်း အောက်စွန်း၌ ရှူငယ်ဖြင့်ဖောက်၍ ချည်ကြိုး သလွဲကိုးငယ်ဖြင့် ဖွဲ့၍ သလွဲပြား၊ သစ်စေး စသည်ဖြင့် အာမိသမကပ်စေအောင် ဖုံးအပ်၏။ ကင်းလဲကျောက် မှုန့်ဖြင့်သော်လည်း ဖွဲ့အပ်၏။ ဖွဲ့ပြီးသော သပိတ်ကို အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏။ ဤကား မြေသပိတ်၌ အဆုံးအဖြတ်တည်း။ သံသပိတ်ဖြစ်အံ့၊ ငါး ပေါက်၊ ဆယ်ပေါက်ရှိသော်လည်း သံမှုန့်၊ မယ်နု၊ သံပြားတို့ဖြင့် ဖွဲ့၍ ပြေပြစ်လျှင် အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏။ အပေါက်ကြီး၍ ပြေပြစ်အောင် ဖာ၍မရ၊ အာမိသကပ်လျှင် အကပ္ပိယသပိတ် ဖြစ်၏။ မြေသပိတ် ငါးဖွဲ့၊ ငါးဖွဲ့ရာ ရှိ၍၊ သံသပိတ် ပြေပြစ်အောင် ဖာ၍မရအံ့၊ သပိတ်မရှိသည် မည်၏။ သပိတ်အသစ်

တောင်းကောင်းပြီ၊ တောင်းခြင်းကို စွဲ၍ နဝ=အသစ်ဟု ခေါ်သည်။ သပိတ်မည်သော မြေသပိတ်၊ သံသပိတ်ရှိလျက် တောင်းအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂီ။ "အယံ မေ ဘန္တေ ပတ္တော ဦနပဉ္စဗန္ဓနေန ပတ္တေန စေတာပိတော နိဿဂ္ဂိယော၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ" ဟု သံဃာ့အလယ်၌သာ စွန့်အပ်၏။

အစွန့်ဆုံ ပြုပုံ။ ။စွန့်၍ ဒေသနာကြားအပ်၏။ သံဃာ့ပရိသတ်၌ ပါဝင်သော ရဟန်းတို့သည် အဓိဋ္ဌာန်တင်ထားသော မိမိသပိတ်ကို ကိုယ်စီ ယူလာ၍ စည်းဝေးရသည်။ သပိတ်ခံယူစေသော သမ္မုတိရ ရဟန်းသည် ထိုသပိတ်၏ ထင်ရှားရှိဂုဏ်ကို ဆို၍ မထေရ်ကြီးအား ဤသပိတ်ကို ယူတော်မူပါ ဟု ဆိုရသည်။ မနှစ်သက်၍ငင်း၊ အလိုနည်း၍ငင်း မယူလျှင် အပြစ်မရှိ။ သပိတ်ခံသော ရဟန်းကို သနား၍ မယူလျှင် ဒုက္ကဋ်။ မထေရ်ကြီးယူလျှင် မထေရ်ကြီး၏ သပိတ်ကို ဒုတိယမထေရ်ကို ယူပါဟု ဆိုအပ်၏။ ဤနည်းဖြင့် သံဃာငယ်တိုင်အောင် ပြုရသည်။ ဤသို့ လဲလှယ်၍ အငယ်ဆုံးပုဂ္ဂိုလ် စွန့်အပ်သော သပိတ်သည် ပတ္တပရိယန္တ မည်၏။ အစွန့်ဆုံး၌တည်သည် မည်၏။ ထိုသပိတ်ကို ထိုရဟန်းအား ပေးရသည်။ ထိုရဟန်းသည် ရိုသေစွာ သုံးဆောင်ရသည်။ စက်ဆုပ်သဖြင့် မသင့်ရာ၌ ထားအံ့၊ မသင့်အောင် သုံးအံ့၊ စွန့်ပစ်အံ့၊ ဒုက္ကဋ်။

အဆုံးအဖြတ်။ ။သက္ကတိုင်းတို့၌ ဆဗ္ဗဂ္ဂီတို့ သပိတ်များစွာ တောင်းခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ အဖွဲ့မရှိသော သပိတ်ဖြင့် (ဝါ၊ အဖွဲ့မရှိသော သပိတ်ရှိလျက်) အဖွဲ့မရှိသော သပိတ်ကို တစ်၊ နှစ်၊ သုံး၊ လေးဖွဲ့ရှိကို (၅)၊ အဖွဲ့ရာ မရှိကို၊ တဖွဲ့ရာ ရှိကို၊ နှစ်၊ သုံး၊ လေးဖွဲ့ရာရှိကို (၅)၊ တောင်းအံ့၊ နိဿဂ္ဂီ တဆယ်။ တဖွဲ့ရှိဖြင့် ထို့အတူ တဆယ်။ (လ) လေးဖွဲ့ရာရှိဖြင့် တဆယ်။ ဤသို့ နိဿဂ္ဂိပါစိတ် တရာကို ဟောသည်။ သံဃာပဝါရိတထံ သပိတ်ပျောက်၍ တောင်းအံ့၊ ကွဲ၍တောင်းအံ့၊ ဉာတကပဝါရိတထံ တောင်းအံ့၊ သူတပါးအလို့ငှာ အညဿတ္ထာယ တောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အဓိဋ္ဌာန်လောက် ငါးဖွဲ့အောက် သပိတ်ဖြစ်ခြင်း၊ မိမိအတွက် ရည်ညွှန်းခြင်း၊ မအပ်သော တောင်းခြင်း၊ (ဝါ၊ သံဃာပဝါရိတထံ တောင်းခြင်း၊) တောင်း၍ ရခြင်း၊ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန် စသည် စီဝရဓောဝါပနနှင့် တူ၏။

**ဝတ္ထု။** ။သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ အိုးထိန်းသည် တယောက်သည် သပိတ်အလိုရှိသော အရှင်ကောင်းတို့အား သပိတ်ဖြင့် ဖိတ်ကြားပါသည်ဟု လျှောက်ထား၏။ ရဟန်းတို့သည် အတိုင်းမသိ များစွာ တောင်းကုန်၏။ ထိုအိုးထိန်းသည်သည် ရောင်းစရာအိုး မပြုလုပ်ရသဖြင့် သားမယားနှင့်တကွ ပင်ပန်းပြန်၏။ လူတို့ ရှေးအတူ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃–ဘေသဇ္ဇ။** ။ဂိလာနာနံ၊ နာကုန်သော။ ဘိက္ခူနံ၊ တို့၏။ ပဋိသာယနီယာနိ၊ လျက်ဖွယ်ဖြစ်ကုန်သော။ ယာနိ ခေါ ပန တာနိ ဘေသဇ္ဇာနိ၊ အကြင်ဆေးတို့သည်။ သန္တိ၊ ရှိကုန်၏။ သေယျထိဒံ၊ ထိုဆေးတို့ကား။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ။ ဣတိ၊ ဤငါးပါးတို့တည်း။ တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ သတ္တာဟပရမံ၊ ခုနစ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး။ သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြု၍။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ တံ၊ ထိုခုနစ်ရက်ကို။ အတိက္ကာမယတော၊ အား။ နိဿဂ္ဂိယံ။

**အဓိပ္ပာယ်။** ။စားဖွယ်မျိုဖွယ်သည်ပင် လျက်ဖွယ်=ပဋိသာယနီယ မည်၏။ ဤစကားဖြင့် အကပ်မခံပဲ ကောက်ယူလျှင် ခုနစ်ရက်လွန်သော်လည်း အပြစ်မရှိဟု ပြသည်။ မစားအပ်သောကြောင့်တည်း။ ဆေးကိစ္စ ပြုသော်ရင်း ထောပတ်စသော ငါးပါးသည် ဘေသဇ္ဇအမည် ရ၏။ (သြဒိဿ ခုနစ်ပါးတွင် ဘေသဇ္ဇောဒိဿ မည်၏။) အသားအပ်သော နွား၊ ဆိတ် စသည် တို့၏ ထောပတ်သည် သပ္ပိ မည်၏။ ထိုသတ္တဝါတို့၏သာ (ထောပတ်မဖြစ်မီ) ဆီဦးသည် နဝနီတ မည်၏။ နှမ်းဆီ၊ မုန်ညင်းဆီ၊ သစ်မည်စည်ဆီ၊ ကြက်ဆူဆီ၊ သားဆီ (ငါးမျိုးသည်) သည် တေလမည်၏။ ပျားကောင်ငယ်တို့ပြုသော ပျားရည်သည် မဓုမည်၏။ ကြံမှဖြစ်သမျှသည် ဖာဏိတ မည်၏။ မချက်သော ကြံရည်၊ အဖတ်မပါစေပဲ စစ်ချက်သော တင်လဲရည်၊ တင်လဲလုံး စသည်ဖြင့် များပြား၏။ ဤကား ပါဠိတော်လာ ဆေးငါးပါး မည်၏။ နိဿဂ္ဂိယဝတ္ထု ဖြစ်၏။ ထိုမှကြွင်းသော အသားမအပ်သော လူ၊ ဆင်၊ မြင်း စသည်တို့၏ ထောပတ်၊ ပဲဆီ၊ ထန်းရည်မှ ဖြစ်သော ထန်းလျက် စသော ဆေးငါးပါးကား ပါဠိယာနာဂတ မည်၏။ ဒုက္ကဋဝတ္ထု ဖြစ်၏။ တေလ၌ လူဆီတခုကား မစား

အပ်။ လူနာ၊ လူထောပတ်စသည်ကား စားအပ်၏။ (ကြံသကာ နိဿဂ္ဂိဝတ္ထု၊ ထန်းလျက် ဒုက္ကဋဝတ္ထု၊ ဤသို့ထူး၏။)

ထော၊ ဦး၊ ဆီ၊ ပျား (၄)၊ တင်လဲ အား (၁)၊ ငါးပါး လျက်ဖွယ်ဆေး။

ထိုဆေးငါးပါး၏ ဝတ္ထုမပါစေပဲ ဆေးသက်သက်ကို အကပ်ခံခြင်းသည် တနိ ပဋိဂ္ဂဟေတွာ မည်၏။ ဤစကားဖြင့် ဝသာတေလမှ တပါး ယာဝကာလိက (နို့စသော) ဝတ္ထုကို အကပ်ခံ၍ပြုသော ထောပတ်စသည်သည် ရက်လွန်သော်လည်း အပြစ်မရှိဟု ပြသည်။ မစားအပ်၍သာ မဟုတ်၊ တနိ ပဋိဂ္ဂဟေတွာ မဟုတ်သောကြောင့်တည်း။ ခုနစ်ရက်သို့မှီး၍ သုံးဆောင်ပုံကား ဆေးငါးပါးကို နံနက် အကပ်ခံလျှင် ထိုနေ့နံနက်၌ အာမိသနှင့်တကွလည်း စားအပ်၏။ နေလွဲမှစ၍ ခုနစ်ရက်လုံး အာမိသကင်းစေ၍ စားအပ်၏။ နေလွဲမှ အကပ်ခံလျှင် ခုနစ်ရက်လုံး အာမိသကင်းစေ၍ စားအပ်၏။ ခုနစ်ရက်အတွင်း၌ နယ်ဆီစသည်ပြုတော့မည်၊ နောက် မစားတော့အံ့ဟု မဆောက်တည်လျှင် ရက်လွန်သော်လည်း အပြစ်မရှိ။ နယ်ဆီစသည်အလို့ငှာ မဆောက်တည်ပဲ ခုနစ်ရက်လွန်စေအံ့၊ အဋ္ဌမအရုဏ်တွင် နိဿဂ္ဂိ ဖြစ်၏။ "ဣဒံ မေ ဘန္တေ ဘေသဇ္ဇံ သတ္တာဟာတိက္ကန္တံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ ဝိနည်းကံ စွန့်ပြီးပြန်ရသောအခါ ကိုယ်လိမ်းခြင်း၊ စားခြင်း မအပ်။ မီးထွန်းခြင်း၊ ကျောင်းလိမ်းခြင်းစသော ပြင်ပသုံးခြင်းကားအပ်၏။ တပါးသော ရဟန်းအား ကိုယ်လိမ်းခြင်း အပ်၏။ စားခြင်းကား မအပ်။ မငဲ့မကွက် လူသာမဏေတို့အား စွန့်သည်ဖြစ်အံ့၊ ပြန်ပေး၍ရသည်ကိုရင်း၊ တောင်း၍ရသည်ကိုရင်း စားခြင်းငှာ အပ်သေး၏။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရဟန်းများစွာ ခုနစ်ရက် လွန်စေခြင်းကြောင့် ပညတ်၏။ အကြွင်းသည် စီဝရဝဂ် ငွေမသိက္ခာပုဒ်နှင့် တူ၏။

သင်္ဂဝိကာရက။ ။ဝသာတေလ၌ အသားအပ် မအပ်၊ သတ္တာဟကာလိက အဖြင့်ဖြင့် စားခွင့်ပြုသည်။ • လူဆီတခုသာ မအပ်။ ယို့ကြောင့် ဝက်ဆီကြည်၊ ဝံဆီကြည်ကို နံနက်အကပ်ခံ၍ နံနက်တွင် ကိုယ်တိုင်ချက်၍ စစ်သောဆီဖြစ်အံ့၊ ခုနစ်ရက်လုံး အာမိသကင်း၍သာ စားအပ်သည်။

လူသာမဏေချက်ပေးအံ့၊ ထိုနေ့နံနက်တွင် အာမိသနှင့်လည်း အပ်သည်။ နေလွဲမှ စ၍ ခုနစ်ရက် အာမိသကင်းမှ အပ်သည်။ ရက်လွန်လျှင် နိဿဂ္ဂိ ဖြစ်သည်။ ဝသာမှ တပါးသော ယာဝကာလိကဝတ္ထုကို ကိုယ်တိုင် မချက်အပ်၊ သာမံပါက ဖြစ်သည်။ ထောပတ် ဆီဦးကို ကိုယ်တိုင်ချက်လျှင် သာမံပါက မဖြစ်သော်လည်း အာမိသနှင့်ရော၍ မစားအပ်။ နံနက်အကပ်ခံသော နို့ရည်၊ နို့ခမ်းကို လူ သာမဏေချက်၍ ထောပတ်ပြုလျှင် ထိုနေ့နံနက် အာမိသနှင့်လည်း အပ်၏။ နေလွဲမှစ၍ မစားအပ်။ ရက်လွန်သော်လည်း နိဿဂ္ဂိ မဖြစ်။ ယာဝဇီဝကဖြစ်သော မုန်ညင်းစေ့၊ သစ်မည်စည်စေ့၊ ကြက်ဆူစေ့ကို ဆီပြုခြင်းငှာ အကပ်ခံ၍ ထိုနေ့ ဆီပြုအံ့၊ ခုနစ်ရက်အပ်၏။ ရက်လွန်လျှင် နိဿဂ္ဂိ။ ဒုတိယနေ့တွင် ပြုအံ့၊ ခြောက်ရက်။ တတိယနေ့တွင် ပြုအံ့၊ ငါးရက်။ (လ) သတ္တမနေ့တွင် ပြုအံ့၊ ထိုတနေ့သာ အပ်သည်၊ အဋ္ဌမအရုဏ်တွင် နိဿဂ္ဂိ။ အဋ္ဌမနေ့၌ ဆီပြုအံ့၊ မစားအပ်၊ နိဿဂ္ဂိ မဖြစ်။ အပလိမ် ကံ့ခြင်း အပ်၏။ ဆီပြုခြင်းငှာ အကပ်ခံထားသော မုန်ညင်းစေ့ကို ဆီမပြုပဲ ခုနစ်ရက်လွန်စေအံ့၊ ဒုက္ကဋ်။ ပါဠိယာနာဂတ ဆေးငါးပါးလည်း ရက်လွန်လျှင် ဒုက္ကဋ်။ ရေအေးဖြင့်ပြုသော သစ်မည်စည်ပွင့်အရည်သည် တင်လဲအလားရှိ၏။ နံနက် သာမိသ၊ နေလွဲမှ စ၍ ခုနစ်ရက် နိရာမိသ အပ်၏။ ရက်လွန်လျှင် ဒုက္ကဋ်။ သစ်မည်စည်ပွင့်ကို သေအလို့သောငှာ ပြုအံ့၊ မျိုးမှစ၍ မအပ်။ သရက်၊ မန်ကျည်း စသော ယာဝကာလိက၏ တင်လဲကား ယာဝကာလိကသာတည်း။ ပြုတ်သီးမှည့် တင်လဲကား ယာဝဇီဝက။ ပျားရည်မကပ်သော ပျားဖယောင်း၊ ပျားသလက်လည်း ယာဝဇီဝက။ နှစ်ဦးပိုင်ဆေးကို တဦး အကပ်ခံ၍ မဝေဖန်လျှင် ရက်လွန်သော်လည်း နှစ်ဦးလုံး အနာပတ္တိ။ ရဟန်း တပါးသည် အကပ်ခံ၍ တပါးသောရဟန်းအား "ခုနစ်ရက် စားပါလော့" ဟု ဆို၍ ပေးအံ့၊ ရက်လွန်လျှင် နှစ်ဦးလုံး အနာပတ္တိ။ အကပ်မခံပဲ ကောက်ယူလျှင် စားဖွယ်မဟုတ်သောကြောင့် နိဿဂ္ဂိ မဖြစ်။ ယို့အတူ ဝတ္ထုနှင့်တကွ အကပ်ခံလျှင် ဆေးကို အကပ်ခံသည်မဟုတ်သောကြောင့်၊ နှစ်ဦးပိုင်ကို အကပ်ခံလျှင် မခွဲဝေခြင်းကြောင့်၊ အကပ်ခံသူက လာပေးလျှင်၊ အကပ်ခံသည် မိမိပိုင် မဟုတ်သောကြောင့် ရက်လွန် နိဿဂ္ဂိ မဖြစ်။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ရှင်ပိလိန္ဒဝစ္ဆသည် ရာဇဂြိုဟ်၌ ဘောင်ဝှမ်းကို လိုက်ပြုရန် သုတ်သင်၏။ ဗိမ္ဗိသာရမင်းကြီး မြင်လာတ်သော် အရှင်

အား အရာမ်စောင့်ဖြင့် အလိုရှိပါသလောဟု လျှောက်၏။ ဘုရားရှင် ခွင့်မပြုသေးဟု ဆိုလတ်သော် ဘုရားရှင်အား လျှောက်ပြီးသောအခါ အမိန့်ရှိတော်မူပါဟု လျှောက်၏။ ဘုရားရှင်သည် တရားဟော၍ ချစ်သားတို့၊ အရာမ်စောင့်ကို ခွင့်ပြု၏ဟု မိန့်တော်မူ၏။ မင်းကြီးသည် နှစ်ကြိမ်မြောက် ရှင်ပိလိန္ဒဝစ္ဆထံ ရောက်လာသောအခါ ဘုရားရှင် ခွင့်ပြုပြီးဟု သိ၍ အရာမ်စောင့်လှူပါမည်ဟု ဝန်ခံသွား၏။ ထိုနောက် ရက်များစွာလွန်မှ သတိရ၍ သဗ္ဗတ္ထကာ (ကိစ္စအားလုံး ပြီးစေသော) အမတ်ကို ခေါ်၍ အရာမ်စောင့်လှူမည်ဟု ဝန်ခံသည်မှာ အဘယ်မျှ ကြာပြီနည်းဟု မေး၏။ ရက်ငါးရာ ကြာရှိပါပြီဟု ဆိုလတ်သော် အရာမ်စောင့်ငါးရာကို လှူ၏။ ထိုအရာမ်စောင့်တို့ နေရာသည် ရွာတခု သီးခြားဖြစ်၍ အရာမ်စောင့် ရွာဟူ၍၎င်း၊ ပိလိန္ဒရွာဟူ၍၎င်း ခေါ်ဝေါ်ကြ၏။ မထေရ်သည် ထိုရွာ၌ ဆွမ်းခံကြွလေ့ရှိ၏။ တနေ့၌ ပွဲသဘင်ကျင်းပသောအခါ သတို့သမီးတယောက်သည် ဆင်မြန်းစရာ တန်ဆာမရ၍ ငိုကြွေး၏။ မထေရ်မြတ်မြင်၍ သိလတ်သော် "ထိုမြက်ကရွတ်ခွေကို သတို့သမီး၏ ဦးခေါင်း၌ စွပ်လော့" ဟု မိန့်တော်မူ၏။ စွပ်သည်နှင့်တပြိုင်နက် ရွှေအကာပြီးသော လှပသော ပန်းဖြစ်၏။ တပါးသောသူတို့သည် မင်းကြီးထံ ကုန်းချောကြသဖြင့် ခိုးသူဟု ဖမ်းစေ၏။ မထေရ်သည် နန်းတော်သို့ကြွသွား၍ နန်းတော်တခုလုံး ရွှေအတိဖြစ်စေသတည်းဟု ဓိဋ္ဌာန်၍ မြတ်သောမင်းကြီး၊ ဤမျှလောက်များသော ရွှေတို့ကို အဘယ်မှရသနည်းဟု မိန့်တော်မူ၏။ အရှင်မြတ်၏ တန်ခိုးဟော်ကို သိပြီးပါပြီဘုရားဟု အရာမ်စောင့်ကို လွှတ်လိုက်၏။ လူတို့သည် တန်ခိုးပြသည်ကို ဖူးမြင်ရသဖြင့် မထေရ်အား ထောပတ်စသော ဆေးငါးပါးဖြင့် လှူကုန်၏။ ပင်ကိုအားဖြင့်လည်း ဆေးငါးပါးရလေ့ရှိသဖြင့် ရဟုပ်စွန့်၏။ ရဟန်းတို့သည် အိုးကြီးအိုးငယ်၊ အိတ်ကြီးအိတ်ငယ်တို့ဖြင့် ချိတ်ဆွဲ၍ ပြတင်းပေါက်စသည်တို့၌ ရှုပ်ထွေးလျက် ရှိကုန်၏။ ကြွက်တို့ဖြင့်လည်း ပြွမ်းကုန်၏။ လူတို့သည် ကျောင်းလှည့်လည်၍ မြင်ကြသောအခါ ဤရဟန်းတို့ကား မင်းကြီးကဲ့သို့ အပွင်းဘဏ္ဍာတိုက် ရှိကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄—ဝဿိကသာဋိက။ ။ဂိမှာန်၊ နွေလတို့၏။ မာသော (အဆုံး) တလသည်။ သေသော၊ ကြွင်းသေး၏။ ဣတိ၊ ဤသို့ဆိုအပ်သော အခါမှစ၍။ ဘိက္ခုနာ၊ သည်။ ဝဿိကသာဋိကစီဝရံ၊ မိုးရေခံသင်္ကန်းကို။ ပရိယေသိတဗ္ဗံ၊ ရှာအပ်၏။ ဂိမှာနံ။ အစ္စုမာသော၊ လခွဲ့သည်။ သေသော။ ဣတိ၊

ဗ၍။ ကတွာ၊ ချုပ်ဆိုး၍။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။ ဩရေနေ၊ အတွင်း၌။ ဂိမှာနံ။ မာသော။ သေသော။ ကတ္တိ၊ ဤသို့နှလုံးသွင်း၍။ ဝဿိက သာဋိကာ စီဝရံ။ စေ ပရိယေသေယျ။ ဩရေန။ ဂိမှာနံ။ အစုမာသော။ သေသော။ ကတ္တိ၊ ဤသို့နှလုံးသွင်း၍။ ကတွာ။ စေ နိဝါသေယျ။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။နယုန်လပြည့်ကျော် တရက်မှ ဝါဆိုလပြည့်အထိ တလသည် နွေဥတုတလကြွင်း မည်၏။ တန်ဆောင်မုန်းလပြည့်အထိ ငါးလ အတွင်းသည် ကုစ္ဆိသမယ မည်၏။ မိုးရေခံ သင်္ကန်းရှာရာ ငါးလ ဖြစ်၏။ ရှာပုံကား- မိုးရေခံသင်္ကန်းလှူနေကျ ဒါယကာတို့ထံ ချဉ်းကပ်၍၊ ဝါ-သံဃာ အား ဖိတ်ကြားရာသို့ ချဉ်းကပ်၍ မိုးရေခံသင်္ကန်း အချိန်တန်ပြီဟု သတိ ပေးအပ်၏။ လှူကြလော့၊ ဆောင်ကြလော့ဟု မဆိုအပ်။ မိမိ၏ ဉာတကပဝါ ရိတထံ၌ လှူကြလော့ဟူ၍လည်း တောင်းအပ်၏။ အညာတကအပ္ပဝါရိတထံ၌ သတိပေးအံ့၊ ဝတ္တဘေဒဒုက္ကဋ်။ တောင်းအံ့၊ အညာတကဝိညတ္တိ နိဿဂ္ဂိ။ ဝါဆိုလဆန်း တရက်မှ ဝါဆိုလပြည့်အထိ ၁၅-ရက်သည် နွေဥတုလခွဲ ကြွင်း မည်၏။ တန်ဆောင်မုန်း လပြည့်ထိ လေးလခွဲအတွင်းသည် ချုပ်ဆိုး၊ မိန္ဒုထိုး၍ ဝတ်ရာ လေးလခွဲ ဖြစ်၏။ ရှာရာလည်း ဖြစ်၏။ ဤမျှဖြင့် တလ သည် ပရိယေသန ခေတ်၊ တလခွဲသည် ကရဏခေတ်၊ နိဝါသနခေတ်၊ လေးလ သည် အလုံးစုံခေတ်ဟု ပြ၏။ အဓိဋ္ဌာန်တင်ရာခေတ်လည်း ဖြစ်သည်။ ငါးလ ရှာ၊ လေးလခွဲ ချုပ်၊ဆိုး၊ဝတ်။ လေးလ အဓိဋ္ဌာန်တင်။ တန်ဆောင်မုန်းလပြည့် ကျော်တရက်မှ နယုန်လပြည့်အထိ ခုနစ်လသည် ဩရေန မာသော သေသော ဂိမှာနံ မည်၏။ ပိဋ္ဌိသမယ မည်၏။ ဤပိဋ္ဌိသမယ ခုနစ်လအတွင်း၌ သတိ ပေးခြင်းဖြင့် ရှာအံ့၊ ဉာတကပဝါရိတထံ တောင်းအံ့၊ သတိပေးအံ့၊ နိဿဂ္ဂိ။ (အညာတကအပ္ပဝါရိတထံ တောင်းအံ့၊ အညာတကဝိညတ္တိ နိဿဂ္ဂိ။) နောက် လခွဲအတွင်း၌ တရားသဖြင့်ရအပ် မိုးရေခံသင်္ကန်းကိုသော်လည်း ချုပ်ဆိုး၍ ဝတ်အံ့၊ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ ဝဿိကသာဋိကစီဝရံ အတိရေကမာသေ သေသေ ဂိမှာနေ ပရိယိဋ္ဌံ၊ အတိရေကစုမာသေ သေသေ ဂိမှာနေ ကတွာ ပရိဒဟိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ ပရိဝါ၌ သံဃာအား ညွှတ်ပြီး မဟုတ်ပဲ မိခင်ထံ သင်္ကန်းတောင်းအံ့၊ အာပတ်သင့်၏။ ကြံစည်လော့ဟု ပြဿနာထုတ်၏။

**အစောင့်အရှောင့် ၁၁-လ။** ။နယုန်လဆုတ် တရက်မှ ဝါဆိုလပြည့်အထိ တလအတွင်း မိုးရေခံသက်န်းချုပ်ဆိုးပြီးသော်လည်း ဓိဋ္ဌာန်မတင်ရ။ တလ အစောင့်အရှောက်ရ၏။ ဝါထပ်လျှင် နှောက်တလရသေး၏။ ဝါဆိုအံ့သောနေ့၌ အဓိဋ္ဌာန်တင်ရသည်။ မတင်လျှင် ပြုပြီး ဆယ်ရက်လွန်သောကြောင့် နိဿဂ္ဂိ။ သတိမေ့ခြင်း၊ မလုံလောက်ခြင်းကြောင့် မချုပ်ရသေးလျှင် မိုးလေးလလည်း ရသေး၏။ ကထိန်ခင်းလျှင် နှောက်လေးလလည်း ရသေး၏။ ထိုနှောက် ပစ္စာသာသက်န်းရှိ၍ မူလသက်န်းပြုအံ့၊ နှောတလလည်း ရသေး၏။ ဤသို့ တန်ခူးလပြည့်အထိ ၁၁-လ အစောင့်အရှောက်ရနိုင်သည်။ တန်ခူးလပြည့်ကျော် တရက်မှ နယုန်လပြည့်အထိ နှစ်လတွင်း၌ အစောင့်အရှောက်ရက် မရှိ။

**သမယနှစ်ပါး။** ။ကုစ္ဆိသမယ ငါးလ၌ သံဃာအား ဖိတ်ကြားရာ၌ သတိပေးအံ့၊ မိမိ၏ ဉာတကပဝါရိတထံတောင်းအံ့၊ အနာပတ္တိ။ အညာတကအပ္ပဝါရိတထံ သတိပေးအံ့၊ ဝတ္တဘေဒဒုက္ကဋ်။ တောင်းအံ့၊ အညာတက ဝိညတ္တိ နိဿဂ္ဂိ။ (ပထမ လခွဲရှာရုံ၊ နှောက်လခွဲရှာ၊ ချုပ်၊ ဝတ်ရုံ၊နှောက်လေးလ၊ ရှာ၊ချုပ်၊ဝတ်၊ အဓိဋ္ဌာန်တင်) ပိဋ္ဌိသမယ ခုနစ်လ၌ အညာတက အပ္ပဝါရိဘထံ သတိပေးအံ့၊ ဤနိဿဂ္ဂိ။ တောင်းအံ့၊ ဝိညတ္တိ နိဿဂ္ဂိ။ ဉာတက ပဝါရိတထံ တောင်းအံ့၊ သတိပေးအံ့၊ ဤနိဿဂ္ဂိ။ ဤပိဋ္ဌိသမယ၌ မိခင်ထံ မိုးရေခံသက်န်းတောင်းအံ့၊ နိဿဂ္ဂိပါစိတ်ဟု ပြဿနာဖြေအပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီတို့ မိုးရေခံသက်န်း ရှာခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ တလ၊တလခွဲအောက်၌ အတိရေကသညီ၊ ဝေမတိက၊ ဒွိကဒုက္ကဋ်။မိုးရေခံသက်န်း ရှိလျက် အချည်းနှီး ကိုယ်ကိုမိုးစွတ်စေအံ့၊ ဒုက္ကဋ်။ ရေကန်စသည်၌ ရေဖုံးခြင်း ရေချိုးခန်းဖုံးခြင်းဖြင့် ရေချိုးအံ့၊ ခိုးသူလုခြင်း၊ ပျောက်ပျက်ခြင်းကြောင့် အခါမဟုတ်ပဲ မိုးရေခံဝတ်အံ့၊ မဂတ်လျှင် ခိုးသူဘေးရှိခြင်းကြောင့် ဝတ်အံ့၊ ဥမ္မတ္တကာဂသည်ဖြစ်အံ့၊အနာပတ္တိ။မိမိကိုရည်ညွှန်းသော မိုးရေခံသက်န်းဖြစ်ခြင်း၊ အခါမဟုတ်သည်၌ ရှာခြင်း၊ ရှာ၍ရခြင်း၊ ဤကား ရှာသောအာပတ်၌ အင်္ဂါသုံးပါးတည်း။ သက်န်းရှိခြင်း၊ ခိုးသူစသော ဘေးရန်မရှိခြင်း၊ မိုးရေခံ၏ မိမိသာက်န်းဖြစ်ခြင်း၊ အခါမဟုတ်ပဲ ဝတ်ခြင်း၊ ဤကား ဝတ်သောအာပတ်၌ အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် စီဝရဓောဝါပနသိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ဘုရားရှင်သည် ရဟန်းတို့အား မိုးရေခံသင်္ကန်းကို ခွင့်ပြု၏။ (အချည်းနှီးရေချိုးသည်ကို ဝိသာခါ သိ၍ လှူလို၍ တောင်းပန်သောကြောင့်တည်း။) ဆဗ္ဗဂ္ဂီတို့သည် ဘုရားရှင် ခွင့်ပြုသည်ဟု မိုးရေခံသင်္ကန်း စောစောရှာ၍ စောစောချုပ်ဆိုး၍ ဝတ်ကုန်၏။ မိုးရေခံ ဆွေးမြည့်သောအခါ အချည်းနှီးကိုယ်ကို မိုးစွတ်စေကုန်၏။ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီတို့ ဤသို့ ပြုကုန်သနည်းဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၅–စီဝရအစ္ဆိန္နန။** ။ယော ပန ဘိက္ခု။ ဘိက္ခုဿ၊ အား။ သာမံ၊ ကိုယ်တိုင်။ စီဝရံ။ ဒတွာ။ ကုပိတော၊ အမျက်ထွက်သည် ဖြစ်၍။ **အနတ္တမနော၊ နှလုံးမသာယာသည် ဖြစ်၍။** (ဝါ၊ မိမိအကျိုးဆောင်စိတ် မရှိ **သည်ဖြစ်၍။)** အစ္ဆိန္ဒေယျ ဝါ၊ ကိုယ်တိုင်လည်း လုယက်ငြားအံ့။ အစ္ဆိန္ဒာပေယျ ဝါ၊ သူတပါးကိုယ်လည်း လုယက်စေငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ဇာတ်ပမာဏ ဝိကပ္ပနာလောက်သော အဝတ်သည်ပင် စီဝရမည်၏။ အမျက်ဒေါသထွက်သူသည် ကုပိတ မည်၏။ မိမိ၏ စိတ်မရှိသောကြောင့် အနတ္တမန မည်၏။ (ဒေါသသည် ကျိုးကြောင်းမသိ၊ ထို့ကြောင့် မိမိ၏စိတ်ဟု မဆိုထိုက် ဟူလို။) အမှုကြီးငယ်ပြုခြင်း စသည်ကို မျှော်လင့်၍ ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းကို ကိုယ်တိုင်ပေးပြီးလျှင် အမှုကြီးငယ်မပြုခြင်းကြောင့် သကသညာဖြင့် လုငြားအံ့၊ သင်္ကန်း အရေအတွက်အားဖြင့် နိဿဂ္ဂိ။ လုလော့ဟု စေခိုင်းအံ့၊ ဒုက္ကဋ်။ လုပြီးသည်ရှိသော် စေခိုင်းသော သင်္ကန်းအရေအတွက်အားဖြင့် နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ ဘိက္ခုဿ သာမံ ဒတွာ အစ္ဆိန္နံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ သင်္ကန်းလုခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ဥပသမ္ပန္န၏ စီဝရမှ တပါးသော ပရိက္ခရာကို လုအံ့၊ အနုပသမ္ပန္န၏ အမှတ်မရှိ ပရိက္ခရာကို လုအံ့၊ ဒုက္ကဋ်။ ကျေနပ်၍ဖြစ်စေ၊ အမျက်ထွက်၍ဖြစ်စေ ပြန်ပေးသည်ကို ယူအံ့၊ အကျွမ်းတဝင် ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အယုတ်ဆုံး ဝိကပ္ပနာလောက်သော စီဝရဖြစ်ခြင်း၊ ကိုယ်တိုင်ပေးခြင်း၊ သကသညာရှိခြင်း၊ ရဟန်းဖြစ်ခြင်း၊ အမျက်ထွက်၍လုခြင်း

ဝါ၊ လုံခြင်း၊ ဤကား အင်္ဂါ၊ ငါးပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့်တူ၏။ ဒုက္ခဝေဒနာရှိခြင်းသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ရှင်ဥပနန္ဒသည် ရဟန်းတပါးကို ငါ့ရှင်၊ လာလော့၊ ဇနပုဒ် ဒေသစာရီ လှည့်လည်ရအောင်ဟု ဆို၏။သင်္ကန်းမရှိ၍ မလိုက်နိုင်ပါဟု ဆိုလတ်သော် သင်္ကန်းတထည် ပေးလိုက်၏။ ထိုရဟန်းသည် ဘုရားရှင် ဇနပုဒ်လှည့်လည်လတ္တံ့ဟု ကြား၍ ဘုရားရှင်နှင့် လိုက်မည်ကြံ၏၊ ရှင်ဥပနန္ဒ သွား၍ခေါ်သောအခါ ဘုရားရှင်နှင့် လိုက်လိုသည် ဆိုသဖြင့် အမျက်ထွက်၍ သင်္ကန်းကို လုယူ၏။ ရှင်ဥပနန္ဒသည် ရဟန်းအား ကိုယ်တိုင် သင်္ကန်းပေး၍ အမျက်ဒေါသဖြင့် ပြန်လုသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆–သုတ္တဝိညတ္တိ။ ။ယော ပန ဘိက္ခု။ သာမံ။ သုတ္တံ၊ ချည်ကို။ ဝိညာပေတွာ၊ တောင်း၍။ တန္တဝါယေဟိ၊ ယက်ကန်းသည်တို့ကို။ စီဝရံ၊ ကို။ ဝါယာပေယျ၊ ရက်စေငြားအံ့။ တဿ ဘိက္ခုနော။

အစိပ္ပာယ်။ ။(ခေါမချည်၊ ဝါချည်၊ ပိုးချည်၊ သားမွေးချည်၊ ပိုက်ဆံလျှော်ချည်၊ ငါးမျိုးရောသောချည်၊ ဝါ၊ ဘန်ချည်၊) ခေါမစသော ချည်ခြောက်မျိုးသည်ရင်း၊ ဘွဲ့ဖြူ၊ ပဋ္ဋုဏ္ဏ စသော အနုလောမချည် ခြောက်မျိုးသည်ရင်း သုတ္တ ပည်၏။ သင်္ကန်းအလို့ငှာ တောင်းခြင်းသည် ဝိညာပေတွာ မည်၏။ ငါ့အလို့ငှာ သင်္ကန်းရက်လော့ဟု အကပ္ပိယ ဝိညတ်ဖြင့် ရက်ခိုင်းခြင်းသည် ဝါယာပေယျ မည်၏။ ဤသို့ အညာတက အပ္ပဝါရိတထံ တောင်း၍ ရသော အကပ္ပိယချည်ဖြင့် အညာတက အပ္ပဝါရိတထံ တောင်း၍ရသော အကပ္ပိယ ယက်ကန်းသည်ကို ရက်ခိုင်းအံ့၊ လိပ်၊ လက်ခတ်စီရင်သည်မှစ၍ ပယောဂတိုင်း ရဟန်းအား ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ သာမံ သုတ္တံ ဝိညာပေတွာ တန္တဝါယေဟိ ဝါယာပိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ (ရက်ပြီးကို လိပ်၍ထားရာ သစ်သားလုံးသည် တုရီ= လိပ် မည်၏။ ချည်ကိုသွင်းပြီးသောအခါ အသားထူအောင်ခတ်သော သစ်သားသည် ဝေမ=လက်ခတ် မည်၏။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ဆဗ္ဗဂ္ဂီတို့ သက်န်း ရက်ခိုင်းခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ အကပ္ပိယချည်ဖြင့် အကပ္ပိယ ယက်ကန်းသည်ကို ရက်စေအံ့၊ အလျား တထွာ၊ အနံ တတောင် (ဝိကပ္ပနာ လောက်ရှိ)မျှ ပြီးသောအခါတိုင်း နိဿဂ္ဂီ။ ကပ္ပိယချည်ဖြင့် ရက်စေအံ့၊ ထိုပမာဏအတိုင်း ဒုက္ကဋ်။ ကပ္ပိယချည် အကပ္ပိချည် နှစ်မျိုးဖြင့် ရက်စေအံ့၊ ပိကပ္ပနာလောက်သော ပမာဏဖြင့် လယ်ခွက်ကဲ့သို့ တကွက်စီရက်လျှင် အကပ္ပိယချည်ခွက်တိုင်း ပါစိတ်။ ကပ္ပိယချည်ကွက်တိုင်း ဒုက္ကဋ်။ ပမာဏယုတ်လျှင် အကွက်တိုင်း ဒုက္ကဋ်။ တပင်ခြား ဖြစ်စေ၊ အတိုင်တမျိုး အဖောက်တမျိုး ဖြစ်စေ ရောရက်လျှင် ထိုပမာဏတိုင်း ဒုက္ကဋ်။ ဤနည်းဖြင့် ကပ္ပိယ ယက်ကန်းသည်ကို ကပ္ပိယချည်ဖြင့်၊ အကပ္ပိယချည်ဖြင့်၊ ကပ္ပိယချည်၊ အကပ္ပိယ ချည်ဖြင့် ရက်စေအံ့၊ ကပ္ပိယ ယက်ကန်းသည်အား အကပ္ပိယ ယက်ကန်းသည် နှစ်ဦးကို ကပ္ပိယချည်ဖြင့်၊ အကပ္ပိယချည်ဖြင့်၊ ကပ္ပိယာ ကပ္ပိယချည်ဖြင့် ရက်စေအံ့၊ ထို၌လည်း အာပတ်အပြားကို သိရာ၏။ ကပ္ပိယချည်ကို ကပ္ပိယ ယက်ကန်းသည် ရက်ရာ၌သာ အနာပတ္တိ ဖြစ်သည်။ တိကပါစိတ်။ မရက်စေသည်၌ ဝါယာပိတသညီ၊ ဝေမတိက၊ ဒွိက ဒုက္ကဋ်။ သက်န်းချုပ်ခြင်းငှာ အာယောဂပတ်၊ ခါးပန်း၊ ပခုံးဖွဲ၊ သပိတ်အိတ်၊ ရေစစ်တို့အလို့ငှာ ချည်ကို တောင်းအံ့၊ ဉာတကပဝါရိတတို့ကို ကပ္ပိယချည်ဖြင့် ရက်စေအံ့၊ အညဿတ္ထာယ=သူတပါးအလို့ငှာ ရက်စေအံ့၊ မိမိဥစ္စာဖြင့် ရက်စေအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။ သက်န်းအလို့ငှာ တောင်းသောချည် ဖြစ်ခြင်း၊ မိမိအလို့ငှာ ရည်ညွှန်းခြင်း အကပ္ပိယယက်ကန်းသည်ကို အကပ္ပိယ ဝေါကာရဖြင့် ရက်စေခြင်း ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် စီဝရဓောဝါပန နှင့်တူ၏။

**မှတ်ဖွယ်အထူး။** ။ယက်ကန်းသည် ဉာဘကပဝါရိတ ဖြစ်အံ့၊ ကပ္ပိဘဏ္ဍာ အဖိုးအခဖြင့် ခိုင်းအပ်သူ ဖြစ်အံ့၊ ကပ္ပိယ မည်၏။ ဤသို့သော ကပ္ပိယယက်ကန်းသည်ကို ကပ္ပိယချည်ဖြင့် ရက်စေရာ၌ အနာပတ္တိ။ ဝိကပ္ပနာလောက်ရုံ ရက်ပြီးသည်ရှိသော် ယက်ကန်းစင်၌ပင် အဓိဋ္ဌာန်၊ဝိကပ္ပနာ ပြုအပ်၏။ ရက်ပြီးသား ဆယ်ရက်လွန်လျှင် နိဿဂ္ဂီ ဖြစ်ရာ၏။ ရက်၍မပြေသေးလျှင် စောင့်သေး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ် ဝေဠုဝန် ဆဗ္ဗဂ္ဂီတို့သည် စီဝရကာရသမယ၌ ချည်များ တောင်းကုန်၍ ယက်ကန်းသည်တို့ကို သက်န်းရက်စေကုန်၏။ ရက်ပြီး

လတ်သော် မျှာ စွာကြွင်းကျန်၏။ တဖန် တောင်း၍ ရက်စေကုန်၏။ ဤသို့ အကြိမ်ကြိမ်တောင်း၍ ရက်စေကုန်၏။ ရဟန်းတို့သည် ကိုယ်တိုင်ချည်တောင်း၍ ယက်ကန်းသည်တို့ကို သက်နှိုးရက်စေကုန်၏ ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇-မဟာပေသကာရ။ ။ဘိက္ခုပနေဝ။ ဥဒ္ဒိဿ။ အညာတကော။ ဂဟပတိ ဝါ။ ဂဟပတာနီ ဝါ။ တန္တဝါယေဟိ၊ တို့သည်။ ပုဗ္ဗေ။ အပ္ပဝါရိတော။ တန္တဝါယေ၊ တို့သို့။ ဥပသင်္ကမိတွာ။ စီဝရေ။ ဝိကပ္ပံ။ စေ အာပဇ္ဇေယျ။ အာဝုသော၊ ဒါယကာတို့။ ခေါ၊ စင်စစ်။ ဣဒံ စီဝရံ၊ ကိုး။ မံ၊ ငါ့ကို။ ဥဒ္ဒိဿ။ ဝိယျတိ၊ ရက်အပ်၏။ အာယတဥ္စ၊ အလျားရှည်သည်ကိုလည်း။ ကရောထ၊ ပြုကုန်လော့။ ဝိတ္ထတဥ္စ၊ အနံပြန့်သည်ကိုလည်း။ ကရောထ။ အပ္ပိတဥ္စ၊ အသားထူသည်ကိုလည်း။ ကရောထ (၃)။ သုဝီတဥ္စ၊ ညီစွာရက်ခြင်းကိုလည်း။ ကရောထ။ သုပ္ပဝါယိတဥ္စ၊ ညီစွာခင်းခြင်းကိုလည်း။ ကရောထ (၂)။ သုဝိလေခိတဥ္စ၊ ကောင်းစွာနယ်ကန်ခြင်းကိုလည်း။ ကရောထ။ သုဝိတစ္ဆိတဥ္စ၊ ကောင်းစွာဖြီးခြင်းကိုလည်း။ ကရောထ (၂)။ မယံ ပိ၊ ငါတို့သည် လည်း။ အာယသ္မန္တာနံ၊ ဒါယကာတို့အား။ ကိဉ္စိမတ္တံ၊ တစုံတခုသော ပေးကမ်း ဖွယ်ကို။ အနုပဒဇ္ဇေယျာမ၊ ပေးကမ်းနိုင်ကုန်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့ဆို၍။ ဝိကပ္ပံ။ စေ အာပဇ္ဇေယျ။ ဝေဥ္စ။ သော ဘိက္ခု။ ဝတွာ။ ကိဉ္စိမတ္တံ။ အနုပဒဇ္ဇေယျ၊ ပေးကမ်းငြားအံ့။ အန္တမသော။ ပိဏ္ဍပါတမတ္တမ္ပိ၊ ဆွမ်းမျှကိုလည်း ပေးကမ်းငြားအံ့။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ယက်ကန်းသည်တို့ရှိရာ ရွာနိဂုံးသည် တတြ မည်၏။ သက်နှိုး ဒါယကာတို့ မဖိတ်အပ်သော ရဟန်းသည် ပုဗ္ဗေ အပ္ပဝါရိတ မည်၏။ ဣဒံ ခေါ အာဝုသော စသောစကားသည် အလွန်စီရင်ပုံ အခြင်းအရာ ပြ စကားဖြစ်၏။ အရှည်အလျားသည် အာယတ။ အနံအပြန့်သည် ဝိတ္ထတ။ တခဲနက်ထူခြင်းသည် အပ္ပိတ (၃)၊ နေရာအားလုံး၌ ညီအောင်ပြု၍ ရက်ခြင်းသည် သုဝီတ။ ညီအောင်ပြု၍ ယက်ကန်းစင်၌ ဖြန့်ခြင်းသည် သုပ္ပဝါယိတ (၂)၊ နယ်ကန်းဖြင့် ကောင်းစွာကန်ခြင်းသည် သုဝိလေခိတ။ ဘီး၊ ဆပ်သွားသီး စသည်ဖြင့် ကောင်းစွာဖြီးခြင်းသည် သုဝိတစ္ဆိတ (၂) မည်၏။ ထမင်း၊ ခဲဖွယ်၊ ရေချိုးကသယ်မှုန့်၊ တံပူ စသော ပေးကမ်းစရာသည် ပိဏ္ဍပါတမည်၏။

ပေးကမ်းဖွယ် ပေးအံ့၊ အယုတ်ဆုံး တရားသော်လည်း ဟောအံ့၊ ဤမျှဖြင့် နိဿဂ္ဂိ မဖြစ်သေး။ ရဟန်း၏စကားဖြင့် သက်န်းဒါယကာထံမှ ချည်ယူ၍ အနည်းငယ်မျှပင် ရှည်အောင်၊ ပြန့်အောင်၊ ထူအောင် ပြုအံ့၊ ယက်ကန်းသည် တို့၏ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတဿ အညာတကဿ ဂဟပတိကဿ တန္တဝါယေ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ သင်္ကန်းအလွန်စီရင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ ဉာတက၌ အညာတကသညီ၊ ဝေမတိက၊ ဒွိကဒုက္ကဋ်။ ဉာတကပဝါရိတတို့၏ ယက်ကန်းသည်ကို စီရင်အံ့၊ အညဿတ္ထာယ=သူတပါးအလို့ငှာ စီရင်အံ့၊ မိမိ ဥစ္စာဖြင့် စီရင်အံ့၊ အဖိုးတန် ရက်စေလိုသူကို အဖိုးအနည်းငယ်တန် ရက်စေအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကပ္ပိယ ယက်ကန်းသည်တို့ထံ ချဉ်းကပ်၍ အလွန်စီရင်ခြင်း၊ မိမိအလို့ငှာ ရည်သန်းသော သင်္ကန်းဖြစ်ခြင်း၊ ထိုရဟန်း၏ စကားဖြင့် ချည်တိုးခြင်း၊ သင်္ကန်းရခြင်း၊ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန် စသည် စီဝရဓောဝါပနနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် ဒါယကာတဦးသည် အရပ်တပါးသွားလို၍ မယားကို ဤသို့ဆို၏။ "ချည်ကို ချိန်၍ ဤမည်သော ယက်ကန်း သည်အား ပေးလော့၊ သင်္ကန်းရက်စေ၍ ထားလော့၊ ပြန်ရောက်လာသော အခါ ရှင်ဥပနန္ဒကို သင်္ကန်းလှူမည်ဟု ဆို၏။ ဆွမ်းခံရဟန်းတပါး ကြား၍ ရှင်ဥပနန္ဒကို ပြောပြ၏။ ငါ၏ ဒါယကာဖြစ်သည်ဟု ဆို၏။ ယက်ကန်းသည် လည်း ရှင်ဥပနန္ဒ၏ ဒါယကာပင် ဖြစ်၏။ ရှင်ဥပနန္ဒသည် ယက်ကန်းသည်ထံ ချဉ်းကပ်၍ "ဤသင်္ကန်းကို ငါ့ကိုရည်၍ ရက်သည်၊ လျားရှည်၊ နံပြန့်၊ အသား ထူထူ ပြုလော့၊ ညီစွာရက်ခြင်း၊ ခင်းခြင်းပြုလော့၊ ကောင်းစွာနယ်ကျုံခြင်း၊ ဘီးဖြီးခြင်း ပြုလော့ဟု ဆို၏။ အရှင်ဘုရား၊ ဤချည်ဖြင့် ရက်ရမည်ဟု ချိန်၍ ပေးပါသည်။ ရှည်၊ ပြန့်၊ ထူအောင် မတတ်နိုင်ပါ၊ ညီစွာရက်ခြင်း စသည်ကို တတ်နိုင်ပါသည်ဟု လျှောက်၏။ ရှည်၊ ပြန့်၊ ထူစွာသာ ပြုလော့၊ ချည်ဖြင့် ချို့တဲ့ခြင်း မရှိလတ္တံ့ဟု ဆို၏။ ယက်ကန်းသည်သည် ယူခဲ့သော ချည်ကို ယက်ကန်းစင်၌ ဆောင်၍ သင်္ကန်းဒါယကာ၏ မိန်းမထံ ချည်တောင်းပြန်၏။

**အမောင်၊ ဤချည်ဖြင့်ရက်ဟု ပြောထားသည် မဟုတ်လော။ အရှင်မ ပြော** ထားသည် မှန်၏၊ ရှင်ဥပနန္ဒ ကြွလာ၍ ရှည်၊ ပြန့်၊ ထူစွာ ရက်လော့၊ ချည်ဖြင့် ချို့တဲ့ခြင်း မရှိလတ္တံ့ ဟူ၍ မိန့်တော်မူပါသည်ဟု ဆို၏။ ထိုမိန်းမသည် ချည်တို့ ကို ယခင်မျှလောက်ပင် ထပ်ပေးပြန်၏။ ရှင်ဥပနန္ဒသည် ထိုဒါယကာ ပြန်လာ ပြီဟု ကြားသောအခါ ထိုအိမ်သို့ ကြွသွား၏။ ထိုယောက်ျားသည် မိမိမယား အား သင်္ကန်းပြီးပြီလော၊ လှူကြစို့ဟု ဆို၏။ ထိုမိန်းမသည် သင်္ကန်းယူလာပြီး လျှင် ယောက်ျားအား ထိုအကြောင်းကို ပြောပြ၏။ ရှင်ဥပနန္ဒအား သင်္ကန်း လှူပြီးသောအခါ ဤရဟန်းတို့သည် အလိုကြီးကုန်၏။ သင်္ကန်းလှူရန် မလွယ် ကုန်။ ရှင်ဥပနန္ဒသည် မဖိတ်ပဲ သင်္ကန်း၌အလွန်စီရင်သည်ဟု ကဲ့ရဲ့၏။ထိုကြောင့် ပညတ်သည်။

**၈–အစ္စေကစီဝရ။** ။ဒသာဟနာဂတံ၊ ဆယ်ရက်ဖြင့် မရောက်သေးသော။ ကတ္တိကတေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်တိုင် အောင်သောနေ့၌။ ဝါ၊ သီတင်းကျွတ်လဆန်း၆ါးရက်မှ လပြည့်အထိ ၁၁-ရက်ပတ်လုံး၌။ ဘိက္ခုနော့ပနေဝ၊ ရဟန်းအားသာလျှင်။ အစ္စေကစီဝရံ၊ အဆောတလျင်လှူအပ်သော(အဝတ်)သင်္ကန်းသည်။ ဥပ္ပဇ္ဇေယျ။ အစ္စေကံ၊ အဆောတလျင် လှူသောသင်္ကန်းဟူ၍။ မညမာနေန၊ သိသော။ ဘိက္ခုနာ။ ပဋိဂ္ဂဟေတဗ္ဗံ။ ပဋိဂ္ဂဟေတွာ။ ယာဝစီဝရကာလသမယံ၊ သင်္ကန်းကာလပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ တတော။ ဥတ္တရိ။ စေ နိက္ခိပေယျ။ အသ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။သီတင်းကျွတ်လဆန်း၆ါးရက်မှ လပြည့်ထိ ၁၁-ရက်လုံးသည် ဒသာဟနာဂတလည်း မည်၏။ ကတ္တိကတေမာသိကပုဏ္ဏမလည်း မည်၏။ (ထို ၁၁-ရက်ချည်းရအောင် နှစ်ပုဒ်လုံးကို သဒ္ဒါနည်း အားထုတ်၍ ကြံလေ။) အစ္စန္တသံယောဂစွမ်းဖြင့် ဩကာသအနက် ဒုတိယာဖြစ်သည်။ ဆိုလိုရင်းကား—လဆန်း၆ါးရက်မှ လပြည့်ထိ နေ့စဉ်မပြတ်သာလျှင် အစ္စေကသင်္ကန်းဖြစ်ငြားအံ့၊ အစ္စေကဟု သိသောရဟန်းသည်(ဝါ၊ အစ္စေကဟု အမှတ်ပြု၍)ခံယူအပ်၏ဟူလို။ ဤစကားဖြင့် သီတင်းကျွတ်လဆန်း ၆ါးရက်မှစ၍ ဖြစ်သောသင်္ကန်း၏ ထားရာကာလကို ပြတော်မူအပ်၏၊ အဆောတလျင် လှူသော ဝိကပ္ပနာလောက်သော အဝတ်သည် အစ္စေကစီဝရမည်၏။ အဘယ်

သို့သောသူ လျှော်သနည်း။ စစ်ပွဲသွားလိုသူ၊ အရပ်တပါး သွားလိုသူ၊ မမာသူ၊ ကိုယ်ဝန်ဆောင်သူ၊ မသဒ္ဓါစဖူး သဒ္ဓါသူ၊ ဗလဝသဒ္ဓါရှိသူ၊ ဤသူတို့တွင် တယောက်ယောက်သည် ဝါဆိုသင်္ကန်းလှူလိုပါသည်ဟု ဆို၍ ဝါမကျွတ်မီ ကြိုတင်၍ လှူတတ်၏။ ကထိန်မခင်းလျှင် တလသည်၊ ခင်းလျှင် ငါးလသည့် စီဝရကာလသမယ မည်၏။ အစ္စေကသင်္ကန်းကို ရသောရဟန်းသည် "ဣဒံ အစ္စေကစီဝရံ"ဟု မှတ်သား၍ ထားရသည်။ သင်္ကန်းကာလ တလ၊ ငါးလ ပတ်လုံး အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပဲ ထားနိုင်၏။ တလကို၊ ငါးလကို လွန်စေအံ့၊ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ အစ္စေကစီဝရံ စီဝရကာလသမယံ အတိက္ကာမိတံ နိဿဂ္ဂိယံ"စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရဟန်းများစွာ အစ္စေကသင်္ကန်းကို သင်္ကန်းကာလကို လွန်စေခြင်းကြောင့် ပညတ်၏။ အကြွင်းသည် ပဌမကထိနသိက္ခာပုဒ်နှင့် တူ၏။

**ဝါဆိုသင်္ကန်း**။ ။ကျောင်းဒါယကာတို့သည် ဝါကျွတ်သောအခါ ငါတို့၏ ကျောင်း၌ ဝါကပ်တော်မူကြကုန်သည်ဟု လှူသော သင်္ကန်းသည် ဝဿဝါသိက=ဝါဆိုသင်္ကန်း မည်၏။ ဝါဆိုသင်္ကန်း ရုပ်တန့်သော အစဉ်ဖြင့် ကထိန်အာနိသင် သင်္ကန်းကို ဆက်၍ဝေရသည်။ တူသော အလားရှိသည်။ ပုရိမဝါမှ ကောင်းစွာထသူသာ ရနိုင်သည်။ သီတင်းမကျွတ်မီ ကြိုတင်၍ လှူသောကြောင့် အစ္စေကမည်သော်လည်း ဝါဆိုသင်္ကန်းပင်တည်း။ ထိုကြောင့် ပဝါရဏာမပြုမီ ဝေဖန်လျှင် ထိုသင်္ကန်းရသောရဟန်းသည် ဝါမကျိုးမပြတ်စေရ။ ကျိုးပြတ်လျှင် ထိုသင်္ကန်းသည် သံဃိကဖြစ်၏။ သံဃာသို့ ပြန်ပေးရသည်။ ပြန်ပေးရာ၌ "ဣဒံ အစ္စေကစီဝရံ"ဟု မှတ်သားထားလျှင် လွယ်ကူ၏။

**ပရိဟာရအပျိုးမျိုး**။ ။သီတင်းကျွတ်လဆန်း ၆-ရက်နေ့မှစ၍ လပြည့်ထိ ဆယ်ရက်အတွင်းရသော အနစ္စေကသင်္ကန်း၊အဓိ-ဋ္ဌာန်ချထားသော သင်္ကန်းတို့သည်လည်း စီဝရကာလပတ်လုံး အစောင့်အရှောက် ရကုန်သည်သာတည်း။ အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပဲ ထားနိုင်ကုန်၏ဟူလို။

အတိရေကစီဝရရိုးရိုး၌ ဆယ်ရက်၊ ပစ္စာသာရှိသော မူလသက်န်း၌ တလ၊ မိုးရေခံ၌ (ဝါမထပ်၊ ဝါထပ်အားလျော်စွာ) ငါးလ၊ ခြောက်လ၊ ဆက်လ၊ ဆယ့်တလ၊ ဤအစွေကစီဝရ၌ကား တလနှင့် ၁၁-ရက်၊ ငါးလနှင့် ၁၁-ရက်ထိ ပရိဟာရအသီးသီးရှိပုံကို သိအပ်၏။

**ပမာဒလေခ။** ။အဋ္ဌကထာ၌ "ကာမဋ္ဌေသ" စသော စကားတရပ် ပါရှိ၏။ အဓိပ္ပာယ်ကား--လဆန်းငါးရက်မှစ၍ ဖြစ်သောသက်န်း၏ ထားရာကာလကို ပြတော်မူ၏ဟူသော စကားသည် အသစ်မဟုတ်။ "ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ" ဖြင့်သာ ပြီး၏။ ဝတ္ထုဖြစ်ပေါ်ခြင်းအစွမ်းဖြင့် အသစ်ကဲ့သို့ပြ၍ သိက္ခာပုဒ်ကို ထားသည်ဟူလို။ ထိုစကားကို ဋီကာကြီး၌ ပမာဒလေခဟု ပယ်သည်။ စကားနှစ်ရပ်မည်။ "ဒသာဟပရမံ" စသည်ဖြင့် ပြီးသည်မဟုတ်ဟူလို။ ကင်္ခါဋီကာ၌ "ဒသာဟနာဂတံ" နှင့်လည်း ဆန့်ကျင်သည်ဟု ဆို၏။ ပမာဒလေခသည် မူလအရေးမှား၍ရင်း၊ တစုံတယောက် အမှားရေးထည့်၍ရင်း ဖြစ်နိုင်၏။ ငါးရက်အရှက်မှ လပြည့်အရှက်သည် ကောဒသမအရှက် ဖြစ်၏။ ဆယ်ရက်လွန်သောကြောင့် ထိုစကားဖြင့် မပြီးနိုင်ဟူလို။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် အမတ်ကြီးတယောက်သည် အရပ်တပါးသို့ သွားရန်ကိစ္စရှိ၍ "ဝါဆိုသက်န်း လှူလိုပါသည်" ဟု ဝါမကျွတ်မီ ရဟန်းတို့ကို ပင့်၏။ ရဟန်းတို့သည် "ဘုရားရှင်သည် ဝါကျွတ်သော ရဟန်းတို့အား ဝါဆိုသက်န်းကို ခွင့်ပြုသည်" ဟု အလိုလိုရှိ၍ မသွားကြကုန်။ အဘယ့်ကြောင့် အရှင်ကောင်းတို့ မကြွလာကုန်သနည်း။ ငါသည် စစ်ထိုးခြင်းငှာ သွားရမည်ဖြစ်၍ သေမည်၊ ရှင်မည်မသိဟု ကဲ့ရဲ့၏။ ဘုရားရှင်သည် ရဟန်းတို့ကို တရားဟော၍ ချစ်သားတို့၊ အဆောတလျင်လှူသော သက်န်းကို အလှူခံ၍ ထားခြင်းငှာ ခွင့်ပြုသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ဘုရားရှင် ခွင့်ပြုသည်ဟု အစွေကစီဝရကို အလှူခံ၍ သက်န်းကာလကို လွန်စေကုန်၏။ ထိုသက်န်းတို့သည် သက်န်းတန်းဝါး၌ အထုပ်ဖွဲ့၍ တည်ကုန်၏။ ရှင်အာနန္ဒာ သိ၍ အစွေကစီဝရကို ကာလလွန်စေကုန်၏ဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

**၉--သာသက်။** ။အာရညကာနိ၊ တော၌ဖြစ်ကုန်သော။ သာသင်္ကသမ္မတာနိ၊ ရန်ရှားဖွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ သပ္ပဋိဘယာနိ၊

ဘေားရန်နှင့် တကွဖြစ်ကုန်သော။ ယာနိ ခေါ် ပန တာနိ သေနာသနာနိ၊ အကြင်ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပေသု၊ ထိုသို့သဘော ရှိကုန်သော။ သေနာသနေသု၊ ကျောင်းတို့၌။ ဘိက္ခု၊ ရဟန်းသည်၊ ဥပဝဿံ ခေါ်ပန၊ ဝါကပ်ပြီး၍သာ လျှင်။ ဝါ၊ ဝါကျွတ်ပြီး၍သာလျှင်။ ကတ္တိက ပုဏ္ဏမံ၊ တန်ဆောင်မုန်းလပြည့်တိုင်အောင်၊ ဝိဟာချန္တော၊ (၂၊-ချက်လုံး)နေ့လို သည် ရှိသော်၊ အာကင်္ခမာနော၊ အလိုရှိသော ရဟန်းသည်၊ တိဏ္ဏံ စီဝရာနံ၊ သုံးထည်သော သင်္ကန်းတို့တွင်။ အညတရံ စီဝရံ၊ တခုခုသော သင်္ကန်း ကို။ အန္တရဃရေ၊ (ဆွမ်းခံနေကျ) ရွာတွင်း၌။ နိက္ခိပေယျ၊ (၂၉-ရက်လုံး) ထားရာ၏။ တဿ ဘိက္ခုနော၊ အား။ တေန စီဝရေန၊ နှင့်။ ဝိပ္ပဝါသာယ၊ ကင်း၍နေခြင်းငှာ။ ကောစိဒေဝ ပစ္စယော၊ တစုံတခုသာလျှင် ဖြစ်သော အကြောင်းသည်။ သိယာစ၊ ရှိငြားအံ့။ (အရပ်တပါး သွားခြင်းအကြောင်း ဟူလို။) ဆာရတ္တပရမံ၊ ခြောက်ညဉ့်တတ်လုံး။ တေန ဘိက္ခုနာ၊ သည်။ တေန စီဝရေန၊ နှင့်။ ဝိပ္ပဝသိတဗ္ဗံ၊ ကင်း၍ နေအပ်၏။ (နေထိုက်၏၊ နေသင့်၏။) တတော။ ဥတ္တရိ၊ ဇေ ဝိပ္ပဝသေယျ၊ ဘိက္ခု သန္တုတိယာ။ အညတြ။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ဝါကျွတ်ပြီးသော ရဟန်းတို့သည် ဥပဝဿံ ခေါ်ပန မည်၏။ ဥပဝသိတွာ-အနက်။ တွာ ပစ္စည်းကို ယ-ပြု။ ယ-ကို ပုဗ္ဗရုပ် သ-ပြု၍ ဥပဝဿ။ နိဂ္ဂဟိတ်လာ၍ ဥပဝဿံ။ ဤပုဒ်ကို ဝိဘာရ နည်း၌ စပ်။ အဝေးအနီး ပမာဏ မဟုတ်။ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်း လပြည့်ထိ ဘေးရန်ရှိသော တောကျောင်း၌ နေလိုလျှင် ရွာတွင်း၌ သင်္ကန်းတထည်ထည် ကို ထားရာ၏ ဟူလို။ ဤ၌ တန်ဆောင်မုန်းလပြည့်သည် ကတ္တိကပုဏ္ဏမ မည်၏။ ကုလလေးတာ ငါးရာအယုတ်ဆုံး ဝေးကွာသောကျောင်းသည် အာရညက သေနာသန မည်၏။ ထိုတောကျောင်း၏ အရပ်၊ အရပ်ဥပစာ၌ ခိုးသူတို့ ခိုအောင်းနေထိုင်ခြင်း ထင်ရှားလျှင် သာသင်္ကာ သမ္မတ မည်၏။ လူတို့ကို သတ် ဖြတ် လုယက်ရိုက်နှက်ခြင်း ထင်ရှားလျှင် သပ္ပဋိဘယ မည်၏။ အပြည့်ဖြင့် အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်တို့တွင် တထည်ထည်သည် အညတရစီဝရ မည်၏။ ထိုတောကျောင်း၏ ဝန်းကျင် အနီး ဆွမ်းခံရွာသည် အန္တရဃရ မည်၏။ (အန္တရ= အကြား၌+ဃရ= အိမ်တို့+ရှိသောကြောင့် အန္တရဃရ မည်၏။ အန္တရေ ဃရာနိ ယသ္မိံ သောတိ အန္တရဃရော၊ ဂါမော။) ဆွမ်းခံရွာတို့တွင်

မိမိနှစ်သက်ရာရွာ၌ သင်္ကန်းထားနိုင်၏။ ထားနိုင်သော်လည်း ဝါကျွတ်ခြင်း၊ တန်ဆောင်မုန်း လပြည့်အတွင်း ဖြစ်ခြင်း၊ တောကျောင်းဖြစ်ခြင်း၊ ဘေးရန်ရှိခြင်း၊ ဤအင်္ဂါလေးပါး ပြည့်စုံမှ ထားရသည်။ ဤသို့ ဆွမ်းခံရွာ၌ ထား၍ မိမိတောကျောင်း၌နေလျှင် ၂၉-ရက်ပတ်လုံး တန်ဆောင်မုန်း လပြည့်ထိ ကင်း၍နေနိုင်သည်။ ထိုရဟန်းအား ထိုသင်္ကန်းနှင့် ကင်းခြင်းငှာ တစုံတခုသော အကြောင်းရှိပြားအံ့ဟု ဆိုသည်၌ တစုံတခုသော အကြောင်းဟူသည် အရပ်တပါးသို့ ကြွသွားလိုသောကိစ္စ ဖြစ်၏။ ထိုအဓိပ္ပာယ်ကို အနာပတ္တိဝါရ ထောက်ဆ၍ သိအပ်၏။ အနာပတ္တိဝါရ၌ "ဆာရတ္တံ ဝိပ္ပဝသိတွာ ပုန ဂါမသိမံ ဩက္ကမိတွာ ဝသိတွာ ပက္ကမတိ" ဟု ဟောသည်။ ဤသို့ အကြောင်း တစုံတခု ရှိအံ့၊ ဝါ၊ အရပ်တပါး ဖဲသွားအံ့၊ ခြောက်ညဉ့်သာ ကင်းရသည်။ ထိုအရပ်တပါး ကျောင်း၌ သတ္တမအရုဏ် မတက်စေရ။ မိမိကျောင်းသို့ ပြန်ရသည်။ ကျောင်းရောက်မပြန်နိုင်လျှင် ထိုရွာသို့ဝင်၍ တစုံတခုသောနေရာ၌ အရုဏ်တက်အောင်နေ၍ သင်္ကန်းအကြောင်း သိအောင်ပြု၍ ဖဲသွားလျှင် အပ်၏။ ဥဒေါသိတ သိက္ခာပုဒ်၌လာသော ဂိလာနအား ပေးသော သမ္မုတိသည် ဘိက္ခုသမ္မုတိ မည်၏။ သမ္မုတိမရပဲ ခြောက်ညဉ့်ထက်လွန်၍ ကင်းအံ့၊ သတ္တမ အရုဏ်၌ နိဿဂ္ဂိ။ "ဣဒံ မေ ဘန္တေ စီဝရံ အတိရေကဆာရတ္တံ ဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းများစွာ သင်္ကန်းနှင့်ကင်း၍ နေခြင်းကြောင့် ပညတ်၏။ အကြွင်းသည် ဥဒေါသိတနှင့် တူ၏။ ကထိန်မခင်းလျှင် အသမာဒါန အကျိုးမရပုံကို ဤသိက္ခာပုဒ်ဖြင့်လည်း သိသာ၏။

**သင်္ကန်းထားကြောင်း အင်္ဂါ။** ။ပုရိမဝါကပ်၍ မဟာပဝါရဏာနေ့၌ ပဝါရဏာ ပြုပြီးခြင်းသည် ပဌမအင်္ဂါ ဖြစ်၏။ ပစ္ဆိမဝါကပ်လျှင် မထားရ။ တန်ဆောင်မုန်းလ ဖြစ်ခြင်းသည် ဒုတိယအင်္ဂါ ဖြစ်၏။ တန်ဆောင်မုန်းလပြည့်ကျော်လျှင် မထားရ။ တာငါးရာပြည့်သော တောကျောင်းဖြစ်ခြင်းသည် တတိယအင်္ဂါ ဖြစ်၏။ တာငါးရာမပြည့်သော ကျောင်း၊ တဂါဝုတ်ထက်လွန်၍ ဝေးသောကျောင်းတို့၌ ဤအင်္ဂါ မရ။ ဆွမ်းခံသွား၍ ဆွမ်းစားချိန် ပြန်ရောက်နိုင်မှ ဤအင်္ဂါ ရသည်။ ရှိ့ရှားဖွယ်

ဘေးရန်ရှိခြင်းသည် စတုတ္ထအင်္ဂါ ဖြစ်၏။ ဘေးရန်ကင်းလျှင် မထားရ။ ဒုတိယအင်္ဂါ၌ ၂၉-ရက်ပြည့်အောင် ရေတွက်နိုင်ရမည်။

**တောကျောင်းလက္ခဏာ။** ။ကခ်ါင္ခီကာ၌ "အာစရိယဓနု နာမ ပကတိဟတ္ထေန နဝဝိဒတ္ထိပမာနံ" ဟု ပကတိဟတ္ထဖြင့် ဆိုသည်။ ပကတိကိုးထွာရှိသော အာစရိယဓနုသည် ညှို့ဘင်ပြီးသောအခါ တထွာလျော့၍ ပကတိလေးတောင်ရှိ၏။ ထိုလေးဖြင့် အပြန်ငါးရာသည် ကုလလေးတာ ငါးရာအယုတ်ဆုံး ဝေးကွာသော တောကျောင်းဖြစ်၏။အလံငါးရာ၊ ဝါ၊ အတောင်နှစ်ထောင် ဝေးကွာ၏။ ရွာ၏အရုမ်မှ တာရသည်။ အရုမ်မရှိလျှင် အရုမ်ထိုက်ရာမှ တာရသည်။ အစွန်ဆုံး အိမ်ဥပစာရမှ ခဲတကျသည် အရုမ်ထိုက်ရာ မည်၏။ ကျောင်းသည် အရုမ်ရှိအံ့၊ အရုမ်အထိ တာရသည်။ အရုမ်မရှိလျှင် ရွာမှလာ၍ ရှေးဦးစွာ မြင်ရသော ကျောင်း၊ စေတီ၊ အမြဲစည်းဝေးရာ အရပ်အထိ တာရသည်။ (မဇ္ဈိမဘာဏက အလိုကား ရွာဥပစာမှ ခဲတကျကိုရင်း၊ ကျောင်းဥပစာမှ ခဲတကျကိုရင်း ဖယ်၍ ထားရသည်။)ပကတိသွားလာနေကျ လမ်းသည် ကောက်သော်ရင်း၊ ဖြောင့်သော်ရင်း ထိုလမ်းအတိုင်း တာရသည်။ တာမပြည့်၍ တိုသောလမ်းကိုပိတ်လျှင် ဒုတင်္ကစောရမည်၏။ တောကျောင်းအင်္ဂါ လက္ခဏာပျက်၏။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန် ရဟန်းတို့သည် ဝါကျွတ်ပြီးသောအခါ တောကျောင်းတို့၌ နေကုန်၏။ တန်ဆောင်မုန်း ခိုးသူတို့သည် ရဟန်းတို့လာဘ်ရသည်ကို သိ၍ နှိပ်စက်ကုန်၏။"ချစ်သားတို့၊ တောကျောင်း၌ နေသောရဟန်းသည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်ကို ရွာတွင်း၌ ထားခြင်းငှာခွင့်ပြု၏" ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ဘုရားရှင်ခွင့်ပြုသည်ဟု ရွာတွင်း၌ထား၍ ခြောက်ညဉ့်ထက်လွန်၍ ကင်းကုန်၏။ ထိုသင်္ကန်းတို့သည် ပျောက်ပျက်၊ မီးသောင်၊ ကြွက်ခဲခြင်းတို့ကြောင့် သင်္ကန်းခေါင်းပါးကုန်၏။ တပါးသောရဟန်းတို့က သင်္ကန်းခေါင်းပါးခြင်း အကြောင်းကို မေး၍ ခြောက်ညဉ့်ထက်လွန်၍ ကင်းရသလောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၀ -ပရိဏတ။ ။ယော ပန ဘိက္ခု၊ ဇာနံ၊ သိလျက်။ ပရိဏတံ၊ သံဃာသို့ ကိုယ်နှုတ်ဖြင့် ညွတ်လေပြီးသော။ သံဃိကံ၊ သံဃာ၏

ဥဒ္ဒိဿဖြစ်သော။ (ဝါ၊ သံဃိက ဖြစ်လတ္တံ့သော။) လာဘံ၊ လာဘ်ကို။ အတ္တနော၊ မိမိသို့၊ ပရိဏာမေယျ၊ ညွှတ်စေငြားအံ့။ တဿ ဘိက္ခုနော။

**အင်္ဂပ္ပဒေ။** ။ကိုယ်တိုင်ဖြစ်စေ၊ သူတပါးပြော၍ဖြစ်စေ သိသူသည် ဇာနန္တံ မည်၏။ သံဃာအားလှူပြီးသော ဥဒ္ဒိဿသည် သံဃိက မည်၏။ ဤ၌ကား ညွှတ်ပြီးဖြစ်သောကြောင့် မလှူသေးမီကပင် ပရိယာယ်အားဖြင့် သံဃိကအမည် ရသည်။ သင်္ကန်း ဆွမ်းစသည်သည် လာဘ မည်၏။ အယုတ်ဆုံး တံပူမျှပင် ရအပ်သောကြောင့် လာဘ် မည်၏။ (လဗ္ဘတေတိ လာဘော။) လှူကုန်အံ့၊ ပြုကုန်အံ့ဟု နှုတ်မြွက်ကာမျှ၊ လက်ဆုပ်ပြကာမျှဖြင့် ထိုလာဘ်သည် ပရိဏတ မည်၏။ ဤလာဘ်ကို ငါ့အားလှူလော့ဟု မိမိသို့ညွှတ်လာအောင် ပြုခြင်းသည် အတ္တနော ပရိဏာမေယျ မည်၏။ သံဃာအားလှူပြီးဖြစ်မှု မယူရ၊ သံဃာအားသာ ပြန်ပေးရသည်။ မိခင်၏ပစ္စည်းပင်ဖြစ်စေ သံဃာသို့ ညွှတ်ပြီးသောလာဘ်ကို မိမိသို့ညွှတ်စေအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ "ဇူတိ မေ ဘန္တေ ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ နိဿဂ္ဂိယံ" စသည်ဖြင့် စွန့်အပ်၏။ ဒေသနာကြားအပ်၏။ စွန့်ပြီးပြန်ရလျှင် သုံးကောင်း၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ညွှတ်စေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ညွှတ်ပြီးသောလာဘ်၌ ယုံမှားရှိအံ့၊ မညွှတ်သေးသောလာဘ်၌ ပရိဏတသညီ၊ ဝေမတိက ဖြစ်အံ့၊ ဒုက္ကဋ်။ သံဃာအား၊ စေတီအား၊ ပုဂ္ဂိုလ်အား ညွှတ်ပြီးကို တပါးသောသံဃာ၊ စေတီ၊ ပုဂ္ဂိုလ်သို့ ညွှတ်စေအံ့၊ ဒုက္ကဋ်။ ဤ၌ ကိုးချက်ခွဲနိုင်ရမည်။ တချက်ကား နိဿဂ္ဂိပါစိတ်နှင့် သုဒ္ဓပါစိတ်။ ကြွင်းရှစ်ချက်သာ ဒုက္ကဋ်။ မညွှတ်ရသေးဟု မှတ်ထင်အံ့၊ အဘယ်၌ လှူရမည်နည်းဟုမေးလျှင် ကြည်ညိုရာ၌ လှူကြလော့၊ သုံးဆောင်ခြင်းဖြင့် ကျေးဇူးများရာ၌ လှူကြလော့ဟု ဆိုအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။ သံဃာအား ညွှတ်ပြီးသောလာဘ်ဖြစ်ခြင်း၊ ထိုလာဘ်ကို သိလျက် မိမိသို့ ညွှတ်စေခြင်း၊ ရခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။

## ဓမ္မိကဒါန–အဓမ္မိက ဒါနမှတ်ဖွယ်

**ပရိဝါ၌** သံဃာအား၊ စေတီအား၊ ပုဂ္ဂိုလ်အား ညွတ်ပြီးသော လာဘ်ကို ညွတ်ရာမှတပါးဖြစ်သော သံဃာ စေတီ ပုဂ္ဂိုလ်သို့ ညွတ်စေခြင်း ကိုးပါးလုံးသည် အဓမ္မိကပဋိဂ္ဂဟ ကိုးပါးမည်၏။ ထိုကို ခံယူခြင်းသည် အဓမ္မိက ပဋိဂ္ဂဟ ကိုးပါး မည်၏။ ထိုကို သုံးဆောင်ခြင်းသည် အဓမ္မိက ပရိဘောဂ ကိုးပါး မည်၏။ ညွတ်ရင်းတိုင်း၊ သံဃာ စေတီ၊ ပုဂ္ဂိုလ်သို့သာ လှူခြင်း သုံးပါးသည် ဓမ္မိကဒါန သုံးပါးမည်၏။ ခံယူခြင်းသည် ဓမ္မိက ပဋိဂ္ဂဟ သုံးပါး မည်၏။ သုံးဆောင်ခြင်းသည် ဓမ္မိက ပရိဘောဂသုံးပါး မည်၏။ ဤသို့ ဓမ္မိက အဓမ္မိက အမည်ဖြင့် ပြသည်။

**ဝိဘင်း၌** သံဃာအားညွတ်ပြီးသော လာဘ်ကို သိလျက် မိမိသို့ညွတ်စေအံ့၊ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ သံဃ ဂဏ ပုဂ္ဂလထံ စွန့်၍ ဒေသနာ ကြားအပ်၏။ စွန့်ပြီးသောပစ္စည်းကို ထိုညွတ်စေသောရဟန်းအား ပြန်ပေးအပ်၏။ ညွတ်ပြီးကို ညွတ်ပြီးဟု အမှတ်ရှိလျက် မိမိသို့ ညွတ်စေအံ့၊ နိဿဂ္ဂိပါစိတ်။ ယုံမှားရှိအံ့၊ ဒုက္ကဋ်။ မညွတ်ဟုထင်အံ့၊ အနာပတ္တိ၊ သံဃာအား ညွတ်ပြီးကို တပါးသောသံဃာအား၊ စေတီအား(၂)၊ စေတီအား ညွတ်ပြီးကို တပါးသောစေတီ၊ သံဃာ၊ ပုဂ္ဂိုလ်အား(၃)၊ ပုဂ္ဂိုလ်အား ညွတ်ပြီးကို တပါးသော ပုဂ္ဂိုလ်၊ သံဃာ၊ စေတီအား(၃)၊ ညွတ်စေအံ့၊ ဒုက္ကဋ်၊ (ရှစ်ချက်)။ သံဃာအား ညွတ်ပြီးကို သိလျက် မိမိမှ တပါးသောပုဂ္ဂိုလ်သို့ ညွတ်စေအံ့၊ သုဒ္ဓပါစိတ် တချက်။ ဤသို့ သံဃာအား ညွတ်ပြီး ကို ပုဂ္ဂိုလ်သို့ညွတ်ရာ တချက်၌ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်။ ကြွင်းရှစ်ချက်၌ ဒုက္ကဋ်ဟု အာပတ်ဖြင့် ဝေဖန်သည်။

**အဋ္ဌကထာကြီး၌** လှူအံ့ဟု ရှေးရှုဆောင်လာသော ပစ္စည်း လှူအံ့ဟု ရည်စူး၍ အိမ်၌ ဖယ်ထားသော ပစ္စည်းတို့ကို တောင်းအံ့၊ ဝိညတ် ဒုက္ကဋ်မသင့်၊ တောင်းကောင်း၏။ သံဃာအား လှူပြီးဖြစ်မူ မယူအပ်၊ သံဃာအားသာ ပြန်ပေးအပ်၏။ သံဃာအား ဆွမ်းကျွေးကုန်အံ့ဟုဆို၍ ညွတ်၍ ယူလာသော ထောပတ်ကို ဂိလာနရဟန်းသည် သိလျက် အနည်းငယ်တောင်းအံ့၊ နိဿဂ္ဂိပါစိတ်။ သိသော်လည်း "သင်တို့အတွက်(သီးခြား) ယူလာသော ထောပတ်ရှိ

လျှင် လှူပါ''ဟု ဆိုအံ့၊ အပြစ်မရှိ။ ကုက္ကုစ္စ သံသယရှိသောရဟန်းဟု လူတို့သိ၍ ''သံဃာသည်လည်း အကျွန်ုပ်တို့လှူသမျှသာ ရနိုင်သည်၊ အရှင်မြတ် အလှူခံပါ''ဟု ဆိုအံ့၊ ဤသို့လည်း အပြစ်မရှိအပ်၏။ စေတီတဆူအလို့ငှာ မှတ်၍ စိုက်သောပန်းပင်မှ ပန်းပွင့်ကိုလည်း တပါးသောစေတီ၌ မတင်အပ်။ စေတီတဆူအား ထီး တံခွန် လှူပြီး၍ အကြွင်းကို တပါးသော စေတီသို့ လှူခိုင်းအံ့၊ အပ်၏။ အယုတ်ဆုံး ခွေးနက်အားကျွေးမည်ဟု ညွှတ်ပြီးသောအစာကို ခွေးဖြူအား ကျွေးလော့ဟု တပါးသောပုဂ္ဂိုလ်သို့ ညွှတ်စေအံ့၊ ဒုက္ကဋ်ဟု ဆိုအပ်၏။

**သာရတ္ထဋီကာ၌** စေတီတဆူ၌ ပူဇော်ထားပြီးသော ပန်းကို ယူ၍ တပါးသော စေတီ၌ ပူဇော်အံ့၊ အပြစ်မရှိ။ တိရစ္ဆာန်တကောင်အား စွန့်ကျွေးပြီးသော အစာကို ထိုတိရစ္ဆာန်ကို မောင်းပစ်၍ အခြားတကောင်ကို ကျွေးအံ့၊ အပြစ်မရှိဟု ဆို၏။

**ဝိမတိဋီကာ၌** စေတီအလို့ငှာမှတ်၍ စိုက်သောပန်းပင်မှ မဆွတ်ခူးသဖြင့် ညှိုးနွမ်းသော ပန်းတို့ကို မြင်လျှင် ဆွတ်ခူး၍ အမှတ်မရှိရာ၌ ပူဇော်အံ့၊ အပြစ်မရှိဟု ဆို၏။

(ဤဆိုပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အဝမ္ဂါဒါန ကိုးပါးလုံး လှူသူ၊ အလှူခံသူ၊ သုံးဆောင်သူတို့အား အပြစ်မပြ။ ညွှတ်စေသူအားသာ အပြစ်ပြသည်၊ ငါ၊ တပါးသို့ လှူခိုင်းသူအားသာ အပြစ်ပြသည်။

စေတီ၊ သံဃာ(၂)၊ ပုဂ္ဂလာ(၁)၊ ဤမှာလှူမည် ညွှတ်။
ညွှတ်ရာမှခြား၊ လှူခိုင်းငြား၊ ကိုးပါးပြားအောင်မှတ်(၉)။
လှူသူ၊ ခံသူ၊ ပြစ်မမူ၊ ခိုင်းသူ အပြစ်ကပ်။
နိဿဂ်ပါစိတ်၊ သုဒ္ဓပါစိတ်၊ နေ့ာက်ဒိဟ် ဒုက္ကဋ်ကပ်၊

ဝတ္ထု။ ။သာဝတ္ထိ ဇေတဝန် သာဝတ္ထိပြည်၌ အသင်းတခုသည် သံဃာအား ဆွမ်းနှင့်တကွ သင်္ကန်းလှူမည်ဟု စီရင်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အသင်းသားတို့ထံ သွား၍ ဤသင်္ကန်းတို့ကို ငါတို့အား လှူကြလော့ဟု ဆိုကုန်၏။ သံဃာအား နှစ်စဉ် သင်္ကန်းနှင့်ဆွမ်း လှူနေကျဖြစ်၍ အရှင်တို့အား သင်္ကန်းတို့ကို မလှူနိုင်ပါဟု ဆိုလတ်သော် ဒါယကာတို့၊ သံဃအား လှူသူ

မျှားလှ၍၊ ငါတို့သည် သင်တို့ကိုမှီ၍ မျှော်လင့်ကာ နေကြသည်။ သင်တို့ မလှူလျှင် အဘယ်သူ လှူအံ့နည်းဟု ဆိုကုန်၏။ ထိုအသင်းသည် စီရင်တိုင်း ဖြစ်သော သင်္ကန်းတို့ကို ဆဗ္ဗဂ္ဂီတို့အား လှူ၍ သံဃာအား ဆွမ်းလုပ်ကျွေး ၏။ ရဟန်းတို့သည် သင်္ကန်းလှူပြီးသည်ကို မသိ၍ ဒါယကာတို့၊ သံဃာအား သင်္ကန်းလှူကြလော့ဟု ဆိုကုန်၏။ အရှင်ဘုရားတို့၊ စီရင်တိုင်းဖြစ်သော သင်္ကန်းတို့ကို အရှင်ဆဗ္ဗဂ္ဂီတို့သည် မိမိသို့ ညွတ်စေကုန်၏ဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီ တို့သည် သိလျက် သံဃာ့ဥစ္စာဖြစ်သော သံဃာအား ညွတ်ပြီးသော လာဘ်ကို မိမိသို့ ညွတ်စေကုန်သည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ ပဝတ္တဝဂ္ဂေါ တတိယော။

နိဂုံး။ ။အာယသ္မန္တော၊ တို့။ တိံသ။ နိဿဂ္ဂိယာ။ ပါစိတ္တိယာ ဓမ္မာ၊ တို့ကို။ ဥဒ္ဒိဋ္ဌာခေါ။ တတ္ထ။ အာယသ္မန္တေ။ ပုစ္ဆာမိ။ ကစ္စိ။ ပရိသုဒ္ဓါ။ အတ္ထ။ လ။ ဝေ။ တေ။ ဓာရယာမိ။

တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ နိဋ္ဌိတာ။

နိဿဂ္ဂိ ပြီး၏။

# စတိုင်ကျကျ ပုံနှိပ်လိုလျှင်

အနောက်နိုင်ငံ စာအုပ်များ ပုံနှိပ်ထားသည်မှာ စတိုင်ကျသည်။ အနေအထား ရှင်းလင်းလှပသည်။ အဘယ့်ကြောင့်နည်း။ ပုံနှိပ်တိုက်ကြီးတိုင်းမှာ ကျမ်းပြု၊စာပြင်၊ စာတည်းများ လိုက်နာရန် လမ်းညွှန်စာအုပ် House Style ရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တကျောင်းတဂါထာ တရွာတပုဒ်ဆန်း နေဆဲဖြစ်ရာ နေလင်းပိဋကတ်ပုံနှိပ်တိုက် နည်းသစ် စာတည်း အဖွဲ့၏ စာတည်းချုပ် ဦးသောင်းလွင် ဘီ-အေ ဓမ္မာစရိယ ဝင်္ဂသကာ နည်းသစ် အင်္ဂလိပ်သဒ္ဒါနှင့် နည်းသစ်မြန်မာသဒ္ဒါ ကျမ်းပြုက **မြန်မာပုံနှိပ်စတိုင်လက်စွဲ** Burmese Style Manual စာအုပ်ကို တီထွင်ရေးသားလိုက်ပြီ။ စတိုင်ကျကျ ပုံနှိပ်လိုလျှင် စတိုင်ရှိသော နေလင်းပိဋကတ်ပုံနှိပ်တိုက်သို့ ကြွပါ။

# စာမူပေးကစာအုပ်ကောင်း-ရမည်

**စာအုပ်ရှင်က စာအုပ်အတွက် လုံး၀ ကြောင့်ကြစိုက်စရာမလို။**

စာမူကို လက်နှိပ်စက်ဖြင့် လေးမူပွားခြင်း၊ စာပေစိစစ်ရေး တင်ပြခြင်း၊ ခေတ်မီ ပန်းချီ ဒီဇိုင်း ဘလောက်များဖြင့် ရောင်စုံ အဖုံးရိုက်၍ ချုပ်လုပ်ပြီး ကုန်သွယ်ရေးအစစ်ခံခြင်းအထိ အပ်နှံသူ စိတ်တိုင်းကျ တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။

စာတည်းချုပ် ဦးသောင်းလွင် (ဘီ-အေ၊ ဓမ္မာစရိယ ဝဋ္ဋသကာ)နှင့် ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနမှ ဝါရင့် အငြိမ်းစား စာပြင်ဆရာကြီးများ ဖြစ်ကြသော ဦးဘသွင်၊ မြန်အောင်-ဦးဘသန်း၊ ဦးတင်လှိုင် (ကျုံပျော်)တို့က ပြင်ဆင် တည်းဖြတ် ပရုဖတ်ကာ လှပသေသပ်စွာ ပုံနှိပ်ပေးနေပါပြီ။

**နေလင်း ပိဋကတ်ပုံနှိပ်တိုက်**

အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

# ဝိနည်းပညတ် ကြောင်းကျိုး ၁၀-ပါး

၁။ သံဃာတော်၏ ကောင်းပြီဟု ဝန်ခံစေခြင်းငှါ၊

၂။ သံဃာတော်၏ ချမ်းသာစွာ နေရခြင်းငှါ၊

၃။ သီလမဲ့ကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါ၊

၄။ သီလချစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းငှါ၊

၅။ မျက်မှောက်၌ ဖြစ်ကုန်သော ဘေးရန် တို့ကိုဆို့ပိတ်ခြင်းငှါ၊

၆။ တမလွန်၌ ဖြစ်ကုန်သော ဘေးရန်တို့ကို တားမြစ်ခြင်းငှါ၊

၇။ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှါ၊

၈။ ကြည်ညိုပြီးသူတို့အား ကြည်ညိုစေခြင်းငှါ၊

၉။ သာသနာတော်၏ အဓွန့်ကြာရှည် တည်နေစေခြင်းငှါ၊

၁၀။ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းငှါ၊

အထက်ပါ အကျိုးတရား ၁၀-ပါးကို ရဟန်းရှင်လူတို့ ခံစားနိုင်စေရန် ပါဠိဘာသာဖြင့် ဟောခဲ့သော ဝိသင်းပါဠိတော်လာ ပညတ်ချက်များကို ညောင်လေးပင်တောရ ဆရာတော်က သိပ်သည်းကျစ်လျစ် ရှင်းလင်းလွယ်ကူသော မြန်မာစကားပြေများဖြင့် ရေးထားသည်။ မြန်မာစာ ဖတ်တတ်သော ရဟန်းသာမဏေတိုင်း ဝိနည်းကို အသေးစိတ် လေ့လာကျင့်သုံးနိုင်ရန် ဝိနည်းအရသာကျမ်းစာ ပေါ်ထွက်လာရသည်။

• • •